ဒုတိယအကြိမ်
ရှမ်းပြည်နယ်လွှတ်တော်
တတိယ
ပုံမှန်အစည်းအဝေး
မှတ်တမ်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
တတိယပုံမှန်အစည်းအဝေး

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
(က)	**တတိယပုံမှန်အစည်းအဝေး ပထမနေ့ မှတ်တမ်း**	
(၁)	ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။	၂
(၂)	ကတိသစ္စာမပြုရသေးသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။	၂
(၃)	ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာခြင်း။	၃
(၄)	ပြည်နယ်လွှတ်တော် အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။	၄
(၅)	အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။	၅
(၆)	ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း။	၇

(၂)	“ မြို့နယ်များနှင့် အခြေခံပညာကျောင်းများတွင် ကျင်းပသည့် အားကစားပြိုင်ပွဲများအတွက် အသုံးစရိတ် ရန်ပုံငွေများကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ ချပေးနိုင်ခြင်း၊ ထောက်ပံ့ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ” နှင့်စပ်လျဉ်းသည့်မေးခွန်း။	၁၉
(၀)	ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ “ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ နှစ်အလိုက်နှင့် နှစ်ရှည်ဘတ်ဂျက်စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းများ၊ ရှမ်းပြည်နယ်နှင့် မြို့နယ်အလိုက် Information Data အချက်အလက်များကို ရှမ်းပြည်နယ်လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ သိရှိခွင့်ရှိ/မရှိ” နှင့်စပ်လျဉ်းသည့်မေးခွန်း။	၂၂
(ဃ)	ဦးမောင်ညို၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ “ မဘိမ်းမြို့နယ်အတွင်းရှိ မန္တလေး - မိုးကုတ် - မိုးမိတ် - မဘိမ်း - စိအူ - ဗန်းမော်လမ်း ကျောက်ချောလမ်း ခင်းခြင်း ” နှင့်စပ်လျဉ်းသည့်မေးခွန်း။	၂၆

(၈) ဦးစိုင်းကျောက်၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ " မိုင်းဖြတ်မြို့၊ နမ့်ကုန်းကျေးရွာ အုပ်စုအတွင်းရှိ နမ့်ကုန်း ရေလွှဲဆည်အား မည်သည့်အချိန်တွင် တည်ဆောက်ပေးနိုင် မည်ကို သိရှိလိုပါသည် " နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၉) ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ " နမ့်စန်မြို့နယ်၊ မြို့မ အားကစားကွင်း မြက်ခင်းပြင်အား မြို့နယ် အားကစားကွင်း အဂ်ီါရပ်နှင့်အညီ ပြန်လည် ပြုပြင်တည်ဆောက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးညီညီ (ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ၏

(၁) " ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၊ မိုင်းလီကျေးရွာ အုပ်စု၊ မိုင်းအင်ရွာ အခြေခံပညာ အထက်တန်းကျောင်းအတွင်းရှိ (၈၃' × ၃၀' × ၂၁') နှစ်ထပ်ကျောင်း ဆောင်ဟောင်း ဖျက်သိမ်းခွင့် " နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၇) နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သော သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း။

(၈) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ " ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့တွင် အငြိမ်းစားနိုင်ငံဝန်ထမ်းများ အတွက် တန်ဖိုးသင့်/တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ" နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏

(၁) " မိုးမိတ်ခရိုင်ရှိ ဌာနဆိုင်ရာများ၏ စက်သုံးဆီခွဲတမ်းကို မိုးမိတ်မြို့တွင် ဝယ်ယူခွင့်ရရှိရေး ဆောင်ရွက်ပေး နိုင်ခြင်း ရှိ/မရှိ " နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၂) " ပညာသင်ကြားနေသော ၃၉
မသန်စွမ်း/ဆွံ့အနားမကြား
ကျောင်းသား/သူများ၏
အနာဂတ်ဘဝ သာယာလှပဖို့
အတွက် မည်သို့စီမံကိန်း/စီမံချက်
ရေးဆွဲ၍ ဆောင်ရွက်နေကြောင်း
သိရှိလိုပါသည် "နှင့်စပ်လျဉ်းသည့်
မေးခွန်း။

(၈) ဦးစိုင်းပန်၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် ၄၃
(၁)၏ " မြန်မာပြည်မှ တရုတ်ပြည်သို့
နည်းလမ်းပေါင်းစုံဖြင့် ကျွဲနွားများ ကူးသန်း
ရောင်းဝယ်မှု လုပ်ငန်းသည် ဥပဒေနှင့်
ကင်းလွတ်သည့်ရောင်းဝယ်ဖောက်ကားခြင်း
ဟုတ်/မဟုတ် "နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၉) ဦးအောင်သူ၊ လားရှိုးမြို့နယ်မဲဆန္ဒနယ်
အမှတ် (၂)၏

(၁) " လားရှိုးမြို့နယ်၊ ဟိုနားကျေးရွာ ၄၇
အုပ်စု၊ ပိန်းခကျေးရွာ အခြေခံ
မူလတန်းကျောင်း အလျား ၉၀'၊
အနံ ၃၀'× အမြင့် ၁၀' ရှိ တိုးချဲ့
ဆောင် ဆောက်လုပ်ပေးရန်
အစီအစဉ်ရှိ/မရှိ " နှင့်စပ်လျဉ်း
သည့်မေးခွန်း။

ချထားခင်းပေးနိုင်မည့် အစီအစဉ်
ရှိ/မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၆) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ် ၅၆
အမှတ် (၁) ၏ " သိန္နီမြို့နယ်၊ ပိန်းဆာ
ကျေးရွာအုပ်စုအတွင်းရှိ တန့်စီကျိုင်းဆည်
ရေသောက်မြောင်းပြုပြင်ခြင်း " နှင့်စပ်လျဉ်း
သည့်မေးခွန်း။

(၅) ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ်မဲဆန္ဒနယ် ၆၀
အမှတ် (၂)၏ " နမ္မတူမြို့နယ် စည်ပင်
သာယာရေးဌာနသို့ ရေပုပ်စုပ်ထုတ်သော
ယာဉ်ချထားပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ"
နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၄) ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ် ၆၄
အမှတ် (၂)၏ " မိုင်းပန် - တာဆန်း လမ်းမ
ကြီးပေါ်တွင် သစ်ကားများ ဖြတ်သန်းမှု
ကြောင့် လမ်းများပျက်စီးနေသည့်ကိစ္စ "
နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၃) ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ် ၆၉
အမှတ် (၂) ၏ " မဘိမ်းမြို့နယ်၊ ငါးအိုး -
နွယ်နီအိုင် ခရိုင်ချင်း ဆက်လမ်း (၅) မိုင်ကို
ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်
ရှိ/မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။ ၂၄

(၁၀) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၂၉

(၁၁) ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ် ပြောင်းလဲ/တိုးချဲ့ သတ်မှတ်ပေးရန် " အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၈၀

(၁၂) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၈၄

(သို့မဟုတ်)

(၂) " လားရှိုးမြို့နယ်၊ နမ့်တွန်းကျေးရွာအုပ်စု၊ နမ့်ဟူးကျေးရွာ အခြေခံမူလတန်းလွန်ကျောင်း၌ အလျား ၁၅၀' × အနံ ၃၀' ရှိ (၁) ထပ်ဆောင် (၁) ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၄၈

(၃) " လားရှိုးမြို့နယ်၊ ပန်ဟုန်းကျေးရွာအုပ်စု၊ ပန်နင်းကျေးရွာ အခြေခံမူလတန်းလွန်ကျောင်း၌ အလျား ၉၀' × အနံ ၃၀' ရှိ စာသင်ဆောင် (၁) ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၄၉

(ည) ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏

(၁) " မိုင်းခတ်မြို့အတွင်းရှိ လမ်း (၃) လမ်းအား ကတ္တရာထပ်ပိုးလွှာလမ်းအဖြစ် သို့ တိုးမြှင့်ခင်းပေးရန် အစီအစဉ်ရှိ/မရှိ "နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၅၁

(၂) " မိုင်းခတ်မြို့အတွင်းရှိ အားကစားကွင်းလမ်းအား မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ်သို့ တိုးမြှင့် ၅၃

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၃) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၈၆

(က) တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၈၈

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၈၈

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၈၉

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၈၉

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည် " နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) " နမ့်ဆန် - မိုင်းငေါ် - ကျောက်မဲ လမ်းပိုင်းကို ကတ္တရာ ထပ်ပိုးလှာခင်းပေးရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၀

(၃) "နမ့်ဆန်မြို့ မီးဘေးတွင် မီးလောင်ပျက်စီးသွားသော ဆက်သွယ်ရေးလုပ်ငန်းပိုင် ပစ္စည်းများကို မည်သည့် အချိန်ကာလတွင် ပြန်လည် ပြုပြင်တည် ဆောက် ပေးမည် ကို သိရှိလိုပါသည်"နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၀၁

(ဃ) ဦးခွန်စောအောင်၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ " ပင်လောင်းမြို့နယ်အတွင်း ကျောက်ချောလမ်း ၁၉ မိုင် အား ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ" နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၀၇

(င) ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ " နမ့်စန်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးရှိ လက်ရှိလုပ်ငန်းဆောင်ရွက်မှုနှင့် ဝန်ထမ်းအင်အား အချို့

မမျှတသဖြင့် ဝန်ထမ်းအင်အား ထပ်မံ ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ " နှင့် စပ်လျဉ်းသည့်မေးခွန်း။

(စ) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏

(၁) " ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်မြို့၊ မိုင်းယု (၁၀၅) မိုင် ကုန်စည်စစ်ဆေးရေး ဂိတ် " နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၁၅

(၂) သံလွင်မြစ်ပေါ်တွင် တည်ဆောက် မည့် ရေကာတာ စီမံကိန်း (၆)ခု" နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၂၄

(ဆ) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏

(၁) " ကျေးရွာများ လျှပ်စစ်မီးလင်းနိုင် ရေးအတွက် မည်သို့သောအစီအမံ များ ချမှတ်၍ လုပ်ဆောင်ပေးရန် ရှိကြောင်းကို သိရှိလိုပါသည် " နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၂၈

(၂) " လွိုင်လင်မြို့နယ်၊ မိုင်းပွန်စံပြ ကျေးရွာ (၁၆)ခုတင်ဆုံ တိုက်နယ် ဆေးရုံအတွက် ဆရာဝန် (၁)ဦး အမြန်ခန့်ထားပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၁၃၂

များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏

(၁) " မိုင်းပန်မြို့နယ်၊ အနောက်ဘက် လွိုင်နွဲ့ကျေးရွာအနီးရှိ တံတား အမှတ် (၂/စ၁) ဘေလီတံတား" နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၉၂

(၂) " မိုင်းပန် - တာဆန်း လမ်းပိုင်းရှိ ကတ္တရာလမ်းခင်းရန် ကျန်ရှိသော ၁၁ မိုင် အရှည်ကို ကတ္တရာလမ်း ခင်းပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၉၂

(ခ) ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ " မူဆယ်မြို့နယ်၊ မန်ဟီးရိုးမြို့ (၁၆) ခုတင်ဆုံ တိုက်နယ် ဆေးရုံ၌ လစ်လပ်လျက်ရှိသည့် တာဝန်ခံ ဆရာဝန်ခန့်အပ်ပေးရန် အစီအစဉ် ရှိ/ မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၉၅

(ဂ) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် (၂)၏

(၁) " နမ့်ဆန် - လီလုလမ်းပိုင်းတွင် ကတ္တရာထပ်ပိုးလွှာကျန်ရှိသည့် ၃ မိုင် ၂ ဖာလုံကို မည်သည့် ၉၉

(၈) ဦးအားမဲ၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏

(၁) "မိုင်းခတ်မြို့နယ်၊ ဝမ်ခုတ်ကျေးရွာအုပ်စု၊ နောင်ဖူကျေးရွာနှင့် ဝမ်ရှိုကျေးရွာချင်းဆက် မြေသားလမ်း (၄) မိုင်အား အဆင့်မြှင့်တင်ပေးနိုင်မှု ရှိ/မရှိ" နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၃၄

(၂) "မိုင်းခတ်မြို့နယ်၊ မိုင်းညှင်းကျေးရွာအုပ်စု၊ အင်ဟိုညှင်းကျေးရွာချင်းဆက် မြေသားလမ်း (၃) မိုင်အား အဆင့်မြှင့်တင်ပေးနိုင်မှု ရှိ/မရှိ" နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၃၇

(၉) ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ "မောက်မယ်မြို့နယ်၊ ကဒူးကြီးကျေးရွာအုပ်စုရှိ အမက - ပုံစုတ်ကို အခြေပြု၍ အမကခွဲ (မွေတော် - စျေးတန်း) ကျောင်းခွဲ (၁) ကျောင်း ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ" နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၄၈

(၁၀) ဦးသိန်းဇော်မိုး၊ ညောင်လွှေမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ "ညောင်လွှေမြို့နယ်၊ အင်းလေးကန်အတွင်း ရေကျန်

အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေကို သိရှိလိုပါသည်" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၂) "တောင်ကြီးမြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းအပါအဝင် ရပ်ကွက်အတွင်းရှိ ကတ္တရာလမ်းများ ပျက်စီးယိုယွင်းနေပါသဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ခင်းပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ" နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၆၆

(၆) ရှမ်းပြည်နယ် ကြက်မွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံရေးဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်သို့ တင်သွင်း ခြင်း။ ၁၇၂

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်း များ၏ ၂၀၁၆- ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။ ၁၇၇

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက် ခွင့်ပြုငွေတောင်းခံခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း။ ၁၈၁

(၉) ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ၏ " ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ် ပြောင်းလဲ/တိုးချဲ့သတ်မှတ်ပေးရန် " အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၈၂

(၁၀) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၈၆

(၁၁) ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ BE - RE နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ BE - RE ဘတ်ဂျက် ငွေလုံးငွေရင်းဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုမ္ပဏီများအနေဖြင့် အစိုးရနှင့် ချုပ်ဆိုသော စာချုပ်မိတ္တူများ BP - BQ မိတ္တူများကို မြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ရန် " အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၁၉၄

(၁၂) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၂၀၀

(သို့မဟုတ်)

ရှိရေးထိရောက်စွာ ဆောင်ရွက်နိုင်ရန် အတွက် ဆည်ဆောက်လုပ်ရန် တင်ပြထားသော ခွင့်ပြုငွေ " နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၄) ဦးခွန်လှဆန်း၊ ပင်လောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ " ပင်လောင်းမြို့နယ်၊ မြောက်ထီဗွာကျေးရွာအုပ်စုနှင့် နန်းတုတ်ကျေးရွာအုပ်စုများရှိ ကျေးရွာ ၁၇ ရွာ၌ လျှပ်စစ်မီးလင်းရေးအတွက် 11 KV လိုင်းနှင့် ထရန်စဖော်မာများအား ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/ မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၅၅

(၅) ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " ရှမ်းပြည်နယ်အတွင်း ပြောင်းဖူးပေါ်ကာလရောက်ရှိပြီဖြစ်သဖြင့် တောင်သူများအတွက် မိမိခြံ၊ ယာခင်းမှ ထွက်ရှိသော ပြောင်းများကို သင့်တင့်ကောင်းမွန်သော စျေးနှုန်းရရှိရန် " နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၅၂

(၆) ဦးခွန်သူရအောင်၊ တောင်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏

(၁) " ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ကဏ္ဍာဘတ်ဂျက်နှင့် ၁၆၃

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၃) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ၂၀၁
ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

(ဂ) တတိယပုံမှန်အစည်းအဝေး တတိယနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၀၄

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက် ၂၀၄
ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ ၂၀၅
အစီအစဉ် ကြေညာခြင်း။

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ် ၂၀၅
လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြား ခြင်း။

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်

(၂) “ နမ့်ခေး - မြို့သစ် ကတ္တရာ ၂၁
၁၇ မိုင်၊ ရေပြွန် ၈၀ စင်းကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိ လိုပါသည် ” နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၃) “မြို့သစ် - နမ့်တွေကျောက်ချောလမ်း ၃.၅ မိုင်၊ ရေပြွန် ၂၂ ၂၉
စင်းကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုပါသည်”နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးစိုင်းပန်၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏

(၁) “ရှမ်းပြည်နယ်အတွင်းတွင် ၂၂၀
မူးယစ်ဆေးဝါးသုံးစွဲနေသူများကိုကုသ ဆေးဖြတ်ပေးသည့် စိတ်ရောဂါကု ဆေးရုံ/ဆေးခန်း အရေအတွက် မည်မျှရှိသည် ” နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၂) “မိုင်းကိုင်မြို့ရှိ မြို့နယ် ၂၂၂
အားကစားကွင်းကို ဆက်လက် ထိန်းသိမ်းသွားရန် အတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ” နှင့်စပ်လျဉ်း သည့်မေးခွန်း။

(၈) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏

(၁) " သိန္နီမြို့နယ် (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံအား ခုတင် (၅၀) ဆံ့ အဆင့်သို့တိုးမြှင့်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၂၂၆

(၂) " သိန္နီမြို့နယ် တရားသူကြီး ဒေါ်ရည်ရည်မွန် အမှုသည်ထံမှ အခကြေးငွေယူခြင်းကို အရေးယူ ရန် အစီအစဉ် ရှိ/မရှိ " နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၃၀

(စ) ဦးအားမဲ၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ " မိုင်းခတ်မြို့နယ်၊ ဝမ်ပင်း ကျေးရွာအုပ်စု၊ နမ့်ခမ်းကျေးရွာချင်းဆက် မြေသားလမ်း (၃) မိုင်အား အဆင့်မြှင့်တင် ပေးနိုင်မှု ရှိ/မရှိ " နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၃၅

(ဆ) ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ " မောက်မယ် မြို့နယ်နှင့် ဆီဆိုင်မြို့နယ်ကြားရှိ ပေ ၁၅၀ ရေပြင်ကျယ်တူးဖော်ဒိုကူးတို့ဆိပ်နေရာ အား ချောင်းကူးတံတား (၁) စင်း ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၃၈

အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ " မူဆယ်မြို့နယ်အတွင်းရှိ စယ်လန့်ကျေးရွာအုပ်စု၊ နောင်ဆိုင်ကျေးရွာ အုပ်စုနှင့် နောင်လောင်းကျေးရွာအုပ်စုများ၌ နေထိုင်ကြသော ပြည်သူများအား မဟာ ဓာတ်အားလိုင်းမှ လျှပ်စစ်မီးများ သွယ်တန်း ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ " နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၀၈

(ခ) ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ " ညောင်ရွှေ မြို့နယ်၊ ရွှေအင်းတိမ်ဘုရားမှ ကျားတွန် ရွာအထိ (၃) မိုင် ကျောက်ကြမ်းလမ်းကို ကတ္တရာလမ်း အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၁၂

(ဂ) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏

(၁) " နမ့်ခေး - ဟူးမန်း ကတ္တရာ ၁၄ မိုင်၊ ရေပြွန် ၈၀ စင်းကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိ လိုပါသည် " နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၁၄

(၈) ဒေါ်နန်းမြထွေး၊လွိုင်လင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ " ပင်လုံတိုက်နယ်ဆေးရုံတွင် တာဝန်ကျ ဆရာဝန်များအတွက် ဝန်ထမ်းအိမ်ရာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၄၁

(၉) ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ " ဆရာ/ဆရာမများ ခန့်ထားခြင်း မရှိသေးသော မိုင်းကိုင်မြို့ ရှိ ကျောင်းများတွင် ဖြည့်ဆည်း ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ " နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၄၄

(၁၀) ဦးအန်းဂျလို၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ " ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာအုပ်စု တောင်သူများမှ ယာမြေ ၂၀၀ ဧကခန့်ကို ပြန်လည်ရရှိရန်အတွက် တောင်းဆိုသည့်ကိစ္စ " နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၄၇

(၁၁) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏

(၁) " မိုင်းပျဉ်းမြို့ပေါ်ရှိ အထက်တန်းကျောင်း ပင်မကျောင်းဆောင်အား အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၄၉

(၁၂) ဦးခွန်သူရအောင်၊ တောင်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " တောင်ကြီးမြို့နယ်၊ နမ့်ဆီးကျေးရွာအုပ်စုရှိ ပင်ငို - မဲဟဲရေဝေရေလဲ ကြိုးပြင်ကာကွယ်တော " နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၆၀

(၁၃) ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ " မဘိမ်းမြို့နယ် မဘိမ်း၊ ငါးအိုးဗျူဟာလမ်းပေါ်ရှိ မယ်ဇလီကျေးရွာအနီးရှိ မိုင်းသာချောင်းအကျယ်ပေ (၁၅၀) ခန့်အား ကွန်ကရစ်တံတားဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၂၆၈

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၂၇၁

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ် ၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်က ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၇၂

(၈) ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် ဆား နှင့် ဆားထွက်ပစ္စည်းဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။ ၂၇၅

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ဆားနှင့် ဆားထွက်ပစ္စည်းဥပဒေ (မူကြမ်း) နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၉၀

(၁၀) ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ BE - RE နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ BE - RE ဘတ်ဂျက် ငွေလုံးငွေရင်းဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် အသီးသီးသို့ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုမ္ပဏီများ အနေဖြင့် အစိုးရနှင့် ချုပ်ဆိုသော စာချုပ်မိတ္တူများ BP - BQ မိတ္တူများကို မြို့နယ်များရှိ လွှတ်တော် ကိုယ်စားလှယ်များထံသို့ ပေးပို့ရန် " အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၂၉၁

(၁၁) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၃၀၁

(၁၂) ဦးအန်းဂျလို၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာအုပ်စု၊ မိုးပြဲ ကျေးရွာသည် လက်ရှိ အခြေအနေတွင် အိမ်ခြေ နှင့် လူဦးရေများပြားလာသည်ဖြစ်သည့်အတွက် ၃၁၀

(၂) " မိုင်းပျဉ်းမြို့နယ်၊ ပြည်သူ့ဆေးရုံ မှအရေးပေါ်လူနာတင်ကားအား ပြုပြင်ထိန်းသိမ်းစရိတ်၊လောင်စာ ဆီ စရိတ်၊ ယာဉ်မောင်းနှင့် ကား ဝိုဒေါင် ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၅၁

(၄) ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ " ဆီဆိုင်မြို့နယ်၊ ဘန့်ဇီးကျေးရွာအုပ်စု၊ လတ်တိုင် - ပန်အွမ်းလမ်းပိုင်း ကျောက်ချောလမ်း ၅/၄ မိုင်နှင့် ထီးဗွာရွာလမ်းပိုင်း ကျောက်ချောလမ်း ၁/၄ မိုင်၊ စုစုပေါင်း ၇ မိုင်အား ကတ္တရာလမ်းအဖြစ် တိုးမြှင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၅၄

(၅) ဦးခွန်မောင်ဖြူ၊ ဟိုပုံးမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ " ဟိုပုံးမြို့နယ်၊ လွယ်အွန့် ကျေးရွာအုပ်စု၊ ဂနိုင်ထုံကျေးရွာ၌ လျှပ်စစ် မီးလင်းရေးအတွက် ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းအား ၂၀၁၆ - ၂၀၁၇ RE ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၅၇

ကျေးရွာ အဆင့်မှ မြို့အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးပါရန်"အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

(၁၃) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၃၁၄

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၄) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၃၁၅

(ဃ) တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ နေရာယူခြင်း။ ၃၁၈

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၃၁၈

(ဃ) ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ "နမ့်စန်မြို့နယ် နမ့်စန်လေယာဉ်ကွင်းသို့မြန်မာ့လေကြောင်းလိုင်းနှင့် လေးကြောင်းလိုင်းကုမ္ပဏီများမှ လေယာဉ်များ ပျံသန်းပြေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၃၆

(ငဃ) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ရှမ်းပြည်နယ်တွင် သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ပါက ကယ်ဆယ်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သို့ကြိုတင်စီမံဆောင်ရွက်ထားသည်ကိုသိရှိလိုပါသည်" နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၃၄၁

(စ) ဦးညီညီ (ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏

(၁) "ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၅ အရ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတို့တွင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတရားရုံးများ ဖွင့်လှစ်ထားခြင်း ရှိ/မရှိ "နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၄၈

(၂) " ရှမ်းပြည်နယ်အတွင်း၌ ယခု အချိန်အထိအာဏာသက်ရောက် ခြင်းမရှိသည့် ပြစ်မှုကြောင်းနှင့် ပတ်သက်သည့် ဥပဒေပြဋ္ဌာန်း ချက်များ၊ တရားမကြောင်းနှင့် ပတ်သက်သည့် ဥပဒေပြဋ္ဌာန်း ချက်များကို ပြည့်စုံစွာ ဖြေဆိုပေး ပါရန် " နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၄၉

(၃) " ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသနှင့် အဆင့်အတန်းတူ ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်ထား ခြင်း ရှိ/မရှိ " နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၃၅၈

(၄) " ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ် အတွင်း ကျေးရွာချင်းဆက်လမ်း ပေါ်ရှိသံကူကွန်ကရစ်တံတား များ " နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၃၅၈

(၅) " အပြစ်ဒဏ်ကျ အကျဉ်းသား၊ အကျဉ်းသူများ၏ ကျန်းမာရေးနှင့် အလုပ်ခိုင်းစေခြင်း " နှင့်စပ်လျဉ် သည့်မေးခွန်း။ ၃၆၀

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။ ၃၁၉

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များစီစစ်ရေးကော်မတီ မှ ခွင့်ပန်ကြားခြင်း။ ၃၁၉

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ " ကျောင်းသားနှင့် ပြည်သူ့ ဝန်ထမ်းများသည် နိုင်ငံရေးကင်းရှင်းရ မည်ဟူသောကန့်သတ်ချက် "နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၃၂၃

(ခ) ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ " ယစ်မျိုးဆိုင်များတိုး၍ ချပေးနိုင်ခြင်း ရှိ/မရှိနှင့်ယစ်မျိုးဥပဒေအားပြင်ဆင်ဆောင်ရွက် ပေးနိုင်ခြင်းရှိ/မရှိ"နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၂၉

(ဂ) ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ " မဘိမ်းမြို့နယ် မဘိမ်း - ငါးအိုးဗျူဟာလမ်းအား ကတ္တရာလမ်းခင်း ပေးရန်အစီအစဉ်ရှိ/မရှိ " နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၃၃၃

(ဆ) ဦးအောင်သူ၊ လားရှိုးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏

(၁) “ လားရှိုးမြို့နယ်၊ ဆုံကွယ် (စစ်မှူ ထမ်းဟောင်း) ကျေးရွာ အခြေခံ မူလတန်းကျောင်း ” နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၃၆၉

(၂) “ နေပြည်တော် - မန္တလေး - ပြင်ဦးလွင် - လားရှိုး ပြေးဆွဲလျက် ရှိသော ကြယ်စဉ်ဟိန်း Express ခရီးသည်တင်ယာဉ်လိုင်းအား ပိတ်သိမ်းသည်အထိ အရေးယူ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ” နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၇၂

(၃) “ တန်ပိုတင်ဆောင်လာသည့် ကုန်တင်ယာဉ်များအား တန်ပို ဒဏ်ကြေးပေးဆောင်နေခြင်း အစား သတ်မှတ်ထားသော ကုန်တန်ချိန်ဖြင့်သာစေလွှတ်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ” နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၃၇၄

ရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် တိုက်တွန်းခြင်း အဆို ” နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန အဖွဲ့အစည်းများ၏ ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေး နှစ်ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၃၉၇

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန အဖွဲ့အစည်းများ၏ ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်း နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်က ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၃၉၈

(၈) ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် အိမ်တွင်းစက်မှု လက်မှုလုပ်ငန်း ဥပဒေ (မူကြမ်း) နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။ ၄၀၁

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် အိမ်တွင်း စက်မှု လက်မှုလုပ်ငန်း ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၄၄၂

(၁၀) ဦးအန်းဂျေလို၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ၏ “ ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာအုပ်စု၊ မိုးပြဲကျေးရွာသည် လက်ရှိအခြေအနေတွင် အိမ်ခြေ နှင့် လူဦးရေများပြားလာသည်ဖြစ်သည့် အတွက် ကျေးရွာအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့် သတ်မှတ်ပေးပါရန် ” အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၄၄၅

(၁၁) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၄၄၈

(၁၂) ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။ ၄၅၅

(၁၃) ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယ ပုံမှန်အစည်းအဝေးပြီးမြောက်ကြောင်း ကြေညာခြင်း။ ၄၆၆

(၁၄) ဆုံးဖြတ်ခြင်း။ ၄၆၇

(၁၅) မှတ်တမ်းတင်ခြင်း။ ၄၇၃

(၁၆) ရှင်းလင်းတင်ပြခြင်း။ ၄၇၆

(၈) ဦးအားမဲ၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏

(၁) “ မိုင်းခတ်မြို့နယ်၊ ဖာလန်ကော်ကျေးရွာအုပ်စု၊အိုက်လန်းကောင်ကျေးရွာချင်းဆက် မြေသားလမ်း (၆) မိုင်အား အဆင့်မြှင့်တင်ပေးနိုင်မှု ရှိ/မရှိ ” နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၃၈၁

(၂) “ မိုင်းခတ်မြို့နယ်၊ ဖာလန်ကော်ကျေးရွာအုပ်စု၊ အလန်းမိုင်မိုင်ကျေးရွာချင်းဆက် မြေသားလမ်း (၁၀) မိုင်အားအဆင့်မြှင့်တင်ပေးနိုင်မှု ရှိ/မရှိ ” နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၃၈၂

(၈) ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ “ နမ္မတူမြို့နယ်ရှိ ခုတင် ၁၅၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သော ဝန်ထမ်းများအား ခန့်ထားပေးနိုင်ရန် ” နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၈၅

(ည) ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ “ ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း ဖြစ်ပွားနေသော စစ်ပွဲများ အမြန်ဆုံးရပ်တန့်ရေးနှင့် စစ်ရေးတင်းမာမှုများ အနာဂတ်တွင် ဆက်လက်မဖြစ်ပွား ၃၈၈

ရှမ်းပြည်နယ်
ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
တတိယပုံမှန်အစည်းအဝေး(ပထမနေ့)မှတ်တမ်း
၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
၂၀၁၆ ခုနှစ်၊ စက်တင်ဘာ လ ၁၉ ရက်
[တနလ်ာနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူး အဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးအကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးကျော်လွင်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
တတိယပုံမှန်အစည်းအဝေး
စတင်ကျင်းပခြင်း

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ

တိုင်ပေးတဲ့အခါမှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကကွက်လပ်နေရာတွင် မိမိအမည်ကိုထည့်သွင်း ရွတ်ဆိုရန်ဖြစ်ပါတယ်။ ယခုအစီအစဉ်ကိုဆောင်ရွက်မှာဖြစ်တဲ့အတွက် လွှတ်တော် ကိုယ်စားလှယ်များအားလုံး မတ်တပ်ရပ်ဖို့ဖြစ်ပါတယ်။

(ဥက္ကဋ္ဌမှ ကတိသစ္စာတိုင်ပေးပါသည်။ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်က ကတိသစ္စာပြုပါသည်)

ဥက္ကဋ္ဌ။ အားလုံးထိုင်နိုင်ပါပြီ။

ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်း နှင့်စတင်ကျင်းပကြောင်းကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၆)ဦးရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို (၁၂၈)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏(၉၄.၁၂%)ရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ထက် ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄ (ခ)တို့အရ အစည်းအဝေး

D/real(wide) (1

ခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမ)နေ့အား ကျင်းပပြုလုပ် မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များသက်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါ တယ်ခင်ဗျား။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

ကတိသစ္စာ မပြုရသေးသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်း နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ ကတိသစ္စာမပြုရသေးသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်ရှေ့မှောက်မှာ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း အစီအစဉ်ဖြစ်ပါတယ်။ ဒါကြောင့် ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်မှ ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် နေရာယူပေးပါရန်နှင့် ကတိသစ္စာကို ကျွန်တော်က

အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ) တို့အရ အစည်းအဝေးစတင်ကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များ အတိုင်း ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။

အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

D/real(wide) (2

ကန့်သတ်
၇
ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ယခုလို စုံစုံညီညီ ပြန်လည် တွေ့ဆုံ ရတဲ့ အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး လွှတ်တော်တာဝန်များကို အောင်မြင်စွာသယ်ပိုး စွမ်းဆောင်နိုင် ကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်မှာ အဓိကအားဖြင့် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း နှင့် ဥပဒေကြမ်းများ တင်သွင်းခြင်းတို့ ဆောင်ရွက်ရပါတယ်။ ဒီလို ဆောင်ရွက်နိုင်ဖို့အတွက် မိမိတို့နယ်မြေရှိ ပြည်သူတွေကြားထဲမှာ ထဲထဲဝင်ဝင် ကွင်းဆင်းပြီး ဖြစ်ပေါ်နေတဲ့ ကိစ္စအဝဝကို မြင်အောင် ကြည့်၊ ကြားအောင်နားထောင်၊ သိရှိအောင်လေ့လာပြီး လွှတ်တော်မှာဖြစ်စေ၊ လွှတ်တော်ပြင်ပမှာဖြစ်စေ ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့်အညီ တင်ပြဆွေးနွေးကြရမှာဖြစ်ပါတယ်။ မိမိတို့၏တင်ပြ ဆွေးနွေးချက်ဟာ ပြည်နယ်အကျိုးအတွက် အပြုသဘော ဆောင်တဲ့ စိတ်စေတနာကောင်းတွေ ရှိဖို့လိုသလို ထိထိမိမိ တင်ပြ နိုင်တဲ့ အဆင့်အတန်းမျိုးရောက်ရှိအောင် ဆောင်ရွက်ကြရမှာဖြစ် ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍဖြစ်တဲ့ စောင့်ကြည့်လေ့လာခြင်း၊ အပြန်အလှန်ထိန်းကျောင်းခြင်းနှင့် ဥပဒေ ပြုခြင်းဆိုင်ရာကိစ္စများကိုလည်း တစိုက်မတ်မတ်ဆောင်ရွက်နိုင်ဖို့ အတွက် မိမိတို့၏ အရည်အချင်း အရည်အသွေးကို မြှင့်တင်ပေးကြ ရမှာဘဲဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်

ကန့်သတ်
၆
ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ အတွင်းရေးမှူး နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေဖြစ် ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး (ပထမနေ့)သို့ အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်နိုင်ခြင်းမရှိသည့် အောက်ပါပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း(၈)ဦးအား လွှတ်တော်ကိုယ်စားလှယ် များစိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရတဲ့အတွက် ကင်းလွတ်ခွင့်ပြု ပေးနိုင်ပါရန် လျှောက်ထားတင်ပြမှုအပေါ်တွင် ခွင့်ယူသူအားလုံးရဲ့ ကိုယ်စားအဖြစ် တင်ပြတောင်းခံအပ်ပါတယ်-

(၁) ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး၊ ကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၄)ရက်။

(၂) ဦးခွန်ထွန်းလူ (ခ) ဦးဒီကီ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် (၄)ရက်။

(၃) ဦးဝေစန်း၊ ကုန်ကြမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၄)ရက်။

(၄) ဦးမြင့်လွင်၊ ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၄) ရက်။

(၅) ဝိုလ်မှူးဇော်ထွန်း၊ တပ်မတော်သားကိုယ်စားလှယ် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၄) ရက်။

D/real(wide) (3

(၆) ဝိုလ်မျှူးနေမျိုးဦး၊ တပ်မတော်သားကိုယ်စားလှယ်၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၄)ရက်။

(၇) ဝိုလ်မျှူးကျော်ကျော်ဝေ၊ တပ်မတော်သား ကိုယ်စားလှယ် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ သဖြင့် ခွင့် (၄)ရက်။

(၈) ဦးထွန်းရင်၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်၊ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန်အစည်းအဝေး(ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၃၆)ဦး၊ ယနေ့ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ (၈)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ)(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များရဲ့ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်းကြေညာပါတယ်။

တတိယပုံမှန်အစည်းအဝေးမှာ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုဓ၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ပြည်သူများ၏ကိုယ်စား ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ဝေဖန်သုံးသပ် ဆွေးနွေး၍ အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော် ဥပဒေကို အခြေပြုပြီး ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးတွင်လည်း အလားတူ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းဆောင်ရွက်လာတဲ့အခါမှာ ကျွန်တော်တို့ အတည်ပြုပေးဖို့ရှိပါတယ်။ ဖွဲ့စည်းထားတဲ့ ရေးရာကော်မတီများကို ပြန်ကြည့်တဲ့အခါမှာ ပြည်သူများက တိုက်ရိုက်လိပ်မူပြီးတော့မှ ရေးရာကော်မတီကို စာတွေပေးပို့ တင်ပြလာတာတွေ့ရှိရပါတယ်။ ယနေ့အထိ တိုင်ကြားစာများစိစစ်ရေး ကော်မတီထံသို့ ၂၀ စောင်၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေး ကော်မတီထံသို့ ၇ စောင်၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီထံသို့ ၃၆ စောင်နှင့် ဒေသန္တရစီမံကိန်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီထံသို့ ၃ စောင်တို့ကို အသီးသီး လွှဲပြောင်းပေးပြီးဖြစ်ပါတယ်။ ကော်မတီများအနေဖြင့် ကော်မတီအစည်းအဝေးများခေါ်ယူပြီး တိုင်ကြားစာများကို ဦးစားပေး အဆင့်အလိုက် သတ်မှတ်၍ တတိယ ပုံမှန်အစည်းအဝေး အပြီးမှာ ဆောင်ရွက်ရန် စီစဉ်နေပြီးဖြစ်ပါတယ်။ ပြဿနာများကို ဖြေရှင်းရာမှာ သက်ဆိုင်ရာ နယ်မြေရှိ အုပ်ချုပ်ရေးအဖွဲ့များ၊ ဆက်စပ် အခြား အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရမည့် ကိစ္စများရှိမှာဖြစ်သလို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအမံဖြင့်သာ ဆောင်ရွက်နိုင်မည့်ကိစ္စများလည်း ရှိမည်ဖြစ်ပါတယ်။ မည်သို့ပင်ဖြစ်စေ ရေးရာကော်မတီများသည် လွှတ်တော်နှင့် လွှတ်တော် ဥက္ကဋ္ဌကို တာဝန်ခံရတာဖြစ်ပါတယ်။ လွှတ်တော်ရေးရာ

D/real(wide) (4

ကော်မတီများအတွက် ရုံးလုပ်ငန်းများ၊ ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရာမှာလည်းကောင်း၊ အဆင်ပြေချောမွေ့စေရေးအတွက် အကူအညီပေးရန် လွှတ်တော်ရုံးဝန်ထမ်းများကို ကော်မတီအလိုက် တာဝန်ခွဲဝေထားပြီးဖြစ်ပါတယ်။ ဖွဲ့စည်းထားသော လွှတ်တော်ကော်မတီများသည် မိမိတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သေချာစွာ လေ့လာပြီး ဥပဒေနှင့်အညီ ဘောင်မလွတ်စေဘဲ ဆောင်ရွက်နိုင်ဖို့ အရေးကြီးပါတယ်။ လွှတ်တော်၏ အဓိကတာဝန်မှာ ဥပဒေပြုရေးဖြစ်သာကြောင့် လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေများကို ရေးဆွဲနိုင်သည်အထိ၊ ဥပဒေကြမ်းများကို ပြင်ဆင်နိုင်သည်အထိ ဆောင်ရွက်နိုင်တဲ့ အရည်အချင်းရှိဖို့လိုပါတယ်။ ဒီတတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ၁ ဦးက လက်ရှိတည်ဆဲ ဥပဒေကို အခြေပြုပြီး မိမိ၏ လေ့လာအားနဲ့ ဥပဒေ မူကြမ်း ၁ ခုကို တင်သွင်းဖို့ အစီအစဉ်ရှိကြောင်း သိရှိရပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီတတိယပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၂၀၁၆ - ၂၀၁၇ ခု ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ရှမ်းပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေ အရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ကို တင်သွင်းမှာဖြစ်သလို ဒုတိယအကြိမ် ဒုတိယပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သည့် ဥပဒေကြမ်း ၂ ခုကိုလည်းဥပဒေပြုရေးဆိုင်ရာကော်မတီအနေနဲ့ ဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသွားဖို့ရှိပါတယ်။ အဆိုများ တင်သွင်းခြင်းနှင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်းကဏ္ဍမှာ လွှတ်တော်ကိုယ်စားလှယ် ၃ ဦးက အဆို ၃ ခုကို တင်သွင်းမှာဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ် ၃၁ ဦးက ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းဖို့

ဝန်ကြီးဌာနများ၏ အမည်နှင့် အခေါ်အဝေါ် တူညီစေရေးအတွက် ယှဉ်တွဲဖော်ပြပါအတိုင်း အမည်ပြောင်းလဲလိုပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)ပါ ပြဋ္ဌာန်းချက်များအရ လွှတ်တော်၏ သဘောတူညီချက်ရယူပေးနိုင်ပါရန် သဝဏ်လွှာပေးပို့အပ်ပါသည်-

(၁) စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနကို စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနအဖြစ်လည်းကောင်း။

(၂) သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကိုသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအဖြစ်လည်းကောင်း။

ပြောင်းလဲသတ်မှတ်ရန် ဖော်ပြပါရှိပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရှိ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနကို ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကို ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအဖြစ်လည်းကောင်း အမည်ပြောင်းလဲ သတ်မှတ်ခြင်းကို ပြည်နယ်လွှတ်တော်၏ သဘောတူညီချက် ရယူသွားမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရှိ ပြည်နယ် ဝန်ကြီးဌာန ၂ ခု၏ အမည်ပြောင်းလဲသတ်မှတ်ခြင်းကိုလွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်)

D/real(wide) (5

ပြည်နယ်လွှတ်တော်က သဘောတူတဲ့ အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရှိ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာနကို ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအဖြစ် လည်းကောင်း အမည်ပြောင်းလဲ သတ်မှတ်ကြောင်းကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနှင့်ဖြေကြားခြင်း အစီအစဉ်ဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်(၁၄)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်က ဖြေကြားသွားဖို့ဖြစ်ပါတယ်။

ပထမဦးစွာ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။ အားလုံးဘဲမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊

စာရင်းပေးပို့ထားသော တွေ့ရှိရပါတယ်။ အဆိုများတင်သွင်းခြင်းနှင့် မေးခွန်းများမေးမြန်းခြင်းကို လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အချိန်ကို ငဲ့ညှာသောအားဖြင့် တိုတိုနှင့်လိုရင်းတိုရှင်း ထိထိမိမိ မေးမြန်းကြဖို့ အသိပေးပြောကြားလိုပါတယ်။

နိဂုံးချုပ်အားဖြင့် မိမိတို့ လွှတ်တော်မှာ ဒီမိုကရေစီ ကျင့်စဉ်ကို မှန်ကန်စွာ ကျင့်သုံးဆောင်ရွက်ကြဖို့လိုပါတယ်။ လွှတ်တော်သည် ပြည်သူကို ကိုယ်စားပြုတဲ့ လွှတ်တော်ဖြစ်ဖို့လိုသလို အစိုးရသည်လည်း ပြည်သူကို တာဝန်ခံသော အစိုးရဖြစ်ဖို့ လိုအပ်ပါတယ်။ ဥပဒေမှာ တန်းတူညီမျှခွင့်ရှိရေး၊ တရားမျှတသော တရားစီရင်မှုဖြစ်စေရေးတို့ အတွက် ထိန်းကျောင်းကြရမှာဘဲဖြစ်ပါတယ်။ ထိန်းကျောင်းတဲ့ နေရာမှာ ပြည်သူ့အကျိုးကို လိုလားတဲ့စိတ် ၊ ပကတိ အရှိတရားနဲ့ အမှန်တရားအပေါ် အခြေပြုတဲ့အတွေးအခေါ်၊ အပြန်အလှန် လေးစားမှုနဲ့ ပွင့်လင်းရိုးသားမှုမျှားဖြင့် ပြည်သူများ၏ တည်ငြိမ် အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုများကို အတတ်နိုင်ဆုံး အဖြေရှာ ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

နိုင်ငံတော်သမ္မတရုံးမှပေးပို့သော သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတရုံးမှ ၂၅-၇-၂၀၁၆ ရက်စွဲပါစာအမှတ်၊၁၈၆(၁)/ ၈/ သမ္မတရုံးဖြင့် သဝဏ်လွှာ ပေးပို့လာပါတယ်။ သဝဏ်လွှာအပြည့်အစုံမှာ ရှမ်းပြည်နယ်အစိုးရ အဖွဲ့တွင် အောက်ဖော်ပြပါ ဝန်ကြီးဌာနများကို ပြည်ထောင်စုအဆင့်

D/real(wide) (6

(က) ဝင်ငွေနည်း ပြည်သူများအတွက် တန်ဖိုးနည်း အိမ်ရာစီမံကိန်း Low Cost Housing များ။

(ခ) ပြည်သူဝန်ထမ်းများ တာဝန်ကျရာ မြို့များတွင် အိမ်ရာအခက်အခဲပြေလည်စေရန် ဝန်ထမ်းအငှါး အိမ်ရာ Rental Housing များ။

(ဂ) ဝင်ငွေအလယ် အလတ်ရှိ ပြည်သူများ စုဆောင်းငွေဖြင့် ဝယ်ယူနိုင်စေမည့် တန်ဖိုးသင့် အိမ်ရာသစ်များ။

(ဃ) မြို့တွင်း အချက်အချာ နေရာများတွင် Redevelopment အသစ်ပြန်လည် တည်ဆောက် ဖွံ့ဖြိုးစေခြင်း။

(င) အိမ်ရာဘဏ္ဍာငွေကြေးစနစ် Housing Finance ထူထောင်နိုင်ရန် ပထမခြေလှမ်းအဖြစ် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် CHD Bank ဖွဲ့စည်းထူထောင်၍ အိမ်ဝယ်ချေးငွေများ စတင်ဆောင်ရွက်ခြင်းများကိုစတင်ဆောင်ရွက်လျက် ရှိပါတယ်။

ဦးစီးဌာနမှ ချမှတ်ထားသည့် အမျိုးသား အိမ်ရာ ဖွံ့ဖြိုးရေးမူဝါဒမှာလည်း ဝင်ငွေနည်းပြည်သူများ၊ ဝင်ငွေ အလယ်အလတ်ရှိ ပြည်သူများအတွက် ဝင်ငွေနှင့် လက်လှမ်းမီ သင့်တော်ကောင်းမွန်သော အိမ်ရာများ၊ နိုင်ငံဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ၊ ပြည်သူအိမ်ရာစသည့် အငှါးအိမ်ရာများကို ဦးစားပေးဖြည့်ဆည်းဆောင်ရွက်မည်ဟုပါရှိပါတယ်ခင်ဗျား။

အိမ်ရာဖွံ့ဖြိုးမှု ၅ နှစ်စီမံကိန်းကဏ္ဍ ၄ရပ်မှ အိမ်ရာထုတ်လုပ်ရေးကဏ္ဍတွင် **"စီးပွားရေးအလားအလာကောင်းရှိသော ဒေသများတွင် တည်ရှိသော လူဦးရေ တစ်သိန်း**

ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းဖြစ်ပါတယ်။

ကျွန်တော်အနေဖြင့် အငြိမ်းစား နိုင်ငံဝန်ထမ်းများကိုယ်စား တန်ဖိုးသင့်/တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပေးရေးနှင့် စပ်လျဉ်း၍ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တွင် ထင်ရှားသော မြို့တော်ကြီး ၃ မြို့ရှိပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် လားရှိုးမြို့တော်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တောင်ကြီးမြို့တော်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ကျိုင်းတုံမြို့တော်ရှိပြီး လားရှိုးနှင့် တောင်ကြီးမြို့တို့တွင် တန်ဖိုးသင့် / တန်ဖိုးနည်း အိမ်ရာများ ဆောက်လုပ်ပေးလျက်ရှိပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် တန်ဖိုးသင့် / တန်ဖိုးနည်း အိမ်ရာများမရှိသည့်အတွက် အငြိမ်းစား နိုင်ငံဝန်ထမ်းများအား ဆောက်လုပ်ပေးစေလိုကြသည့်အတွက် အောက်ပါမေးခွန်းကို ရိုသေစွာ မေးမြန်းအပ်ပါတယ်-

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် အငြိမ်းစား နိုင်ငံဝန်ထမ်းများအတွက် တန်ဖိုးသင့်/ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ရိုသေစွာ မေးမြန်းအပ်ပါတယ်။

D/real(wide) (7

အထက် နေထိုင်သည့် မြို့ကြီးများတွင် ဝင်ငွေနည်းပြည်သူများ၊ ဝင်ငွေအလယ်အလတ်ရှိ ပြည်သူများ ဝယ်ယူနိုင်စွမ်းရှိစေမည့် အိမ်ရာများအကောင်အထည်ဖော်တည်ဆောက်နိုင်ရေး ” ပါဝင်ရာမှာ ရှမ်းပြည်နယ်တွင် ကျိုင်းတုံ၊ လားရှိုးနှင့် တောင်ကြီးမြို့များအကျုံးဝင်ပါတယ်။

ယခုဒုတိယ ၅ နှစ်စီမံကိန်းလျာထားချက်တွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ပင်မစီမံကိန်းအရ ရှမ်းပြည်နယ်အတွင်း တန်ဖိုးသင့် အိမ်ရာယူနစ် ၅၀၀ ပါဝင်ပါတယ်။ ဒေသအခြေအနေပေါ်မူတည်၍ နှစ်အလိုက် အိမ်ရာ အကောင်အထည်ဖော်နိုင်မည့် အရေအတွက်ကို ညှိနှိုင်းသတ်မှတ်သွားမှာဖြစ်ပါတယ်။

အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် မြေနေရာ အကျယ်အဝန်းရရှိရေး အခက်အခဲများစွာရှိနေပါတယ်။ ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်ပေးသော မြေတန်ဘိုး(သို့)မြေယာလျော်ကြေးကို ဦးစီး ဌာနကနေပြီးတော့ Project Cost တွင်ထည့်သွင်းမှာဖြစ်ပြီး မြေအတွက် ကုန်ကျစရိတ် Land Cost သတ်မှတ်ကျခံသွားမှာ ဖြစ်ပါသည်။ ကုန်ကျစရိတ်အပေါ်မူတည်၍ အိမ်ရာစျေးနှုန်းများလည်း အနည်းငယ် ပိုမိုသွားနိုင်တာဖြစ်ပါတယ်။

ဒါကြောင့် ဝယ်ယူနိုင်စွမ်း၊ စျေးကွက်နှင့် မြေနေရာရရှိနိုင်မှုတို့အရ တန်ဘိုးနည်း/တန်ဘိုးသင့်အိမ်ရာများအားအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အားလုံးကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေကြောင်း မေတ္တာပို့နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း မေးမြန်းလာသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့သည် အငြိမ်းစားဝန်ထမ်းများအတွက် တန်ဖိုးသင့်/ တန်ဖိုးနည်း အိမ်ရာဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် ရှိပါက မည်သည့် ဘဏ္ဍာရေး နှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ကျွန်တော်ဦးခွန်ရဲထွေးမှ ပြန်လည် ဖြေကြားမှာဖြစ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနသည် အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကာလတို/ကာလ ရှည် ရေးဆွဲ၍ စနစ်တကျ အကောင်အထည်ဖော်လျက်ရှိပါသည်။ ၂၀၁၀-၂၀၁၁ မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ နှစ် ၂၀ ကာလရှည် စီမံကိန်းကို ၅ နှစ်စီမံကိန်း ၄ ခုဖြင့် ရေးဆွဲပြီး ယခု ဒုတိယ ၅ နှစ် စီမံကိန်းတွင် အိမ်ရာထုတ်လုပ်အပိုင်းကို သာမကထိရောက်သော ရောင်းချဖြန့်ဖြူးမှုတည်ဆောက်ပြီး အိမ်ရာများစီမံခန့်ခွဲမှု၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အိမ်ရာနှင့်ဥပဒေလုပ်ထုံးလုပ်နည်းများပေါ်ထွက်လာရေးအပိုင်းများအထိ ဘက်စုံပါဝင်သော စီမံကိန်းလျာထားချက်တစ်ခုအဖြစ် စီစဉ်ရေးဆွဲ ထားပါသည်။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်လျက်ရှိပါသည်-

D/real(wide) (8

ဥက္ကဋ္ဌ။ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီဝင်းက ပထမမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါရှင်။ ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်း ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ မေးခွန်းနံပါတ် ၁ ဖြစ်တဲ့ မိုးမိတ် မြို့နယ်မှာ ဌာနဆိုင်ရာများ၏ စက်သုံးဆီခွဲတမ်းကို မိုးမိတ်မြို့နယ် တွင် ဝယ်ယူခွင့်ရရှိရေးကိစ္စ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်၊ မိုးမိတ် ခရိုင်အတွင်းရှိ ဌာနဆိုင်ရာရုံးများသည် ရုံးသုံးမော်တော်ယာဉ်များ အတွက် စက်သုံးဆီခွဲတမ်းကို နိုင်ငံတော်မှ နှစ်စဉ်ခွင့်ပြု ချထား ပေးလျက်ရှိပါတယ်။ ယင်းသို့ ခွင့်ပြုချထားပေးသည့် စက်သုံးဆီ များကို ကျောက်မဲခရိုင်၊ သီပေါမြို့တွင် သွားရောက်ထုတ်ယူ၍ မိုးမိတ်ခရိုင်သို့ သယ်ယူရသဖြင့် ကုန်ကျစရိတ်များကြီးမြင့်ပြီး ဌာနဆိုင်ရာများအတွက် အခက်အခဲ များစွာရှိနေပါတယ်။ သို့ဖြစ်ပါ၍ ဌာနဆိုင်ရာများမှ လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူ စေရန် မိုးမိတ်ခရိုင်ရှိ ဌာနဆိုင်ရာများ၏ စက်သုံးဆီခွဲတမ်းများ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့တွင် ဝယ်ယူခွင့်ရရှိရေး ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။

မိုးမိတ်မြို့ရှိ ယခင်နိုင်ငံပိုင် စက်သုံးဆီအရောင်းဆိုင်အား ပုဂ္ဂလိကသို့ လွှဲပြောင်းပေးခဲ့ပါသဖြင့် မိုးမိတ်မြို့ရှိ ဌာနဆိုင်ရာ များအား မိုးမိတ်မြို့နယ်တွင် စက်သုံးဆီထုတ်ပေးနိုင်ခြင်း မရှိပါကြောင်း၊ မိုးမိတ်မြို့နှင့် အနီးဆုံးဖြစ်သော သီပေါစခန်းတွင် စက်သုံးဆီဖြန့်ဖြူး ရောင်းချပေးရခြင်းဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးမိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ရီရီဝင်းက ဒုတိယမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ကျွန်မအနေနဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ မိုးမိတ်မြို့နယ်၏ အခြေခံ ပညာကျောင်းများတွင် ကျင်းပသည့် အားကစားပြိုင်ပွဲများအတွက် အသုံးစရိတ် ရန်ပုံငွေများကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ ချပေးနိုင်ခြင်း၊ ထောက်ပံ့ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဆက်လက် မေးမြန်းသွားမှာဖြစ် ပါတယ်ရှင်။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ မိုးမိတ်မြို့နယ်တွင် လူငယ်များ အားကစားထူးချွန်လာစေရန် မြို့နယ်အားကစားနှင့် ကာယပညာ ကော်မတီအစီအစဉ်ဖြင့် ရန်ပုံငွေများ ရှာဖွေပြီး ဘောလုံးပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲ၊ မီနီမာရသွန်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း ပြိုင်ပွဲများကို အခါအားလျော်စွာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အားကစားပြိုင်ပွဲ များကျင်းပခြင်းကြောင့် လူငယ်လူရွယ် များသည် အားကစားတွင် စိတ်ပါဝင်စားလာပြီး လူငယ်များအကြား မူးယစ်ဆေးဝါးသုံးစွဲမှုများ ပပျောက်စေပြီး မူးယစ်ဆေးဝါး ထိုးဖောက်ဝင်ရောက်မှုများကိုလည်း ကာကွယ်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ မိုးမိတ်မြို့နယ်တွင် မူးယစ် ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ ၂၀၁၆- ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင်

D/real(wide) (9

မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲသူပေါင်း ၆၃ ဦးကို ဖမ်းဆီးအရေးယူ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ၄င်းအပြင် ဇူလိုင်လနှင့် သြဂုတ်လတွင် အမျိုးသား ၃၀ ဦးနှင့် အမျိုးသမီး ၂ ဦး နောက်ဆုံးအခြေအနေ မူးယစ်ဆေးဝါးအမှု ၆၈ မှုရှိခဲ့ပြီး မူးယစ်ဆေးဝါးရောင်းဝယ် ဖောက်ကားသူများကိုလည်း ဆက်လက်ဖမ်းဆီးရရှိခဲ့ပါတယ်။ မြို့နယ်များတွင် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်းဖြင့် လူငယ်လူရွယ်များသည် ၄င်းတို့၏ အားလပ်ချိန်များကို အားကစားတွင် အကျိုးရှိရှိ အသုံးချလာကြမည်ဖြစ်ပြီး မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်မှ လွတ်ကင်းစေနိုင်မည်ဟု သုံးသပ်မိပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီမှ ဦးစီးကျင်းပသည့်အားကစားပြိုင်ပွဲများတွင်လည်းကောင်း၊ ကျောင်းအခြေပြုအားကစားပြိုင်ပွဲများ ပြုလုပ်ရာတွင် လည်းကောင်း၊ အားကစားပြိုင်ပွဲအတွက် ကုန်ကျသည့် ကုန်ကျစရိတ်နှင့် ဆုချီးမြှင့်သည့် ကုန်ကျစရိတ်များကို ရန်ပုံငွေရှာဖွေဆောင်ရွက်ရသဖြင့် မလိုလားသည့် ပြဿနာများပေါ်ပေါက်လာနိုင်ပါတယ်။ အထက်ဌာနများမှလည်း အခြေခံပညာကျောင်းများနှင့် မြို့နယ်အဆင့် အားကစားပြိုင်ပွဲများကျင်းပရန် ညွှန်ကြားဆောင်ရွက်နေကြသော်လည်း အားကစားပြိုင်ပွဲများအတွက် ကုန်ကျစရိတ်များကို ရန်ပုံငွေချထားပေးခြင်းမရှိသဖြင့် မြို့နယ်များမှာ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ အစီအစဉ်ဖြင့်သာ ရန်ပုံငွေရှာဖွေ၍ ဆောင်ရွက်နေကြရသည်ကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ မြို့နယ်များတွင် ကျင်းပသည့် အားကစားပြိုင်ပွဲများနှင့် အခြေခံပညာကျောင်းများတွင် ကျင်းပသည့် အားကစားပြိုင်ပွဲများ အတွက် အသုံး စရိတ် ရန်ပုံငွေများကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ ချထားပေးနိုင်ခြင်း၊ ထောက်ပံ့ပေးနိုင်ခြင်း

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးဆွေသိန်း၊ လျှပ်စစ်စွမ်းအင်နှင့်စက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ပြည်နယ် လျှပ်စစ်စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးဆွေသိန်းဖြစ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကိုယ်စား မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီဝင်း မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်းနှင့် ပတ်သက်၍ ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၁၀ ခုနှစ်၊ ဇွန်လမှစ၍ နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင်များအား ပုဂ္ဂလိကသို့ လွှဲပြောင်းအပ်နှံခဲ့ပြီး ပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများသို့ စက်သုံးဆီဖြန့်ဖြူးမှုကို ဤဌာနရှိ ပင်မဌာန၊ ဌာနခွဲ၊ စခန်းများနှင့် အရောင်းဆိုင် ၁၂ ဆိုင်မှ သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ခွဲတမ်းလျာထားချက်အတိုင်း ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မိုးမိတ်မြို့စက်သုံးဆီအရောင်းဆိုင်အပါအဝင် စက်သုံးဆီအရောင်းဆိုင် ၁၀ ဆိုင်အား ပုဂ္ဂလိကသို့ လွှဲပြောင်းပေးခဲ့ရပြီး၊ လားရှိုးဌာနခွဲ၊ သီပေါစခန်း၊ ကွမ်းလုံစခန်း ၃ ခုတို့မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ဌာနဆိုင်ရာများသို့ စက်သုံးဆီဖြန့်ဖြူး ရောင်းချပေးလျက်ရှိပါတယ်။

D/real(wide) (1

အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ရှေးဦးစွာဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်း၏ မြို့နယ်များတွင် ကျင်းပသည့် အားကစားပြိုင်ပွဲများနှင့် အခြေခံ ပညာကျောင်းများတွင် ကျင်းပသည့် အားကစားပြိုင်ပွဲများအတွက် အသုံးစရိတ် ရန်ပုံငွေများကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ ချပေးနိုင်ခြင်း၊ ထောက်ပံ့ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ မြို့နယ်များတွင် ကျင်းပသည့် အားကစားပြိုင်ပွဲများအတွက် ပြည်နယ် ဘတ်ဂျက်ရန်ပုံငွေဖြင့် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်၍ တစ်မြို့နယ်လျှင် အားကစားပြိုင်ပွဲ ကျင်းပပြုလုပ်ရန် ကျပ် ၃၀ သိန်းဘတ်ဂျက် ခွဲဝေချထားပေးခဲ့ပါတယ်။

အခြေခံပညာကျောင်းများတွင် ကျင်းပသည့် အားကစားပြိုင်ပွဲများတွင်လည်း မြို့နယ်အလိုက် ချမှတ်ထားသည့် ကျပ် ၃၀ သိန်းအတွင်းမှ မိမိခရိုင်/မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ ထောက်ပံ့ ဆောင်ရွက်လျက်ရှိပါသည်။

ကိုယ်စားလှယ်များအားလုံးခင်ဗျား။ ရှမ်းပြည်နယ် အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းများ ဖော်ဆောင်ရာတွင် အထောက်အကူဖြစ်စေရန် ရှမ်းပြည်နယ်လွှတ်တော်နှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်နယ်အစိုးရအဖွဲ့ကို ပူးပေါင်းညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး Check and balance လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေအရ ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်းများ ဖော်ဆောင်နိုင်ရန် ပြည်နယ်လွှတ်တော်မှတစ်ဆင့် ဥပဒေများဖြင့် အတည်ပြုပြီး ပြည်နယ်အစိုးရအဖွဲ့မှ လုပ်ငန်းများ ဆောင်ရွက်ရပါသည်။

သို့ဖြစ်ပါ၍ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်း ဆောင်ရွက်ချက်များအတွက် အထောက်အကူဖြစ်စေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ပြည်နယ်လွှတ်တော်နှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် Check and balance လုပ်ရန် ဝိုင်းဝန်းပူးပေါင်းကူညီပေးရမည့်တာဝန်များရှိကြပါသည်။ နိဂုံးချုပ်အနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်း ဆောင်ရွက်ချက်များ အထောက်အကူဖြစ်စေသော ဥပဒေများ ရေးဆွဲပေးနိုင်ရန် ရှမ်းပြည်နယ်လွှတ်တော်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကူညီဆောင်ရွက်နိုင်ရန်အတွက်လိုအပ်ချက်များဖြစ်သော

(က) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ နှစ်အလိုက်နှင့်နှစ်ရှည် ဘတ်ဂျက်စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းများ

(ခ) ရှမ်းပြည်နယ်တွင် မြို့နယ်အလိုက် Information Data အချက်အလက်များကို ရှမ်းပြည်နယ်လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

D/real(wide) (1

သိရှိခွင့်ရှိ/မရှိ သိရှိနိုင်ရန်အတွက် ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းခြင်းဖြစ်ပါသည်။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုးညွန့်လွင် ၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်း စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း၊ နှလုံး၏ သာယာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်ပြည်နယ် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်၊ တတိယပုံမှန်အစည်းအဝေးသို့ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်း၏ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀(ခ)နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရစီမံကိန်း၊ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်း၍ အတည်ပြုပြဋ္ဌာန်းရပါသည်။ ထိုသို့ အတည်ပြုပြဋ္ဌာန်းနိုင်ရန်အတွက် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းနှင့် နှစ်စဉ်အရအသုံးဆိုင်ရာ ငွေစာရင်းများကို ဘဏ္ဍာရေးနှစ်အလိုက် ရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်လည်း အခြေခံပညာကျောင်းများအတွက် ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ ပြည်နယ်ဘတ်ဂျက်ရန်ပုံငွေတွင် အားကစားပြိုင်ပွဲ အသုံးစရိတ်အား တိုးမြှင့်လျာထားနိုင်ရန် ဆောင်ရွက် သွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းယန်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးစိုင်းလှိုင်ခမ်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယ ပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြသူများအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်း ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်အနေဖြင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယ ပုံမှန် အစည်းအဝေးမှာ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍

(က) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ နှစ်အလိုက်နှင့် နှစ်ရှည် ဘတ်ဂျက်စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းများ၊

(ခ) ရှမ်းပြည်နယ်နှင့် မြို့နယ်အလိုက် Information Data အချက်အလက်များကို ရှမ်းပြည်နယ်လွှတ်တော်နှင့် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ သိရှိခွင့်ရှိ/ မရှိ သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်းဖြစ်ပါသည်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်

D/real(wide) (1

နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲရာတွင် မျှော်မှန်းထားသော ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုအပေါ် မူတည်၍ လျာထားသတ်မှတ်ရာ နိုင်ငံတော် မူဝါဒ လမ်းညွှန်ချက်ဖြင့် ချမှတ်သော လုပ်ငန်းနှင့် လုပ်ငန်းစီမံကိန်းများ ဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်နိုင်မည့်လုပ်ငန်းများ၊ ဒေသ၏ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် လုပ်ငန်းများနှင့် လုပ်ငန်းစီမံကိန်းများ၊ ပြည်သူလူထု၏ လိုအပ်ချက်ကို တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းစသည်တို့ကို ဦးစားပေး အစီအစဉ်များဖြင့် ဝန်ကြီးဌာန အဖွဲ့အစည်းများမှ တာဝန်ရှိသူများ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများပါဝင်သော စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ၊ စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီတို့ဖြင့် ညှိနှိုင်းရေးဆွဲကြပါသည်။ ထိုသို့ ညှိနှိုင်းရေးဆွဲထားမှုအပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြ၍ စိစစ်ညှိနှိုင်းအတည်ပြုချက်ရယူပြီး ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်လွှတ်တော်သို့တင်ပြ၍ အတည်ပြုပြဋ္ဌာန်းပါသည်။

ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးသော ဥပဒေများအရ ပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စီမံကိန်းရည်မှန်းချက်များနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအပြင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုခဲ့ပြီး ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် ရှမ်းပြည်နယ်အတွင်းတွင် ဆောင်ရွက်မည့် ဝန်ကြီးဌာန အဖွဲ့အစည်းများ၏ လုပ်ငန်းစီမံကိန်းများနှင့် လုပ်ငန်းများကိုလည်း ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်မှု

မြို့နယ်အတွင်းရှိ မန္တလေး - မိုးကုတ် - မိုးမိတ်- မဘိမ်း- စီအူ-ဗန်းမော်လမ်းကို ကျောက်ချောလမ်းခင်းခြင်းနှင့်ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းသွားမှာဖြစ်ပါတယ်။

မိုးမိတ်ခရိုင်၊ မဘိမ်းမြို့မှ ကချင်ပြည်နယ်၊ မန်စီမြို့နယ်၊ စီအူရွာ အထိ ၃၃ မိုင် ၃ ဖာလုံဝေးကွာပါသည်။ ကချင်ပြည်နယ်၊ မန်စီမြို့နယ်မှ စီကော်အထိ ကတ္တရာလမ်း၊ စီကော်ရွာမှ စီအူရွာအထိ ကျောက်ချောလမ်းများ ပြီးခဲ့ပြီး တံတားများသည်လည်း RC တံတားများဖြင့် တည်ဆောက် ခဲ့ပြီးဖြစ်ပါတယ်။ သို့ပါသော်လည်း ရှမ်းပြည်နယ် မိုးမိတ်ခရိုင် မဘိမ်းမြို့မှ ကချင်ပြည်နယ်၊ နယ်စပ်ရွာဖြစ်သော စီအူရွာအထိ ၃၃ မိုင် ၃ ဖာလုံသာဝေးသော လမ်းအချို့သည် မြောင်းဖြစ်နေပါသည်။ ယခုမြင်တွေ့နေရသည်မှာ မဘိမ်းမြို့မှ ခွဲထွက်သွားသော နေရာသာကောင်းပြီး နတ်တိုးဝန်းမှ ပေကျင်ရွာအထိသွားတဲ့ နေရာမှာ လမ်းသည် မြောင်းဖြစ်ပြီး အချို့လမ်းမှာ တောဖြစ်နေပါသည်။ ပေကျင်နှင့် စီပိန်းကြားမှာလည်း တံတားများသည် မီးလောင်ပြီး ပျက်စီး နေသည်ကို တွေ့ရှိရပါတယ်။ တင်ချိန်နှင့် ကြားမှာလည်း လမ်းနှင့်မြောင်းသည် တစ်ပြေးညီ ဖြစ်နေပြီး ပင်မလမ်းသည်လည်း တောဖုံးလျက် သစ်ထုတ်ရေး ကားသွားသည့် ဖောက်ထားသည့်လမ်းကို အခြေပြု၍ သွားနေရပါတယ်။ စီပိန်းနှင့် တုံကွာကြားမှာ တာရိုးသည် ကျိုးပေါက်နေပါတယ်။

သို့ဖြစ်ပါသောကြောင့် ဤလမ်းသည် တံတားကြီးငယ် အစင်းပေါင်း ၁၀၀ ကျော်သည် လုံးဝပျက်စီးနေပြီး အချို့တံတားသည် ဆိုင်ကယ်များသာ သွားလာရတဲ့ လမ်းဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ လျာထားငွေကျပ်သန်း ၃၉၃. ၈၁ သန်း လျာထားသော်လည်း လုံးဝပြီးမြောက်မည်မထင်ပါ။ တာရိုးနှင့်ဆည်များသည် ခါးပြတ်နေပါတယ်။ ယခု မိုးရာသီမှာ

D/real(wide) (1

ကားသွားမရသောကြောင့် ပေကျင်ရွာသစ်၊ ပေကျင်ရွာဟောင်း၊ စီပိန်း၊ တုံကွာ၊ မုံလိုက်၊ နားဟုံရွာ ၆ ရွာတို့မှ ပြည်သူများသည် လုံးဝ အတိဒုက္ခရောက်နေပါတယ်။ အရေးပေါ် လူနာများ သွားလာတဲ့အခါမှာ လုံးဝအကြပ်အတည်းနှင့် ရင်ဆိုင် နေရပါတယ်။ ဤလမ်းမကြီးသည် မန္တလေးတိုင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ချိတ်ဆက်သော ဗျူဟာလမ်းကြီးဖြစ်ပါတယ်။ ၃၃ မိုင် ၃ ဖာလုံကို တံတားနှင့် လမ်းများကောင်းသွားပါက မန္တလေး- မိုးကုတ်-မိုးမိတ်-မဘိမ်း-မန်စီ-ဗန်းမော်-မြစ်ကြီးနားအထိ သွားလာနိုင်သော လမ်းဖြစ်ပါသည်။ ဒါကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လျာထားချက်ငွေဖြင့် ကျောက်ချောလမ်းအဖြစ် ခင်းနိုင်မည် မဟုတ်ပါ။ သို့ပါသောကြောင့် လိုအပ်နေသော ထပ်ဆောင်း ရန်ပုံငွေများ ချထားပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိကို ကြယ်ပွင့်ပြ မေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း လိုက်ရပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။
လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုမှ မေးမြန်းလာသည့် မဘိမ်းမြို့နယ်အတွင်းရှိ မန္တလေး-မိုးကုတ်-မိုးမိတ်-မဘိမ်း-စီအူ-ဗန်းမော်လမ်း ကျောက်ချောလမ်း ခင်းခြင်းနှင့်ပတ်သက်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လျာထားချက် ငွေဖြင့်မလုံလောက်သဖြင့် လိုအပ်နေသောထပ်ဆောင်းရန်ပုံငွေများ ချထားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ ကြယ်ပွင့်ပြ မေးခွန်းကို

အခြေအနေကို စိစစ်သုံးသပ်နိုင်ရန်အတွက် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှ အဆိုပါ စာရင်းအင်းအချက်အလက်များကို မြို့နယ်/ခရိုင်နှင့် ဝန်ကြီးဌာနအလိုက် ပြုစုထားရှိပါသည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိကိုယ်စားပြုသည့် မြို့နယ်ရှိ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စီမံကိန်းရည်မှန်းချက်များ၊ ငွေလုံးငွေရင်းအသုံးစရိတ်များဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် လုပ်ငန်းစီမံကိန်းများကို သိရှိခွင့်ရှိပါသည်။ ကိုယ်စားလှယ်ကြီးများအနေဖြင့် တရားဝင်သိရှိလိုသည့် စာရင်းဇယားအချက်အလက်များအား လွှတ်တော်ရုံး၏ အကြောင်းကြားစာဖြင့် သက်ဆိုင်ရာ စီမံကိန်းဦးစီးရုံးများတွင် မေးမြန်း သိရှိနိုင်ပါသည်။

ရှမ်းပြည်နယ်လွှတ်တော်ရုံးအနေဖြင့်လည်း လွှတ်တော် ကိုယ်စားလှယ်များသိရှိရန် လိုအပ်သော စာရင်းဇယား အချက်အလက်များအတွက် အကြောင်းကြားစာထုတ်ပေးမှသာ ပြည်နယ်စီမံကိန်းဦးစီးရုံးအနေဖြင့် လက်အောက်ရှိ တွဲဖက်ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်နှင့်မြို့နယ်စီမံကိန်းဦးစီးရုံးများသို့ ဆက်လက်ညွှန်ကြားနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ ပြန်လည် ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မဘိမ်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ဦးမောင်ညိုက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးမောင်ညို၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။
အားလုံးမင်္ဂလာပါ၊ လေးစားရပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ဝန်ကြီးများနှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမောင်ညိုဖြစ်ပါတယ်။ ကျွန်တော်ကတော့ မဘိမ်း

D/real(wide) (1

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးကျွန်တော် ဦးခွန်ရဲထွေးမှ ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

မန္တလေး-မိုးကုတ်-မိုးမိတ်-မဘိမ်း-စီအူ- ဗန်းမော်ကျောက်ချောလမ်းသည် ပြည်နယ်အစိုးရမှ စီမံခန့်ခွဲသော လမ်းဖြစ်ပြီး မဘိမ်းမြို့နယ် အနေဖြင့် မိုင် ၄၇/၅ မှ ၁၀၂/၀ အထိ လမ်းမိုင်အရှည် ၅၄ မိုင် ၇ ဖာလုံကို တာဝန်ယူ ဆောင်ရွက်ရပါတယ်။ ၃၁-၃-၂၀၁၆ ရက်နေ့ရှိ လမ်းအခြေအနေမှာ ကတ္တရာလမ်း ၁၈ မိုင် ၆ ဖာလုံ၊ ကျောက်လမ်း ၁၂ မိုင် ၄ ဖာလုံ၊ အမာခံလမ်း ၂၃ မိုင် ၁ ဖာလုံ ရှိပါသည်။ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ငွေလုံး ငွေရင်း ရန်ပုံငွေ ၃၉၃၊ ၈၁သန်းဖြင့် ကတ္တရာလမ်းသစ်ခင်းခြင်း ၆ ဖာလုံ၊ ၁၀ပေအရှည် သံကူကွန်ကရစ် တံတားအသစ် ၂ စင်း၊ ပေ ၁၅ အရှည် သံကူကွန်ကရစ်တံတား အသစ် ၂ စင်း ၊ ပေ ၆၀ အရှည် သံကူကွန်ကရစ်တံတားအသစ် ၁ စင်းတည်ဆောက်ခြင်း တို့ကိုလည်းကောင်း ၊ ပြည်နယ်ပြင်ဆင် ထိန်းသိမ်းခြင်း ရန်ပုံငွေ ၁၂၄ သန်းဖြင့် ကတ္တရာလမ်းသစ်ခင်းခြင်း ၄ ဖာလုံ၊ မိုင်တိုင် ၆၅/၄-၅ကြား တံတားအမှတ် ၃/၆၆အား မူလသစ်သားတံတားမှ ၁၂၀ ပေအရှည် သံကူကွန်ကရစ်တံတား အသစ်တည်ဆောက်နိုင်ရေးအတွက် ယာယီ ဘေလီတံတား ၁စင်း တည်ဆောက်ခြင်း၊ ချဉ်းကပ်လမ်း ၂ ဖက် တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တည်ဆောက်ကာ ရေသွယ်ယူပြီး စိုက်ပျိုးရေး အဖြစ်အသုံးပြုလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ မိုင်းဖြတ်မြို့နယ်၊ နမ့်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ဆိုင်ဆတ်ရေသွယ်မြောင်းမှ ခိုင်ခံ့သော ရေလွှဲဆည်နှင့် ၃ မိုင်ကွာရေသွယ်မြောင်းပါ သွယ်တန်းတည်ဆောက် ပေးနိုင်မည်ဆိုပါက ရာသီမရွေး နွေ၊မိုးဆောင်း ရာသီအလိုက်သီးနှံများ ဧက ၂၀၀ နီးပါးခန့် စဉ်ဆက်မပြတ် စိုက်ပျိုးနိုင်မည်ဖြစ်ပါတယ်။ ထို့ကြောင့် အဆိုပါ တင်ပြသော ရေလွှဲဆည် ၁ ခုအား မည်သည့်အချိန်တွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဦးစိုင်းကျော်က မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)ကမေးမြန်းတဲ့ နမ့်ကုန်းကျေးရွာ အုပ်စုအတွင်းရှိ နမ့်ကုန်းရေလွှဲဆည်အား မည်သည့် အချိန်တွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုသည် မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

မိုင်းဖြတ်မြို့နယ်၊ နမ့်ကုန်းကျေးရွာ အုပ်စု၊ နမ့်ကုန်းရွာအနီး နမ့်ဟွေရှိုချောင်းတွင် အခိုင်အမာ ဆည်တည်ဆောက်၍

D/real(wide) (1

ရေပေးမြောင်း ပေရှည် ၆၀၀ ခန့်အား မြောင်း ဘောင်ဖို့ခြင်း၊ မြောင်းပေရှည် ၄၀၀၀ ခန့်အား ပုံစံကျ ပြန်လည် တူးဖော်ပေးခြင်းဖြင့် နမ့်ကုန်းရွာနှင့် ခတ်တန်ရွာတောင်သူများ၏ လယ်မြေ ၈၀ ဧက ခန့်အား အောင်ရေရရှိသည်အထိ လုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ပါသည်။ နမ့်ဟွေရှို့ချောင်း၏ အရပ်လက်ရိုက် ဆည်မှာ လယ်ယာမြေ ၅၀ ဧကခန့်အား အကျိုးပြုလျက်ရှိပြီး မိုးတွင်း ကာလ မိုးများစွာ ရွာသွန်းသည့်အခါ လက်ရိုက်ဆည်နှင့် ရေသွယ်မြောင်းအား ဒေသခံ တောင်သူများမှ ခက်ခဲစွာပြုပြင်၍ အောင်ရေရရှိနိုင်သည်အထိ ဆောင်ရွက်ရပါသောကြောင့် အခိုင်အမာ ရေလွှဲဆည်နှင့် ရေသွယ်မြောင်းဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိရာ အခိုင်အမာရေလွှဲဆည်အဖြစ် တည်ဆောက်နိုင်ရန်နှင့် ရေပေးမြောင်းပျက်စီးနေမှုများ၊ လက်ရှိစိုက်ပျိုးထားသည့် လယ်မြေ၊ လယ်ကောနှင့် လယ်အသစ်ရရှိနိုင်မည့် နေရာများအား ၁၁-၈-၂၀၁၆ တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ တောင်သူများနှင့် ဦးစီးမှူး (မြို့ပြ) ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ မိုင်းဖြတ်မြို့တို့ ပူးပေါင်း၍ မြေပြင်အခြေအနေများအား ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

မိုင်းဖြတ်မြို့နယ်၊ နမ့်ကုန်းကျေးရွာအုပ်စု၊ နမ့်ကုန်းရွာအနီး နမ့်ဟွေရှို့ချောင်း လက်ရိုက်ဆည်အား အခိုင်အမာ ရေလွှဲဆည် တည်ဆောက်နိုင်ရန်အတွက် ၂၀၁၇ - ၂၀၁၈ ခုဘဏ္ဍာရေးနှစ် မူလ ခွင့်ပြုရန်ပုံငွေ BE တွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေ ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

သို့ပါ၍ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ ဖြစ်ပေါ်လာမည့် လမ်း အခြေအနေ မှာ ကတ္တရာလမ်း ၂၀ မိုင်၊ ကျောက်လမ်း ၁၁ မိုင် ၂ ဖာလုံ၊ အမာခံလမ်း ၂၃ မိုင် ၁ ဖာလုံ ရှိမည် ဖြစ်ပါသည်။ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျန်ရှိသော လုပ်ငန်းများကို အဆင့်မြှင့်တင်ရန် ပြည်နယ်ဘဏ္ဍာဖြည့်စွက်ရန်ပုံငွေရရှိရန် ဆက်လက်တောင်းခံသွားမည်ဖြစ်ပြီးရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းကျောက်က မေးခွန်းကမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းကျောက်၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် မိုင်းဖြတ်မြို့ရှိ ဒေသခံပြည်သူများ လိုအပ်ချက်အရပြည်သူများ၏ ကိုယ်စား တင်ပြသွားမှာဖြစ်ပါတယ်။

မိုင်းဖြတ်မြို့နယ် ဒေသခံပြည်သူများသည် စိုက်ပျိုးရေးအဓိကလုပ်ကိုင်၍ အသက်မွေးကြပါတယ်။ ပထဝီအနေအထားအရလည်း တောင်တန်း၊ လျှိုမြောင်များဖြစ်ပါတယ်။ ထိုကြောင့် တောင်စွယ်၊ တောင်တန်းကြားမှ ဆည်ငယ်ကလေးများ

D/real(wide) (1

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးလင်းအောင်ဆွေက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဂါရဝပြုဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ မြို့မအားကစားကွင်းမြက်ခင်းပြင်အား မြို့နယ်အားကစားကွင်း အဂိါရပ်နှင့်အညီ ပြန်လည်ပြုပြင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်စန်မြို့နယ်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင်ထဲမှာ အထိုက်အလျောက်စည်ကားပြီး လူဦးရေများပြားသည့် မြို့နယ် ၁ မြို့နယ်ဖြစ်ပါတယ်။ နမ့်စန်မြို့နယ်မှာ မြို့ပေါ် ၅ ရပ်ကွက်၊ ရပ်ကွက်/ကျေးရွာအုပ်စု ၁၅ စု၊ ခိုလမ်မြို့နယ်ခွဲ မြို့ပေါ်ရပ်ကွက် ၆ ခု၊ ကျေးရွာအုပ်စု ၅ စုရှိပြီး လူဦးရေ ကျား ၄၄၇၃၂ ဦး ၊ မ ၄၅၉၂၆ ဦးတို့ရှိပါတယ်။ မြို့ရဲ့ ကျက်သရေဆောင် အားကစားကွင်းသည် နှစ်စဉ်နှစ်တိုင်း ဘောလုံးပွဲ၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဖူဆယ်အားကစားပွဲများကို အသက်အပိုင်းအခြား ကျားမ အလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုမြို့မ အားကစားကွင်းမှာ မကြာသေးခင်က နိုင်ငံကျော်ဖိုးချစ်ဇာတ်သဘင် အဖွဲ့နှင့် အနုပညာရှင်များပါဝင်တဲ့ မဟာယူနိုက်တက် ဘောလုံး အသင်းနဲ့ နမ့်စန်လူငယ်လက်ရွေးစင် ယူနိုက်တက် အသင်းတို့ ယှဉ်ပြိုင်ကစားသည့်အခါမှာလည်း အထက်တင်ပြခဲ့တဲ့ လူငယ် လက်ရွေးစင်တွေမွေးထုတ်ပေးနိုင်မှုကို ဝမ်းပန်းတစ်သာ ဖြစ်ခဲ့ပြီး မြက်ခင်းပြင်သာ ပိုမိုကောင်းမွန် ခဲ့မည်ဆိုလျှင် စိတ်ဓာတ်ခွန်အား မြင့်မားပြီး ပိုမို စွမ်းဆောင်နိုင်မည့် အားကစား လူငယ် မောင်မယ်မြောက်များစွာကို မွေးထုတ်ပေးနိုင်မှာဖြစ်တယ်လို့ မှတ်ချက်ပြုသွားခဲ့ပါတယ်။

သို့ဖြစ်ပါ၍ အားကစားကဏ္ဍအဖြစ် နိုင်ငံဂုဏ်ကို မြှင့်တင်နိုင်ဖို့ မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စုမှသည် ခရိုင်/ပြည်နယ်/နိုင်ငံတော်အဆင့်အထိ အားကစားသမား လူငယ် မောင်မယ်များ မွေးထုတ်ပေးနိုင်ရန်အတွက် နမ့်စန်မြို့နယ်၊ မြို့မအားကစားကွင်းကို မြို့နယ်အားကစားကွင်းအဂိါရပ်နှင့်အညီ ပြန်လည်ပြုပြင်တည်ဆောက်ပေးသင့်ပါကြောင်းနှင့် မြို့မအားကစားကွင်း မြက်ခင်းပြင်အား ပြုပြင် ပြန်လည်တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

D/real(wide) (1

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေရဲ့ အားကစားကဏ္ဍဆိုင်ရာမေးခွန်းကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ကျွန်တော်ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ နမ့်စန်မြို့နယ်၊ မြို့မအားကစားကွင်း မြက်ခင်းပြင်အား မြို့နယ် အားကစားကွင်း အဂၢိရပ်နှင့်အညီ ပြန်လည်ပြုပြင်တည်ဆောက် ပေးရန် အစီအစဉ်ရှိ/မရှိ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့် ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဟူသော မေးခွန်းနှင့် စပ်လျဉ်း၍ နမ့်စန်မြို့နယ်၊ မြို့မအားကစားကွင်း မြက်ခင်းပြင်အား မြို့နယ်အားကစားကွင်း အဂၢိရပ်နှင့်အညီ ပြန်လည် ပြုပြင်တည်ဆောက်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘတ်ဂျက်ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံထားပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ပထမ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းဖြစ်ပါတယ်။ အောက်ပါအကြောင်းအရာ

ယခုလက်ရှိအချိန်မှာလည်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးဖလား(၂၀၁၆)ကို ၂၃-၇-၂၀၁၆ရက်နေ့မှစပြီး ရပ်ကွက်/ ကျေးရွာအုပ်စုများနှင့် ဌာနဆိုင်ရာများပါဝင်တဲ့ အသင်း ၁၈ သင်း နှင့် အုပ်စု ၄ စုခွဲပြီး ဗိုလ်လုပွဲအဖြစ် ပွဲစဉ်ပေါင်း ၃၃ ပွဲကို နေ့စဉ်နှင့်အမျှ ညနေ ၃ နာရီ အချိန်မှစတင်ပြီး ယှဉ်ပြိုင်ကစားစေခဲ့ ပါတယ်။

မိုးရာသီကာလဖြစ်သည်နှင့်အညီ မြို့မအားကစားကွင်း၏ မျက်နှာပြင် သုံးပုံနှစ်ပုံခန့်သည် မြက်ပေါက်ရောက်ခြင်းမရှိဘဲ မြေဖြောင်များပေါ်တွင် ကျင်းပကစားနေရသည့်အတွက် နှစ်စဉ်နှစ်တိုင်း အားကစားသမားများသည် မိုးရွာသွန်းချိန် ပွဲစဉ်ကစားရပါက ထိခိုက်အနာတရဖြစ်ပြီး ခြေလက်များကျိုးပဲ့သည်အထိ ဖြစ်စဉ်များ ဖြစ်ပွားခဲ့ပါတယ်။ မြို့နယ်အားကစားကဏ္ဍ၏ အဓိကဘောလုံးအားကစားကို မြို့နယ်အတွင်း ဒေသခံတိုင်းရင်းသား ပြည်သူလူထုက တစ်ခဲနက်ထောက်ခံအားပေး ကြည့်ရှုကြရင်း အပြိုင်အဆိုင်တွန်းတွန်းတိုက်တိုက် အားပေးမှုများရှိခဲ့သလို အားကစားသမားများ၏ ကြိုးစားအားထုတ်မှုကြောင့် ခရိုင်/ပြည်နယ်အဆင့်အထိ ထိုးဖောက်နိုင်ခဲ့ပြီး နမ့်ဆန်မြို့နယ်၊ အမှတ်(၅)ကျေးရွာအုပ်စု၊ အမှတ်(၉)ရွာမှ မောင်ကျော်ဇင်ဦးသည် ပြည်နယ်အားကစားအဆင့်မှ နိုင်ငံ့လက်ရွေးစင်နဲ့ ရန်ကုန်ယူနိုက်တက်ကလပ်အသင်းကြီးအဆင့်ထိ ကစားနေပြီးဖြစ်ကြောင်း သိရှိရပါတယ်။ အားကစားကို ချစ်မြတ်နိုးသော ဒေသခံ တိုင်းရင်းသားပြည်သူလူထု၏ လိုလားချက်၊ တောင်းဆိုချက်ကတော့ ယခုလိုနှစ်စဉ်နှစ်တိုင်း မြို့နယ်အားကစားအဆင့် အားကစားပြိုင်ပွဲမျိုးစုံကျင်းပနိုင်တဲ့ နမ့်စန်မြို့မအားကစားကွင်း၏ မြက်ခင်းပြင်အခြေအနေဆိုးဝါးနေမှုကို ပြုပြင်စေချင်တဲ့အကြောင်း အထူးအလေးအနက်ထား တင်ပြပေးစေလိုကြောင်း တောင်းဆိုတင်ပြလာခဲ့ပါတယ်။

D/real(wide) (1

နှင့်ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီးဒေါ်စန်းစန်းဝင်းမှ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်စွဲဖြင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီလေးချမ်းထံသို့ အပေါ်စာနှင့်အတူ ၂၁-၆-၂၀၁၆ ရက်စွဲပါ (စ၃×၃၀×၂၁) ပေ နှစ်ထပ်ကျောင်းဆောင်ဟောင်း ဖျက်သိမ်းခွင့်ရရှိရေးအတွက် တင်ပြလာသည့် အစီရင်ခံစာနှင့်အတူ စာအုပ်ပါ ပူးတွဲတင်ပြလာပါတယ်။ စာအုပ်တွင် ကျောင်းဆောင်ဖျက်သိမ်းလိုက်တဲ့ ၁၃-၆-၂၀၁၆ ရက်စွဲဖြင့် မြို့နယ်ပညာရေးမှူး၊ မိုင်းအင်အထကကျောင်းအုပ်၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင် အရာရှိ၊ မိုင်းအင်ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ၂၀-၆-၂၀၁၆ ရက်စွဲဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ရက်စွဲမပါ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အသီးသီး၏ ထောက်ခံချက်များ၊ ဓာတ်ပုံနှင့်အတူ ညွှန်ကြားရေးမှူး၊ ပြည်နယ်ပညာရေးမှူးရုံး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့သို့ တင်ပြထားသော်လည်း ယနေ့အထိ အကြောင်း ကြားခြင်းမရှိသဖြင့် အောက်ပါ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းအပ်ပါတယ်-

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ရွာအခြေခံပညာအထက်တန်းကျောင်းအတွင်းရှိ (စ၃×၃၀×၂၁)ပေ နှစ်ထပ်ကျောင်းဆောင်ဟောင်း ဖျက်သိမ်းခွင့်ကို ယနေ့ထိ ဖျက်သိမ်းခွင့်နှင့်ပတ်သက်ပြီး မည်သို့ ဆက်လက်ဆောင်ရွက်နေသလဲ ကြယ်ပွင့်ပြမေးခွန်းအား ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ဖြေကြားပေးပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီးဦးညီညီ(ခ)ဦးညီလေးချမ်းက ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းဖြစ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးနှင့်ပတ်သက်ပြီးတော့ မေးမြန်းဖို့ လိုလားတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်ရှိ အခြေခံပညာကျောင်းအသီးသီးတွင် ပညာသင်ကြားနေသော မသန်စွမ်းကျောင်းသား၊ ကျောင်းသူ KG တန်းတွင် ၃ယောက် ၊ ပထမတန်းတွင် ၂ ယောက်၊ ဒုတိယတန်းတွင် ၂ယောက်၊ တတိယတန်းတွင် ၂ယောက် ၊ စတုတ္ထတန်းတွင် ၄ယောက် ၊ ပဉ္စမတန်းတွင် ၁ ယောက် ၊ စုစုပေါင်း ၁၄ ယောက်ပညာသင်ကြားလျက်ရှိပါတယ်။

ထို့အတူ ရွာငံမြို့နယ်မှာလည်း မသန်စွမ်း/ ဆွံ့အနားမကြား ကျောင်းသူ၊ ကျောင်းသားများမှာ KG တန်းတွင် ၁ယောက် ၊ ပထမ ၂ ယောက်၊ ဒုတိယတန်းတွင် ၁ယောက်၊ ပဉ္စမတန်းတွင် ၁ ယောက်၊ စုစုပေါင်း ၅ ယောက် ပညာသင်ကြားလျက်ရှိပါတယ်။ ထို့အတူ ရှမ်းပြည်နယ် အတွင်းမှာရှိတဲ့ မြို့နယ်အသီးသီးမှာလည်း စာသင်ကျောင်းများတွင် ပညာသင်ကြားနေသည့် မသန်စွမ်း၊ ဆွံ့အနားမကြားသူ ကျောင်းသူ၊ ကျောင်းသားအမြောက်အမြား ရှိမည်ဖြစ်ပါတယ်။

ဒါကြောင့် မသန်စွမ်း၊ ဆွံ့အနားမကြားကျောင်းသူ၊ ကျောင်းသားများကို ဆရာ/ဆရာမများက ကောင်းမွန်သော

D/real(wide) (1

ကျောင်းသူ၊ ကျောင်းသား များအဖြစ် အခွင့်အလမ်းများစွာပေး၍ သင်ကြားပေးရသည့်အတွက် ကောင်းမွန်တဲ့ ကျောင်းသူ၊ ကျောင်းသားများရဲ့ သင်ကြားမှု ပိုင်းမှာ သင်ကြားခွင့် အခွင့်အလမ်းများဖြစ်ပါတယ်။ ဒါကြောင့် အောက်ပါအတိုင်းကြယ်ပွင့်ပြ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်းမှာ ပညာသင်ကြားနေသော မသန်စွမ်း/ဆွံ့အနားမကြား ကျောင်းသား၊ကျောင်းသူများ၏ အနာဂတ်ဘဝသာယာလှပဖို့ အတွက် မည်သို့ စီမံကိန်း၊ စီမံချက်ရေးဆွဲ၍ ဆောင်ရွက်နေကြောင်းကို ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ သက်ဆိုင်ရာဝန်ကြီးက ဖြေကြားပေးပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းရဲ့ ပညာသင်ကြားနေသောမသန်စွမ်း/ဆွံ့အနားမကြား ကျောင်းသား/ကျောင်းသူများ၏ အနာဂတ်ဘဝ သာယာလှပဖို့ အတွက် မည်သို့စီမံကိန်း/စီမံချက်ရေးဆွဲ၍ ဆောင်ရွက် နေကြောင်းကို သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ ပင်းတယမြို့နယ်တွင် မသန်စွမ်း/ဆွံ့အနားမကြား ကျောင်းသား/ကျောင်းသူ KG တန်း ၃ယောက် ၊ ပထမ ၂ ယောက် ၊ ဒုတိယ ၂ ယောက် ၊ တတိယ ၂ ယောက် ၊ စတုတ္ထ ၄ ယောက် ၊ ပဉ္စမ ၁ ယောက် ၊ စုစုပေါင်း ၁၄ ယောက်ရှိပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းရဲ့ ပညာရေးကဏ္ဍဆိုင်ရာမေးခွန်းနှင့်ပတ်သက်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ရွာအခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ဆောင် ၈ ဆောင်ရှိပါတယ်။ ပင်မဆောင် (၈၀×၃၀×၂၁)ပေ၊ သွပ်မိုး အုတ်ညှပ်နှစ်ထပ်ကျောင်းဆောင်သည် ၁၉၆၇ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပါသည်။ ယခုအချိန်တွင် တိုင်အရင်းများဆွေးမြေ့ခြင်း၊ ထုတ်လျောက်၊ ဒိုင်းမြား၊ ယက်မ၊ တံခါးကျည်းခွေတို့သည့် သစ်မာအမျိုးအစားများ မဟုတ်သည့်အတွက် ခြုပုန်းများစားကာ တောင့်တင်းမှုမရှိ ပျက်စီးယိုယွင်းနေပါတယ်။ မိုင်းအင်အထကကျောင်းတွင် KG တန်းတွင် ၃၅ ဦး၊ ပထမ ၂၄ ဦး၊ ဒုတိယ ၃၁ ဦး၊ တတိယ ၂၅ ဦး ၊ စတုတ္ထ ၄၄ ဦး၊ ပဉ္စမ ၁၁၀ ဦး၊ ဆဋ္ဌမ ၇၄ ဦး၊ သတ္တမ ၉၇ ဦး၊ အဋ္ဌမ ၁၂၂ ဦး၊ နဝမ ၁၂၇ ဦး၊ ဒသမ ၆၆ဦး၊ စုစုပေါင်းကျောင်းသား၊ကျောင်းသူ ၇၅၅ ဦးတို့ကို ကျန်စာသင်ဆောင် ၇ ဆောင်တွင် စာသင်ခန်းပေါင်း ၁၈ ခန်း၌ ပညာသင်ကြားနေပါသည်။ စာသင်ခန်းနှင့် ကျောင်းသားလုံလောက်မှု ရှိပါသည်။ ထို့ကြောင့် ပျက်စီးနေသော စာသင်ဆောင်ဖျက်သိမ်းနိုင်ရေးအတွက် ၂၆-၈-၂၀၁၆ ရက်စွဲပါစာအမှတ် ၃/၂၅၃၉/ ဖျက်သိမ်း (၂၀၁၆)ဖြင့် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ခွင့်ပြုချက်ရရှိရေး တင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

D/real(wide) (2

ရွာငံမြို့နယ်တွင် ပထမ တန်း ၂ ယောက် ၊ ဒုတိယတန်း ၂ ယောက် ၊ပဥ္စမတန်း ၁ ယောက်၊ စုစုပေါင်း ၅ယောက်ရှိပါတယ်။ ပင်းတယမြို့နယ်နှင့်ရွာငံမြို့နယ် တို့တွင် လူမှုရေးအသင်းအဖွဲ့များမှ ဖွဲ့စည်းထားသော မသန်စွမ်း/ ဆွံ့အနားမကြားကျောင်း သီးခြားမရှိသော်လည်း ပညာရေးဌာနမှ အခြားကျောင်းသား/ ကျောင်းသူများနည်းတူအတန်းအသီးသီးအား ဖြန့်ဝေသော အခမဲ့ ဗလာစာအုပ်နှင့် အခမဲ့ ဖတ်စာအုပ်များကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးမှတစ်ဆင့် ပံ့ပိုးပေးပြီးဖြစ်ပါသည်။ ကျောင်းအုပ်ကြီး များနှင့် ဆရာ/ဆရာမများကလည်း အခြားကလေးများနှင့် တန်းတူပညာသင်ကြားခွင့်ရရှိရေးကို လည်းကောင်း၊ ကလေးများ၏ အားနည်းချက်များကို အားပေးကူညီ၍ မျက်ခြေမပြတ် ကြည့်ရှု စောင့်ရှောက်ပေးလျက်ရှိပါကြောင်း တင်ပြ ပါသည်။

ရှမ်းပြည်နယ်၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း၏ ကြယ်ပွင့်ပြမေးခွန်းတွင်ပါဝင်သည့် ပင်းတယမြို့နယ်အခြေခံပညာ ကျောင်းများမှ မသန်စွမ်းကလေးများအနက် အမြင်အာရုံချို့ယွင်းသူ ဦးရေ ၂ ဦးအား စစ်ကိုင်းမြို့၊ မျက်မမြင်ကျောင်းတွင် ကျောင်းအိပ် ကျောင်းစားအဖြစ်လည်းကောင်း၊ အကြားအာရုံချို့ယွင်းသူဦးရေ ၁ ဦးအား မန္တလေးမြို့၊ နားမကြားသော ကလေးများ ကျောင်းတွင် ကျောင်းအိပ်ကျောင်းစားလည်းကောင်း၊ ဉာဏ်ရည်မမီသူများ အတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ မသန်စွမ်းသက်ငယ် သင်တန်း ကျောင်းတွင်၊ နေ့တက်သင်တန်းသားအဖြစ် ပညာသင်ယူနိုင်ရန် အတွက် ကူညီပံ့ပိုးပေးနိုင်ခဲ့ပါသည်။ ကြယ်ပွင့်ပြမေးခွန်းတွင် ပါဝင်သော ပညာသင်ကြားနေသော မသန်စွမ်း/ဆွံ့အနားမကြား ကျောင်းသား/သူများ၏ အနာဂတ်ဘဝသာယာလှပရေးအတွက် နိုင်ငံတော်အနေဖြင့် အောက်ပါအတိုင်း စီမံကိန်း/စီမံချက်များ

(ဂ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

(စ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ၂၀၁၅ ၏ အခန်း ၂၊ အပိုဒ် ၃ ပါရည်ရွယ်ချက်တို့နှင့်အညီ မြန်မာနိုင်ငံ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ ၂၀၁၆- ၂၀၂၅ကို ရေးဆွဲအကောင်အထည်ဖော်နေခြင်းဖြစ်ပါသည်။

(ဆ) မသန်စွမ်းနည်းဥပဒေကို ၂၀၁၇ ခုနှစ်၊ မတ်လ အတွင်း အပြီးသတ်ရေးဆွဲမည်ဖြစ်ပါသည်။

(ဇ) ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ အေးသာယာ မြို့သစ်၊ကားကြီးကွင်းအတွင်းတွင် မသန်စွမ်း သူများပြုစုစောင့်ရှောက်ရန်နှင့် ပြန်လည် ထူထောင်ရေးဌာနအတွက်မြေကေ(၀. ၁၁၀)က အတွက် မြေဂရန်ရရှိထားပြီးဖြစ်ပါသည်။ ၂၀၁၇ - ၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် အဆောက် အဦဆောက်လုပ်နိုင်ရန် ရန်ပုံငွေတင်ပြတောင်းခံ သွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းပန်ကမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းပန် ၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး

D/real(wide) (2

မဂ်လာပါ။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းပန်ဖြစ်ပါတယ်။ ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော် ဥပဒေပုဒ်မ ၉၁ အရ ကြယ်ပွင့်ပြမေးခွန်းကို တင်သွင်းမေးမြန်းသွားမှာဖြစ် ပါတယ်။ မြန်မာပြည်မှ တရုတ်ပြည်သို့ နည်းလမ်းပေါင်းစုံဖြင့် ကျွဲ၊ နွားများကူးသန်းရောင်းဝယ်မှုလုပ်ငန်းသည် ဥပဒေနှင့် ကင်းလွတ်သည့် ရောင်းဝယ်ဖောက်ကားခြင်း ဟုတ်/မဟုတ်ကိစ္စကို ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၁၀ ခုနှစ်နောက်ပိုင်းမှစတင်၍ မြန်မာနိုင်ငံမှ ကျွဲ၊ နွားများကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေသည့် လုပ်ငန်းကြီးမှာ အလွန်ပင်တွင်ကျယ်နေပါတယ်။ ဒီနေ့အထိ စဉ်ဆက်မပြတ် ရောင်းဝယ် ဖောက်ကားနေသည့် လုပ်ငန်းကြီးလည်းဖြစ်ပါတယ်။ မြန်မာပြည်အရပ်ရပ်မှာရှိတဲ့ ကျွဲ၊ နွားများသည် အိန္ဒိယနယ်စပ်မှတစ်ဆင့် ကျွဲ၊ နွားများတင်သွင်းလာသည်ကိုသိရှိရပါတယ်။ အနယ်နယ်အရပ်ရပ်မှ ကျွဲ၊ နွားများကို ကုန်းလမ်းတစ်တန်၊ ရေလမ်းတစ်တန်တင်ဆောင်ရခြင်း၊ တောတောင် အထပ်ထပ်ကို ကျော်ဖြတ်ပြီး တောလမ်းဖြင့်လည်းကောင်း၊ တစ်ဖက်ကုန်တင်ကားကြီးများဖြင့်လည်းကောင်း၊ တရုတ်ပြည်အထိ တင်ပို့နေသည်များကို မြင်အောင်ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံ၏ခါးလယ်ကို ဖြတ်သန်းသွားသည့် ကျောက်ဖြူ - ကူမင်းသဘာဝဓာတ်ငွေ့ပိုက်လိုင်းထက်ပင်ရှုပ်ထွေးပြီး စွန့်စားခန်းများတဲ့ လုပ်ငန်းကြီးတစ်ခုဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ၄င်းလုပ်ငန်း၏ ကောင်းကျိုးကို ဆန်းစစ်ကြည့်မည်ဆိုလျှင် လူအနည်းစုအတွက် အကျိုးအမြတ်များမည်မှာ အမှန်အကန်ဖြစ်သော်လည်း ၄င်းဖြတ်သန်းသွားသည့် ခရီးလမ်းတစ်လျှောက်မှာ မူးယစ်ဆေးဝါးပြဿနာများ၊ လူမှုရေး

ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်-

(က) မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် United Nations Convention On The Right Of Persons With Disablities ကို ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက သဘောတူချမှတ်ခဲ့ပြီး ၂၀၀၈ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် နိုင်ငံတကာ သဘောတူစာချုပ်အဖြစ် အာဏာသက်ရောက်ခဲ့ပါသည်။

(ခ) ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေ အခန်း(၁)၊ အပိုဒ် ၃၂(က)တွင် နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့် ရှု စောင့် ရှောက် ရမည် ဟု အတိအလင်း ဖော်ပြထားရှိပါသည်။

(ဂ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံဥပဒေအခန်း ၁ အပိုဒ် ၂၁(က)တွင် နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူ ညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှု အခွင့်အရေးတို့ကို ခံစားခွင့်ရှိသည်ဟု အတိအလင်းဖော်ပြထား ပါသည်။

(ဃ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့် ဤသဘောတူစာချုပ်အား ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၇)ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံ အနေဖြင့် အတည်ပြုပါဝင်လက်မှတ် ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။

D/real(wide) (2

ပြဿနာများ၊ ကျွဲအုပ်၊ နွားအုပ်များ ရာခိုဖြတ်သန်းသွားသည့် အတွက်ကြောင့် ကျေးရွာချင်းဆက်လမ်းတစ်လျှောက် ဗွက်ထ၍ အသုံးမပြုနိုင်တော့တဲ့လမ်းများသာ ကျေးရွာပြည်သူများအတွက် ကျန်ရစ်ခဲ့ပါတယ်။ ငွေလမ်းခင်းပြီးတော့ ဖြတ်သန်းခွင့်ယူရသည့် အတွက် စာရိတ္တပျက်ယွင်းတဲ့ နိုင်ငံ့ဝန်ထမ်းများကိုလည်း နိုင်ငံတော်မှ အမွေရလိုက်ပါတယ်။ ကူးသန်းရောင်းဝယ်ခွန်ကိုတော့ နိုင်ငံဘဏ္ဍာထဲမည်မျှရောက်ရှိခံစားရသည်ကို မသိရှိရပါဘူး။ ၄င်းလုပ်ငန်းသည် လူတစ်စု၏ အကျိုးစီးပွားကိုသာ ဖြစ်ထွန်းစေပြီး ပြည်သူများကို ဆိုးကျိုးများစွာ သက်ရောက်မှုရှိနေပါတယ်။ ဤကိစ္စသည် ရိုးရိုးသားသား တစ်ပိုင်တစ်နိုင် ကျွဲ၊ နွားရောင်းဝယ်နေသည့် ဒေသခံ ပြည်သူများကို မရည်ရွယ်ပါဘူး။ အုံလိုက်ကျင်းလိုက်နှင့် မည်သည့်အရပ်ကလာမှန်းမသိသည့် ခိုးကြောင်ခိုးဝှက် ရောင်းဝယ် ဖောက်ကားနေတဲ့ ဝိသမ လောဘသားများကိုသာ ဆိုလိုပါတယ်။ ၄င်းလုပ်ငန်းကို နိုင်ငံတော်မှ စနစ်တကျ စီမံ ခန့်ခွဲတဲ့ ရောင်းဝယ်ဖောက်ကားခြင်းဖြစ်ပါက နိုင်ငံတော်ဘဏ္ဍာများစွာကို ရရှိစေမှာဖြစ်ပါတယ်။ ဤမေးခွန်းကို မေးမြန်းရခြင်းကတော့ ကျွန်တော်တို့မြို့နယ်က ဒီလမ်းကြောင်းပေါ်မှာ ရှိနေလို့ပါဘဲ။ ဒါကြောင့် လူတစ်စုသာ အကျိုးရှိတဲ့ ရောင်းဝယ်ဖောက်ကားနေမှု သက်ဆိုးရှည်စွာ ရပ်တည်နေနိုင်ခြင်းသည် ဥပဒေနှင့် ကင်းလွတ်သည့် ရောင်းဝယ်ဖောက်ကားခြင်းဟုတ်/မဟုတ် နိုင်ငံအတွက် အဖက်ဖက်မှ များစွာ ထိခိုက်နစ်နာနေသည်များကို မည်ကဲ့သို့ ထိန်းသိမ်းရန် စီစဉ်ဆောင်ရွက်ထားခြင်းရှိကြောင်း ပြည်သူများက သိရှိလိုပါသဖြင့် ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

နွားများတွင် ဖြစ်ပွားသော ခွာနာလျှာနာရောဂါ၊ လည်ချောင်းကွဲရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါနှင့် ဒေါင့်သန်းရောဂါကဲ့သို့သော ကူးစက်ရောဂါများ မြန်မာနိုင်ငံဘက်မှ ကူးစက်လာနိုင်မည့် အန္တရာယ်မှ ကာကွယ်ထိန်းချုပ်နိုင်မည့် လုပ်ထုံးလုပ်နည်းနှင့် အစီအမံများ ရေးဆွဲပြဋ္ဌာန်း၍ ဗဟိုအစိုးရအဖွဲ့သို့ တင်ပြရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ညှိနှိုင်းဆွေးနွေးချက်များအရ သိရှိရပါသည်။

နယ်စပ်ဒေသများတွင် ကျွဲ၊ နွားများအပါအဝင် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင် တင်သွင်း၊ တင်ပို့နေခြင်းအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁၂၆/၂၀၁၆) ဖြင့် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီအဆင့်ဆင့် တို့အား ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိရာ ရှမ်းပြည်နယ်တွင်လည်း ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြည်နယ်/ခရိုင်/ မြို့နယ် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း တရားမဝင် တင်သွင်း/တင်ပို့ခြင်းတားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်း တာဝန်ပေးအပ်ထားပြီးဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လားရှိုးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်သူက မေးခွန်း(၁၂၃၃)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအောင်သူ ၊လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လားရှိုး

D/real(wide) (2

မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
ဦးအောင်သူဖြစ်ပါတယ်။ လားရှိုးမြို့နယ်အတွင်းမှာရှိနေတဲ့ ကျေးရွာ
များမှာ စာသင်ကျောင်းများတွင် ကျောင်းသားဦးရေ တိုးတက်လာ
သောကြောင့် စာသင်ခန်းများ လိုအပ်လျက်ရှိတဲ့အတွက် စာသင်
ဆောင်များ ဆောက်လုပ်ပေးနိုင်ရန်အတွက် မေးခွန်းမေးမြန်းသွားမှာ
ဖြစ်ပါတယ်။ လားရှိုးမြို့နယ်အတွင်းမှာ ကျေးရွာအုပ်စု ၈ အုပ်စုမှ
စာသင်ကျောင်း ၈ ကျောင်းကို တင်ပြတောင်းခံလာပါတယ်။
အဲဒီအထဲမှာ ပြန်လည်စိစစ်တဲ့အခါမှာ ယခုတင်ပြမည့်
စာသင်ကျောင်း ၃ ကျောင်းသည် ဦးစားပေးအနေဖြင့် ဆောင်ရွက်ရန်
လိုအပ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် မေးမြန်းရခြင်း
ဖြစ်ပါတယ်။

(က) ဟိုနားကျေးရွာအုပ်စု၊ ပိန်းခကျေးရွာအခြေခံပညာ
မူလတန်းကျောင်းမှာ ၂၀၁၄ ခုနှစ်က မိဘပြည်သူ
များ၏ ထည့်ဝင်ငွေဖြင့် အလျား ၆၀ ပေ၊ အနံ ၃၀
ပေ၊ အမြင့် ၁၀ ပေရှိတဲ့ ၁ ထပ်ဆောင် ၁ ဆောင်
ရှိပေမဲ့ ကျောင်းသားဦးရေ ၁၁၅ ဦးရှိသည့်အတွက်
စာသင်ခန်း မလုံလောက်သောကြောင့် အလျား
၉၀ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၀ ပေရှိတဲ့
တိုးချဲ့ဆောင် ၁ ဆောင် လိုအပ်လျက်ရှိပါတယ်။

(ခ) နမ့်တွန်းကျေးရွာအုပ်စု၊ နမ့်ဟူးကျေးရွာ အခြေခံ
မူလတန်းလွန်ကျောင်းမှာ ၂၀၀၂ ခုနှစ်က
မိဘပြည်သူများ၏ ထည့်ဝင်ငွေဖြင့် အလျား ၄၅
ပေ၊ အနံ ၂၃ ပေ၊ အမြင့် ၁၂ ပေရှိတဲ့ ၁ ထပ်ဆောင်
၁ ဆောင် ၊ ၂၀၁၅ ခုနှစ်မှာ မိဘပြည်သူများ၏
ထည့်ဝင်ငွေဖြင့် အလျား ၆၀ ပေ၊ အနံ ၂၃ ပေ၊
အမြင့် ၁၂ ပေရှိတဲ့ ၁ ထပ် ဆောင် ၁ ဆောင်၊၂၀၁၄

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ
ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော် ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်
ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တက္ခ
လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်
ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဦးစိုင်းပန်၊
မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်
ကိုယ်စားလှယ်မေးမြန်းသည့် မြန်မာပြည်မှ တရုတ်ပြည်သို့ နည်းလမ်း
ပေါင်းစုံဖြင့် ကွဲ၊ နွားများ ကူးသန်းရောင်းဝယ်မှုလုပ်ငန်းသည် ဥပဒေနှင့်
ကင်းလွတ်သည့် ရောင်းဝယ်ဖောက်ကား ခြင်း ဟုတ်/မဟုတ် နိုင်ငံ
အတွက် အဖက်ဖက်မှများစွာ ထိခိုက်နစ်နာသည်များကို မည်ကဲ့သို့
ထိန်းသိမ်းရန် စီစဉ်ဆောင်ရွက်ထားမှုရှိကြောင်း သိရှိလိုသည့်
မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်တို့ မြန်မာပြည်မှ တရုတ်ပြည်သို့
နည်းလမ်းပေါင်းစုံဖြင့် ကွဲ၊ နွားများ ကူးသန်းရောင်းဝယ်မှုလုပ်ငန်းသည်
ဥပဒေနှင့် ကင်းလွတ်သည့် ရောင်းဝယ်ဖောက်ကားခြင်းမဟုတ်ပါ။
တရားမဝင်ကူးသန်းရောင်းဝယ်ခြင်းသာဖြစ်ပါသည်။ ပြည်ထောင်စု
အဆင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးညှိနှိုင်းအစည်းအဝေးနှင့် နယ်စပ်
ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ
အလုပ်ရုံ ဆွေးနွေးပွဲများကို ကျင်းပပြုလုပ်သည့်အခါ နယ်စပ်ဒေသ
များ၌ ကွဲ၊ နွားများ တရားမဝင်ဖြတ်သန်း သယ်ဆောင်နေမှုနှင့်
ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှုများအစဉ်အမြဲပြုလုပ်လေ့ရှိပါသည်။

တရုတ်နိုင်ငံသို့ ကွဲ၊နွားများ တရားဝင်တင်ပို့နိုင်ရန် မြန်မာ
နိုင်ငံအနေဖြင့် လိုလားမှုရှိပြီး တရုတ်နိုင်ငံဘက်မှလည်း တိရစ္ဆာန်
ထွက်ပစ္စည်းများ တရားဝင်တင်သွင်း/တင်ပို့နိုင်မည့် မူဝါဒနှင့် ကွဲ၊

D/real(wide) (2

ခုနှစ်မှာ ဌာနမှဆောက်ပေးသည့် အလျား ၈၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ပေရှိတဲ့ ၁ ထပ်ဆောင် စုစုပေါင်း စာသင်ဆောင် ၃ ဆောင်ရှိ သော်လည်း ကျောင်းသားဦးရေ ၂၄၈ ဦးရှိသည့် အတွက် စာသင်ခန်း မလုံလောက်သဖြင့် အလျား ၁၅၀ ပေ၊ အနံ ၃၀ ပေရှိတဲ့ ၁ထပ်ဆောင် ၁ ဆောင် လိုအပ်လျက်ရှိပါတယ်။

(၈) ပန်ဟုန်းကျေးရွာအုပ်စု၊ ပန်နင်းကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း၌ ၂၀၁၅ ခုနှစ်မှာ မိဘပြည်သူများ၏ ထည့်ဝင်ငွေဖြင့် အလျား ၇၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၃.၅ ပေရှိတဲ့ စာသင်ဆောင် ၁ ဆောင်ရှိသော်လည်း ကျောင်းသားလူဦး ၁၁၆ ဦးရှိသည့်အတွက် စာသင်ခန်းမလုံလောက်သဖြင့် အလျား ၉၀ ပေ၊ အနံ ၃၀ ပေရှိသော စာသင်ဆောင် ၁ ဆောင် လိုအပ်လျက်ရှိနေပါတယ်။

သို့ဖြစ်ပါ၍ လိုအပ်လျက်ရှိတဲ့ စာသင်ဆောင်များ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့အတွက်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒုတိယအကြိမ်၊ ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းအဖြစ်မေးမြန်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များ

ရရှိပါက ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

(၈) ပန်ဟုန်းကျေးရွာအုပ်စု၊ ပန်နင်းကျေးရွာအခြေခံမူလတန်းကျောင်းသည် စာသင်ဆောင်(၇၀×၃၀) ပေ (၁)ဆောင်ရှိပါသည်။ မူလတန်းအဆင့် ကျောင်းသား ၁၁၈ ဦးရှိပါသဖြင့် တိုးချဲ့ဆောင် (၈၀×၃၀)ပေ Steel Structure ၁ ထပ် ကျောင်းဆောင်ဆောက်လုပ်ရန် အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လျာထား တင်ပြသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းဝန်းဆမ်က မေးခွန်း(၁၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းဝန်းဆမ် ၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝန်းဆမ်

D/real(wide) (2

ခင်ဗျား။ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူရဲ့ လားရှိုးမြို့နယ်အတွင်း အောက်ဖော်ပြပါကျေးရွာများရှိ စာသင်ကျောင်းများ၌ ကျောင်းသား ဦးရေ တိုးတက်လာသောကြောင့် စာသင်ခန်းများ လိုအပ်လျက်ရှိသည့် အတွက် စာသင်ဆောင်များ ဆောက်လုပ်ပေးနိုင်ပါရန်နှင့် လိုအပ်လျက်ရှိသော စာသင်ဆောင်များဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍

(က) ဟိုနားကျေးရွာအုပ်စု၊ ပိန်းခကျေးရွာအခြေခံ ပညာမူလတန်းဆင့် ကျောင်းသည် (၆၀×၃၀)ပေ စာသင်ဆောင် ၁ ဆောင်ရှိပါတယ်။ မူလတန်းအဆင့် ကျောင်းသား ၁၁၅ ဦးရှိပါသဖြင့် တိုးချဲ့ဆောင် (၈၀×၃၀)ပေ Steel Structure ၁ ထပ် ကျောင်းဆောင်ဆောက်လုပ်ရန် အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ လျာထား တင်ပြသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြား အပ်ပါသည်။

(ခ) နမ့်တွန်းကျေးရွာအုပ်စု၊ နမ့်ဟူးကျေးရွာအခြေခံပညာ မူလတန်းလွန်ကျောင်းသည် စာသင်ဆောင် (၄၅×၂၃)ပေ၊ (၆၀×၂၃)ပေ၊ (၈၀×၃၀)ပေ ၊၁ ဆောင် စုစုပေါင်းစာသင်ဆောင် ၃ဆောင်ရှိသော်လည်း ဥပဓိရုပ်မကောင်းပါသဖြင့် (၆၀×၃၀)ပေ Steel Structure ၁ ထပ် ကျောင်းဆောင် ဆောက်လုပ် ရန်အတွက် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြသွားမည်ဖြစ်ပြီး ခွင့်ပြုချက်

ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မိုင်းခတ်မြို့နယ်သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံ ခရိုင်တွင်ပါဝင်ပြီး မြို့ပေါ် ၂ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၆ အုပ်စု ဖြင့် ဖွဲ့စည်းတည်ရှိသော မြို့နယ်ဖြစ်ပါတယ်။ မြို့နယ်အတွင်း အိမ်ခြေ ၅၇၄၇ အိမ်၊ အိမ်ထောင်စု ၅၇၄၇ စု၊ လူဦးရေစုစုပေါင်း ၄၅၀၃၄ ဦးရှိသည့် အနက် မြို့ပေါ်တွင် ၃၇၆ အိမ်၊ လူဦးရေ ၂၂၃၃ ဦး၊ တပ်ရင်း ၃ ရင်း နှင့် စစ်ဗျူဟာ ၁ ခုနေထိုင်လျက်ရှိကာ ဖွံ့ဖြိုးမှုနောက်ကျသော မြို့တစ်မြို့ဖြစ်ပါတယ်။

တိုးတက်ပြောင်းလဲလာသော ဒီမိုကရေစီ စနစ်နှင့်အညီ လူမှုရေး၊စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသော ကဏ္ဍများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုသာလျှင် ကျွန်ုပ်တို့နိုင်ငံသည်မျှော်မှန်းထားသော အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သို့ လျင်မြန်စွာ ရောက်ရှိနိုင်မှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုတွင်လည်း တောနှင့်မြို့ တိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်းစေရန် ဆောင်ရွက်ထားရှိဖို့လည်း လိုအပ်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်၏ မြို့တွင်းလမ်း ၄ လမ်းဖြစ်သော အားကစားကွင်းလမ်း အရှည်ပေ ၈၃၀ ပေ၊ ပန်းခြံလမ်းအရှည်ပေ ၁၅၀ ပေ၊ ကျောက်တိုင်လမ်းအရှည်ပေ ၁၁၀ပေ၊ မင်းရန်အောင်လမ်းအရှည်ပေ ၈၀၀ ပေရှိသော ပျက်စီးနေသည့် ကတ္တရာလမ်းအား ကတ္တရာထပ်ပိုးလွှာတင်၍ ပြုပြင်ပေးနိုင်လျှင် မြို့အနေနှင့်လည်း သာယာလှပပြီးအများပြည်သူများသွားလာမှုမှာလည်း အဆင်ပြေ ချောမွေ့ စေနိုင်မည်ဖြစ်ပါကြောင်း အောက်ပါ ကြယ်ပွင့်ပြမေးခွန်းများ တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်-

(၁) မိုင်းခတ်မြို့အတွင်းရှိ ၁၉၉၁ ခုနှစ်ခန့်က ကတ္တရာ

D/real(wide) (2

ခင်းထားပြီး ယခုအခါ ပျက်စီးယိုယွင်းနေသော ပန်းခြံလမ်းအရှည်ပေ ၁၅၀ ပေ၊ ကျောက်တိုင်လမ်းအရှည်ပေ ၁၁၀ပေ၊ မင်းရန်အောင်လမ်းအရှည်ပေ ၈၀၀ ပေရှိသည့် ၄င်းလမ်း ၃ လမ်းအား ကတ္တရာ ထပ်ပိုးလ္ဘာလမ်းအဖြစ် တိုးမြှင့်ခင်းပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိလျှင် မည်သည့် အချိန်တွင် ပြုလုပ် ပေးမည်နည်း။ မရှိလျှင် အဘယ်ကြောင့် နည်း။

(၂) မိုင်းခတ်မြို့အတွင်းရှိ အားကစားကွင်းလမ်းအရှည် ပေ ၈၃၀ ပေရှိသော လမ်းအား မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ်သို့ တိုးမြှင့်ချထားခင်းပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ၊ ရှိလျှင် မည်သည့် အချိန်တွင် ပြုလုပ်ပေးမည်နည်း။ မရှိလျှင် အဘယ်ကြောင့်နည်းဟု သိရှိလိုရ်ပြည်သူလူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်ပြ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းရဲနိုတစ်လုံ ၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သအပ်ပါတယ်။

ဆောင်ရွက်နိုင်ရေး ၂၀၁၆ - ၂၀၁၇ ခုဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ဖြည့်စွက်ရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါသည်။

မင်းရန်အောင်လမ်းအရှည်ပေ ၈၀၀'×၁၂'×၅" ကတ္တရာထပ်ပိုးလ္ဘာခင်းခြင်းလုပ်ငန်း ၁၀၄ သိန်းနှင့် အားကစားကွင်းလမ်းအရှည်ပေ ၈၃၀'×၁၂'×၉" မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ်သို့ တိုးမြှင့်ခင်းခြင်းလုပ်ငန်း ၁၇၃ သိန်း၊ စုစုပေါင်း ၂၇၇ သိန်း ကုန်ကျမည်ဖြစ်ပါသည်။

မိုင်းခတ်မြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၁၆ - ၂၀၁၇ ခုဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်မှာ ၁၅၁ သိန်းဖြစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက်မှာ ငွေကျပ် ၅၀ သိန်းသာဖြစ်ပါ၍ အဆိုပါငွေကျပ် ၅၀ သိန်းဖြင့် ပါဆံကျွန်ကျောက်ချောလမ်းခင်းခြင်း အရှည်ပေ ၅၀၀'×၁၂'× ၉" အား ဒုတိယ ၃ လပတ်အတွင်း လျာထားဆောင်ရွက်လျက်ရှိပါသည်။

မိုင်းခတ်မြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက်မှာ ငွေကျပ် ၅၀ သိန်းသာရှိသဖြင့် မင်းရန်အောင်လမ်း ကတ္တရာထပ်ပိုးလ္ဘာခင်းခြင်းနှင့် အားကစားကွင်းလမ်းမြေမှ ကတ္တရာခင်းခြင်းလုပ်ငန်းအား ၂၀၁၇ - ၂၀၁၈ ခုဘဏ္ဍာရေးနှစ်မှ စ၍ နှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီကမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

D/real(wide) (2

ဒေါ်နန်းခင်ထားရီ ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ ဒုတိယအကြိမ် ရွမ်းပြည်နယ်လွှတ်တော် တတိယ ပုံမှန် အစည်းအဝေး ပထမနေ့သို့ တက်ရောက်လာကြသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီဖြစ်ပါတယ်ရှင်။ လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဒီမေးခွန်းကို မေးမြန်းရခြင်းသည် မည်သူကိုမျှ ထိခိုက်စေခြင်း ရည်ရွယ်မှုမရှိဘဲ မလိုလားအပ်သော ပြဿနာများ မဖြစ်ပေါ်စေရန် သဘောရိုးဖြင့် မေးမြန်းခြင်းသာဖြစ်တယ်လို့ ဦးစွာ စကား ပလွှင့်ခံပါရစေရှင်။ သိန္နီမြို့နယ်၊ တန့်စီကျိုင်းဆည်ရေသောက် မြောင်း ပြုပြင်ခြင်းအား ပံ့ပိုးကူညီပေးပါရန်ကိစ္စနှင့်ပတ်သက်ပြီး ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ သိန္နီမြို့နယ် ဦးစိုင်းအောင် ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သိန္နီမြို့နယ် ပိန်းဆာကျေးရွာအုပ်စု၊ ပန်စုံကျေးရွာအတွင်းရှိ ရေသောက် မြောင်းပြုပြင်ခြင်းအား ရွမ်းပြည်နယ်ဝန်ကြီးချုပ်ထံ အကူအညီ တောင်းခံထားသည်ဟုသိရှိရပါသည်။ ၇-၅-၂၀၁၆ ရက်နေ့၊ ရွမ်းပြည်နယ်ဝန်ကြီးချုပ်ခရီးစဉ်တွင် အဆိုပါကိစ္စအားတင်ပြ ခဲ့သည်ဟု ရွမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့၏ စာအမှတ်၊ (၉၁၂၈)/ ၆ - ၆၃၃/ အစရ(ရွမ်း)အရ သိရှိရပါသည်။ သိန္နီမြို့နယ် လူထုတွေ့ဆုံပွဲအတွင်းတွင် တင်ပြတောင်းခံသည်ကိုလည်း မတွေ့ရှိရပါ။ ၎င်းတန့်စီကျိုင်းဆည်တည်ရှိရာသည် သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)ဧရိယာအတွင်း ကျရောက်သော်လည်း သိရှိခွင့် မရရှိခဲ့သည်မှာ ပွင့်လင်းမြင်သာမှု မရှိခြင်းဖြစ်သည်ဟု ထင်မြင်မိပါသည်။

ကျွန်တော်ကတော့ စည်ပင်သာယာရေးဝန်ကြီး ကိုယ်စား ရွမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲနိုတစ်လုံ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝန်းဆမ်ရဲ့ ကြယ်ပွင့်ပြမေးခွန်း ၂ ခုကို ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၁ ဖြစ်သော မိုင်းခတ်မြို့နယ်အတွင်းမှာရှိတဲ့ ၁၉၉၁ ခုနှစ်ခန့်က ကတ္တရာ ခင်းထားပြီး ယခုအခါ ပျက်စီးယိုယွင်း နေသော ပန်းခြံလမ်းအရှည်ပေ ၁၅၀ ပေ၊ ကျောက်တိုင်လမ်း အရှည်ပေ ၁၁၀ ပေ၊ မင်းရန်အောင်လမ်းအရှည်ပေ ၈၀၀ ပေရှိသည့် ၎င်းလမ်း ၃ လမ်းအား ကတ္တရာ ထပ်ပိုးလွှာလမ်းအဖြစ် တိုးမြှင့် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိလျှင် မည်သည့် အချိန်တွင် ပြုလုပ် ပေးမည်နည်း။ မရှိလျှင် အဘယ်ကြောင့်နည်းနှင့် မေးခွန်း နံပါတ် ၂ ဖြစ်တဲ့ မိုင်းခတ်မြို့အတွင်းရှိ အားကစားကွင်းလမ်းအရှည် ပေ ၈၃၀ ပေရှိသော လမ်းအားမြေသားလမ်းမှ ကတ္တရာလမ်း အဖြစ်သို့ တိုးမြှင့် ချထားခင်းပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ၊ ရှိလျှင်မည်သည့်အချိန်တွင် ပြုလုပ်ပေးမည်နည်း။မရှိလျှင် အဘယ်ကြောင့်နည်းဟု မေးမြန်းထားတာ ရှိပါတယ်။

၁၉၉၁ ခုနှစ်တွင် မြို့တွင်းလမ်းများအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့သော လမ်းများဖြစ်သည့် ပန်းခြံလမ်းအရှည်ပေ ၁၅၀ ပေ၊ ကျောက်တိုင်လမ်း အရှည်ပေ ၁၁၀ပေ၊ မင်းရန်အောင်လမ်း အရှည်ပေ ၈၀၀ ပေတို့မှာ နှစ်ပေါင်း ၂၀ ကျော်ကြာခဲ့ခြင်းကြောင့် ယခုအခါ ၎င်းလမ်း ၃ လမ်းမှာ ပျက်စီး ယိုယွင်းလျက်ရှိပါသည်။ အဆိုပါလမ်းများအနက် ပန်းခြံလမ်း အရှည်ပေ ၁၅၀'×၁၂'×၇" ခန့်မှန်းကုန်ကျငွေကျပ် ၂၅ သိန်းနှင့် ကျောက်တိုင်လမ်း အရှည်ပေ ၁၁၀'×၁၂'×၇" ခန့်မှန်းကုန်ကျ ငွေကျပ် ၁၈ သိန်းတို့အား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း

D/real(wide) (2

ဥက္ကဋ္ဌကြီးရှင်။ တန့်စီကျိုင်းဆည်၏ ရေသောက်မြောင်းသည် အရှည် ၃ မိုင်ခန့်ရှည်လျားပြီး လယ်ဧက ၁၂၀ ဧကခန့်ကို အကျိုးပြုမှာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ မေလတွင် သိန်္ဓိမြို့ NLD မှ လယ်ပိုင်ရှင် ၁ ဦးလျှင် ထည့်ဝင်ငွေကျပ် ၁ သိန်းစီဖြင့် ၆၂ ဦးထံမှ ကောက်ခံရရှိငွေ့ကျပ် ၆၂ သိန်းဖြင့် မြေကော်စက်ငှါးရမ်းကာ မြောင်းကို ဆည်ယူတူးဖော်ခဲ့ရာ မြောင်း၏ သုံးပုံနှစ်ပုံခန့် ပြီးစီးပြီး ဖြစ်ကြောင်းကို လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူနှင့် ကောင်းမော်ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ကွင်းဆင်းစစ်ဆေးချက်အရ သိရှိရပါတယ်။ ယခုမိုးရာသီတွင် လယ်များ စိုက်ပျိုးနေပြီး ဖြစ်သည့် အတွက် လုပ်ငန်းကိုရပ်ဆိုင်းထားရသည်ဟုသိရှိရပါတယ်။

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု လွှတ်တော် ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွင် သိန်္ဓိမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တင်ပြတောင်းခံလာသောကြောင့် သိန်း ၅၀ ချမှတ်ပေးရန် လျာထားပြီးဖြစ်ပါသည်။ ရန်ပုံငွေရလာပါက ပံ့ပိုးကူညီသွားမည်ဖြစ်ပါသည်။ တစ်ဆက်တည်း ရှမ်းပြည်နယ် ဝန်ကြီးချုပ်ထံသို့လည်း လားရှိုးမြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲမှုဦးစီးဌာန၏ ခန့်မှန်းတွက်ချက်မှုအရ ကျပ်သိန်း ၃၅၀ တောင်းခံထားသည်ဟု သိရှိရပါသည်။ ပြင်ပလုပ်ငန်းရှင်များထံမှ မြေငှါးစက်ကို ၁ နာရီလျှင် ကျပ် ၆၀၀၀၀/- ဖြင့် ငှါးရမ်းပြီး မြောင်းကို ဆယ်ယူတူးဖော်ခြင်းထက် ဆည်မြောင်းဌာန၏ စက်ယန္တရားများကို အကူအညီတောင်းခံ၍ လုပ်ငန်းကို အကောင်အထည်ဖော်မည် ဆိုပါက အကုန်အကျသက်သာမည်ဖြစ်ကြောင်းကိုလည်း အကြံပြု တင်ပြအပ်ပါတယ်။ ဥပမာ-ကျွန်မ၏ မဲဆန္ဒနယ်အမှတ် (၂) မှာ မြောင်းအရှည်ပေ ၁၀၂၀၀ကို ဦးစိုင်းစိန်လူမှဆည်မြောင်း၏ အကူအညီဖြင့် မြောင်းကိုဆယ်ယူတူးဖော်သည့်အခါမှာ ကျပ် ၁၃ သိန်းသာ ကုန်ကျပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းရှဲန်တစ်လုံ၊ဘဏ္ဍာရေးဝန်ကြီး။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊အဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း နှင့် ပြည့်စုံ ပါစေကြောင်း ဦးစွာ ဂါရဝ နှုတ်ခွန်းဆက်အပ်ပါတယ်ခင်ဗျား။ ကျွန်တော်အနေဖြင့် သိန်္ဓိမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီ မေးမြန်းသည့် မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။

(၁) ပါတီနိုင်ငံရေးဆိုဒ်မှ နိုင်ငံတော်၏ ဘတ်ဂျက်ကို တိုက်ရိုက်တောင်းဆိုခွင့်ရှိ/မရှိ သိရှိလိုပါကြောင်း နှင့် ပတ်သက်ပြီး ဖြေကြားရမှာက ပါတီနိုင်ငံရေးဆိုဒ်မှ နိုင်ငံတော်ဘတ်ဂျက်ကို တိုက်ရိုက်တောင်းဆိုခွင့်မရှိပါ။ သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိ ဒေသရှိ ဒေသလိုအပ်ချက်များအား သက်ဆိုင်ရာ လွှတ်တော်တွင် ဆွေးနွေးကာ စီမံကိန်းများ ရေးဆွဲခွင့်ရှိပါဝင် ဆွေးနွေးပြီး ထည့်သွင်းရေးဆွဲနိုင်ပါသည်။

(၂) သိန်္ဓိမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကဲ့သို့ အခြားနိုင်ငံရေးပါတီများမှ ပြည်သူအတွက် အမှန်တကယ်လိုအပ်ချက်များရှိပါက နိုင်ငံတော်၏ ဘတ်ဂျက်ကို တောင်းခံခွင့်ရှိ/မရှိ သိရှိလိုပါကြောင်း ဆိုသည့်မေးခွန်းနှင့်ပတ်သက်၍ သိန်္ဓိ

D/real(wide) (2

မြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကဲ့သို့ အခြားနိုင်ငံရေးပါတီများမှ ပြည်သူအတွက် အမှန်တကယ်လိုအပ်ချက်များရှိပါက ပါတီအနေဖြင့် တိုက်ရိုက်တောင်းခံခွင့်မရှိဘဲပြည်သူ့ကိုယ်စားလှယ်များ၊ ရပ်မိ၊ရပ်ဖများမှဌာနနှင့်တင်ပြညှိနှိုင်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဒေသရှိ လွှတ်တော်ကိုယ်စားလှယ်များထံတင်ပြ၍ လွှတ်တော်တွင်တင်ပြ ဆွေးနွေးကာ သက်ဆိုင်ရာ အဖွဲ့အစည်းများမှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဦးစားပေး အစီအစဉ်အတိုင်းနိုင်ငံတော်၏ ဘတ်ဂျက်တွင် ထည့်သွင်းတောင်းခံ သွားရမှာဖြစ်ပါတယ်။

(၃) သိန္နီမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တောင်းခံသည့်တန့်စီကျိုင်းဆည် ရေသောက်မြောင်း ပြုပြင်ထိန်းသိမ်းခြင်း ရန်ပုံငွေချမှတ်ပေးမည် ဆိုပါက မည်သည့် ရန်ပုံငွေဖြင့် ချမှတ်ပေးမည် နည်းဆိုသည့် မေးခွန်းဖြစ်ပါတယ်။ သိန္နီမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တောင်းခံသည့်တန့်စီကျိုင်းဆည် ရေသောက်မြောင်း ပြုပြင်ထိန်းသိမ်းရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များမှ လွှတ်တော်တွင် တင်ပြဆွေးနွေးပြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန နှင့်ဆက်သွယ်၍ ၂၀၁၇ - ၂၀၁၈ ခု ဘဏ္ဍာရေးနှစ် မူလ ခန့်မှန်းခြေ ငွေစာရင်းတွင်

Power Point ဖြင့် တင်ပြသွားမှာ ဖြစ်ပါတယ်။ သိန္နီမြို့နယ်၊ ပိန်းဆာကျေးရွာအုပ်စုမှာရှိတဲ့ တန့်စီကျိုင်းဆည်ဖြစ်ပါတယ်။ အဲဒီဆည်မှ စီးဆင်းလာတဲ့မြောင်းသည် Backhoe နှင့် ဆယ်ထားပြီးတဲ့ မြောင်းဖြစ်ပါတယ်။ သုံးပုံနှစ်ပုံလောက်ပြီးပါပြီ။

ဒါကြောင့်သိန္နီမြို့နယ်၊ ပိန်းဆာကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ တန့်စီကျိုင်းဆည်ရေသောက်မြောင်းပြုပြင်ခြင်းနှင့် ပတ်သက်၍ သိန်း ၃၅၀သည် အမှန်တကယ်ကုန်ကျသည့် စရိတ်မဟုတ်သဖြင့် နိုင်ငံတော်၏ ဘဏ္ဍာကို အလေအလွင့်မရှိစေရန် ရည်ရွယ်ပြီး အောက်ပါမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်-

(၁) ပါတီနိုင်ငံရေးဆိုဒ်မှ နိုင်ငံတော်၏ ဘတ်ဂျက်ကို တိုက်ရိုက်တောင်းဆိုခွင့်ရှိပါသလား။ ရှိသည်ဆိုပါက ဘာကြောင့်လဲ။

(၂) သိန္နီမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကဲ့သို့ အခြား နိုင်ငံရေးပါတီများမှ ပြည်သူအတွက် အမှန်တကယ် လိုအပ်ချက်များရှိပါက နိုင်ငံတော်၏ ဘတ်ဂျက်ကို တောင်းခံခွင့်ရှိပါသလား။ ရှိပါက ဘာကြောင့်လဲ။

(၃) သိန္နီမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တောင်းခံသည့်တန့်စီကျိုင်းဆည် ရေသောက်မြောင်း ပြုပြင်ထိန်းသိမ်းခြင်း ရန်ပုံငွေ ချမှတ်ပေးမည် ဆိုပါက မည်သည့် ရန်ပုံငွေဖြင့် ချမှတ်ပေးမည် နည်းစသည်အချက်များကို သိရှိ လိုသည့်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်အား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

D/real(wide) (3

ထည့်သွင်း တောင်းခံနိုင်ပါတယ်လို့ ဖြေကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းစံဟွမ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်နန်းစံဟွမ် ၊နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ အားလုံးဘဲ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ်ဖြစ်ပါတယ်။ ကျွန်မမေးမြန်းမည့် မေးခွန်းကတော့ နမ္မတူမြို့နယ်စည်ပင်သာယာရေးဌာနသို့ ရေပုပ်စုပ်ထုတ်သောယာဉ် ချထားပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိဟူသော မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ နမ္မတူမြို့နယ်သည် ဧရိယာ ၆၅၂. ၁၁စတုရန်းမိုင်ကျယ်ဝန်းပြီး လူဦးရေ ၅၀၃၅၈ ဦးမှီတင်းနေထိုင်၍ မြို့ပေါ်ရပ်ကွက် ၂ ခု၊ ကျေးရွာအုပ်စု ၂၁ အုပ်စု၊ ကျေးရွာပေါင်း ၁၃၉ ရွာဖြင့် ဖွဲ့စည်းထားပါသည်။ သို့သော် စည်ပင်သာယာရေးနယ်နိမိတ်မှာ နမ္မတူမြို့၊ ဘော်တွင်း၊ မန်ဆန်၊ မိုင်းရယ်နှင့် နားဆိုင်း ကျေးရွာသာရှိသဖြင့် စည်ပင်သာယာခွန် ကောက်ခံရရှိမှုမှာ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အထိုက်အလျောက် လုပ်ဆောင်နိုင်ခြင်းနှင့် ဝန်ထမ်းလခ လုံလောက်နိုင်ရုံမျှသာရှိ ပါတယ်။ လိုအပ်နေသော ရေပုပ်စုပ်ထုတ်စက်ယာဉ်ဝယ်ယူနိုင်ရန် ငွေကြေး အင်အားမလုံလောက်ပါ။ တိုးမြှင့်လာမည့် လူဦးရေ၊ အိမ်ခြေ များကြောင့် အညစ်အကြေးစွန့်ပစ်သောနေရာများအား အသစ်ထပ်မံ ဆောက်လုပ်ရန် မြေနေရာ အခက်အခဲများလည်း ရှိနေပါတယ်။ ပြည်သူလူထု၏ ကျန်းမာရေး လူမှုရေး၊ စီးပွားရေး အခက်အခဲများကို ရေပုပ်

ဦးစိုင်းရဲနိုတစ်လုံး၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်စည်ပင်သာယာရေး ဝန်ကြီး ကိုယ်စားဖြေသွားမှာဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ်၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ နမ္မတူမြို့နယ်စည်ပင်သာယာရေးဌာနသို့ ရေပုပ်စုပ်ထုတ်သောယာဉ်ချထားပေးနိုင်ပါရန် အစီအစဉ်ရှိ/ မရှိ ဆိုတဲ့မေးခွန်းနှင့်ပတ်သက်ပြီး အောက်ပါအတိုင်းဖြေကြားလိုပါတယ်-

(၁) နမ္မတူမြို့နယ်စည်ပင်သာယာရေးဌာနအတွက် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန၏ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် Dong Feng ရေသယ်ယာဉ် ၁ စီးအား ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

(၂) နမ္မတူမြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်မှာ ကျပ်သိန်း ၉၀၄ ဖြစ်ပြီး ငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက်မှာ ကျပ် ၄၀၆. ၈ သိန်းဖြစ်ပါတယ်။ ငွေလုံးငွေရင်း အခြားအသုံးစရိတ် လျာထားချက်မှာ ကျပ် ၄၈. ၂ သိန်းဖြစ်ပါသည်။ ရေပုပ်စုပ်ယာဉ်

D/real(wide) (3

စုပ်ထုတ်သောယာဉ် ချထားပေးနိုင်ခြင်းဖြင့် အထိုက်အလျောက် ဖြေရှင်းသွားပေးနိုင်မည်ဟု ယုံကြည်ပါတယ်။

ထိုကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဖြစ်သော စည်ပင်သာယာရေးဝန်ကြီးဌာနမှ နမ္မတူမြို့နယ်အတွက် ရေပုပ်စုပ်ထုတ်သော ယာဉ်အားချထားပေးနိုင်ရန် လေးစားစွာဖြင့် တောင်းခံအပ်ပါတယ်။ အကယ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲပေးခြင်း မပြုဘဲ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးဌာန၏ ဘတ်ဂျက်ဖြင့်သာ သုံးစွဲပြီး ဝယ်ယူရပါမည်ဆိုပါက ငွေကြေးအင်အား မလုံလောက်သော မြို့နယ်အတွက် အလွန်ပင် အခက်အခဲကြုံတွေ့သွားရမှာ ဖြစ်ပါတယ်။ မြို့နယ် စည်ပင်သာယာရေး ဌာန၏ ဘတ်ဂျက်ဖြင့်သာ သုံးစွဲပြီးဝယ်ယူရပါလျှင် မြို့နယ်စည်ပင်သာယာရေး အခွန်များကိုလည်း တိုးမြှင့်ကောက်ခံရတော့မှာဖြစ်ပါတယ်။ ပြည်သူကို တာဝန်ခံသော ပြည်သူ့အကျိုးကို လိုလားသော အစိုးရဟု ယုံကြည်သောကြောင့် ပြည်သူများ အမှန်တကယ် လိုအပ်သော ရေပုပ်စုပ်ထုတ်သည့်ယာဉ်အား ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနမှ ပြည့်စုံမှုမရှိသည့် မြို့နယ်များသို့ မိဘမှ သားသမီးများကို ကြည့်ရှု စောင့်ရှောက်သလို စောင့်ရှောက်မည်ဟု ယုံကြည် မျှော်လင့်၍ ဤသို့ တောင်းဆိုရခြင်းဖြစ်ပါတယ်။ ထိုကြောင့် အမှန်တကယ်လိုအပ်သော ရေပုပ်စုပ်ထုတ်သည့်ယာဉ်အား ရှမ်းပြည်နယ်စည်ပင်သာယာရေး ဝန်ကြီးဌာနမှ ဝယ်ယူပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ် ပါတယ်။ ရှိပါကမည်သည့်အချိန်တွင် ဝယ်ယူပေးနိုင်ပါမည်နည်း။ မရှိပါက အဘယ် အကြောင်းကြောင့် ဆိုသည်ကို လေးစားစွာဖြင့် သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

၁ စီး ဝယ်ယူမည်ဆိုပါက ယာဉ်၏ တန်ဖိုးမှာ ကျပ် ၃၀၀ သိန်းခန့်ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် ဝယ်ယူရန် လျာထားခြင်း မရှိပါသဖြင့် ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်ထည့်သွင်းရန် လျာထားပြီး ဝင်ငွေရရှိမှုအပေါ် မူတည်၍ ရေပုပ်စုပ်ယာဉ်အား ဝယ်ယူဖြည့်တင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းအောင်ခမ်း ၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း) လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း ဖြစ်ပါတယ်။ မိုင်းပန်-တာဆန်းလမ်းမကြီးပေါ်တွင် သစ်ကားများ ဖြတ်သန်းမှုကြောင့် လမ်းများ ပျက်စီးနေသည့် ကိစ္စနှင့်စပ်လျဉ်းပြီး မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းတင်ပြ မေးမြန်းသွားမှာဖြစ်ပါတယ်။

D/real(wide) (3

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပန်မြို့နယ်သည် မိုင်းပန်-တာဆန်းလမ်းမကြီးပေါ်တွင် မိုးရာသီကာလအတွင်း သစ်လုံးတင်ကားများ ဖြတ်သန်းသွားလာခြင်းကို ဆိုင်းငံ့ပြီး ပွင့်လင်းရာသီရောက်မှသာလျှင် ဖြတ်သန်းသွားလာခွင့်ပြုရန် လမ်းအထူးအဖွဲ့ (၅)နှင့် မြန်မာ့သစ်လုပ်ငန်းတို့ လုပ်ငန်းညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ လမ်းဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့ ညှိနှိုင်းစီစဉ်ခဲ့ရာတွင် ကတ္တရာလမ်းပိုင်းဖြစ်သည့် နားလောရွာသစ်ဆိပ် ၇၀/၀ မိုင်မှ နမ့်စန်သစ်ဆိပ်သို့ မိုးရာသီအတွင်း သယ်ယူခွင့်ပြုခဲ့ပြီး မြေသားလမ်းအမာခံလမ်းပိုင်းဖြစ်သည့် နားကျိုင်းရွာသစ်ဆိပ် ၁၁၃/၀ မိုင်မှ နားလောရွာသစ်ဆိပ်အထိ မိုးရာသီအတွင်းသယ်ယူခွင့် မပြုရန် ညှိနှိုင်းခဲ့ပါသည်။ လမ်းဦးစီးဌာနမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ စာအမှတ်၊ ၆၃၂ / လင / ၂၀၁၆-၂၀၁၇ ရပန/လမ်း၊ ရက်စွဲ ၂၃-၈-၂၀၁၆ ဖြင့် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သဃ်ဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးမှ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စားအားဖြင့် စာအမှတ်၊ (၉၅၃၄)/၇ -၁၁၂/အစရ(ရှမ်း)၊ ရက်စွဲ ၃၁-၈-၂၀၁၆တွင် ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ တောင်ကြီးမြို့သို့ ပေးပို့ခဲ့ပါသည်။ (ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထုတ်ပြန်ထားသောစာကို တင်ပြပါသည်။)

ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တားမြစ်ချက် ထုတ်ပြန်ထားပါသော်လည်း မိုင်းပန် မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း တာဝန်ခံအဖွဲ့နှင့် သစ်တောမှ တာဝန်ရှိသော အဖွဲ့များသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှု လိုက်နာခြင်းမရှိဘဲ မိမိဆန္ဒဖြင့် လုပ်ငန်းများဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ မိုင်းပန်မြို့သစ်တောဦးစီးမှူးအနေဖြင့်လည်း ပွင့်လင်းရိုးသားမှု မရှိပါကြောင်း တင်ပြလိုပါသည်။ ၁၃-၈-၂၀၁၆

အစိုးရအဖွဲ့မှ ထိရောက်စွာအရေးယူ ပေးနိုင်ပါရန် ရိုသေလေးစားစွာဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းပေးရန် လေးစားစွာဖြင့် ဥက္ကဋ္ဌကြီးထံသို့ တင်ပြအပ် ပါသည်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းတားမြစ်ချက်အား လေးစားလိုက်နာခြင်းမရှိသည့်အတွက် လမ်းဦးစီးဌာနမှ သစ်လုံးသယ်ယူရေး အဖွဲ့အား မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ကို သိရှိလိုပါသည်။ အရေးမယူပါကမည်သည့်အတွက်ကြောင့် အရေးမယူသည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ် ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာညီညီအောင်၊သယ်ဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။ မေးခွန်းနှင့် စပ်လျဉ်းပြီး ဝန်ကြီးဌာန ၂ ခုနဲ့ သက်ဆိုင်တဲ့အတွက် ကျွန်တော်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးကနေ ဖြေကြားပေးမှာဖြစ်ပါတယ်။ ပထမပိုင်းအနေနဲ့ မိုင်းပန်မြို့နယ်၊ မိုင်းပန် - တာဆန်းလမ်းမကြီးပေါ်တွင် လမ်းအထူးအဖွဲ့ (၅) မှ ဆောင်ရွက်လျက်ရှိသော ခင်းလက်စ လမ်းပိုင်းပေါ်တွင် မြန်မာ့သစ်လုပ်ငန်းမှ ခွင့်ပြုထားရှိသော သစ်ကားများ ဖြတ်သန်းမှုကြောင့် လမ်းများ ပျက်စီးနေပါသဖြင့် ပွင့်လင်းရာသီရောက်မှ သယ်ယူရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန် ဖုန်းဖြင့် အသိပေးတင်ပြလာမှုအပေါ် လမ်းအထူးအဖွဲ့ (၅) နှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ ညှိနှိုင်းဆောင်ရွက် ကွင်းဆင်းစိစစ်ပြီး တိုင်ကြားချက် မှန်ကန်ပါက သစ်သယ်ယူမှုများ ချက်ချင်းဆိုင်းငံ့ပြီး ပွင့်လင်းရာသီမှ ဆက်လက်

D/real(wide) (3

သယ်ယူစေရန်နှင့် ကွင်းဆင်းခြင်းတွင် တင်ပြသူနှင့် နယ်မြေခံ လွှတ်တော်ကိုယ်စားလှယ်များ ဆက်သွယ်ဆောင်ရွက်သွားရန် အကြောင်းကြားခဲ့ပါသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ တာဝန်သိ ပြည်သူတစ်ဦး၏ တင်ပြချက်အပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာဌာနတို့အား ကွင်းဆင်းစိစစ်စေခြင်း၊ လမ်းပျက်စီးခြင်းမှ အချိန်မီကာကွယ်နိုင်ရေးနှင့် သက်ဆိုင်ရာဌာနများမှ ကွင်းဆင်းစိစစ်ရာတွင် လည်း ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် တင်ပြသူနှင့် နယ်မြေခံ လွှတ်တော်ကိုယ်စားလှယ်များအား အသိပေး ဆက်သွယ်ဆောင်ရွက်ရေး ညွှန်ကြားဆောင်ရွက်ခြင်းဖြစ်ကြောင်းဖြေကြားအပ်ပါသည်။ ကျန်သည့်အပိုင်းကိုတော့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကနေ ဆက်ပြီးဖြေကြားပေးမှာဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။

ကျွန်တော် ဆက်လက် ဖြေကြားတင်ပြပါမယ်ခင်ဗျား။ ဒီလမ်းပိုင်းကို သစ်လုံးတင်ကားများ ဖြတ်သန်းလျှင် ပျက်စီးမှုနှင့်ပတ်သက်ပြီး အဖွဲ့နှင့် ကွင်းဆင်း စိစစ်တဲ့အခါမှာ နောက်ဆုံးအဖြေထွက်လာသည်က သစ်လုံးတင်ကားများကို ပွင့်လင်းရာသီရောက်မှသာ ဖြတ်သန်းသွားလာဖို့ အဆင်ပြေနိုင်မည်ဆိုသည့် အကြောင်းညှိနှိုင်းခဲ့ခြင်းအား ဆက်လက်တင်ပြခဲ့ကြပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပွင့်လင်းရာသီရောက်မှသာ ဆက်လက်သယ်ယူရေး ညွှန်ကြားခဲ့မှုကို လွှဲလင်လင်ဒေသ မန်နေဂျာအနေဖြင့် မိုင်းပန် သစ်ဆိပ် တာဝန်ခံထံ ဆက်လက်ညွှန်ကြားခဲ့ရာ ညွှန်ကြားချက်မှာ စက်တင်ဘာလ ၉ ရက်နေ့မှ ရောက်ရှိခဲ့ပြီး ၄င်းအချိန်တွင် သစ်လုံးသယ်ယူရန်ကား ၁ စီးသာ ကျန်ရှိခဲ့ကြောင်း သိရှိရပါတယ်။ ဒါကြောင့် လုပ်ငန်းပြီးစီး အောင် ဆက်လက်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါတယ်။

ရက်နေ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ နမ့်ပန်ခန်းမတွင် လစဉ်ပုံမှန် အစည်းအဝေးကျင်းပစဉ်က ဌာနများအားလုံးနှင့် ရပ်ကွက်၊ ကျေးရွာရှိ လုပ်ငန်းလိုအပ်ချက်နှင့် တင်ပြချက်ရှိပါက တင်ပြရန် ဌာနတစ်ခုချင်း ဆွေးနွေးတင်ပြရန် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌမှ တင်ပြခဲ့ပြီး သစ်တောဦးစီးဌာနအနေဖြင့် တင်ပြရန်မရှိဟု တင်ပြခဲ့ပါသည်။

၂-၉-၂၀၁၆ ရက်နေ့တွင် နားကျိုးရွာသစ်ဆိပ်မှ နားလောရွာသစ်ဆိပ်သို့ Golden Polen ကုမ္ပဏီမှ သစ်လုံးများ သယ်ရန် သစ်တောဦးစီးမှူးမှ သစ်လုံး ၂၅၉. ၃၃ တန်အား မျှောစာထုတ်ပေးသည်ကို သိရှိရပါသည်။ ထိုကြောင့် သစ်တောဦးစီးဌာန၊ သစ်တောဦးစီးမှူးမှ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီကို လေးစားမှု မရှိပါကြောင်း တင်ပြလိုပါသည်။ မျှောစာများထုတ်ပေးရန်အတွက် သစ်တောဦးစီးမှူးက မြို့နယ်စီမံခန့်ခွဲမှုကော်မတီထံသို့ နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း တင်ပြခြင်းမရှိဘဲ မိမိဆန္ဒအားဖြင့် မျှောစာများ ထုတ်ပေးနေသည်ကို လေ့လာသိရှိရပါသည်။ သစ်သယ်ယူရေးအဖွဲ့ကလည်း ခွင့်ပြုချက်မရှိဘဲ သစ်လုံးများ သယ်ဆောင်လာသည်ကို တွေ့မြင်ရပါတယ်။ ထိုသို့တွေ့ရှိချက်အား ကျွန်တော်က မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့နှင့် လမ်းအထူးအဖွဲ့ကို ပေါင်းစပ်ပြီး နားလောရွာသစ်ဆိပ်သို့ သွားရောက်စုံစမ်းမေးမြန်းရာတွင် သစ်လုံးသယ်ယူရေး တာဝန်ခံနှင့် မြန်မာ့ သစ်လုပ်ငန်းတာဝန်ခံ၊ သစ်တောမှ ပြည်နယ်တာဝန်ခံတို့ကို တွေ့ရှိခဲ့ပါသည်။ မိုင်းပန်-တာဆန်းလမ်းမကြီးအပေါ် မိုးရာသီတွင် သစ်လုံးများ သယ်ယူခြင်းကို လမ်းဦးစီးဌာနမှ တားမြစ်စာထုတ်ပြန်ထားပြီးဖြစ်ရာ သစ်လုံးများ၊ သယ်ယူရေးအဖွဲ့နှင့် တာဝန်ရှိသော မြန်မာသစ်လုပ်ငန်း တာဝန်ခံ သစ်တောဦးစီးဌာနမှ တာဝန်ယူမှုမရှိသော ပုဂ္ဂိုလ်များအား၊ အစိုးရအဖွဲ့၏ လမ်းညွှန်မှုအား လေးစားလိုက်နာခြင်း မရှိပါသဖြင့် မိုင်းပန်မြို့နယ်တွင် မထားသင့်တော့ပါကြောင်းနှင့် ရှမ်းပြည်နယ်

D/real(wide) (3

သို့ဖြစ်ပါ၍ ယခု မိုးတွင်းကာလအတွင်းမှာ သစ်လုံးသယ်ယူခြင်း လုပ်ငန်းများ လုံးဝရပ်ဆိုင်းထားမှာဖြစ်ပါကြောင်း၊ ကျန်ရှိသော နယ်အိတ်ဖွင့်တင်ဒါ အောင်မြင်ထားသည့် လတ်ပုံ၊ သစ်ပုံများအား လာမည့်ပွင့်လင်းရာသီရောက်ရှိချိန်မှသာ သစ်သယ်ယူခြင်းလုပ်ငန်း များ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်းနှင့် တန်ပိုတင် ဆောင်သောယာဉ်များကြောင့် လမ်းပျက်စီးမှု မဖြစ်ပေါ်စေရေး အတွက် သက်ဆိုင်ရာဌာနများ အားလုံးနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မဘိမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမင်းမင်းသိန်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးမင်းမင်းသိန်း ၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါ စေလို့ ဦးစွာ ပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင်၊ မဘိမ်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမင်းမင်းသိန်းဖြစ်ပါတယ်။ ကျွန်တော်၏ ငါးအိုး-နွယ်နီအိုင် ခရိုင်ချင်းဆက်လမ်း ၅ မိုင်ကို ကျောက်ချောလမ်းခင်း ပေးရန် အစီအစဉ်ရှိ/မရှိ၊ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ် ပါတယ်။ လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ငါးအိုး- နွယ်နီအိုင်ခရိုင်ချင်းဆက်လမ်းဟာဆိုလျှင် ရှမ်းပြည်နယ်၊ မိုးမိတ်ခရိုင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်ကို ဆက်သွယ်

D/real(wide) (3

ဦးစိုင်းလုံကျော် ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံ ပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ဦးမင်းမင်းသိန်း မေးမြန်းလာသည့် မဘိမ်းမြို့နယ်၊ ငါးအိုး - နွယ်နီအိုင် ခရိုင်ချင်းဆက်လမ်း ၅ မိုင်ကို ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ ဆိုသောမေးခွန်း နှင့်ပတ်သက်ပြီး အဆိုပါ လမ်းအရှည် ၅ မိုင်ရှိသည့် အနက် ၁မိုင် ၇ ဖာလုံကို ၂၀၁၇ - ၂၀၁၈ ခု ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း ခင်းရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)သို့ လျာထားတင်ပြထားရှိပြီးဖြစ်ပါသည်။ ကျန်ရှိသည့် လမ်းအရှည် ၃ မိုင် ၁ ဖာလုံကို ဘဏ္ဍာရေးနှစ်အလိုက် လျာထား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဒေသဆိုင်ရာလမ်း၊ တံတားများ ဖွံ့ဖြိုး တိုးတက်ရေးကော်မတီနှင့် ကျေးလက်ဦးစီး(ရုံးချုပ်)၏ လမ်းညွှန်မှုအရ ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးလက်လမ်း၊ တံတားများ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၃၀- ၂၀၃၁ ခုဘဏ္ဍာရေးနှစ်အထိ ၁၅ နှစ်အား ၅ နှစ်စီမံကိန်းများ ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းများ လျာထားရေးဆွဲ ဆောင်ရွက်လျက်ရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြသော လမ်းအရှည် ၃/၁ မိုင်အား ကတ္တရာခင်းအဆင့်မြှင့်ပြုပြင်ခြင်းလုပ်ငန်းအား ဆက်လက် ဆောင်ရွက်နိုင်ရန် စီမံကိန်းတွင် ထည့်သွင်းလျာထား တင်ပြပေး သွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ထားသောအထူးလမ်းဖြစ်ပါတယ်။ အဲဒီလို ဆက်သွယ်ထားရာမှာ ကသာမြို့နယ်ဘက်ရှိ လမ်းပိုင်းမှာ ကျောက်ချောလမ်းဖြစ်၍ အင်မတန် ကောင်းမွန်နေပါတယ်။ ရှမ်းပြည်နယ်ဘက်ခြမ်းဖြစ်သော မဘိမ်းမြို့နယ်၊ ငါးအိုး-နွယ်နီအိုင်လမ်းမှာတော့ မြေသားလမ်းဖြစ်၍ မိုးတွင်းကာလတွင် သွားလာရေး အင်မတန်ခက်ခဲနေပါတယ်။ ငါးအိုးဒေသသည် ရှမ်းပြည်နယ်၊ မဘိမ်းမြို့နယ်ပင်ဖြစ်သော်လည်း မဘိမ်းမြို့နယ်နှင့် မိုင် ၆၀ ကွာဝေးသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်နှင့် ၁၂ မိုင်သာ ကွာဝေးတဲ့အတွက် ငါးအိုးဒေသရှိ ဒေသခံလူထုများမှာ ကုန်စည်စီးဆင်းမှုနှင့် ကျန်းမာရေးကို ကသာမြို့နယ်ကိုသာ အဓိကအားထားနေရတာဖြစ်ပါတယ်။ အဲဒီလိုအားထားနေရသည့်အခါမှာ နေ့စဉ်လည်း ကိုယ့်လမ်းကို ဒေသခံ ၅၀၀ ခန့်သည် အခက်အခဲများစွာဖြင့် ဖြတ်သန်းသွားလာနေရတာဖြစ်ပါတယ်။ ထိုကတ္တရာ ကျောက်ချောလမ်း ၅ မိုင်ကို ခင်းပေးမည်ဆိုပါက မဘိမ်းမြို့နယ်၊ ငါးအိုးဒေသရှိ ကျေးရွာများမှ လူဦးရေ ၅၀၀၀ ခန့်နှင့် ကသာမြို့နယ်ရှိ ကျေးရွာများမှ လူဦးရေ ၅၀၀၀ ခန့်၊ အားလုံးပေါင်း လူဦးရေ ၁၀၀၀ ခန့်သည် သွားလာရေး အင်မတန် လွယ်ကူလာပြီး အကျိုးရှိလာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ငါးအိုး - နွယ်နီအိုင် ခရိုင်ချင်းဆက်လမ်းသည် ကျောက်ချောလမ်းခင်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်မှာမေးမြန်းတင်ပြရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုနေ့လည်စားသုံးဆောင်နိုင်ရန်အတွက် အစည်းအဝေးကို ၁ နာရီ ၃၀ မိနစ် ရပ်နားမှာဖြစ်ပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ နေ့လည်ပိုင်းအစည်းအဝေးကို (၁၃း၃၀)နာရီအချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

D/real(wide) (3

၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေအား ပြည်ထောင်စုလွှတ်တော်မှ ၃၁-၈-၂၀၁၆ ရက်နေ့တွင် ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၇ ဖြင့် အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်ပါ၍ ယင်းဥပဒေပေါ်တွင် အခြေပြုထားသော ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်တွင် အတည်ပြုပေးနိုင်ပါရန် တင်သွင်းအပ်ပါတယ်ခင်ဗျား။

၂၀၁၆ ခုနှစ်၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ။

၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာငွေအရအသုံးစာရင်းများကို အခြေပြုလျက်

အပိုင်း ၁။ အမည်နှင့်စာရင်း စတင်အကျိုးသက်ရောက်သည့် နေ့ရက်၊

အပိုင်း ၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရား လွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ပြည်နယ်အဆင့် ဦးစီးဌာနများ၏

အခန်း ၁။ ရင်္ဒေနှင့်သုံးငွေများ၊

အခန်း ၂။ ငွေချေးယူခြင်း၊

အခန်း ၃။ ပြည်ပအကူအညီ ရယူခြင်း၊

အပိုင်း ၃။ ပြည်နယ်အဆင့်နှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရင်္ဒေများနှင့်သုံးငွေများ၊

ရှမ်းပြည်နယ်

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

တတိယပုံမှန်အစည်းအဝေး (ပထမနေ့)မှတ်တမ်း

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်

၂၀၁၆ ခုနှစ်၊ စက်တင်ဘာ လ ၁၉ ရက်

[တနလ်္ဂာနေ့]

(နေ့လည်ပိုင်း)

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး (ပထမနေ့)နေ့လည်ပိုင်းအစီအစဉ်များအား ဆက်လက် ကျင်းပပြု လုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါ တယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

D/real(wide) (3

အပိုင်း ၄။ စည်ပင်သာယာရေးအဖွဲ့များ၏ ရင်ွေများနှင့်သုံးငွေများနှင့်

အပိုင်း ၅။ သီးသန့်ရန်ပုံငွေ

ဟူ၍ ဥပဒေအား ပိုင်းခြား ရေးဆွဲထားပါတယ်။

၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအား ပြန်လည်ပြင်ဆင်ရေးဆွဲခြင်း။။

နိုင်ငံတော် သမ္မတရုံး၏ အမှတ် ၃/၂၀၁၆ ဖြင့် ဝန်ကြီးဌာနများအား ပြင်ဆင် သတ်မှတ်ခဲ့ပါသဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်သော ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေမှာ ပါဝင်ပြဋ္ဌာန်း ထားသည့် ဝန်ကြီးဌာနများနှင့် ကိုက်ညီမှုမရှိတော့သဖြင့် ပြန်လည် ပြင်ဆင်ရေးဆွဲသည့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းအား တင်သွင်းအပ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအား ပြန်လည်ပြင်ဆင်ထားရှိသည့် ဥပဒေကြမ်းတွင် ယခင်ဥပဒေပါ ကိန်းဂဏန်းများ၊ အချက်အလက်များ၊ ပြောင်းလဲခြင်း မရှိဘဲ နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် (၃/၂၀၁၆)ဖြင့် ဝန်ကြီးဌာနများအား ပြင်ဆင်သတ်မှတ်ခဲ့သော ဝန်ကြီးဌာန အမည်သစ်များဖြင့် အစားထိုးရေးဆွဲထားခြင်းဖြစ်ပါ တယ်။

ဝန်ကြီးဌာနများ အမည်ပြင်ဆင် ဖွဲ့စည်းခြင်း။

ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေမှာပါဝင်တဲ့ သမဝါယမဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနတို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အဖြစ်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနတို့အား

D/real(wide) (3

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဥပဒေကြမ်းတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းရဲနိုတစ်လုံ ၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး ဦးစွာပဏာမဂါရဝပြု နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲနိုတစ်လုံဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ရှမ်းပြည်နယ် လွှတ်တော်သို့ တင်ပြမှာဖြစ်ပါတယ်။

၇၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အဖြစ်လည်းကောင်း ၊ အားကစားဝန်ကြီးဌာနအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန တို့အား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အဖြစ်လည်းကောင်း၊ မူလငွေရပ်များ ပြောင်းလဲခြင်းမရှိဘဲ ဝန်ကြီးဌာနအမည်များသာ ပြောင်းလဲ၍ ရေးဆွဲထားခြင်းဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းမှာ သာမန်ရငွေကျပ်သန်းပေါင်း ၃၃၂၉၃. ၁၀၄ သန်း၊ အသုံးစရိတ်ကျပ်သန်းပေါင်း ၉၅၀၈၉. ၂၃၄ သန်း၊ လိုငွေကျပ်သန်းပေါင်း ၆၁၇၉၆. ၁၃၀ သန်းဖြစ်ပါတယ်။

ငွေလုံးငွေရင်းရငွေကျပ်သန်းပေါင်း ၀. ၀၅၇ သန်း၊ အသုံးစရိတ်ကျပ်သန်းပေါင်း ၁၅၄၆၁၁. ၉၂၇ သန်း၊ လိုငွေကျပ်သန်းပေါင်း ၁၅၄၆၁၁. ၈၇၀ သန်းဖြစ်ပါတယ်။

စုစုပေါင်းရငွေကျပ်သန်းပေါင်း ၃၃၂၉၃. ၁၆၁ သန်း၊ အသုံးစရိတ်ကျပ်သန်းပေါင်း ၂၄၉၇၀၁. ၁၆၁ သန်း၊ လိုငွေကျပ်သန်းပေါင်း ၂၁၆၄၀၈. ၀၀၀သန်းဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းမှာဆိုလျှင် ဝန်ကြီးဌာနအလိုက် နိုင်ငံတော်ပိုင်အဖွဲ့အစည်းများနှင့် ဦးစီးအဖွဲ့များ၏ ရငွေကျပ်သန်းပေါင်း ၁၈၆၈၄. ၄၆၆ သန်း၊ အသုံးစရိတ်ကျပ် သန်းပေါင်း ၂၁၉၀၄၇. ၁၆၆ သန်း၊ လိုငွေကျပ်သန်းပေါင်း ၂၀၀၃၆၂. ၇၀၀ သန်းဖြစ်ပါတယ်။

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေကျပ်သန်းပေါင်း ၄၀ သန်း၊ အသုံးစရိတ်ကျပ်သန်းပေါင်း

D/real(wide) (3

၇၉

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးရပ်နားသည့်အခါ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံးညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ "ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာ အုပ်စုအား ဟဲဟိုးမြို့ အဖြစ် ပြောင်းလဲ/တိုးချဲ့ သတ်မှတ်ပေးရန် " အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ် ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကလောမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းထိုက်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ" **ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာ အုပ်စုအား ဟဲဟိုးမြို့ အဖြစ် ပြောင်းလဲ/တိုးချဲ့ သတ်မှတ်ပေးရန်**" အဆိုဖြစ်ပါတယ်။ ယခု ဦးသန်းထိုက်က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များအားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် " **ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ် ပြောင်းလဲ သတ်မှတ်ပေးရန်**" အဆိုနှင့်ပတ်သက်ပြီး တင်သွင်းသွားမှာ ဖြစ်ပါတယ်။

D/real(wide) (4

၁၆၀၈၅၊ ၃၀၀သန်း၊ လိုင်္ဂကျပ်သန်းပေါင်း ၁၆၀၄၅၊ ၃၀၀ သန်း ဖြစ်ပါတယ်။

စည်ပင်သာယာရေးအဖွဲ့များ၏ ရင်္ဂကျပ်သန်းပေါင်း ၁၄၅၆၈၊ ၆၉၅ သန်း၊ အသုံးစရိတ်ကျပ်သန်းပေါင်း ၁၄၅၆၈၊ ၆၉၅ သန်းဖြစ်ပါတယ်။

စုစုပေါင်းရင်္ဂကျပ်သန်းပေါင်း ၃၃၂၉၃၊ ၁၆၁ သန်း၊ အသုံးစရိတ်ကျပ်သန်းပေါင်း ၂၄၉၇၀၁၊ ၁၆၁သန်း၊ လိုင်္ဂကျပ်သန်းပေါင်း ၂၁၆၄၀၈၊ ၀၀၀ သန်း ဖြစ်ပါတယ်။

၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအား ပြင်ဆင်သည့် ဥပဒေကြမ်း။ ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၊ ပြင်ဆင်သည့် ဥပဒေကို ပုဒ်မ ၂ ခုဖြင့် ပြင်ဆင်ရေးဆွဲထားပါသည်။ ၄င်းပုဒ်မ ၂ ခုကို ဖော်ပြရမည်ဆိုလျှင် -

(၁) ဤဥပဒေကို ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ဇယားများအနက် ဇယား ၃၊ ၄၊ ၅နှင့် ၆တို့ကို ဤဥပဒေပါ ဇယားအသီးသီးဖြင့် အစားထိုး ရမည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စုသည် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်ပြည်ထောင်စုလမ်းမကြီး ပေါ်တွင်တည်ရှိပြီး ဟဲဟိုးဒေသမှလည်း ဘော်ဆိုင်း- ပင်းတယ-ရွာငံ- မန္တလေးမြို့များကိုလည်း ဆက်လက်သွားလို့ရတဲ့ဌာန ဖြစ်ပါတယ်။ ဟဲဟိုး-ရွှေညောင်-ရပ်စောက်၊ ဟဲဟိုး-သာစည်များသို့ မီးရထားလမ်းဖြင့်လည်း သွားရောက်နိုင်ပါတယ်။ ဟဲဟိုးကျေးရွာ အုပ်စုအား မြို့အဖြစ် တရားဝင်မဖြစ်သေးသော်လည်း မြို့ဧရိယာ အဖြစ် သတ်မှတ်ပေးထားသည်မှာ ကြာပြီးဖြစ်ပါတယ်။ ဧရိယာ စတုရန်းမိုင် ၂၁၄. ၅၁၁ မိုင်၊ ဟဲဟိုးဧရိယာစတုရန်းမိုင်ဖြင့် ၁. ၄၂၄ မိုင်၊ ဧကအားဖြင့် ၉၁၁. ၇၂၀ ဧကအဖြစ် သတ်မှတ်ထားပါတယ်။ ဟဲဟိုးကျေးရွာအုပ်စုသည် ရပ်ကွက် ၇ ရပ်ကွက်နှင့် ကျေးရွာ ၈ ရွာဖြင့် ဖွဲ့စည်းထားပြီး အိမ်ခြေအားဖြင့် ၃၃၁၇ အိမ်၊ အိမ်ထောင်စု ၃၄၃၅ စု၊ ကျား ၇၈၅၀ ဦး၊ မ ၇၉၉၂ ဦး၊ လူဦးရေပေါင်း ၁၅၈၄၂ ဦး မှီတင်း နေထိုင်ကြပါတယ်။

စီးပွားရေးကဏ္ဍအနေဖြင့် တင်ပြရမည်ဆိုလျှင် ဟဲဟိုးဒေသ အုပ်စုသည် စိုက်ပျိုးရေးကို ၉၉ ရာခိုင်နှုန်းနီးပါး အသက်မွေး ဝမ်းကျောင်းလုပ်ကိုင်တဲ့ဒေသဖြစ်ပါတယ်။ ဟဲဟိုးဒေသမှာရှိတဲ့ ဂဝံနုန်းမြေဆိုတဲ့မြေအမျိုးအစားသည် အရှေ့တောင်အာရှတွင် အင်မတန်ရှားပါးပြီး ကျွန်တော်တို့ ဒေသမှာဘဲ အများဆုံး ရှိပြီး ဒေသထွက်ကုန်များကို တိုင်းဒေသကြီး/ ပြည်နယ်များသို့ နေ့စဉ်ရက်ဆက်မပြတ် တင်ပို့ပေးနေတာဖြစ်ပါတယ်။ ဒီဒေသမှာ ရှိတဲ့ စိုက်ပျိုးရေးနှင့်ပတ်သက်ပြီး စိုက်ပျိုးရေး သိပ္ပံကျောင်းကို ဖွင့်လှစ်ပြီး ပညာသင်ကြားပေးနေခဲ့တဲ့အပြင် သုတေသန ဌာနမှာ ဟဲဟိုးဒေသတွင် တည်ရှိပြီး မျိုးပွားခြံ၊ စိုက်ပျိုးရေးဗဟိုခြံ၊ သုတေသနခြံအဖြစ် ဖွင့်လှစ်ထားပါတယ်။ သုတေသနဌာနအဖြစ်

လုံခြုံရေးအနေဖြင့် ရဲစခန်း၊ တပ်ရင်းတပ်ဖွဲ့များ တည်ရှိပြီးဖြစ်သဖြင့် တရားဥပဒေစိုးမိုးမှုမှာ အေးချမ်းသာယာသည့် အနေအထားမှာရှိပါတယ်။ ဒါ့အပြင် ဟဲဟိုး ဒေသသည် မြို့အဖြစ် တရားဝင်မသတ်မှတ်ရသေးသော်လည်း အများအနေဖြင့် မြို့ဟု သိရှိထားပါတယ်။ စည်ပင်သာယာရေးကော်မတီအနေဖြင့် ကလောမြို့နယ် စည်ပင်သာယာရေးကော်မတီက ဘတ်ဂျက်များ နှင့်အခွန်အခများကို ခွဲဝေသုံးစွဲရာတွင် အောင်ပန်း- ကလော-ဟဲဟိုးမြို့အဖြစ် သတ်မှတ်ပြီး ခွဲဝေသုံးစွဲနေပါတယ်။ စည်ပင်သာယာရေးကော်မတီဖွဲ့စည်းရာတွင် ဟဲဟိုးဒေသမှ စီးပွားရေးပညာရှင် ၁ ဦး ကိုယ်စားပြု၍ ဖွဲ့စည်းထားပြီး စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းများကို ဆောင်ရွက်နေပြီးဖြစ်ပါတယ်။ ဒါကြောင့် ဟဲဟိုးဒေသမှာ ကျန်းမာရေး၊ စီးပွားရေးနှင့် မြို့အင်္ဂါရုပ်နှင့်အညီ သက်ဆိုင်ရာဌာနဆိုင်ရာ အဆောက်အဦများ ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ စည်ပင်သာယာရေး အခွန်အခများကိုလည်း အောင်ပန်း၊ ကလောမြို့များနှင့် တစ်ပြေးညီ ခွဲဝေသုံးစွဲနေတာလည်း ဖြစ်ပါတယ်။ ဟဲဟိုးမြို့အဝင်၊ မြို့အထွက် ဆိုင်းဘုတ်များသည်လည်း စည်ပင်သာယာရေးကော်မတီ၏ အခွန်၊ အခများဖြင့် သုံးစွဲထားခြင်းဖြစ်ပါတယ်။

ဒါကြောင့် ဟဲဟိုးဒေသကို မြို့အဖြစ် တရားဝင် သတ်မှတ်ပေးမည်ဆိုပါက ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအပြင် ဌာနဆိုင်ရာ အချင်းချင်း ဆက်သွယ်ရသည့် နေရာကဏ္ဍတွင်လည်းကောင်း၊ ပတ်ဝန်းကျင်အုပ်စုများဖြစ်သည့် ဘော်ဆိုင်းအုပ်စု၊ ဘော်တွင်းအုပ်စုနှင့် ကျောက်ထပ်အုပ်စုများကို ဆက်သွယ်ရာမှာလည်းကောင်း လျင်မြန်ချောမွေ့ပြီး စိုက်ပျိုးရေးအခြေခံသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကို အဓိကအားကိုးသည့် ဒေသ ဖြစ်သည့်အလျောက် မြို့အဖြစ် တိုးချဲ့သတ်မှတ်ပေးပါက

D/real(wide) (4

အာလူး၊ ကြက်သွန်တစ်သျှူးမျိုးပွားနည်း နည်းပညာကို အောင်မြင်စွာ စမ်းသပ်နိုင်ပြီး မကြာမီ တစ်သျှူး မျိုးပွားနည်းဖြင့် စမ်းသပ်လို့ရသည့် မျိုးကို ဒေသခံများထံ ပြန်လည်ရောင်းချဖို့ အဆင်သင့်ဖြစ်နေပြီ ဖြစ်ပါတယ်။

ဒါ့အပြင် ဒေသရှိ စက်မှု(၁)ဝန်ကြီးဌာနအောက်မှာ ရှိတဲ့ မြင်းမွေးမြူရေးစခန်းမှာလည်း မြန်မာနိုင်ငံတွင် ၂ ခုရှိသည့် အနက် ၁ ခုအပါအဝင်ဖြစ်ပါတယ်။

ပို့ဆောင်ရေးအနေဖြင့် ဟဲဟိုး လေဆိပ်သည် မြန်မာ နိုင်ငံတွင် ဒုတိယ အများဆုံး အသုံးပြုသည့် လေဆိပ်ဟု တရားဝင် စာရင်းဇယားအရ သိရှိရပြီး တရားဝင်လေကြောင်းလိုင်း ၆ လိုင်းဖြင့် ပြေးဆွဲလျက်ရှိပါတယ်။ ဟဲဟိုးလေဆိပ်သည် မကြာခင်မှာ နိုင်ငံတကာလေဆိပ်နှင့်အညီ ဖော်ဆောင်တော့မှာ ဖြစ်ပြီး ပြည်ထောင်စုဘတ်ဂျက်အနေဖြင့် ခွင့်ပြုဘတ်ဂျက်ရရှိ ထားသည်ကို သိရှိပြီးဖြစ်ပါတယ်။ နိုင်ငံတော် လေဆိပ်ဖြစ်လာသည်နှင့်အညီ စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ဝင်ရောက်လာကြမည့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ များပြားလာသည်နှင့်အညီ ဟိုတယ် လုပ်ငန်းများကို စီစဉ်ဆောင်ရွက်နေပြီးဖြစ်ပါတယ်။

ပညာရေးကဏ္ဍအနေဖြင့် ဟဲဟိုးကျေးရွာအုပ်စုမှာ အထက်တန်းကျောင်း ၁ ကျောင်း၊ အလယ်တန်းကျောင်း ၁ ကျောင်း၊ အလက(ခွဲ)ကျောင်း ၁ ကျောင်း၊ မူလွန်ကျောင်း ၁ ကျောင်း၊ မူလတန်း ကျောင်း ၈ ကျောင်းဖြင့် ဖွင့်လှစ်ပြီး ပညာရေးကဏ္ဍကို ဆောင်ရွက် ပေးနေပြီး၊ ကျန်းမာရေးကဏ္ဍ အနေဖြင့် တိုက်နယ်ဆေးရုံ ၁၆ ခုတင်ဆံ့ ၁ရုံ၊ ကျေးလက် ကျန်းမာရေးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ဌာန၊ အနာကြီးရောဂါတိုက်ဖျက်ရေးဌာနများကို ဖွင့်လှစ်ပြီး ကျန်းမာရေးအနေဖြင့် ဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ စီးပွားရေး စားဖိုဆောင်မြို့အဖြစ် ဖြစ်လာမှာဖြစ်ပါတယ်။

သို့ပါ၍ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဟဲဟိုးကျေးရွာအုပ်စု၊ ဟဲဟိုးကျေးရွာအား မြို့အဖြစ် ပြောင်းလဲ တိုးချဲ့သတ်မှတ်ပေးရန် အဆိုကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြရခြင်းဖြစ်ပါတယ် ခင်ဗျား။ အားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံ ဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

ဦးအေးမင်းစိုး၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ တပ်မတော်သား ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော်ကတော့ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

D/real(wide) (4

ဦးအေးမင်းစိုးဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ဦးသန်းထိုက်မှ တင်သွင်းသော **"ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာ အုပ်စုအား ဟဲဟိုးမြို့ အဖြစ် ပြောင်းလဲ/တိုးချဲ့ သတ်မှတ်ပေးရန်"** အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဦးသန်းထိုက်တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ် ပြောင်းလဲ/တိုးချဲ့ သတ်မှတ် ပေးရန်"** ဆိုတဲ့ အဆိုဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံ ဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)

ဥက္ကဋ္ဌ။ အဆိုကို လက်ခံ ဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကိုလက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ဦးသန်းထိုက်၏ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်းကြေညာပါတယ်။ ကလောမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းထိုက် တင်သွင်းတဲ့ အဆိုကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ရက်နေ့ (အင်္ဂါနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ဒီကနေ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

ရှမ်းပြည်နယ်
ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
တတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့)မှတ်တမ်း
၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်
[အင်္ဂါနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်ကို နံနက် (၁၀း၀၀) နာရီ အချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူးအဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးကျော်လွင်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
တတိယပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်

D/real(wide) (4

လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ် ထားသော စင်မြင့်ပေါ် သို့ ကြွရောက်နေရာယူပါသည်]

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး (ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၏ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၆)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၈)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၄. ၁၂)%ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေသည် ၃ပုံ ၁ပုံ ထက်ကျော်လွန်တဲ့ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ

D/real(wide) (4

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် တတိယပုံမှန် အစည်းအဝေး (ပထမနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒုတိယနေ့) ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး (ပထမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို မနက်ဖြန် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့ (အင်္ဂါနေ့) နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက် ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌပြန်လည် ထွက်ခွာပါပြီခင်ဗျား။ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် တတိယပုံမှန် အစည်းအဝေး (ဒုတိယနေ့)ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့ (အင်္ဂါနေ့) နံနက်(၁၀း၀၀)နာရီ အချိန်တွင် ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄၄(က)အရ ယနေ့အစည်းအဝေးသို့ မတက်ရောက် နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ တင်ပြဖို့ဖြစ်ပါတယ်။

များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်(၁၃)ဦးက မေးမြန်းထားသည့်မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။ ပထမဦးစွာ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်းကမေးခွန်း(၁နှင့်၂)ကိုတစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

D/real(wide) (4

၉၂

ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း ဖြစ်ပါတယ်။

မိုင်းပန်မြို့နယ် အနောက်ဘက်ရှိ လွိုင်နွဲ့ကျေးရွာအနီးရှိ တံတားအမှတ်(၂/၈၁) သစ်သားတံတားနှင့်စပ်လျဉ်းသည့် မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပန်မြို့နယ် အနောက်ဘက်ရှိ လွိုင်နွဲ့ကျေးရွာအနီးတွင် တံတားအမှတ်(၂/၈၁)သည် မိုင်တိုင် (၈၀/၂) နှင့် (၈၀/၃) ကြားတွင် တည်ရှိပြီး တံတား၏ အလျား ၄၆ ပေ ရပါတယ်။ ယင်းတံတားသည် သစ်သားတံတားဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်းများစွာက ဆောက်လုပ်ထားသော တံတားဖြစ်သည်။ ထို့ကြောင့်တံတားအမှတ်(၂/၈၁) အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကွန်ကရစ် တံတားအဆင့်သို့ တိုးမြှင့်ဆောက်လုပ် ပေးမည့် အစီအစဉ်ရှိ/မရှိ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးခွန်းမေးမြန်းအပ်ပါတယ်။

မေးခွန်း နံပါတ်(၂)ကို တစ်ဆက်တည်း မေးမြန်းသွားမှာ ဖြစ်ပါ တယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပန် မြို့နယ်သည် မိုင်းတုံမြို့နယ်နှင့် နယ်နိမိတ် ဆက်စပ်တည်ရှိသော မြို့ဖြစ်ပြီး ထိုလမ်းပိုင်းကို အသုံးပြု၍ မိုင်းပန်မှတစ်ဆင့် မိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်သို့ ခရီးသွားပြည်သူများ နေ့စဉ် အမြဲဖြတ်သန်း သွားလာလျက်ရှိပါသည်။ မိုင်းပန်မှ တာဆန်းသို့ ၃၃

D/real(wide) (4

၉၀

ဦးလင်းအောင်ဆွေ၊ အတွင်းရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ အတွင်းရေးမှူး၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ အကြောင်းအမျိုးမျိုးဖြင့် တက်ရောက်နိုင်ခြင်းမရှိသည့် ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်အား လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရသည့်အတွက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြမှုအပေါ်တွင် ခွင့်ယူသူ၏ကိုယ်စားအဖြစ် တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်ကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၃၆)ဦး ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇) ဦး ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦး ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ ၈ ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်နယ် လွှတ်တော်၏ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

ကတ္တရာလမ်းသစ် တည်ဆောက်သွားမှာဖြစ်ပါတယ်။ ကျန်အမာခံလမ်း ၁၁မိုင်အား ၁၂ ပေ အကျယ် ကတ္တရာလမ်းသစ် တည်ဆောက် ရန်အတွက် လိုအပ်သည့်ငွေကျပ်သန်း ၂၀၁၈.၅၀ သန်းဖြစ်ပြီး ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် ပြည်နယ်ဖြည့်စွက်ရန်ပုံငွေ စာရင်းမှာ တင်ပြတောင်းခံထားပါတယ်။ ရန်ပုံငွေမရရှိပါက ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မူဆယ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ဦးစိုင်းကျော်သိန်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အားလုံးရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းကျော်သိန်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမည့်မေးခွန်းကတော့ မူဆယ်မြို့နယ်အတွင်းမှာရှိသည့် မန်ဟီးရိုးမြို့နယ်ခွဲ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၌ လစ်လပ်လျက်ရှိသည့် တာဝန်ခံဆရာဝန်အား ခန့်အပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

မူဆယ်မြို့နယ်အတွင်းမှာရှိသည့် မန်ဟီးရိုးမြို့နယ်ခွဲသည် ရပ်ကွက် (၃)ခု၊ ကျေးရွာအုပ်စု (၄)အုပ်စု၊ ကျေးရွာပေါင်း (၁၆) ရွာဖြင့် ၂၀၀၂ ခုနှစ်က မြို့နယ်ခွဲအဖြစ် သတ်မှတ် တည်ထောင်ခဲ့ပါတယ်။ မြို့နယ်ခွဲအတွင်းမှာ လူဦးရေ ၆၈၃၄ ဦးရှိပါတယ်။

မိုင်ကွာဝေးပြီး ကတ္တရာလမ်း ဆက်လက်ခင်းရန် ၁၁ မိုင်သာ ကျန်ရှိပါသည်။ ထို့ကြောင့် ကျန်ရှိသောလမ်းပိုင်းများအား ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းဆက်လက်ခင်းပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့ နှုတ်ခွန်းဆက်သဂါဝရပြုအပ်ပါတယ်။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းမေးမြန်းလာသည့် မေးခွန်း (၁ နှင့် ၂)ကို ကြယ်ပွင့်ပြမေးခွန်းနှစ်ခုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် ဦးခွန်ရဲထွေးမှ တစ်ဆက်တည်း ဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။

မေးခွန်း (၁)ကတော့ မိုင်းပန်မြို့နယ် အနောက်ဘက်ရှိ လွိုင်နွဲ့ကျေးရွာအနီး တံတားအမှတ် (၂/၈၁)သည် မိုင်တိုင် (၈၀/၂) နှင့် (၈၀/၃) အကြားတွင် တည်ရှိပြီး အလျား ၄၆ ပေရှိသည့် ဘေလီတံတားဖြစ်ပါကြောင်း၊ ယင်းတံတားသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက တည်ဆောက်ခဲ့ပြီး ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာသောအခါ အန္တရာယ်ရှိနေပါသောကြောင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ချထားဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုကြောင်း မေးမြန်းထားတာဖြစ်ပါတယ်။ မေးခွန်းနှင့် ပတ်သက်၍ နမ့်စန် - မိုးနဲ - မိုင်းတုံ - မိုင်းဆတ်လမ်းမှာ ၁၁၆ မိုင်

D/real(wide) (4

မန်ဟီးရိုးမြို့နယ်ခွဲသည် မူဆယ်မြို့၏ အနောက်ဘက် (၈)မိုင်ခန့် ကွာဝေးပြီး ရွှေလီမြစ်၏ တစ်ဘက်ကမ်း၌ တည်ရှိပါတယ်။ မူဆယ်ဘက်ကို လာမည်ဆိုပါက ကူးတို့ ဖြင့် ရွှေလီမြစ်ကို ဖြတ်ကူး ရပါတယ်။ မန်ဟီးရိုးမြို့နယ်ခွဲနေ ပြည်သူ ၆၈၃၄ ဦး၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် မန်ဟီးရိုးမြို့နယ်ခွဲ၏ ၁၆ ခုတင်ဆံ့ တိုက်နယ် ဆေးရုံကိုသာ အားထားနေရပါတယ်။ တိုက်နယ်ဆေးရုံ၏ဖွဲ့စည်းပုံ အရဆိုလျှင် တာဝန်ခံ လက်ထောက်ဆရာဝန်အနည်းဆုံး ၁ ဦး ခွင့်ပြုထားရှိရမည်ဟုသိရှိထားပါတယ်။

သို့သော် မန်ဟီးရိုးမြို့နယ်ခွဲ၏ တိုယ်နယ်ဆေးရုံသည် ၂၀၁၄ ခုနှစ်မှစပြီး တာဝန်ခံလက်ထောက်ဆရာဝန် ခန့်အပ်ခြင်း မရှိဘဲ လစ်လပ်လျက် ရှိပါတယ်။ မြို့နယ်ခွဲနေ ပြည်သူများ၏ အရေးပေါ်ဆေးကုသမှု၊ အရေးပေါ် ခွဲစိတ်မှု ပေါ်ပေါက်လာလျှင် မူဆယ်ဆေးရုံသို့ ကုန်းတစ်တန်၊ ရေတစ်တန်သွားရောက်ပြီး ဆေးကုသမှုခံယူရပါတယ်။ ဆေးရုံသို့ အချိန်မီမရောက်၍ အသက်ဆုံးရှုံးရမှုတွေလည်း ရှိပါတယ်။ ဆေးရုံ၏ မှတ်တမ်းအရ ဆိုလျှင် လစဉ်ပျမ်းမျှ ပြင်ပလူနာ ၃၀၀ ဦးနှင့် အတွင်းလူနာ ၄ ဦးခန့် ပုံမှန် ဆေးကုသမှု ခံနေရတာကို တွေ့ရပါတယ်။ ဒီအချက်အလက်ကို ကြည့်ခြင်းအားဖြင့် မန်ဟီးရိုးမြို့နယ်ခွဲနေ ပြည်သူများအတွက် အဆင်ပြေစွာ ဆေးကုသမှုခံယူနိုင်ရန်အတွက် တိုက်နယ်ဆေးရုံတွင် တာဝန်ခံ လက်ထောက်ဆရာဝန်တစ်ဦး အမှန်တကယ် လိုအပ်နေလျက် ရှိပါတယ်။

ဒါကြောင့် မူဆယ်မြို့နယ်၊ မန်ဟီးရိုးမြို့နယ်ခွဲ၏ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၌ လစ်လပ်လျက်ရှိသည့် တာဝန်ခံ လက်ထောက်ဆရာဝန်အား ခန့်အပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့်ကာလတွင် ခန့်အပ်ပေးနိုင်မည်ဆိုတာကို

သည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းဖြစ်ပြီး ၎င်းလမ်းမှာ မိုင်တိုင် (၈၀/၂) နှင့် (၈၀/၃) အကြားမှာ ရှိသည့် တံတားအမှတ် ၂/၈၁၊ ၄၆ ပေအရှည်ရှိသည့် သစ်သားတံတား (လွိုင်နွဲ့တံတား) အား ပေ ၆၀ အရှည်သံကူကွန်ကရစ်တံတားအဖြစ် တိုးမြှင့် တည်ဆောက်ရန် အတွက် လိုအပ်ငွေကျပ် ၂၇၃၊ ၇၅ သန်းကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် ပြည်နယ်ဖြည့်စွက်ရန်ပုံငွေစာရင်းတွင် တင်ပြတောင်းခံ ထားပါတယ်။ ဖြည့်စွက်ရန်ပုံငွေမရရှိပါက ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြား တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းကို ဆက်လက်ဖြေကြားပါမယ်ခင်ဗျား။ ဒုတိယမေးခွန်းကတော့ မိုင်းပန်မြို့နယ်သည် မိုင်းတုံမြို့နယ်နှင့် နယ်နိမိတ် ဆက်စပ်တည်ရှိနေသော မြို့နယ်ဖြစ်ပြီး မိုင်းပန် - တာဆန်းလမ်းပိုင်းကို အသုံးပြု၍ မိုင်းပန်မြို့မှတစ်ဆင့် မိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်မြို့များသို့ ခရီးသွားပြည်သူများနေ့စဉ် အမြဲ ဖြတ်သန်းသွားလာလျက်ရှိရာ မိုင်တိုင်အမှတ် ၈၃မှ တာဆန်း မိုင်တိုင် အမှတ် ၁၁၆ သို့ ၃၃ မိုင် ကျန်ရှိနေကြောင်း၊ ၎င်းကျန်ရှိနေသော မိုင်တိုင် ၁၀၅ မှ ၁၁၆ အထိ အရှည် ၁၁ မိုင် တာဆန်းအထိ လမ်းကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်း ဆက်ခင်းပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းထားသည့် မေးခွန်းဖြစ်ပါ တယ်။

ဒီမေးခွန်းနှင့်ပတ်သက်၍ နမ့်စန် - မိုးနဲ - တာဆန်း - မိုင်းတုံ - မိုင်းဆတ်လမ်း၏ ၃၁-၃-၂၀၁၆ ရက်နေ့မှာဖြစ်သည့် လမ်း အမျိုးအစားမှာ မိုင်တိုင် ၀/၀ မှ ၉၆/၀ အထိ ၉၆ မိုင် ကတ္တရာလမ်းနှင့် မိုင်တိုင် ၉၆/၀ မှ ၁၁၆/၀ အထိ ၂၀ မိုင် အမာခံလမ်းဖြစ်ပါတယ်။ ၎င်းအမာခံလမ်းကို မိုင်တိုင် ၉၆/၀ မှ ၁၀၅/၀ အထိ ၉ မိုင်ကို ယခုနှစ်ရရှိရန်ပုံငွေဖြင့် ၁၂ ပေ အကျယ်

D/real(wide) (4

သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း၏ ကျန်းမာရေးကဏ္ဍဆိုင်ရာမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

မူဆယ်မြို့နယ်၊ မန်ဟီးရိုးမြို့နယ်ခွဲ၏ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၌ လစ်လပ်လျက်ရှိသည့် တာဝန်ခံ ဆရာဝန် ခန့်အပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့်ကာလတွင် ခန့်အပ်ပေးမည်ကို သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဦးစီးဌာန၏ ၃၀-၈-၂၀၀၂ ရက်စွဲပါစာအမှတ်၊ ကမဘ/ဃ - ၅၄၇ (၁)/၆၆ အရ မန်ဟီးရိုး တိုက်နယ်ဆေးရုံကို ၁-၁၀-၂၀၀၂ တွင် စတင်ဖွင့်လှစ်၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ခွဲခြံ့ပြု ဝန်ထမ်းအင်အားမှာ တာဝန်ခံဆရာဝန် (၁)ဦး၊ လက်ထောက်ဆရာဝန် (၁)ဦး၊ အထက်တန်းသူနာပြု (၂)ဦး၊ သူနာပြု (၄)ဦး၊ ဆေးစပ် (၁)ဦး၊ တွဲဖက်-၄ (၁)ဦး၊ ဓာတ်မှန်-၄ (၁)ဦး၊ ကြီးကြပ်-၁ (၁)ဦး၊ လုပ်သားဆေးထည့် (၂)ဦး၊ အထွေထွေလုပ်သား (၄)ဦး၊ အစောင့် (၁)ဦး

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကာယသုခ၊ စိတ္တသုခနှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ်ပါတယ်။

ကျွန်တော်အနေနဲ့ နမ့်ဆန်မြို့နယ်၏ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်ပြီး မေးခွန်းအပိုင်း (၃)ပိုင်းခွဲပြီး တစ်ဆက်တည်း မေးမြန်းသွားမှာဖြစ်ပါတယ်။

မေးခွန်းအပိုင်း (၁)ဖြစ်တဲ့ ပထမမေးခွန်းအနေဖြင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့သည် ကျောက်မဲမြို့နှင့် (၇၆) မိုင်ကွာဝေးပါတယ်။ နမ့်ဆန် - သီပေါ - ကျောက်မဲလမ်းနှင့် နမ့်ဆန် - မိုင်းငေါ - ကျောက်မဲလမ်းဆိုပြီး လမ်းနှစ်သွယ်ဖြင့် ဆက်သွယ်ထားပါတယ်။

နမ့်ဆန် - သီပေါလမ်း (၅၄) မိုင်ကို လမ်းဦးစီးဌာနတည်ဆောက်ရေး (၁) အထူးအဖွဲ့ (၆)မှ တာဝန်ယူပြုပြင်ဆောင်ရွက်လျက်ရှိပါတယ်။ ရရှိတဲ့ ရန်ပုံငွေကို တင်ပြရလျှင် ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျပ်သန်း (၂၄၆၂.၅)သန်း၊ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်တွင် (၄၁)သန်း၊ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ်သန်း (၄၂၈)သန်းဖြင့် လမ်းသားချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလှောခင်းခြင်း၊ ရေပြွန်တည်ဆောက်ခြင်း၊ ကွန်ကရစ်တံတားပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအနေအထားအရ နမ့်ဆန် - သီပေါလမ်းအနက် နမ့်ဆန် - လီလုလမ်း ၂၁ မိုင်တွင် နောက်ထပ် ကတ္တရာထပ်ပိုးလှောခင်းရန် ၃ မိုင် ၂ ဖာလုံ ကျန်ရှိနေပါတယ်။

D/real(wide) (4

ၚင်းကျန်ရှိတဲ့ ၃ မိုင် ၂ ဖာလုံကို ကတ္တရာထပ်ပိုးလွှာခင်းရန် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်တွင် တင်ပြတောင်းခံထားသော်လည်း မပါရှိခဲ့ပါ။ ဒါကြောင့် နမ့်ဆန် - သီပေါလမ်းအပိုင်း၊ နမ့်ဆန် - လီလု ၂၁ မိုင်ထဲက ကတ္တရာထပ်ပိုးလွှာခင်းရန် ကျန်ရှိတဲ့ ၃ မိုင် ၂ ဖာလုံကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ ဆောင်ရွယ်ပေးနိုင်ခြင်းမရှိပါက အဘယ့်ကြောင့် ဆောင်ရွက်မပေးနိုင်သေးကြောင်း သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းအပိုင်း (၂)ဖြစ်တဲ့ ဒုတိယမေးခွန်းကတော့ နမ့်ဆန် - မိုင်းငေါ့ - ကျောက်မဲ လမ်းအပိုင်းနှင့်ပတ်သက်ပြီး မေးမြန်းလိုပါတယ်။

နမ့်ဆန် - မိုင်းငေါ့ - ကျောက်မဲလမ်း ၇၆ မိုင်ကို ရှမ်းပြည်နယ်အစိုးရက စီမံခန့်ခွဲခွင့်ရှိတဲ့ လမ်းဖြစ်ပါတယ်။ နမ့်ဆန်မြို့နယ် လမ်းဦးစီးဌာနက တာဝန်ယူရပါတယ်။ ကျောက်မဲမြို့နယ်လမ်းအပိုင်းက ၅၅ မိုင်ဖြစ်ပြီး၊ နမ့်ဆန်မြို့နယ်လမ်းအပိုင်းက ၂၁ မိုင် ၃ ဖာလုံဖြစ်ပါတယ်။

အဲဒီလမ်းက ဗြိတိသျှခေတ်ကတည်းက ဖောက်လုပ်ထားခဲ့တဲ့ လမ်းဖြစ်ပါတယ်။ ယခင်ခေတ်အခါက အဲဒီလမ်းကိုပဲ အဓိကထား သွားလာကုန်စည်ပို့ဆောင်တဲ့လမ်းဖြစ်ခဲ့ပါတယ်။ လီလုလမ်းတွင် လီလုတံတားကို ၁၉၉၄ ခုနှစ်က ဆောက်လုပ်ပြီးစီးကတည်းက နမ့်ဆန် - လီလုလမ်းသာ အသွားများပြီး နမ့်ဆန် - မိုင်းငေါ့ - ကျောက်မဲလမ်း အသုံးပြုမှု နည်းပါးလာပါတယ်။ အမာခံလမ်းအဖြစ် ရောက်ရှိသွား ပါတယ်။ ရရှိတဲ့ရန်ပုံငွေကလည်း နှစ်စဉ် ပြင်/ထိန်းစရိတ် ကျပ် (၅) သန်းသာ ရရှိပါတယ်။

ယခုအခါ အဲဒီ နမ့်ဆန် - မိုင်းငေါ့လမ်းဟာ ကတ္တရာမရှိတော့ဘဲ မိုးရာသီဆိုလျှင် ချိုင့်ခွက်ကြီးများ၊ ဗွက်များနှင့်သာ

D/real(wide) (5

စုစုပေါင်းဝန်ထမ်း (၁၉)ဦးဖြင့် ဖွဲ့စည်းပုံ ခွင့်ပြု ထားသော်လည်း မူဆယ်မြို့နယ်၊ မန်ဟီးရိုးမြို့၏ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၌ လက်ရှိအထက်တန်းသူနာပြု (၂)ဦး၊ သူနာပြု (၂)ဦး၊ ဆေးစပ် (၁)ဦး၊ အထွေထွေလုပ်သား (၂)ဦး၊ စုစုပေါင်းဝန်ထမ်း (၇)ဦးဖြင့် ဆေးရုံလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်း လစ်လပ်လျက်ရှိသည့် ဆရာဝန်များ ခန့်ထားပေးနိုင်ရေးအတွက် ၁၅-၆-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၆၂၅၇/၀ - ၃၂၇/ အစရ (ရှမ်း)ဖြင့် တိုက်နယ်ဆရာဝန် (၃၄)ဦး၊ သွားဖက်ဆိုင်ရာဆရာဝန် (၁၀)ဦး၊ လက်ထောက်ဆရာဝန် (၂၅၆)ဦး၊ စုစုပေါင်း ဆရာဝန်(၃၀၀)ဦးခန့်ထားပေးနိုင်ပါရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြထားပြီးဖြစ်ပါတယ်။

လစ်လပ်လျက်ရှိသည့် တာဝန်ခံ ဆရာဝန် ခန့်အပ်နိုင်ရေးအတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း)သို့ လက်ထောက်ဆရာဝန် (သစ်လွင်များ) ရောက်ရှိလာပါက အတွေ့အကြုံရှိသည့် လက်ထောက် ဆရာဝန်တစ်ဦးကို မန်ဟီးရိုးတိုက်နယ်ဆေးရုံသို့ ဦးစားပေးခန့်ထားရေး အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးအောင်ထွဏ်းက မေးခွန်း (၁၊ ၂၊ ၃)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယ ပုံမှန် အစည်းအဝေးသို့ ကြွရောက် ချီးမြှင့်ပေးပါသော ရှမ်းပြည်နယ်

သွားလာ ခက်ခဲတဲ့လမ်းဖြစ်ပါတယ်။ တစ်ခါတစ်လေ တောင်တွေ ပြိုလျှင် သွားလာရေးပြတ်တောက်ခဲ့ပါတယ်။

အဲဒီလမ်းကို နမ့်ဆန်မြို့နယ် အနောက်ဘက်ခြမ်းက ကျေးရွာအုပ်စု (၈) အုပ်စု၊ မိုင်းငေါ်မြို့နယ်ခွဲက ကျေးရွာအုပ်စု (၃)အုပ်စု စုစုပေါင်း ကျေးရွာအုပ်စု (၁၁) အုပ်စုက လူထုသုံးသောင်းဝန်းကျင်မျှ အဲဒီလမ်းကိုဘဲ အားထား အသုံးပြုလျက် ရှိပါတယ်။

ထို့ကြောင့် ပြည်သူများရဲ့ သွားလာရေး လွယ်ကူအဆင်ပြေစေရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် ၎င်း နမ့်ဆန် - မိုင်းငေါ် - ကျောက်မဲလမ်းကို ကတ္တရာထပ်ပိုးလွှာဖြင့် ထပ်မံပြုပြင်စေလိုပါတယ်။ ကျေးရွာချင်းဆက်လမ်းတွေတောင် ကတ္တရာလမ်းတွေ ဖြစ်နေပါပြီ။ ဒါကြောင့် နမ့်ဆန် -မိုင်းငေါ် - ကျောက်မဲလမ်းပိုင်းကို ကတ္တရာထပ်ပိုးလွှာခင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ မရှိပါက အဘယ်ကြောင့် ခင်းပေးနိုင်ခြင်း မရှိကြောင်း သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ တတိယမေးခွန်းအနေဖြင့် နမ့်ဆန်မြို့နယ်၏ ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်ပြီး မေးမြန်းဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ နမ့်ဆန်မြို့နယ်ဟာ လွန်ခဲ့တဲ့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၄)ရက်၊ မွန်းလွဲ (၁ဒုး၀၀) နာရီတွင် မီးလောင်ကျွမ်းခဲ့ရာ အိမ်ခြေ (၂၀၉)အိမ်၊ အိမ်ထောင်စု (၂၉၂)စု၊ လူဦးရေ (၁၁၇၃) ဦးတို့ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပါတယ်။ လူနေအိမ်များအပြင် အစိုးရရုံးများ၊ ဆက်သွယ်ရေးဖုန်းလိုင်းများ၊ ဖုန်းတိုင်များလည်း မီးလောင်ပျက်စီးခဲ့ပါတယ်။ နမ့်ဆန်မြို့နယ်မှာ ပုဂ္ဂလိကရော၊ ဌာနဆိုင်ရာပါ ကြိုးဖုန်းအလုံးပေါင်း (၃၅၀)ရှိပါတယ်။ မီးလောင်ပျက်စီးသွားတဲ့ ဆက်သွယ်ရေးပိုင် ဆက်စပ်ပစ္စည်းစာရင်းကို တင်ပြရမည်ဆိုလျှင်

ပြည်နယ်မန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ လားရှိုးမြို့ကို တင်ပြထားပြီးဖြစ်သော်လည်း (၅)လကြာသည့် ယနေ့ထိတိုင် အကြောင်းတစ်စုံတစ်ရာ ပြန်ကြားခြင်း၊ ပြန်လည်ပြုပြင်ပေးခြင်း မရှိသေးကြောင်း တွေ့ရှိရပါတယ်။

မီးဘေးသင့်ပြည်သူများ၊ ဌာနဆိုင်ရာများကို ပြန်လည်ထူထောင်ရေး လုပ်ဆောင်ရာမှာ သက်ဆိုင်ရာ အစိုးရအဖွဲ့အဆင့်ဆင့်က အပြည့်အဝ ကူညီဆောင်ရွက်ပေးခြင်း မရှိသေးတာတွေ့ရှိရပါတယ်။ ဒါကြောင့် အတိုက္ခရောက်နေကြရတဲ့ ကျွန်တော်တို့ ပြည်သူတွေကို မေတ္တာကရုဏာရှေ့ထားပြီး အပြည့်အဝ ကူညီပံ့ပိုးပေးပါရန်နှင့် ခုနကတင်ပြထားတဲ့ မီးလောင်ပျက်စီးသွားတဲ့ ဆက်သွယ်ရေးလုပ်ငန်းပိုင်ပစ္စည်းများကို မည်သည့်အချိန်ကာလတွင် ပြန်လည်ပြုပြင်တည်ဆောက်ပေးမည်ဆိုတာကို သိရှိလိုပါတယ်။ ပြန်လည်တည်ဆောက်မည်ဆိုပါက မည်သည့်အချိန်မည်သည့်ဘတ်ဂျက်ဖြင့် တည်ဆောက်ပေးမည်ကို သိရှိလိုပါတယ်။ မရှိပါက အဘယ့်ကြောင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသည်ကို သိရှိလိုပါ၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။
လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းမေးမြန်းလာသည့် မေးခွန်း ၃ ခုနှင့်ပတ်သက်ပြီး တစ်ဆက်တည်း ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

D/real(wide) (5

(၁)	ကွန်ကရစ်တိုင်	၂၈	လုံး
(၂)	200 × 2 ကေဘယ်ကြိုး UG (OH)	၁၀၀	မီတာ
(၃)	100 × 2 ကေဘယ်ကြိုး (OH)	၁၀၀၀	မီတာ
(၄)	70 × 2 ကေဘယ်ကြိုး (OH)	၁၃၀၀	မီတာ
(၅)	50 × 2 ကေဘယ်ကြိုး (OH)	၂၈၀၀	မီတာ
(၆)	40 × 2 ကေဘယ်ကြိုး (OH)	၁၀၀၀	မီတာ
(၇)	30 × 2 ကေဘယ်ကြိုး (OH)	၆၀၀	မီတာ
(၈)	20 × 2 ကေဘယ်ကြိုး (OH)	၁၆၀၀	မီတာ
(၉)	10 × 2 ကေဘယ်ကြိုး (OH)	၁၆၀၀	မီတာ
(၁၀)	D.P	၃၂	လုံး
(၁၁)	OH Joint	၁၄	ခု
(၁၂)	U.Y Connector	၁၀၀၀၀	ခု
(၁၃)	Droup wire	၁၃၀၀၀	မီတာ
(၁၄)	လိုင်းပစ္စည်းစုံ	၂၀	စုံ
(၁၅)	ကြိုးဖုန်း (Auto Phone)	၆၉	လုံး

ဖြစ်ပါတယ်။

လက်ရှိမှာ အရေးကြီးဌာနဆိုင်ရာ တစ်ချို့သာ ကြိုးဖုန်းကို ယာယီတပ်ဆင်ထားသော်လည်း အများစုဖြစ်တဲ့ ဖုန်းအလုံးပေါင်း (၃၀၀)ကျော်အား ယနေ့အထိ ပြန်လည်ပြုပြင်တပ်ဆင်ပေးနိုင်ခြင်း မရှိသေးတာကို တွေ့ရှိရပါတယ်။

နမ့်ဆန်မြို့၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၁၄-၇-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ဧ၃၁/လ-၀ (ဖုန်း) ၂၀၁၆ - ၁၇ (နဆ)ဖြင့်

မေးခွန်းနံပါတ် (၁) နမ့်ဆန် - လီလုလမ်းအပိုင်းနှင့် ပတ်သက်ပြီး နမ့်ဆန် - သီပေါလမ်းသည် သီပေါ - ပန်လုံ - နမ့်ဆန် လမ်းနှင့် အတူတူပင်ဖြစ်ပါတယ်။ သီပေါ - ပန်လုံ - နမ့်ဆန် လမ်းသည် ပြည်ထောင်စုမှစီမံခန့်ခွဲသောလမ်းဖြစ်ပြီး သီပေါမှ နမ့်ဆန်ထိ ၄၈ မိုင် ၄ ဖာလုံ ရှည်လျားပါတယ်။ ကတ္တရာလမ်း ၄၅ မိုင် ၂ ဖာလုံ၊ ကျောက်လမ်း ၃ မိုင် ၂ ဖာလုံဖြစ်ပါတယ်။ အဆိုပါ ကျောက်လမ်း ၃ မိုင် ၂ ဖာလုံအား ကတ္တရာခင်းရန်အတွက် ယခု ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြည်ထောင်စု မူလ ငွေလုံးငွေရင်းရန်ပုံငွေ မပါရှိသေးတဲ့အတွက်ကြောင့် လုပ်ငန်းများ ဆောင်ရွက်ရန်မရှိသေးပါ။

ယခု ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု (ဖြည့်စွက်) ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျောက်လမ်း ၃ မိုင် ၂ ဖာလုံအား ကတ္တရာခင်းရန် တင်ပြတောင်းခံထားပါတယ်။ ဖြည့်စွက်ရန်ပုံငွေမရရှိပါက ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရေး တင်ပြ တောင်းခံထားပါတယ်။ သို့ဖြစ်ပါ၍ ရန်ပုံငွေရရှိသော ဘဏ္ဍာနှစ် တွင် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ် (၂)ဖြစ်ပါတယ်။ နမ့်ဆန် - မိုင်းငေါ့ - ကျောက်မဲလမ်းအပိုင်းနှင့်ပတ်သက်ပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

နမ့်ဆန် - မိုင်းငေါ့ - ကျောက်မဲလမ်းအပိုင်း ကတ္တရာလမ်း ၁ မိုင် ၃ ဖာလုံ၊ ကျောက်လမ်းမိုင် ၂၀ စုစုပေါင်း ၂၁ မိုင် ၃ ဖာလုံ အရှည်အား ၁၈-၁၁-၂၀၁၅ ရက်နေ့မတိုင်မီ ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး ၁၈-၁၁-၂၀၁၅ ရက်နေ့မှစ၍ ပြည်နယ် အစိုးရမှ တာဝန်ယူဆောင်ရွက်ရပါတယ်။ ၎င်းလမ်းကို

D/real(wide) (5

တစ်လမ်းလုံး ကတ္တရာလမ်း အဆင့်တိုးမြှင့် ဆောင်ရွက်နိုင်ရန် အတွက် နှစ်စဉ် ရန်ပုံငွေတောင်းခံ၍ ဆောင်ရွက်သွားပေးမည်ဖြစ် ကြောင်း တင်ပြဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ် (၃)ဖြစ်ပါတယ်။ ဆက်သွယ်ရေး ကဏ္ဍဖြစ်ပါတယ်။ နမ့်ဆန်မြို့မီးဘေးတွင် မီးလောင်ပျက်စီး သွားသော ဆက်သွယ်ရေးလုပ်ငန်းပိုင် ပစ္စည်းများ များစွာဖြစ်ပါ တယ်။ ဒါတွေကို ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက် ဦးဆောင် ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ နေပြည်တော်သို့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပြည်နယ်မန်နေဂျာ မှ ၁၄-၃-၂၀၁၆ ရက်စွဲစာအမှတ်၊ စမက/လင - ငွေလုံးငွေရင်း/ ၂၀၁၅ - ၁၆/၀၃၈၂ အရ တင်ပြထားရှိခဲ့ပါတယ်။ ဒါ့အပြင် ၉-၉-၂၀၁၆ ရက်နေ့ အစည်းအဝေးတွင်လည်း ပြည်နယ်မန်နေဂျာ (ရှမ်း/မြောက်)မှ ဆက်လက်ပြီး ထပ်မံ တင်ပြ တောင်းခံထားပါ တယ်။ ယခုအခါတွင် လိုအပ်သောပစ္စည်းများ စုဆောင်းခြင်း၊ ဝယ်ယူခြင်း၊ စတင်ပို့ဆောင်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြ ဖြေကြားအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်လောင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးခွန်စောအောင်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်စောအောင်၊ ပင်လောင်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါ

၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်း စုစုပေါင်း ၆ မိုင် ၄ ဖာလုံ ကျောက်လမ်း ခင်းခြင်း၊ တံတား (၃)စင်းအား ကြမ်းခင်း ပြုပြင်ခြင်း၊ ၃၅ ပေ အရှည် မြေကာနံရံ (၂)ခု တည်ဆောက်ခြင်း၊ လမ်းသားပဲ့ကျနေသည့် နေရာ အား မျောခရစ်ရိုက်လမ်းတာဘောင် ပြုပြင်ခြင်း၊ မိုင်တိုင် ၅၅ မှ ၇၆ အတွင်း သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ၂၁ မိုင် ၃ ဖာလုံတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၂ - ၂၀၁၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ (၄၆၊ ၈၇၅) သန်းဖြင့် မိုင်တိုင် ၆၂/၀ မှ ၆၃/၄ အတွင်း လမ်းချိုင့် ခွက်ဖြည့်ပြုပြင်ခြင်း၊ ၁ မိုင် ၄ ဖာလုံ၊ မိုင်တိုင် ၅၅/၀ မှ ၇၆/၃ အတွင်း မိုးဒဏ်ကြောင့် တောင်ပြိုမြေများ ဖယ်ရှားခြင်း၊ ချိုင့် ခွက်ဖြည့်ခြင်း စုစုပေါင်း စတုရန်းပေ (၄၈၀၀) ရေပြွန်တည်ဆောက်ခြင်း (၁)စင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ၂၁ မိုင် ၃ ဖာလုံတို့ကို ဆောင်ရွက်ခဲ့ ပါတယ်။ ထို့အတူ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ (၁၈၀၊ ၈၂၅)သန်းဖြင့် မိုင်တိုင် ၇၅/၀ မှ ၇၆/၃ အတွင်းမှာ ၁ မိုင် ၃ ဖာလုံကို ကတ္တရာ လမ်းခင်းခြင်း၊ မိုင်တိုင် ၅၅/၀ မှ ၇၆/၀ အတွင်း မြေကာနံရံ တည်ဆောက်ခြင်း ၁၂၅ ပေ၊ ၅ ပေ တံတားတည်ဆောက် ခြင်း (၁)စင်း၊ မိုင်တိုင် ၅၉/၃ မှ ၅၉/၄ အတွင်း တံတားပြုပြင်ခြင်း (၁)စင်း၊ မိုင်တိုင် ၅၅/၀ မှ ၇၆/၃ အတွင်း သာမန်ပြင်ဆင်ထိန်းသိမ်း ခြင်း ၂၁ မိုင် ၃ ဖာလုံတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ (၁၂၊ ၉၆၂)သန်းဖြင့် မိုင်တိုင် ၅၅/၀ မှ ၇၆/၃ အတွင်း သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ၂၁ မိုင် ၃ ဖာလုံ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ (၃၅၊ ၈၀၂)သန်းဖြင့် လမ်းချိုင့်ခွက်ဖြည့်ပြုပြင်ခြင်း စတုရန်းပေ ၆၃၃၆၀ ပေ၊ မိုင်တိုင် ၆၅/၀ မှ ၇၅/၀ အတွင်း ကီလိုတိုင် စိုက်ထူခြင်း (၁၆) တိုင်နှင့် မိုင်တိုင် ၅၅/၀ မှ ၇၆/၃ အတွင်း

D/real(wide) (5

တယ်။ ကျွန်တော်ကတော့ ပင်လောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးခွန်စောအောင်ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပင်လောင်းမြို့နယ်အတွင်းရှိ ပေါင်းလောင်းနဂါးမြေသားလမ်းသည် ၁၉ မိုင်ခန့်ရှိပြီး ကိုယ်ထူကိုယ်ထဖောက်လုပ်ထားသောမြေသားလမ်းဖြစ်ပါတယ်။ ကျေးရွာအုပ်စုပေါင်း (၄)အုပ်စုနှင့် ကျေးရွာ (၄၈)ရွာ၊ အိမ်ခြေ (၂၉၃၇)အိမ်၊ အိမ်ထောင်စု (၃၀၃၉)စု၊ လူဦးရေ (၁၄၃၀၂)ဦးအတွက် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ ဤလမ်းကိုသာ အားထားအသုံးပြုလျက်ရှိပြီး ကုန်စည်စီးဆင်းသောလမ်းလည်းဖြစ်ပါတယ်။ ထို့ကြောင့် လာမည့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်စပြီး နှစ်အလိုက် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မရှိပါက အဘယ်ကြောင့် မရှိသည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆွေးနွေးမေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်လောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ဦးခွန်စောအောင် မေးမြန်းသည့် မေးခွန်းကို ကျွန်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်မှ ပြန်လည်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

သာမန်ပြင်ဆင် ထိန်းသိမ်းခြင်း ၂၁ မိုင် ၃ ဖာလုံတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

ယခု ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ (၂၀၁၊ ၈၅) သန်းဖြင့် မိုင်တိုင် ၇၀/၀ မှ ၇၃/၀ အတွင်း မူလလမ်းအား ပျမ်းမျှ ၁၃ ပေ အကျယ်မှ ပေ ၃၀ အကျယ်ရရှိရန် မြေသားလမ်းခဲ့ခြင်း၊ မိုင်တိုင် ၆၅/၀ မှ ၇၅/၀ အတွင်း ၅ ပေ တံတား (၅)စင်း တည်ဆောက်ခြင်း၊ မိုင်တိုင် ၆၇/၆ မှ ၇၀/၄ အတွင်း မြေကာနံရံ ပေ၉၀ တည်ဆောက်ခြင်းနှင့် မိုင်တိုင် ၅၅/၀ မှ ၇၆/၃ အတွင်း သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ၂၁ မိုင် ၃ ဖာလုံတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်မှစပြီး ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်အထိ နှစ်စဉ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေများဖြင့် ဖော်ပြပါအတိုင်း ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ ပြည်နယ်အစိုးရမှ ခွင့်ပြု ရန်ပုံငွေ (၂၀၁၊ ၈၅)သန်းဖြင့် ၎င်း နမ့်ဆန် - မိုင်းငေါ် - ကျောက်မဲလမ်းအပိုင်းကို တိုးတက်ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများအတွက် ပထမအဆင့်ဖြစ်သော မြေသားလမ်းခဲ့ခြင်း၊ လမ်းပေါက်ချိုင့်ခွက်များပြုပြင်ခြင်း၊ တောင်ပြုလေ့ရှိသော နေရာများ၊ လမ်းသားပဲ့ကျသောနေရာများအား ကျောက်စီမြေကာနံရံများ ဆောင်ရွက်ခြင်း၊ လိုအပ်သောနေရာများ၌ ရေထုတ်ပေါက်၊ တံတားများဆောင်ရွက်ခြင်းတို့ကို ဦးစွာ ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် အတွင်း ယခုနှစ် မြေသားလမ်းခဲ့သောအပိုင်း ၃ မိုင် ကျောက်လမ်းခင်းခြင်းနှင့် မြေသားလမ်းခဲ့ရန် လိုအပ်သည့်နေရာများမှာ ၅ ပေ တံတားများတည်ဆောက်ခြင်း၊ မြေကာနံရံများ တည်ဆောက်ခြင်းလုပ်ငန်းများ တောင်းခံထားပြီး ဖြစ်ပါတယ်။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှစပြီး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းနှင့် ၎င်းလမ်း

D/real(wide) (5

မေးမြန်းလာသည့်မေးခွန်းကတော့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အတွင်း ကျေးရွာအုပ်စု (၄)အုပ်စုနှင့် ကျေးရွာပေါင်း (၄၈)ရွာမှ အိမ်ခြေ (၂၉၃၇)အိမ်၊ အိမ်ထောင်စု (၃၀၃၉)စုနှင့် လူဦးရေ (၁၄၃၀၂)ဦးအတွက် လာမည့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်း မိုင် ၁၉ မိုင်အား ဘဏ္ဍာရေး နှစ်အလိုက် ဆောင်ရွက်ပေးနိုင်မှု အစီအစဉ် ရှိ/မရှိ သိလိုသည့် မေးခွန်းနှင့်ပတ်သက်ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်အတွင်းမှာရှိသည့် ကျေးရွာအုပ်စု (၄) အုပ်စု၊ ကျေးရွာ (၄၈)ရွာ၊ အိမ်ခြေ (၂၉၃၇)အိမ်နှင့် အိမ်ထောင်စု (၃၀၃၉)စု၊ လူဦးရေ (၁၄၃၀၂)ဦး အသုံးပြုလျက်ရှိသော ဆည်ခေါင်း - နောင်မွန် - ပင်ခင် - ကင်မွန်းချုံ - ထင်းရှူးတောင် (နဂါးလမ်း) ကျေးရွာချင်းဆက် မြေသားလမ်း (၁၉) မိုင်အနက် ဆည်ခေါင်း - နောင်မွန် - ပင်ခင်လမ်း ပိုင်း (၁) မိုင် ကျောက်ချောခင်းခြင်းလုပ်ငန်းအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် (၇၇၀၀၉) သန်းဖြင့် အကောင် အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျန်ရှိသည့် မြေသား လမ်း (၁၈)မိုင်အား ဘဏ္ဍာရေးနှစ်အလိုက် လျာထားဆောင်ရွက် ပေးသွားမည်ဖြစ်ပါတယ်။

ဒေသဆိုင်ရာ လမ်း၊တံတားများဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်)၏ လမ်းညွှန်ချက်အရ ရှမ်းပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးလက်လမ်း၊ တံတားများ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေး အတွက် ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၃၀ - ၂၀၃၁ ခု ဘဏ္ဍာရေးနှစ်ထိ (၁၅)နှစ်အား (၅)နှစ်စီမံကိန်းများ ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန်အတွက် စီမံကိန်းများမှ လျာထားရေးဆွဲဆောင်ရွက်လျက်

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နမ့်စန်မြို့နယ်သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင် ခရိုင်အတွင်းတွင် အထူးစည်ကားသည့် မြို့နယ်တစ်မြို့ဖြစ်ပါတယ်။ နမ့်စန်မြို့နယ်တွင် မြို့ပေါ် ရပ်ကွက် (၅)ခု၊ ကျေးရွာအုပ်စု (၁၅)ခု၊ ခိုလှမ်မြို့တွင် ရပ်ကွက် (၆)ခု၊ ကျေးရွာအုပ်စု (၅)ခု တည်ရှိပြီး လူဦးရေ (၉၀၆၅၈)ဦးခန့်ရှိပါတယ်။ နမ့်စန်မြို့နယ် အတွင်း နယ်မြေခံ ဌာနချုပ်တပ်ရင်းတပ်ဖွဲ့များနှင့် ခိုလမ် မြို့နယ်ခွဲတွင် တိုင်းစစ်ဌာနချုပ် အပါအဝင် ဌာနချုပ် တပ်ရင်းတပ်ဖွဲ့များတည်ရှိနေပြီး အစိုးရဌာန ဆိုင်ရာ မြို့နယ်ရုံး (၃၃)ရုံး တည်ရှိနေသည့် မြို့နယ်ဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့နယ်သည် နမ့်စန် - တောင်ကြီး၊ နမ့်စန် - ကျိုင်းတုံ၊ နမ့်စန် - မိုင်းတုံ - မိုင်းဆတ် သွားသည့် ကားလမ်းမကြီးများ၏ ဆုံရာမြို့တစ်မြို့အဖြစ် ထင်ရှားတည်ရှိနေသည့် မြို့နယ်တစ်မြို့နယ်ဖြစ်ပါ တယ်။

ပြည်ထောင်စုမဟာဓာတ်အားလိုင်းကွန်ရက် National Grid Power System နှင့် ကျိုင်းတောင်းရေအားလျှပ်စစ် ပင်မ မဟာဓာတ်အားလိုင်းခွဲတိုက်ဆက်ထားသည့် ၁၃၂ ကေဗွီအော၊ မဟာဓာတ်အားခွဲရုံကိုလည်း နမ့်စန်မြို့နယ် အမှတ် (၂) ကျေးရွာတွင် တည်ရှိထားပြီးဖြစ်ပါတယ်။ နမ့်စန်မြို့နယ်တွင် လက်ရှိ ဓာတ်အား ဖြန့်ဖြူးပေးနေသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၅၀.၅၆ မိုင်နှင့် မကြာမီကာလ ၃၃ ကေဗွီ နမ့်စန်-နားရိုင်းဓာတ်အားလိုင်း ၃၆.၈ မိုင်တို့ကို ထိန်းသိမ်းနိုင်ရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ (၁)ဦး၊ လျှပ်စစ်ကျွမ်းကျင် (၃)ဦးတို့ဖြင့်သာ လုပ်ငန်းဆောင်ရွက်ရမည် ဖြစ်သဖြင့် ထပ်မံ၍ လျှပ်စစ်ကျွမ်းကျင် သို့မဟုတ် နေ့စားလိုင်းဝန်ထမ်း (၁၀)ဦး လိုအပ်မှာဖြစ်ပါတယ်။

နမ့်စန် ပင်မဓာတ်အားခွဲရုံတွင် လက်ရှိ နမ့်စန်မြို့အတွက် ဓာတ်အားဖြန့်ဖြူးပေးနေသည့် ၆၆/၁၁ ကေဗွီ 5 MVA

D/real(wide) (5

ထရန်စဖော်မာနှင့် မကြာမီကာလတွင် နားရိုင်းဒေသကို ဓာတ်အား လိုင်းပို့လွှတ်တော့မည့် ၆၆/၃၃ ကေဗွီ 10 MVA ထရန်စဖော်မာ ၂ လုံးတို့အတွက် ၆၆ ကေဗွီ ဓာတ်အားခွဲရုံ ဝန်ထမ်း ဖွဲ့စည်းပုံအရ အင်အား (၂၀)ကို ထပ်မံလိုအပ်မှုဖြစ်ပြီး ၃၃/၁၁ ကေဗွီ 5 MVA မိုင်းစိတ်ဓာတ်အားခွဲရုံအတွက်လည်း ခွဲရုံးဖွဲ့စည်းပုံအရ အင်အား (၆)ဦး ထပ်မံလိုအပ်နေပါတယ်။

ကျွန်တော်တို့ မြို့နယ်ရှိ လျှပ်စစ်အင်ဂျင်နီယာရုံး၏ ယခင်မူလ ဖွဲ့စည်းပုံအရ လက်ထောက်အင်ဂျင်နီယာ (၁)ဦး၊ ဒုလက်ထောက်ကြီးကြပ်ရေးမှူး (၁)ဦး၊ လျှပ်စစ်ကျွမ်းကျင် -၄ (၂)ဦး၊ လျှပ်စစ်ကျွမ်းကျင်-၅ (၁)ဦး၊ နေ့စားဝန်ထမ်းစာရင်းကိုင် (၃)ဦး၊ နေ့စားမြီစားစာရေး (၃)ဦးတို့ဖြင့်သာ လုပ်ငန်းဆောင်ရွက်လည်ပတ်နေရပါတယ်။ ယခုအခါနမ့်စန်မြို့နယ်အတွင်း ဟိုင်းနားကြီးကျေးရွာအုပ်စု၊ နားရိုင်းဒေသအတွင်းရှိကျေးရွာများ၊ မိုင်းစိတ်ကျေးရွာအုပ်စု၊ မိုင်းစိတ်ရွာ၊ ဗန်းဟင်ကျေးရွာအုပ်စု၊ တွန်ကြိုင်း၊ ခိုမုတ်၊ ဝမ်ဟယ်ရွာများကို လျှပ်စစ်မီး ၃၃ ကေဗွီ ဓာတ်အားလိုင်းတိုင်ထောင်ခြင်း၊ ကြိုးဆွဲခြင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းတိုင်ထောင်ခြင်း၊ ကြိုးဆွဲခြင်း၊ ထရန်စဖော်မာ တည်ဆောက်ခြင်းအစရှိသည့် ကျေးရွာမီးလင်းရေးလုပ်ငန်းတွေကို လက်ရှိရှိနေသည့် ဝန်ထမ်းအင်အား အနည်းငယ်နှင့် သက်ဆိုင်ရာကျေးရွာအုပ်စုရုပ်မိရုပ်ဖတွေပူးပေါင်းဆောင်ရွက်နေပြီဖြစ်သော်လည်း မြို့ပေါ်ရုပ်ကွက်ရှိလျှပ်စစ်မီးသွယ်တန်းထားပြီးသား ကျေးရွာအုပ်စုများတွင်ရှိသည့် ကျေးရွာတွေကို မီတာဖတ်ခြင်း၊ ဓာတ်အားခကောက်ခံခြင်း၊ ဓာတ်အားလိုင်းပြုပြင်ထိန်းသိမ်းခြင်း အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်ရသည့်အခါဆောင်ရွက်ရသည့် လုပ်ငန်းနှင့်ဝန်ထမ်းအင်အား အချိုးမမျှတမှုအတွက်များစွာ အခက်အခဲဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါတယ်။

ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြသော လမ်းအရှည် (၁၈) မိုင်အား ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအား ဆက်လက် ဆောင်ရွက်ပေးနိုင်ရန် စီမံကိန်းတွင် ထည့်သွင်းလျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးလင်းအောင်ဆွေက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်၊ ဝန်ကြီး များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဂါရဝပြု ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေဖြစ်ပါတယ်။

ကျွန်တော်အနေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင် ခရိုင်၊ နမ့်စန်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတွင် လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဝန်ထမ်းအင်အားအချိုးမမျှတသဖြင့် ဝန်ထမ်းအင်အား ထပ်မံခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ် ရှိပါကမည်သည့် အချိန်ကာလတွင် ဖြည့်တင်းခန့်ထား တိုးမြှင့်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

D/real(wide) (5

ကေဒီထရန်စဖော်မာ (၈၁) လုံး၊ ၃၃/၀.၄ ကေဒီ ထရန်စဖော်မာ (၅) လုံး ရှိပါတယ်။ ဝန်ထမ်းဖွဲ့စည်းပုံအင်အားမှာ လက်ထောက်အင်ဂျင်နီယာ (၁)ဦး၊ ဒုလက်ထောက်ကြီးကြပ်ရေးမှူး (မီတာ) (၁)ဦး၊ လျှပ်စစ်ကျွမ်းကျင် -၄ (၂)ဦး၊ လျှပ်စစ်ကျွမ်းကျင် -၅ (၁)ဦး၊ အစောင့် (၁)ဦး၊ စုစုပေါင်း (၆)ဦးဖြင့် ဖွဲ့စည်းထားရှိပြီး အမြဲတမ်းဝန်ထမ်း (၅)ဦး ခန့်အပ်ထားရှိသဖြင့် (၁)ဦး လိုအပ်ပါတယ်။ နေ့စားဝန်ထမ်း (၆)ဦးခန့်အပ်ထားရှိသဖြင့် စုစုပေါင်းဝန်ထမ်း(၁၁)ဦးခန့်အပ်ထားရှိပါတယ်။ ဝန်ထမ်းတစ်ဦးလျှင် မီးသုံးစွဲသူ (၅၀၀)ဦး အချိုးရှိပါတယ်။ ဌာန၏သတ်မှတ်ချက်အရ ဝန်ထမ်း (၁)ဦးလျှင် လျှပ်စစ်မီးသုံးစွဲသူ (၈၀၀)ဦး တာဝန်ယူရသဖြင့် နမ့်စန်မြို့နယ်၊ လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ယခုလက်ရှိအခြေအနေတွင် ဝန်ထမ်းအချိုးမျှတမှုရှိသဖြင့် ဝန်ထမ်းထပ်မံခန့်ထားပေးရန် အစီအစဉ်မရှိကြောင်းတင်ပြပါတယ်။

နောက်နောင်အထက်ကျိုင်းတောင်းရေအားလျှပ်စစ် ပြီးစီးပြီး ခွဲရုံများ ပြန်လည်တည်သည့်အခါမှသာလျှင် လိုအပ်သည့် ဝန်ထမ်းများကို ပြည်ထောင်စုသို့ တင်ပြ၍ တောင်းဆိုပြီးမှ ခန့်အပ်ပေးမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်နန်းခင်ထားရီက ပထမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏

နမ့်စန်မြို့ပေါ် ရပ်ကွက်များတွင် လျှပ်စစ်မီး ဓာတ်အားမီတာ သုံးစွဲသူ (၅၄၄၉)ဦး ရှိနေတာကြောင့် မီးသုံးစွဲသူ (၈၀၀)မှာ မီတာ စာရေး (၁)ဦးနှုန်းဖြင့် ခန့်ထားလျှင်ပင် (၇)ဦး လိုအပ်မှာဖြစ်ပြီး လက်ရှိ မီတာစာရေး (၁)ဦး၊ နေ့စားမီတာစာရေး (၃)ဦးသာ ရှိတာကြောင့် မီတာစာရေး (၃)ဦး မဖြစ်မနေ ထပ်မံလိုအပ်မှာဖြစ်ပါတယ်။ မီးသုံးစွဲသူ (၁၂၀၀)ဦးမှာ လယ်ကျာစာရင်းကိုင် (၁)ဦးနှုန်းဖြင့် (၅)ဦး လိုအပ် မှာဖြစ်ပြီး လက်ရှိစာရင်းကိုင်နေ့စား (၃)ဦးသာရှိသဖြင့် (၂)ဦး ထပ်မံ လိုအပ်မှာဖြစ်ပါတယ်။ လျှပ်စစ်ကျွမ်းကျင်အနေဖြင့် မြို့နယ်လျှပ်စစ် အင်ဂျင်နီယာအပါအဝင် လျှပ်စစ်ကျွမ်းကျင်-၄ (၂)ဦး၊ လျှပ်စစ်ကျွမ်းကျင်- ၅ (၁)ဦး၊ စုစုပေါင်း (၄)ဦးသာ ရှိသည့်အတွက် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း (၃)ဦး ထပ်မံလိုအပ်မှာဖြစ်ပါတယ်။ လုပ်ငန်းလိုအပ်ချက်အရ အခြားစီမံရေးဝန်ထမ်းနှင့် စတိုဝန်ထမ်း၊ အစောင့်အစရှိသည့် ဝန်ထမ်းတွေလည်းထပ်မံလိုအပ်သွားမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဖွံ့ဖြိုးတိုးတက်လာသည့် နမ့်စန်မြို့၏ လျှပ်စစ်မီး ကဏ္ဍများအတွက် လက်ရှိ လျှပ်စစ်မီးသုံးစွဲနေမှု၊ သွယ်တန်းနေမှု များလျှင်ပင် ဝန်ထမ်း၏ လက်ရှိအင်အားနှင့် ဆောင်ရွက်နေရသော လုပ်ငန်းအချိုးမညီမျှမှုကြောင့် မလိုလားအပ်သော လုပ်ငန်း နှောင့်နှေးကြန့်ကြာမှု ဝန်ထမ်းများ၏ လုပ်ငန်းတာဝန်များပြား၍ ဝန်ပိမှုများ ဖြစ်လာသည့်အပြင် ယခု အစိုးရလက်ထက် ထပ်မံတိုးမြှင့်ဆောင်ရွက်ပေးမည့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုဆက်လက်ဆောင်ရွက်မည်ဆိုပါကလုံလောက်သော လျှပ်စစ်ဝန်ထမ်းအင်အား မဖြစ်မနေ လိုအပ်ချက် စိန်ခေါ်မှုများ ရှိလာနိုင်မှာဖြစ်သည့်အတွက် နမ့်စန်မြို့ လျှပ်စစ်အင်ဂျင်နီယာရုံးသို့ တင်ပြပါ လျှပ်စစ်ဝန်ထမ်း မိတာစာရေး (၃)ဦး၊ စာရင်းကိုင် (၂)ဦး၊ လျှပ်စစ်ကျွမ်းကျင် (၃)ဦး၊ နမ့်စန် - နားရိုင်း ၃၃ ကေဒွီ ဓာတ်အား

D/real(wide) (5

ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီဖြစ်ပါတယ်။ ကျွန်မမေးမည့်မေးခွန်းကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်မြို့၊ မိုင်းယု (၁၀၅)မိုင် ကုန်စည်စစ်ဆေးရေးဂိတ်နှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကိုမေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်မြို့၊ မိုင်းယု (၁၀၅)မိုင် ကုန်စည်စစ်ဆေးရေးဂိတ်သည် မြန်မာနိုင်ငံ၏ သွင်းကုန်၊ ထုတ်ကုန် အဓိကစီးဆင်း ဝင်ထွက်သည့် တံခါးပေါက်ဖြစ်သည်ကို အားလုံး သိရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် မူဆယ်မြို့၊ မိုင်းယု (၁၀၅)မိုင် ကုန်စည်စစ်ဆေးရေးဂိတ်နှင့်စပ်လျဉ်း၍ မေးမြန်းလိုသည်မှာ-

(၁) မူဆယ်၊ မိုင်းယု (၁၀၅)မိုင် ကုန်စည်စစ်ဆေးရေးဂိတ်ကို မည်သည့်ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီးယခုနှစ်ထိ မည်မျှ ကြာမြင့်ပြီးဖြစ်ကြောင်း။

(၂) တစ်နေ့လျှင် ပျမ်းမျှကားအစီးရေ မည်မျှ ဖြတ်သန်းပြီး တစ်နေ့လျှင် အခွန်ကောက်ခံရငွေ မည်မျှ ရရှိကြောင်း။

(၃) (က) ဥပမာ- ပြောင်းတင်လာသော ကုန်တင်ကား (၁၂)ဘီး တစ်စီးလျှင် Agent ခ (၂၈၀၀၀)ကျပ် ပေးချေနေရသည်။ ကားသမားကိုယ်တိုင် ဆောင်ရွက်နိုင်သော်လည်း ဆောင်ရွက်ခွင့်မရဘဲ Agent ခ (၂၈၀၀၀)ကျပ် ပေးချေနေရသည်မှာ အဘယ်ကြောင့်နည်း။

လိုင်း ၃၆၊ ၈ မိုင်တို့ကို ထိန်းသိမ်းရန်အတွက် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း (၁၀)ဦး၊ နားရိုင်း ၆၆/၃၃ ကေဗွီ 10 MVA ထရန်စဖော်မာ ၂ လုံးအတွက် ၆၆ ကေဗွီ ရုံးဝန်ထမ်း (၂၀)ဦး၊ ၃၃/၁၁ ကေဗွီ 5 MVA မိုင်းစိတ်ဓာတ်အားခွဲရုံ၊ ခွဲရုံဖွဲ့စည်းပုံအရ ဝန်ထမ်း (၆)ဦးတို့ကို ထပ်မံဖြည့်တင်းခန့်ထားပေးနိုင်ခြင်းရှိ/မရှိ၊ ဖြည့်တင်းပေးနိုင်မည်ဆိုပါက မည်သည့်ကာလတွင် ဖြည့်တင်း ခန့်ထား တိုးမြှင့်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးထံမှ တစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးဆွေသိန်း၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ရှမ်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဦးဆွေသိန်းဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား လွှဲအပ်ခံရပြီး၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေမေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

နမ့်စန်မြို့နယ်တွင် လျှပ်စစ်အင်ဂျင်နီယာရုံး လက်အောက်တွင် မီးသုံးစွဲသူဦးရေ (၅၅၀၀)ဦး၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း (၂၈)မိုင်၊ ၁၁ ကေဗွီလိုင်း (၅၀၊ ၅၆) မိုင် ၃၃ ကေဗွီလိုင်း (၃၈၊ ၆) မိုင် ၁၁/၀၊ ၄

D/real(wide) (5

(ခ) ကားတစ်စီးလျှင် အလုပ်သမားခ (၁၄၀၀၀) ကျပ် ပေးချေရခြင်းသည် ကားအတွင်းရှိ ပြောင်းအိတ်များကို တစ်အိတ်မျှ မစရာ မလိုဘဲ အဘယ်ကြောင့် ပေးချေရသနည်း။

(ဂ) မောင်းတံဂိတ်စောင့်ရဲကို ကား(၁)စီးလျှင် (၁၀၀၀)ကျပ်၊ ည (၈)နာရီကျော်ပါက (၂၀၀၀) သို့မဟုတ် (၃၀၀၀)ခန့် ပေးချေနေရခြင်းသည် အဘယ်ကြောင့်နည်း။ ကုန်တင် ကား (၁၂)ဘီး (၁)စီး ဂိတ်ထဲဝင်သည်နှင့် ကျပ် (၄၀၀၀၀)မှ ကျပ် (၄၅၀၀၀)ထိ ပေးချေနေသည်ကို တွေ့ရှိရပါတယ်။

(၄) သို့ဖြစ်ပါ၍ မူဆယ်မြို့အနီးရှိ မိုင်းယု (၁၀၅)မိုင် ကုန်စည်စစ်ဆေးရေးဂိတ်သည် ရှမ်းပြည်နယ်အတွက်သာမက မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် အခွန် အခအများဆုံး ကောက်ခံရသည့်ဂိတ်ဖြစ်ပါတယ်။ ၎င်းကောက်ခံရသည့် အခွန်အခများကို နိုင်ငံတော်သို့ မည်မျှပေးသွင်းပြီး နိုင်ငံတော်မှ တစ်ဆင့် ရှမ်းပြည်နယ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် မည်မျှခွဲဝေပေးကြောင်း သိရှိလိုပါတယ်။ အကယ်၍ ခွဲဝေပေးပါက မည်သည့်နည်းဖြင့် ခွဲဝေသနည်း။ အကယ်၍ ခွဲဝေပေးခြင်းမရှိပါက မည်သည့် အတွက်ကြောင့် ခွဲဝေပေးနိုင်ခြင်း မရှိသည်ကို သိရှိလိုသည့်အတွက် ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ

မေးခွန်းနံပါတ် (၂) တစ်နေ့လျှင် ပျမ်းမျှကားအစီးရေ မည်မျှဖြတ်သန်းပြီး တစ်နေ့အခွန်ကောက်ခံငွေ မည်မျှရရှိကြောင်းမေးခွန်းနှင့်ပတ်သက်၍ မူဆယ် (၁၀၅)မိုင်၊ ကုန်သွယ်ရေးဇုန်အတွင်း ပို့ကုန်/ သွင်းကုန်ယာဉ် မိုးတွင်းကာလတစ်နေ့လျှင် ပျမ်းမျှ အနည်းဆုံး ယာဉ်စီးရေ (၅၀၀)ခန့်မှ (၇၀၀) ဝန်းကျင်ခန့်ထိ ဖြတ်သန်းလျက် ရှိပြီး ကုန်သွယ်ရေးဇုန်ရှိ (OSS) အဖွဲ့ဝင်ဌာနများနှင့် ကုန်သွယ်မှု နှင့်ဆက်စပ်နေသည့်ဌာနများ၏ တစ်နေ့ အခွန်ကောက်ခံရရှိမှု ပျမ်းမျှ အနည်းဆုံး ကျပ်သိန်း (၅၁၆၈. ၀၄၄) ခန့်မှ အများဆုံး ကျပ်သိန်း (၆၁၉၆. ၃၀)သိန်းခန့် ကောက်ခံရရှိပါတယ်။

မေးခွန်းနံပါတ် (၃)ကို ဖြေရမည်ဆိုလျှင် ဥပမာ-ပြောင်းတင်သော ကုန်တင်ကား (၁၂)ဘီး တစ်စီးလျှင် Agent ခ (၂၈၀၀၀)ကျပ် ပေးချေနေရသည်။ ကားသမားကိုယ်တိုင် ဆောင်ရွက်နိုင်သော်လည်း ဆောင်ရွက်ခွင့်မရတဲ့ Agent ခ (၂၈၀၀၀)ကျပ် ပေးချေနေရခြင်းမေးခွန်းနှင့်ပတ်သက်၍ တစ်ဖက်နိုင်ငံသို့ တင်ပို့နေသည့် ပြောင်း သည် ကုန်သွယ်ရေးဦးစီးဌာန၊ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် လိုင်စင်လျှောက်ထားရန်မလိုဘဲ License less ဖြင့် ခွင့်ပြုသည့် ပစ္စည်းဖြစ်ပါ၍ ပြည်ပသို့တင်ပို့မည်ဆိုပါက အကောက်ခွန်ဦးစီးဌာနတွင် ပို့ကုန်ကြေညာလွှာ Export Declaration တို့ ဆောင်ရွက်ပြီးမှ ပြည်တွင်းအခွန်များ ဦးစီးဌာနတွင် ၂ % အခွန် ပေးသွင်း၍ တင်ပို့ခွင့်ပြုသည့် ပို့ကုန်ပစ္စည်းဖြစ်ပါတယ်။

ဒါကြောင့် ပို့ကုန်ပစ္စည်းပြောင်းသည် (ITC) ဖြင့် တင်ပို့ခွင့်ပြုသည့် ပို့ကုန်ပစ္စည်း (၁၆၂)မျိုးတွင် ပါဝင်သည့်အတွက် တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင် (ITC) ကတ်ဖြင့်သာ တင်ပို့ဆောင်ရွက်နိုင်ပါတယ်။

D/real(wide) (5

ပြောင်းတင်လာသော (၁၂)ဘီး ယာဉ်မောင်းသည် ယာဉ်ပိုင်ရှင်ထံမှ ယာဉ်ငှားရမ်းခအား တောင်းခံရာတွင် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၌ လုပ်ငန်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် ကုန်ကျစရိတ်များဖြစ်သည့် (ED) ဆောင်ရွက်ခ၊ ယာဉ်ထွက်ခွာရန်အတွက် ကုန်ကျစရိတ်၊ အထွေထွေကုန်ကျစရိတ်စသည်တို့အပါအဝင် စုစုပေါင်းတွက်ချက်ပြီး ပစ္စည်းပိုင်ရှင်ကုန်သည်ထံမှ ယာဉ်ငှားရမ်းခအား ပိုမိုတောင်းခံပြီး မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ ယာဉ်ဝင်ရောက်ချိန်တွင် ယာဉ်မောင်းသည် ယာဉ်ပေါ်တွင် ပါရှိသည့် ကုန်ပစ္စည်းလုံခြုံရေးနှင့် ယာဉ်အန္တရာယ် မဖြစ်စေရေးတို့အတွက်သာ တာဝန်ယူစောင့်ဆိုင်းပြီး အခွန်ဆောင် ခြင်း၊ ယာဉ်စစ်ဆေးခြင်း၊ ယာဉ်ထွက်ခွာခွင့်ပြုရန် ရုံးပိုင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ကုမ္ပဏီကိုယ်စားလှယ်Agentအား ယာဉ်တစ်စီးအတွက်မေးခွန်းတွင် ပါရှိသည့် နှုန်းထား (၂၈၀၀၀)ကျပ်အတိုင်း ဆောင်ရွက်ပေးချေပြီး Agent များမှ လုပ်ငန်းဆောင်ရွက်ကြောင်း စုံစမ်းသိရှိရပါတယ်။

ကုန်သွယ်ရေးဦးစီးဌာန၊ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ရုံးပိုင်းဆိုင်ရာ ပို့ကုန်/သွင်းကုန်ကိစ္စများကို ဆောင်ရွက်ရာတွင် တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင်လက်မှတ် (ITC) ကတ်ကိုင်ဆောင်သူသည် (ITC) ကတ်၏ လုပ်နည်းစနစ်များပါ စည်းကမ်းချက်များအရ ကိုယ်တိုင် ပို့ကုန်/သွင်းကုန်လုပ်ငန်းများဆောင်ရွက်ခွင့်ရှိပါတယ်။ ကိုယ်စားလှယ်/ Agent ဖြင့် ဆောင်ရွက်ရန် မလိုပါ။

အလားတူ ကုမ္ပဏီများအပိုင်း၌ ကုမ္ပဏီဖွဲ့စည်းရာတွင် (Form 6, Form 26) ဒါရိုက်တာ အမည်စာရင်းတွင် ပါဝင်သော Managing Director နှင့် Director များမှ မည်သူမဆို

D/real(wide) (6

မေးမြန်းတင်ပြအပ် ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုးညွန့်လွင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်း နှင့် ပြည့်စုံပါစေကြောင်း ဦးစွာ ပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန်အစည်းအဝေးသို့ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ၏ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

နံပါတ် (၁) မူဆယ်၊ မိုင်းယု (၁၀၅)မိုင် ကုန်သွယ်ရေးစစ်ဆေးရေးဂိတ်ကို မည်သည့်ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုနှစ် ၂၀၁၆ ခုနှစ်အထိ မည်မျှကြာမြင့်ပြီးဖြစ်ကြောင်း မေးခွန်းနှင့်ပတ်သက်၍ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်၏ လမ်းညွှန်ချက်အရ ၂၀၀၅ ခုနှစ်တွင် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အား ရည်ရွယ်ချက် (၄)ရပ်ဖြင့် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၆ ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့တွင် ကုန်သွယ်ရေးဇုန်အဖြစ် တစ်ဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ ယခု ၂၀၁၆ ခုနှစ်အထိ ကုန်သွယ်ရေး ဇုန်၏ သက်တမ်းကာလမှာ (၁၀)နှစ်ကျော် ကြာမြင့် ခဲ့ပြီးဖြစ်ပါတယ်။

ကုန်သွယ်မှုလုပ်ငန်းကို တိုက်ရိုက်ဆောင်ရွက်ခွင့်ရှိပါတယ်။ တိုက်ရိုက်ဆောင်ရွက်နိုင်ခြင်းမရှိသည့် ကုမ္ပဏီများမှ ကိုယ်စားလှယ်လို့ခေါ်သည့် Agent များဖြင့် ဆောင်ရွက်နိုင်ပြီး ကုမ္ပဏီ၏ တာဝန်ခံမှုဖြင့် မူဆယ် - နမ့်ခမ်း နယ်စပ်ကုန်သည်ကြီးများ အသင်းမှ ကုမ္ပဏီအလိုက်ထုတ်ပေးထားသည့် ကိုယ်စားလှယ်ကတ် ရရှိထားပါက ပို့ကုန်/သွင်းကုန် ရုံးလုပ်ငန်းများအား ဆောင်ရွက်ခွင့်ရှိပါတယ်။

မည်သည့်ယာဉ်မောင်းမဆို ကုန်သည်ကြီးများအသင်းမှ ထုတ်ပေးထားသည့် သက်ဆိုင်ရာတင်ပို့သည့် ကုမ္ပဏီ၏ ကိုယ်စားလှယ်/ Agent ကတ်ပါရှိပါက ရုံးပိုင်းဆိုင်ရာကိစ္စများကို ကိုယ်တိုင်ဝင်ရောက်ပြီး ဆောင်ရွက်ပိုင်ခွင့်ရှိပါတယ်။ ယာဉ်မောင်းများအား ရုံးလုပ်ငန်းဆိုင်ရာကိစ္စများကို ဆောင်ရွက်ခွင့်မပြုကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားထားခြင်းမရှိပါ။

မေးခွန်းနံပါတ် (၃) ကားတစ်စီးလျှင် အလုပ်သမားခ (၁၄၀၀၀)ကျပ် ပေးချေနေရခြင်းသည် ကားအတွင်းရှိ ပြောင်းအိတ်များကို တစ်အိတ်မျှ မစရာ မလိုဘဲ အဘယ်ကြောင့် ပေးနေရပါ ကြောင်း မေးခွန်းနှင့်ပတ်သက်၍မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်တွင် အကောက်ခွန်ဦးစီးဌာနမှ နေ့စဉ်ပို့ကုန်/သွင်းကုန် ယာဉ်များကို Risk Management စနစ်ဖြင့် (၃)ကြိမ် မဲနှိုက်ပြီး ယာဉ်ထွက်ခွာရန် ခွင့်ပြုပေးလျက်ရှိပါတယ်။ Risk Management မဲစနစ်ဖြင့် ဆောင်ရွက်ရာတွင် Channel (၃)ခုရှိပါတယ်။ Green Channel တွင် ကျသည့်ယာဉ်များသည် ယာဉ်ပေါ်ပါကုန်ပစ္စည်းများကို စစ်ဆေး ခြင်းမပြုဘဲယာဉ်များအားဆောလျင်စွာထွက်ခွာခွင့် ရရှိပြီး Red Channel တွင် ကျသည့် ယာဉ်များမှာ ကုန်ပစ္စည်းများအား တစ်မယ်ချင်း ဖွင့်ဖောက်စစ်ဆေးခြင်းများကို ဆောင်ရွက်ရ

မောင်းတံနှင့် ပန်ဆိုင်းမောင်းတံတို့တွင် လုံခြုံရေးတာဝန်အား တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။

၎င်းမောင်းတံဂိတ် (၃)ဂိတ်အနက် ပန်ဆိုင်းမောင်းတံမှာ နေ့စဉ် (၁၈း၀၀)နာရီအချိန်မှ နောက်တစ်နေ့ (၀၆း၀၀)နာရီထိ ယာဉ်သွားလာမှု စစ်ဆေးရသော်လည်း နေ့စဉ်ယာဉ်သွားလာမှု မရှိပါ။ ကျန်မောင်းတံဂိတ်များတွင် နေ့စဉ် (၂၀း၀၀)နာရီမှ နောက်တစ်နေ့ (၀၅း၀၀)နာရီထိ တာဝန်ထမ်းဆောင်ရပြီး ဖြတ်သန်းသွားလာခွင့်မပြုသဖြင့် လူစီးခရီးသည်တင်ယာဉ်ငယ်များသာ သွားလာပြီး သွားလာသောယာဉ်များအား ငွေကြေးကောက်ခံခြင်း မရှိပါ။ တာဝန်ကျသည့် (OSS) မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဝန်ထမ်းများ ငွေကြေးတောင်းခံမှုရှိခဲ့ပါက တောင်းခံသည့် ဝန်ထမ်းအမည်၊ ရာထူး၊ ပေးခဲ့သည့် ယာဉ်မောင်း/ယာဉ်နောက်လိုက်တို့၏ အမည်၊ မှတ်ပုံတင်နံပါတ်၊ တောင်းခံသည့်နေ့၊ အချိန်၊ မည်သည့်ယာဉ်အမှတ်၊ တင်ဆောင်လာသည့် ကုန်ပစ္စည်း၊ တောင်းခံသည့် ငွေကြေး ပမာဏတို့ကို အသေးစိတ်ဖော်ပြ၍ တိုင်ကြားမည့်သူ၏ အမည်၊ မှတ်ပုံတင်နံပါတ်၊ လိပ်စာတို့ကို အထောက်အထားပြည့်စုံစွာဖြင့် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ တရားဝင် တိုင်ကြားနိုင်ပါတယ်။

မူဆယ်မြို့အတွင်းရှိ မိုင်းယူ (၁၀၅)မိုင် ကုန်စည်စစ်ဆေးရေးဂိတ်သည် ရှမ်းပြည်နယ်အတွက်သာမက မြန်မာနိုင်ငံတစ်နိုင်ငံလုံးအတွက် အခွန်အခအများဆုံး ကောက်ခံရသည့် ဂိတ်ဖြစ်ပါသည်။ ၎င်းကောက်ခံရသည့် အခွန်အခများကို နိုင်ငံတော်သို့ မည်မျှပေးသွင်းပြီး နိုင်ငံတော်မှတစ်ဆင့် ရှမ်းပြည်နယ်အတွက် မည်မျှခွဲဝေပေးကြောင်း သိလိုပါသည်။ အကယ်၍ ခွဲဝေပေးပါက မည်သည့်နည်းဖြင့် ခွဲဝေသနည်း။ အကယ်၍ ခွဲဝေပေးခြင်းမရှိပါက မည်သည့်အတွက်ကြောင့် ခွဲဝေပေးနိုင်ခြင်းမရှိသည်ကို သိရှိလို

D/real(wide) (6

ပါကြောင်း မေးခွန်းနှင့်ပတ်သက်၍ မူဆယ် (၁၀၅)မိုင် ကုန်စည်စစ်ဆေးရေးဂိတ်မှ ကောက်ခံရရှိသော အခွန်အခအားလုံးသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းရခြင်းဖြစ်သည့် အတွက် အဆိုပါ မေးခွန်းနှင့်ပတ်သက်၍ အဆိုရှင်သည် ပြည်ထောင်စုအဆင့်မှသာ မေးသင့်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဒေါ်နန်းခင်ထားရီက ဒုတိယမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။

အားလုံးမင်္ဂလာပါ။ ကျွန်မဒုတိယမေးခွန်းကတော့ သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ရေကာတာစီမံကိန်း (၆)ခုနှင့်စပ်လျဉ်းသည့်မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ အထက်ပါကိစ္စနှင့်ပတ်သက်၍ သံလွင်မြစ်သည် အရှည်မိုင်ပေါင်း (၁၇၅၀) ရှိပြီး မြန်မာပြည်တွင် (၇၉၆)မိုင် ရှည်လျားသည့် သံလွင်မြစ်သည် တရုတ်ပြည်၊ တိဘက်ကုန်းပြင်မြင့်ရှိ ကွန်ဟိုင်းတောင်တန်းများတွင် မြစ်ဖျားခံ၍ မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်မှစတင်စီးဆင်းကာ မွန်ပြည်နယ်တွင် ပင်လယ်အတွင်းသို့ စီးဝင်သည်။ သံလွင်မြစ်သည် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ကို ဖြတ်သန်းစီးဆင်းပြီး ၎င်းပြည်နယ် (၄)ခု၌ နေထိုင်သော တိုင်းရင်းသားများကို အကျိုးပြုစေသည့် မြစ်ဖြစ်သည့်အပြင် လွတ်လပ်စွာ စီးဆင်းနေသော မြစ်တစ်စင်းလည်းဖြစ်ပါတယ်။

သံလွင်မြစ်သည် ငလျင်ကြောပေါ်တွင် တည်ရှိသည့် အတွက် ရေကာတာများ ဆောက်လုပ်မည်ဆိုလျှင် ငလျင်လှုပ်ပါက ကြီးမားသည့် အန္တရာယ်နှင့် ရင်ဆိုင်ရမည်မှာ မြေကြီးလက်ခတ်

D/real(wide) (6

ပါတယ်။ Yellow Channel တွင်ကျသည့် ယာဉ်များသည် X-Ray Machine ဖြင့် စိစစ်ပြီး ယာဉ်များ ထွက်ခွာ ခွင့်ပြုလျက်ရှိ ပါတယ်။

ဒါကြောင့် Green Channel တွင် ကျသည့် ပြောင်းတင်ယာဉ်များကို အလုပ်သမားများမှ ယာဉ်ပေါ်ရှိ ပြောင်းအိတ်များကို တစ်အိတ်မှ လုပ်အားဖြင့်မစရာ၊ ပြောင်းရွှေ့စရာလိုအပ်ဘဲ ယာဉ်ပေါ်ပါရှိသည့် အရေအတွက်အတိုင်း အကောက်ခွန်၏ Risk Management စစ်ဆေးမှု လုပ်ငန်းစဉ်အရ ယာဉ်ထွက်ခွာခွင့်ပြု ပြီး လုပ်အားခပေးချေမှုနှင့်ပတ်သက်၍ ၂၉-၆-၂၀၁၂ ရက်နေ့တွင် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်ဒိုင် ၌ မူဆယ်ခရိုင်အုပ်ချုပ်ရေးအဖွဲ့၊ ဌာနဆိုင်ရာ(OSS) အဖွဲ့များနှင့် ကုန်သည်အသင်းဝင်၊ ကုန်စည်ဒိုင်များ၊ မြို့နယ်ပြည်တွင်း ကုန်တင်/ကုန်ချကော်မတီဥက္ကဋ္ဌ၊ တာဝန်ခံအရာရှိများ ပါဝင်ပြီး ကျင်းပပြုလုပ် သော အလုပ်သမားခ ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ အလုပ်သမားဦးစီးဌာနမှ ပြောင်း/ဆန် တစ်တန်လျှင် (၈၀၀)ကျပ်နှုန်း ကောက်ခံပါကြောင်း၊ ယာဉ် (၁)စီးချင်းအပေါ် တင်ဆောင် သည့် တန်ချိန်အရေအတွက်အပေါ် လုပ်သားများ၏ လုပ်အားခ အဖြစ် သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံလျက်ရှိပါတယ်။

နောက်မောင်းတံဂိတ်စောင့်ရဲကို ကားတစ်စီးလျှင် (၁၀၀၀)ကျပ်၊ ည(၈)နာရီကျော်ပါက (၂၀၀၀)ကျပ် သို့မဟုတ် (၃၀၀၀)ကျပ် ပေးချေရခြင်းသည် အဘယ်ကြောင့်နည်း။ ကုန်တင်ကား (၁)စီး ဂိတ်ထဲဝင်လာသည်နှင့်တစ်ပြိုင်နက် (၄၀၀၀၀)ကျပ် မှ (၅၀၀၀၀)ကျပ် ပေးချေနေရသည်ကို တွေ့ရပါကြောင်း မေးခွန်းနှင့် ပတ်သက်၍ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေး ဇုန်တွင် (OSS) ဌာနဆိုင်ရာအဖွဲ့ဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တာဝန်သည် မိုင်းယု (၁၀၅) မိုင် ဝင်ပေါက်/ထွက်ပေါက် လားရှိုးမောင်းတံ၊ မူဆယ်

(၉) ရေကာတာစီမံကိန်းများကို အကောင်အထည် ဖော်ဆောက်လုပ်ပြီးပါက မည်သည့်ကောင်းကျိုး/ဆိုးကျိုးများရရှိမည်နည်း။

စသည့် အချက်များကို သိရှိလိုသည့်အတွက် ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုးညွှန့်လွင်၊ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ ဦးစွာ ပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒေါ်နန်းခင်ထားရီ၊ သိန်နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ရေကာတာစီမံကိန်း (၆)ခုနှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားရလျှင် ရှမ်းပြည်နယ်အတွင်း ရေအားလျှပ်စစ်စီမံကိန်းများ ဖော်ဆောင်ရာတွင် ရှမ်းပြည်နယ်အစိုးရအနေဖြင့် 30 MW အထိသာ စီမံခန့်ခွဲခွင့်ရှိပါတယ်။ 30 MW အထက်နှင့် အထက် ရေအားလျှပ်စစ်စီမံကိန်းများကြီးမားသည့် စီမံကိန်းတွေဆိုလျှင် ပြည်ထောင်စုအစိုးရကသာ စီမံခန့်ခွဲခွင့်ရှိပါတယ်။

သို့ဖြစ်ပါ၍ အဆိုရှင် မေးထားသော မေးခွန်းကို ပြည်ထောင်စုအဆင့်နဲ့သာ သက်ဆိုင်သည့်အတွက် ပြည်ထောင်စုလွှတ်တော်မှသာ မေးမြန်းသင့်ပါကြောင်း အကြံပြု ဆွေးနွေးပြန်လည် ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မလွဲပါ။ ဥပမာ " ဝ " ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရှိ ဟိုပန်မြို့သည် ၁၄-၈-၂၀၁၆ ရက်နေ့တွင် နမ့်တိန်ချောင်းနှင့် သံလွင်မြစ်တို့ ရေကြီးပြီး မြစ်ရေလျှံသည့်အပြင် တစ်ရက်တည်းတွင် ငလျင် (၃)ကြိမ် လှုပ်ခတ်သည့်အတွက် ပြောင်းခင်း ၈က တစ်ထောင်ကျော်ခန့်နှင့် လယ်၈က ရာချီခန့် ပျက်စီးခဲ့တယ်။ ဟိုပန်မြို့တွင်းရှိ ရပ်ကွက် (၄)ရပ်ကွက် ရေလွှမ်းခြင်းခံခဲ့ရတယ်။ ဟိုပန်မြို့ စျေးအတွင်းလည်း ရေလွှမ်းခြင်းခံရသည့်အတွက် ရေကျပြီး (၁၀)ရက်ကျော် ကြာသည့် တိုင်အောင် ရွှံ့၊ နွံ များကို ဖယ်ရှားနိုင်ခြင်း မရှိသေးသောကြောင့် ရပ်ကွက်အတွင်းရှိ လမ်းဘေးတွင် ဖြစ်သလိုစျေးရောင်းနေကြရတယ်။ နောင်ဖရေကာတာစီမံကိန်းကို အကောင်အထည်ဖော်ဆောက်လုပ်မည်ဆိုပါက ကွမ်းလုံမြို့၊ ဟိုပန်မြို့နှင့် တန့်ယန်းမြို့တွင် နေထိုင်သော ဒေသခံ တိုင်းရင်းသားများ၏ အသက်အိုးအိမ် စည်းစိမ်များ ပျက်စီး ဆုံးရှုံး ရုံသာမက မြစ်ကြောင်းနှင့် ဘေးပတ်ဝန်းကျင် ဂေဟစနစ်ပြောင်းလဲမှုကြောင့် မှီတင်းနေထိုင်သည့် ရေနေ၊ ကုန်းနေသတ္တဝါများ ရှင်သန်ကြီးထွားမှု အဏုဇီဝပိုးမွှားများ ပျက်စီးဆုံးရှုံးမှုနှင့် ၎င်းမြစ်ချောင်း တို့အပေါ် အမှီအခို ပြုသည့် တိုင်းရင်းသားများ၏ လုပ်ငန်းများပျက်စီးမည်ဖြစ်ပါတယ်။

၇-၆-၂၀၁၆ ရက်နေ့ မြို့တော်ခန်းမ၊ ဟိုပန်မြို့တွင် Hydrochina Yunnan Investment Co.Ltd. & International Group of Entrabalnuria Co. Ltd. GOEC တို့ ကျင်းပသည့် ဆွေးနွေးပွဲသို့ မည်သူမဆို တက်ရောက်နိုင်သည်ဟု ကြော်ငြာထားသော်လည်း ရပ်ကွက်အုပ်ချုပ်ရေးမှူးကို မေးမြန်းသည့် အခါ တစ်ရပ်ကွက်လျှင် တစ်ယောက်သာ တက်ခွင့်ရှိသည်ဟု သိရ သည့်အတွက် စိတ်ဝင်စားသည့် မိဘပြည်သူများ တက်ရောက်ခွင့် မရခဲ့ချေ။ ဤဖြစ်ရပ်ကို ကြည့်ခြင်းအားဖြင့် ပွင့်လင်းမြင်သာမှုမရှိသည် မှာ ပေါ်လွင်နေပါတယ်။ မည်သို့ပင်ဆိုစေကာမူ ရှမ်းပြည်နယ်အတွင်း

D/real(wide) (6

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး လွှိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခွန်ဒီဂေါလ်က ပထမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်ဒီဂေါလ်၊ လွှိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ ။ ဒီကနေ့ပြုလုပ်ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ ကြွရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ ဝန်ကြီးဌာန အသီးသီးမှ ဝန်ကြီးများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကိုယ်စိတ် နှစ်ဖြာ ကျန်းမာပျော်ရွှင်စွာဖြင့် ပြည်နယ်၏ အကျိုး၊ ပြည်ထောင်စု၏ အကျိုးကို ထိရောက်အောင်မြင်စွာ ထမ်းဆောင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ လွှိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်ဖြစ်ပါတယ်။

ယခုကဲ့သို့ ရှမ်းပြည်နယ်သူ/ပြည်နယ်သားများ၏ အကျိုးစီးပွားကို ရှေးရှုပြီး လွှတ်တော်မှတစ်ဆင့် ဌာနဆိုင်ရာ ဝန်ကြီးအဖွဲ့များ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် အတွက် တင်ပြခွင့်ရသည့်အတွက် များစွာဂုဏ်ယူ ဝမ်းသာမိပါတယ်။ ကျွန်တော်၏ တင်ပြချက်ကိုလည်းပဲ သက်ဆိုင်ရာဌာန အသီးသီးက အထူးအလေးထားပြီး အကောင်အထည်ဖော် ဆောင်ဆောင်ရွက်ပေးမည်လို့ ယုံကြည်မျှော်လင့်မိပါတယ်။ ကျွန်တော်ရဲ့ မေးခွန်းကတော့ ရှမ်းပြည်နယ်အတွင်းမှာ မှီတင်း နေထိုင်နေကြသည့် ကျေးလက်နေပြည်သူ/ပြည်သားများ၏ လူနေမှုဘဝ

D/real(wide) (6

ရှိရေ၊ မြေ၊ တောတောင်၊ မြစ်ဝှမ်း၊ စိမ့်စမ်းများ အားလုံးသည် ရှမ်းပြည်သားများကသာ ပိုင်ရှင်ဖြစ်ပါတယ်။ ဒေသခံတိုင်းရင်းသားများ၏ ဆန္ဒသဘောထားမပါရှိဘဲ သံလွင်မြစ်ပေါ်ရှိ ရေကာတာများကို တည်ဆောက်သွားမည်ဆိုပါက ဒေသခံတိုင်းရင်းသားများ ပြင်းပြင်းထန်ထန် ကန့်ကွက်ကြမည်သာဖြစ်တယ်။

သို့ဖြစ်ပါ၍ သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ရေကာတာ စီမံကိန်း (၆)ခုနှင့်စပ်လျဉ်းပြီး မေးခွန်းမေးမြန်းလို သည်မှာ

(၁) ရေကာတာစီမံကိန်း (၆)ခုမှာ မည်သည့်ရေကာတာ စီမံကိန်းများဖြစ်သနည်း။

(၂) ရေကာတာစီမံကိန်းများကို မည်သည့် ကုမ္ပဏီက တာဝန်ယူဆောက်လုပ်မည်နည်း။

(၃) ရေကာတာစီမံကိန်းကို မည်သည့်ကာလတွင် စတင်ဆောက်လုပ်မည်နည်း။

(၄) EIA/SIA လုပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိပါသလား။

(၅) ရေကာတာစီမံကိန်းများကို မဖြစ်မနေဆောက်လုပ်မည်ဆိုပါက မည်သည့် ငွေရင်း/ငွေနှီးဖြင့် ဆောက်လုပ်မည်နည်း။

(၆) နိုင်ငံတော်အတွက် အခွန်အခမည်မျှရရှိမည်နည်း။

(၇) ရရှိလာမည့် အကျိုးအမြတ်များကို မည်သို့ခွဲဝေမည်နည်း။ အကျိုးအမြတ် ခွဲဝေရာတွင် ထုတ်လုပ်မည့် ရေအားလျှပ်စစ်မှ ရှမ်းပြည်နယ်အတွက် မည်မျှသော ရာခိုင်နှုန်းကို ခွဲဝေပေးမည်နည်း။

(၈) ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်မျှ အခွန်အခရမည်နည်း။

အဆင့်အတန်းမြင့်မားရေးနှင့် လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် သက်ဆိုင်သည့်မေးခွန်းပဲဖြစ်ပါတယ်။

ရှမ်းပြည်နယ် အတွင်းမှာ နေထိုင်ကြသည့် ပြည်သူ/ပြည်သား များ၏ ၇၀%သည် ကျေးလက်ဒေသမှာ နေထိုင်ကြပြီး မြေယာနှင့် သဘာဝသယံဇာတကို အမှီပြုပြီး လုပ်ကိုင်စားသောက်နေတာဖြစ်ပါတယ်။ ဒီ ၇၀%ကျော်သော ပြည်နယ်သူ/ပြည်နယ်သားများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး နှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့် အင်အားထုတစ်ရပ်ကြီးဖြစ်ပါတယ်။ ဒီလိုကြီးမားတဲ့ အင်အားထုတစ်ရပ်ကြီးရဲ့ လူနေမှုဘဝမြင့်မားရေးနှင့် လူမှုစီးပွားရေးဘဝမြှင့်တင်ပေးဖို့က အင်မတန်မှအရေးကြီးသည့် လုပ်ငန်းစဉ် တစ်ရပ်ဖြစ်ပါတယ်။

ယခုကဲ့သို့ ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းနှင့် လူမှုစီးပွားရေးဘဝမြှင့်တင်ပေးခြင်းသည် ကျွန်တော်တို့၏ ပြည်နယ်နှင့် ပြည်ထောင်စု၏ အဆင့်အတန်းကိုမြှင့်တင်ပေးခြင်းပဲဖြစ်ပါတယ်။ ဒီလိုမြှင့်တင်ပေးသည့်နေရာမှာ ကျေးလက်ဒေသမှာ အဓိကလိုအပ်ချက်ဖြစ်သည့် သန့်ရှင်းသောသောက်သုံးရေတွေ၊ စိုက်ပျိုးရေးအတွက် ရေတွေ၊ လမ်းတံတားတွေနှင့် လျှပ်စစ်မီး လိုအပ်ချက်သည် မရှိမဖြစ် လိုအပ်သည့် အရာတွေပဲ ဖြစ်ပါတယ်။ မရှိမဖြစ် လိုအပ်သည့် အရာတွေထဲက လျှပ်စစ်မီးရရှိရေး အတွက် အစိုးရအနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည် ဆိုလျှင် ကျွဲကူးရေပါဆိုသကဲ့သို့ အခြားသောကဏ္ဍများကိုလည်း အလိုလိုနေရင်း လိုက်ပါပြီး ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ အထူးသဖြင့် အလင်းရောင်နှင့် လောင်စာအတွက် သဘာဝသစ်တော အသုံးပြုမှု၊ ထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ပြီး သဘာဝဝန်းကျင် ထိန်းသိမ်းရေးကိုလည်း အထောက်အကူပြုမှာဖြစ်ပါတယ်။

စီမံခန့်ခွဲမှု ကိစ္စအဝဝကို တာဝန်ရယူထားသည့် အစိုးရသစ်အနေဖြင့် ကျေးလက်မီးလင်းရေးအတွက် အထူးဂရုစိုက်ပြီး အထူးအလေးထားပြီး ပြန်လည်အကောင်အထည်ဖော်ပေးလိမ့်မည်ဟု အကြွင်းမဲ့ယုံကြည်ပါတယ်။

ကျွန်တော်၏ မေးခွန်းက ဒီ ၂၀၁၆ ခုနှစ်မှစတင်ပြီး ရှမ်းပြည်နယ်၏ စီမံခန့်ခွဲမှုကိစ္စအဝဝကို တာဝန်ယူရသည့် အစိုးရသစ်အနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ကျေးလက် ဒေသတွင်ရှိသည့် ပြည်သူ/ပြည်သားများ လျှပ်စစ်မီးလင်းခြင်းအတွက် မီးရရှိရေးအတွက် ဘယ်ကဲ့သို့သော အစီအမံများ၊ မည်ကဲ့သို့သော မူဝါဒများ ချမှတ်၍လုပ်ဆောင်ရန်ရှိပါသလဲ ဆိုသည့် မေးခွန်းကို ဖြေကြားပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါ တယ်။ အထူးကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးဆွေသိန်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါ တယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စားလှိုင်လင်ခရိုင်၊ လှိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

D/real(wide) (6

ရှမ်းပြည်နယ်အတွင်း ကျေးလက်ဒေသရှိ မီးမရရှိသေးသော ဒေသများ လျှပ်စစ်မီးရရှိနိုင်ရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း (NEP)၊ ဂျာမနီချေးငွေဖြင့် ဆောင်ရွက်မည့် (KFW) စီမံကိန်းနှင့် ဂျပန်ချေးငွေဖြင့် ဆောင်ရွက်မည့် (JICA) စီမံကိန်းတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ဦးခွန်ဒီဂေါလ်က ဒုတိယမေးခွန်းကို လိုရင်းရောက်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ရဲ့ ဒုတိယမေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ လွိုင်လင်မြို့နယ်၊ မိုင်းပွန်စံပြကျေးရွာသည် အိမ်ခြေ (၁၂၀၀)ခန့် ရှိသည့် ကျေးရွာအုပ်စုတစ်ခုဖြစ်ပါတယ်။ အဲဒီမှာ အစိုးရ ကနေပြီး (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ခုတည်ဆောက်ထားပါတယ်။ အဲ့ဒီ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို မိုင်းပွန်စံပြ ကျေးရွာအပြင် ဘေးပတ်ဝန်းကျင် ကျေးရွာအုပ်စု (၇)ခုနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ ဖက်ရမ်းကျေးရွာအုပ်စုက အားကိုးအားထားပြုသည့် ဆေးရုံတစ်ရုံဖြစ်ပါတယ်။ အဲ့ဒီဆေးရုံမှာ ဆရာဝန်မရှိတာ ကာလအတော်တန်ကြာပြီဖြစ်ပါတယ်။ ဆရာဝန်မရှိသည့်အတွက်ကြောင့် အရေးပေါ်လူနာနှင့်မွေးလူနာအတွက် လွိုင်လင်ဘက်ကို သယ်သွားမည်ဆိုလျှင် မိုင် (၂၀)၊ တောင်ကြီးဘက်ကို သယ်မည်ဆိုလျှင် (၃၇) မိုင် ခရီးလမ်းကွာဝေးသည့်အတွက် မမျှော်လင့်သော ဆုံးရှုံးနစ်နာမှုများ မကြာခဏ ကြုံတွေ့ရပါတယ်။ အဲ့ဒီအတွက်ကြောင့်

D/real(wide) (6

ကျွန်တော်တို့ ရှမ်းပြည်နယ်နဲ့ အိမ်နီးချင်းဖြစ်ပြီး မဲခေါင်မြစ်တစ်ခုသာ ခြားနားသည့် လောနိုင်ငံဆိုလျှင် ဒီနိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း Production နှင့် ဖြန့်ဝေခြင်း Distribution အပိုင်းကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်သည့်အတွက်ကြောင့် သူတို့နိုင်ငံမှာ လျှပ်စစ်ဓာတ်အားသည် ပြည်တွင်းဖူလုံစွာ သုံးစွဲနိုင် ရုံသာမကပိုလျှံသည့် လျှပ်စစ်ဓာတ်အားတွေကို အိမ်နီးချင်းနိုင်ငံ ဖြစ်သည့် အရှေ့တောင်အာရှနိုင်ငံကို ဖြန့်ဖြူးရောင်းချပြီး နိုင်ငံ့ စီးပွားရေးကို အထောက်အကူပြုသည့် နိုင်ငံတစ်ခုဖြစ်ပါတယ်။ အဲဒါကြောင့် လောနိုင်ငံကို ဒေသတွင်း နိုင်ငံတွေက အရှေ့တောင် အာရှ၏ ဘက်ထရီအိုးလို့တောင်တင်စားခေါ်ဝေါ်တာကိုလည်း လေ့လာမှတ်သားရဖူးပါတယ်။ ဒါလည်းပဲ ကျွန်တော်တို့ ရှမ်းပြည်နယ်အနေဖြင့် လေ့လာစရာ သာဓကတစ်ခုအဖြစ် ရှိလိမ့်မည်လို့ ယုံကြည်ပါတယ်။

ရှမ်းပြည်နယ်မှာလည်း ပြည်နယ်ကို တာဝန်ယူခဲ့သည့် အစိုးရအဆက်ဆက်ကလည်း ရှမ်းပြည်နယ်ကျေးလက်ဒေသ မီးလင်းရေးကိစ္စအတွက် စီမံချက်တွေ၊ လုပ်ငန်းစဉ်တွေ ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့တာကို အားလုံးသိရှိပြီးဖြစ်ပါတယ်။ ယခင် အစိုးရအဆက်ဆက်က ကြိုးပမ်းဆောင်ရွက်သည့်နေရာမှာ အချိန်၏ ကန့်သတ်ချက်၊ ဘဏ္ဍာငွေကြေး၏ ကန့်သတ်ချက်နှင့် ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုစသည့် ကန့်သတ်ချက်တွေ ကြောင့် ကျေးလက်ဒေသမီးလင်းရေးကို ရာနှုန်းပြည့် အကောင်အထည်ဖော်ခြင်း မပြုလုပ်နိုင်ခဲ့ပါဘူး။ ဒီလိုအကောင်အထည်မဖော်နိုင်သည့် အတွက်ကြောင့် ကျေးလက်မီးလင်းရေးအတွက် လုပ်ငန်းပေါင်း မြောက်မြားစွာကျန်ရှိနေသေးပါတယ်။ ကျန်ရှိသည့် လုပ်ငန်းတွေကို ၂၀၁၆ ခုနှစ်ကနေစပြီး ပြည်ထောင်စုအပါအဝင် ရှမ်းပြည်နယ်၏

(၂) မိုင်းညှင်းကျေးရွာအုပ်စု၊ အင်ဟိုညှင်းကျေးရွာချင်းဆက် မြေသားလမ်း(၃)မိုင်အား အဆင့်မြှင့်ပြုပြင်ပေးခြင်းတို့ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အထက်ပါ ကျေးရွာချင်းဆက်လမ်းများမတင်ပြမီ မိုင်းခတ် မြို့နယ်၏ ပထဝီအနေအထားနှင့် နယ်မြေဒေသအခြေအနေကို အကျဉ်းချုပ်တင်ပြလိုပါတယ်။ မိုင်းခတ်မြို့နယ်သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်အတွင်းတွင် တည်ရှိပါတယ်။ မြို့နယ်၏ အကျယ်အဝန်း စတုရန်းမိုင် (၉၇၃. ၃၃)မိုင်ရှိပြီး ပင်လယ်ရေမျက်နှာပြင် အမြင့် (၂၇၀၀) ပေ၊ မိုးရေချိန်ပျမ်းမျှ (၅၇. ၆၉) လက်မခန့် နှင့် တောင်ကုန်း တောင်တန်းများ ထူထပ်သော မြို့ငယ်တစ်မြို့ ဖြစ်ပါတယ်။ မိုင်းခတ်မြို့နယ်သည် ရပ်ကွက် (၂)ရပ်ကွက်နှင့် ကျေးရွာ အုပ်စု (၁၆)အုပ်စုရှိပြီး၊ မြို့နယ်၏ စုစုပေါင်း လူဦးရေမှာ (၄၅၀၃၄)ဦး တို့ရှိပါတယ်။ မြို့နေပြည်သူလူထုများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေး ကိုသာ အဓိကအားထားနေရပါတယ်။ ထူထပ်သော တောင်ကုန်းတောင်တန်းများရှိသည်နှင့်အညီ လမ်းပန်းဆက်သွယ်ရေးမှာလည်း အလွန်ပင်ခက်ခဲသောကြောင့် အများပြည်သူလူထုများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အခြားကိစ္စအဝဝတို့ နောက်ကျ ကျန်ရစ်လျက်ရှိပါတယ်။ ယခုကျွန်တော်တင်ပြသော မြေသားလမ်း (၂)ခုအား အဆင့်မြှင့်တင် ပြုပြင်ပေးမည်ဆိုပါက ကျေးရွာများမှ ထွက်ရှိသော လယ်ယာထွက်ကုန်များဖြစ်သည့် ဆန်၊ စပါး၊ ပြောင်းဖူး၊ မြေပဲ၊ ပဲပုပ်အစရှိသည့် ကုန်ပစ္စည်းများ အလွယ်တကူသယ်ယူပို့ဆောင်ရောင်းချနိုင်မည်ဖြစ်သည့်အပြင် လယ်ယာသုံးကုန်ပစ္စည်းများကို အလွယ်တကူသယ်ယူသုံးစွဲနိုင်မည်ဖြစ်ပါတယ်။

လစ်လပ်သွားသည့် ဆရာဝန်နေရာကို အမြန်ဆုံးခန့်ထားပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ လွှိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်၏ လွှိုင်လင်မြို့နယ်၊ မိုင်းပွန်စံပြကျေးရွာ (၁၆)ခုတင်ဆုံ တိုက်နယ်ဆေးရုံတွင် ဆရာဝန်မရှိဘဲ လစ်လပ်နေသည်မှာ ကာလအတော်ကြာခဲ့ပြီဖြစ်သည့်အတွက် ဆရာဝန်တစ်ဦးအမြန်ခန့်ထားပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်ဟူသောမေးခွန်းနှင့် စပ်လျဉ်း၍ လွှိုင်လင်မြို့နယ်၊ မိုင်းပွန် တိုက်နယ်ဆေးရုံကို ၁၉၆၀ ခုနှစ်တွင်စတင်ဖွင့်လှစ်ခဲ့ပါတယ်။ စတင်ဖွင့်လှစ်စဉ်က ဝန်ထမ်းအင်အား ဖွဲ့စည်းပုံမှာဝန်ထမ်းစုစုပေါင်း (၇)ဦးဖြစ်ပါတယ်။ လက်ရှိဝန်ထမ်း ဖွဲ့စည်းပုံအင်အားမှာ (၁၉)ဦးဖြစ်ပါတယ်။ တိုက်နယ်ဆရာဝန် လစ်လပ်နေသည့်ကာလမှာ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ စတင်ခဲ့ပြီး အစားထိုး တွဲဖက်တာဝန်ထမ်းဆောင်ရန်အတွက် တောင်ကြီးမြို့၊ ရှမ်းပြည်နယ်ကုသရေးဦးစီးဌာနနှင့် လွှိုင်လင် မြို့၊ အထွေထွေရောဂါကု ဆေးရုံကြီးတို့၏ စီမံခန့်ခွဲမှုဖြင့် ခေတ္တတွဲဖက်တာဝန်ထမ်းဆောင်ရန် လက်ထောက်ဆရာဝန်များကို အလှည့်ကျ စေလွှတ်ပေးထားပါတယ်။

လိုအပ်နေသော တိုက်နယ်ဆရာဝန်အတွက် လွှိုင်လင်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီး၏ ၈-၆-၂၀၁၆ ရက်စွဲပါစာအမှတ်၊

D/real(wide) (6

ထို့ကြောင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အများ ပြည်သူတို့၏ လိုအင်ဆန္ဒဖြစ်သည့် အဆိုပါ ကျေးရွာချင်းဆက် မြေသားလမ်း (၂)ခုအား အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက် ပေးနိုင် မှု ရှိ/မရှိ၊ ရှိပါက မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ဦးအားမဲ မေးမြန်းသည့် မိုင်းခတ်မြို့နယ်၊ ဝမ်ခုတ်ကျေးရွာအုပ်စု၊ နောင်ဖူကျေးရွာနှင့် ဝမ်ရှိုကျေးရွာချင်းဆက် မြေသားလမ်း (၄)မိုင် အား အဆင့်မြှင့်တင်ပြုပြင်ခြင်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုသည့် မေးခွန်းနှင့်ပတ်သက်ပြီး မိုင်းခတ်မြို့နယ်၊ ဝမ်ခုတ်ကျေးရွာအုပ်စုအတွင်းရှိ နောင်ဖူ - ဝမ်ရှိုကျေးရွာချင်းဆက် မြေသားလမ်းသည် ကောက်ပျက်ကျေးရွာသွားလမ်းပေါ်ရှိ နောင်ဖူကျေးရွာနှင့် ဝမ်ရှိုကျေးရွာကို ဆက်သွယ်ထားသော အရှည် ၄ မိုင်၊ အကျယ် ၈ ပေသာရှိသော မြေသားလမ်းဖြစ်ပြီး သတ်မှတ်အကျယ် ပြည့်မီ သော မြေသားလမ်းဖောက်လုပ်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် (၈၆)သန်းနှင့် Box Culvert (၈)စင်း တည်ဆောက်ခြင်း အတွက် ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် (၂၀)သန်း၊ စုစုပေါင်း ခန့်မှန်း ကုန်ကျစရိတ်ငွေကျပ် (၁၀၆. ၀၀)သန်း ကုန်ကျမှာဖြစ်ပါတယ်။

D/real(wide) (6

၇၈၉/ပီ/၂၀၁၆ဖြင့် ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ လည်းကောင်း၊ ရှမ်းပြည်နယ်ကုသရေးဦးစီးဌာန၏ ၁၇-၆-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၈၂၆/ဆရဝ/ကုသ/၂၀၁၆ဖြင့် ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ တိုက်နယ်ဆရာဝန် ခွင့်ပြုခန့်ထားပေးနိုင်ရန် တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးအားမဲက မေးခွန်း (၁ နှင့် ၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအားမဲ၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ ရိုသေလေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲဖြစ်ပါတယ်။

ယနေ့ကျင်းပသော ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေးတွင် ပြည်သူများ၏ အမှန်တကယ်လိုအပ်နေသော ပြည်သူတို့၏ ဆန္ဒနှစ်ခုကို အောက်ပါ ကြယ်ပွင့်ပြမေးခွန်း အဖြစ် တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်-

(၁) ဝမ်ခုတ်ကျေးရွာအုပ်စု၊ နောင်ဖူကျေးရွာနှင့် ဝမ်ရှိုကျေးရွာချင်းဆက် မြေသားလမ်း (၄)မိုင်အား အဆင့်မြှင့်တင်ပြုပြင်ပေးခြင်း။

ဤလမ်းသည် ကျေးရွာ (၃)ရွာ၊ အိမ်ခြေ (၁၅၇)အိမ်နှင့် လူဦးရေ (၇၂၃)ဦးအား အကျိုးပြုနိုင်မည်ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ဒေသဆိုင်ရာလမ်း၊ တံတားများဖွံ့ဖြိုးတိုးတက်ရေးကော်မတီ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)၏ လမ်းညွှန်ချက်အရ ကျေးလက်လမ်းများ၊ တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀ - ၂၀၃၁ ခု ဘဏ္ဍာရေးနှစ်အထိ (၁၅) နှစ်အား (၅)နှစ်စီမံကိန်းများရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန်အတွက် စီမံကိန်းများ လျာထားရေးဆွဲဆောင်ရွက် လျက်ရှိပါတယ်။ လွတ်တော် ကိုယ်စားလှယ်မှ အဆိုပြုတင်ပြသည့် နောင်ဖူကျေးရွာမှ ဝမ်ရှိုကျေးရွာအထိ လမ်းအရှည် (၄)မိုင် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို စီမံကိန်းတွင် ထည့်သွင်း လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ် (၂)ဖြစ်သည့် မိုင်းခတ်မြို့နယ်၊ မိုင်းညှင်းအုပ်စု၊ အင်ဟိုညှင်းကျေးရွာချင်းဆက် မြေသားလမ်း (၃)မိုင်အား အဆင့် မြှင့်တင်ခြင်း၊ ပြုပြင်ဆောင်ရွက်ပေးခြင်း ရှိ/မရှိ၊ ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုသည်နှင့် ပတ်သက်၍ မိုင်းခတ်မြို့နယ်၊ မိုင်းညှင်းအုပ်စု၊ အင်ဟိုညှင်း ကျေးရွာသွား မြေသားလမ်းသည် မိုင်းခတ် - မိုင်းညှင်း လမ်းမကြီးမှ အင်ဟိုညှင်း ကျေးရွာသို့ ဆက်သွယ် သွားလာနိုင်သော အရှည် (၃)မိုင်၊ အကျယ် (၈)ပေရှိသော မြေသားလမ်းဖြစ်ပြီး သတ်မှတ်အကျယ် ပြည့်မီအောင် မြေသားလမ်းဖောက်လုပ်မည်

ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးခွန်ဟန်သိန်းဦးဖြစ်ပါတယ်။ ကဒူးကြီး ကျေးရွာအုပ်စု ပညာရေးလိုအပ်ချက်နှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်း ရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကဒူးကြီးကျေးရွာအုပ်စုတွင် ပအိုဝ်း၊ ရှမ်း၊ ကယား တိုင်းရင်းသားများ နေထိုင်ကြပါတယ်။ ပအိုဝ်းဒေသကျေးရွာများတွင် အခြေခံပညာသင်ကျောင်းများ ပြည့်စုံပါသော်လည်း ကဒူးကြီး ရှမ်းတိုင်းရင်းသားများ နေထိုင်ရာဒေသတွင် ပုံစုတ်ကျေးရွာကို အခြေပြု၍ အမက - ပုံစုတ် တစ်ကျောင်းတည်းသာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ စစ်ဘေးသင့်ဒေသဖြစ်သဖြင့် ယခုလက်ရှိတွင် အမက - ပုံစုတ်ကို ကဒူးကြီး စျေးတန်း၌ ဖွင့်လှစ်ထားပါတယ်။ ၂၀၀၉ ခုနှစ်က ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပါတယ်။ ယနေ့အချိန်တွင် တည်ငြိမ်အေးချမ်းမှု အတော်အသင့်ရလာပြီဖြစ်သဖြင့် ရွာသူ/သားများက အမက - ပုံစုတ်ကို ပုံစုတ်ကျေးရွာသို့ ပြန်လည် ပြောင်းရွှေ့လိုကြပါတယ်။ သို့ရာတွင် ကဒူးကြီး စျေးတန်း၌လည်း ပတ်ဝန်းကျင်ရွာများ အခြေပြုသည့်ကလေးဦးရေ (၄၅)ဦးခန့် ပညာသင်ကြားနေဆဲဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကဒူးကြီးကျေးရွာအုပ်စုရှိ ကဒူးကြီး မွေတော်စျေးတန်း ကျောင်းအဆောက်အဦကို အမက(ခွဲ)အဖြစ် ဆက်လက်ဖွင့်လှစ်ခွင့်ပြုပါရန်နှင့် အောက်ပါမေးခွန်းများကိုလည်း ရှိသေလေးစားစွာ မေးမြန်းအပ်ပါတယ်။

မောက်မယ်မြို့နယ်၊ ကဒူးကြီးကျေးရွာအုပ်စုရှိ (အမက ပုံစုတ်) ကို အခြေပြု၍ အမက(ခွဲ) (မွေတော်-စျေးတန်း)ကျောင်းခွဲ

D/real(wide) (6

(၁)ကျောင်း ဖွင့်လှစ်ပေးနိုင်မည့် အစီအစဉ်များကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါ။ မောက်မယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဟန်သိန်းဦး၏ မောက်မယ်မြို့နယ်၊ ကဒူးကြီးကျေးရွာအုပ်စုရှိ (အမက ပုံစုတ်)ကို အခြေပြု၍ အမက(ခွဲ) (မွေတော်- စွေးတန်း) ကျောင်းခွဲ (၁)ကျောင်း ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ ကျောင်းအဆင့်တိုးမူတွင် ကျောင်းအဆင့်တိုးမည့်ကျောင်း၌ ကျောင်းဆောင်ပရိဘောဂ ပြည့်စုံရမည်။ ပုံစံ (၁၀၅)ရှိရမည်။ ပင်မ ကျောင်းနှင့် အနည်းဆုံး (၅)မိုင် ဝေးရမည်။ သို့မဟုတ် လမ်းပန်း ဆက်သွယ်ရေး ခက်ခဲသောဒေသဖြစ်ရမည်ဟု ဖော်ပြထားပါတယ်။ အမက - ပုံစုတ်သည်စစ်ဘေးကြောင့် ၂၀၀၉ ခုနှစ်က ကဒူးကြီး စွေးတန်းဘက်သို့ ပြောင်းရွှေ့ခဲ့သော ကျောင်း (၁)ကျောင်း ဖြစ်ပါ တယ်။ လက်ရှိနေရာ ကဒူးကြီးစွေးတန်း၌ (၆၀×၃၀)ပေ၊ C type ကို အပြီးသတ်ဆောက်လုပ်ရန် ဒုတိယအရစ်ငွေရရှိပြီးသည့် ကျောင်းဖြစ်ပါတယ်။ ကျောင်းသားဦးရေမှာ KG ၈ ဦး၊ ပထမတန်း ၁၀ ဦး၊ ဒုတိယတန်း ၁၅ ဦး၊ တတိယတန်း ၁၈ ဦး၊ စုစုပေါင်း ၅၁ ဦး၊ တန်းခွဲ ၄ ခန်းဖြင့် ပညာသင်ကြားလျက်ရှိပါတယ်။

ပုံစုတ်ရွာဟောင်းသို့ ပြန်ပြောင်းသွားသူများ၏ KG ကလေးများကို ပုံစုတ်ရွာဟောင်း၌ (၃၀×၂၀) ပေ ရှိသော ဝါး၊

ဆိုပါက ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် (၆၄၊ ၅)သန်းနှင့် Box Culvert (၆)စင်း တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် (၁၅၊ ၀၀)သန်း၊ စုစုပေါင်းခန့်မှန်းကုန်ကျ စရိတ်ငွေကျပ် (၇၉၊ ၅၀)သန်း ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ (၁)ရွာ၊ အိမ်ခြေ (၅၃)အိမ်နှင့် လူဦးရေ (၁၇၆)ဦးအား အကျိုးပြုနိုင်မည် ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ဒေသဆိုင်ရာ လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)၏ လမ်းညွှန်ချက်အရ ကျေးလက်လမ်း၊ တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀ - ၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ (၁၅)နှစ်အား (၅)နှစ် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းများ လျာထားရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြသည့် မိုင်းညှင်းအုပ်စု၊ အင်ဟိုညှင်းရွာသွား လမ်းအရှည် (၃)မိုင် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို စီမံကိန်းတွင် ထည့်သွင်းလျာထား တင်ပြပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မောက်မယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးခွန်ဟန်သိန်းဦးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်

D/real(wide) (7

ထရံကာ၊ သက်ကယ်မိုး ယာယီကျောင်း၌ ဆရာ/ဆရာမ ဌားရမ်း၍ စာသင်ကြားနေကြောင်း သိရှိရပါတယ်။ ပုံစုတ်ရွာသို့ လက်ရှိ ကဒူးကြီး စျေးတန်းတွင် ရှိသောကျောင်းကို ပြောင်းရွှေ့ရန် မဖြစ်သဖြင့် ပုံစုတ်ရွာဟောင်းအမည်ဖြင့်သာ မူလတန်းကျောင်း(ခွဲ) ရရှိရေးအတွက် အခြေခံပညာဦးစီးဌာနသို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းဇော်မိုးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ် ဝန်ကြီးအဖွဲ့ဝင်များ၊ တပ်မတော်သားကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပါစေလို့ ဦးစွာ ပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းဇော်မိုးဖြစ်ပါတယ်။

ကျွန်တော်အနေဖြင့် အင်းလေးကန်အတွင်း ရေကျန်ရှိရေးထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဆည်တည်ဆောက်ရန် တင်ပြထားသောဌေးကို အောက်တိုဘာလ မတိုင်မီ အချိန်မီ ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကို ရှင်းလင်း တင်ပြမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အင်းလေးကန် ရေမခန်းခြောက်ရေးဆိုလျှင် အင်းသူ/အင်းသားများ၊ ညောင်ရွှေ

ဆည်ကော်မတီများ ဖွဲ့စည်း၍ ပြည်သူလူထုတို့၏ ပူးပေါင်းပါဝင်မှုဖြင့် စျေးနှုန်းသက်သာ ထိရောက်သည့် အချိန်မီ လုပ်ဆောင်နိုင်ရန် ပါဝင်ဆောင်ရွက်တောင်းခံရခြင်းဖြစ်ပါတယ်။ ငွေကြေးသုံးစွဲမှုမှာလည်း ယခင်အင်းလေးကန် ဝင်ကြေး Entrance Fees ကို အင်းလေးကန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်ကသုံးစွဲနိုင်ခဲ့သော်လည်း ယခုအခါမှာ တင်ပြလျှောက်ထားခြင်းနှင့် ခွင့်ပြုမိန့်ဖြင့်သာ သုံးစွဲနိုင်မည်ဖြစ်သဖြင့် လျှောက်ထားခဲ့ပြီး ဖြစ်ပါတယ်။ သို့ပါသောကြောင့် အချိန်မီရေမခမ်းခြောက်နိုင်ရေး လုပ်ဆောင်နိုင်မှသာ အကျိုးရှိမည်ဖြစ်သဖြင့် တောင်းခံထားသည့် ငွေကို အောက်တိုဘာလ မတိုင်မီ အချိန်မီ ဆောင်ရွက်နိုင်ရန် ဖြစ်သည့်အတွက် ခွင့်ပြုထားသည့်ငွေကို ချပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို လေးစားပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ အားလုံးမင်္ဂလာပါ။ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုး၏မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ကျွန်တော် ဒေါက်တာညီညီအောင်မှ ဖြေကြားပေးမှာဖြစ်ပါတယ်။

အင်းလေးကန် သာယာလှပ စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ရေးလုပ်ငန်းများကို အဓိကအားဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့်

D/real(wide) (7

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စီမံကိန်းလျာထားသည့် အဓိက လုပ်ငန်းများ ဖြစ်သော သဲနုန်းတူးဖော်ခြင်း၊ ကျွန်းမျောရိုင်း ဗေဒါများ ရှင်းလင်းခြင်း၊ နုန်းဖမ်းဆည်များ တည်ဆောက်ခြင်းတို့ကို လျာထားချက်အတိုင်း ပြည့်မီအောင် ဆောင်ရွက်လျက်ရှိပါတယ်။ ဒေသခံတွေရဲ့ ရိုးရာဓလေ့အတိုင်းတည်ဆောက်သည့် လက်ရိုက်ဆည်လုပ်ငန်း များကို အင်းလေးကန်အုပ်ချုပ်ရေးအဖွဲ့ ရန်ပုံငွေမှကျခံသုံးစွဲသွားဖို့ ဖြစ်ပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ ရှမ်းပြည်နယ်၏ အထိမ်းအမှတ် တစ်ခုဖြစ်သည့် အင်းလေးကန်ရေရှည် တည်တံ့ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် နေသည့်ပုံကို တင်ပြပါရစေ။ ဒီမိုကရေစီ အစိုးရ ပထမသက်တမ်း ၂၀၁၅ ခုနှစ်အတွင်းမှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ၆-၇-၂၀၁၅ ရက်စွဲပါစာအမှတ်၊ (၇၆၄၀)/၇-၁၁၂/ အစရ (ရှမ်း)ဖြင့် အင်းလေးကန် အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းပြီး လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းအတွင်းမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၃-၆-၂၀၁၆ ရက်စွဲပါစာအမှတ်၊ (၆၄၆၀)/၇-၁၁၂/အစရ (ရှမ်း)ဖြင့် အင်းလေး ကန်အာဏာပိုင် အဖွဲ့ကို အင်းလေးကန်အုပ်ချုပ်ရေးအဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး အင်းလေးကန်အုပ်ချုပ်ရေးအဖွဲ့၏ အောက်တွင် လုပ်ငန်းကော်မတီ (၃)ခုနှင့် ဆပ်ကော်မတီများ ဖွဲ့စည်း ထားရှိပြီးဖြစ်ပါတယ်။ အင်းလေးကန်အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်း ကော်မတီ (၃) ရပ်ထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဘဏ္ဍာငွေ ကြီးကြပ်ရေး လုပ်ငန်းကော်မတီမှ ဘဏ္ဍာရေးမူဝါဒနှင့် ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း မူကြမ်းများကို အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဆောင်ပြီး ရေးဆွဲထားပြီးဖြစ်ကာ အင်းလေးကန် အုပ်ချုပ်ရေး

မြို့နယ်သူ/သားများ၊ ရှမ်းပြည်နယ်နှင့် နိုင်ငံတော်အတွက် မည်မျှ အရေးကြီးကြောင်းကို ရှင်းပြနေစရာလိုမည်မထင်ပါ။အင်းလေးကန် ဟာဆိုလျှင် အာဆီယံယဉ်ကျေးမှုအမွေအနှစ် ASEAN Cultural Heritage Park အဖြစ်လည်းကောင်း၊ ကမ္ဘာ့လူနှင့် ဇီဝမျိုးစိတ်မျိုးကွဲ ထိန်းသိမ်းရန်နေရာ Men & Biosphere နေရာအဖြစ်လည်းကောင်း အသိအမှတ်ပြုခြင်းခံရပြီးဖြစ်ပါတယ်။ အင်းလေးကန်ရေမခန်း ခြောက်ရေးအတွက် အင်းလေးမှ စကားသို့ အမြင့် ၁၀ ပေကျော်၊ အကျယ်ပေ ၂၀၀ သည် နွေရာသီမှာဆိုလျှင် အမြင့် ၅ ပေကနေပြီး ဒလဟောအရှိန်ဖြင့် စီးဆင်းနေပါတယ်။ အဲဒီအရှိန်ဖြင့် စီးဆင်း နေသည့် ရေကိုဆည်ထားနိုင်မှသာလျှင် နွေရာသီတွင်သွားလာရာ လွယ်ကူမှာဖြစ်သည့်အတွက် ဆည်တည်ဆောက်ရေးသည် အရေးကြီးကြောင်း တင်ပြလိုပါတယ်။

ညောင်ရွှေမြို့နယ်၊ ဆည်မြောင်းဦးစီးဌာနမှ လည်း သိန်း (၅၀၀) တန် ဆည်တစ်ခုနှင့် သိန်း ၁၇၀၀ တန် Tube - Tube ဆိုပြီး နှစ်ခု ဆောက်လုပ်ခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီ Tube - Tube နှစ်ခုသည် နွေရာသီတွင် ရေမခမ်းခြောက်အောင်တားဆီးနိုင်သည့် အခြေအနေ တွင်မရှိနိုင်ပါဘူး။ ဒါကြောင့် ၂၀၁၀ခုနှစ်မှစ၍ အင်းလေး ဖောင်တော်ဦးဘုရားကို စက်လှေဖြင့် ရေလမ်း ခရီးဖြင့် သွားလာရာမှာ အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့သည့်နှစ်က ပြည်သူ လူထု၏ တောင်းဆိုချက် ပူးပေါင်းပါဝင်မှုဖြင့် လက်ရိုက်ဆည် (၁၀)ခု တည်ဆောက်နိုင်ခဲ့ပါတယ်။ဒီလိုလက်ရိုက်ဆည်(၁၀) ခု တည်ဆောက် နိုင်ခဲ့သည့်အတွက် အတန်အသင့်သွားလာရာ အဆင်ပြေခဲ့ပါတယ်။ ဆည်ကိစ္စမှာဆိုလျှင် ဆည်မြောင်းဌာန၏ လုပ်ငန်းတာဝန်သာဖြစ် ပါတယ်ဆိုသော်ငြားလည်း အင်းလေးကန် ရေမခမ်းခြောက်ရေး အန္တရာယ်သည် ပြည်သူများက ဆန္ဒပြင်းပြစွာ တောင်းဆိုလာသဖြင့်

D/real(wide) (7

နှင့်တည်ဆောက်ပြီး မြန်မြန်နှင့် အမှန်မီးလင်းနိုင်မည့် ကျေးရွာများ ပဲဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တင်ပြပါ ပင်လောင်းမြို့နယ်၊ ကျေးရွာအုပ်စု (၂)စု ဖြစ်သည့် မြောက်ထီဗွာကျေးရွာအုပ်စုတွင်ရှိသည့် ကျေးရွာ (၉)ရွာနှင့် နန်းတုတ်ကျေးရွာအုပ်စုတွင်ရှိသည့် ကျေးရွာ (၈)ရွာ အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါ၍ ကျေးရွာလူထုများ၏ ကိုယ်စားလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးဆွေသိန်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား တောင်ကြီးခရိုင်၊ ပင်လောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှဆန်း မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

(၁) ပင်လောင်းမြို့နယ်၊ မြောက်ထီဗွာကျေးရွာအုပ်စု၊ လယ်ကြားကျေးရွာ ဓာတ်အားရရှိရေးအတွက် (Phase - I)

အဖွဲ့ဝင်များ၏ ဘဏ္ဍာရေးနှင့်ပတ်သက်သည့် သဘောထား၊ အကြံပြုချက်များ ရယူထားပြီးဖြစ်ပါတယ်။

လာမည့် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလဆန်းပိုင်းတွင် အင်းလေးကန်အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေး ကျင်းပဖို့ရှိနေပြီး အဲဒီအစည်းအဝေးတွင် အင်းလေးကန်အုပ်ချုပ်ရေး ဘဏ္ဍာရေးမူဝါဒနှင့် စည်းမျဉ်း၊ စည်းကမ်းများကို ဆွေးနွေးပြီး အတည်ပြုချက်ရယူသွားဖို့လည်း ရှိနေပါတယ်။ ဒီလိုအတည်ပြုချက်ယူပြီးသွားလျှင် အင်းလေးကန်ဒေသတွင်းက တိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက် ရန် ရန်ပုံငွေချထားပေးရန် အခုလိုမျိုး တင်ပြ တောင်းခံလာမှုနှင့် ပတ်သက်ပြီး အင်းလေးကန်အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးမှ ဘဏ္ဍာရေးစည်းမျဉ်း၊စည်းကမ်းများနှင့်အညီ စိစစ်ခွဲဝေချထားပေးသွား နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်လောင်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးခွန်လှဆန်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်လှဆန်း၊ ပင်လောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာ ပဏာမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်လောင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှဆန်းဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် ပင်လောင်းမြို့နယ်၊ မြောက်ထီဗွာကျေးရွာအုပ်စု နှင့် နန်းတုတ်ကျေးရွာအုပ်စုများတွင်ရှိသည့် ကျေးရွာ (၁၇) ရွာအတွက် လျှပ်စစ်မီးရရှိရေးအတွက် 11 KVA လိုင်းနှင့်

D/real(wide) (7

(က) ၁၁ ကေဗွီမာတ်အားလိုင်း (၂)မိုင်

(ခ) ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စမော်မာ (၂)လုံး

(၂) ပင်လောင်းမြို့နယ်၊ မြောက်ထီဗွာကျေးရွာအုပ်စု၊ ဝါးပြုံးကျေးရွာ မာတ်အားရရှိရေးအတွက် (Phase - I)

(က) ၁၁ ကေဗွီမာတ်အားလိုင်း (၀.၀၃)မိုင်

(ခ) ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စမော်မာ (၁)လုံး

(၃) ပင်လောင်းမြို့နယ်၊ မြောက်ထီဗွာကျေးရွာအုပ်စု၊ သိန်းလားပြားကျေးရွာ မာတ်အားရရှိရေးအတွက် (Phase - I)

(က) ၁၁ ကေဗွီမာတ်အားလိုင်း (၁.၉၄)မိုင်

(ခ) ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စမော်မာ (၁)လုံး

(၄) ပင်လောင်းမြို့နယ်၊ မြောက်ထီဗွာကျေးရွာအုပ်စု၊ ဒင်းချွေးကျေးရွာ မာတ်အားရရှိရေးအတွက် (Phase - I)

(က) ၁၁ ကေဗွီမာတ်အားလိုင်း (၀.၀၁)မိုင်

(ခ) ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စမော်မာ (၁)လုံး

(၅) ပင်လောင်းမြို့နယ်၊ မြောက်ထီဗွာကျေးရွာအုပ်စု၊ မြေနီကုန်းကျေးရွာ မာတ်အားရရှိရေးအတွက် (Phase - I)

(က) ၁၁ ကေဗွီမာတ်အားလိုင်း (၁.၉)မိုင်

(ခ) ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စမော်မာ (၁)လုံး

ထရန်စမော်မာအား ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်းများကိုမေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပင်လောင်းမြို့နယ်တွင်ရှိသည့် ကျေးရွာအုပ်စု (၂)စု ဖြစ်သည့် မြောက်ထီဗွာကျေးရွာအုပ်စု၊ ကျေးရွာ (၉)ရွာနှင့် နန်းတုတ်ကျေးရွာအုပ်စုတွင်ရှိသည့် ကျေးရွာ(၈)ရွာတို့သည် မဟာမာတ်အားလိုင်းနှင့် အကွာအဝေးအားဖြင့် (၂)မိုင်ခန့်သာ ဝေးကွာ တည်ရှိသည့် ကျေးရွာများဖြစ်ကြပါတယ်။ ပတ်ဝန်းကျင်ကျေးရွာတွေလို လျှပ်စစ်မီးကိုရရှိလိုကြပေမယ့် အင်အားမပြည့်စုံသည့်အတွက် မဟာမာတ်အားလိုင်းနှင့် နီးကပ်ပေမယ့် မီးမလင်းနိုင်သည့် ကျေးရွာများဖြစ်ကြပါတယ်။ အိမ်ခြေအားဖြင့် (၁၁၉၅)အိမ်ရှိပြီး လူဦးရေအားဖြင့် (၆၄၄၈)ဦးအား မှီတင်း နေထိုင်လျက်ရှိပါတယ်။

ကျေးရွာများ၏ မူလရည်မှန်းချက်ဖြစ်သည့် လျှပ်စစ်မီးရရှိရေးကို အင်မတန်မှ စိတ်အားထက်သန်ခဲ့ကြလို့ ကျေးရွာမီးလင်းကော်မတီများ ဖွဲ့စည်းပြီး စုဆောင်းငွေများကို ဘဏ်အပ်စနစ်ဖြင့် ငွေများကို စုဆောင်းခဲ့တာဖြင့် (၂)နှစ်ကျော်ကာလ တစ်ခုအထိ ရောက်ရှိလာခဲ့ကြပေမယ့်လို့ ကိုယ်ထူကိုယ်ထစနစ်ဖြင့် အပြည့်အဝ မီးလင်းနိုင်ဖို့သည် သူတို့တစ်တွေ မစွမ်းသာခဲ့ကြပါဘူး။ အမှောင် တွင် နေသားကျနေသည့် သူတို့ဘဝတွေကိုလည်း သူတို့ဖြတ်ကျော်ချင်နေကြပါပြီ။ မီးစာမလောင်ကျွမ်းဘဲ ရသည့်အလင်းရောင်ကို အားနဲ့မမျှမှန်း သိနေကြပေမယ့် ဒေသခံပြည်သူများတွေသည် မျှော်လင့်နေခဲ့ကြပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်အစိုးရအနေဖြင့် 11 KVA မာတ်အားလိုင်းနှင့် ထရန်စမော်မာကို ကူညီပံ့ပိုးပေးနိုင်ခဲ့မည်ဆိုလျှင် 400 V မာတ်အားလိုင်းတို့သည် မိမိတို့ စုဆောင်းငွေ

D/real(wide) (7

(၁၅) ပင်လောင်းမြို့နယ်၊ နန်းတုတ်ကျေးရွာအုပ်စု၊ လဲလျှောင်းကြီးကျေးရွာ ဓာတ်အားရရှိရေးအတွက် (Phase - II)
(က) ၁၁ ကေဗွီဓာတ်အားလိုင်း (၂)မိုင်
(ခ) ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စမော်မာ (၁)လုံး

(၁၆) ပင်လောင်းမြို့နယ်၊ နန်းတုတ်ကျေးရွာအုပ်စု၊ ပင်စုံကျေးရွာ ဓာတ်အားရရှိရေးအတွက် (Phase - II)
(က) ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စမော်မာ (၁)လုံး

(၁၇) ပင်လောင်းမြို့နယ်၊ နန်းတုတ်ကျေးရွာအုပ်စု၊ ဒေါ်ပေါ် ကလဲကျေးရွာဓာတ်အားရရှိရေးအတွက် (Phase - II)
(က) ၁၁ ကေဗွီဓာတ်အားလိုင်း (၂)မိုင်
(ခ) ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စမော်မာ (၁)လုံး ဖြစ်ပါတယ်။

ဒါကတော့ ပင်လောင်းမြို့နယ်အုပ်စု (၂)ခု၏ ကျေးရွာများ၏ လိုအပ်ချက်များကို (Phase I & II) နှင့် ခွဲပြီး တင်ပြခြင်း ဖြစ်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း (NEP) Phase I & II တွင် ၁၁ ကေဗွီလိုင်းနှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများ တည်ဆောက်ပေးသွားမည့် အစီအစဉ်တွင် ထည့်သွင်းထားပြီးဖြစ်ပါတယ်။

ပထမဦးစားပေးလုပ်ငန်းများအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန (ရုံးချုပ်) နေပြည်တော်တွင် တင်ဒါခေါ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ဒုတိယဦးစားပေးဖြစ်သည့်

(၆) ပင်လောင်းမြို့နယ်၊ မြောက်ထီဗွာကျေးရွာအုပ်စု၊ ဝါးတောကျေးရွာ ဓာတ်အားရရှိရေးအတွက် (Phase - I)
(က) ၁၁ ကေဗွီဓာတ်အားလိုင်း (၀.၀၁)မိုင်
(ခ) ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စမော်မာ (၁)လုံး

(၇) ပင်လောင်းမြို့နယ်၊ မြောက်ထီဗွာကျေးရွာအုပ်စု၊ ကောင်တိန်ကျေးရွာ ဓာတ်အားရရှိရေးအတွက် (Phase - I)
(က) ၁၁ ကေဗွီဓာတ်အားလိုင်း (၁.၂၂)မိုင်
(ခ) ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စမော်မာ (၁)လုံး

(၈) ပင်လောင်းမြို့နယ်၊ မြောက်ထီဗွာကျေးရွာအုပ်စု၊ လဲလောင်းကြီးကျေးရွာ ဓာတ်အားရရှိရေးအတွက် (Phase - I)
(က) ၁၁ ကေဗွီဓာတ်အားလိုင်း (၀.၂၅)မိုင်
(ခ) ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စမော်မာ (၁)လုံး

(၉) ပင်လောင်းမြို့နယ်၊ နန်းတုတ်ကျေးရွာအုပ်စု၊ ကုန်းပေါကျေးရွာဓာတ်အားရရှိရေးအတွက် (Phase - II)
(က) ၁၁ ကေဗွီဓာတ်အားလိုင်း (၀.၀၁)မိုင်
(ခ) ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စမော်မာ (၁)လုံး

(၁၀) ပင်လောင်းမြို့နယ်၊ နန်းတုတ်ကျေးရွာအုပ်စု၊ ဟိုဖယ်ကျေးရွာဓာတ်အားရရှိရေးအတွက် (Phase - II)

D/real(wide) (7

လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလမသိရှိရသေးပါသဖြင့် နိုင်ငံတော်ဘတ်ဂျက်ရရှိမှု အပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းစိန်လူက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူဖြစ်ပါတယ်။

အခုကျွန်တော် မေးမည့်မေးခွန်းကတော့ တောင်သူလယ်သမားများမှ စိုက်ပျိုးသော လယ်ယာထွက်သီးနှံများကို လွှတ်လပ်သော ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ပေးရန် အဆိုကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးသို့တင်ပြခြင်းကိစ္စနှင့်ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးတွင် ကျွန်တော် ဦးစိုင်းစိန်လူသည် တောင်သူလယ်သမားအရေးနှင့်ပတ်သက်၍ တောင်သူလယ်သမားများ စိုက်ပျိုးသော လယ်ယာထွက်သီးနှံများကို လွှတ်လပ်သော ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ပေးရန် တိုက်တွန်းအဆိုကို ၁၃-၇-၂၀၁၆ ရက်နေ့တွင် လွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။

(က) ၁၁ ကေဇီမာတ်အားလိုင်း (၁. ၃၀၇)မိုင်
(ခ) ၁၁/၀. ၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စမော်မာ (၁)လုံး

(၁၁) ပင်လောင်းမြို့နယ်၊ နန်းတုတ်ကျေးရွာအုပ်စု၊ လှိုင်ကျိုင်းကျေးရွာဓာတ်အားရရှိရေးအတွက် (Phase - II)
(က) ၁၁/၀. ၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စမော်မာ (၁)လုံး

(၁၂) ပင်လောင်းမြို့နယ်၊ နန်းတုတ်ကျေးရွာအုပ်စု၊ ရေဦးကျေးရွာဓာတ်အားရရှိရေးအတွက် (Phase - II)
(က) ၁၁ ကေဇီမာတ်အားလိုင်း (၀. ၀၅၇)မိုင်
(ခ) ၁၁/၀. ၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စမော်မာ (၁)လုံး

(၁၃) ပင်လောင်းမြို့နယ်၊ နန်းတုတ်ကျေးရွာအုပ်စု၊ လွယ်မို့ကျေးရွာဓာတ်အားရရှိရေးအတွက် (Phase - II)
(က) ၁၁ ကေဇီမာတ်အားလိုင်း (၁. ၁၉၃)မိုင်
(ခ) ၁၁/၀. ၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စမော်မာ (၁)လုံး

(၁၄) ပင်လောင်းမြို့နယ်၊ နန်းတုတ်ကျေးရွာအုပ်စု၊ ဆော်လန်(တောင်/မြောက်) ကျေးရွာ ဓာတ်အား ရရှိရေး အတွက် (Phase - II)
(က) ၁၁ ကေဇီမာတ်အားလိုင်း (၀. ၆၂၇)မိုင်
(ခ) ၁၁/၀. ၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စမော်မာ (၂)လုံး

D/real(wide) (7

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေးသို့ သိန်ဆိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူ၏ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ကုန်သွယ်ရေးဦးစီးဌာန၊ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မိမိဘက်မှ ပို့ကုန်ပစ္စည်းပြောင်းကို တစ်ဖက်နိုင်ငံသို့ တရားဝင် တင်ပို့နိုင်ရန်အတွက် လက်ရှိဆောင်ရွက်နေမှု အခြေအနေမှာ -

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့တွင် တရုတ်နိုင်ငံဘက်မှ ဝမ်တိန်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌခေါင်းဆောင်ပြီး အဖွဲ့ဝင် (၁၁)ဦးတို့နှင့်အတူ မိမိတို့ဘက်မှ (OSS) ဌာနဆိုင်ရာ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကုန်စည်ဒိုင်နှင့် ကုန်သည်အသင်းတို့မှ ကိုယ်စားလှယ်များ အလုပ်သဘော တွေ့ဆုံဆွေးနွေးကြရာ ဝမ်တိန်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌမှ မြန်မာနိုင်ငံမှ ပြောင်းနှင့် ဆန်ကို ဝမ်တိန်ဘက်သို့ တရားဝင် တင်ပို့ခွင့်ပြုမှာဖြစ်ကြောင်း၊ ဝမ်တိန်ဘက်မှ (ကိုတာ) ပါမစ်ကိုလည်း တန် (၂၅၀၀၀) အထိခွင့်ပြုရန် ပါမစ်ရထားပြီးဖြစ်ပါကြောင်း၊ ယခုအချိန်တွင် မြန်မာဘက်မှ ပြောင်းနှင့်ဆန်ကို ဝမ်တိန်ဘက်မှ တရားဝင် လက်ခံခြင်းမဟုတ်သော်လည်း ဖမ်းဆီးခြင်းမပြုဘဲ မြန်မာကုန်သည်များကို ကြည့်ပေးနေပါကြောင်း ဆွေးနွေးသွားခဲ့ပါတယ်။

ဒါ့အပြင် တရုတ်နိုင်ငံ ဝမ်တိန်၊ မန့်မိုင် - ကျိန်စန်းကျော့ ဝင်ပေါက်ထွက်ပေါက်များမှ ဆန်နှင့် ပြောင်းအား တရားဝင် တင်သွင်းနိုင်ရန်အတွက် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ ခွင့်ပြုသည့် (ကိုတာ) စနစ်ကိုလည်း ယခင်ထက်(ကိုတာ) ပိုမိုရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ အစည်းအဝေးတွင် ပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့ အစည်းအဝေးလုပ်ခဲ့ပါတယ်။ နှစ်နိုင်ငံ ကျိန်စန်းကျော့ အပေါက်ကနေပြီး ဆန်နှင့် ပြောင်းကို

ငင်း အဆိုကို ၁၄-၇-၂၀၁၆ ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော်မှ ဆွေးနွေး၍ အတည်ပြုနိုင်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားများမှ စိုက်ပျိုးသော လယ်ယာထွက်သီးနှံများကို လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ပေးရန် တိုက်တွန်းသော အဆို ကို အတည်ပြုပြီး ယနေ့အထိ (၂)လကျော် ကာလအတွင်းတွင် ရှမ်းပြည်နယ်အစိုးရမှ မည်သို့ဖော်ဆောင်ပေးပါမည်နည်းဟု သိရှိလို ပါသဖြင့် အောက်ပါမေးခွန်းများကို မေမြန်းရခြင်းဖြစ်ပါတယ်။

(၁) ရှမ်းပြည်နယ် စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံသော ပြည်နယ်တစ်ခုဖြစ်သည်နှင့်အညီ ယခုအချိန်အခါ ရှမ်းပြည်နယ် တွင် ပြောင်းဖူးပေါ်ကာလရောက်ရှိနေပါတယ်။ ထို့ကြောင့် တောင်သူ လယ်သမားများအတွက် မိမိခြံ၊ မိမိယာခင်းမှ ထွက်ရှိသော ပြောင်း များကို သင့်တင့်ကောင်းမွန်သော ဈေးနှုန်းရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရမှပြောင်းဈေးကွက်ကိုမည်သို့ ဖော်ဆောင် ပေးမည်ကို သိရှိလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်အခါလို ပြောင်းဖူးပေါ်စရာသီတွင် ၂၀၁၅ ခုနှစ်တွင် ခွဲပြီးသောပြောင်းစေ့သည် တစ်ပိဿာလျှင် (၅၈၀) ကျပ် ပေါက်ဈေးရှိပြီး ကီလို ၅၀ အိတ် တစ်အိတ်ကို (၁၇၈၃၅) ကျပ် ဈေးနှုန်းပေါက်ခဲ့ပါတယ်။ ယခုနှစ် ၂၀၁၆ ခုနှစ် ပြောင်းပေါ်စရာသီတွင် ခွဲပြီးပြောင်းစေ့သည် တစ်ပိဿာ (၃၅၀) ကျပ်သာပေါက်ပြီး ကီလို ၅၀ အိတ်တစ်အိတ်ကို (၁၀၇၆၂) ကျပ်သာ ပေါက်ဈေးရှိနေပါတယ်။ တစ်ပိဿာ (၃၅၀) ကျပ် ပေါက်ဈေးရှိသော်လည်း ကုန်စည်ဒိုင်များက ပေါက်ဈေးအတိုင်း ဝယ်ယူသိုလှောင်ခြင်း မရှိပါ။ ပြောင်းဈေးကွက် ပျောက်နေသကဲ့သို့ တောင်သူများ ခံစားနေရပါတယ်။ ထို့ကြောင့် တောင်သူ

D/real(wide) (7

တရားဝင်တင်သွင်းရန် သူတို့မှ ပြောဆိုဆွေးနွေးပြီးဖြစ်ပါတယ်။ ကိုတာ (၂၅၀၀၀)ကနေပြီး အပိုထပ်ပြီး ပြောင်းကိုလည်း လုပ်ဖို့ ဖြစ်ပါတယ်။ သို့သော်လည်း တရုတ်နိုင်ငံ၏ သဘောထားက မူဆယ် (၁၀၅)မိုင်ဘက် အပေါက်ကနေမဟုတ်ဘဲ ကျိန်စန်းကျေ့ အပေါက်က ဝင်/ထွက်ချင်ပါတယ်။ အဲ့ဒီကိစ္စကို အပြန်အလှန် ဆွေးနွေးနေကြဆဲဖြစ်ပါတယ်။ ဆွေးနွေးနေပြီဖြစ်လို့လည်း ပြောင်း ဝယ်လိုအားကို လျော့ချသည့်သဘောအနေဖြင့် ကျိန်စန်းကျေ့ အပေါက်ကနေဝင်လျှင် ပြောင်းကို ယူပေးမည်။ ဝယ်ပေးမည်ဆိုပြီး တခြားအပေါက်ကနေဝင်လျှင် ဖမ်းမည်ဆိုသည့် သဘောမျိုးလုပ်ပါ တယ်။ သို့သော်လည်း ချင်းရွှေဟော်အပေါက်၊ ကျိန်စန်းကျေ့ အပေါက်၊ အပေါက်အားလုံးကို အပြန်အလှန်နှစ်နှိုင်ငံ ဆွေးနွေး နေဆဲဖြစ်ပါတယ်။ ယခင်နှင့်စာလျှင် ပြောင်းကို စျေးနှုန်းမှန်ကန်ရေး၊ အကောက်ခွန်၊ အရည်အသွေးမြင့်ရေးအစရှိသည်တို့ကို ဆက်လက် ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကျွန်တော်အနေဖြင့် ဆက်လက်ပြီး အားလုံး နားလည်အောင် ပြောပြရမည်ဆိုလျှင် အဆိုပါ ဆွေးနွေးပွဲ၌ တရုတ်နိုင်ငံ အကောက်ခွန် နှုန်းထားမှာ ပြောင်းနှင့် ဆန်ကို မူလပုံစံမဟုတ်ဘဲ ပုံစံပြောင်း၍ (Value - added) ကုန်ချောအဖြစ် တင်ပို့ပါက ဥပမာ ပြောင်းဖူးကို ကုန်ချောအဖြစ် (အမှုန့်ကြိတ်)၊ တိရစ္ဆာန်အစာအဖြစ် ကြိတ်ပြီး တင်ပို့ လျှင် (ကိုတာ)စနစ် မလိုအပ်ပါကြောင်း၊ အခွန်နှုန်းထားမှာလည်း (၀)% ဖြစ်ပါကြောင်း၊ အကန့်အသတ်မရှိဘဲ အချိန်မရွေး တရုတ်ဘက် သို့ တင်ပို့နိုင် ပါကြောင်း ဆွေးနွေးခဲ့ကြပါတယ်။

လက်ရှိ အခြေအနေတွင်လည်း ဝမ်တိန်ဘက်သို့ ကျိန်စန်းကျေ့ဂိတ်မှ ပြောင်းနှင့် ဆန်ကို ကုန်ပစ္စည်းမူလပုံစံပျောက် သွားသည့် ကုန်ချောပစ္စည်းအဖြစ်ထုတ်လုပ်ပြီး (Value - added)

D/real(wide) (7

များသည် မိမိစိုက်ပျိုးရေးတွင် ထွက်လာသော မိမိခြံထွက်သီးနှံများ စျေးကွက်ပျောက်မှာကို အလွန်စိုးရိမ်နေပါတယ်။

သို့ဖြစ်ပါ၍ တောင်သူများ၏ စိုးရိမ်ကြောင့်ကြမှု ကုစား ပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအနေဖြင့် ပြောင်းစျေးကွက်ကို မည်သို့ဖော်ဆောင်ပေးနိုင်ပါမည်နည်းဟု သိရှိလိုပါတယ်။ ထို့ကြောင့် ယခုလို ပြောင်းပေါ်စရာသီရောက်လာသည်နှင့်အညီ တောင်သူ များသည် ပြောင်းပုံကို ကြည့်ပြီး စိတ်ပျက်နေရပါတယ်။ ကုန်စည်ဒိုင် များသည်လည်း မည်သည့်ကုန်စည်ဒိုင်မှ ပြောင်းမဝယ်ပါ။ ရှမ်းပြည်နယ်၏ တောင်သူများသည် ပြောင်းစျေးကွက်မရှိပါက စီးပွားရေး အလွန်ထိခိုက်နိုင်ပါတယ်။ ထို့ကြောင့် ရှမ်းပြည်နယ် အစိုးရ၏ တောင်သူလယ်သမားများ၏ စီးပွားရေးမထိခိုက်စေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် တောင်သူလယ်သမားများ လယ်ယာ ထွက်သီးနှံများကို လွတ်လပ်သော စျေးကွက်စနစ်ကို မည်သည့် အတိုင်းအတာဖြင့် လုပ်ငန်းများကို ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း သိရှိလိုပါသဖြင့် ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကို မေးမြန်းအပ်ပါတယ်။ အားလုံးကို လေးစား ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုးညွန့်လွင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များ အားလုံးစိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း၊ နှလုံး၏ သာယာခြင်းနှင့် ပြည့်စုံကြ ပါစေ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်ဖြစ်ပါတယ်။ ကျွန်တော် အနေဖြင့်

တင်ပို့ပါက တရုတ်နိုင်ငံမှ လွတ်လပ်စွာ တင်သွင်းခွင့် (Quato Free) ခွင့်ပြု ပေးမှာဖြစ်ကြောင်း ညှိနှိုင်းရရှိထားပြီးဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် တရုတ်နိုင်ငံ၊ ရွှေလီ မြို့၌ ကျင်းပခဲ့သည့် ၁၁ ကြိမ်မြောက် နှစ်နိုင်ငံနယ်စပ် ကုန်သွယ်မှု ပူးပေါင်း ညှိနှိုင်းရေးကော်မတီအစည်းအဝေးပွဲ (JBTCCC) တွင် မြန်မာဘက်မှ တရုတ်နိုင်ငံသို့ တင်ပို့သည့် စိုက်ပျိုးရေးထွက်ကုန်များ (ကိုတာ) တိုးမြှင့်တင်ပို့ပေးရေး၊ ကောက်ခံ မည့်အခွန်နှုန်းထားများကို လျှော့ချပေးရေး ဆွေးနွေး ခဲ့မှုများအပေါ် တရုတ်နိုင်ငံဘက် မှ နိုင်ငံခြားမှ တင်သွင်းသည့် ဆန်၊ ပြောင်းတို့အား အခွန်ကောက်ခံ ခြင်း (ကိုတာ)စနစ်ဖြင့် တင်သွင်းခြင်းများကို ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံခြားမှ တင်သွင်းသည့် စားနပ်ရိက္ခာမှာ တန်ချိန် (၅/၆) သန်းသာရှိကြောင်း၊ တင်သွင်း ခွင့်ပြု/မပြုအား နိုင်ငံတော်တိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး ကော်မတီမှ အဓိက ဆုံးဖြတ်ဆောင်ရွက်လျက် ရှိပါတယ်။

လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားမှ စားနပ်ရိက္ခာတင်သွင်း လိုပါက ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် Website ပေါ်တွင် လျှောက်ထားရမှာဖြစ်ကြောင်း၊ ဆန်၊ပြောင်းလျှောက်ထား ခြင်းကို (၁၀) လပိုင်းတွင် လျှောက်ထားရမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ မှ ဆန်၊ ပြောင်းလျှောက်ထားပါက (ကိုတာ)ရှိရန် လိုအပ်သကဲ့သို့ ဒေသထွက် စားနပ်ရိက္ခာများအား ပိုးမွှားကင်းရှင်းကြောင်းပါရှိမှ သာ လျှောက်ထားနိုင်ကြောင်း၊ စားနပ်ရိက္ခာ တင်သွင်းခွင့်ရှိသည့် ကုမ္ပဏီများနှင့် ဆက်သွယ်ပြီးမှသာ လုပ်ကိုင် ဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်း၊ မြန်မာဘက်မှ လုပ်ငန်းရှင်များ လုပ်ကိုင်လိုပါက သတင်းအချက်အလက်များပေးနိုင်ပါကြောင်း၊ မိမိတို့ဘက်မှ ပူးပေါင်းဆောင်ရွက်သွားမည်ကို ပြောကြားလိုပါကြောင်း၊ လယ်ယာထွက်ကုန်ပစ္စည်းများအပေါ် ကောက်ခံမှုနှုန်းထားများ

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရှိ ကုန်သွယ်ရေးဦးစီး ဌာနမှ ပဲ၊ ပြောင်း၊ နှမ်း၊ လယ်ယာထွက်ကုန်ပစ္စည်း ကုန်စည်ဒိုင်တွင် နေ့စဉ်ကုန်ဈေးနှုန်း သတင်းကြေညာလွှာ အရောင်းအဝယ် ဖြစ်သော ဈေးနှုန်းများ ပြောင်း၊ ပဲမျိုးစုံ၊ နှမ်း၊ ရာဘာတို့၏ မန္တလေး၊ လားရှိုး၊ တောင်ကြီးနှင့် ရန်ကုန် (ဘုရင့်နောင် ကုန်စည် ဒိုင်) တို့တွင် အရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် မူဆယ်မြို့ မန်းဝိန်း ဝင်/ထွက်ပေါက်ဂိတ်အနီးရှိ ဆန်စပါးကုန်စည်ဒိုင် ပြောင်း၊ ဆန်၊ ဆန်ကွဲတို့နှင့် နေ့စဉ်အရောင်းအဝယ်ဖြစ်သည့် လယ်ယာထွက် ကုန်ပစ္စည်းတို့၏ မူဆယ်မြို့မှာပင် ပစ္စည်းယူသည့် ရောင်းချဈေး၊ ရွှေလီအရောက်ပို့ဆောင်ပြီးသည့် ရောင်းချဈေးများကို မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ Like Page နှင့် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် Blog Website တို့မှ နေ့စဉ်သတင်း ထုတ်ပြန် ဖော်ပြပေးလျက်ရှိပါတယ်။ အဲဒီမှာလည်း ဝင်ရောက်ကြည့်ရှုနိုင် ပါတယ်။

ဒါ့အပြင် ရှမ်းပြည်နယ်တွင် စိုက်ပျိုးထားသော ပြောင်းဖူး များ ဈေးကွက်ရရှိရန်အတွက် ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေး စခန်းမှတစ်ဆင့် တန်ချိန်ကို သွားရောက်ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးသည့်အခါတွင် အရင် ပထမပေးလာသော တန်ချိန် (၂၀၀၀)ပဲပေးပါတယ်။ (၂၀၀၀)ကို ထပ်ပြီး အပိုသာတောင်းသည့် အခါတွင် တန်ချိန် (၈၈၀၀)ခွဲအတွက် ယခုနှစ်မှာဆိုလျှင် တန်ချိန် (၁၂၀၀၀)ရပါတယ်။ လက်ကျန်က (၂၀၀၀)ကျော်လောက်သာလျှင် ဒီနှစ်ထဲတွင် တင်ပို့နိုင်မှု ချင်းရွှေဟော်အပေါက်ကနေ တင်မည် ဆိုလျှင် တန်ချိန် (၂၀၀၀)ကျော် ကျန်ပါသေးတယ်။ ဒါ့ကြောင့် တရုတ်နယ်စပ် ဈေးကွက်အပြင် နောက်ထပ် ဈေးကွက်များ ထပ်မံရှာဖွေရာတွင်လည်း လိုအပ်မှာဖြစ်ပါတယ်။ ဥပမာ - ထိုင်း၊ အိန္ဒိယ၊ ဗီယက်နမ် အိမ်နီးနားချင်းများကိုလည်း တင်ပို့ရန်မှာ

D/real(wide) (7

မိမိတို့တင်ပို့သော ပစ္စည်းမှာ အရည်အသွေးပြည့်မီရန် လိုအပ်ပါတယ်။ လက်ရှိအခြေအနေတွင် အရည်အသွေး မပြည့်မီသည့်အတွက် ဈေးကွက်ခိုင်ခိုင်မာမာမရရှိခြင်းဘဲဖြစ် ပါတယ်။

ယခုအစိုးရသစ်လက်ထက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အရည်အသွေးပြည့်မီအောင် စီမံကိန်းများ ဆောင်ရွက်လျက်ရှိပြီး အစိုးရဌာနအနေဖြင့်လည်း မျိုးကောင်း၊ မျိုးသန့် များ ရှာဖွေ၍ အရည်အသွေးစစ်ဆေးခြင်း၊ မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ်၊ ဧပြီလတွင် အသစ်ဖွဲ့စည်းခဲ့သည့် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့မှလည်း နိုင်ငံတကာ ဈေးကွက်များ ရှာဖွေပေးလျက်ရှိပါတယ်။ ဈေးကွက်ရှာဖွေရာတွင်လည်း ကိုးရီးယားနိုင်ငံ၏ အထောက်အပံ့ဖြင့် နည်းပညာများကိုရယူပြီး ဈေးကွက်ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ယခု မေးခွန်းရှင် ဦးစိုင်းစိန်လူမေးထားသည့်ကိစ္စကို ကျွန်တော်တို့ အခုလက်ရှိ စီးပွားရေးအခြေအနေက စီးပွားရေးမူဝါဒထဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ရည်ရွယ်ချက် သည် ပို့ကုန် ၃ ဆ တိုးမြှင့်ကြ ဆိုသည့်ဆောင်ပုဒ်နှင့်အညီ အဲဒီ ရည်ရွယ်ချက်အတိုင်း လုပ်ဖို့ဆိုလျှင် ပို့ကုန်များပို့ဖို့ဆိုလျှင် အားနည်းချက်သည်(၁) အချက် ကုန်တွေအရည်အသွေးမမီခြင်း၊ (၂)အချက် ပိုးမွှားသန့်စင်မှုနည်းခြင်း၊ (၃) အချက် အရည်အသွေး ပြည့်မီသည့် ကုန်ပစ္စည်းများကိုဖြစ်အောင် Value - added မလုပ်နိုင်ခြင်းတို့ကြောင့် တစ်ဘက်နိုင်ငံက ဝယ်သည့်အခါတွင် နှစ်နိုင်ငံ G to G ခိုင်မာအောင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်လည်း တရုတ်ပြည်မသွားခင်မှာလည်း ဆွေးနွေးခဲ့တယ်။ သွားသည့်အခါတွင်လည်း G to G နှစ်နိုင်ငံ ဆက်ဆံရေးခိုင်မာမှသာလျှင် ဒေသခံ တိုင်းရင်းသားတွေရဲ့၊ ပြည်သူတွေရဲ့

ကိစ္စတွင် တရုတ် - အာဆီယံ (Free Trade Area) တွင် လက်တွေ့လုပ်ငန်း အကောင်အထည်ဖော်နေခ်ိန်ဖြစ်၍ အခွင့်အရေးကောင်းကောင်း အသုံးချရန် လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနှင့်ပူးပေါင်း၍ (ကိုတာ) ပိုမိုရရှိရေး ကြိုးပမ်းဆွေးနွေးခဲ့ကြပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမှ ပြောင်းတင်ပို့လိုသည့် ကုမ္ပဏီများသည် တစ်ဘက် တရုတ်နိုင်ငံမှ ဝယ်ယူတင်သွင်းမည့် စားနပ်ရိက္ခာတင်သွင်းခွင့်ရှိသည့် ကုမ္ပဏီနှင့် တရုတ်နိုင်ငံ၏ ဆွေးနွေးချက်တွင် ပါရှိသည့်အတိုင်း ပြောင်းတင်သွင်းမှုအတွက် ယခု (၁၀)လပိုင်းတွင် တရုတ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် Website ပေါ်တွင် လျှောက်ထားရေး ညှိနှိုင်းထားရန်၊ မိမိဘက်မှ တင်ပို့မည့် ပို့ကုန်ပြောင်းများအတွက် တရုတ်နိုင်ငံ (AQSIQ) မှ လက်ခံသည့် ပိုးမွှားကင်းရှင်းကြောင်း လက်မှတ်ရရှိရေး ကြိုတင်ဆောင်ရွက်ထားရန်၊ တစ်ဘက်တင်သွင်းမည့် ကုမ္ပဏီနှင့် ကြိုတင်ချိတ်ဆက်ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ မိမိဘက်မှ တင်ပို့လိုသည့် ပမာဏအတွက် တစ်ဘက်နိုင်ငံ၏ စားနပ်ရိက္ခာ တင်သွင်းခွင့် ရှိသည့် ကုမ္ပဏီနှင့်သာ အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တရုတ်နိုင်ငံဘက်မှ တရားဝင် ခွင့်ပြုထားပြီးဖြစ်ပါ၍ တရားဝင်တင်သွင်းခွင့်ရရှိရေး တင်ပို့မည့် ကုမ္ပဏီအပိုင်းမှ ကြိုတင်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါတယ်။

တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေသည့် ဆန်၊ ဆန်ကွဲ၊ ပြောင်းနှင့် လယ်ယာထွက်ကုန်ပစ္စည်းများကိုလာမည့် မြန်မာ - တရုတ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီအစည်းအဝေး (Joint Border Trade Coordinating and Cooperating Committee) (JBTCCC) အစည်းအဝေးတွင် တရားဝင် Duty Free၊ Quato Free၊ ဒေသခွန်များ လျှော့ပေါ့ပေးရေးကိစ္စ ထပ်မံညှိနှိုင်းဆွေးနွေးရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

D/real(wide) (8

ရောင်းချရမည့် ပို့ကုန်တွေအပေါ်မှာ ဈေးကွက်နှိမ်ခံရခြင်း၊ ငွေကြေးလိမ်လည်မှုမဖြစ်အောင်ဆောင်ရွက်ပေးပါလို့ဆိုပြီး ကျွန်တော် အနေဖြင့်လည်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကို တင်ပြ ပေးခဲ့ပြီးဖြစ်ပါတယ်။ အခုလည်းကိုတာတွေကို ထပ်မံရရှိအောင် ကြိုးစားသွားမှာဖြစ်ပါတယ်။ အဘယ်ကြောင့်ဆိုသော် ပို့ကုန်ကို မြှင့်တင်နိုင်ဖို့ဆိုလျှင် လွတ်လပ်စွာ ကုန်စည်စီးဆင်းမှုဖြစ်ဖို့ အရေးကြီးပါတယ်။

ဒါကြောင့် မေးခွန်းရှင်အနေဖြင့် ကျွန်တော်တို့ အစိုးရအနေဖြင့် ပြည်နယ်အစိုးရအနေဖြင့်သော်လည်းကောင်း၊ ပြည်နယ်အစိုးရအနေဖြင့်လည်း ပြည်ထောင်စုအစိုးရကို ကုန်ဈေးနှုန်း တည်ငြိမ်ရေး၊ မျှတသော ကုန်သွယ်မှုဖြစ်ပေါ်ရေး၊ လွတ်လပ်စွာ တင်ပို့နိုင်ရေးတို့ကို ပြည်နယ် အစိုးရကိုယ်စားအကြံပေးဆွေးနွေးပြီး တင်ပြသွားမှာဖြစ်ပါကြောင်း လေးလေးစားစားနှင့် ပြန်လည်ဖြေကြားအပ် ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အစည်းအဝေးကို (၁း၃၀)နာရီခန့် ရပ်နားမှာဖြစ်ပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်ပိုင်း အစည်းအဝေးကို (၁၃း၃၀)နာရီ အချိန်တွင် ပြန်လည်စတင်မှာ ဖြစ်ပါတယ်ခင်ဗျား။

ဦးခွန်သူရအောင်၊ တောင်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးပြီး အားလုံးကို ကျွန်တော် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တောင်ကြီး မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သူရအောင်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ဒေသခံ မိဘပြည်သူများ၏ သဘောထား သိရှိလိုသည်များကို ယခုလို ကြယ်ပွင့်ပြမေးခွန်း မေးခွင့်ရသည့်အတွက်လည်းပဲ ရှမ်းပြည်နယ်လွှတ်တော်ကြီးကို အထူးပင်ကျေးဇူးတင်ရှိပါတယ်။

ကျွန်တော်မေးမည့် ကြယ်ပွင့်ပြမေးခွန်း ပထမမေးခွန်းအဖြစ် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများအတွက် လျာထားဘတ်ဂျက် ပမာဏနှင့် လျာထားဘတ်ဂျက်ပေါ် မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေနှင့်စပ်လျဉ်းသော မေးခွန်းနှင့်ပတ်သက်၍ လွန်ခဲ့သော ၂၀၁၀ ရွေးကောက်ပွဲကာလပြီးသည်နှင့် ပြည်သူ့အစိုးရ တာဝန်ယူသည့် အချိန်ကာလတစ်လျှောက်တွင် ရှမ်းပြည်နယ်အတွင်း မီးများမလင်းသေးသော မြို့များတွင် ၂၄ နာရီ မီးများရရှိနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားသွယ်တန်းခြင်း လုပ်ငန်းများတွေကို ဦးစားပေးပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ တစ်ဘက်မှာလည်းပဲ တည်ငြိမ်အေးချမ်းမှုရှိသော မြို့နယ်အများစုမှာ သက်ဆိုင်ရာ နိုင်ငံတော်အစိုးရ၊

D/real(wide) (8

ကန့်သတ်

၁၆၂

ရှမ်းပြည်နယ်

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

တတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့)မှတ်တမ်း

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်

[အင်္ဂါနေ့]

နေ့လည်ပိုင်း

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီ အချိန်အတွင်း ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ နေ့လည်ပိုင်းအစီအစဉ်အား ဆက်လက်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းအစီအစဉ်ကို ဆက်လက်ဆောင်ရွက်ပါမယ်။

အစီအစဉ်အရ တောင်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးခွန်သူရအောင်က ပထမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ကန့်သတ်

၁၆၄

သက်ဆိုင်ရာ ပြည်နယ်အစိုးရတို့၏ လမ်းညွှန်ချက်နှင့်အညီ ကိုယ်ထူကိုယ်ထ လျှပ်စစ်ဓာတ်အားသွယ်တန်းခြင်း လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါ တယ်။ အဲလို အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာမှာ နှစ်စဉ်အလိုက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရသည်လည်း ဘဏ္ဍာရေးနှစ်အလိုက် ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအတွက် ခွင့်ပြုဘတ်ဂျက် လျာထားရန်ပုံငွေကို ချမှတ်ပြီး အကောင်အထည်ဖော်ပေးကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများအတွက် အောက်ပါမေးခွန်းများကို သိရှိလိုပါတယ်-

ပြည်ထောင်စုအစိုးရမှ ခွင့်ပြုဘတ်ဂျက်၊ လျာထားဘတ်ဂျက် ပမာဏနှင့် ရှမ်းပြည်နယ်အစိုးရမှ ခွင့်ပြုလျာထားဘတ်ဂျက် ပမာဏကို သိရှိလိုပါတယ်။ တစ်ဆက်တည်းမှာပဲ ပမာဏအပေါ်မူတည်၍ မြေပြင်ပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ တင်ဒါအောင်ကန်ထရိုက်တာ စနစ်ဖြင့် ဘတ်ဂျက်ပမာဏ မည်မျှကိုတာဝန်ယူပြီး အကောင်အထည်ဖော် ဆောင်ရွက်ပြီး ယနေ့အထိ ပြီးစီးမှုအခြေအနေ၊ မိခင်လျှပ်စစ်ဌာနဖြင့် ဘတ်ဂျက် ပမာဏကို မည်မျှကိုတာဝန်ယူပြီး အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ယနေ့အထိ ပြီးစီးမှုအခြေအနေကို သိရှိလိုပါသောကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဌာနကို တင်ပြမေးမြန်းပေးနိုင်ပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

D/real(wide) (8

ဦးဆွေသိန်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝ ပြုပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးဆွေသိန်းဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သူရအောင် မေးမြန်းသည့် ကြေးပွင့်ပြ မေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ကဏ္ဍ ဘတ်ဂျက်ပမာဏတွင် ရှမ်းပြည်နယ်အစိုးရမှ ခွင့်ပြုငွေ ကျပ်သန်း (၁၆၀၈၀) ရရှိခဲ့ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းညွှန်ချက်အရ ကျေးရွာများ ဓာတ်အားရရှိရေးအတွက် လုပ်ငန်း (၂၀)ခုအတွက် ကျပ်သန်း (၁၈၈၉၊ ၁၉၉)ဖြင့် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး (၁၀၀%) ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။ ရက် ၁၀၀ စီမံကိန်းတွင် တိုးချဲ့ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း (၃၄)ခု၊ အစားထိုးရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၂၂)ခုနှင့် ကျေးရွာမီးလင်းရေး လုပ်ငန်း (၁၂)ခု စုစုပေါင်းလုပ်ငန်း (၆၂)ခုအတွက် ကျပ်သန်း (၁၉၁၂၊ ၂၁၂)ဖြင့် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအား (၁၀၀%) ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။

ကျောက်တလုံးကြီးမြို့၊ မွေတော်ကတ္တူဘုရားနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများ ဓာတ်အားရရှိရေးအတွက် ၂၀၁၅ - ၂၀၁၆ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်ပြီးဖြစ်ပါ၍ ဆီဆိုင် မြို့နယ် မြို့ပေါ် (၆) ရပ်ကွက်နှင့် ဆက်စပ်ကျေးရွာများ ဓာတ်အား

လအလိုက် သက်ဆိုင်ရာ တိုင်းရင်းသား များ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းပွဲတော်များလည်း စဉ်ဆက်မပြတ် ကျင်းပပေးသော မြို့တော်ဖြစ်ပါတယ်။ မြို့တော်၏တောင်ဘက်တွင် ရှေးဟောင်း သမိုင်းဝင် တန်ခိုးရှင် မွေတော်ကတ္တူ ဘုရား၊ အနောက် ဘက်တွင် အင်းလေး၊ ညောင်ရွှေ ဖောင်တော်ဦး ဘုရားနှင့် အနောက် မြောက်ဘက်တွင် ပင်းတယဂူ သမိုင်းဝင် ရှေးဟောင်းဘုရားနှင့် အရှေ့ဘက်တွင် ကိုရင်လေး၏ ထမ်ဆမ်းဂူ၊ ရွှေတိဂုံပုံတူ စေတီတော်စသဖြင့် သမိုင်းဝင်ရှေးဟောင်းအမွေအနှစ်များ ဝန်းရံထားသော မြို့တော် ဖြစ်သည့်အားလျော်စွာ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြည်တွင်း ပြည်ပ၊ နိုင်ငံတွင်း/နိုင်ငံသား ဘုရားဖူးများ၊ ဧည့်သည်တော်များ ဝင်ရောက် /ထွက် သွားလာ၊ တည်းခို နားနေရာ မြို့တော်ဖြစ် ပါတယ်။

မြို့တော်၏ ဘေးပတ်ဝန်းကျင်ကို ကြည့်မည်ဆိုလျှင် စိုက်ပျိုး ရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများဖြင့် အင်မတန် ကြီးကြီး ကျယ်ကျယ်ခမ်းခမ်းနားနား စိုက်ပျိုးမွေးမြူသော ဒေသဖြစ်သည့် အားလျော်စွာ တောင်ကြီးမြို့တော်သည် ကုန်စည် စီးဆင်းမှု နေ့စဉ်နှင့် အမျှ စည်ကားလျက်ရှိသော မြို့တော်ဖြစ် ပါတယ်။ ဒါ့အပြင် တောင်ကြီးဆေးတက္ကသိုလ်၊ တောင်ကြီး တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ အားကစားသိပ္ပံစသည်ဖြင့် တက္ကသိုလ်ပေါင်းဝန်းရံထားသော မြို့တော်လည်းဖြစ်ပါ တယ်။ အာဆီယံနိုင်ငံတကာမှာလည်းပဲ စိမ်းလန်းစိုပြည်ပြီး အသန့်ရှင်းဆုံး ဆုတံဆိပ်ရရှိခဲ့သော မြို့တော် တစ်ခုလည်းပဲဖြစ်ပါတယ်။ ဒါ့အပြင် နောက်ဆုံး ပြည်တွင်းမှာမက နိုင်ငံခြား/ပြည်ပနိုင်ငံ ကမ္ဘာထိပါ ထင်ပေါ် ကျော်ကြားသော တောင်ကြီးမြို့တော် ရိုးရာတန်ဆောင်တိုင် ကာလဆိုလျှင် ကထိန် သင်္ကန်းကပ်လှူခြင်း၊ ဆီမီးပူဇော်ခြင်း၊ နေ့၊ ညမီးပုံးပျံလွှတ်တင်

D/real(wide) (8

ရရှိရေးအတွက် ကျပ်သန်း (၂၇၅၊ ၀၁၇)ဖြင့် ပြောင်းလဲသုံးစွဲခဲ့ပြီး (၁၀၀%) ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။

ကျန်ရှိသောလုပ်ငန်းများမှ တိုးချဲ့ (၁၉)ခု၊ အစားထိုး (၆)ခု နှင့် ကျေးရွာ (၅၂)ခု စုစုပေါင်း (၈၄)ခု အတွက် ကျပ်သန်း (၁၀၂၁၅၊ ၄၄၁)ဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်ဆဲ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးခွန်သူရအောင်က ဒုတိယ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်သူရအောင်၊ တောင်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကြယ်ပွင့်ပြမေးခွန်း ဒုတိယတစ်ခုကတော့ လက်ရှိ တောင်ကြီးမြို့ပေါ်တွင်ရှိသော ဗိုလ်ချုပ်အောင်ဆန်းလမ်းအပါအဝင် ရပ်ကွက် (၂၂)ရပ်ကွက်တွင် ပျက်စီးယိုယွင်းနေ သောလမ်းများ ပြန်လည်ခင်းပေးဖို့ အစီအစဉ် ရှိ/မရှိ မေးမြန်း သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ကြီးမြို့သည် ရှမ်းပြည်နယ်၏ မြို့တော်ဖြစ်သည့် အားလျော်စွာ ဒီနေ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ ဥပဒေပြုရေးနှင့် ဒေသဖွံ့ဖြိုးရေးများ ဆွေးနွေးသော ရှမ်းပြည်နယ် လွှတ်တော် တည်ရှိရာမြို့တော်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့၏ ရှမ်းပြည်နယ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည့် ရှမ်းပြည်နယ် အစိုးရ၏ နံနံစိုက်ရာ မြို့တော်လည်းဖြစ်ပါတယ်။ မြို့ပေါ် ရပ်ကွက် (၂၂) ရပ်ကွက်ကို စုစည်းပြီး ဖွဲ့စည်းထားသော မြို့တော်ဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံမြောက်များစွာ စုပေါင်းနေထိုင်သော မြို့တော်လည်းဖြစ်ပါတယ်။ နှစ်အလိုက်၊

ပြုင်ပွဲကျင်းပခြင်းတို့သည်လည်းပဲ နေ့စဉ်နှင့်အမျှ စည်ကားသိုက်မြိုက်စွာ ကျင်းပပေးနိုင်သော မြို့တော်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြို့တော်တောင်ကြီးသည် သဘာဝအခြေခံကောင်းများ ဝန်းရံပြီး အသန့်ရှင်းဆုံးနှင့် စိမ်းလန်းစိုပြည်ဆုရသော မြို့တော်ဖြစ်သည့်အလျှောက် မြို့တော်နှင့်ညီမျှသော လမ်းများခင်းပေးရန် အစီအစဉ် ရှိ/မရှိ မြို့မိမြို့ဖများ၊ မြို့သူမြို့သားများက အောက်ပါ မေးခွန်းများကို သိရှိလိုသည့်အတွက်ကြောင့် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းမှာဖြစ်ပါတယ်-

(၁) မြို့တော်အင်္ဂါရပ်နှင့်အညီ ယခုအဓိကကျဆုံးသော ဗိုလ်ချုပ်အောင်ဆန်းလမ်းသည် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်လမ်းအဖြစ် တိုးမြှင့်ခင်းပေးမှု အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။

(၂) ပြီးခဲ့သော အစိုးရသက်တမ်း ပြီးခဲ့သော အစိုးရအဖွဲ့မှ ခင်းပေးခဲ့သော အဆင့်မြှင့်မြို့ပတ်လမ်းသည် မပြီးပြတ်သေးသော လမ်းပိုင်းများ ကျန်နေပါသေးတယ်။ ကျန်သော မြို့ပတ်လမ်းပိုင်းကိုလည်း ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ခင်းပေးမည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။

(၃) မြို့ပေါ် (၂၂) ရပ်ကွက်ချင်း ချိတ်ဆက်ထားသော လမ်းများမှာလည်းပဲ အချို့လမ်းမှာ အတော်ပင် ပျက်စီးနေပါပြီ။ ဥပမာအားဖြင့် လမ်းမတော်ရပ်ကွက်က မြသုခရုံအနီး ဘုရင့်နောင်လမ်း၊ ကျောင်းကြီးစုက ဖရဲငွေတောင်လမ်း၊ ပင်စိမ်းကုန်းဘက်က ရေထွက်ဦးလမ်း စသဖြင့် ဒါတွေဟာ အင်မတန်ပျက်စီးနေပါပြီ။

D/real(wide) (8

သို့ဖြစ်ပါ၍ မြို့မိမြို့ဖများနှင့် မြို့သူမြို့သားများသိရှိလိုသော အထက်ပါမေးခွန်း (၃)ခုအား လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် သက်ဆိုင်ရာဌာနမှ သက်ဆိုင်ရာဌာနကို မေးမြန်းပေးနိုင်ပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းရဲနိုတစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဦးစွာပထမဆုတောင်းမေတ္တာပို့အပ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီးကိုယ်စားပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲနိုတစ်လုံက ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သူရအောင်၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ် ခင်ဗျား။

မြို့တော်ဖြစ်သည့် တောင်ကြီးမြို့အတွင်းရှိ လမ်းများဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းလမ်း အပါအဝင် ရပ်ကွက်အတွင်းရှိ ကတ္တရာလမ်းအများစုမှာ ပျက်စီးယိုယွင်းနေပါသဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်ပြုပြင်ပြောင်းလဲပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်ရပ်ကွက်၊ မည်သည့်လမ်းကိုခင်းပေးမည်ဆိုသည့်

ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ၊ ကျောက်မှ ကတ္တရာခင်းခြင်းလုပ်ငန်းများနှင့် ကတ္တရာလမ်းပေါက် ဖာထေးခြင်းလုပ်ငန်းများအား နှစ်စဉ် ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေလျာထားချက်မှာကျပ် (၂၃၃၅) သန်းဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် မြို့ပြလမ်းလုပ်ငန်းများအဖြစ် မြေမှ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း (၈)ခု (၁/၂. ၈၃) မိုင်၊ ကုန်ကျငွေကျပ် (၁၂၈. ၉၇၃) သန်း၊ ကျောက်မှ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း (၆)ခု (၁/၀. ၈၄) မိုင်၊ ကုန်ကျငွေကျပ် (၇၅. ၉၁၆) သန်း၊ မြေသားလမ်း (၁) လမ်း အရှည်မိုင် (၀/၀. ၉၃) မိုင်၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း (၁၄) ခု (၂/၀. ၉၂) မိုင်၊ ကုန်ကျငွေကျပ် (၁၅၀. ၀၈၇) သန်း၊ ကျောက်ထပ်ကတ္တရာခင်းခြင်း လုပ်ငန်း (၁) ခု၊ (၀/၃. ၇၉) မိုင်၊ ကုန်ကျငွေကျပ် (၈၄. ၄၅) သန်း၊ ကွန်ကရစ်လမ်း (၁) လမ်း၊ အရှည်မိုင် (၀/၀. ၆၂) မိုင်၊ ကုန်ကျငွေကျပ် (၂၇. ၆) သန်း၊ ကြိုတင်ကျောက်ချောကတ္တရာဖြင့် လမ်းပေါက်များ ဖာထေးခြင်း (၄၂၀၀) စတုရန်းပေ၊ ကုန်ကျငွေကျပ် (၂၅) သန်း၊ စုစုပေါင်း လမ်းလုပ်ငန်း (၃၁) ခုအတွက် စုစုပေါင်း ကုန်ကျငွေကျပ် (၅၀၄. ၂၉၄) သန်းဖြင့် တောင်ကြီးမြို့၊ အေးသာယာမြို့၊ ရွှေညောင်မြို့ များရှိ လမ်းများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားရေးဆွဲထားပြီးဖြစ်ပါတယ်ခင်ဗျား။

အဆိုပါ ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် လျာထားရေးဆွဲပြီးဖြစ်သော လမ်းလုပ်ငန်းများအနက် ပထမ (၆) လ မိုးရာသီကာလအတွင်း ကတ္တရာလမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပြီး ကျန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများအား ဒုတိယ (၆) လပတ် ပွင့်လင်း

D/real(wide) (8

ရာသီရောက်သည့်အချိန်၌ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တောင်ကြီးမြို့၊ အေးသာယာမြို့၊ ရွှေညောင်မြို့များရှိ လမ်းလုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိသော မြို့တွင်းလမ်းများအား ၂၀၁၇ - ၂၀၁၈ ခု ဘဏ္ဍာရေးနှစ်မှစတင်ပြီး ဝင်ငွေရရှိမှုအပေါ်မူတည်ပြီး လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား နှစ်စဉ်ထည့်သွင်းရေးဆွဲ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရှမ်းပြည်နယ် ကြက်မွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံရေး ဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

ဥက္ကဋ္ဌ။ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းအစီအစဉ်ပြီးဆုံးပါပြီ။ အစီအစဉ် (၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် ကြက်မွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံရေး ဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်သို့ပေးပို့လာပါတယ်။ သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များအားလုံးနှင့် တပ်မတော်သားကိုယ်စားလှယ်များ အားလုံး ကိုယ်၏

မေးခွန်းကိုသိရှိလိုပါသည်ဟူသော မေးခွန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းတင်ပြလိုပါတယ်-

ရှမ်းပြည်နယ်၏ မြို့တော်၊ တောင်ကြီးမြို့အတွင်းရှိ ဗိုလ်ချုပ်အောင်ဆန်းလမ်းသည် တောင်ကြီးမြို့၏ အဓိကလမ်း (၁)ခု ဖြစ်သည့်အပြင် ပြည်ထောင်စုလမ်းမကြီးဖြစ်သဖြင့် လမ်းပြုပြင်ထိန်းသိမ်းခြင်းနှင့် လမ်းလုပ်ငန်းများအား လမ်းဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး ကျန်မြို့တွင်းလမ်းများဖြစ်သော အရှေ့မြို့ပတ်လမ်း၊ အနောက်မြို့ပတ်လမ်း အပါအဝင် တောင်ကြီးမြို့ပေါ် ရပ်ကွက် (၂၂) ရပ်ကွက်တွင် ကတ္တရာလမ်း (၂၈၂) လမ်း အရှည် (၅၃/၂. ၄၃) မိုင်၊ ကျောက်ချောလမ်း (၁၁၈)လမ်း အရှည် (၃၀/၁. ၆၂) မိုင်၊ မြေသားလမ်း (၂၅)လမ်း အရှည် (၈/၂. ၈၄) မိုင်၊ စုစုပေါင်း (၄၂၅) လမ်း အရှည် (၉၁/၆. ၈၉) မိုင် ၊ အေးသာယာမြို့ပေါ် (၁၂) ရပ်ကွက် (စက်မှုဇုန်မပါ)တွင် ကတ္တရာလမ်း (၂၈)လမ်း အရှည် (၈/၃. ၈၇) မိုင်၊ ကျောက်ချောလမ်း (၂၈) လမ်း အရှည် (၅/၄. ၃၄) မိုင်၊ မြေသားလမ်း (၅၁) လမ်း အရှည်ပေါင်း (၂၂/၄. ၇၉)မိုင်၊ စုစုပေါင်း (၁၀၇) လမ်း အရှည်မိုင်ပေါင်း (၃၆/၅. ၄) မိုင်နှင့် ရွှေညောင်မြို့ပေါ် (၇) ရပ်ကွက်တွင် ကတ္တရာ လမ်း (၁၂)လမ်း အရှည် (၂/၆. ၄၃) မိုင်၊ ကျောက်ချောလမ်း (၂၉) လမ်း အရှည် (၄/၂. ၁၅) မိုင်၊ မြေသားလမ်း (၆) လမ်း အရှည် (၁/၁. ၄၈)မိုင် စုစုပေါင်း (၄၇) လမ်း အရှည် (၈/၃. ၀၆) မိုင် တို့ဖြစ်၍ တောင်ကြီး၊ အေးသာယာ၊ ရွှေညောင်မြို့များရှိ ရပ်ကွက် ပေါင်း (၄၁) ရပ်ကွက် လမ်းစုစုပေါင်း (၅၇၉) လမ်း အရှည် (၁၃၆/၇. ၃၅) မိုင်အား တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနမှ တာဝန်ယူ၍ ပြုပြင်ထိန်းသိမ်းရန်လိုအပ်သော ကတ္တရာ လမ်းများအား နှစ်အလိုက် ဝင်ငွေရရှိမှုအပေါ်မူတည်၍ မြေမှ ကတ္တရာခင်းခြင်းလုပ်ငန်း၊

D/real(wide) (8

ဆိုလျှင် ကျွန်တော်တို့ အားလုံးသည် ကူးစက်ခံရမှာဖြစ်ပါတယ်။ ကျွန်တော်တင်ပြသည့် ဥပဒေကြမ်း ခေါင်းစဉ်ကတော့ ကြက်မွေးမြူခြင်းနှင့် ကာကွယ်ခြင်းကို ဆိုလိုခြင်းဖြစ်ပါတယ်။

ကြက်မွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံရေး ဥပဒေဆိုတာ ကြက်မွေးမြူရေးကို သွားရင်းနှင့် ကြက်မွေးမြူရေးနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာမည့် ဇီဝရောဂါ၊ ကူးစက်ရောဂါ၊ လူကိုသေစေနိုင်သော ရောဂါ၊ လူ့အသက်ကို လုံခြုံရေးအကာအကွယ်ပေးနိုင်မည့် ဥပဒေဖြစ်ပါတယ်။ ခေါင်းစဉ် နှစ်ခုခွဲထားပါတယ်။ ကြက်မွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံရေးဥပဒေလို့ ထည့်ထားပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ အခန်း (၂) စာမျက်နှာ (၃)တွင် ကြက်မွေးမြူရေးဇုန်များ စနစ်တကျ အကောင်အထည်ဖော်နိုင်ရေးဖြစ်ပါတယ်။

ကြက်မွေးမြူရေးလုပ်ငန်းများ စနစ်တကျ စီမံခန့်ခွဲနိုင်ရေးကို အဓိကထည့်ရခြင်းမှာ ယခုအခါ ရှမ်းပြည်နယ်တွင် ကြက်ကောင်ရေ မည်မျှရှိသည်ကို အစိုးရက မသိနိုင်ပါ။ (ဂ) ကြက်မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသော အန့်အသက်ဆိုး၊ ကူးစက်ရောဂါများ လူသားတို့ အလွယ်တကူ ကူးစက်ခြင်းမှ ကာကွယ်ရန်။ ဒါကတော့ ဇီဝလုံခြုံရေးနှင့်ပတ်သက်ပါတယ်။ (ဃ) ကြက်မွေးမြူရေးလုပ်ငန်းများ ဇီဝလုံခြုံမှုရှိစေရန်။ ကြက်များသည်လည်း လွတ်လွတ်လပ်လပ် သူ့ဒေသတွင် ဥပဒေပြဋ္ဌာန်းချက်အတိုင်း ဖွံ့ဖြိုးတိုးတက်မှုရှိစေချင်တယ်။ လူနေရပ်ကွက်တွင်လည်း သန့်သန့်ရှင်းရှင်းနှင့် တည်ရှိစေချင်တယ်။ ထို့ကြောင့် ဒီဥပဒေကို တင်သွင်းရခြင်းဖြစ်ပါတယ်။ နောက်ဆုံး တိုက်တွန်းလိုတာကတော့ လွတ်တော်ကိုယ်စားလှယ်များ အားလုံးစိတ်ဝင်တစားဆွေးနွေးအကြံပြုပြီး အစိုးရကိုလည်း နည်းဥပဒေများ မြန်မြန်ဆောင်ရွက်ပေးဖို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ပထမနှုတ်ခွန်းဆက်သပေးပို့အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တင်သွင်းမည့် ဥပဒေကြမ်းတစ်ခုကတော့ ရှမ်းပြည်နယ် ကြက်မွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံရေး ဥပဒေကြမ်းဖြစ်ပါတယ်။ အဲဒီဥပဒေကြမ်းနှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များဆီကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

ဥပဒေကြမ်းတွင် အခန်း (၁၀) ခန်းပါပြီး ပုဒ်မ (၃၃) ခုရှိပါတယ်။ ဥပဒေကြမ်း၏ တည်ဆောက်ပုံဖရိန်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ခံရမှာဖြစ်ပြီး နောက်တစ်ဆင့်အောက်မှာက ဦးစီးဌာနက မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက ဆက်လက်တာဝန်ခံရမှာဖြစ်ပါတယ်။ အဲ့အောက်မှာက ခရိုင်ကြက်မွေးမြူရေးဆိုင်ရာ ကြီးကြပ်ရေးကော်မတီ ဤဥပဒေအရ ဖွဲ့စည်းထားသည့် ခရိုင်ကြက်မွေးမြူရေးဆိုင်ရာ ကြီးကြပ်ရေးကော်မတီက တာဝန်ခံရမှာဖြစ်ပြီး အဲ့ဒီရဲ့အောက်မှာက ဥပဒေအရ ဖွဲ့စည်းထားသည့် မြို့နယ်ကြက်မွေးမြူရေးဆိုင်ရာ ကြီးကြပ်ရေးကော်မတီကပဲ တာဝန်ခံရမှာဖြစ်ပါတယ်။ ဥပဒေ၏ ရည်ရွယ်ချက်ကတော့ အားလုံးကို မဖတ်ပြတော့ပါဘူး။ ဒီဥပဒေကို ကျွန်တော်နည်းနည်းရှင်းပြလိုသည်မှာ ရှမ်းပြည်နယ်အတွက် အင်မတန်မှအရေးကြီးသည့်ဥပဒေလို့ ယူဆပါတယ်။ အကြောင်းရင်းကတော့ ပြည်နယ်နှင့် တိုင်း (၁၄) ခုထဲမှာဆိုလျှင် ရှမ်းပြည်နယ်သည် ကြက်မွေးမြူရေး အကြီးဆုံးပါပဲ။ အထူးသဖြင့် ကြက်မွေးမြူရေး အသိုင်းအဝိုင်းမှာ ကြက်ဥစျေးတက်တာ၊ ကျတာတွေကို တောင်ကြီးကို အခြေခံရပါတယ်။ ရန်ကုန်မြို့ဖြစ်စေ၊ မန္တလေးမြို့ဖြစ်စေ တောင်ကြီးစျေးကွက်ကိုပဲ အခြေခံရတာဖြစ်ပါတယ်။ ဆိုလိုသည်မှာ

D/real(wide) (8

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များက ပေးပို့သော ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၆၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၂) အရ လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူပါမယ်။ ဒါကြောင့် ဤဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ် ရှိပါသလားခင်ဗျား။ လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ဤဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည့်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၆၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၃)အရ ဥပဒေပြုရေးဆိုင်ရာကော်မတီတို့ လွှဲအပ်မှာဖြစ်ပါတယ်။ ဤဥပဒေနှင့်စပ်လျဉ်းပြီး ဥပဒေပြုရေးဆိုင်ရာ ကော်မတီက စိစစ်ပြီး အနီးကပ်ဆုံး ကျင်းပမည့် ရှမ်းပြည်နယ် လွှတ်တော်အစည်းအဝေးတွင် ကော်မတီ၏ အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန် ရှိပါက ဆွေးနွေးမည့် အချက်များကို ပြည်နယ်လွှတ်တော်ရုံးသို့ ၂၀-၁၀-၂၀၁၆ ရက်နေ့ အရောက်ပေးပို့ကြဖို့ အကြောင်းကြားပါတယ်။

D/real(wide) (8

ကြက်မွေးမြူရေးသည် ရှမ်းပြည်နယ်တွင် အကြီးဆုံး ဆိုသော်လည်း တောင်ကြီးတွင် အများဆုံး ဖြစ်ပါတယ်။ စာရင်းအတိအကျတော့ မသိပါဘူး။ ကုန်သည် လောက၏ ကြက်မွေးမြူရေးလောက၏ ခန့်မှန်းချက်မှာ အကောင်ရေ(၃၅)သိန်းအထက်ရှိပါတယ်။

ဒုတိယ ကျောက်မဲမြို့နယ်တွင် (၈) သိန်းကျော် ခန့် ရှိပါတယ်။ တတိယ လားရှိုးဈေးကွက်နှင့် နောင်ချိုဈေးကွက် ဖြစ်ပါတယ်။ ကြက်မွေးမြူရေးသည် ရှမ်းပြည်နယ်အတွက် အင်မတန် အရေးကြီးပါတယ်။ ကြက်မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်ပြီး ယခင်က ဥပဒေ ဆိုတာ မရှိခဲ့ပါဘူး။ ကိုယ်အဆင်ပြေသလို ကိုယ့် ပတ်ဝန်းကျင် မှာပဲ လွတ်လွတ်လပ်လပ် မွေးမြူခဲ့ပါတယ်။ ယနေ့ဆိုလျှင် အန္တရာယ်နှင့် ကူးစက်ရောဂါဘယနှင့်ပတ်သက်ပြီး ပြဿနာ အများကြီးရှိနေပါတယ်။ ထိုကြောင့် ဒီဥပဒေသည် အင်မတန်မှ အရေးကြီးပါတယ်။ ရှမ်းပြည်နယ် ရာသီဥတုနှင့်ကိုက်ညီ သည့်အတွက် ဤအစိုးရလက်ထက်တွင် ခရီးဆက်နေသည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များမှာ မကြာမီအချိန်အတွင်း ရှမ်းပြည်နယ်ကို အခြေပြုပြီး ကြက်မွေးမြူရေး ဇုန်ကို ရင်းနှီးမြှုပ်နှံမည့် သဘောမှာရှိပါတယ်။ ယခုကဲ့သို့ ပိုပြီးကြီးမားမည်ဆိုလျှင် ဥပဒေ မရှိထားပါက အဆင်ပြေနိုင်မည်မဟုတ်ပါ။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ရှမ်းပြည်နယ်ကြက်မွေးမြူရေးလုပ်ငန်းသည် မကြာခင် ကာလအတွင်းမှာ ရှမ်းပြည်နယ်အဓိက G.D.Pကို ရှာပေးမည့် လုပ်ငန်းတစ်ခုဖြစ်နေပြီလို့ မီးမောင်းထိုးပြချင်ပါတယ်။ ထို့ကြောင့်ဥပဒေ မရှိမဖြစ်လိုအပ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး မနှစ်က မုံရွာတွင်ကြက်နှင့် ပတ်သက်ပြီး H_5N_1 ကူးစက်ရောဂါဖြစ်ပါတယ်။ ကျောက်မဲမှာဆိုလျှင် အချို့ငွေချမ်းသာသည့် အသိုင်းအဝိုင်းသည် မြို့ပေါ်တွင် မနေဘဲ အခြားမြို့ကို ယာယီ ထွက်ခွာ သွားကြပါတယ်။ ရောဂါကူးစက်လာမည်

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

ဥက္ကဋ္ဌ။ ယခု အစီအစဉ် (၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်း အား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဒါကြောင့်သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းရဲနိုတစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်တကွ ရှမ်းပြည်နယ်အဖွဲ့ဝင် ဝန်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ပဏာမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲနိုတစ်လုံဖြစ်ပါတယ်။ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သည့် ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြု ရန်ပုံငွေတောင်းခံခြင်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်းဖြစ်ပါတယ်။

နှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း သာမန်အသုံးစရိတ်တွင် ကျပ်သန်းပေါင်း (၂၉၈၅. ၃၆၄) သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ်တွင် (၉၀၂၂. ၇၁၁)သန်းနှင့် သာမန်အသုံးစရိတ် နှင့် ငွေလုံးငွေရင်း စုစုပေါင်းတွင် (၁၂၀၀၈. ၀၇၅) သန်းဖြစ်ပါတယ်။

၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေအတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်းအား ရေးဆွဲခြင်း၊ ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်တွင် လစာစရိတ်၊ ခရီးစရိတ်၊ လုပ်အားခ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ လွှဲပြောင်းသုံးစွဲငွေ ဧည့်ခံကျွေးမွေးစရိတ်နှင့် ပင်စင် စသည့် ခေါင်းစဉ်များအတွက် ဖြည့်စွက်ခွင့်ပြုငွေကျပ် (၂၉၈၅. ၃၆၄) သန်း တောင်းခံထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်တွင် ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ၊ ဖြည့်စွက်လုပ်ငန်းစီမံကိန်းများ၊ တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ အစားထိုးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ရုံးသုံးစက်ကိရိယာ ပရိဘောဂ၊ အခြားရုံးသုံးပစ္စည်းများနှင့် ၅% ကုန်သွယ်လုပ်ငန်းခွန်များအတွက် အခြားငွေစာရင်းခေါင်းစဉ်များအတွက် ကျပ် (၉၀၂၂. ၇၁၁) သန်း တောင်းခံထားပါတယ်။

၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းနှင့် ပြုပြင်ပြီး ခန့်မှန်းခြေရငွေစာရင်းတွင် မူလခန့်မှန်းခြေစာရင်းတွင် စုစုပေါင်း (၃၃၂၉၃. ၁၆၁) သန်းဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းတွင် (၃၁၀၃၄. ၁၁၂) သန်းဖြစ်ပါတယ်။ လိုငွေကတော့ (၂၂၅၉. ၀၄) သန်းဖြစ်ပါတယ်။ ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် အတွက် မူလခန့်မှန်းခြေငွေစာရင်းနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအား နှိုင်းယှဉ်ပြမည်ဆိုလျှင် မူလခန့်မှန်းခြေစာရင်းတွင် ကျပ် (၃၃၂၉၃. ၁၆၁) သန်းဖြစ်ပြီး သုံးငွေစာရင်းတွင် ကျပ် (၂၄၉၇၀၁. ၁၆၁) သန်းဖြစ်ပါတယ်။ လိုငွေတွင် ကျပ်သန်းပေါင်း (၂၁၆၄၀၈. ၀၀) သန်း ဖြစ်ပါတယ်။ ဖြည့်စွက်ခွင့်ပြုငွေမှာဆိုလျှင်

D/real(wide) (8

ကျပ်သန်းပေါင်း (၁၂၀၀၈. ၀၇၅) သန်းဖြစ်ပြီး လိုငွေတွင် ကျပ်သန်း (၁၂၀၀၈. ၀၇)သန်းဖြစ်ပါတယ်။ ပြုပြင်ပြီး ခန့်မှန်းခြေရငွေစာရင်းတွင် ကျပ် (၃၁၀၃၄. ၁၁၂) သန်းဖြစ်ပြီး သုံးငွေစာရင်းတွင် ကျပ် (၂၆၁၇၁၉. ၂၃၆) သန်းဖြစ်ပါတယ်။ လိုငွေတွင် ကျပ်(၂၃၀၆၇၅. ၁၂၄) သန်းဖြစ်ပါတယ်။

စာရင်းချုပ်လိုက်မည်ဆိုလျှင် မူလခန့်မှန်းခြေငွေစာရင်းတွင် ရငွေစာရင်း ကျပ်(၂၄၉၇၀၁. ၁၆၁) သန်းဖြစ်ပြီး မူလခန့်မှန်းခြေ၏ သုံးငွေမှာဆိုလျှင် ကျပ်(၂၄၉၇၀၁. ၁၆၁) သန်း၊ ဖြည့်စွက်ခွင့်ပြုငွေမှာဆိုလျှင် ကျပ်(၁၂၀၀၈. ၀၇၅) သန်း၊ လိုငွေတွင်ကျပ် (၁၂၀၀၈. ၀၇)သန်းဖြစ်ပါတယ်။ ပြုပြင်ပြီး ခန့်မှန်းခြေရငွေစာရင်းတွင် (၃၁၀၃၄. ၁၁၂)သန်း၊ ပြုပြင်ပြီး ခန့်မှန်းခြေသုံးငွေစာရင်းတွင် ကျပ် (၂၆၁၇၀၉. ၂၃၆)သန်း၊ စုစုပေါင်းလိုငွေတွင်ကျပ်(၂၃၀၆၇၅. ၁၂၄)သန်းဖြစ်ပါတယ်။

သာမန်ငွေစာရင်းတွင် မူလခန့်မှန်းခြေ ကျပ် (၂၄၉၇၀၁. ၁၀၄) သန်းဖြစ်ပြီး သုံးငွေတွင် ကျပ်(၉၅၀၈၉. ၂၃၄) သန်း၊ ပိုငွေတွင် ကျပ် (၁၅၄၆၁၁. ၈၇၀) သန်းဖြစ်ပါတယ်။ မူလခန့်မှန်းခြေ သာမန်စာရင်း ဖြစ်ပါတယ်။ ဖြည့်စွက်ငွေမှာဆိုလျှင် ကျပ်(၁၉၈၅. ၃၆၄) သန်းဖြစ်ပါ တယ်။ ပြုပြင်ပြီး ခန့်မှန်းခြေမှာဆိုလျှင် ရငွေတွင်ကျပ်(၃၁၀၂၉. ၅၅၅) သန်းဖြစ်ပြီး သုံးငွေတွင် ကျပ်(၉၈၀၇၄. ၅၉၈) သန်းဖြစ်ပါတယ်။ လိုငွေ တွင် ပြုပြင်ပြီး ခန့်မှန်းခြေ ကျပ်(၆၇၀၄၅. ၀၄) သန်းဖြစ်ပါတယ်။ ငွေလုံးငွေရင်းအနေဖြင့် ကြည့်မည်ဆိုလျှင် မူလခန့်မှန်းခြေရငွေစာရင်းတွင် ကျပ်(၀. ၅၇) သန်းဖြစ်ပြီး သုံးငွေမှာဆိုလျှင် ကျပ်(၁၅၄၆၁၁. ၉၂၇) သန်း ဖြစ်ပါတယ်။ လိုငွေတွင် ကျပ်(၁၅၄၆၁၁. ၈၇၀) သန်းဖြစ်ပါတယ်။ ဖြည့်စွက်ခွင့်ပြုငွေတွင် ကျပ်(၉၀၂၂. ၇၁၁) သန်းဖြစ်ပါတယ်။ လိုငွေတွင် ကျပ်(၉၀၂၂. ၇၁၁) သန်းဖြစ်ပါတယ်။ ပြုပြင်ပြီး

D/real(wide) (9

၂၀၁၆ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၊ ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၃ ကို ရှမ်းပြည်နယ်လွှတ်တော်မှ ၂၉-၁-၂၀၁၆ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ဘဏ္ဍာငွေတွင် ပါဝင်သည့် ဌာနအဖွဲ့အစည်းများသည် ၂၀၁၆ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ အရ ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရအသုံး ခန့်မှန်းခြေငွေစာရင်း လျာထားချက်ဘောင်အတွင်း မိမိတို့နှင့် ဆိုင်ရာ အခွန်အကောက်နှင့် အခြားရငွေများကို အပြည့်အဝ ရရှိစေရန် စီမံကြီးကြပ်ကောက်ခံရန် နှင့် အသုံးစရိတ်များကို ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ သုံးစွဲကြရန် အဓိက တာဝန်ရှိပြီး ပြည်နယ်အစိုးရမှ ကြီးကြပ် လမ်းညွှန်လျက် ရှိပါတယ်။

ရှမ်းပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများသည် သာမန်အသုံးစရိတ်၌ အကြောင်းအမျိုးမျိုးကြောင့် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ခွင့်ပြုထားသော ရန်ပုံငွေဖြင့် မလုံလောက်သည့်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ်၌ ၂၀၁၆ - ၂၀၁၇ ခုနှစ် အမျိုးသားစီမံကိန်းဥပဒေတွင် ပါဝင်သော လုပ်ငန်းစီမံကိန်းများအတွက်သာ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံကြရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂၅ အရ ဘဏ္ဍာရေးကော်မရှင်အဖွဲ့ဝင်ဖြစ်သော ဝန်ကြီးချုပ်သည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်တွင် မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ လျာထားချက် သို့မဟုတ် နောက်ထပ် ဘဏ္ဍာငွေခွဲဝေ သုံးစွဲရန် လျာထားချက်ကို သတ်မှတ်ချိန်အတွင်း ပြုစု၍ ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရမှာဖြစ်ပါတယ်။ ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေး

ခန့်မှန်းခြေရငွေတွင် ကျပ်(၄,၅၅၇) သန်းဖြစ်ပြီး သုံးငွေစာရင်းတွင် ကျပ်(၁၆၃၆၃၄,၆၃၈)သန်းဖြစ်ပြီး လိုငွေစာရင်းတွင် (၁၆၃၆၃၀,၀၈၁) သန်းဖြစ်ပါတယ်။

၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေ၏ သာမန်အသုံးစရိတ် ဖြည့်စွက်ခွင့်ပြုငွေကျပ် (၂၉၈၅,၃၆၄) သန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ဖြည့်စွက်ခွင့်ပြုငွေကျပ် (၉၀၂၂,၇၁၁) သန်း၊ စုစုပေါင်း ဖြည့်စွက်ခွင့်ပြုငွေကျပ် (၁၂၀၀၈,၀၇၅) သန်းအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးပါရန် တင်သွင်းအပ် ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက် ခွင့်ပြုငွေ တောင်းခံခြင်း နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်း နှင့်စပ်လျဉ်း၍ (၂၂-၉-၂၀၁၆)ရက်နေ့၊ ကြာသပတေးနေ့တွင် ဆွေးနွေးပါမယ်။ ဆွေးနွေး လိုသော လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် အစည်းအဝေး ရပ်နားသည့်အခါတွင် ဒီကနေ့

ဖြစ်ပါတယ်။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်၏ ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စု၊ ဟဲဟိုးကျေးရွာအား ဟဲဟိုးမြို့အဖြစ် အဆင့်တိုးမြှင့်ပေးရန် တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံ ဆွေးနွေးမှာဖြစ်ပါတယ်။

ဟဲဟိုးမြို့သည် မြို့ဧရိယာအကျယ်အဝန်း စတုရန်းမိုင်ပေါင်း (၁,၄၂၄) မိုင် ကျယ်ဝန်းပြီး ဧကအားဖြင့် (၉၁၀,၂၇၀) ဧက ကျယ်ဝန်းပါတယ်။ ရပ်ကွက်အားဖြင့် (၇) ရပ်ကွက် ဖွဲ့စည်းထားပြီး၊ ကျေးရွာအားဖြင့် ကျေးရွာ(၁၀) ရွာဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၅၄ အရသော်လည်းကောင်း၊ အောက်မြန်မာနိုင်ငံမြို့ပြနှင့်ကျေးရွာမြေများ လက်စွဲဥပဒေအရသော် လည်းကောင်း၊ ဖွဲ့စည်းမည်ဆိုသည့် အချက်အလက်များနှင့် ကိုက်ညီသည့်အတွက် ၎င်းကျေးရွာ အုပ်စုတွင် နေထိုင်သည့် လူဦးရေ(၅၀၀၀) ဦးရေအစားယခု ဟဲဟိုးမြို့တွင် လူဦးရေ (၁၅၈၄၂) ဦးအား တွေ့ရှိရတယ်။ အိမ်ခြေအားဖြင့် (၁၀၀၀) သတ်မှတ်ထားရာတွင် အိမ်ခြေအားဖြင့် (၃၃၁၇) အိမ်ကိုလည်း တွေ့ရှိရပါတယ်။

၎င်းအပြင် စျေး၊ ဘောလုံးကွင်း၊ ကလေးများအပန်းဖြေဥယျာဉ်၊ ကစားကွင်း၊ (၁၆) ခုတင်ဆံ့ဆေးရုံ၊ သာသနာရေးဆိုင်ရာအဆောက်အဦများ၊ ကုန်ထုတ်လုပ်မှုဆိုင်ရာများ၊ စက်ရုံ၊ အလုပ်ရုံ၊ ဆန်စက်၊ ဆီစက်များ တွေ့ရှိရသည့်အပြင် ကျေးရွာပိုင်ထင်းစိုက်ခင်း၊ အုပ်ချုပ်ရေးမှူးရုံး၊ စာကြည့်တိုက်၊ အခြေခံပညာရေးမူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများနှင့် ဆက်သွယ်ရေးရုံးများ တည်ရှိပြီး၊ ပဆငလမ်း၊ စည်ပင်လမ်း၊ ကျောက်ချောလမ်း၊ ဂဝံလမ်း၊ သောက်သုံးရေဖြန့်ဝေမှု၊ တိုးတက်လာမည့်လူဦးရေအတွက် မြို့တိုးချဲ့ရေးအစီအမံ၊ ကုန်စည်ဒိုင်၊ လက်

D/real(wide) (9

ညနေပိုင်းတွင် လွတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ " ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာ အုပ်စုအား ဟဲဟိုးမြို့အဖြစ် ပြောင်းလဲ/တိုးချဲ့ သတ်မှတ်ပေးရန်" အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၉) ဖြစ်ပါတယ်။ ဦးသန်းထိုက် ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ **" ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ် ပြောင်းလဲ/တိုးချဲ့ သတ်မှတ်ပေးရန် "** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ဆွေးနွေးဖို့ စာရင်းပေးသွင်းထားပါတယ်။

ပထမဦးစွာ တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးခင်မောင်တင့်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာသော ဧည့်သည်ကိုယ်စားလှယ်များ အားလုံးကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ ပထမ ဆုမွန်ကောင်း ပေးပို့အပ်ပါတယ်။ ကျွန်တော်ကတော့ တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်

ကားဒိုင်၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ လှေဆိပ်၊ ကားဂိတ်များ၊ စနစ်တကျချထားမှုများနှင့် တိရစ္ဆာန်များ ထိန်းကျောင်းမှု အခြေအနေ၊ အမှိုက်စွန့်ပစ်ရန် မြေနေရာများ၊ မိလ္လာစွန့်ပစ်ရန် မြေနေရာများ၊ သင်္ချိုင်းမြေနေရာများ ပြည့်စုံစွာ တည်ရှိသည့်အတွက် ဟဲဟိုးကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ် တိုးချဲ့ ဖွဲ့စည်းပေးနိုင်ပါရန် ထောက်ခံဆွေးနွေးအပ်ပါတယ်။

ဟဲဟိုးမြို့သည် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းဖြင့် ဆက်သွယ်ပြီး နိုင်ငံတကာမှ ဝင်ရောက်လာသော လူဦးရေများ၊ နိုင်ငံခြားသားများ၊ ဆက်သွယ်ထားသော လမ်းပန်းဆက်သွယ်ရေးတာချီလိတ် - ကျိုင်းတုံ - ဟဲဟိုး လေကြောင်းဆက်သွယ်မှု၊ နိုင်ငံအနှံ့အပြားနှင့် ဆက်သွယ်ထားသော ဒေသတစ်ခုဖြစ်သကဲ့သို့ ကုန်စည်စီးဆင်းမှု၏ အဓိကပင်မလမ်းကြောင်းလည်းဖြစ်သည့်အတွက် ဟဲဟိုးကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ်တိုးပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြတောင်းဆိုအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မူဆယ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ဦးစိုင်းကျော်သိန်းက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်းဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့်

D/real(wide) (9

ကလောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းထိုက်တင်သွင်းသော ကလောမြို့နယ်အတွင်းရှိ ဟဲဟိုးကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ် ပြောင်းလဲတိုးချဲ့သတ်မှတ်ပေးပါရန် အဆိုကိုထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာအုပ်စုမှ မြို့အဖြစ် တိုးချဲ့မည်ဆိုလျှင် ကျွန်တော်အနေဖြင့် အချက်နှစ်ချက် သတိထားမိပါတယ်။ အဲဒီအချက်နှစ်ချက်ကတော့ နေရာဒေသတစ်ခုမှာ လူဦးရေအလွန်တိုးမြင့်လာခြင်း၊ အိမ်ခြေများတိုးတက်မှုပြားလာခြင်းနှင့် နောက်တစ်ချက်ကတော့ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျရှိသည့် စီမံကိန်းများရှိသည့် အချိန်တွင် ကျွန်တော်တို့အနေဖြင့် ကျေးရွာအုပ်စုမှ မြို့အဖြစ် တိုးချဲ့သင့်ပါတယ်။ အဲ့လို ကလောမြို့နယ်အတွင်းမှာရှိသည့် ဟဲဟိုးကျေးရွာအုပ်စုသည် အထက်ပါ အချက်နှစ်ချက်နှင့်လည်း ကိုက်ညီသည်ကို တွေ့ရပါတယ်။

ယခုဟဲဟိုးကျေးရွာအုပ်စု၏ လူဦးရေမှာ (၁၅၈၄၂) ဦးရှိပြီး အိမ်ခြေသည်လည်း (၃၃၁၇) အိမ်ရှိနေသည်ကို တွေ့ရပါတယ်။ ဒါက လူဦးရေနှင့် အိမ်ခြေတိုးတက်မှုပြားလာသည်ဆိုတာကို ကိန်းဂဏန်း များအရ သိရှိရပါတယ်။ နောက်တစ်ခုက အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ခေတ်မီ လေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်း များနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာစေရေးအတွက် ဟိုတယ်ဇုန်စီမံကိန်းများဖော်ဆောင်မည့် လုပ်ငန်းများလည်းရှိနေသည်ဆိုတာကို ကြားသိရပါတယ်။

ဒါ့အပြင် ဟဲဟိုးဒေသက ရှမ်းပြည်နယ်တောင်ပိုင်း၏ ပြည်တွင်းပြည်ပခရီးသည်များ လေယာဉ်ဖြင့် လာရောက်သည့် အထင်ကရဝင်ပေါက်နေရာလည်းဖြစ်ပါတယ်။ အဲလိုနေရာမျိုးသည် ကျေးရွာပုံရိပ်ထက် မြို့ပြပုံရိပ်ဖြစ်သင့်သည့်နေရာ

ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကလောမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်မှ အဆိုတင်သွင်းသည့် ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စု၊ ဟဲဟိုးကျေးရွာအား ကျေးရွာအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့်ပေးရေးတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ကျွန်တော်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ရှင်းလင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ အရ တိုင်းဒေသကြီး/ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားပါတယ်။

မြို့/ရွာ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်မှ နိုင်ငံတော်သမ္မတထံ ထောက်ခံ တင်ပြနိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်မှ မြို့/ရွာ ပြင်ဆင်ဖွဲ့စည်းရေး၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အမှုတွဲတည်ဆောက် တင်ပြရမည်ဖြစ်ပါတယ်။

D/real(wide) (9

အောက်မြန်မာနိုင်ငံ မြို့ နှင့် ကျေးရွာမြေများ လက်စွဲဥပဒေအရ မြို့အဖြစ် အဆင့်တိုးမြှင့် ဖွဲ့စည်းမည်ဆိုပါက အောက်ပါအချက်အလက်များ ပါဝင်ရမှာဖြစ်ပါတယ်-

(က) လူဦးရေအနည်းဆုံး (၅၀၀၀)ဦး၊ အိမ်ခြေအနည်းဆုံး (၁၀၀၀) ရှိရပါမည်။

(ခ) စျေး၊ ဘောလုံးကွင်း၊ ကလေးများ အပန်းဖြေရန် ဥယျာဉ်၊ ကစားကွင်း၊ (၁၆) ခုတင်ဆံ့ဆေးရုံ၊ ဘာသာရေးဆိုင်ရာနေရာများ၊ ကုန်ထုတ်လုပ်မှုဆိုင်ရာနေရာများ၊ စက်ရုံ၊ အလုပ်ရုံ၊ ဆန်စက်၊ ဆီစက်၊ သစ်ခွဲစက် စသည်ဖြင့် ဖြစ်ပါတယ်။

(ဂ) ကျေးရွာဘုံမြေ၊ ကျေးရွာထင်းစိုက်ခင်း၊ အုပ်ချုပ်ရေး ရုံး၊ စာကြည့်တိုက်၊ အခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း၊ လျှပ်စစ်မီးရရှိမှု၊ ဆက်သွယ်ရေး အိတ်ချိန်းရုံးနှင့် စာတိုက်တို့ဖြစ်ပါတယ်။

(ဃ) ပဆငလမ်း၊ စည်ပင်လမ်း (ကတ္တရာလမ်း၊ ကျောက် ချောလမ်း၊ ဂဝံလမ်း) သောက်သုံးရေဖြန့်ဝေမှု၊ တိုးတက်လာမည့် လူဦးရေအတွက် မြို့တိုးချဲ့ရေး အစီအမံ။

(င) ကုန်စည်ဒိုင်၊ လက်ကားဒိုင်၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်များနှင့် စနစ်တကျနေရာချထားမှု။

(စ) တိရစ္ဆာန်များ ထိန်းကျောင်းမှု အခြေအနေ၊ အမှိုက်စွန့်ပစ်ရန် မြေနေရာ၊ မိလ္လာစွန့်ပစ်ရန် မြေနေရာ။

(ဆ) သဘာဝဘေးအန္တရာယ် တို့ဖြစ်ပါတယ်။

ဖြစ်ပါတယ်။ တိုးတက်များပြားလာသည့် လူဦးရေ၌ အုပ်ချုပ်ရေးစနစ်တကျ ရှိသင့်ပြီးတော့ အဲဒီလိုအုပ်ချုပ်ရေးစနစ်တကျ ရှိမှသာလျှင် ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသဖြင့် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဟဲတိုးဒေသက လူဦးရေတိုးတက် များပြားလာသဖြင့် ကျေးရွာအုပ်စုအဆင့် အုပ်ချုပ်ရေးထက် မြို့ပြ အုပ်ချုပ်ရေးအဆင့်ကသာ ပိုပြီးတော့ သင့်တော်ပါတယ်။ ဒါမှသာ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်လည်း မြို့ပြအုပ်ချုပ်ရေးကသာ စနစ်တကျစီမံဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက် တင်သွင်းသည့် ကလောမြို့နယ်၊ ဟဲတိုးကျေးရွာအုပ်စုအား ဟဲတိုးမြို့အဖြစ် တိုးချဲ့သတ်မှတ်ပေးပါရန် အဆိုအား လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းထိုက် တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ထောက်ခံဆွေးနွေးသွားပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅(ဇ)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

D/real(wide) (9

ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စု၊ ဟဲဟိုးကျေးရွာအား မြို့အဖြစ် အဆင့်တိုးမြှင့် ဖွဲ့စည်းလိုသည့်ကိစ္စနှင့်စပ်လျဉ်း၍ အောက်ပါ အတိုင်းတွေ့ရှိရပါတယ်-

(က) ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စုသည် ပြည်ထဲရေး အမည်ပေါက်ကျေးရွာ (၁၁)ရွာဖြင့် ဖွဲ့စည်းထားရာ ကျေးရွာ (၁)ရွာမှာ ပျက်သွားသဖြင့် လက်ရှိမြေပြင်တွင် ကျေးရွာ (၁၀)ရွာရှိပြီး ဟဲဟိုး ကျေးရွာတွင် အိမ်ခြေ (၂၁၆) အိမ်၊ အိမ်ထောင်စု (၂၂၃၄) စု၊ လူဦးရေ (၁၀၄၁၉)ဦး ရှိပါတယ်။

(ခ) ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စု၊ ဟဲဟိုး ကျေးရွာသည် ဧရိယာ (၉၁၁.၇၂၀) ဧက ကျယ်ဝန်းပြီး မိထ္ထီလာ - တောင်ကြီး -ကျိုင်းတုံ - တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး ဟဲဟိုးမှ ကလောမြို့သို့ (၂၂) မိုင်၊ ဟဲဟိုးမှ ပင်းတယမြို့သို့ (၂၃) မိုင်၊ ဟဲဟိုးမှ တောင်ကြီးမြို့သို့ (၂၂) မိုင်ကွာဝေးပြီး၊ ဟဲဟိုး -ဘော်ဆိုင်း - ပင်းတယမြို့မှတစ်ဆင့် ရွာငံ - မန္တလေးလမ်းသို့လည်းကောင်း၊ ဟဲဟိုး - အောင်ပန်း - ကလောမြို့မှတစ်ဆင့် မန္တလေးတိုင်း၊ သာစည် - မိထ္ထီလာမြို့များသို့လည်းကောင်း ရာသီမရွေးသွားလာနိုင်ပြီး၊ သွားလာနိုင်ရာလမ်းများအားလုံးသည်လည်း ကတ္တရာလမ်းများဖြစ်ခြင်း၊ မီးရထားလမ်းအနေဖြင့် ဟဲဟိုး - သာစည်သို့လည်းကောင်း၊ ဟဲဟိုး - ရွှေညောင် - ရပ်စောက်သို့လည်းကောင်း၊ ရထားလမ်းဖြတ်သန်းသွားလာနိုင်သည့် မီးရထားဘူတာ

စိစစ်တွေ့ရှိရပြီး မြို့အဖြစ် ဖွဲ့စည်းမည်ဆိုပါက အောက်ပါ အကျိုးကျေးဇူးများရရှိနိုင်လာမည်ဖြစ်ပါတယ်-

(က) ဟဲဟိုးမြို့အဖြစ် တိုးချဲ့ပါက အနီးပတ်ဝန်းကျင် ကျေးရွာအုပ်စုများဖြစ်သည့် ဘော်ဆိုင်း၊ ကျောက်ထပ်၊ ဘော်နင်း၊ သီခေါင်ကျေးရွာအုပ်စုများမှ တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို ယခင်ကထက် ပိုမို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။

(ခ) မြို့အဖြစ် ဖွဲ့စည်း၍ တိုးတက်လာမည့် ဌာနများအလိုက် ဒေသခံလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်ပြီး ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ရသောလုပ်ငန်းများ လျင်မြန်လွယ်ကူလာနိုင်ပါတယ်။

(ဂ) ဟဲဟိုးကျေးရွာတွင် လက်ရှိလုပ်ကိုင်နေသော ဒေသထွက် ရှမ်းစက္ကူလုပ်ငန်း၊ ထီးလုပ်ငန်းများမှာ နိုင်ငံခြားသားခရီးသွားများအား ဆွဲဆောင်မှုရှိစေ၍ လာရောက်လေ့လာမှုများ ပိုမိုများပြားလာနိုင်ပါတယ်။

(ဃ) မြို့အဖြစ် ဖွဲ့စည်းခြင်းဖြင့် သတင်းအချက်အလက်များ အချိန်နှင့် တပြေးညီရရှိခြင်းကြောင့် ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြို့အဖြစ် အဆင့်တိုးမြှင့်ဖွဲ့စည်းလိုပါက မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်း

D/real(wide) (9

ရုံရှိခြင်း၊ လက်ရှိလေကြောင်းလိုင်း (၆) လိုင်း ပြေးဆွဲနေသည့် ဟဲဟိုးလေဆိပ်တည်ရှိနေခြင်း တို့ကြောင့် လမ်းပန်းဆက်သွယ်ရေးအနေဖြင့် အထူးကောင်းမွန်သည့် ရထားလမ်းဆုံ၊ ကားလမ်း ဆုံ၊ လေယာဉ်လမ်းဆုံသည့် အချက်အချာ ကျသည့်နေရာ တစ်ခုဖြစ်ကြောင်း တွေ့ရှိရပါ တယ်။

(ဂ) အုပ်ချုပ်ရေး၊ လုံခြုံရေးအနေဖြင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ နယ်မြေရဲစခန်းနှင့် တပ်ရင်း၊ တပ်ဖွဲ့များ တည်ရှိသဖြင့် တရားဥပဒေစိုးမိုးမှုရှိပြီး နယ်မြေအေးချမ်းသာယာမှုရှိခြင်းကိုလည်း တွေ့ရှိ ရပါတယ်။

(ဃ) ဟဲဟိုးကျေးရွာအုပ်စုတွင် အခြေခံပညာအထက်တန်း ကျောင်း (၁) ကျောင်း၊ အခြေခံပညာအလယ်တန်း ကျောင်း (၁) ကျောင်း၊ အခြေခံပညာမူလတန်း ကျောင်း (၄) ကျောင်း၊ တိုက်နယ်ဆေးရုံ (၁) ရုံ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးဌာန (၁) ခု၊ အနာကြီးရောဂါတိုက်ဖျက်ရေးဌာန (၁) ခု စသဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများလည်း ဖွံ့ဖြိုး တိုးတက်မှု ရှိနေကြောင်း တွေ့ရှိရပါတယ်။

(င) ဟဲဟိုးကျေးရွာအုပ်စုအတွင်း ဟဲဟိုးဆည် သို့မဟုတ် အင်းခေါင်းဆည်ရှိသဖြင့် စိုက်ပျိုးရေး လုပ်ငန်းများ အောင်မြင်လျက် ရှိခြင်း၊ Myanmar Bell သီးနှံခြောက်ခံစက်ရုံရှိသဖြင့် ထွက်ရှိလာသည့် သီးနှံများအလေအလွင့်မရှိခြင်းတို့တွေ့ရှိရပါတယ်။

အထက်ပါ အချက်အလက်များအရ ဟဲဟိုးကျေးရွာသည် မြို့အသွင် ဖွံ့ဖြိုးတိုးတက်နေပြီး မြို့အဂ်ါရပ်နှင့် ညီညွတ်သည်ကို

ဆွေးနွေး၍ ၎င်းတို့၏ သဘောထားမှတ်ချက်များ၊ ဒေသခံများ၏ သဘောထားတို့နှင့်အတူ မြို့/ရွာ ပြင်ဆင် ဖွဲ့စည်းရေး၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အမှုတွဲ ပြည့်စုံစွာ တည်ဆောက်ပြီး ခရိုင်/ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အဆင့်ဆင့်တင်ပြ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့/ရွာ ပြင်ဆင် ဖွဲ့စည်းရေး အမှုတွဲ လက်ခံရရှိပါက လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် များနှင့်အညီ စိစစ်၍ ပြည်နယ်အစိုးရအဖွဲ့သို့ အမှုတွဲနှင့်အတူ တင်ပြ ပြီး ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံချက်၊ အစည်းအဝေးမှတ်တမ်း၊ အမှုတွဲနှင့်အတူ နိုင်ငံတော်သမ္မတရုံးသို့ ဆက်လက်အဆိုပြု တင်ပြပေးသွားရမည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စု၊ ဟဲဟိုး ကျေးရွာအား မြို့အဖြစ် အဆင့်တိုးမြှင့် ဖွဲ့စည်းနိုင်ရေးနှင့်စပ်လျဉ်း၍ မြို့/ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရေး၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် များနှင့်အညီ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ကွင်းဆင်းစစ်ဆေးချက်၊ အစီရင်ခံစာ၊ မြေပုံများနှင့်အတူ အမှုတွဲ တည်ဆောက်တင်ပြလာပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက် အဆိုပြုတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဆွေးနွေးပြီး အဆိုအား ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်း ဝင်က ပြန်လည်ရှင်းလင်းသည့်နေရာတွင် ဒီအဆိုကို ထောက်ခံပြီး အတည်ပြုသွားပါတယ်။

D/real(wide) (9

ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ မင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းဖြစ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်သော အစည်းအဝေးမှ ပြည်ထောင်စုရန်ပုံငွေ BE - RE နှင့် ပြည်နယ်ရန်ပုံငွေ BE - RE ဘတ်ဂျက်ငွေလုံးငွေရင်းဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုမ္ပဏီများအနေဖြင့် အစိုးရနှင့် ချုပ်ဆိုသော စာချုပ်မိတ္တူများ၊ BP - BQ မိတ္တူများကို မြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ရန်အတွက် အဆိုတင်သွင်းခြင်းကိစ္စဖြစ်ပါတယ်။

ၚင်းအဆိုသည် အစိုးရအဖွဲ့က ပြောနေသည့် (Check and Balance) ဆိုသော စကားရပ်နှင့် ကိုက်ညီမှုရှိစေရန် ယင်းအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေးတာဝန်နှင့် အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ထိန်းညှိ တည့်မတ်ပေးသော အဖွဲ့ဖြစ်ပါတယ်။ ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများရှိ မိဘပြည်သူတို့၏ လိုအပ်ချက်၊ တောင်းဆိုချက်များကို နိုင်ငံတော်အစိုးရမှ တိုင်းပြည်တိုးတက်မှု ပိုမိုလျင်မြန်စေရန် စီမံချက်များ ချမှတ်ပြီး ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေများ ခွဲဝေချထားပေးလျက်ရှိပါတယ်။ ထိုသို့ ခွဲဝေချထားပေးသော ရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အချို့သော ဌာနများနှင့် ကုမ္ပဏီများသည်

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို အတည်ပြုရန် သဘောတူ သည့်အတွက် ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းထိုက် တင်သွင်းသော " ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ် ပြောင်းလဲ/တိုးချဲ့ သတ်မှတ်ပေးရန်" ဆိုသည့်အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်က သဘောတူသည့်အတွက် ဤအဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

D/real(wide) (9

ပွင့်လင်းမြင်သာမှုမရှိခြင်း၊ မြို့နယ်သို့ လုပ်ငန်းများ လာရောက် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များထံ အကြောင်း ကြားခြင်း၊ အသိပေးခြင်းမရှိဘဲ မိမိသဘောဖြင့် လုပ်ငန်းများ လာရောက်ဆောင်ရွက်နေသည်ကို တွေ့မြင်ရပါတယ်။ ထို့ကြောင့် လုပ်ငန်း အရည်အသွေး စိစစ်ရေးကော်မတီအနေဖြင့် လုပ်ငန်းများ စိစစ်ရာတွင် BP - BQ များကို သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူ များက တင်ပြနိုင်ခြင်းမရှိသောကြောင့် စံချိန်စံညွှန်းကိုက်ညီမှုရှိ/မရှိ စစ်ဆေးရန် အခက်အခဲရှိနေပါကြောင်းကြားသိနေရပါတယ်။

ဒါကြောင့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ BE - RE နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ BE - RE ဘတ်ဂျက်ငွေလုံးငွေရင်းဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာဘဏ္ဍာနှစ် အလိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တင်ဒါအောင် ကုမ္ပဏီများ အနေဖြင့် အစိုးရနှင့် ချုပ်ဆိုသော စာချုပ်မိတ္တူများ BP - BQ၊ BP ဆိုတာ အဆောက်အဦပုံစံ၊ BQ ဆိုတာ ကုမ္ပဏီ၏ တွက်ချက်မှု အသေးစိတ် မိတ္တူများ ဆိုလိုပါတယ်။ မြို့နယ်များရှိ လွှတ်တော် ကိုယ်စားလှယ်များထံသို့ပေးပို့ရန်နှင့် လုပ်ငန်းအရည်အသွေး စိစစ်ရေးကော်မတီတွင်လည်း မြို့နယ်များရှိ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ ထည့်ဝင်ဖွဲ့စည်းပေးမှသာလျှင် (Check and Balance) ဆိုသော စကားရပ်နှင့် ကိုက်ညီမှုရှိမှာ ဖြစ်ကြောင်း တင်ပြလိုပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တစ်ချက် လောက် တင်ပြလိုပါတယ်ခင်ဗျ။ ဒီ Power Point ကို ကျွန်တော် တင်ပြရခြင်း၏ ရည်ရွယ်ချက်ကတော့ ကုမ္ပဏီကို ထိခိုက်စေသည့် ရည်ရွယ်ချက်ဖြင့် တင်ပြခြင်းမဟုတ်ပါ။ လွှတ်တော်ကိုယ်စားလှယ် များ ကျွန်တော် မြို့နယ်တွင် ဖြစ်ပျက်နေသည့် အခြေအနေများကို

D/real(wide) (9

ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ " ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ BE - RE နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ BE - RE ဘတ်ဂျက်ငွေလုံးငွေရင်းဖြင့် ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုမ္ပဏီများအနေဖြင့် အစိုးရနှင့် ချုပ်ဆိုသော စာချုပ်မိတ္တူများ BP - BQ မိတ္တူများကို မြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ရန် " အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရေး သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၁၁)ဖြစ်ပါတယ်။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းအောင်ခမ်းက အဆိုတစ်ရပ် အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ" **ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ BE - RE နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ BE - RE ဘတ်ဂျက်ငွေလုံးငွေရင်းဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက်လုပ်ငန်း များ ဆောင်ရွက်ရာတွင် ကုမ္ပဏီများအနေဖြင့် အစိုးရနှင့် ချုပ်ဆိုသော စာချုပ်မိတ္တူများ BP - BQ မိတ္တူများကို မြို့နယ် များရှိ လွှတ်တော်ကိုယ်စားလှယ်များထံ ပေးပို့ရန် "** အဆိုဖြစ် ပါတယ်။ ယခု ဦးစိုင်းအောင်ခမ်းက အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

သိရှိအောင် ဒီPower Point ကို တင်ပြရခြင်းဖြစ်ပါတယ်။ ဒါကတော့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လျှပ်စစ်စွမ်းအင် ဝန်ကြီးဌာနမှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်တွင် ခွင့်ပြု ငွေလုံးငွေရင်း ကျပ် (၃၁၅၉. ၃၂၇) သန်း မိုင်းပန် - တာဆန်းလမ်းပိုင်းတွင် ၃၃ ကေဗွီ ဓာတ်အားလိုင်းကို မဟာဓာတ်အားလိုင်းဆွဲမှာဖြစ်ပါတယ်။ အဲဒီမဟာဓာတ်အားလိုင်းကို အောင်မြင့်မိုရ်ကုမ္ပဏီမှ တင်ဒါအောင်မြင်ခဲ့ပါတယ်။ ဒီအောင်မြင့်မိုရ် ကုမ္ပဏီကနေတစ်ဆင့် လင်းကမ္ဘာဆိုသည့်ကုမ္ပဏီကို တင်ဒါပေးခဲ့ပြီး အောင်မြင့်မိုရ် ကုမ္ပဏီကို ထပ်မံပြီးတော့ ထပ်ဆင့်လုပ်ငန်း ဆောင်ရွက်ခွင့်ကို ပေးခဲ့ပါတယ်။ တင်ဒါ စည်းမျဉ်း၊ စည်းကမ်းနှင့် ကိုက်ညီမှု မရှိဘူးလို့ ကျွန်တော်သုံးသပ်ယူဆမိပါတယ်။ ဒီလိုမျိုး လုပ်ငန်းဆောင်ရွက်သည့် အချိန်တွင် ပြည်ထောင်စုလမ်းမကြီးနှင့် မလွတ်သော ၃၃ ကေဗွီဓာတ်အားလိုင်း ဓာတ်တိုင်များ စိုက်ထူထားတာကိုတွေ့ရှိရပါတယ်။

ပြည်ထောင်စုလမ်းမကြီး၏ အကျယ်သည် ပေ ၁၅၀ ရှိရာတွင် ၎င်းကုမ္ပဏီသည် မြို့နယ်တွင်ရှိနေသည့် တာဝန်ရှိသော စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် ဒေသတွင် ရှိနေသည့် ပုဂ္ဂိုလ်များကို တိုင်ပင်ပေါင်းစပ်ခြင်းမရှိပါ။ ကျွန်တော်တို့ ကွင်းဆင်းသည့်အချိန်တွင် ဒီဓာတ်အားလိုင်းသည် တာဆန်းအထိဆွဲမှာဖြစ်သည့်အတွက်ကြောင့် တာဆန်းတွင် ခွဲရုံစိုက်ထူထားတာရှိပါတယ်။ ဒါကတော့ လမ်းဘေးတစ်လျှောက် ရွာသာယာကနေ ဝိုင်ခြံအထိ စိုက်ထူထားသည့် ဓာတ်တိုင်များဖြစ်ပါတယ်။ ဒါကတော့ တာဆန်းခွဲရုံကို ကွင်းဆင်းစိစစ်နေသည့်အချိန်ဖြစ်ပါတယ်။ တချို့သော ကုမ္ပဏီများသည် လုပ်ငန်းရလိုမှုနှင့် တကယ့်မြေပြင်ကို ကွင်းဆင်းဆောင်ရွက်ခြင်းမရှိသည့်အတွက်ကြောင့် သူတို့ အမြင်သူဘက်ကနေကြည့်လျှင် ဒီလုပ်ငန်းတွေသည် လွယ်လွယ်ကူကူနဲ့

ဒါကြောင့် ၎င်းအဆောက်အဦ တစ်ခုခုမဖြစ်အောင် ဤအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ အဆောက်အဦကြီးတစ်ခု နိုင်ငံတော်အစိုးရကနေ ကျပ်သန်းပေါင်း များစွာ ချပေးသည့်အခါ နောက်နောင်ဒီလိုမျိုး ကျွန်တော်တို့ မိုင်းပန်မြို့နယ်ကို ဒီလိုမျိုး အဆောက်အဦ ထပ်မံချပေးဖို့အတွက် ဆိုတာ အလှမ်းဝေးပါတယ်။ နောက်တစ်ချက် ကတော့ အဆောက်အဦဆောက်သည့် အချိန်တွင် ထုံးတွေလည်း သုံးခွင့်မရှိပါဘူး။ ထုံးတွေလည်းပါနေပါတယ်။ ဒါကြောင့် တင်ဒါ အောင်မြင်ပြီးသည့်အခါတွင် အဆောက်အဦ၏ တွက်ချက်မှုတွေ အားလုံးသေချာကျနစွာ သိလိုကြောင်း တောင်းဆိုရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်က ချပေးသည့် ရန်ပုံငွေကို သတ်မှတ်ထားသည့် စံညွှန်းအတိုင်း ဆောက်လုပ်ပေးစေချင်သောကြောင့် အဆိုတင်သွင်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မောက်မယ် မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဟန်သိန်းဦးဖြစ်ပါတယ်။ ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တင်သွင်းသွားသည့်အဆိုကို ထောက်ခံအပ် ပါတယ်ခင်ဗျား။

D/real(wide) (9

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံ ဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။(သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်းဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ ဦးစိုင်းအောင်ခမ်းက တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **" ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ BE - RE နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ BE - RE ဘတ်ဂျက်ငွေလုံးငွေရင်းဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုမ္ပဏီများ အနေဖြင့် အစိုးရနှင့် ချုပ်ဆိုသော စာချုပ်မိတ္တူများ BP - BQ မိတ္တူများကို မြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များထံ ပေးပို့ရန် "** ဆိုသည့် အဆိုပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ဆန္ဒကိုရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

ဆောင်ရွက်နိုင်မည်ဆိုပြီး တင်ဒါတွေကို ဝင်ဆွဲပြီး တင်ဒါ အောင်သွားခဲ့ပါတယ်။

ဒါကြောင့် ယခုကဲ့သို့ နောင်ထပ်မံဖြစ်စေရန် ဤအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ မီးသတ်အဆောက်အဦ အခြေအနေလေးကို တင်ပြလိုပါတယ်။ ဒါကတော့ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ဝင်းထက်မြန်မာကုမ္ပဏီမှ မိုင်းပန်မီးသတ်အဆောက်အဦကို တင်ဒါအောင်မြင်ခဲ့တာဖြစ်ပါတယ်။ အစိုးရ ခွင့်ပြုငွေလုံးငွေရင်းကျပ်သန်း(၂၆၀)ဖြစ်ပါတယ်။ စိစစ်ရေးကော်မတီဥက္ကဋ္ဌမှ ဖိတ်ကြားသည့်အတွက် လိုက်သွားခဲ့ပါတယ်။ ၃၁-၈-၂၀၁၆ ရက်နေ့တွင် မီးသတ်အဆောက်အဦကို ကြည့်ရှုခဲ့ပါတယ်။ အဆောက်အဦကို တာဝန်ယူပြီး ဆောက်လုပ် နေသည့် တာဝန်ခံကို အဆောက်အဦ၏ တွက်ချက်မှု၊ အဆောက်အဦ ၏ ပုံစံ Toping ကို တစ်ချက်လောက်ပြပါဆိုပြီး မေးမြန်းရာ ပြည်နယ်တည်/ကော်ကို တွက်ချက်မှုတင်ထားကြောင်း ဖြေကြားသည့်အတွက် သဘာဝမကျဟု ယူဆမိပါတယ်။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ တင်ဒါတစ်ခုဝင်ဆွဲပြီးဆိုတာနဲ့ တကယ့်မြေပြင်ကို ကွင်းဆင်းပြီးတဲ့အခါကျမှ ကွင်းဆင်းထားသည့် မြေပြင်၏ အခြေအနေ တွက်ချက်မှုနှင့် တစ်ခါတည်း မြေပြင် ဈေးနှုန်းပါ သတ်မှတ်ပြီး တွက်ချက်ခိုင်းတာဖြစ်ပါတယ်။ Estimate မပြုနိုင်ခြင်းကို သဘာဝမကျဟု ကျွန်တော် ယူဆမိပါတယ်။ ကုမ္ပဏီကိုပုတ်ခတ်ပြောဆိုခြင်းမဟုတ်ပါ။ မည်သို့ဖြစ်စေ အရည်အသွေး စိစစ်ရေးကော်မတီဆိုသည်မှာ မြို့နယ်တွင် ရှိနေသည့် ပဆငအင်ဂျင်နီယာ အပိုင်းမှာ တာဝန်ရှိပါတယ်။ ဒီအဆောက်အဦကို သူတို့ ဆောက်လုပ်ထားသည့် စံညွှန်းအတိုင်း ပြည့်မီသည်ဟုလက်မှတ်ထိုးပေးလျှင် ပဆငအင်ဂျင်နီယာကလည်း Foul ဖြစ်သွားနိုင်ပါတယ်။

D/real(wide) (1

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူသည့်ကိုယ်စားလှယ်မရှိသည့်အတွက် ဦးစိုင်းအောင်မင်း၏ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

အဆိုကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်၊ ပုဒ္ဓဟူးနေ့မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဒီကနေ့ အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို မနက်ဖြန် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်၊ ပုဒ္ဓဟူးနေ့ နံနက် (၁၀း၀၀) နာရီအချိန်တွင် ဆက်လက် ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

ရှမ်းပြည်နယ် ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(တတိယနေ့)မှတ်တမ်း ၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ လ ၂၁ ရက် [ပုဒ္ဓဟူးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူး အဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးကျော်လွင်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးစတင်ကျင်းပခြင်း

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(တတိယ)နေ့အား

D/real(wide) (1

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို မနက်ဖြန် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် (၁၀း၀၀) နာရီအချိန်တွင် ဆက်လက်ကျင်းပသွားမှာဖြစ်ပါကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။

ကျင်းပပြုလုပ် မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သက်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါ တယ်ခင်ဗျား။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၁၃၆)ဦးရှိသည့် အနက် ဒီကနေ့အစည်းအဝေးကို (၁၂၀)ဦး တက်ရောက်ပါတယ်။အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း ၏ (၈၈.၂၄%)ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာသုံးပုံတစ်ပုံထက်ကျော်လွန်တဲ့ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ) တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

D/real(wide) (1

ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး (တတိယ)နေ့ အစီအစဉ်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များ အတိုင်း ဆက်လက်ကျင်းပ ပြုလုပ်သွားမှာဖြစ်ပါတယ်။

အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးမင်္ဂလာ ပါခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ အတွင်းရေးမှူး နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေဖြစ်ပါတယ်။

(၈) ဦးစံလွင်၊ ဟိုပုံးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့်ခွင့် (၁) ရက်။

(၉) ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်များ အားလုံးကိုခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး (တတိယနေ့) ကို တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၃၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦး ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပြုထားသူ (၁၆)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ် လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် တတိယပုံမှန် အစည်းအဝေး တတိယနေ့သို့ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကအတည်ပြုပါသည်။)

D/real(wide) (1

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်(၁၅)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

ပထမဦးစွာ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျော်သိန်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မြို့နယ်မဲဆန္ဒနယ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့)သို့ အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်နိုင်ခြင်းမရှိသည့် အောက်ပါပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း(၉)ဦးအား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရတဲ့အတွက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြမှုအပေါ်တွင် ခွင့်ယူသူအားလုံး၏ကိုယ်စားအဖြစ် တင်ပြတောင်းခံအပ်ပါတယ်-

(၁) ဦးထွန်းရင်၊ ညောင်လွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၂) ဦးစိုးညွှန့်လွင်(ခ)ဦးစိုးကြီး ၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၁) ရက်။

(၃) ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့်ခွင့် (၂) ရက်။

(၄) ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၂)ရက်။

(၅) ဦးစိုင်းလုံ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁) ရက်။

(၆) ဦးခွန်လှသိန်း၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါ သဖြင့် ခွင့်(၁) ရက်။

(၇) ဦးခွန်စောအောင်၊ ပင်လောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

D/real(wide) (1

အမှတ်(၁)မှ ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း ဖြစ်ပါတယ်။

ကျွန်တော်မေးမည့်မေးခွန်းကတော့ မူဆယ်မြို့နယ်အတွင်းရှိ စယ်လန့်ကျေးရွာအုပ်စု၊ နောင်ဆိုင်ကျေးရွာအုပ်စု၊ နောင်လောင်း ကျေးရွာအုပ်စုများ၌ နေထိုင်ကြသော ပြည်သူများအား မဟာဓါတ်အားလိုင်း လျှပ်စစ်မီးများ သွယ်တန်းဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

မူဆယ်မြို့နယ်မှာရှိတဲ့ စယ်လန့်ကျေးရွာ အုပ်စုတွင် ရွာပေါင်း (၉)ရွာ၊ အိမ်ခြေ (၉၅၉)၊ အိမ်ထောင်စု (၉၆၁)စု၊ လူဦးရေ (၄၃၁၁)ဦး၊ နောင်ဆိုင်ကျေးရွာအုပ်စုတွင် ကျေးရွာ (၅)ရွာ၊ အိမ်ခြေ (၂၆၅)၊ အိမ်ထောင်စု (၂၆၃)စု၊ လူဦးရေ(၁၂၆၇)ဦး၊ နောင်လောင်းကျေးရွာ အုပ်စုမှာ ကျေးရွာ (၁၀)ရွာ၊ အိမ်ခြေ (၆၈၆)၊ အိမ်ထောင်စု (၆၈၆)စု၊ လူဦးရေ (၃၁၅၁)ဦး၊ စုစုပေါင်းကျေးရွာပေါင်း (၂၅)ရွာ၊ အိမ်ခြေ (၁၉၁၀)၊ အိမ်ထောင်စု (၁၉၁၆)စု၊ လူဦးရေ (၈၇၂၉)ဦး နေထိုင်လျက်ရှိပါတယ်။ မူဆယ်-နမ့်ခမ်းကားလမ်းမှာရှိတဲ့ ကျေးရွာအုပ်စုများဖြစ်ပါတယ်။ နမ့်ခမ်းလမ်း တစ်လျှောက်တွင် ကျေးရွာအုပ်စု (၅)အုပ်စု ရှိပြီးပန်ခမ်း ကျေးရွာအုပ်စု၊ သိန်းလုံကျေးရွာ အုပ်စု၊ စယ်လန့်ကျေးရွာအုပ်စု၊ နောင်ဆိုင်ကျေးရွာအုပ်စုနှင့် နောင်လောင်းကျေးရွာအုပ်စုဖြစ်ပါတယ်။ ပန်ခမ်းကျေးရွာအုပ်စုနှင့် သိန်းလုံကျေးရွာအုပ်စုကို မြန်မာ့လျှပ်စစ်ဓါတ်အား မဟာဓါတ်အားလိုင်းမှ လျှပ်စစ်သွယ်တန်း ဖြန့်ဖြူးပေးလျက်ရှိပါတယ်။

စယ်လန့်ကျေးရွာအုပ်စုနှင့် နောင်ဆိုင်၊ နောင်လောင်းကျေးရွာအုပ်စုများကိုမူ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးပေးခြင်းမရှိပါဘူး။ ၄င်းကျေးရွာအုပ်စု(၃)ခုသည် မူဆယ်-နမ့်ခမ်းကား လမ်းနံဘေးတွင် ရှိပြီး ရွှေလီရေအားလျှပ်စစ်မှ နမ့်ခမ်း-မူဆယ်၊ ကျူကုတ်-ပန်ဆိုင်း

ဦးစိုင်းကျော်သိန်း မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း နှင့် ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မူဆယ်မြို့နယ်အတွင်းမှာရှိတဲ့ စယ်လန့်ကျေးရွာအုပ်စုနှင့် နောင်ဆိုင်ကျေးရွာအုပ်စုများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် အမျိုးသားလျှပ်စစ်ဓါတ်အား ရရှိရေး စီမံကိန်း(NEP) Phase-1(ပထမဦးစားပေး)တွင် ၁၁ ကေဗွီလိုင်း နှင့် ၁၁/၀.၄ကေဗွီထရန်စဖော်မာများတည်ဆောက်ပေးသွားမည့် အစီအစဉ်တွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။

ပထမဦးစားပေးလုပ်ငန်းများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာန(ရုံးချုပ်)၊ နေပြည်တော်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်လျက်ရှိပါ ကြောင်းသိရှိရပါတယ်။

မူဆယ်မြို့နယ်အတွင်းရှိ နောင်လောင်းကျေးရွာအုပ်စုအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် အမျိုးသားလျှပ်စစ်ဓါတ်အား ရရှိရေး စီမံကိန်း(NEP) Phase-2(ဒုတိယဦးစားပေး)ဖြင့် ၁၁ကေဗွီလိုင်းနှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများအား တည်ဆောက်ပေးသွားမည့် အစီအစဉ်တွင် လျာထားပြီးဖြစ်ပါတယ်။

ဒုတိယဦးစားပေးလုပ်ငန်းများအား အကောင်အထည်ဖော်မှု ကာလမသိရှိရသေးပါသဖြင့် နိုင်ငံတော်ဘတ်ဂျက်ရရှိမှုပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီးညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသိန်းဇော်မိုးက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

D/real(wide) (1

ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးချုပ်နှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးများ၊တပ်မတော်သားကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ အမြဲနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေ မြို့နယ်မဲဆန္ဒနယ် အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုး ဖြစ်ပါတယ်။

ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်၊ ရွှေအင်းတိမ်မှ ကျားတွန်ရွာအထိ(၃)မိုင် ကျောက်ကြမ်းလမ်းကို ကတ္တရာ လမ်းအဆင့် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျားတွန်ကျေးရွာသည် အိမ်ခြေ(၆၀၀)ကျော်၊ လူဦးရေ (၄၀၀၀)ကျော် နေထိုင်လျက်ရှိတဲ့ ရွာလေး(၁)ရွာ ဖြစ်ပါတယ်။ ထို့အပြင် ကျားတွန်ကျေးရွာသည် ညောင်ရွှေမြို့နဲ့ ပင်လောင်းမြို့ရဲ့ နယ်စပ် ရွာလေး (၁)ရွာလည်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အင်းလေးကန် အနောက်ဘက် ကန်ပတ်လမ်းသည် ညောင်ရွှေမြို့နယ်မှ ယခုလက်ရှိ ရွှေအင်းတိမ် ရွှေဟောင်းသမိုင်းဝင်ဘုရားထိဟာ ကတ္တရာလမ်း အဆင့်ရှိနေပါပြီ။ ရွှေအင်းတိမ်ဘုရားမှ ကျားတွန်ရွာအထိဟာ (၃)မိုင်သာ ကျန်ရှိပါတယ်။ ကျန်ရှိသည့် (၃)မိုင်ကို ကတ္တရာလမ်းအဆင့် တိုးမြှင့်ပေးရန်အတွက် ရပ်ရွာလူထုရဲ့ တောင်းဆိုလာတဲ့အတွက် လွှတ်တော်မှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ရွှေအင်းတိမ်ဘုရားမှ ကျားတွန်ရွာအထိကို ရွာသူရွာသားများရဲ့ နှစ်စဉ်နှစ်တိုင်း ကိုယ်ထူကိုယ်ထလုပ်အားနဲ့ လုပ်ဆောင်လာခဲ့ရာမှာ ယခုဟာ ကျောက်ခြောလမ်း အဆင့်ထိ ရောက်လာပါပြီ။ ၎င်းလမ်းကို ကတ္တရာလမ်းအဖြစ် တိုးမြှင့်ပေးခြင်းအားဖြင့် သွားလာနိုင်တဲ့မြို့တွေ

သို့ ပေးပို့သည့် မဟာ ဓါတ်အားလိုင်းသည် အချို့ကျေးရွာများတွင် ပေ(၂၀၀) ဝန်းကျင်ခန့်သာ ဖြတ်သန်းသွားပြီး အလွန်ဆုံး ပေ(၁၀၀၀) ခန့်သာ ကျေးရွာနှင့် ကွာဝေးပါတယ်။ ဒါကြောင့်ကျွန်တော်တို့ ကျေးရွာတွေကို ကွင်းဆင်းပြီး ပြည်သူတွေနဲ့ တွေ့ဆုံတဲ့အချိန်တွင် ပြည်သူများ၏ တင်ပြလိုအပ်ချက်မှာ ၎င်းတို့ကျေးရွာအုပ်စု(၃)ခုအား လျှပ်စစ်ဌာနမှ ဖြန့်ဖြူးပေးခြင်းမရှိသည့်အတွက်ကြောင့် တရားမျှတမှု မရှိဟု ယူဆပြီး အထက်သို့ တင်ပြပေးရန် တောင်းဆိုလာပါတယ်။ ကျွန်တော်တို့ ကျေးရွာအုပ်စုများဖြစ်တဲ့ နောင်ဆိုင်ကျေးရွာအုပ်စုနဲ့ စယ်လန့်ကျေးရွာအုပ်စု၊ နောင်လောင်းကျေးရွာအုပ်စု (၃)ခုမှာ နေထိုင်တဲ့ ပြည်သူများရဲ့ လျှပ်စစ်မီးလိုအပ်ချက်အရ မဟာ ဓါတ်အားလိုင်းမှ လျှပ်စစ်မီးများသွယ်တန်းဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကိုမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးဆွေသိန်း၊ လျှပ်စစ်၊စွမ်းအင်နှင့်စက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်များ အားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းမေတ္တာပို့သ ဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးဆွေသိန်းဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ရှမ်းပြည်နယ်အဖွဲ့ရဲ့ ကိုယ်စား မူဆယ်ခရိုင်၊ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

D/real(wide) (1

နမ့် ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော့်အနေနဲ့ နမ့်ဆန်မြို့နယ် နမ့်ခေး- ဟူးမန်း (၁၄)မိုင် ကတ္တရာလမ်းခင်းပေးခြင်းနှင့် ရေပြွန်(၈၀)စင်း တည်ဆောက် ပေးခြင်းကိစ္စ။ နံပါတ်(၂) နမ့်ခေး- မြို့သစ် (၁၇)မိုင် ကတ္တရာ လမ်းခင်းပေးဖို့နဲ့ ရေပြွန်(၈၀)စင်း တည်ဆောက်ပေးဖို့ ကိစ္စ။ နောက်တစ်ခုက မြို့သစ်- နမ့်တွေ ကျောက်ချောလမ်း ဆောင်ရွက် ပေးဖို့ကိစ္စကို ဒီကိစ္စ(၃)ခုကို တစ်ပေါင်းတည်း မေးမြန်းဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ဆန်မြို့နယ် ကျေးရွာတွေ မှာလိုအပ်နေတဲ့ အောက်ပါကျေးရွာ ချင်းဆက်လမ်းများအား မည်သည့် အချိန် မည်သည့်ဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိ လို၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်း အဝေးမှာ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းခဲ့ဖူးပါတယ်။ အဲ့ဒီလမ်း ကတော့

(၁) နမ့်ခေး-ဟူးမန်း (၁၄)မိုင်ကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးဖို့နဲ့ရေပြွန်(၈၀)စင်း တည်ဆောက် ပေးဖို့ တောင်းဆိုခဲ့ပါတယ်။ အဲ့ဒီလမ်းဟာ ၂၀၁၃-၂၀၁၄ (မတလ)ဘတ်ဂျက် ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့တဲ့ ကျောက်ချောလမ်းဖြစ် ပါတယ်။

(၂) နောက်လမ်းတစ်လမ်းက နမ့်ခေး-မြို့သစ် ကျောက်ချောလမ်း(၁၇)မိုင်ကို ကတ္တရာလမ်း အဖြစ် တိုးမြှင့်ဆောင်ရွက်ပေးဖို့နဲ့ ရေပြွန်(၈၀)စင်း တည်ဆောက်ပေးဖို့ တင်ပြထားပြီးဖြစ်ပါတယ်။ အဲ့ဒါလည်းပဲ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်

ကတော့ ညောင်ရွှေ၊ ပင်လောင်း၊ ဖယ်ခုံ၊ လွိုင်ကော်၊ နေပြည်တော် ထိကို အခြိန်(၁) နာရီခွဲ (၂)နာရီလောက် အခြိန်သက်သာစွာ သွားလာနိုင်တဲ့ လမ်းလည်းဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၅-၂၀၁၆ RE ဘတ်ဂျက်တွင် ဒီလမ်းကိုထည့်သွင်းစဉ်းစားပေးရန် အစီအစဉ် ရှိ/ မရှိ သိလိုပါတယ်။ အကယ်၍ အစီအစဉ်မရှိခဲ့လျှင်လည်း အခုလာမဲ့ ဘတ်ဂျက်တွင် ထည့်သွင်းစဉ်းစားပေးရန် အစီအစဉ်ရှိ/ မရှိ ကြယ်ပွင့်ပြ မေးခွန်းအဖြစ် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။ ဦးသိန်းဇော်မိုး ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က မေးမြန်း လာတဲ့ ညောင်ရွှေမြို့နယ်၊ ရွှေအင်းတိမ်ဘုရားမှ ကျားတွန်ရွာ အထိ(၃)မိုင် ကျောက်ကြမ်းလမ်းကိုကတ္တရာလမ်းအဆင့်မြှင့် တိုးမြှင့် ပေးရန် အစီအစဉ်ရှိ/ မရှိ သိလိုသည့်မေးခွန်းနှင့်ပတ်သက်ပြီး ညောင်ရွှေမြို့နယ်၊ ရွှေအင်းတိမ်ဘုရားမှ ကျားတွန်ရွာအထိ (၃)မိုင် လမ်းဟာ လက်ရှိအခြေအနေမှာ အကျယ်(၁၈)ပေရှိတဲ့ မြေသား လမ်း (၁)လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းကို ကတ္တရာလမ်းအဖြစ်

D/real(wide) (1

(မတလ) ဘတ်ဂျက် ရန်ပုံငွေနဲ့ဆောင်ရွက်ခဲ့တဲ့ လမ်းဖြစ်ပါတယ်။

(၃) နံပါတ်၃လမ်း(၁)လမ်းဖြစ်တဲ့ မြို့သစ်-နမ့်တွေကို လက်ရှိအမာခံ မြေသားလမ်းရှိပြီးဖြစ်သည့် အတွက် မြေသားလမ်းမှ ကျောက်ချောလမ်း (၃)မိုင်ခွဲ၊ ရေပြွန် (၂၂)စင်း တည်ဆောက်ပေးဖို့ကို ဒုတိယ အကြိမ်ပုံမှန်အစည်းအဝေးမှာ တင်ပြထားပြီးဖြစ် ပါတယ်။

ဒီလိုတောင်းဆိုရခြင်းဟာလည်းပဲ နမ့်ဆန်မြို့နယ်ဟာ တောင်ပေါ်မြို့ဖြစ်တဲ့ အားလျော်စွာ မိုးများတဲ့ဒေသဖြစ်ပါတယ်။ လက်ရှိဆောင်ရွက်ပြီးသား ကျောက်ချောလမ်းမြေဟာ မိုးကြောင့် ပျက်စီးလုနီးပါးဖြစ်နေပါတယ်။ ဒါကြောင့် ဒီကျောက်ချောလမ်း မြေဟာ ကတ္တရာအဖြစ်ကို အဆင့်မြှင့်မထားလျှင် ရေရှည်ခံမှာ မဟုတ်ဘဲ ပျက်စီးမှုနှင့် ကြုံရမှာ ဖြစ်ပြီး နိုင်ငံတော်ဘတ်ဂျက်တွေ အလေအလွင့်ဖြစ်သွားနိုင်တဲ့ သဘောဖြစ်ပါတယ်။ ဒါကြောင်မို့ အဆင့်မြှင့်တင်ပေးဖို့ တောင်းဆိုရခြင်းပဲ ဖြစ်ပါတယ်။ ဒုတိယအကြိမ် ကျွန်တော်မေးခွန်းမေးမြန်းရာတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနက ဝန်ကြီးက အဆိုပါလမ်းနှင့် ပတ်သက်၍ ဒေသအတွင်း အမှန်တကယ်လိုအပ်ခြင်း ရှိ/မရှိ၊ အကျိုးပြုနိုင်ခြင်း ရှိ/မရှိတို့အား ကွင်းဆင်းစိစစ်ပြီး အမှန်တကယ်ဆောင်ရွက်ရန် လိုအပ်ပါက သက်ဆိုင်ရာ ပြည်ထောင်စု/ပြည်နယ်ဘတ်ဂျက်ဖြင့် ဘဏ္ဍာရေးအလိုက် ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်ရန် လျာထားသော စီမံကိန်းများတွင် ထည့်သွင်းလျာထားသွားမည် ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။

ကျွန်တော်တို့ ကိုယ်စားလှယ်တွေဟာ လူထုနဲ့ အမြဲမပျက် ထိတွေ့ ဆက်ဆံနေရတဲ့ လူတွေဖြစ်ပါတယ်။ လူထုကြားသို့

D/real(wide) (1

အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် (၃၆၀၊ ၂၄)သန်း ကုန်ကျမှာဖြစ်ပါတယ်။

ဒေသဆိုင်ရာလမ်း၊ တံတားများဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)ရဲ့ လမ်းညွှန်မှုအရ ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အနေဖြင့် ကျေးလက် လမ်း၊ တံတားများ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ခုနှစ် ဘဏ္ဍာရေးနှစ် ထိ (၁၅)နှစ် အား(၅)နှစ်စီမံကိန်းများ ရေးဆွဲ၍ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းများ လျာထားရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။ အခု ကိုယ်စားလှယ်မှ တင်ပြတဲ့ ရွှေအင်းတိမ်ဘုရားမှ ကျားတွန်ကျေးရွာအထိ လမ်းအရှည် (၃)မိုင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို စီမံကိန်းတွင် ထည့်သွင်း လျာထားတင်ပြပေးသွာမည်ဖြစ်ပါ ကြောင်းနှင့်ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးကနေ တစ်ဆင့်ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးအောင်ထွဏ်းက မေးခွန်း(၁၂၃)ကို တစ်ဆက် တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းနှင့် နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်းကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

အမြဲမပြတ်ကွင်းဆင်းပြီး ထိတွေ့ရတဲ့ ပုဂ္ဂိုလ် တွေဖြစ်ပါတယ်။ လုပ်ငန်းများသည် မှန်းပြီး တင်ထားတဲ့လုပ်ငန်းတွေ မဟုတ်ပါ။ လူထုရဲ့ အခက် အခဲ၊ လူထုရဲ့တင်ပြ ချက်၊ လူထုရဲ့ အသံကိုနားထောင် ၊ ကိုယ်ကိုယ်တိုင်လည်း မျက်မြင် ကိုယ်တွေ့ဖြစ်၍ အမှန်တကယ် လိုအပ်ခြင်းကြောင့် တောင်းဆို ရခြင်းပဲဖြစ်ပါတယ်။ ဒေသအတွက် အမှန်တကယ် လိုအပ်နေတဲ့ လမ်းလည်းဖြစ်ပါတယ်။ ဒါကြောင့် ၄င်းလမ်း (၃)လမ်း ကို မည်သည့်ဘဏ္ဍာနှစ်မှာ မည်သည့် ဘတ်ဂျက် ဖြင့် ဆောင်ရွက်ပေးမည် ဆိုတာကို သိရှိလို၍ မေးမြန်းခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုတင်ပြလိုတာကတော့ (ပတလ)လုပ်ငန်းပဲ ဖြစ်ဖြစ်၊ ကျေးလက်လုပ်ငန်းပဲ ဖြစ်ဖြစ် သက်ဆိုင်ရာအကူအညီကိုခေါ်ပြီး တင်ဒါတင်သွင်းတဲ့ အခါ ကျွန်တော်တို့ ကိုယ်စားလှယ်များရဲ့ သဘောထားကို မေးမြန်းဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ပွင့်လင်းမြင်သာ မှု ရှိဖို့လိုပါတယ်။ တချို့ ကုမ္ပဏီတွေက မိမိတို့ ဒေသကိုလည်း မရောက်ဖူးသည့်အပြင် လုပ်ငန်းအခြေ အနေကိုလည်း မလေ့လာဘဲ စာရွက်ပေါ်မှာ ဘောပင်ထောက်ပြီး တင်ဒါဆွဲလေ့ရှိပါတယ်။ လုပ်ငန်းတွေကိုလည်း self control ကို ပေးလုပ်တဲ့အခါ ကိုယ်ကိုယ်တိုင်လည်း မကြီးကြပ်တော့ အရည်အသွေးလည်း မပြည့်မီ၊ သတ်မှတ်တဲ့ အချိန်လည်း မပြီးစီးတာ တွေ့ရပါတယ်။ နိုင်ငံတော်ရဲ့ ဘတ်ဂျက် အလေအလွင့် ဖြစ်သလို လူထုအတွက် လည်းအကျိုး မရှိပါဘူး။ ဒါကြောင့် ကုမ္ပဏီများကို တင်ဒါခေါ်ယူတဲ့အခါမှာ ပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ညှိနှိုင်းဖို့လိုအပ်ကြောင်း တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ပြည်နယ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များအား ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ စိစစ် ရွေးချယ်တင်ပြခဲ့ပြီးဖြစ်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားသည့် လမ်းတံတားလုပ်ငန်း(၂)ခုမှာ စီမံကိန်းတွင် ပါဝင်ခဲ့ခြင်းမရှိသေးပါ။

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အနေဖြင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားသော လမ်းတံတားလုပ်ငန်း(၂)ခုအား အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ဘဏ္ဍာငွေ ခွဲဝေရရှိမူ အပေါ်မူတည်၍ လမ်းပိုင်းအလိုက် ရန်ပုံငွေ လျာထား ဆောင်ရွက် ပေးရန် တင်ပြထားရှိပါကြောင်း ပြန်လည် ဖြေကြားအပ်ပါသည်။

နောက်မေးခွန်း(၁)ခုဖြစ်တဲ့ မြို့သစ်-နမ့်တွေ ကျောက်ချောလမ်း (၃)မိုင်ခွဲ၊ ရေပြွန် (၂၂)စင်းကို မည်သည့် ဘဏ္ဍာရေး နှစ်တွင် မည်သည့်ဘတ်ဂျက်ဖြင့် တည်ဆောက်ပေးမည် ကိုသိရှိလိုပါသည် မေးမြန်းထားမှုနှင့်ပတ်သက်၍ မြို့သစ်-နမ့်တွေလမ်းမှာ အရှည်(၃)မိုင်ခွဲရှည်လျားပြီး လက်ရှိအခြေအနေ တွင်မြေသားလမ်း (၁)လမ်းဖြစ်ပြီး လမ်းအရှည်(၃)မိုင်ခွဲအား ကျောက်လမ်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ်ငွေ ကျပ် (၆၉၇. ၈) သန်းခန့်၊ ရေပြွန်တံတား (၂၂)စင်း တည်ဆောက်ခြင်း အတွက် ခန့်မှန်းကုန်ကျစရိတ်ငွေကျပ်(၁၄၁. ၆၀)သန်း၊ စုစုပေါင်းလမ်းနှင့် ရေပြွန်တံတားတည်ဆောက်ခြင်း အတွက် ငွေကျပ်(၈၃၉. ၄၀) သန်း ခန့်မှန်းကုန်ကျငွေဖြစ်ပါတယ်။ ၄င်း ကုန်ကျမည့် လမ်းနှင့် ရေပြွန်တံတားမှာ ကျေးရွာ(၃)ရွာ၊ အိမ်ခြေ (၆၇၅) အိမ်၊ လူဦးရေ(၄၂၀၂)ဦးအား အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။ အဆိုပါ လမ်းနှင့် လမ်းပေါ်ရှိရေပြွန်တံတားတည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးနိုင်ခြင်း

D/real(wide) (1

မရှိပါသဖြင့် ၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ် မူလခွင့်ပြု ရန်ပုံငွေဖြင့် တည်ဆောက်နိုင်ရန် ရန်ပုံငွေရရှိရေး၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လျာထားတင်ပြ ဆောင်ရွက် ထားရှိပြီး ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းပန်က မေးခွန်း (၁နှင့်၂)ကိုတစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းပန်၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းပန်ဖြစ်ပါတယ် ။ ပြည်နယ်တိုင်းဒေသကြီးလွှတ်တော် ဥပဒေပုဒ်မ ၉၁ အရ ကြယ်ပွင့်ပြမေးခွန်းကို တင်သွင်း မေးမြန်း သွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း မူးယစ်ထုံထိုင်း ရူးသွပ်စေသည့် ဆေးဝါးများကို သုံးစွဲနေသူများကို ကုသဆေးဖြတ်ပေးသည့် စိတ်ရောဂါကု ဆေးရုံဆေးခန်းများအရေအတွက်မည်မျှ ရှိသည်နှင့် ရှမ်းပြည်နယ် အစိုးရအနေဖြင့် လိုအပ်ချက်အရ တိုးချဲ့ဖွင့်လှစ်ပေး နိုင်ရန် အစီ အစဉ် ရှိ/မရှိ ကိစ္စကို ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်း။ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါး ဆေးစွဲ နေသူများကို ဖြတ်ပေးသည့်ဆေးရုံဆေးခန်းများဟာ တောင်ကြီး၊ လားရှိုးစသည့် မြို့ကြီးများသာရှိသည်ဟုသာသိရပြီး ရှမ်းပြည်နယ်

ဗိုလ်မှူးကြီးစိုးမိုးအောင် ၊လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ ချွင်လန်းကြပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွဏ်းမေးမြန်းလာသော-

(၁) နမ့်ခေး-ဟူးမန်းကတ္တရာ (၁၄)မိုင်၊ ရေပြွန် (၈၀)စင်းကို မည်သည့် ဘဏ္ဍာရေးနှစ်တွင် မည်သည့်ဘတ်ဂျက်ဖြင့်တည်ဆောက်ပေးမည်ကို သိရှိလိုပါသည်။

(၂) နမ့်ခမ်း-မြို့သစ် ကတ္တရာ (၁၇)မိုင်၊ ရေပြွန် (၈၀)စင်းကို မည်သည့် ဘဏ္ဍာရေးနှစ်တွင် မည်သည့်ဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်နှင့် ပတ်သက်၍ မေးခွန်း(၂)ခုကို ကျွန်တော်ဦးစွာဖြေကြားပါမယ်။

လွှတ်တော် ကိုယ်စားလှယ်၏ လမ်းတံတားလုပ်ငန်း ဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသများမှ ဒေသဖွံ့ဖြိုးရေး စီမံကိန်းအချက်အလက်များအား ပြည်ထောင်စု ဘတ်ဂျက်ဖြင့် လည်းကောင်း၊ ပြည်နယ်ဘတ်ဂျက်ဖြင့် လည်းကောင်း ဆောင်ရွက်နိုင်ရန် စာရင်းပြုစုကောက်ခံပြီး ရန်ပုံငွေများလျာထား တင်ပြရာတွင် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီး အဖွဲ့များ၏ ဒေသလိုအပ်ချက်များ အတိုင်း ဦးစားပေးအဆင့်အလိုက် ရွေးချယ်ထားသောစီမံကိန်း လုပ်ငန်းများကိုသာ တင်ပြရခြင်းဖြစ် ပါတယ်။ ထိုကဲ့သို့ တင်ပြရာတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နယ်မြေအတွင်း၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု၊

D/real(wide) (1

ပြုပြင်ထိန်းသိမ်းခြင်းကင်းမဲ့တဲ့ ကွင်းပြင်ကြီးတခု အဖြစ်သို့ရောက်ရှိနေပါတယ်။ မြို့နယ်မှ သက်ဆိုင်ရာတာဝန်ရှိသူများကလည်း မျက်ကွယ်ပြုထားပါတယ်။

မြို့နယ်ဘောလုံးပွဲများ၊ အားကစားပွဲများ နှစ်စဉ်ပုံမှန် ကျင်းပပေးနိုင်ခြင်း မရှိတော့ပါဘူး။ အားကစားကွင်းဟာ အကာအရံ မဲ့နေတဲ့ ယာဉ်၊ ဆိုင်ကယ်၊ ကား၊ လူများလူသွားလမ်း အဖြစ် ဖြတ်သန်းသွားလာအသုံးပြုနေပါတယ်။ ဒါကြောင့်မြို့နယ် အားကစားကွင်းကြီးကို ပျောက်ကွယ်ပျက်စီးမသွားစေရန် ဧရိယာနယ်နိမိတ်မှတ်တိုင်စိုက်ထူခြင်း၊ ကစားကွင်းမြက်ခင်းပြင်များ ထိန်းသိမ်းခြင်းများပြုလုပ်ဆောင်ရွက်ရန် လိုအပ်ချက်ရှိနေပါတယ်။ နိုင်ငံတော်တည်ဆောက်ရာမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ရာ အားကစား ကဏ္ဍကိုလည်း တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်ရမှာ ဖြစ်သလို နိုင်ငံတော်အစိုးရမှလည်း အားကစားကဏ္ဍကို အားသွန်ခွန်စိုက် ဆောင်ရွက်နေတဲ့ ကာလဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ် အတွင်းမှာရှိတဲ့ မြို့နယ်များ၏ အားကစားကွင်းများကို ထိန်းသိမ်းရေး ရန်ပုံငွေများ မည်ကဲ့သို့ ခွဲဝေချထားပေးသည်ကို သိရှိလိုပါတယ်။ ပြင်ထိန်းရန်ပုံငွေများရရှိနိုင်ပါက မိုင်းကိုင်မြို့နယ် အားကစားကွင်း ကြီးကိုလည်း ပြုပြင်ထိန်းသိမ်းရန်အတွက် ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

အတွင်း မည်မျှရှိသည်၊ မည်သည့်နေရာတွင်ရှိသည်ကို ပြည်သူများ အတိအကျ မသိကြပါ။ အခုလက်ရှိအခြေအနေဟာ မူးယစ်ဆေးဝါးများကို မည်မျှပင်ဖမ်းဆီးအရေးယူနေပါသော်လည်း လျော့နည်းပျောက် သွားခြင်းမရှိဘဲ ပို၍သာတိုးပွား များပြားလာပြီး တစ်မျိုးသားလုံး၊ အမျိုးသားတစ်ရပ်လုံးအတွက် အလွန်ကြီးမားတဲ့ အန္တရာယ်ကျရောက်နေပါတယ်။

မူးယစ်ဆေးဝါး အထူးသဖြင့် ရာမစိတ်ကြွ ဆေးဟာ ပြည်သူကြားအလွန်ရေပန်းစားနေပြီးထုတ်လုပ်သူ၊ ရောင်းဝယ်သူ၊ ရောင်းဝယ်ဖောက်ကားသူ၊စားသုံးသူတို့ရဲ့ အဆောက်အအုံကြီးဟာ အုံလိုက်ကျင်းလိုက် အလွန် ကြီးမားကျယ်ပြန့် အားကောင်းလွန်းနေပါတယ်။ အန္တရာယ်များပြီး ထိလွယ်ရှလွယ်တဲ့ ကိစ္စကို သာမန်ပြည်သူများအနေနဲ့ မည်သို့မျှတားဆီးနိုင်ခြင်းမရှိပါဘူး။ စျေးပေါပေါနဲ့ လွယ်လွယ်ကူကူရနိုင်တဲ့ အတွက်လည်း စဉ်းစားစရာတခုဖြစ်နေပါတယ်။လွတ်လပ်စွာ၊လွယ်ကူစွာဘာကိုမှကြောက်စရာမလိုဘဲ ဝယ်ယူနိုင်တဲ့အတွက် ကျောင်းသား၊ လူငယ်လေးများ၊ လယ်ယာလုပ်သားများပါမကျန် ရာမစွဲတဲ့ပြဿနာကို ရပ်ထဲရွာထဲမှာရင်ဆိုင်နေရပါတယ်။ စိတ်ကြွရူးသွပ်ဆေးဖြစ်သောကြောင့် မိမိဖခင်က မိမိဖခင်၊ မိခင်အရင်းကို သတ်ဖြတ်သည့် ဖြစ်ရပ်များ၊ သားသမီးအရင်းကို သတ်သည့်ဖခင်များ စသည့်မယုံကြည်နိုင်သောမှုခင်းများကိုလည်း ကြားနေမြင်နေရ ပါတယ်။

လွန်ခဲ့သည့် နှစ်ကမိမိတို့မြို့မှာ ကျောင်းစိမ်းဝတ်စုံ၊ ကျောင်းလွယ်အိတ်ကလေးနှင့် ကျောင်းဆင်း အိမ်ပြန်လာသည့် မူလတန်းကျောင်းသူကလေးကို မိမိအိမ်အဝင် တံခါးပေါက်မှာ ရာမကြောင်နေသည့် ဖခင်က ထင်းခုတ်ခါးနဲ့ ခေါင်းပြတ်အောင်ခုတ်ဖြတ်တဲ့ အဖြစ် အပျက်ဟာ တစ်မြို့လုံးက ယူကျုံးမရဖြစ်စေတဲ့ ဖြစ်စဉ်တစ်ခုဖြစ်ပါတယ်။ ရာမကြောင်ပြီး ရူးသွပ်နေသဖြင့် ဖြစ်ပျက်ရသည့်

D/real(wide) (1

ဒေါက်တာမျိုးထွန်း ၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ရဲ့ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်းများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း မူးယစ်ထုံထိုင်း ရူးသွပ်စေသည့်ဆေးဝါးများကို သုံးစွဲနေသူများကို ကုသဆေးဖြတ်ပေးသည့် စိတ်ရောဂါကုဆေးရုံဆေးခန်းများ အရေအတွက်မည်မျှ ရှိသည်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လိုအပ်ချက်အရ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်ဆိုသည့် မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်တွင် နိုင်ငံတော်မှ တရားဝင်ထုတ်ပြန်ထားသော မူးယစ်ထုံထိုင်းရူးသွပ်စေသည့်ဆေးဝါးများသုံးစွဲသူများကို ကုသဆေးဖြတ်ပေးသည့် ဌာနကြီး Major Drug Treatment Center (Major DTC) ၄ ခုနှင့် ကုသဆေးဖြတ်ပေးသည့် ဌာနငယ်Minor Drug Treatment Center (Minor DTC) ၂၀ခု၊ စုစုပေါင်း ၂၄ခုရှိပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တွင် Major DTC ၂ ခုမှာ တောင်ကြီးမြို့နှင့် လွိုင်လင်မြို့တို့ဖြစ်ပြီး Minor DTC ၄ ခုမှာ ကလော၊ နမ့်စန်၊ ကွန်ဟိန်းနှင့် မိုင်းရှူးမြို့တို့ဖြစ်ပါတယ်။ ကွန်ဟိန်း ၁ ခုသာလုပ်ငန်းဆောင်ရွက်နိုင်ပြီး၊ လုပ်ငန်းဆောင်ရွက်မှုမရှိနိုင်သေးသောမြို့နယ်များမှာ ကလောမြို့၊ မိုင်းရှူးမြို့နှင့် နမ့်စန်မြို့တို့ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် Major DTC ၁ခုမှာ လားရှိုးမြို့ ဖြစ်ပြီး Minor DTC ၁၁ခုမှာ မိုးမိတ်၊ ကျောက်မဲ၊ မူဆယ်၊

D/real(wide) (1

မူခင်းများစွာလည်း တိုးပွား၍သာလာနေတာကို ယင်းမူခင်းမှတ်တမ်းများကို ပြန်လှန်ကြည့်မယ်ဆိုလျှင်သိနိုင်ပါတယ်။ မူးယစ်ဆေးဝါးထုတ်လုပ် ရောင်းဝယ်ဖောက်ကားသူများကို ဖမ်းဆီးအရေးယူနေပြီဟုဆိုသော်လည်း အားရကျေနပ်စရာ အရေးယူဆောင်ရွက်မှု ဆောင်ရွက်နေခြင်းများကို ပြည်သူများက မတွေ့ရပါ။

ထို့ကြောင့် ပြည်သူများအနေနဲ့ ဆေးဖြတ်သည့် ဆေးရုံဆေးခန်းများကိုသာ အားကိုးရတော့မှာဖြစ်ပါတယ်။ လက်ရှိ အတိုင်းသွားနေမည်ဆိုလျှင် ဆေးဖြတ်သည့် ဆေးရုံဆေးခန်းများ လိုအပ်မည်ဖြစ်ပါတယ်။ထို့ကြောင့် ရှမ်းပြည်နယ်အတွင်း မူးယစ် ထုံထိုင်း ရူးသွပ်စေသည့် ဆေးဝါးများသုံးစွဲနေသူများကို ကုသဆေးဖြတ်ပေးသည့် စိတ်ရောဂါကုဆေးရုံ ဆေးခန်းများအရေအတွက် မည်မျှရှိသည်နှင့် ရှမ်းပြည်နယ်အစိုးရအနေဖြင့် လိုအပ်ချက်အရ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရန် အစီ အစဉ် ရှိ/မရှိကိစ္စကို ပြည်သူကိုယ်စားလှတ်တော်သို့ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီးတော့ မေးခွန်း(၂)ကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ မိုင်းကိုင်မြို့နယ်၊ မိုင်းကိုင်မြို့ရှိ မြို့နယ်အားကစားကွင်းကို ဆက်လက်ထိန်းသိမ်းသွားရန်အတွက် ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိသည်ကို ကြွယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်း။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းကိုင်မြို့နယ်အမှတ်(၁) ရပ်ကွက်အတွင်းမှာရှိတဲ့ မြို့နယ်အားကစားကွင်းဟာ ခေတ်အဆက်ဆက်က အသုံးပြုလာတဲ့ မြို့နယ်အားကစားကွင်းကြီးဖြစ်ပါတယ်။ အားကစားပြိုင်ပွဲများကိုလည်းကောင်း၊ လူငယ်များကျန်းမာကြံ့ခိုင်ရေးအတွက် လေ့ကျင့်ရေးကွင်းအဖြစ်လည်းကောင်း၊ မြို့နယ်ရဲ့ လူထုအခမ်းအနားပွဲကြီးကျင်းပခြင်းတို့လည်းကောင်း အသုံးပြုခဲ့ပါတယ်။ အခုအခါ အဖက်ဖက်မှယိုယွင်းပျက်စီးနေပြီးတော့

နမ့်ခမ်း၊ မုံးကိုး၊ ကွတ်ခိုင်၊ ပန်ဆိုင်း၊ လောက်ကိုင်၊ ကွမ်းလုံ၊နမ့်ဆန်နှင့် မန်တုံမြို့တို့ ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်မှု မရှိနိုင်သေးသော မြို့နယ်များမှာ မိုးမိတ်၊ နမ့်ခမ်း၊ နမ့်ဆန်နှင့် မန်တုံမြို့ တို့ဖြစ်ပါတယ်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ Major DTC ၁ ခုမှာ ကျိုင်းတုံမြို့ဖြစ်ပြီး Minor DTC ၅ ခုမှာ မိုင်းဆတ်၊ မိုင်းယန်း၊ တာချီလိတ်၊ မိုင်းဖြတ်နှင့် မိုင်းယောင်းမြို့ တို့ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်မှု မရှိနိုင်သေးသော မြို့နယ်များမှာ မိုင်းယန်း၊ မိုင်းဖြတ်နှင့် မိုင်းယောင်းမြို့တို့ဖြစ်ပါတယ်။

မူးယစ်ဆေးဝါးသုံးစွဲသူများ ကုသရေးစင်တာ တိုးချဲ့ဖွင့်လှစ်ရန်မှာ မြေပြင်အနေအထားများဖြစ်သော လူဦးရေ၊ အလုပ်အကိုင်၊ မူးယစ်ဆေးဝါးသုံးစွဲသူအရေအတွက်၊ သုံးစွဲသည့် မူးယစ်ဆေးဝါး အမျိုးအစား/ပစ္စည်းအမျိုးအစား၊ သုံးစွဲပုံနည်းလမ်း စသည်တို့ အပေါ် မူတည်ပါတယ်။ နိုင်ငံတော်မှ တရားဝင်သတ်မှတ်ထားတဲ့ မြို့နယ်များအားလုံးမှာ လုပ်ငန်းဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ဆဲဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်း ဖြစ်တဲ့ ရှမ်းပြည်နယ်၊ မိုင်းကိုင်မြို့နယ်၊ မိုင်းကိုင်မြို့ရှိ မြို့နယ် အားကစားကွင်းကို ဆက်လက် ထိန်းသိမ်းသွားရန်အတွက် ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်၊ မိုင်းကိုင်မြို့နယ်တွင် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးနှင့် ဝန်ထမ်းခန့်ထားနိုင်ခြင်းမရှိသေးပါ။ ဦးစီးဌာနရုံးနှင့် ဝန်ထမ်းခန့်ထားမှုမရှိ၍ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မည်သည့်အသုံးစရိတ်မျှ တောင်းခံထားခြင်းနှင့် ခွဲဝေချထားပေးခြင်း မရှိပါ။ မြို့နယ်အားကစားကွင်းအား ဆက်လက် ထိန်းသိမ်းသွားနိုင်ရန် အတွက် အားကစားမှူး (၁)ဦး (သို့မဟုတ်) နည်းစနစ်မှူး

၂၄-၁၁-၂၀၁၄ရက်နေ့ လမ်းညွှန်မှာကြားချက်။

(၂) ရည်ညွှန်းချက်။ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ သိန္နီမြို့ စာအမှတ်၊ ၂၀၊ ခရီးစဉ် ၂၀၁၅/၀၃၉။

အထက်ပါ ရည်ညွှန်းချက်များအရ ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန္နီမြို့နယ် ပြည်သူ့ဆေးရုံကြီးကို ၁၉၅၂ခုနှစ်တွင် စတင် ဆောက်လုပ်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ယူ၍ ခွဲစိတ်ခန်း၊ သားဖွားခန်းပါနှစ်ထပ် လူနာဆောင်ကို ဆောက်လုပ်ပြီးစီးပေးခဲ့ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၄ ခန်းတွဲ ၄ ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးမည်ဖြစ်ပါသည်။ ဤကဲ့သို့ ဆောက်လုပ်ပေးသည်ကိုလည်း သိန္နီမြို့သူ၊မြို့သားများကိုယ်စား အထူးကျေးဇူးတင်ရှိပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ သိန္နီမြို့ဟာ ၂၀၁၄ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ (၆၆၆၆၆)ယောက်ရှိပါတယ်။ (၂၅)ခုတင်ဆံ့တဲ့ မြို့နယ်ပြည်သူ့ဆေးရုံဟာ လူဦးရေအချိုးနှင့် ညီမျှမှု မရှိခြင်း၊ ဆရာဝန် လုံလောက်မှုမရှိခြင်းတို့ကြောင့် သိန္နီပြည်သူ့ဆေးရုံသည် လူနာများတက်ရောက်ကုသခြင်းမရှိဘဲ လားရှိုးပြည်သူ့ဆေးရုံ ကိုသာ အားကိုးနေရပါသည်။ ထို့ကြောင့်ခုတင်(၅၀)ဆံ့အဆင့်သို့ တိုးမြှင့်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်။ ခုတင် (၅၀)ဆံ့ အဆင့်ကို တိုးမြှင့်ပေးမည်ဆိုပါက မည်သည့်ကာလတွင် တိုးမြှင့်ပေးပါ မည်နည်း။ အစီအစဉ်မရှိဆိုပါက မည်သည့်အတွက်ကြောင့် မရှိသည် ကိုသိရှိလိုသည့်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်ရှင်။အားလုံးကို လေးစားပါတယ်။

D/real(wide) (1

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမူရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်နန်းခင်ထားရီရဲ့ သိန္နီမြို့နယ်(၂၅)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသည် လူဦးရေအချိုးနှင့်ညီမျှမှု မရှိ သောကြောင့် ခုတင် (၅၀)ဆံ့သို့ တိုးမြှင့်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ ခုတင် (၅၀)ဆံ့ အဆင့်သို့ တိုးမြှင့်ပေးမည် ဆိုပါက မည်သည့်ကာလတွင်တိုးမြှင့်ပေးပါမည်နည်း။ အစီအစဉ် မရှိဆိုပါက မည်သည့် အတွက်ကြောင့် မရှိသည်ကို သိရှိလိုသည် ဟူသောမေးခွန်းနှင့်စပ်လျဉ်း၍ သိန္နီမြို့ ပြည်သူ့ဆေးရုံသည် ယခင်က (၂၅)ခုတင်ဆံ့ ခွင့်ပြုအရာထမ်း၊ အမှုထမ်း (၄၂)ဦးဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး လိုအပ်ချက်အရ ၂၀၁၅ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ခွင့်ပြုအရာထမ်း၊ အမှုထမ်း (၅၅)ဦးဖြင့် စံကိုက် (၂၅) ခုတင်ဆံ့ ဆေးရုံ အဖြစ်တိုးမြှင့်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ (၂၅)ခုတင်မှ ခုတင်(၅၀)သို့ အဆင့်မြှင့်တင်ရန် လိုအပ်သည့် အခြေခံမူများမှာ-

(က) အတွင်းလူနာဦးရေ (Total number of admission) သည် လွန်ခဲ့သည့်(၅)နှစ်မှ ယခုနှစ်အထိ တစ်နှစ်ထက်တစ်နှစ် များပြားလာခြင်း။

(ခ) ဆေးရုံလုပ်ငန်းအညွှန်းကိန်းများ (Hospital Performance Indices) သည် လွန်ခဲ့သော(၅)နှစ် မှ ယခုအထိတက်နေခြင်း။

(၁)ဦးအား ခန့်ထားပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားနှင့် ကာယပညာဦးစီးဌာန နေပြည်တော်သို့ ၂-၆-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၁၀၀၃/ ဝန်ထမ်း/ ရပန(၅၃၆)ဖြင့် တင်ပြတောင်းခံ ထားပြီးဖြစ်ပါတယ်။ ခန့်ထားခွင့်ပြုမိန့် ရရှိပါက မြို့နယ်အားကစားကွင်း ပြုပြင်ထိန်းသိမ်း ရန်အတွက် ဘဏ္ဍာရေးနှစ်အလိုက် အသုံးစရိတ်များအား ဆက်လက် ထည့်သွင်း လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပါ ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက ပထမမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး(တတိယ)နေ့သို့ တက်ရောက်လာကြသော လွှတ်တော် ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား ကိုယ်စားလှယ်များအားလုံး အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်မကတော့ သိန္နီ မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်ရှင်။ ကျွန်မမေးမြန်းမည့် မေးခွန်းကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန္နီမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ခုတင်(၅၀) အဆင့်သို့ တိုးမြှင့်ပေးနိုင်ပါရန် မေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။

ရည်ညွှန်းချက်။ (၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏

D/real(wide) (1

(ဂ) တစ်နေ့ပျမ်းမျအတွင်းလူနာဦးရေ (Average number of inpatient per day) သည်မြို့တင်လိုသောခုတင်ဦးရေ အရေ အတွက်ထက်မနည်းခြင်း၊ ဥပမာ-(၂၅)ခုတင်မှ (၅၀)ခုတင်သို့ တိုးမြှင့်လိုလျှင် (Average number of inpatient per day) သည် အနည်းဆုံး (၅၀)ဖြစ်ရမည်။

(ဃ) ဆေးရုံခုတင်၏ အသုံးချရာခိုင်နှုန်းသည် ၂၀၀% အထက်ဖြစ်ရမည်။

(င) ပျမ်းမျဆေးရုံတက်ရက် (Average duration of stay) မှာ (၁၀)ရက်ထက်မပိုခြင်း။

(စ) ခုတင်အဆင့်တိုးမြှင့်မည့် ဆေးရုံတွင် နောင်အဆောက်အဦ တိုးချဲ့နိုင်ရန် မြေဧရိယာ အကျယ်အဝန်းအလုံအလောက်ရှိရမည်ဆိုသည့် အခြေခံမူများ သတ်မှတ်ထားပါတယ်။ ဥပမာ (၂၅)ခုတင်မှ ခုတင်(၅၀)သို့တိုးမြှင့်လိုလျှင်အနည်းဆုံးမြေဧရိယာ(၇)ဧကရှိရမည်ဟု စံသတ်မှတ်ထားပါတယ်။

သိန္နီပြည်သူ့ဆေးရုံတွင် လားရှိုးမြို့နှင့် (၃၂)မိုင်သာ ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော မြို့ဖြစ်ခြင်း၊ နေ့စဉ်ပျမ်းမျအတွင်း လူနာ(၁၀)ဦးမှ (၁၈)ဦးခန့်နှင့် လက်ရှိအသုံးပြုမှု (၇၄. ၄%)သာရှိပြီး (၅)နှစ်တာ စာရင်းတွင် တိုးတက်မှုမရှိခြင်းတို့ကြောင့် ဆေးရုံခုတင်အဆင့်မြှင့်တင်ခြင်း စီမံကိန်းတွင်ပါဝင်ခြင်းမရှိသေးပါ။ သို့သော်ခုတင် (၅၀)ဆုံ ဆေးရုံအဖြစ် တိုးမြှင့်ဖွဲ့စည်းနိုင်ရေးအတွက် ဆေးရုံအဆင့်မြှင့်တင်ရေး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ကုသရေးဦးစီးဌာန နေပြည်တော်

ဒေါ်ရည်ရည်မွန်မှ သိန်း(၆၀)ပေးပါက ထောင်ဒဏ် (၃)လဖြင့် ကွင်းလုံးကျွတ်လွတ်ပေးမည်ဟု အမှုကိုင်တပ်ကြပ်ကြီး စောသက်နိုင်ထံ ပြောကြားပါသည်။ ဒေါ်နန်းလှမေက မတတ်နိုင်သဖြင့် လျှော့ပေးရန် အသနားခံပြောပြီး သိန်း(၂၀)ကို ဦးစွာပေးမည်ဟု ပြန်ပြောပါသည်။ ၂၀-၆-၂၀၁၆ရက်နေ့တွင် ဒေါ်နန်းလှမေမှ ငွေပြည့်မီခြင်းမရှိပါသဖြင့် သိန်း(၂၀)ဦးစွာပေးမည်ကို တရားသူကြီးကအမိန့်မချမှတ်ဘဲ နောက်ရုံးချိန်း(၁)ချိန်း ၂၇-၆-၂၀၁၆ရက်နေ့တွင် ထပ်မံချိန်းဆိုခဲ့ပါ တယ်။ ၂၆-၆-၂၀၁၆ရက်နေ့ညမှာ ငွေကျပ်သိန်း(၄၀)ကို တပ်ကြပ်ကြီး စောသက်နိုင်ထံပေးပြီး ၂၇-၆-၂၀၁၆ရက်နေ့တွင် ငွေရပြီးမှ ထောင်ဒဏ် (၆)လစီနှင့် ကားက without ဖြစ်သဖြင့် ကားအတွက် ထောင်ဒဏ် (၁)လ ပေါင်း(၇)လ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပါသည်။ ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၁၁(က)တွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မ(၃)ဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်ဟု အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ သိန္နီမြို့နယ်တရားသူကြီး ဒေါ်ရည်ရည်မွန်အားဤဖြစ်ရပ်နှင့် စပ်လျဉ်းပြီး မေးခွန်းမေးမြန်းလိုသည်မှာ အမှုသည်ထံမှ အခကြေးငွေ ယူခြင်းကို အရေးယူရန်အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိသည်ဆိုပါက မည်သည့်ကာလတွင် အရေးယူမည်နည်း။ အစီအစဉ်မရှိဆိုပါက အဘယ်ကြောင့်နည်းတို့ကိုသိရှိလိုသည့် အတွက်ကြောင့် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ထံ လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

D/real(wide) (1

ဥက္ကဋ္ဌ။ ရှမ်းပြည်နယ်လွှတ်တော် တရားသူကြီးချုပ်က ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးကြွယ်ကြွယ်၊ ပြည်နယ်တရားသူကြီးချုပ် လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက္ကလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါဝရပြုမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်က ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်ဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဒေါ်နန်းခင်ထားရီရဲ့ သိန္နီမြို့နယ်တရားသူကြီး ဒေါ်ရည်ရည်မွန်က အမှုသည်ထံမှ အခကြေးငွေယူခြင်းကို အရေးယူရန်အစီအစဉ်ရှိ/မရှိ။ အစီအစဉ်ရှိသည်ဆိုပါကမည်သည့် ကာလတွင်အရေးယူမည်နည်း။ အစီအစဉ်မရှိဆိုပါက အဘယ်ကြောင့်နည်းတို့ကိုသိရှိလိုပါသည်ဆိုသည့် မေးခွန်းနှင့် စပ်လျဉ်းပြီးပြန်လည်ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ သိန္နီမြို့နယ်တရားသူကြီး၏ အမည်မှာ ဒေါ်ရည်ရည်မွန် မဟုတ်ဘဲ ဒေါ်မွန်မွန်ရီ(ခ) ဒေါ်မွန်မွန်ရည် ဖြစ်ပါတယ်။ သိန္နီမြို့နယ်တရားသူကြီး ဒေါ်မွန်မွန်ရီ (ခ) ဒေါ်မွန်မွန်ရည်သည် ပြန်တမ်းဝင်အရာရှိတစ်ဦးဖြစ်သည့် ပြည်သူ့ဝန်ထမ်းဖြစ်၍ နိုင်ငံဝန်ထမ်းဥပဒေကို လိုက်နာရသူဖြစ်ပါတယ်။ ၎င်းနှင့်ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းမှာ အမှုသည်ထံမှ အခကြေးငွေရယူခြင်းကိစ္စကို ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များထံ တိုင်ကြားခဲ့ခြင်းမရှိဘဲ ရှမ်းပြည်နယ် သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်

သို့ ၂၀၁၆ခုနှစ်၊ ဇွန်လ ၁၀ရက်၊ ရက်စွဲပါစာအမှတ်၊ ရမ/ခွဲ-၄(၁)/ဆေးရုံအဆင့်မြှင့် (၂၀၁၆/၃၆၇)ဖြင့် ထောက်ခံတင်ပြထားရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဒေါ်နန်းခင်ထားရီက ဒုတိယမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ အားလုံးမင်္ဂလာပါ။ ကျွန်မ ဒုတိယမေးခွန်းကို ဆက်လက်ပြီးမေးမြန်းသွားမှာ ဖြစ်ပါတယ်။ သိန္နီမြို့နယ်တရားသူကြီးနှင့် စပ်လျဉ်းပြီး ကြယ်ပွင့်ပြ မေးခွန်းကိုမေးမြန်းမှာ ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ သိန္နီမြို့၊ မြို့နယ်တရားသူကြီး ဒေါ်ရည်ရည်မွန်အား သိန္နီမြို့ အမှတ်(၁)ရပ်ကွက်နေ ဒေါ်နန်းလှမေ၊ နိုင်ငံသားမှတ်ပုံတင်အမှတ်-၁၃/တနန(နိုင်) ၀၁၃၅၇၃၃ကိုင်ဆောင်သူသည် ၅-၇-၂၀၁၆ရက်နေ့တွင် တရားသူကြီး ဒေါ်ရည်ရည်မွန် အားအရေးယူပေးပါရန် ကျွန်မထံတိုင်ကြားလာပါတယ်ရှင်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးရှင်။ အမှုဖြစ်စဉ်အကျဉ်း မှာ ၅-၄-၂၀၁၆ရက်နေ့တွင် ဒေါ်နန်းလှမေ၏ တူတော်စပ်သော စိုင်းလှမင်းသိုက်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်-၁၃/သနန(နိုင်) ၀၃၆၈၉၇ ကိုင်ဆောင်သူနှင့် ယာဉ်နောက်လိုက်မောင်စိန်တို့သည် တမလန်းသစ် (၁)တန်ခန့်ကို တင်ဆောင်သည့် စူပါကာစတန်ဖြင့် သိန္နီမြို့ တိုးဂိတ်တွင် လားရှိုးခရိုင်သစ်တောဦးစီးဌာနနှင့် သိန္နီမြို့မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှပူးပေါင်းပြီး ဖမ်းဆီးခဲ့ပါသည်။

သိန္နီမြို့နယ် တရားရုံး၌ ၂-၅-၂၀၁၆ရက်နေ့တွင် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး ဥပဒေပုဒ်မ၆(၁)ဖြင့် တရားစွဲဆိုပြီး ၂၇-၆-၂၀၁၆ ရက်နေ့တွင် ထောင်ဒဏ် (၆)လစီကျခံ စေရန် အမိန့်ချမှတ်ခဲ့ပါသည်။ ၂၀-၆-၂၀၁၆ရက်နေ့ မတိုင်မီ တရားသူကြီး

D/real(wide) (1

လွှတ်တော်ကိုယ်စားလှယ်ဒေါ်နန်းခင်ထားရီထံ တိုင်ကြားခြင်းဖြစ်တဲ့အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းကိုဖြေကြားရန် မေးမြန်းလာတဲ့ ၉-၉-၂၀၁၆ ရက်နေ့ညနေ (၅)နာရီမှာ ဒီကိစ္စကို ကျွန်တော်သိရှိပါတယ်။

ဒါကြောင့် ကျွန်တော်တို့က (၅)နာရီမှာဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ်ထံ ညွှန်ချုပ်ထံ အမြန် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းပြီး လိုအပ်သလို အရေးယူဆောင်ရွက်ဖို့ တင်ပြခဲ့ပါတယ်။ စနေနေ့မှာပဲ သူတို့အစည်းအဝေးထိုင်ပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ နိုင်ငံဝန်ထမ်းဥပဒေအရ ဝန်ထမ်းဟာ ကျင့်ဝတ်ပျက်ပြားပြီး လာဘ်ပေးလာဘ်ယူပြုခြင်း၊ အခကြေးငွေလက်ခံရယူခြင်းများ ပြုလုပ်ပါက နိုင်ငံဝန်ထမ်းဥပဒေပုဒ်မ ၄၃နှင့် ၄၅တို့အရ ရှေးဦးစုံစမ်းမှုပြုလုပ်ခြင်း၊ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှု ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီးနောက် ဝန်ထမ်းဟာ အပြစ်ရှိကြောင်းတွေ့ပါက နိုင်ငံဝန်ထမ်း ဥပဒေပုဒ်မ ၅၃တွင်ပါရှိသည့် အောက်ဖော်ပြပါ ပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ပြစ်ဒဏ်တစ်ရပ်ထက် ပို၍ဖြစ်စေ ချမှတ်နိုင်ပါတယ်-

(က) စာဖြင့်သတိပေးခြင်း၊
(ခ) နှစ်တိုးလစာရပ်ဆိုင်းခြင်း၊
(ဂ) ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊
(ဃ) လစာနှုန်းအတွင်း လစာလျှော့ချခြင်း၊
(င) ရာထူးအဆင့် လျှော့ချခြင်း၊
(စ) ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ အမိန့်နှင့်ညွှန်ကြားချက်များကို မလိုက်နာမှုကြောင့်ဖြစ်စေ၊ ပေါ်ပေါက် သည့်ဆုံးရှုံးမှု တန်ဖိုးအပြည့်အဝ

တရားလွှတ်တော်ချုပ်ကလည်း ၁၂-၉-၂၀၁၆ ရက်နေ့တွင် သိန္နီမြို့နယ် တရားသူကြီး ဒေါ်မွန်မွန်ရီ(ခ) ဒေါ်မွန်မွန်ရည်အပေါ် ချက်ချင်း အရေးယူမှုပြုလုပ်မည် ဖြစ်ကြောင်း နှင့် ထိုနေ့တွင်ပင် ဒေါ်မွန်မွန်ရီ(ခ) ဒေါ်မွန်မွန်ရည်အား ရှမ်းပြည်နယ် တရားလွှတ်တော် မှာ တွဲဖက်ထားပြီး ဦးစီးနေရာကို ရာထူးနေရာပြပြီး လားရှိုးခရိုင် တရားရုံးမှာ တွဲဖက်ထားရှိမည် ဖြစ်ပါသည်။ ၄င်းအပြင် လားရှိုးခရိုင်တရားသူကြီးဒေါ်ခင်စန်းမြင့် ခေါင်းဆောင်သည့် အဖွဲ့ဝင်(၂)ဦး ပါဝင်တဲ့ စုံစမ်းစစ်ဆေးမှု ခုံရုံးဖွဲ့စည်းပြီး စစ်ဆေးအရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဒေါ်မွန်မွန်ရီ(ခ) ဒေါ်မွန်မွန်ရည်ကို ၁၄-၉-၂၀၁၆ ရက်နေ့မှာ သိန္နီမြို့နယ်တရားသူကြီးအဖြစ်မှ ရာထူးစွန့်လွှတ်ခိုင်းပြီး ပြန်လည်ပြောင်းရွှေ့ပြီး လားရှိုးမှာ ကျွန်တော်တို့ တွဲဖက်ထားရှိပြီး ဖြစ်ပါတယ်။ ၄င်းအပြင် ၁၅ရက်နေ့မှာ လားရှိုးခရိုင်တရားသူကြီး ခေါင်းဆောင်တဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိပါကြောင်း ပြည့်စုံစွာဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအားမဲက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအားမဲ၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်

D/real(wide) (1

အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲ ဖြစ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေးတွင် မိုင်းခတ်မြို့နယ်၊ ဝမ်ပင်းအုပ်စု၊ နမ့်ခမ်းကျေးရွာ ချင်းဆက် မြေသားလမ်း(၃)မိုင်အား ဖောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ ကိုမေးမြန်း သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခမ်းကျေးရွာသည် မိုင်းခတ်မြို့နယ် ဝမ်ပင်းအုပ်စုတွင်တည်ရှိပါတယ်။ အဆိုပါကျေးရွာသည် မိုင်းခတ်-မန်နေ မြေသားလမ်းနှင့် ချိတ်ဆက်ထားသောလမ်းလည်း ဖြစ်ပါတယ်။ နမ့်ခမ်းကျေးရွာသည် မိုင်းခတ်မြို့နှင့် (၁၅)မိုင်ခန့် ကွာဝေးလျက်ရှိပါသည်။ နမ့်ခမ်းကျေးရွာနေ ရွာသူရွာသား များသည် အဆိုပါလမ်း(၃)မိုင်အား (၅)ပေခန့် အကျယ် ကိုယ်ထူ ကိုယ်ထ ဖောက်လုပ်ထားပြီး ကျေးရွာ၏စီးပွားရေး၊ လူမှုရေး အခြား ကိစ္စအဝဝတို့ကို ခက်ခဲကြမ်းတမ်းစွာ ယနေ့အချိန်အထိ သူတို့ ဆောင်ရွက်လျက် ရှိပါတယ်။ ထို့ကြောင့် ကျေးရွာနေ ပြည်သူလူထု များ၏ လူမှုရေး၊ စီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အဆိုပါ မြေသားလမ်း (၃)မိုင်အား အဆင့်မြှင့်တင် ဆောင်ရွက် ပေးနိုင်မှု အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ပြည်သူလူထုများ၏ ကိုယ်စား ဥက္ကဋ္ဌကြီးထံမှတစ်ဆင့်ရှိသေလေးစားစွာဖြင့်မေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံးမင်္ဂလာပါခင်ဗျား။ မိုင်းခတ် မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ဦးအားမဲ မေးမြန်းတဲ့ မိုင်းခတ်မြို့နယ်၊ ဝမ်ပင်းအုပ်စု၊ နမ့်ခမ်းကျေးရွာချင်းဆက် မြေသားလမ်း(၃)မိုင်

သို့မဟုတ် တစ်စိတ် တစ်ဒေသကို ပေးလျော်စေခြင်း။

(ဆ) တာဝန်မှယာယီ ရပ်ဆိုင်းခဲ့သည့် ကာလအတွက် လစာအပြည့် ခံစားခွင့်မပြုခြင်း သို့မဟုတ် ထိုကာလကိုတာဝန်ချိန်အဖြစ်မသတ်မှတ်ခြင်း၊

(ဇ) ရာထူးမှ ထုတ်ပယ်ခြင်း၊

(ဈ) ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်း။ စသည့်ပြစ်ဒဏ်များပေးနိုင်ပါသည်။

သိန္နီမြို့နယ်တရားသူကြီး ဒေါ်မွန်မွန်ရီ(ခ) ဒေါ်မွန်မွန်ရည်သည် ပြန်တမ်းဝင်အရာရှိတစ်ဦးဖြစ်သည့်အတွက် ဝန်ထမ်းအကြီးအကဲ ဖြစ်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ညွှန်ချုပ်ထံသို့တင်ပြ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အတည်ပြုချက်ရယူပြီး နိုင်ငံဝန်ထမ်းဥပဒေနှင့်အညီ စုံစမ်းမှုပြုလုပ်ရမည်ဖြစ်ပါတယ်။

စုံစမ်းစစ်ဆေးမှုမှာ စွပ်စွဲသည့်အတိုင်း မှန်ကန်ပါက ဒေါ်မွန်မွန်ရီ(ခ) ဒေါ်မွန်မွန်ရည်အပေါ် နိုင်ငံဝန်ထမ်းဥပဒေပုဒ်မ ၅၃ပါ ပြစ်ဒဏ်များ ချမှတ်နိုင်မှာဖြစ်ပါတယ်။ စွပ်စွဲထားသည့် အတိုင်း မမှန်ပါက ဝန်ထမ်းဆိုင်ရာပြစ်ဒဏ် သတ်မှတ်နိုင်မည် မဟုတ်ပါ။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏မေးမြန်းချက်နှင့် ပတ်သက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ ၉-၉-၂၀၁၆ ရက်စွဲပါစာအမှတ်-၄၅၄၅/၁၃-၁/၂၀၁၆ဖြင့် ပေးပို့တင်ပြထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဒီဖြေကြားချိန်ထိ ကျွန်တော်တို့က တင်ပြရမယ်ဆိုလျှင် သိန္နီမြို့နယ် တရားသူကြီး ဒေါ်မွန်မွန်ရီ(ခ) ဒေါ်မွန်မွန်ရည်အပေါ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ ကြွယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ပြည်ထောင်စုတရားလွှတ်တော် ချုပ်သို့ ဆက်လက်တင်ပြထားပါကြောင်း ဖြေကြားအပ်ပါတယ်။

D/real(wide) (1

အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ၊ ရှိပါက မည်သည့် ဘဏ္ဍာနှစ်တွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းနှင့်ပတ်သက်၍ ဝမ်ရှို-နမ့်ခမ်းကျေးရွာချင်းဆက်လမ်းဟာ လက်ရှိအခြေအနေမှာအရှည်(၃)မိုင်၊ အကျယ်(၆)ပေသာရှိတဲ့ မြေသားလမ်းဖြစ်ပြီးတော့ သတ်မှတ်အကျယ်ပြည့်မီတဲ့ မြေသားလမ်း ဖောက်လုပ်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် (၆၄၊ ၅)သန်း Box Culvert (၆)စင်း တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျ စရိတ်ငွေကျပ် (၁၅၊ ၀)သန်း၊ စုစုပေါင်းခန့်မှန်းကုန်ကျစရိတ်ငွေကျပ် (၇၉၊ ၅)သန်း ခန့်ကုန်မည်ဖြစ်ပြီး ကျေးရွာ(၂)ရွာ၊ အိမ်ခြေ (၇၃)အိမ်နဲ့ လူဦးရေ (၃၇၁)ဦးအား အကျိုးပြုနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့လည်း ဒေသဆိုင်ရာလမ်း၊ တံတားများဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)ရဲ့ လမ်းညွှန်မှုအရ ကျေးလက်လမ်း၊ တံတားများအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး အတွက် ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ခု ဘဏ္ဍာရေးနှစ်အထိ (၁၅)နှစ်အား (၅)နှစ် စီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းများလျာထားရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြတဲ့ ဝမ်ပင်းအုပ်စုအတွင်းရှိ ဝမ်ရှို - နမ့်ခမ်းကျေးရွာချင်းဆက်လမ်း(၃)မိုင် မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းကို စီမံကိန်းတွင် ထည့်သွင်း လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့်ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

အသုံးပြုနိုင်မည့် ချောင်းကူးတံတားတစ်စင်း တည်ဆောက်ပေးပါရန် အောက်ပါ မေးခွန်းကို ဒေသခံပြည်သူများ ကိုယ်စားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ မောက်မယ်မြို့နယ်၊ ပန်းတန်ကျေးရွာအုပ်စု၊ ထီပျဉ်ကျေးရွာနှင့် ဆီဆိုင်မြို့နယ်၊ နားခိုက်ကျေးရွာအုပ်စု၊ လွယ်ဆောင်ကျေးရွာကြားရှိ ပေ(၁၅၀) ရေပြင်ကျယ်တူးဖက်ဒို ကူးတို့ဆိပ်နေရာအား ချောင်းကူးတံတားတစ်စင်း ဆောက်လုပ်ပေးနိုင်မည့် အစီအစဉ်များကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံးမင်္ဂလာပါခင်ဗျား။ မောက်မယ်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဟန်သိန်းဦးမှ မေးမြန်းလာတဲ့ မောက်မယ်မြို့နယ်၊ ပန်းတန်ကျေးရွာအုပ်စု၊ ထီပျဉ်ကျေးရွာနှင့် ဆီဆိုင်မြို့နယ်၊ ဘန်းဖြိုးကျေးရွာအုပ်စု၊ လွယ်ဆောင်ကျေးရွာကြားရှိ ပေ(၁၅၀) ရေပြင်ကျယ် တူးဖက်ဒို ကူးတို့ဆိပ်နေရာအား ချောင်းကူး တံတားတစ်စင်း တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိလိုသည့်မေးခွန်းနှင့်ပတ်သက်၍ မောက်မယ်မြို့နယ်၊ ပန်းတန်ကျေးရွာအုပ်စု၊ ထီပြင်ကျေးရွာနှင့် ဆီဆိုင်မြို့နယ်၊ ဘန်းဖြိုးကျေးရွာအုပ်စု၊ လွယ်ဆောင်ကျေးရွာကြားရှိ တူးဖက်ဒို ကူးတို့ဆိပ် (ပွန်ချောင်း)ဟာ ချောင်းအကျယ် (၁၅၀) ပေရှိပြီးတော့ ရေလျှံတဲ့ကာလတွေမှာ ချောင်းအဝအကျယ် (၁၆၅)ပေအထိ ရေလွှမ်းမိုးမှုရှိပါတယ်။ အဆိုပါ ချောင်း၏ လက်ရှိအခြေအနေမှာ ရေအနက်(၁၀)ပေခန့်ရှိပြီး ကျေးရွာမှကိုယ်အားကိုယ်ကိုး

D/real(wide) (1

ဆောင်ရွက်ထားတဲ့ ၁၆၇'×၆'_14' ရှိတဲ့ သစ်သား တံတားဖြင့် ဖြတ်သန်းအသုံးပြုလျက်ရှိပါတယ်။ အဆိုပါ တံတားအား ရာသီမရွေးသွားလာနိုင်အောင် ချောင်းကူးတံတား(၁)စင်းအသစ် တည်ဆောက်မယ်ဆိုရင် ၁၆၇'×၁၄'_114' တည်ဆောက်မည် ဆိုပါက ခန့်မှန်းကုန်ကျစရိတ် ငွေမှာ (၁၆၇)သန်းခန့်ကုန်ကျမှာ ဖြစ်ပါတယ်။ ကျေးရွာ(၃)ရွာ၊ အိမ်ခြေ(၄၉၃)အိမ်နဲ့လူဦးရေ (၂၇၅၇)ဦးအား အကျိုးပြုနိုင်မှာဖြစ်ပါတယ်။ ဒေသဆိုင်ရာ လမ်း၊ တံတားများဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)ရဲ့ လမ်းညွှန်မှုအရ ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးလက်လမ်း၊ တံတားများအဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန် အတွက် ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ခု ဘဏ္ဍာရေးနှစ်အထိ (၁၅) နှစ်အား (၅)နှစ် စီမံကိန်းများ ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် အတွက် စီမံကိန်းများ လျာထားရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ လွတ်တော် ကိုယ်စားလှယ်မှ အဆိုပြုတင်ပြထားတဲ့ တံတားအားပြန်လည် တည်ဆောက်နိုင်ရန်အတွက် စီမံကိန်းတွင် ထည့်သွင်း လျာထား တင်ပြပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေး သွားမည် ဖြစ်ပါကြောင်း လွတ်တော်ဥက္ကဋ္ဌကြီးကနေ တစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လွိုင်လင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှဒေါ်နန်းမြထွေးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မောက်မယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်ဟန်သိန်းဦးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်ပြည်နယ်အစိုးရအဖွဲ့ဝင်များ အားလုံးကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါဝရပြု အပ်ပါတယ်။ ကျွန်တော်ကတော့ မောက်မယ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခွန်ဟန်သိန်းဦး ဖြစ်ပါတယ်။ ဒေသခံလုပ်သားပြည်သူများအတွက် ဆက်သွယ်သွားလာရေးနှင့် ကုန်စည်စီးဆင်းရေး အခက်အခဲများ ဖြေရှင်းပေးနိုင်စေရန် ရည်ရွယ်ချက်ဖြင့် (ပွန်ချောင်း) ချောင်းကူးတံတား ဆောက်လုပ်ပေးပါရန် မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းခွင့်တောင်းခံအပ်ပါတယ်။ လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မောက်မယ်မြို့နယ်နှင့်ဆီဆိုင် မြို့နယ်ကို နယ်နိမိတ်အဖြစ် ဖြတ်သန်းစီးဆင်းလျက်ရှိသော (ပွန်ချောင်း) သည် ရေစီးအားကောင်းမွန်သဖြင့် ချောင်းကူးတံတား မရှိသော နေရာများ၌ သစ်၊ဝါး ဖောင်များဖြင့် ဖြတ်သန်း ကူးသန်း သွားလာကြရပါတယ်။ ဆီဆိုင်မြို့နယ်၊ နားခိုက်ကျေးရွာအုပ်စု၊ လွယ်ဆောင်ရွာနှင့် မောက်မယ်မြို့နယ်၊ပန်းတန်ကျေးရွာအုပ်စု၊ ထီပျဉ်ရွာအကြားရှိ တူဖက်ဒိုချောင်းကူးနေရာသည် ပေ(၁၅၀)ခန့် ကျယ်ပြန့်ပြီး ဝါးဖောင်ဖြင့် ကူးသန်းသွားလာရာတွင် ဆိုင်ကယ်(၁)စီး အသွား(၃၀၀၀) အပြန်(၃၀၀၀)၊ လူ၁ဦးလျှင် အသွား(၁၀၀၀) အပြန် (၁၀၀၀) ဖြင့်သွားလာကြရပါတယ်။ သာမန်စျေးသည်များအတွက် စျေးတွက်မကိုက်နိုင်ပါ။ သို့ဖြစ်ပါ၍ ရာသီမရွေးဖြတ်သန်းသွားလာ

D/real(wide) (1

ဒေါ်နန်းမြထွေး၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး(တတိယ)နေ့မှာ တက်ရောက်လာကြတဲ့ လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ သက်ဆိုင်ရာဝန်ကြီးများ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ အားလုံး မဂ်လာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မက တော့် လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းမြထွေးပဲဖြစ်ပါတယ်ရှင်။ ကျွန်မ မေးမြန်းလိုသည့် အကြောင်းအရာကတော့ လွိုင်လင်မြို့နယ်၊ ပင်လုံတိုက်နယ်ဆေးရုံတွင် တာဝန်ကျနေတဲ့ ဆရာဝန်၊ဆရာမများအတွက် ဝန်ထမ်းအိမ်ရာဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ကြယ်ပွင့်ပြမေးခွန်းပဲဖြစ်ပါတယ်ရှင်။

လေးစားအပ်တဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ သက်ဆိုင်ရာဝန်ကြီးများ အားလုံး ရှင်။ လွိုင်လင် မြို့နယ်၊ ပင်လုံမြို့ပြည်သူဆေးရုံရှိ ဝန်ထမ်း အိမ်ရာများဟာ လွန်စွာဟောင်းနွမ်းလျက်ရှိပြီး သက်တမ်းအားဖြင့် အလွန်ကြာမြင့်နေပြီဖြစ်ပါတယ်ရှင်။ ဝန်ထမ်းများနေထိုင်ရန်လည်း အဆင်ပြေမှုမရှိတော့ကြောင်းတွေ့ရှိရပါတယ်ရှင်။ ပြည်သူလူထုရဲ့ကျန်းမာရေးဝန်ဆောင်မှုကိစ္စများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် အောက်ပါ အဆောက်အဦးများဖြစ်တဲ့-

(က) တာဝန်ခံဆရာဝန်နေအိမ် (၁)လုံး
(ခ) လက်ထောက်ဆရာဝန်(၂)ခန်းတွဲ (၂)လုံး နေအိမ်
(ဂ) (၄)ခန်းတွဲသူနာပြုနေအိမ် (၂)လုံး
(ဃ) (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၂)လုံး

၁၉၆၈ခုနှစ်တွင် ၁၆ခုတင်ဆံ့ဆေးရုံအဖြစ်တိုးမြှင့် ခဲ့ပြီး ဝန်ထမ်းအင်အား (၆)ဦးသာတာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၂၀၁၂ခုနှစ် ဩဂုတ်လ ၇ရက်နေ့တွင် (၂၅)ခုတင်ဆံ့မြို့နယ် ဆေးရုံအဖြစ်တိုးမြှင့်ခဲ့ပါတယ်။ ခွင့်ပြုဝန်ထမ်းအင်အား (၄၂)ဦးဖြစ်ပေမဲ့လို့ လက်ရှိတွင် ဝန်ထမ်းစုစုပေါင်း (၁၄)ဦးသာရှိပါတယ်။ ဖွင့်လှစ်စဉ် ၁၉၆၁ ခုနှစ်ကတည်းက ပြည်သူလူထုထည့်ဝင်ငွေဖြင့် တည်ဆောက်ခဲ့တဲ့ ဝန်ထမ်းအိမ်ရာ(၃)လုံးရှိခဲ့ပြီး ဆရာဝန်နေအိမ် (၁)လုံး၊ သူနာပြုနေအိမ် (၁)လုံးနှင့် ဆေးစပ်နေအိမ်(၁)လုံးတို့ဖြစ်ပါတယ်။

လက်ရှိတိုးမြှင့်ဖွဲ့စည်း ထားတဲ့ (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံဝန်ထမ်းအင်အားမှာတိုးတက် များပြားလာမှုကြောင့် ဝန်ထမ်းအိမ်ရာများ လုံလောက်မှုမရှိတော့ပါ။ သို့ပါ၍ ပင်လုံမြို့တိုက်နယ်ဆေးရုံရဲ့ ၂၂-၁၀-၂၀၁၅ရက်နေ့ ရက်စွဲပါ စာအမှတ်၊ ၁၃၉/ထွေ/၂၀၁၅ဖြင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပေးနိုင်ရေးတင်ပြတောင်းခံခဲ့ရာ ရှမ်းပြည်နယ်ကုသရေးဦးစီးဌာန၏ ၂၉-၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၂၆၃/အဆအဥ/ကုသ/၂၀၁၆ဖြင့် ကုသရေးဦးစီးဌာန(နေပြည်တော်)သို့ တင်ပြတောင်းခံခဲ့ပါတယ်။

ယခု အခါ ကုသရေးဦးစီးဌာနရဲ့ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ဆောက်လုပ်ရေးလျာထားစီမံကိန်းစာရင်းတွင် ပင်လုံတိုက်နယ်ဆေးရုံအတွက် တာဝန်ခံဆရာဝန် နေအိမ်(၁)လုံး၊ လက်ထောက် ဆရာဝန် (၂)ခန်းတွဲနေအိမ်(၁)လုံး၊ (၄)ခန်းတွဲ သူနာပြုနေအိမ်(၁)လုံးနှင့် (၄)ခန်းတွဲဝန်ထမ်းနေအိမ်(၁)လုံး တည်ဆောက်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

D/real(wide) (1

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလုံက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်များ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလုံ ဖြစ်ပါတယ်။ ကျွန်တော်မေးမည့်မေးခွန်းကတော့ ပညာရေးကဏ္ဍ၌ ဆရာ၊ဆရာမများ လုံးဝ ခန့်ထားခြင်း မရှိသေးသော မိုင်းကိုင်မြို့ရှိ ကျောင်းများတွင် နောက်ထပ် ဖြည့်ဆည်းခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ မိုင်းကိုင်မြို့နယ်တွင် အထူးလိုအပ်နေသော ကဏ္ဍများထဲတွင် ပညာရေးကဏ္ဍလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ခု ပညာသင်နှစ်တွင် မိုင်းကိုင်စာဖြေဌာနမှ တက္ကသိုလ်ဝင်တန်းဖြေဆိုသူ (၉၇)ဦးမှာ (၃)ဦး သာအောင်မြင်ခဲ့ပါတယ်။ မြို့နယ်အောင်ချက် ရာခိုင်နှုန်း(၃. ၀၉%) သာဖြစ်ပါတယ်။ ကျောင်းတွင်းဖြေ (၇၀)ဦးအနက် အောင်မြင်သူ (၂)ဦးသာရှိ၍ ရာခိုင်နှုန်း(၂. ၈၅%) သာရှိပါတယ်။ ဤကဲ့သို့ ဖြစ်ရသည့်အကြောင်းအရင်းထဲတွင် ဆရာ၊ ဆရာမများအနေဖြင့် မူလတန်းမှစ၍ အထက်တန်းအထိ တောက်လျှောက်လုံလောက်မှု မရှိသောကြောင့် သင်ကြားရေးတွင် အားနည်းချက်များစွာရှိခဲ့ရပါတယ်။ ကိုယ့်အားကိုယ်ကိုးကျောင်းမှ အစိုးရကျောင်း(မ-ခွဲ) အဖြစ် အဆင့်တိုးပြီးသော ကျောင်းများထဲတွင် ဆရာ၊ဆရာမများ လုံးဝ မခန့်ထားရသေးသော ကျောင်းလည်းများစွာ ကျန်ရှိနေပါသေးသည်။ အထူးသဖြင့် သွားလာရန် အလွန်ခက်ခဲသော၊

D/real(wide) (1

(c) တိုက်နယ်ကျန်းမာရေးဌာနနှင့် (၂)လုံး ဝန်ထမ်းအိမ်ရာ

ပဲဖြစ်ပါတယ်ရှင်။ ၄င်းအဆောက်အဦးများကို ပင်လုံတိုက်နယ် ဆေးရုံတာဝန်ကျဆရာဝန်များ အဆက်ဆက်မှ လိုအပ်တဲ့ ဝန်ထမ်း အိမ်ရာများကို ၂၀၁၂-၂၀၁၆ခုနှစ်ထိ အကြိမ်ကြိမ်တင်ပြ တောင်းဆိုခဲ့သော်လည်း ယနေ့အထိ မည်သည့် ခွင့်ပြုမိန့်မှမကျလာသေးပါ။ ထို့ကြောင့် ၄င်းအရေးကြီးလိုအပ်နေတဲ့ အဆောက်အဦများကို ရှမ်းပြည်နယ်အစိုးရမှ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ။ ရှိပါက မည်သည့်အချိန်တွင် စတင်မည်ကိုသိရှိလိုပါကြောင်း ရိုသေစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း ၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမြထွေးရဲ့လွိုင်လင်မြို့နယ်၊ ပင်လုံတိုက်နယ် ဆေးရုံတာဝန်ကျဆရာဝန် အဆက်ဆက်မှ လိုအပ်တဲ့ ဝန်ထမ်း အိမ်ရာများကို ၂၀၁၂ခုနှစ်မှ၂၀၁၆ခုနှစ်ထိ အကြိမ်ကြိမ်တင်ပြ တောင်းဆိုခဲ့သော်လည်း ယနေ့အထိ မည်သည့် ခွင့်ပြုမိန့်မှ မကျလာပါ။ ထို့ကြောင့် ၄င်းအရေးတကြီးလိုအပ်နေတဲ့ အဆောက်အဦများကို ရှမ်းပြည်နယ်အစိုးရမှ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ။ ရှိပါကမည်သည့်အချိန်တွင် စတင်မည်ကိုသိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ လွိုင်လင်မြို့နယ်၊ ပင်လုံတိုက်နယ် ဆေးရုံအား ၁၉၆၁ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါတယ်။

ဦးအန်းဂျေလို၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအန်းဂျေလို ဖြစ်ပါတယ်။ ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာအုပ်စု၊ တောင်သူများမှယာမြေ(၂၀၀) ဧကခန့်ကို ပြန်လည်ရရှိရန်အတွက် တောင်းဆိုသည့် ယင်းကိစ္စနှင့် ပတ်သက်၍ ကျွန်တော်မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ် ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာ အုပ်စုအတွင်း ၁၉၉၂ခုနှစ်တွင် ခ. မ. ရ(၄၂၂)တပ်တည်ဆောက်ရန် နှင့် နယ်မြေလုံခြုံရေးအရဟုဆိုကာ ယာမြေဧက(၁၅၀၀)အနက် ဧက(၂၀၀)ဝန်းကျင်က လက်ငုတ်တောင်သူများထံ တရားဝင် ပြန်လည် စွန့်လွှတ်ခြင်းမရှိဘဲ ၂၀၀၃-၂၀၀၄ခုနှစ်တွင် မိုးပြဲကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးမှ လက်ငုတ်တောင်သူများနှင့် သဘောတူညီ မှု၊ ညှိနှိုင်းဆောင်ရွက်မှုမရှိဘဲ အာဏာကို အသုံးပြုပြီး တပ်နှင့် နားလည်မှုရယူကာ ၄င်းယာမြေကို အကွက်ဖော်၍ ဒေသခံပြည်သူစစ် အဖွဲ့အစည်းများနှင့် အချို့သောဌာနဆိုင်ရာများအား လွှဲပြောင်းပေးခဲ့ပြီးထပ်မံသိမ်းဆည်းခဲ့ပါတယ်။ လက်ငုတ်တောင်သူများက ယာမြေကို တရား ဝင်ပြန်လည်ရရှိရန်အတွက် သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ ပြည်နယ်ထံသို့ အကြိမ်ကြိမ်စာတင်ခဲ့ပြီး ၂၀၁၄ခုနှစ် အတွင်းတွင် ငြိမ်းချမ်းစွာစီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ခြင်း(၂)ကြိမ်ပြုလုပ်ခဲ့သော်လည်း သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များမှ တစ်စုံတစ်ရာ ဆောင်ရွက်ပေးခြင်းမရှိပေ။ သို့ဖြစ်ပါ၍ လက်ငုတ် တောင်သူ(၅၃) ဦးက တောင်းဆိုခဲ့သော ယာမြေ ဧက(၂၀၀)ခန့်နှင့်စပ်လျဉ်းပြီး

အရောက်အပေါက်နည်းသော တအာင်းပလောင်ဒေသများတွင် အများဆုံးဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ခုနှစ် ပညာသင်ခုနှစ်တွင် ပညာသင်ရေး ကာလ၌ ဆရာ၊ ဆရာမများမလုံလောက်သည့် ပြဿနာသည် တစ်နိုင်ငံလုံးနီးနီး ကြုံတွေ့နေကြောင်းသိရပါသဖြင့် ၄င်းပြဿနာကို ဖြေရှင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် မိုင်းကိုင်မြို့နယ်အတွင်း ဆရာ၊ ဆရာမများ လုံးဝခန့်ထားပေးခြင်းမရှိသေးသော မူလတန်းကျောင်း (၃)မျှားအား ဆရာ၊ ဆရာမများ ခန့်ထားပေးရန် တောင်းဆိုခြင်းနှင့်တကွ ခန့်ထားပေးရန်အစီအစဉ်ရှိ/မရှိ သိလိုသဖြင့်ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလုံရဲ့ ပညာရေးကဏ္ဍ၌ ဆရာ၊ ဆရာမများလုံးဝ ခန့်ထားခြင်း မရှိသေးတဲ့ မိုင်းကိုင်မြို့ရှိ ကျောင်းများတွင် နောက်ထပ် ဖြည့်ဆည်း ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် (တောင်ပိုင်း) ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း အထက(၁) ကျောင်း၊ အထကခွဲ (၁၃)ကျောင်း၊ အလက(၂)ကျောင်း၊ အလကခွဲ (၃၉)ကျောင်း၊ မူလွန်(၅၆)ကျောင်း၊ အမက (၃၂)ကျောင်းနှင့် အမကခွဲ (၆၇)ကျောင်း၊ စုစုပေါင်းကျောင်း (၂၁၀)အဆင့်တိုးမြှင့်ခွင့်ရရှိခဲ့ ပါတယ်။ သို့သော်လည်း အဆင့်တိုး ကျောင်းများ၌ ရာထူး

D/real(wide) (1

သက်ဆိုင်ရာတာဝန်ရှိ အစိုးရအဖွဲ့မှ လာရောက် ကွင်းဆင်း စိစစ်ဖြေရှင်းပေးသည့် အစီအစဉ် ရှိ/မရှိကို သိရှိလို၍ တောင်သူ (၅၃)ဦးကိုယ်စားအနေဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့်လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် အမှတ် (၂) ဦးအန်းဂျေလိုမှ မေးမြန်းလာတဲ့ ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာအုပ်စု မူလတောင်သူ (၅၃)ဦးအား ယာမြေပြန်လည်ရရှိရန် အတွက် တောင်းဆိုတဲ့ယာမြေ၈က(၂၀၀)ခန့်ကို သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ လာရောက်ကွင်းဆင်းစိစစ်သည့် အစီအစဉ် ရှိ/မရှိ သိလိုသည့်မေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအန်းဂျေလို မေးမြန်းသည့် မြေနေရာသည် ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာအုပ်စု၊ ယာမြေကွင်းအမှတ်(၈၀)၊ ဦးပိုင်ပေါင်း(၈၀)ခု၊ ဧရိယာ (၆၀. ၉)ဧကနှင့် ယာမြေကွင်းပြင်၊ ဦးပိုင်ပေါင်း(၄၃)ခု၊ ဧရိယာ (၈၁. ၄၄)ဧက၊ သစ်တောကြိုးပြင်ကာကွယ်တောတွင် ဧရိယာ(၅၀)ဧက၊ စုစုပေါင်း ဦးပိုင်ပေါင်း(၁၂၃)ခုနှင့် ဧရိယာ (၁၉၂. ၃၄)ဧက ဖြစ်ပါတယ်။ တင်ပြပါမြေနေရာအား တောင်သူ အသီးသီးနှင့် ငြိမ်းချမ်းရေးအဖွဲ့၊ ကယန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (KNG)၊ ပြည်ခိုင်ဖြိုးပါတီတို့မှ ယာမြေ

ခွဲဝေချက် မရရှိသေးပါသဖြင့် ဆရာ၊ ဆရာမများ ခန့်ထားပေးနိုင်ခြင်း မရှိသေးပါ။

မိုင်းကိုင်မြို့နယ်တွင် အထက(၁)ကျောင်း၊ အထက၌(၂) ကျောင်း၊ အလက၌(၇)ကျောင်း၊ မူလွန်(၇)ကျောင်း၊ အမက (၃၅)ကျောင်း၊ အမက၌ (၄၉)ကျောင်း၊ စုစုပေါင်း ကျောင်း (၁၀၁)ကျောင်း ရှိပါတယ်။ အထက်တန်း ကျောင်းသား (၁၈၁)ဦး၊ အလယ်တန်း ကျောင်းသား (၁၅၀၇)ဦး၊ မူလတန်းကျောင်းသား (၆၉၅၅)ဦးရှိပြီး စုစုပေါင်းအထက်တန်း၊အလယ်တန်း၊ မူလတန်းကျောင်းသား၊ ကျောင်းသူ(၈၆၄၃)ဦး ရှိပါတယ်။ အထက်တန်းပြဆရာ (၁၈)ဦး၊ အလယ်တန်းပြဆရာ (၉၈)ဦး၊ မူလတန်းပြဆရာ(၁၈၉)ဦးရှိ သဖြင့် မိုင်းကိုင်မြို့နယ်ရဲ့ဆရာ၊ ကျောင်းသား အချိုးမှာ အထက်တန်း အဆင့်တွင် (၁း၁၀)၊ အလယ်တန်းအဆင့်တွင်(၁း၁၅)၊ မူလတန်း အဆင့်တွင်(၁း၃၆) ရှိပါတယ်။ ယခုနှစ်တွင် အမက၌ ဖွင့်လှစ်ခွင့် ရရှိတဲ့ကျောင်း (၂၀) ကျောင်းရှိပြီး ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၇၁၁)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ အသစ် ဖွင့်လှစ်ခွင့်ရရှိသည့် အမက၌ ကျောင်းများတွင် ကော်မတီခန့် (၁)ဦးစီသင်လျက်ရှိကြောင်းနှင့် သင်ကြားရေးအဆင်ပြေစေရန် ပညာရေးဌာနမှ တစ်ကျောင်း(၁)ဦးနှုန်း တွဲဖက်တာဝန်ချထား နိုင်ရေးအတွက် မိုင်းကိုင်မြို့နယ်ပညာရေးမှူးထံသို့ ပြည်နယ် ပညာရေးမှူးရုံး၏ ၉-၉-၂၀၁၆ရက်စွဲပါ စာအမှတ်၊ ဌာန၌(၁)/၂၇၅၀(က)/အခ-မြဲ (ညွှန်) ၂၀၁၆ဖြင့် အကြောင်းကြား ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်းနှင့် ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမများခန့်ထားခွင့်ပြုလာပါက ဆက်လက်ခန့်ထားပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအန်းဂျေလိုက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

D/real(wide) (1

(၁၄၂)ကေဒ္ဒ် တောင်သူ(၅၀)ဦး၊ သစ်တောမြေအတွင်းရှိ ဧက(၅၀)၌ တောင်သူ (၃၀)ဦးခန့်မှ စိုက်ပျိုး လုပ်ကိုင်လျက်ရှိပါတယ်။

အဆိုပါ မြေနေရာကို ဖယ်ခုံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်လယ်ယာမြေစီမံ ခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် မိုးပြဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး တို့ပါဝင်တဲ့အဖွဲ့သည် ၂၈-၅-၂၀၁၅ရက်နေ့တွင် မြေတိုင်းတာရန် ကွင်းဆင်းဆောင်ရွက်ခဲ့စဉ် လက်ရှိလုပ်ကိုင်နေတဲ့ တောင်သူများမှ ကွင်းဆင်းတိုင်းတာမှုအား လက်မခံခြင်း၊ တောင်သူများမှ လက်ရှိလက်ငုတ်(၁၀)နှစ်ခန့် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးလုပ်ကိုင်နေသဖြင့် တည်ငြိမ်နေသော လုပ်ကွက်ဖြစ်ခြင်း၊ မြေပြင်တွင် ယခင်ကလုပ်ကိုင်ခဲ့သူများနှင့် ပြဿနာများဖြစ်ပွားနေ၍ ဥပဒေကြောင်းအရ ဖြေရှင်းဆောင်ရွက်ရမည့် မြေနေရာဖြစ်ခြင်းတို့ကြောင့် အသေးစိတ်တိုင်းတာမှု မပြုလုပ်ရသေးပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးကနေ တစ်ဆင့်ပြန်လည်ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလှဝင်းက မေးခွန်း (၁နှင့် ၂) ကိုတစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာအပေါင်းနှင့်ခညောင်းပါစေလို့ နူတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်း မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလှဝင်းဖြစ်ပါတယ်။ အခု ကျွန်တော်မေးခွန်း(၁)

လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

ဆက်လက်ပြီးတော့မေးခွန်း(၂)ဖြစ်တဲ့ မိုင်းပျဉ်းမြို့နယ် ပြည်သူ့ဆေးရုံမှ အရေးပေါ်လူနာတင်ကားအား ပြုပြင်ထိန်းသိမ်းစရိတ်၊ လောင်စာစရိတ်၊ ယာဉ်မောင်းနှင့်ကားဂိုဒေါင်ခွင့်ပြုထားရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းပြီးတော့ မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လွန်ခဲ့သော ၂၀၁၄ ခုနှစ်တွင် တောင်ကြီးမြို့ပေါ်တွင် နေထိုင်သည့် အလှူရှင်(၁)ဦးက မိုင်းပျဉ်းမြို့ ပြည်သူလူထု၊ ရပ်နီးရပ်ဝေး ပြည်သူများအတွက် ရည်ရွယ်ပြီးတော့ မိုင်းပျဉ်းမြို့ပေါ် မှာ လိုအပ်တဲ့ ကျန်းမာရေးအထောက်အကူပြုရန်အတွက် ရည်ရွယ်၍သော် လည်းကောင်း၊ ရပ်/ကျေးနေတဲ့ ပြည်သူ လူထုဆေးရုံ သွားရောက်လိုသည့်အခါသော်လည်းကောင်း၊ အရေးပေါ် လူနာများ (၆၅)မိုင်ဝေးတဲ့ ကျိုင်းတုံမြို့သို့ တင်ယူပို့ ဆောင်နိုင်မည့် လူနာတင်ကား(၁)စီးအား လွန်ခဲ့သော ၂၀၁၄၊ ဖေဖော်ဝါရီလမှာ ယခင်အစိုးရလက်ထက် သက်ဆိုင်ရာအစိုးရအဖွဲ့က မိုင်းပျဉ်းမြို့ ၊ ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းလှူဒါန်းအပ်နှံခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်း ဤလူနာတင်ယာဉ်သည် ပြည်သူလူထုအတွက် အကျိုးပြုသည့် ယာဉ်ဖြစ်သော်လည်း သက်ဆိုင်ရာ ဌာနတာဝန်ခံများအနေနဲ့ လိုအပ်သည့် လောင်စာဆီ၊ ပြင်ဆင်ထိန်းသိမ်းစရိတ် ယာဉ်မောင်း၊ ကားဂိုဒေါင် သက်ဆိုင်ရာဌာနကို တင်ပြဆောင်ရွက် ခွင့်ပြုချက်ရရှိရေးတင်ပြရမှာဖြစ်ပါတယ်။

ဤလူနာတင်ကားသည် အလှူရှင်၏ စေတနာရည်ရွယ်ချက်က ပြည်သူလူထုအတွက် အကျိုးမပြုတဲ့အပြင် အခုလက်ရှိတွေ့ရှိနေရသည် ကသက်ဆိုင်ရာ မြို့နယ်ဦးစီးအရာရှိ ကျန်းမာရေးဦးစီးဌာနက ကိုယ်ပိုင်ကားသဖွယ် မောင်းပြီးတော့ သွားလာနေတာကိုတွေ့ရှိနေရပါတယ်။ ပြည်သူလူထုအမြင်မှာ

D/real(wide) (1

လူနာတင်ကားဟာ လူနာအတွက် မဟုတ်ဘဲ ဆရာဝန်စီးကားလို ဖြစ်နေပါတယ် ဆိုတာကို တွေ့နေရသည့်အတွက် စေတနာရှင် လှူထားတဲ့ ရည်ရွယ်ချက် အတိုင်းဖြစ်စေရန် အကျိုးဖြစ်စေရေးနှင့် လူနာတင်ကားကို ရေရှည်အသုံးပြုသွားနိုင်ရန်အတွက် လိုအပ်တဲ့ ကိစ္စများကို၊ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များမှ ဆက်လက် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းပြီး လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့်တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း ၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းရဲ့ ပထမမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမြို့၊ အခြေခံပညာအတက်တန်းကျောင်းပင်မ ကျောင်းဆောင်သည် (၅၂)နှစ်သက်တမ်းကြာမြင့်ခဲ့ပြီးဖြစ်ရာ အန္တရာယ်ရှိ အဆောက်အဦ အဆင့်ရောက်ရှိနေပါသဖြင့် ကျောင်းဆောင် သစ် ပြန်လည်ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းပျဉ်း အထကကျောင်းတွင်မူလတန်းကျောင်းသား၊ ကျောင်းသူ(၄၇၀)ဦးအတွက် စာသင်ခန်း(၈)ခန်း၊ အလယ်တန်း ဆင့်ကျောင်းသား၊ကျောင်းသူ(၄၄၈)ဦးအတွက် စာသင်ခန်း(၈)ခန်း နှင့်အထက်တန်းဆင့်ကျောင်းသား၊ကျောင်းသူ(၁၆၇)ဦးအတွက် စာသင်ခန်း(၄)ခန်းရှိသဖြင့် စုစုပေါင်းကျောင်းသား (၁၀၈၅)ဦး အတွက် လက်ရှိစာသင်ခန်း(၂၀)ခန်းရှိပါတယ်။

ဖြစ်တဲ့ မိုင်းပျဉ်းမြို့ပေါ်ရှိအထက်တန်းကျောင်းပင်မကျောင်းဆောင်အား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းပျဉ်းမြို့ပေါ်ရှိ အခြေခံအထက်တန်းကျောင်းမှာ ဆိုရင် ပင်မကျောင်းဆောင်မှာ လွန်ခဲ့သော ၁၉၆၄ခုနှစ်ကတည်းက အလျား၂၁၀၊ အကျယ် ၂၄ပေ၊ အမြင့် ၁၀ပေဖြင့် သွပ်မိုး၊ပျဉ်ကာ၊ ကွန်ကရစ်ခင်းဖြင့် (၁)ထပ်ကျောင်းဆောင် တည်ဆောက်ခြင်းဖြစ်ပါတယ်။ အဆိုပါကျောင်းဆောင်ကို ၁၉၈၉ခုနှစ် (၂၅)နှစ်ကြာပြီးမှ ဆွေးမြေ့ပျက်စီးသွားတဲ့ ပျဉ်ကာများ၊ တံခါးများ၊ ပြတင်းများကို သက်ဆိုင်ရာပညာရေးဝန်ကြီးဌာနမှ ကျပ်ငွေ(၈၀၀၀၀)၊ ပြည်သူလူထုက ကျပ်(၂၀၀၀၀)နှင့် စုစုပေါင်း (၁၀၀၀၀၀)ဖြင့် မွမ်းမံပြင်ဆင်ခဲ့ရပါတယ်။ မကြာခင်မှာဘဲ ၂၀၁၀ ခုနှစ်နဲ့ ၂၀၁၂ ခုနှစ်မှာ လေပြင်းမုန်တိုင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆွေးမြေ့နေတဲ့ သစ်များကြောင့်လည်း အမိုးအားလုံး လန်ကျခဲ့ရပါတယ်။ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းဖြင့်သာ ပြုပြင်ခဲ့ရပါတယ်။ မိုင်းပျဉ်းမြို့ပေါ်က ပင်မကျောင်းဆောင်သည် ယခုဆိုလျှင် (၅၂)နှစ်တိုင် ကြာမြင့်ခဲ့ပြီဖြစ်သည့်အတွက် လေဒဏ်၊ မိုးဒဏ်၊ သဘာဝ ဘေးဒဏ်များအားဖြင့် လည်းကောင်း၊ နှစ်ပရိစ္ဆေဒကြာမြင့်ပြီဖြစ်သည့် အတွက် ယခင်အသုံးပြုတဲ့ သစ်များသည်ဆွေးမြေ့ပြီး အန္တရာယ်ရှိတဲ့ ကျောင်းဆောင် အဆင့်ရောက်ရှိနေပါပြီ။ ထို့အတူ မိုင်းပျဉ်းပေါ်မှာရှိတဲ့ ပြည်သူ လူထု၊ ကျောင်းသူ၊ ကျောင်းသား၊ မိဘများမှာ အန္တရာယ်ကင်းရှင်းစွာဖြင့် မိမိတို့၏ ကလေးများပညာသင်ကြားပေးနိုင်ရန် အတွက် လိုလားတောင့်တ လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လက်ရှိမိုင်းပျဉ်းမြို့ပေါ်ရှိပင်မကျောင်းဆောင် (အန္တရာယ်ရှိကျောင်းဆောင်)ကို ခေတ်စနစ်နှင့်အညီ ပြုပြင်ပြီး တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ

D/real(wide) (1

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ပညာရေးဝန်ကြီးဌာန ငွေလုံးငွေရင်းတည်ဆောက်ရေး ခွဲဝေရန်ပုံငွေဖြင့် အထကမိုင်းပျဉ်းကျောင်းတွင် (၁၄၀×၃၀×၂၂)ပေ RCC (၂)ထပ် တန်ဖိုးကျပ်သန်း (၁၅၁. ၂)ရှိ ကျောင်းဆောင်သစ်(၁)ဆောင် ဆောက်လုပ်ပေးခဲ့ပြီး လက်ရှိစာသင်ဆောင်(၅)ဆောင်ကိုအသုံးပြု သင်ကြားပေးနေပါတယ်။ မြဝတီဆောင်(၆၆×၂၀×၂၂)ပေ (၂)ထပ် Brick Kmocking ကျောင်းဆောင်စာသင်ခန်း(၄)ခန်းအား အန္တရာယ်ရှိသော ကျောင်းဆောင်ဖြစ်သဖြင့် စာသင်ခန်းအဖြစ် အသုံးမပြုဘဲ ထားရှိပြီး အန္တရာယ်ကျောင်းဆောင် ဖျက်သိမ်းခွင့်ပြုပါရန် ပညာရေးဝန်ကြီးဌာနသို့ တင်ပြထားပြီးဖြစ်ပါတယ်။ ၄င်းအန္တရာယ်ရှိ ကျောင်းဆောင်အစား (၇၀×၃၀×၂၂)ပေ RCC (၂)ထပ် ကျောင်းဆောင်သစ် (၁)ဆောင် ဆောက်လုပ်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ကျပ်(၈၄)သန်း ခွင့်ပြုရန်ပုံငွေခွဲဝေပေး နိုင်ပါရန် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြတောင်းခံထားပြီး ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ် ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်၊ မိုင်းပျဉ်းမြို့နယ်ပြည်သူ့ဆေးရုံအတွက် အလှူရှင်(၁)ဦးမှ လှူဒါန်းခဲ့တဲ့ အရေးပေါ်လူနာတင်ကား (Ambulance)အား ရေရှည်အသုံးပြုသွားနိုင်ရန် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းစရိတ်၊ လောင်စာဆီစရိတ်၊ ယာဉ်မောင်းနှင့်ကားဂိုဒေါင်ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်ဟူသောမေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းဆေးရုံ လူနာတင် ဆောင်ရွက်ရန် Toyata Ambulance ယာဉ်အမှတ် 9C/ 1656 ကို အလှူရှင် (၁)ဦးမှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၉ရက်နေ့က လှူဒါန်းပေးခဲ့ပါတယ်။ ကုသရေးဦးစီးဌာန နေပြည်တော်မှ ၂၀၁၆ခုနှစ် ဇူလိုင်လ ၂၀ရက် စွဲဖြင့် ရက်စွဲပါစာအမှတ် မတယ/၂(ဂ)/ ၂၀၁၆/၆၈ဖြင့် ညွှန်ကြားချက်

အမှတ်(၂)မှာပါဝင်တဲ့ ကျောင်းချယ်-ထီဗွာ-လတ်တိုင်-ပန်အွမ်းထိ (၁၇)မိုင်ရှိတဲ့ လမ်းအနက် (၁၀)မိုင်ကို နယ်စပ်ရေးရာ ဝန်ကြီးဌာနရန်ပုံငွေနဲ့ ကျေးလက်ဦးစီးဌာနရန်ပုံငွေဖြင့် ခင်းပြီး ဖြစ်ပါတယ်။ ကျန်ရှိ တဲ့(၇)မိုင်အား (၁)မိုင်(၄)ဖာလုံကို လမ်းဆက်စပ်မှုရှိစေရန် အတွက် ၁၆-၁၇ **RE** ဖြည့်စွက်ရန်ပုံငွေနှင့် ခင်းပေးနိုင်ဖို့နဲ့ ကျန်(၄)မိုင်(၅)ဖာလုံကို လာမဲ့ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ နယ်စပ်ရေးရာဝန်ကြီးဌာန ဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးနိုင်ရန် မိဘပြည်သူများရဲ့ကိုယ်စား မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ၂၀-၅-၂၀၁၆ ထီဗွာရလဖစခန်းကို ဝန်ကြီးချုပ်နှင့်အဖွဲ့ရောက်ရှိစဉ်က ဆောင်ရွက်ပေးပါမယ်လို့ ရလဖအဖွဲ့ခေါင်းဆောင် ဦးချစ်မောင်ထံကိုလည်း နှုတ်ကတိဖြင့်ပေးထားပြီးဖြစ်ပါတယ်။ ဒါကြောင့်လာမည့် **RE** မှာ ကျွန်တော်တို့ (၁)မိုင်နှင့်(၄)ဖာလုံကို ခင်းပေးနိုင်ခြင်းရှိ/မရှိနှင့် ကျန်(၅)မိုင် (၄)ဖာလုံကို ၂၀၁၇-၂၀၁၈ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ဘတ်ဂျက်ဖြင့် ခင်းပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဆီဆိုင် မြို့နယ်မဲဆန္ဒနယ် အမှတ် (၂) ဦးခွန်မောင်ပယ်မေးမြန်းတဲ့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရေးဒေသ၊ ဆီဆိုင်မြို့နယ်၊ ဘန့်ဗွီးကျေးရွာအုပ်စု၊ ကျောင်းချယ်ရွာမှ ထီဗွာ - လတ်တိုင် - ပန်အွမ်းကျေးရွာအထိ(၁၇)မိုင်ခန့်ရှိပြီး

D/real(wide) (1

(၁၀)မိုင်ခန့်အား ကတ္တရာလမ်းအဖြစ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့မှဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိသည့် လတ်တိုင်-ပန်အွမ်းလမ်းပိုင်း ကျောက်ချောလမ်း (၅)မိုင်(၄)ဖာလုံနှင့် ထီဗွာရွာလမ်းအပိုင်း ကျောက်ချောလမ်း(၁)မိုင် (၄)ဖာလုံ၊ စုစုပေါင်း(၇)မိုင်အား ကတ္တရာလမ်းအဖြစ်တိုးမြှင့် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိသိလို သည်ဟူသော မေးခွန်းနှင့်ပတ်သက်၍ ဆီဆိုင်မြို့နယ်၊ ဘန့်ဝီးကျေးရွာအုပ်စု၊ လတ်တိုင်-ပန်အွမ်းလမ်းပိုင်း (၅)မိုင်(၄)ဖာလုံနှင့် ထီဗွာရွာ သွားလမ်း(၁)မိုင် (၄)ဖာလုံ စုစုပေါင်း(၇)မိုင်ရှိသည့်အနက် ထီဗွာရွာ လမ်းအပိုင်း(၁)မိုင် (၄)ဖာလုံအား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် ခန့်မှန်းကုန်ကျစရိတ်ငွေမှာ ကျပ်(၁၂၇၊ ၅)သန်း ဖြစ် ပြီး ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြု ရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လျာထားတင်ပြထားပြီးဖြစ်ပါတယ်။ ဒေသဆိုင်ရာလမ်း၊ တံတားများဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)ရဲ့ လမ်းညွှန်မှုအရ ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်း၊တံတားများအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ခုဘဏ္ဍာရေးနှစ်အထိ(၁၅)နှစ်အား (၅)နှစ် စီမံကိန်းများရေးဆွဲပြီးအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် အတွက် စီမံကိန်းများ လျာထားရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြထားတဲ့ ထီဗွာ-လတ်တိုင်-ပန်အွမ်းလမ်းပိုင်းမှ ကျန်ရှိတဲ့ လမ်းအရှည် (၅)မိုင် (၄)ဖာလုံကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို စီမံကိန်းတွင်ထည့်သွင်း လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးကနေ

နှင့်အညီ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ လျှုဒါန်းထားသည့် Ambulance ယာဉ်များ၏ အချက်အလက်များကို နေပြည်တော်သို့ပြန်လည် တင်ပြထားပြီး ဖြစ်ပါတယ်။ ထိုမော်တော်ယာဉ်၏ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်တဲ့ကားဂိုဒေါင် တည်ဆောက်နိုင်ရေးကို အသေးစိတ်တွက်ချက်မှု၊ လိုင်စင်ရရှိရေး၊ ဆီခွဲတမ်းရရှိရေးအတွက် တင်ပြတောင်းခံရန် မြို့နယ်ကုသရေးဦးစီးဌာန၊ မိုင်းပျဉ်းမြို့သို့ ၂၀၁၆ခုနှစ် စက်တင်ဘာလ ၈ရက်၊ ရက်စွဲပါစာအမှတ်၊ ၆၃၄/ကတ(ကုသ-မတယ)၂၀၁၆ဖြင့် ညွှန်ကြားထားပြီး၊ အဆိုပါယာဉ်ကို လူနာလွှဲပြောင်းပေးပို့သည့်ကိစ္စမှအပ အခြားရည်ရွယ်ချက်ဖြင့် အသုံးမပြုရေးကို ၂၀၁၆ခုနှစ် စက်တင်ဘာလ ၈ရက်၊ ရက်စွဲပါစာအမှတ်၊ ၆၃၄/ကတ(ကုသ-မတယ)၂၀၁၆ဖြင့် ညွှန်ကြားထားပြီးဖြစ်ပါတယ်။ မြို့နယ်ကုသရေးဦးစီးဌာနမှ တွက်ချက်မှုနှင့် အတူတင်ပြလာပါက ပြုပြင်ထိန်းသိမ်းစရိတ်၊ လောင်စာဆီစရိတ်၊ ယာဉ်မောင်းနှင့်ကားဂိုဒေါင်ခွင့်ပြုပေးနိုင်ရေး ကုသရေးဦးစီးဌာန နေပြည်တော်သို့ ဆက်လက်တင်ပြဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဆီဆိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးခွန်မောင်ပယ်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ကျွန်တော် ဦးခွန်မောင်ပယ်မှ ဂါဝရပြုအပ်ပါတယ်ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ လမ်းကိစ္စနှင့်ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းမေးခွင့်ပြုတဲ့ အတွက် များစွာကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့ရဲ့ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်

D/real(wide) (1

တစ်ဆင့်ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဟိုပုံးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခွန်မောင်ဖြူက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးခွန်မောင်ဖြူ။ ဟိုပုံးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော် ကတော့ ဟိုပုံးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဖြစ်သူ ဦးခွန်မောင်ဖြူ ဖြစ်ပါတယ်။ ဒေသနေပြည်သူ များ၏ ဆန္ဒအရလျှပ်စစ်မီးကိစ္စကို မေးမြန်းခွင့်ပြုပါရန် ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် မေးမြန်းအပ်ပါသည်။ ယခုအခါ ဒီမိုကရေစီခေတ်တွင် မိဘပြည်သူများသည် လူနေမှုစီးပွားရေးဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လိုသည့် စိတ်ဆန္ဒရှိသည့်အတွက် ဒေသ၏လမ်း၊ တံတား၊ ရေ၊ မီးကိစ္စများကို အဆင်မြှင့်ဆောင်ရွက်ပေးနိုင်ရေး ဆန္ဒ ပြင်းပြလျက်ရှိပါသည်။ ပြီးခဲ့သည့်အစိုးရသက်တမ်း(၅)နှစ် ကာလ တွင် အထိုက်အလျောက် တိုးတက်ခဲ့ပြီး ဖြစ်ပါသည်။ မိမိတို့ဒေသ တွင် ထောပတ်၊ အာလူး၊ စပါး၊ ပြောင်း၊ ပဲစင်းငုံများကို စိုက်ပျိုး ထုတ်လုပ်လျက်ရှိပါသည်။ ၎င်းသီးနှံ များအား အဆင့်မြှင့်ထုတ်လုပ် နိုင်ရေး အသေးစားစက်မှုလက်မှု လုပ်ငန်းထွန်းကားရန်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရန်၊ လူနေမှုဘဝမြှင့်မားလာစေရန် ရည်ရွယ်၍ ဒေသနေ မိဘပြည်သူများ လွယ်အွန့်ကျေးရွာအုပ်စု၊ ဂနိုင်ထုံကျေးရွာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာမီးလင်းရေးဆောင်ရွက်နေပြီဖြစ်၍ ၎င်းကျေးရွာဝန်းကျင်ရှိ ကျေးရွာ(၅)ရွာဖြစ်သည့်ဝါးဆို့၊

ဟိုပုံးမြို့နယ်၊ လွယ်အွန့်ကျေးရွာအုပ်စု၊ ဝါးဆို့ကျေးရွာ ခါတ်အား ရရှိရေးအတွက်

(က) ၁၁ ကေဗွီခါတ်အားလိုင်း (၁)မိုင်

(ခ) ၁၁.၄ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ (၁)လုံး

(ဂ) ၄၀၀ ဗို့ခါတ်အားလိုင်း (၀.၇)မိုင် တည်ဆောက်ခြင်း။

ဟိုပုံးမြို့နယ်၊ လွယ်အွန့်ကျေးရွာအုပ်စု၊ ထီကတူးကျေးရွာ ခါတ်အားရရှိရေးအတွက်

(က) ၁၁ ကေဗွီခါတ်အားလိုင်း (၃)မိုင်

(ခ) ၁၁.၄ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ (၁)လုံး

(ဂ) ၄၀၀ဗို့ခါတ်အားလိုင်း (၁.၅)မိုင် တည်ဆောက်ခြင်း။

ဟိုပုံးမြို့၊ လွယ်အွန့်ကျေးရွာအုပ်စု၊ ထီဗွာကျေးရွာ ခါတ်အား ရရှိရေး အတွက်

(က) ၁၁ ကေဗွီခါတ်အားလိုင်း (၁.၄)မိုင်

(ခ) ၁၁.၄ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ (၁)လုံး

(ဂ) ၄၀၀ ဗို့ခါတ်အားလိုင်း (၀.၈)မိုင် တည်ဆောက်ခြင်း။

ဟိုပုံးမြို့၊ လွယ်အွန့်ကျေးရွာအုပ်စု၊ စဉ်ဒီးကျေးရွာ ခါတ်အားရရှိရေး အတွက်

(က) ၁၁ ကေဗွီခါတ်အားလိုင်း (၁)မိုင်

(ခ) ၁၁.၄ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ (၁)လုံး

D/real(wide) (1

(ဂ) ၄၀၀ ဒို့ခါတ်အားလိုင်း (၀. ၈)မိုင် တည်ဆောက်ခြင်း။

တို့လိုအပ်ပါတယ်။ ၄င်းလိုအပ်ချက်ကို ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရဲ့ **RE** ဘတ်ဂျက်တွင်ပါဝင်ခြင်း မရှိသေးပါကြောင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တောင်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်သူရအောင်က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်သူရအောင်၊ တောင်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေလို့ ကျွန်တော်အနေနဲ့ ဆုမွန်ကောင်းတောင်းပြီး အားလုံးကိုဂါဝရပြုအပ်ပါတယ်။ ဒီကနေ့ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်မှာ ကျွန်တော် တောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သူရအောင်ကနေ ပင်ငိုရေဝေရေလဲကြီးပြင်တောဧရိယာ ကိစ္စနှင့်စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လွယ်အွန့်၊ ထီကတူး၊ စခွီး၊ ထီဗွာစသည့် ကျေးရွာများအား လျှပ်စစ်မီးလင်းရေးအတွက် ၁၁ကေဗွီလိုင်းနှင့် ၁၁. ၄ကေဗွီအေ ထရန်စဖော်မာနှင့် ၀. ၄ ဓါတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းများအား ၂၀၁၆-၂၀၁၇ **RE** ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ကိုသိရှိလိုပါသည်။ အကယ်၍မရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးဆွေသိန်း၊ လျှပ်စစ်၊စွမ်းအင်နှင့် စက်မှုဝန်ကြီး။ အားလုံးမင်္ဂလာပါခင်ဗျား။ တောင်ကြီးခရိုင်၊ဟိုပုံးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်ဖြူမေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ကျွန်တော် ပြည်နယ်လျှပ်စစ်၊စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ဟိုပုံးမြို့နယ်၊လွယ်အွန့်ကျေးရွာအုပ်စုမှာ ကျေးရွာ(၅)ရွာရှိပါတယ်။ လွယ်အွန့်ကျေးရွာတွင် ဓါတ်အားရရှိရေးအတွက်-

(က) ၁၁ ကေဗွီဓါတ်အားလိုင်း (၃. ၅)မိုင်
(ခ) ၁၁. ၄ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ (၁)လုံး
(ဂ) ၄၀၀ ဒို့ခါတ်အားလိုင်း(၂. ၅)မိုင်တည်ဆောက်ခြင်း။

D/real(wide) (1

ပင်ငိုရေဝေရေလဲကြိုးပြင်သစ်တောဧရိယာကြီးသည် ကျွန်တော်တို့ ရှမ်းပြည်နယ်တောင်ကြီးမြို့တော်၏ အရှေ့ဘက် (၄) မိုင်ခန့်သာကွာဝေးပြီး နမ့်ဆီးကျေးရွာအုပ်စု၊ တောင်ကြီး-ဟိုပုံး ပြည်ထောင်စုလမ်းမဘေးတွင် ရှေးယခင်နှစ်ပေါင်းမြောက်မြားစွာ ကတည်းက သဘာဝပေါက်ရောက်လာသော သက်တမ်းရင့် သစ်တောကြီး ဖြစ်သည့်အားလျော်စွာ သစ်ပင်ကြီးများဖြင့် အုပ်ဆိုင်းမှိုင်းဝေ စိမ်းလန်းစိုပြည်ပြီး သဘာဝစိမ့်စမ်းရေလည်းဘဲ ယနေ့တိုင် ထွက်ရှိပါတယ်။ အဲ့ဒီစိမ့်စမ်းရေပေါ်အခြေပြုပြီး ကျွန်တော်တို့ ဒေသခံ မိဘပြည်သူများ သောက်သုံးရေ၊ စိုက်ပျိုးရေ၊ မွေးမြူရေးရေများဖြင့် ဒီကနေ့တိုင် အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။ အဲ့ဒီ သစ်တောကြီးကို အခြေပြုပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တုံးက သစ်တောဝန်ကြီး ဌာနကနေ လမ်းညွှန်ချက်နှင့်အညီ ၁၉၉၅ခုနှစ် အောက်တိုဘာလ ၂ရက်နေ့ စာအမှတ်၊ ၆၉၆၀-၆၉၇၈/စ(က)၁ ပင်ငို ရေဝေရေလဲဟူ၍ ရှမ်းပြည်နယ်သစ်တော ညွှန်ကြားရေးမှူးတင်လေး လက်မှတ်ထိုးဖြင့် ပင်ငိုရေဝေရေလဲ ကြိုးပြင်ကာကွယ်တော အဖြစ် သတ်မှတ်ပေးခဲ့ ပါတယ်။ ဧရိယာအားဖြင့် (၁, ၅၆)စတုရန်းမိုင်ရှိပြီး ဧကအားဖြင့် ဧက(၁၀၀၀) သတ်မှတ်ထားပါတယ်။ အဲ့လိုသတ်မှတ်အတည်ပြု လိုက်တာနဲ့ နယ်နိမိတ်လားရာလည်းပဲ မြောက်ဘက်၊ အရှေ့ဘက်၊ တောင်ဘက်၊ အနောက်ဘက် တိတိ ကျကျဖော်ထုတ်ထားပါတယ်။ အချိန်ကိုင့်ညာသောအားဖြင့် ကျွန်တော်မဖော်ပြတော့ပါဘူး။ အဲ့ဒီမှာ သတ်မှတ်လိုက်တာနဲ့အမျှ အဆိုပါကြိုးပြင်ကာကွယ်တော နယ်နိမိတ်အတွင်း၌ မည်သူမဆိုအမိန့်တစ်စုံတစ်ရာမရရှိပါက သစ်ပင်များ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်ဖြတ်ခြင်း၊ ငါးဖမ်းခြင်း၊ မီးကူးမီးစက်ပြန့်ပွားအောင်

ထိန်းသိမ်းကာကွယ်စောင့်ရှောက်သော ဧက(၄၀၀)ထဲကို တရားမဝင် သစ်ပင်တွေခုတ်ထွင်ရှင်းလင်းပြီးတော့မှ စိုက်ပျိုးမြေ၊ အိမ်ခြံမြေတွေ အကောင်အထည်စဖော်တာနဲ့ ဒီကြိုးပြင်တော ဧရိယာလည်းပဲ ပြဿနာစပြီးသန္ဓေတည်လာခဲ့တာ ယနေ့တိုင်ပါပဲ။ ဒီအချိန်မှာ ကျန်တဲ့ ပင်ငိုကျေးရွာလူအများစုလည်းပဲ ပုဂ္ဂိုလ်(၆)ဦး၏ တရားဝင်သစ်တောများခုတ်ထွင်ရှင်းလင်းမှုအပေါ်မှာ သစ်တော ဥပဒေနှင့် ငြိစွန်းမှုမရှိဘဲ တရားဥပဒေနှင့် အရေးယူခံရခြင်း မရှိတဲ့အတွက် ကျွန်တော်တို့သည်လည်း မိမိတို့ကာကွယ်စောင့်ရှောက်သော ဧက (၆၀၀)က သစ်တောကိုလည်းပဲ စတင်ခုတ်ထွင်ရှင်းလင်းပါတော့တယ်။ ဒီနေ့ဒီချိန်ထိပါပဲ။ ကျွန်တော့အနေနဲ့ ခြံငုံသုံးသပ်ရမယ်ဆိုရင် သစ်တောကိစ္စနှင့် ပတ်သက်ပြီးတော့မှ ထိန်းသိမ်း လိုသူနဲ့ ခုတ်ထွင်ရှင်းလင်းသူတွေကြားမှာ မကြာခဏ မင်းမဲ့စရိုက်ဆန်ဆန်ဥပဒေမဲ့လုပ်ငန်းတွေလည်းပဲ ကျူးလွန်ခဲ့ကြောင်းတွေ့ရှိရပါတယ်။ ယခုလို ကျွန်တော့အနေနဲ့ အချိန်ကိုင့်ညာသောအားဖြင့် ဒီကိစ္စနှင့်ပတ်သက်ပြီးတော့မှ ရှေ့မတိုး နောက်မဆုတ်သာ ဖြစ်တဲ့အချိန်မှာ အစိုးရသစ်လက်ထက် ရောက်လာတဲ့အခါမှာ ပြီးခဲ့တဲ့ (၇-၈-၂၀၁၆)ရက်နေ့တွင် သက်ဆိုင်ရာ နမ့်ဆီးကျေးရွာအုပ်စုက မြေတိုင်းစာရေးပုဂ္ဂိုလ်သည် အဆိုပါပင်ငိုကျေးရွာအုပ်စုမှ လူ(၆)ဦး၏ တရားမဝင် ခုတ်ထွင်ရှင်းလင်း ခြံမြေအကောင်အထည်ဖော်တာကို သစ်တောဝန်ကြီး၏ အမိန့်နဲ့ ယနေ့ ပုံစံ (၇) ထုတ်လုပ်ပေးမည်ဖြစ်ကြောင်း မဲဟဲကျေးရွာသူကြီးထံသို့ နှုတ်အားဖြင့် လာရောက်ဆွေးနွေးပါတယ်။ ဒီအချိန်မှာ မဲဟဲကျေးရွာဥက္ကဋ္ဌကလည်းပဲ သစ်တောဝန်ကြီး အမှုန်တကယ် ပုံစံ(၇) ထုတ်ခွင့်ပေးပါက ထုတ်ခွင့်ပေးသောစာဖြင့်ပေးလျှင် ဆောင်ရွက်ခွင့်ပေးမယ်။ နှုတ်အားဖြင့်ပေးလျှင်တော့ ဆောင်ရွက်ခွင့်မပေးနိုင်ပါဟုဆိုသည့် ပြဿနာကနေစပြီး ဩဂုတ်လ ၁၂ရက်နေ့မှာ

D/real(wide) (1

ဆောင်ရွက်ခြင်း၊ လယ်ယာမြေများ ဖော်ထုတ်ခြင်း၊ ဓါတုဗေဒ ပစ္စည်းများ၊ ပေါက်ကွဲစေသောအရာများ အသုံးပြုခြင်း လုံးဝမပြုရပါ။ ဒါတွေကို ဆောင်ရွက်ပါက သစ်တော ဥပဒေနှင့်အညီ အရေးယူမည် ဖြစ်ပါတယ်လို့ဖော်ပြထားပါတယ်။ ဒါ့အပြင် အဲ့ဒီနေ့ရက်စွဲမှာပဲ ကြိုးပြင်ကာကွယ်တော နယ်နိမိတ် အတွင်းမှာ တောင်ယာလုပ်ပိုင်ခွင့်၊ ထုတ်လုပ်ပိုင်ခွင့်နှင့် အခြား သစ်တောနှင့် ပတ်သက်၍ အခွင့်အရေး ရပိုင်ခွင့်များ ဖော်ပြလိုသူ များသည် ၁-၁-၁၉၉၆ ရက်နေ့ မတိုင်မီ စာဖြင့် သစ်တောကြေးတိုင်အရာရှိထံသို့ လျှောက်ထားတင် နိုင်ကြောင်း အတိအလင်းဖော်ပြထားပါတယ်။ ထိုစဉ်ကာလမှာ ဒေသခံများအနေနဲ့ မည်သူတစ်ဦး တစ်ယောက်မှ သတ်မှတ်သောရက် အတွင်းမှာ တင်ပြတောင်းခံထားခြင်းမရှိတဲ့အပြင် ဒေသခံမိဘ ပြည်သူများ ရှေးယခင်နှစ်အဆက်ဆက်ကတည်းက ကာကွယ် ထိန်းသိမ်းလာရင်းနှင့် အခု နိုင်ငံတော်က သစ်တောဥပဒေနှင့်အညီ ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ပေးတဲ့အတွက် ဒေသခံမိဘ ပြည်သူများအားလုံးဟာ နွေးထွေးစွာကြိုဆိုထောက်ခံခဲ့ကြပါတယ်။ ဒီလိုနဲ့ ဒီသစ်တောကြီးကို ရေရှည်ကာကွယ်စောင့်ရှောက်နိုင်ရန် အတွက် သက်ဆိုင်ရာကျေးရွာအုပ်စု ရပတဉ္စကဋ္ဌ ဦးထွန်းတင် စီမံခန့်ခွဲပြီး သစ်တော၏(၄၀၀)ဧကခန့်ကို မန့်ဟဲကျေးရွာနှင့် (၆)မိုင်ကျေးရွာ မိဘပြည်သူများ အနီးကပ်ဆက်လက် ထိန်းသိမ်း စောင့်ရှောက်ရန်၊ ဧက(၆၀၀)တောင်ဘက်တစ်ခြမ်းကို ပင်ငိုကျေးရွာ မိဘပြည်သူများ အနီးကပ်ကာကွယ်စောင့်ရှောက်ရန် ထပ်ဆင့်ပြီးတော့ တာဝန်ပေးအပ်ခဲ့ပါတယ်။ ဒီသစ်တောကြီးဟာ သစ်တောဥပဒေနှင့် အညီ ဒေသခံမိဘပြည်သူများပေါင်းစပ်ကာကွယ်စောင့်ရှောက် လာရင်းကနေ ၂၀၁၀ခွေးကောက်ပွဲပြီးတဲ့နောက်ပိုင်း ၂၀၁၁-၂၀၁၂ ခုနှစ် ၊ မတ်လ ၉ရက်နေ့မှာ ပင်ငိုကျေးရွာနေ ကိုယ်ကျိုးရှာသူ တစ်စု(၆)ဦးခန့်သည် ဒီပုဂ္ဂိုလ်(၆)ဦးဟာ မဲဟဲ(၆)မိုင်ကျေးရွာများ

ဦးခွန်သူရအောင် ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ် တောင်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရေဝေရေလဲဧရိယာအတွင်း တရားမဝင် ကျူးကျော်မြေဖော်ထုတ်ခြင်း၊ အကြောင်းအရင်းများ တင်ပြခြင်းတင်ပြတဲ့အခါမှာ ကျွန်တော့်အနေနဲ့ ၁၉-၈-၂၀၁၆မှာ ကိုယ်တိုင် ကွင်းဆင်းပါတယ်။ အမှန်တကယ်လည်း ခုတ်ထွင်ထား ပါတယ်။ စိုက်ပျိုးထားပါတယ်။ နေအိမ်တဲလည်း ဆောက်ထား ပါတယ်။ ဒီကိစ္စကို ရွာသူ၊ ရွာသားများက အထက်အဆင့်ဆင့်ကို မိမိ အနေဖြင့် တင်ပြပေးရန်အတွက် တောင်းဆိုခဲ့ရာ (၂၄-၈-၂၀၁၆) တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ လိပ်မူပြီး ဒီသစ်တော ဧရိယာနှင့် ပတ်သက်သည့်အမှုတွဲကို ပူးတွဲပြီးတင်ပြထားပြီးဖြစ်ပါတယ်။ ဒါကြောင့် မည်သို့ပင်ဆိုစေကာမူ ယနေ့ဒီ ရေဝေရေလဲကိစ္စနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရ ကလည်းပဲ Cabinet တွင် တိုင်ပင်ညှိနှိုင်း ဆွေးနွေးပါပြီ။ အမှန်တကယ် ဖြေရှင်းပေး နိုင်လိမ့်မည်ဟု ကျွန်တော့်အနေနဲ့ မိဘပြည်သူများကိုယ်စား အပြည့်အဝယုံကြည်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး အောက်ပါ မေးခွန်းများကို မိဘပြည်သူများ သိရှိလိုပါတယ်။ တပ်မတော် အစိုးရ လက်ထက်တရားဝင်အသိအမှတ်ပြုထားသော ရေဝေရေလဲ ကြိုးပြင် ကာကွယ်တောဧရိယာမှာ ပြည်သူ့ အစိုးရလက်ထက်ရောက်သော အခါ အဆိုပါတရားဝင် ကြိုးပြင်တော ဧရိယာသည်အလိုအလျောက် ပျက်ပြယ်သွားပါသလား။ မပျက်ပြယ်ပါက ကြိုးပြင် သစ်တောများ ခုတ်ထွင် ရှင်းလင်းပြီးစိုက်ပျိုးမြေများ၊ အိမ်ခြံမြေများ ဆောင်ရွက်ပေး ခဲ့သော ပုဂ္ဂိုလ်တွေကို တည်ဆဲဥပဒေ အရ မည်ကဲ့သို့ စီမံဆောင်ရွက် ပါကြောင်း ခုတ်ထွင် ရှင်းလင်းထားသော ကြိုးပြင် ဧရိယာ အိမ်၊ ခြံ၊ မြေများ၊ မြေကွက်လပ်များကို သစ်တောဌာနအနေဖြင့် ရှေ့ဆက် မည်ကဲ့သို့ စီမံဆောင်ရွက်မည်ဖြစ်ကြောင်း၊ လက်ရှိကျန်ရှိနေ သေးသော ရေဝေရေလဲကြိုးပြင်တောကို ရှေ့ဆက်မည်ကဲ့သို့

D/real(wide) (1

ကာကွယ်စောင့်ရှောက်နိုင်အောင် သစ်တောဌာနအနေနဲ့ မည်ကဲ့သို့ စီမံထားကြောင်း သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာတဲ့သူအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ တောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ဦးခွန်သူရအောင်မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ကိုယ်စားသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ကျွန်တော်ဒေါက်တာညီညီအောင်မှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

တောင်ကြီးခရိုင်အတွင်းမှာရှိတဲ့ ပင်ငို ရေဝေရေလဲကြိုးပြင်ကာကွယ်တောကို သစ်တောရေးရာဝန်ကြီး ဌာနရဲ့ ၁၄-၁-၁၉၉၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၀/၁၉၉၉) အရ ဧရိယာဧက (၁၀၀၀)ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး သစ်တောနယ်မြေအတွင်းမှာ နှစ်ကာလကြာမြင့်စွာကျူးကျော်နေထိုင်ခဲ့သည့် အိမ်ခြေ (၅၀)အောက် ပြည်ထဲရေးအမည်ပေါက် ကျေးရွာ (၃)ရွာရဲ့ ရွာမြေ (၂၇. ၆၆) ဧကနှင့် လယ်မြေ(၉)ဧက၊ စုစုပေါင်း (၃၆. ၆၆)ဧကကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနရဲ့ ၆-၄-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၄၉/၂၀၁၅)ဖြင့် သစ်တောမြေအဖြစ်ကနေ ပယ်ဖျက်စွန့်လွှတ်ပေးခဲ့ပြီးဖြစ်သည့် အတွက် လက်ရှိဧရိယာကတော့ (၉၆၃. ၃၄)ဧကော ရှိပါတယ်။ အဆိုပါကျေးရွာ (၃)ရွာထဲမှာ ပင်ငိုကျေးရွာ၏ ရွာမြေမှာ (၁၅. ၈၆)

(က) သစ်တောဦးစီးဌာနက သတ်မှတ်ထားသော သစ်ပင်အမျိုးအစားများကို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး(သို့မဟုတ်) အခြားနည်းဖြင့်ပျက်စီးစေခြင်း။

(ခ) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း။

(ဂ) အိမ်မွေး တိရစ္ဆာန်များ စားကျက်ချခြင်း။

(ဃ) စိုက်ပျိုးရန်အတွက် မြေကိုတူးဆွခြင်း (သို့မဟုတ်) ရှင်းလင်းခြင်း။

(င) ရေတွင် အဆိပ်ခတ်ခြင်း၊ ခါတုဗေဒပစ္စည်း (သို့မဟုတ်) ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း။

(စ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း (သို့မဟုတ်) အမဲလိုက် ပစ်ခတ်ခြင်း။

(ဆ) မီးမွှေးခြင်း၊ မီးဖိုခြင်း (သို့မဟုတ်) မီးသယ်ယူခြင်း။

ရေဝေရေလဲဒေသများအား ရေရှည်တည်တံ့စေရေးအတွက် စီမံကိန်းတွေချမှတ်ဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကနေပြီးတော့ ၂၀၂၅-၂၀၂၆ ခုနှစ်ဘဏ္ဍာရေးနှစ်အထိ တောင်ကြီးခရိုင် သစ်တောဦးစီးဌာန သစ်တော အုပ်ချုပ်မှုစီမံကိန်း (၁၀)နှစ်အရ ရေဝေရေလဲ ထိန်းသိမ်းရေးဇုန် အဖြစ် တောင်ကြီးခရိုင် တစ်ခုလုံးမှာ ဧရိယာဧက(၂၄၆၅၀) သတ်မှတ်ထားရာမှာ အဆိုပါရေဝေရေလဲကြိုးပြင်ဧရိယာဧက(၉၆၃. ၄၀) လည်း အပါအဝင်ဖြစ်ပါတယ်။ တောင်ကြီးမြို့နယ်သစ်တောဦးစီးဌာနကနေပြီးတော့ စီမံကိန်းပါအတိုင်း ရေဝေရေလဲ ဒေသ ထိန်းသိမ်းခြင်း၊ ရေဝေရေလဲစိုက်ခင်းများ တည်ထောင်ခြင်း၊ ကွက်လပ်ဖြည့် စိုက်ပျိုးခြင်းများကို စီမံချက် ချမှတ်ပြီး

D/real(wide) (1

ရေဝေရေလဲဒေသများနှင့် ပတ်သက်ပြီးထိန်းသိမ်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မဘိမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမင်းမင်းသိန်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့်တကွ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်လည်း ပြည်စုံကြပါစေလို့ဦးစွာဂါဝရပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမင်းမင်းသိန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ် ဒုတိယအကြိမ် တတိယပုံမှန်အစည်းအဝေး တတိယနေ့မှာ မေးမြန်းသွားမည့် မေးခွန်းကတော့ မဘိမ်းမြို့နယ် မဘိမ်း-ငါးအိုးဗျူဟာလမ်းပေါ်ရှိ မိုင်းသာချောင်းတံတားအကျယ်(၁၅၀)ပေအား ကွန်ကရစ်တံတားခင်းပေးရန် အစီစဉ်ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ မဘိမ်းမြို့နယ် အခြေအနေကို အနည်းငယ်ရှင်းပြလိုပါတယ်။ မဘိမ်းမြို့နယ်ဟာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မှာ တည်ရှိတဲ့မြို့လည်းဖြစ်ပါတယ်။ မြို့နယ်ရဲ့ မြို့လယ်ဖြစ်သော မဘိမ်းမြို့မှာ တောင်ဘက်ခြမ်းမှာတည်ရှိပြီး ကျွန်တော့်ရဲ့ မဲဆန္ဒနယ်အမှတ်(၂)တွင်ရှိတဲ့ ငါးအိုးနယ်ကတော့ မြောက်ဘက်ခြမ်းပိုင်းမှာရှိပါတယ်။

ဧကဖြစ်ပါတယ်။ ယခင်အစိုးရသက်တမ်းလက်ထက် ပင်ငိုရေဝေရေလဲ ကြိုးပြင် ကာကွယ်တောအတွင်း တောင်ယာကျူးကျော်သူများဖြစ်သည့် ဦးရီဖာချစ်မောင်၊ ဦးကြည်ဖာလှမောင်၊ ဦးတွီး၊ ဦးချစ်သာ၊ ဦးဖိုးစိန် (၅)ဦးတို့ အချင်းချင်းမြေယာအငြင်းပွားမှုကိစ္စနှင့် ပတ်သက်ပြီးတော့ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၊ ဗဟိုကော်မတီထံသို့ အစီရင်ခံစာ အပိုင်း(၅) ၊ မူလအမှတ်စဉ် (၃၁၇)ဖြင့် အကြောင်းရင်း ခိုင်မာ၍ သစ်တောမြေအဖြစ်မှ မစွန့်လွှတ်ကြောင်း ရှင်းလင်း တင်ပြထားပြီးဖြစ်ပါတယ်။

အဆိုပါကျူးကျော်မှုနှင့် ပတ်သက်ပြီးတော့ ယခင်ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်မှ ကျေးရွာအစုအဖွဲ့ပိုင် သစ်တောဧရိယာအဖြစ် တင်ပြလျှောက်ထားပါက ထင်း စိုက်ခင်း ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပါဟု ညွှန်ကြားမှုပြုထားပါသဖြင့် ၂၄-၈-၂၀၁၃ရက်နေ့ တောင်ကြီးမြို့နယ်သစ်တောဦးစီး ဌာနမှ ကျေးရွာနေပြည်သူများသို့ အသိပေးရှင်းလင်းပြောကြား ခဲ့ပြီးဖြစ်ပါတယ်။ ကျူးကျော်သူ(၅)ဦးကိုလည်း ဆက်လက်ကျူးကျော်ခြင်းမပြုစေဖို့နဲ့ကျေးရွာအုပ်ချုပ်ရေးမှူးအား အသိ သက်သေပြု၍ ခံဝန်ကတိလက်မှတ်ရေးထိုး စေခဲ့တဲ့အပြင် သတိပေး တားမြစ်ချက် ဆိုင်းဘုတ်တွေစိုက်ထူခဲ့ပါတယ်။ သစ်တောဥပဒေ၊ နည်းဥပဒေများအရ ကြိုးပြင်ကာကွယ်တောများအတွင်း အောက် ဖော်ပြပါပြစ်မှုတစ်ခုခု ကျူးလွန်ပါက သစ်တောဥပဒေပုဒ်မ ၄၀(ဇ) အရ ငွေဒဏ်ကျပ်(၅၀၀၀)အထိဖြစ်စေ၊ ထောင်ဒဏ်(၆)လအထိ ဖြစ်စေ၊ ဒဏ်(၂)ရပ်လုံးဖြစ်စေကျခံစေရမည်ဟု သစ်တောနည်းဥပဒေ(၁၉)နှင့်အညီ ဖော်ပြထားတဲ့အတွက် အဲ့ဒီ ဥပဒေ၊နည်းဥပဒေတွေနှင့်အညီ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြစ်မှုများမှာ-

D/real(wide) (1

အဲ့ဒီမြောက်ဘက်ခြမ်းပိုင်းမှာရှိတဲ့ လူဦးရေမှာ မဘိမ်းမြို့နယ်၏ (၅)ပုံကို(၃)ပုံ နေထိုင်ကြပါတယ်။ နေထိုင်ကြတဲ့လူဦးရေဟာ မဘိမ်းမြို့နယ်နှင့်ပတ်သက်ပြီး မဘိမ်းမြို့ကိုဌာနဆိုင်ရာဝန်ထမ်းများနှင့်လည်းကောင်း၊ ကျေးရွာအုပ်စုလူထုများသော်လည်းကောင်း တစ်လလျှင် ၂ ကြိမ်မှ ၅ ကြိမ်အထိ အစည်းအဝေးတက်ရောက်ရပါတယ်။ အစည်းအဝေး တက်ရောက်သည့်နေရာမှာ တင်ပြခဲ့သည့် မဘိမ်း၊ ငါးအိုးဗျူဟာလမ်းကိုအသုံးပြုပြီး မိုင်းသာချောင်းကို ကူးရပါတယ်။ သွားလာရာမှာ နွေရာသီနှင့်ဆောင်းတွင်းသာ အဆင်ပြေချောမွေ့ပြီး မိုးတွင်းအခါတွင် မိုင်းသာချောင်းရေအင်မတန်ကြီးတဲ့အတွက် ချောင်းကိုရောက်လာ သည့်အခါ စက်လှေနှင့် အန္တရာယ်ရှိစွာကူး ရပါတယ်။ ထိုသို့ ကူးရသည့်အတွက် မြို့နယ်သို့ အချိန်မီရောက်ရှိရေး အတွက် ဌာနဆိုင်ရာဝန်ထမ်းများ နှောင့်နှေးကြန့်ကြာသည့်ဒေသခံများ၏ လူနေမှုဘဝများ အဆင့်အတန်းများကိုဆောင်ရွက်ရာတွင်လည်း နှောင့်နှေးကြန့်ကြာမှုများဖြစ်ခဲ့ပါတယ်။ မိုင်းသာချောင်းတံတားဟာ ကွန်ကရစ်တံတား ခင်းပေးမည်ဆိုပါက ၎င်းအခက်အခဲများ အဆင်ပြေချောမွေ့သွားမှာဖြစ်ပါတယ်။ သို့ပါသောကြောင့် ဒေသခံပြည်သူများရဲ့ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မိုင်းသာချောင်းကူးတံတားအား ကွန်ကရစ်တံတားဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် များကဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း ပေးပို့ထားသော လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့ အတွက် ယင်းဥပဒေကြမ်းကို အတည်ပြုပေးရန် သက်ဆိုင်ရာဝန်ကြီးမှ လွှတ်တော်သို့ အဆိုပြုတင်ပြဖို့ ဖြစ်ပါတယ်။

D/real(wide) (1

ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရအဖွဲ့ဝင်က ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဦးစိုင်းရဲနိုတစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး တတိယနေ့မှာ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာ၊ချမ်းသာကြပါစေလို့ ဆန္ဒပြုရင်း ဦးစွာ ပဏာမ နူတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲနိုတစ်လုံဖြစ်ပါတယ်။ အစည်းအဝေးပထမနေ့တွင် တင်သွင်းခဲ့သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်ပြီး ဘဏ္ဍာငွေအရ သုံးဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း ကို ရှမ်းပြည်နယ် လွှတ်တော်သို့တင်ပြခဲ့ပါတယ်။ ထိုသို့တင်ပြခဲ့တဲ့ ဥပဒေကို ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် အတည်ပြုပေး နိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

D/real(wide) (1

ဦးခွန်ရဲထွေး ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ မဘိမ်း မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်း မေးမြန်းလာတဲ့ မဘိမ်းမြို့နယ်၊ မဘိမ်း-ငါးအိုး ဗျူဟာလမ်းပေါ်ရှိ မယ်ဇလီကျေးရွာအနီးရှိ မိုင်းသာချောင်း အကျယ် ပေ (၁၅၀)ခန့်အား ကွန်ကရစ်တံတား ဆောက်လုပ်ပေး နိုင်ရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်နယ်အစိုးရမှ စီမံခန့်ခွဲသည့် လမ်းဖြစ်သည့် ငါးအိုး-မဘိမ်းလမ်းပေါ်ရှိ မယ်ဇလီကျေးရွာမှ အရှည်ပေ (၁၅၀)၊ မိုင်းသာချောင်းကို ကွန်ကရစ်တံတားအဖြစ် မတည်ဆောက်မီ လမ်းပန်းဆက်သွယ်ရေး ချောမွေ့စွာသွားလာနိုင်ရေးအတွက် ပထမ ဦးစားပေးအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ဘဏ္ဍာ ခွင့်ပြုရန်ပုံငွေကျပ် (၁၁၃၉)သန်းဖြင့် လမ်းကိုသာဦးစားပေး ဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် တံတားအသစ်တည်ဆောက်နိုင်ရန် အတွက် ၂၀၁၇-၂၀၁၈ခုနှစ် ဘဏ္ဍာနှစ်မှာ ရန်ပုံငွေတောင်းခံ၍ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က အစည်းအဝေး၏ ပထမနေ့၌ တင်သွင်းခဲ့သော ၂၀၁၆-၂၀၁၇၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုရန် သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်က သဘောတူသည့်အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၆-၂၀၁၇၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အစည်းအဝေးကို (၁နာရီ ၃၀ မိနစ်) ရပ်နားပါမယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌပြန် လည်ထွက်ခွာပါပြီခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်ပိုင်းအစည်းအဝေး ကို (၁၃း၃၀)နာရီအချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် ဆားနှင့်ဆားထွက်ပစ္စည်း ဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဥပဒေပြုရေးဆိုင်ရာ ကော်မတီမှ ရှမ်းပြည်နယ် ဆားနှင့်ဆားထွက်ပစ္စည်း ဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခေါ်) ဦးညီလေးချမ်းပဲ ဖြစ်ပါတယ်။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးမှ တင်သွင်းသည့် ရှမ်းပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်း ဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ် သုံးသပ်တင်ပြသည့် အစီရင်ခံစာကို တင်ပြသွားမှာဖြစ်ပါတယ်။

D/real(wide) (1

ရှမ်းပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်း ဥပဒေ(မူကြမ်း) အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီက စိစစ် သုံးသပ်တင်ပြသည့် အစီရင်ခံစာ

နိဒါန်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးမှ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၈၈ ဇယား ၂အပိုဒ်၄(ခ)၌ ဖော်ပြပါရှိသည့် လုပ်ပိုင်ခွင့် အရတင်သွင်းလာသည့် ရှမ်းပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်း ဥပဒေ(မူကြမ်း)အပေါ် ပြည်နယ်လွှတ်တော်က နည်းဥပဒေ ၁၃၆(ခ)(၃)အရ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာ ကော်မတီသို့ လွှဲအပ်ပေးပို့လာပါသဖြင့် နည်းဥပဒေ၆၅နှင့်အညီ ကော်မတီ အစည်းအဝေး ၁၇-၉-၂၀၁၆ရက်နေ့၌ စိစစ်သုံးသပ်ညှိနှိုင်း ဆွေးနွေးကြပြီး ဤပြင်ဆင်ရန် အကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆နှင့်အညီ ပြုစုတင်ပြခြင်းဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်

ဥပဒေပေါ်မှာ လေ့လာတွေ့ရှိချက်ကို တင်ပြရမယ်ဆိုလျှင် ဤဥပဒေမှာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေဇယား ၂၏ ညွှန်ပြချက်နှင့် အညီ တည်ဆဲဥပဒေများဖြစ်သည့် ၁၉၁၇ခုနှစ်၊ မြန်မာနိုင်ငံဆား လုပ်ငန်းအက်ဥပဒေ၊ ၁၉၉၂ခုနှစ်တွင် ဆားလုပ်ငန်း ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၉၂ခုနှစ် ဆားလုပ်ငန်းဥပဒေအရ ၁၉၁၇ခုနှစ် ဆားလုပ်ငန်းအက်ဥပဒေကို ပယ်ဖျက်ခဲ့ပါသည်။ ၁၉၉၂ခုနှစ် ဆားလုပ်ငန်းဥပဒေမှာ ပြည်ထောင်စု ဥပဒေအဖြစ် အာဏာ

D/real(wide) (1

ရှမ်းပြည်နယ် ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့)မှတ်တမ်း

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ လ ၂၁ ရက်

[ဗုဒ္ဓဟူးနေ့]
(နေ့လည်ပိုင်း)

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး (တတိယနေ့)နေ့လည်ပိုင်း အစီအစဉ်များအား ဆက်လက် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ် ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

တည်လျက် ရှိပါသည်။ ရှမ်းပြည်နယ် ဆားနှင့်ဆားထွက် ပစ္စည်း ဥပဒေကြမ်းမှာ ၁၉၉၂ခုနှစ် ဥပဒေပြဋ္ဌာန်းချက်များကို ကိုးကား၍ ပြုစုရေးဆွဲထားသော ဥပဒေဖြစ်သည်ကိုတွေ့ရှိရ ပါသည်။ သစ်တောပြုန်းတီးမှုမရှိစေဘဲ ဆားနှင့် ဆားထွက် ပစ္စည်းကို ထုတ်လုပ်နိုင်စေရန် အရည်အသွေးကောင်းမွန်သောဆားနှင့် ဆားထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေးပံ့ပိုး ကူညီရန်၊ ဆားနှင့်ဆားထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များသို့ နည်းပညာများ ဖြန့်ဖြူးပေးရန် ရည်ရွယ်၍ ပြဋ္ဌာန်းနိုင်ရေး တင်ပြခြင်း ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

ဥပဒေနှင့် ပတ်သက်ပြီး အကြံပြုချက်ဇယားကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ အခန်း(၁)၊ပုဒ်မ ၁(ခ) ဤဥပဒေသည် အတည်ပြုပြဋ္ဌာန်းသည့် နေ့မှစ၍ ရှမ်းပြည်နယ် တစ်ဝန်းလုံးတွင် အာဏာတည်စေရမည် စကားရပ်အစား ဤဥပဒေသည် **"ရှမ်းပြည်နယ်အစိုးရက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့် ဒေသများတွင်သာ အာဏာ သက်ရောက်စေရမည်"** ဟုပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တင်ပြရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြင်ဆင်ချက်ဇယားမှာ ပါရှိသည့်အတိုင်း တစ်ချက်ချင်း လွှတ်တော်ရဲ့သဘောထားကို ကျွန်တော်တို့ ရယူသွားမှာဖြစ်ပါတယ်။ အမှတ်စဉ်(၁)မှာရှိသည့် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမှတ်စဉ် (၂)ပါပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးက ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ သဘောတူပါတယ် ခင်ဗျား ။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤပြင်ဆင်ချက်ကို ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၃)၊ ပုဒ်မ၅ အစိုးရအဖွဲ့သည် ပုဒ်မ၄အရ ဖွဲ့စည်းထားသော ကော်မတီကို ဝန်ကြီး၏ တင်ပြချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သော စကားရပ်အစား အစိုးရအဖွဲ့သည် ပုဒ်မ၄အရ ဖွဲ့စည်းထားသော ကော်မတီကို ဝန်ကြီး၏ တင်ပြချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်၊ **"သက်တမ်းသတ်မှတ်နိုင်သည်"**ဟုဖြည့်စွက် ဖော်ပြသင့်ပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအား တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ အမှတ်စဉ်(၃)ပါပြင်ဆင်ချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီး၏ သဘောထားပြောပါ။

D/real(wide) (1

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ သဘောတူပါတယ်ခင်ဗျား ။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤအဆိုကို ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဥပဒေ၏အစိတ်အပိုင်း ဖြစ်ကြောင်းကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၄)၊ ပုဒ်မ ၆(ဇ) လိုင်စင်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ လိုင်စင် သက်တမ်းသတ်မှတ်ခြင်း၊ လိုင်စင် သက်တမ်းတိုးခြင်း စကားရပ်အစား လိုင်စင်ထုတ်ပေးခြင်း၊ငြင်းပယ်ခြင်း၊ လိုင်စင် သက်တမ်းသတ်မှတ်ခြင်း၊ လိုင်စင် သက်တမ်းတိုးခြင်း၊ **" လိုင်စင်ပယ်ဖျက်ခြင်း"** ဟုဖြည့်စွက်သင့်ပါကြောင်းလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တော်ကြီးများအား တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ အမှတ်စဉ်(၄)ပါပြင်ဆင်ချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီး၏ သဘောထားကိုပြောပါ။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ သဘောတူပါတယ်ခင်ဗျား ။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤအဆိုကို ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော် ကိုယ်စားလှယ်များမှ

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ ပြင်ဆင်ချက်(၁)ကန့်ကွက်ဖို့မရှိပါဘူးခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ပြင်ဆင်ချက်ကို သဘောတူသည့် အတွက် ဤအချက်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့် အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဥပဒေ၏အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ အခန်း(၁)၊ပုဒ်မ ၂(စျ) ဆားဆိုသည်မှာ ပင်လယ်ရေ၊ မြေအောက်ရေငန်၊ အင်းအိုင်၊ စိမ့်စမ်း၊ ကန်ရေ၊ တွင်းရေနှင့် သဲမြေတို့ကို အသုံးပြုပြီး ထုတ်ယူရရှိသော ဆား၊ ဆိုဒီယမ်ကလိုရိုဒ်ကိုဆိုသည် စကားရပ်အစား ဆားဆိုသည်မှာ ပင်လယ်ရေ၊ မြေအောက်ရေငန်၊ အင်းအိုင်၊ စိမ့်စမ်း၊ ကန်ရေ၊ တွင်းရေနှင့် သဲမြေတို့ကို အသုံးပြုပြီး ထုတ်ယူရရှိသောဆား **"ယင်းစကားရပ်တွင် သဘာဝအလျောက် မြေပေါ်မြေအောက်တွင် ဖြစ်ပေါ်တည်ရှိသော ဆိုဒီယမ်ကလိုရိုဒ်လည်းပါဝင်သည်"** ဟူသော စကားရပ်ကို တစ်ဆက်တည်း ဖြည့်စွက်ဖော်ပြသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တင်ပြအပ်ပါတယ်ခင်ဗျား။

ကန့်ကွက်ရန် မရှိသည့်အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်းကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၄)၊ ပုဒ်မ ၆ တွင် ဖြည့်စွက်ခြင်း ပုဒ်မခွဲ(၄)အဖြစ် **" ထုတ်လုပ်သောဆားများကို စားသုံးရန်သင့်၊ မသင့် စစ်ဆေးစေခြင်း"**ဟု ဖြည့်စွက်ဖော်ပြသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားတင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ အမှတ်စဉ် (၅)နှင့်ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီး၏ သဘောထားပြောပါ။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ ဤအမှတ်စဉ်မှာ ကန့်ကွက်ရန် မရှိပါဘူး။

ဥက္ကဋ္ဌ။ ဤအဆိုကို ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်းကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၆)၊ ပုဒ်မ ၁၃(က) လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည့်အပြင်

ပေါင်နှံခြင်း၊ ရောင်းချခြင်းဟုဖြည့်စွက် ပြင်ဆင်သင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ အမှတ်စဉ်(၇)ပါပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး ဝန်ကြီး၏ သဘောထားကိုတင်ပြဖို့ ဖြစ်ပါတယ်။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ ပြင်ဆင်ချက်ကို ကန့်ကွက်ရန် မရှိပါ ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤအဆိုကို ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏အစိတ်အပိုင်း ဖြစ်ကြောင်းကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၇)၊ ပုဒ်မ ၁၆ တွင် ဖြည့်စွက်ခြင်း ပုဒ်မခွဲ (ဆ) အဖြစ် **"ကော်မတီကပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း"**ဟုဖြည့်စွက် ပြင်ဆင်သင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအား တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ အမှတ်စဉ်(၈)ပါ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး၏ သဘောထား တင်ပြဖို့ဖြစ်ပါတယ်။

D/real(wide) (1

ဆားလုပ်ငန်းဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာရမည် စကားရပ်အစား လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် ဆားလုပ်ငန်းဦးစီး ဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်၊ **"စည်းကမ်းချက်နှင့် အခွန်အခများကိုလည်း လိုက်နာဆောင်ရွက်ရမည်"**ဟု ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား တင်ပြရပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ အမှတ်စဉ် (၆)ပါ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ပြင်ဆင်ချက်ကို သက်ဆိုင်ရာဝန်ကြီး၏ သဘောထား ပြောပါ။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ ပြင်ဆင်ချက်ကို ကန့်ကွက်ရန် မရှိပါ။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤပြင်ဆင်ချက်ကို ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော် ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ပြင်ဆင်ချက် သည်အတည်ဖြစ်၍ ဤဥပဒေ၏အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၆)၊ ပုဒ်မ ၁၄(ဃ) ဆားထုတ်မြေကို ဥပဒေနှင့်အညီ အမွေဆက်ခံခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း စကားရပ်အစား ဆားထုတ်မြေကို **"တည်ဆဲဥပဒေများ"**နှင့်အညီ အမွေဆက်ခံခြင်း၊ လွှဲပြောင်းခြင်း၊

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ ပြင်ဆင်ချက်ကို သဘောတူ ပါတယ် ခင်ဗျား ။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤအဆိုကို ကန့်ကွက်ရန်ရှိပါသလား ခင်ဗျား။ လွှတ်တော် ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ပြင်ဆင်ချက် သည်အတည် ဖြစ်၍ ဤဥပဒေ၏အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၈)၊ ပုဒ်မ ၁၇ ကော်မတီသည် ကြီးကြပ်စစ်ဆေးရေးအဖွဲ့၏ တင်ပြချက် အရ ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်အား ဖောက်ဖျက် ကြောင်း တွေ့ရှိပါက အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ် ချမှတ်နိုင်သည် စကားရပ်အစား ကော်မတီသည် ကြီးကြပ် စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အရ ဤ ဥပဒေပါ ပြဋ္ဌာန်းချက်၊ **"စည်းကမ်းချက်"** တစ်ရပ်ရပ်အား ဖောက်ဖျက်ကြောင်း တွေ့ရှိပါက အောက်ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်နိုင်သည်ဟု ဖြည့်စွက် ပြင်ဆင်သင့် ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအား တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ အမှတ်စဉ်(၉)ပါ ပြင်ဆင်ချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီး၏ သဘောထားတင်ပြဖို့ဖြစ်ပါတယ်။

D/real(wide) (1

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ ပြင်ဆင်ချက်ကို ကန့်ကွက်ရန် မရှိပါ။

ဥက္ကဋ္ဌ။ ဤအဆိုကို ကန့်ကွက်ရန်ရှိပါသလား ခင်ဗျား။ လွှတ်တော် ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ပြင်ဆင်ချက်သည်အတည် ဖြစ်၍ ဤဥပဒေ၏အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၁၁)၊ ပုဒ်မ ၂၄တွင် မည်သူမဆို ပုဒ်မ ၂၃ပါ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်(၃)လအထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀/-(ကျပ်သုံးသိန်း) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် စကားရပ်အစား မည်သူမဆို ပုဒ်မ ၂၃ပါ တားမြစ်ချက်များအား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား **"(၃)လထက်မပိုသော ထောင်ဒဏ်ကိုဖြစ်စေ၊ ကျပ် ၃၀၀၀၀၀/-(ကျပ်သုံးသိန်း) ထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"**ဟုပြင်ဆင်သင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ အမှတ်စဉ်(၁၀)ပါ ပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီး၏ သဘောထားကို တင်ပြဖို့ဖြစ်ပါတယ်။

ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည် ဆိုသည့်အပိုဒ်နှင့် ပတ်သက်ပြီး သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးက ၄င်းအစား ထောင်ဒဏ်(၁)လအထိဖြစ်စေ၊ ကျပ် ၁၀၀၀၀၀/-(ကျပ်တစ်သိန်း)ထက်မပိုသောငွေဒဏ်ဖြစ်စေဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီ ပြင်ထားတဲ့အချက်၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးတင်ထားတဲ့ အချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီးက ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ ကျွန်တော်တို့ အနေနဲ့ မူလကတည်းက သက်ဆိုင်ရာဦးစီး ဆားလုပ်ငန်းဌာနမှ ပညာရှင်မှ အကြံပြုထားတာဖြစ်ပြီး ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ဥပဒေပြုရေးဆိုင်ရာကော်မတီကလည်း သဘောတူပြီးဖြစ်သည့်အတွက် ကျွန်တော့်အနေဖြင့် စောစောက ဆွေးနွေးခဲ့သည့် (၃)လထက် မပိုသော ထောင်ဒဏ်ကို ဖြစ်စေ၊ ကျပ် ၃၀၀၀၀၀/-(ကျပ်သုံးသိန်း) ထက်မပိုသော ငွေဒဏ်ကို ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေချမှတ် ရမည်ဟု အတည်ပြုချင်ပါတယ်။ အဘယ်ကြောင့်ဆိုသော် ဒေါ်နန်းစမ်းစမ်းအေးရဲ့ အဆိုဖြစ်သည့် ထောင်ဒဏ်(၁)လ၊ ငွေဒဏ်(၁)သိန်းသည် ဥပဒေထဲတွင် အကျုံးဝင်သည့် အတွက် ဒီအတိုင်းပဲထားချင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဤအဆိုကို ကန့်ကွက်ရန်ရှိပါသလား ခင်ဗျား။ လွှတ်တော် ကိုယ်စားလှယ်များမှ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ကန့်ကွက်ရန် မရှိသည့်အတွက် ၄င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

D/real(wide) (1

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၁၁)၊ ပုဒ်မ ၂၅ တွင် တရားရုံးသည် ပုဒ်မ ၂၄ အရ ချမှတ်သည့် ဒဏ်ငွေအား ဆားလုပ်ငန်းဦးစီးဌာနသို့ ပေးသွင်းစေရန် အမိန့်ချမှတ် **"နိုင်သည်"**ဟု ပြင်ဆင်သင့်ပါကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအား တင်ပြအပ်ပါတယ် ။

ဥက္ကဋ္ဌ။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အမှတ်စဉ်(၁၁)ပါ ပြင်ဆင်ချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးက ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ ပြင်ဆင်ချက်(၁၁) ကန့်ကွက်ရန် မရှိပါ။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဤအဆိုကို ကန့်ကွက်ရန်ရှိပါသလား ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ် များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ပြင်ဆင်ချက်သည်အတည် ဖြစ်၍ ဤဥပဒေ၏အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

D/real(wide) (1

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ ပြင်ဆင်ချက်(၁၀)လည်း ကန့်ကွက်ရန် မရှိပါ။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤအဆိုကို ကန့်ကွက်ရန်ရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ပြင်ဆင်ချက်သည်အတည် ဖြစ်၍ ဤဥပဒေ၏အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ဒီနေရာမှာ ကျွန်တော်အနည်းငယ်တင်ပြချင်တာက သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးက တင်ပြထားတာတစ်ခုရှိပါတယ်။ ဒေါ်နန်းစမ်းစမ်းအေး၏တင်ပြချက်မှာ အခန်း(၁၁)ပုဒ်မ ၂၄တွင် မည်သူမဆို ပုဒ်မ ၂၃ပါတားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်(၃)လအထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀/-(ကျပ်သုံးသိန်း) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်စကားရပ်အစား **"ထောင်ဒဏ်(၁)လအထိဖြစ်စေ၊ ကျပ် ၁၀၀၀၀၀/-(ကျပ်တစ်သိန်း)ထက်မပိုသော ငွေဒဏ်ဖြစ်စေဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"**ဟု ပြင်ဆင်ရန်အဆိုပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ဥပဒေပြုရေးဆိုင်ရာကော်မတီကပြင်ဆင်ထားတဲ့ (၃)လထက်မပိုသော ထောင်ဒဏ်ကိုဖြစ်စေ၊ ကျပ် ၃၀၀၀၀၀/- (ကျပ်သုံးသိန်း)ထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ၊

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၁၂)၊ ပုဒ်မ ၂၉ တွင် ဆားလုပ်ငန်းဦးစီးဌာနမှူးသည် လိုင်စင်ခကြေးကျန်များ၊ ဒဏ်ကြေး ငွေများအား မြေခွန် မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံရ မည်စကားရပ်အစား ပုဒ်မ ၂၉(က)ပြဋ္ဌာန်းရန် အဖြစ် ဆားလုပ်ငန်း ဦးစီးဌာနမှူးသည် လိုင်စင်ခ ကြေးကျန်များ၊ ဒဏ်ကြေးငွေများအား မြေခွန် မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။ ပုဒ်မ ၂၉(ခ)အဖြစ် ပုဒ်မခွဲ(က)ပါ ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အလို့ငှာ တည်ဆဲဥပဒေများ အရ ကော်လိတ္တော် အရာရှိ၏ လုပ်ပိုင်ခွင့်များ ကိုကျင့်သုံး ဆောင်ရွက်နိုင်သည် ဟုဖြည့်စွက်ပြင်ဆင်သင့်ပါကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ကြီးများအား တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ အမှတ်စဉ်(၁၂)ပါ ပြင်ဆင်ချက်နှင့်စပ်လျဉ်း ပြီး သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ သဘောထား တင်ပြဖို့ဖြစ်ပါတယ်။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ ပြင်ဆင်ချက်(၁၂) ကန့်ကွက်ရန် မရှိပါ။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤအဆိုကို ကန့်ကွက်ရန်ရှိပါသလား ခင်ဗျား။ လွှတ်တော် ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ပြင်ဆင်ချက် သည်အတည် ဖြစ်၍ ဤဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူတဲ့အတွက် ရှမ်းပြည်နယ်ဆားနှင့် ဆားထွက်ပစ္စည်း ဥပဒေ (မူကြမ်း)အား လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

ဦးစိုင်းအောင်ခမ်း မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ "ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ BE-RE နှင့် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေ BE-RE ဘတ်ဂျက်ငွေ လုံးငွေရင်းဖြင့် ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာ ဘဏ္ဍာနှစ် အလိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုမ္ပဏီများ အနေဖြင့် အစိုးရနှင့် ချုပ်ဆိုသော စာချုပ်မိတ္တူများ၊ BP-BQ မိတ္တူများကို မြို့နယ် များရှိ လွှတ်တော်ကိုယ်စားလှယ် များထံသို့ ပေးပို့ရန်" အဆိုကို လွှတ်တော် ကိုယ်စားလှယ်များ က ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ဦးစိုင်းအောင်ခမ်း မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ BE-RE နှင့် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေ BE-RE ဘတ်ဂျက်ငွေလုံးငွေရင်းဖြင့် ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာဘဏ္ဍာနှစ် အလိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုမ္ပဏီများအနေ ဖြင့် အစိုးရနှင့် ချုပ်ဆိုသော စာချုပ်မိတ္တူများ၊ BP-BQ မိတ္တူများကို မြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များ**

D/real(wide) (1

ထံသို့ပေးပို့ရန်” အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးဖို့ အမည်စာရင်း ပေးပို့ထားပါတယ်။ ပထမဦးစွာ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားကိုက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးအားကို၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။ ဂါဝရပြုလေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ကျန်းမာခြင်းစိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ် ခရိုင်၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးအားကို ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်း အဝေး၊ ဒုတိယနေ့မှာ ကျွန်တော်တို့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုင်းပန်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း တင်သွင်းသည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ BE-RE နှင့် ပြည်နယ် ဘဏ္ဍာရန်ပုံငွေ BE-RE ဘတ်ဂျက်ငွေလုံး ငွေရင်းဖြင့် ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် ကုမ္ပဏီများအနေဖြင့် အစိုးရနှင့် ချုပ်ဆိုသောစာချုပ်မိတ္တူများ BP-BQ မိတ္တူများကို မြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ရန် တင်သွင်းသည့် အဆိုကို ဆွေးနွေးထောက်ခံသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များဟာ ဥပဒေပြုရေး တာဝန်၊ အစိုးရအဖွဲ့၏ လုပ်ငန်း ဆောင်ရွက်ချက်များကို

ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်အရ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ ၁၃-၇-၂၀၁၆ ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ (မူကြမ်း)တစ်ခုလုံးအား ပြည်နယ် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန်အတွက် သက်ဆိုင်ရာဝန်ကြီး က အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ တတိယပုံမှန် အစည်းအဝေး တတိယနေ့မှာ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ပြင်ဆင်ချက်များဖြင့် တစ်ပိုဒ်ချင်းအတည်ပြုထားသည့် ရှမ်းပြည်နယ် ဆားနှင့်ဆားထွက်ပစ္စည်း ဥပဒေ(မူကြမ်း)ကို အတည်ပြု ပေးဖို့ လွှတ်တော်ကိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့ ၁၂-၇-၂၀၁၆ ရက်နေ့တွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဆားနှင့် ဆားထွက်ပစ္စည်း ဥပဒေ (မူကြမ်း)အားလွှတ်တော်ကိုယ်စားလှယ်များမှ အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

D/real(wide) (1

ထိန်းညှိသတ်မှတ်ပေးခြင်း၊ Check & Balance တာဝန်ရှိသော အဖွဲ့များဖြစ်သလို နိုင်ငံတော်မှ ခွင့်ပြုပေးသော လုပ်ငန်းများ စံချိန်စံညွှန်းမီမမီစိစစ်ရမည့်အဖွဲ့လည်းဖြစ်ပါတယ်။ တိုင်း၊ ပြည်နယ်၊ ခရိုင်၊မြို့နယ်၊ ကျေးရွာများရှိ မိဘပြည်သူများ၏ လိုအပ်ချက်၊ တောင်းဆိုချက်ကို နိုင်ငံတော်အစိုးရမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု ပိုမိုလျင်မြန်စေရန်အတွက် စီမံချက်ချမှတ်ပြီး ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေများခွဲဝေချထားပေး လျက်ရှိပါတယ်။ ထိုကဲ့သို့ ခွဲဝေချထားပေးသည့် ရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက် ရာမှာ အချို့သော ဌာနများနှင့် အချို့သော ကုမ္ပဏီများဟာ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ မြို့နယ်များတို့လုပ်ငန်းများလာရောက်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များထံ အသိပေးအကြောင်းကြားခြင်း မရှိဘဲ မိမိသဘောဖြင့် လုပ်ငန်းများကိုလာရောက်ဆောင်ရွက်နေသည်ဆိုတာကို တွေ့ရှိရပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မိုင်းဖြတ်မြို့နယ်၏ အခြေအနေကို ဆွေးနွေးတင်ပြလိုပါတယ်။ အခုလို တင်ပြရခြင်းဟာ လည်းသက်ဆိုင်ရာဌာနကို ထိခိုက်စေလိုသည့် တင်ပြချက်မျိုး မဟုတ်ဘဲနဲ့ ကျွန်တော်တို့ မိုင်းဖြတ်မြို့နယ်တွင် ဖြစ်ပျက်နေသည်ကို သိရှိစေလို၍ တင်ပြသည့်သဘောဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ မိုင်းဖြတ် မြို့နယ်မှာဆိုရင် ပထမအကြိမ်လွှတ်တော်သက်တမ်းမှာ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်များက လုံးဝသိရှိခြင်း မရှိဘဲ ၄င်းတို့သဘောဆန္ဒအတိုင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရပါတယ်။

ဥပမာ တစ်ခုအနေနဲ့ တင်ပြရမည်ဆိုရင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာကျေးလက်ဒေသမီးလင်းရေး၊ ရေအားလျှပ်စစ်

ငွေများ လေလွင့်မှုနည်းပါးအောင် ပြည်ထောင်စုရန်ပုံငွေ BE-RE တို့နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ BE-RE ဘတ်ဂျက်ငွေလုံးငွေရင်းများဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက်လုပ်ငန်းများဆောင်ရွက်ရာတွင် ကုမ္ပဏီများ၊ ဌာနဆိုင်ရာများအနေဖြင့် အစိုးရနှင့်ချုပ်ဆိုသော စာချုပ်မိတ္တူများ BP-BQ မိတ္တူများကို သက်ဆိုင်ရာမြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့သင့်ကြောင်းလေးလေးနက်နက် ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက အဆိုကိုဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းနှင့် နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းတင်သွင်းသော အဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အခုလိုတင်ပြရသည်မှာ ပြည်သူများ၏ လူမှုဘဝတိုးတက်၊ဖွံ့ဖြိုး၊ မြင့်မားစေရေးအတွက် ကျွန်တော်တို့သာမကပါဘူး

D/real(wide) (1

ပြည်သူလူထုများရဲ့ လိုအပ်ချက်များကို ဦးစွာသက်ဆိုင်ရာ အစိုးရ အဖွဲ့အစည်းများထံ တင်ပြတောင်းခံ ဖြည့်ဆည်းပေးကြသည့် အဖြည့်ခံ တွေဘဲ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မြို့နယ်ကော်မတီ နှင့် ကျွန်တော်တို့သည်လည်း ရရှိလာသည့်လုပ်ငန်းတွေကို အကျိုးရှိရှိ အပြည့်အဝရရှိစေချင်တာလည်း စိတ်ရင်းစေတနာအမှန်ဖြစ် ပါတယ်။ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က သူ၏ဆန္ဒများ ကို မနေ့က အဆို တင်သွင်းသွားသလို စီမံကိန်းလုပ်ငန်းတစ်ခုကို သွားရောက်ကြည့်ရှုသောအခါ ၎င်းစီမံကိန်းနှင့်ပတ်သက်တဲ့ စာရွက်စာတမ်း BP-BQ များ စံချိန်စံညွှန်းနှင့်အညီရှိ/မရှိကို ဘယ်လိုမှ မစစ်နိုင်ပါဘူး။

လုပ်ငန်းခွင်နှင့်ပတ်သက်သည့်သဘောမျိုး မဟုတ်ဘဲ စီမံကိန်းနှင့်ပတ်သက်ပြီး လွဲချော်နေတာကို ကြပ်မတ်ပေးမှု ဖြစ်တယ်လို့ ပြောချင်ပါတယ်။ အစိုးရအနေဖြင့်သော်လည်းကောင်း၊ ပြည်သူများ အနေဖြင့် သော်လည်းကောင်း၊ ကျွန်တော်တို့ ကိုယ်စားလှယ်များနှင့် ပွင့်လင်းမြင်သာမှုရှိဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဘယ်လုပ်ငန်းကို၊ ဘယ်ကုမ္ပဏီကရရှိလဲဆိုတာ လိုက်မေးမှ သိရသည့် အခြေအနေမျိုး ဖြစ်သည့်အတွက်ကြောင့် ကျွန်တော် တို့နှင့် အတူ သက်ဆိုင်သလို သဘောထားပေးမှ ဖြစ်ပါမယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပညာရှင်များ မဟုတ်ကြသော်လည်း နိုင်ငံတော်ဘတ်ဂျက်ကို အလေအလွင့် မဖြစ်စေလိုသည့် ဆန္ဒကြောင့် ယခုလို တင်ပြရခြင်းဖြစ်ပါတယ်။

ဆီးသီးသည် ဘန်းမှောက်သည့် သဘောမျိုး မဖြစ်စေချင် ပါဘူး။ ကျွန်တော်တို့ကိုယ်စားလှယ်များဟာ လူထု၏ အသံ နားထောင်ပြီး လူထု၏ လိုအပ်ချက်ဖြစ်သည့် လမ်း၊ တံတား၊ ဆောက်လုပ်ရေး၊ ရေ၊ မီးစသည်တို့ကို လွှတ်တော်ကတစ်ဆင့် အစိုးရကို တင်ပြပြီး လူထုနှင့် အစိုးရကြားကို ပေါင်းစည်းပေးသည့်

D/real(wide) (1

လုပ်ငန်းတစ်ခုလျှင် သိန်း (၆၀)နှုန်းနဲ့ လုပ်ငန်း(၆)ခု ဆောင်ရွက်ခဲ့ ပါတယ်။ လုပ်ငန်းဆောင်ရွက်ပြီး (၃)လကျော်ကြာပြီး ပြည်သူများက မီးမရရှိဘူးဟု တင်ပြမှသာလျှင် ဒီလုပ်ငန်းလုပ် ဆောင်ခဲ့ခြင်းကို သိရှိခဲ့ရတဲ့အခြေအနေရှိပါတယ်။ မီးမရရှိကြောင်း ပြည်သူများ၏ တင်ပြချက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်တိုင် ကျေးလက်ဒေသဦးစီမှူးကို ပြောကြားရာမှာ လုပ်ငန်း ဆောင်ရွက် သူကိုပြင်ဆင်ရန် ညွှန်ကြားပေးမည်ဟုဆိုသော်လည်း ယခုအချိန်ထိ ပြန်လည်ပြင်ဆင်သည်ကို မတွေ့ရှိရပါ။

ပထမအကြိမ်လွှတ်တော် သက်တမ်းတစ်လျှောက်လုံးနှင့် ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအစဖြစ်သည့် ယခုခချိန်အထိ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ပတ်သက်သည့် အချက် အလက်များ တစ်ကြိမ်တစ်ခါမှ ရရှိခဲ့ခြင်းမရှိပါ။ သိရှိလိုပါက မိမိတို့ လွှတ်တော် ကိုယ်စားလှယ်ကိုယ်တိုင်သွားရောက်တောင်းယူရသည့် အခြေအနေ မှာရှိပါတယ်။ ထိုကဲ့သို့ ဒေသဖွံ့ဖြိုးရေးဆိုင်ရာအချက်အလက်များကို မရရှိသည့်အတွက် ကျွန်တော်တို့ လွှတ်တော်ကဖော်ဆောင်လျက် ရှိသည့် Check & Balance ဖြစ်အောင် ဆောင်ရွက်နိုင်ခြင်း မရှိသလို နိုင်ငံတော်နှင့် ပြည်သူများအတွက် များစွာထိခိုက်နစ်နာလျက် ရှိကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အထက်ပါဖြစ်စဉ်အရ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် တင်ဒါအောင်မြင်ပြီး အစိုးရနှင့် ချုပ်ဆိုသော စာချုပ်မိတ္တူများ BP-BQများနှင့် အခြား ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပါ သက်ဆိုင်ရာမြို့နယ်များရှိ လွှတ်တော် ကိုယ်စားလှယ်များထံသို့ ပေးပို့ရန်လိုအပ်ကြောင်း တွေ့ရှိရမှာဖြစ် ပါတယ်။ သို့မှသာလျှင်လုပ်ငန်းဆောင်ရွက်ချက်ကို စံချိန်စံညွှန်း မီမမီ စိစစ်နိုင်မှာဖြစ်ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေနဲ့ နိုင်ငံတော်၏ ဘဏ္ဍာ

ကိုယ်စားလှယ်တွေဖြစ်ပါတယ်။ ကျွန်တော်တို့ကိုယ်စားလှယ်များဟာ လူထုအတွက် လွှတ်တော်မှာ အကြိတ်အနယ်တောင်းဆိုပေးပြီးရလာခါမှ အစာရေစာအလေအလွင့်မရှိအောင် ဘယ်လိုအရေးယူ ပေးမည်။ ပုံစံများကို မဖြစ်ဖြစ်အောင် တောင်းဆိုပေးသည်။ ဒါကြောင့်ပြည်ထောင်စု ဘတ်ဂျက်ဖြစ်ဖြစ်၊ ပြည်နယ် ဘတ်ဂျက်ဖြစ်ဖြစ် မိမိတို့မြို့နယ်မှာ လူထုများလိုအပ်တဲ့အခါမှာ သက်ဆိုင်ရာ ကိုယ်စားလှယ်များကို အသိပေးခြင်း၊ စာချုပ်စာတမ်း BP-BQ များ မိတ္တူပေးခြင်း၊ အရည်အသွေးစိစစ်ရေးကော်မတီမှာ ကိုယ်စားလှယ်များပါဝင် ဖွဲ့စည်းရေးဆိုတဲ့ ဦးစိုင်းအောင်ခမ်းရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလင်းအောင်ဆွေက အဆိုကိုဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွရှမ်းပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း တင်သွင်းသွားခဲ့တဲ့ အဆိုကို ထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်။

သတ်မှတ်ချက်တွေနဲ့အညီ စာချုပ်ချုပ်ဆိုပြီးဆောင်ရွက် ခွင့်ပြုပေးခဲ့ကြတာဖြစ်ပါတယ်။

ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိမဲဆန္ဒနယ်မြေအလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ် များ မြို့မိ၊ မြို့ဖများနှင့် အတူ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းလိုက်ပါဆောင်ရွက်ကြရတာဖြစ်တာကြောင့် ဒေသအတွင်း ပြည်သူလူထုနှင့် ထိတွေ့ကွင်းဆင်းဆောင်ရွက်ချိန်မှာ အထက်တင်ပြပါ တင်ဒါအောင်မြင်ထားတဲ့ကုမ္ပဏီများရဲ့ တည်ဆောက်ရေး လုပ်ငန်းများကို အလျဉ်းသင့်သလို ဝင်ရောက် ကြည့်ရှု စစ်ဆေး အကြံပြုကြရပါတယ်။ မြို့နယ်အုပ်ချုပ်ရေးပိုင်းက တာဝန်ပေးအပ်ခြင်းခံရတဲ့ စစ်ဆေးရေးအဖွဲ့ တွေနဲ့လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရတာဖြစ်ပါတယ်။ ဒီလိုစစ်ဆေးတဲ့နေရာမှာ တင်ဒါအောင်မြင်ထားတဲ့ကုမ္ပဏီများအနေနဲ့ စာချုပ်ချုပ်ဆိုစဉ်ကပါရှိတဲ့ BP-BQ များကို လုပ်ငန်းစတင် ချိန်ကစပြီး မြို့နယ်အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲရေးကော်မတီကို မိတ္တူပေးပို့ပြီး သတ်မှတ်ချက်နှင့်အညီ တည်ဆောက်မှုကဏ္ဍအရပ်ရပ်ကို လိုက်ပါတင်ပြ အစစ်ဆေးခံပေးသွားရမှာဖြစ်ပါတယ်။

အလျဉ်းသင့်လို့ သာဓကအဖြစ် တင်ပြလိုသည်မှာ ကျွန်တော်တို့ နမ့်စန်မြို့နယ်ရှိ ခိုလန်မြို့နယ်ခွဲမှ မီးသတ်ဦးစီးဌာနတပ်စုအဆင့် အဆောက်အဦကို တာဝန်ယူတည်ဆောက်နေတဲ့ Titan Sky ကုမ္ပဏီဟာ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ဆောက်လုပ်ခွင့်ရန်ပုံငွေ ကျပ် (၄၀၊ ၃၃၈၀၄)သန်း ဖြင့် ၄-၈-၂၀၁၆ရက်နေ့ကတည်းက စတင်ဆောက်လုပ်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိ စီ/ခန့်ကော်မတီများကို သတင်းပို့ခြင်းမရှိသဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အတူ ကျွန်တော်တို့ ပြည်နယ်လွှတ်တော်

D/real(wide) (1

ကိုယ်စားလှယ် (၂)ဦး ခိုလန်မြို့အတွင်း ၂၆-စ-၂၀၁၆ရက်နေ့ ကွင်းဆင်းခဲ့ချိန် အဆိုပါ ကုမ္ပဏီတာဝန်ရှိသူ တွေ့ကို ခေါ်ယူမေးမြန်းစဉ်မှာ ကုမ္ပဏီကတာဝန် ပေးထားတဲ့ ဆောက်လုပ်ရေးတာဝန်ခံသာရှိပြီး BP-BQ Estimate များကို မသိရှိကြောင်း၊ ကုမ္ပဏီမှာသာရှိ ကြောင်းသိရှိရတဲ့အတွက် အဆိုပါကုမ္ပဏီကို မြို့နယ်အုပ်ချုပ်ရေးမှူး က BP-BQ Estimate နှင့်တကွ နမ့်စန်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင် လာရောက်တွေ့ဆုံရန် ခေါ်ယူခဲ့သော်လည်း ယနေ့အထိလာရောက် တွေ့ဆုံရှင်းလင်းခြင်း မရှိကြောင်း သိရှိရပါသည်။

အခုလိုရှင်းလင်းတင်ပြရတာဟာ ဒီကုမ္ပဏီရဲ့ အကျိုးစီးပွားနှင့် လုပ်ငန်းတွေကို ထိခိုက်နစ်နာစေလိုတဲ့ သဘောနဲ့ တင်ပြတာ မဟုတ်ပါဘူးခင်ဗျား။ မြို့နယ်အဆင့် တာဝန်ရှိသူများ ၊ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မိမိဒေသ၊ မြို့ရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လိုက်လံကွင်းဆင်း အကောင်အထည်ဖော်ဆောင်ရွက် နေချိန်မှာ နိုင်ငံတော်ဘဏ္ဍာဖြင့် တည်ဆောက်နေတဲ့ လုပ်ငန်းများ အရည်အသွေးမီစေပြီး ရေရှည် အကျိုးရှိစေလိုခြင်းကြောင့် အပြုသဘောနဲ့သာ တင်ပြခြင်းဖြစ်ပါတယ်။ ကုမ္ပဏီများအနေနဲ့ တင်ဒါတင်သွင်းစဉ်က သဘောတူညီခဲ့တဲ့ သတ်မှတ်ချက်စည်းမျဉ်း၊ စည်းကမ်း စံချိန်၊ စံညွှန်းနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/မရှိ တိုက်ဆိုင်စစ်ဆေးနိုင်ရန်အတွက် လုပ်ငန်းများနဲ့ ပတ်သက်တဲ့ BP-BQ ပုံစံများကို ခရိုင်၊ မြို့နယ် အဆင့်တာဝန်ရှိသူများထံ မိတ္တူပေးပို့ထားပြီး တာဝန်ရှိသူများကလည်း အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းအစ၊ အလယ်၊ အဆုံး ပြီးစီးသည်အထိ စနစ်တကျ ကြပ်မတ်စိစစ် ဆောင်ရွက်နိုင်ခဲ့ပါက မြို့နယ်၊ ခရိုင်၊ ပြည်နယ်အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်မှုကိုထိရောက်စွာ အထောက်အကူပြုသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အပါအဝင် ယခုရှမ်းပြည်နယ်ရဲ့ မြို့နယ်အသီးသီးကို ကိုယ်စားပြုသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဟာ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ အခန်း(၄)၊ ပုဒ်မ(၉)တာဝန်များ၊ ပုဒ်မ (၁၀) လုပ်ပိုင်ခွင့်များ၊ ပုဒ်မ (၁၁)ကျင့်ဝတ်နှင့် စည်းကမ်းများကို အထူး အလေးထား တိကျစွာ လိုက်နာဆောင်ရွက်ရသူများဖြစ်ပါတယ်။ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော် ဆိုင်ရာ ဥပဒေ ပုဒ်မ ၉၊ အပိုဒ်ခွဲ(၄)ပါ မဲဆန္ဒနယ်မြေနှင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင် ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းဆိုတဲ့ အချက်အရ ဦးစိုင်းအောင်ခမ်းမိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ရဲ့အဆိုကို လက်ခံ ဆွေးနွေးပေးရခြင်းဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရ၏ ရှမ်းပြည်နယ်အစိုးရရဲ့ ဝန်ကြီးဌာနအသီးသီးက နိုင်ငံတော်နဲ့ ပြည်နယ်၊ ခရိုင်၊ မြို့၊ ရွာ၊ ဒေသဖွံ့ဖြိုးရေးအတွက်ရုံး၊ ဌာန၊ လမ်း၊ တံတား၊ ကျောင်း၊ စျေး၊ ဆေးရုံ၊ လျှပ်စစ်မီး၊ ရေရရှိရေး စတဲ့တည်ဆောက်ရေး လုပ်ငန်းစဉ်တွေကို ဘဏ္ဍာရေးနှစ်အလိုက် တည်ဆဲဥပဒေနှင့်အညီ စီမံကိန်း စနစ်တကျ ရေးဆွဲပြီး တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီတွေကို စနစ်တကျ တင်ဒါခေါ်ယူကာစိစစ်ရေးဘုတ်အဖွဲ့များနှင့် သတ်မှတ်ရက်မှာ စနစ်တကျစစ်ဆေးပြီး စည်းမျဉ်း စည်းကမ်း၊ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချက်ပြည့်စုံတဲ့ ကုမ္ပဏီတွေကို အစိုးရအဖွဲ့ Cabinet အထိ သက်ဆိုင်ရာဝန်ကြီးဌာနကတင်ပြ အတည်ပြုချက်ရယူ၍ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်း

D/real(wide) (1

သို့ဖြစ်ပါ၍ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း တင်သွင်းသည့် အဆိုကို အလေးအနက်ထောက်ခံသည့် အဆိုတင်သွင်းပါကြောင်း ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ထောက်ခံဆွေးနွေးသွား ပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ခုနှစ် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၂၅(ဇ)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းရဲနိုတစ်လုံး၊ ဘဏ္ဍာရေးဝန်ကြီး။ ရှမ်းပြည်နယ် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယ ပုံမှန် အစည်းအဝေး တတိယနေ့မှာ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး၊ ရှမ်းပြည်နယ်အစိုးရဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ချမ်းသာကြပါစေကြောင်း ဦးစွာပဏာမပြောကြားလိုပါတယ်။ ယခုတည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်ပြီး ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ မေးမြန်းချက်တွေကို

BP-BQ မိတ္တူများကို မြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များထံ ပေးဝေရန်အဆို တင်သွင်းခြင်းကိစ္စနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း တင်ပြအပ်ပါတယ်-

တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရမှ ချမှတ်ထားတဲ့ မူဝါဒများနှင့်သော်လည်းကောင်း ပြည်ထောင်စု ဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိတဲ့ လုပ်ငန်းများနှင့် စပ်လျဉ်း၍ စီမံကိန်းများကို လွှတ်တော်ရဲ့သဘောတူညီချက်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရမယ်လို့ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၃၃မှာပြဋ္ဌာန်းထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၃၁(က)မှာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရသည် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ကြီးဌာနများနှင့် ယင်းတို့၏လက်အောက် အစိုးရလက်အောက်ဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်း ဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီဖြစ်စေရန်သော်လည်းကောင်း၊ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက် များနှင့်အညီဖြစ်စေရန်လည်းကောင်း စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းများပြုရမည်။ ဥပဒေပုဒ်မ၃၁(ခ)တွင် မိမိတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အတွင်း တာဝန်ထမ်းဆောင် လျက်ရှိသော နယ်ဖက်ဝန်ထမ်းအဖွဲ့အစည်းများရဲ့ လုပ်ငန်း ဆောင်ရွက်မှုများကို ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်းများပြုလုပ်နိုင်မည်ဟု ဥပဒေမှာပြဋ္ဌာန်းထား ပါတယ်။

D/real(wide) (1

ရှင်းလင်းချက် မဆွေးနွေးခင်မှာ ပြီးခဲ့တဲ့ အစိုးရသက်တမ်းမှာ အတွေ့အကြုံအနည်းငယ်ရှင်းပြလိုပါတယ်။ ပြီးခဲ့တဲ့အစိုးရသက်တမ်းမှာ လွှတ်တော်သက်တမ်းမှာလည်းပဲ တည်ဆောက်ရေးလုပ်ငန်းတွေရှိခဲ့ ပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်လည်း ကိုယ့်မြို့၊ ကိုယ်ရွာမှာဘာတွေ လုပ်နေလဲ၊ ဘာတွေ ဆောင်ရွက်နေလဲဆိုတဲ့ကိစ္စတွေကိုသိချင်ပါတယ်။ နီးစပ်ရာ ပါတီအဖွဲ့အစည်းတွေ၊ နီးစပ်ရာပြည်သူ့လွှတ်တော်တွေကို ချဉ်းကပ်အကူအညီတောင်းပြီး သတင်းအချက်အလက်ရယူ၍ ကိုယ့်နည်းကိုယ့်ဟန်ဖြင့်သွားရောက်ပြီး စုံစမ်းခဲ့ဖူးပါတယ်။ တကယ်လုပ်လား၊ မလုပ်လားဘယ်သူ့ကိုမှ အပြစ်ယူဖို့ မဟုတ်ပါဘူး။ တကယ်ဆောင်ရွက်ချက်ရှိ/မရှိဆိုတဲ့ကိစ္စတွေကို လေ့လာသုံးသပ်တာရှိပါတယ်။ အခုအစိုးရသက်တမ်းမှာ ကျွန်တော်တို့ရဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဟာ အပြုသဘောဆောင်သည့်ပြောင်းလဲခြင်း တစ်ခုကို ဆောင်ရွက်နေ ဟု မြင်တွေ့ရတဲ့အတွက် အနှုးအညွှတ်ဝမ်းသာမိပါတယ်။ ရှမ်းပြည်နယ်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်းတင်ပြလာတဲ့ ပြည်ထောင်စုရန်ပုံငွေ BE-RE တို့နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ BE-RE ဘတ်ဂျက်ငွေလုံးငွေရင်းများဖြင့် ရှမ်းပြည်နယ်အတွင်းမှာ ဆောင်ရွက်နေသည့် မြို့နယ်အသီးသီးမှာ ကဏ္ဍအလိုက်ဆောင်ရွက်နေတဲ့ လုပ်ငန်းများကိုဆောင်ရွက်ရာတွင် ကုမ္ပဏီများအနေဖြင့် အစိုးရနှင့်ချုပ်ဆိုသော စာချုပ်မိတ္တူများ၊ BP-BQ မိတ္တူများကို မြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များထံပေးပို့ရန်ဆိုတဲ့ အဆိုကို ရှင်းလင်း သွားမှာဖြစ်ပါတယ်။

ပြည်ထောင်စု ရန်ပုံငွေ၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊ ငွေလုံးငွေရင်းခွင့်ပြု ရန်ပုံငွေနဲ့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်အသီးသီး သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများဆောင်ရွက်သည့် နေရာမှာကုမ္ပဏီများအနေဖြင့် အစိုးရနှင့်ချုပ်ဆိုသည့်စာချုပ်မိတ္တူများ

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရသည် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနကရေးဆွဲပြုစုပေးတဲ့ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ရဲ့ ဘဏ္ဍာငွေရသုံးဆိုင်ရာ လျာထားချက်များကို လွှတ်တော်မှာ ဆွေးနွေးနိုင်ပါရန်တင်သွင်းတဲ့ ဆွေးနွေးအကြံပြုပြီး ဘဏ္ဍာငွေရသုံးဆိုင်ရာ လျာထားချက်များကို ဘဏ္ဍာရေး ကော်မရှင်သို့ တင်ပြညှိနှိုင်းပြီးနောက် ပြည်နယ်အရအသုံး ခန့်မှန်းခြေငွေစာရင်းကို ဝန်ကြီးချုပ်ရဲ့ ထောက်ခံတင်ပြချက်ဖြင့် လွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက်ရယူရမှာဖြစ်ကြောင်း ပုဒ်မ ၃၄ နှင့် ၃၅ မှာ ပြဋ္ဌာန်းထားပါတယ်။ လွှတ်တော်မှအတည်ပြုပြီးသည့်နောက် ရှမ်းပြည်နယ်လွှတ်တော်က ၂၀၁၅ခုနှစ် ရှမ်းပြည်နယ်လွှတ်တော် အမှတ် ၂ ဖြင့် လည်းကောင်း၊ ၂၀၁၆ခုနှစ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၃ဖြင့် လည်းကောင်း ရှမ်းပြည်နယ်ဘဏ္ဍာငွေအရသုံးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။

အဆိုပါဥပဒေနှင့် ပြည်နယ် အစိုးရရဲ့ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နဲ့ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများကို ပြည်နယ်၏ဘဏ္ဍာငွေ၊ရန်ပုံငွေအစီ အစဉ်နှင့် လုပ်ငန်းများကို ဆောင်ရွက်ရန်တာဝန်ပေးအပ်ထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဌာနအဖွဲ့အစည်းများမှ လုပ်ငန်းဆောင်ရွက်မှုများကို ဝန်ကြီးချုပ်ထံ တာဝန်ခံရှင်းလင်းတင်ပြရပါတယ်။ အစိုးရဌာနများအနေနဲ့ ဌာနများအတွက် အမှန်တကယ် လိုအပ်သောရုံးသုံး အဆောက်အဦ၊ ဝန်ထမ်းအိမ်ရာအဆောက်အဦ တည်ဆောက်ရန် လိုအပ်ပါက ဘဏ္ဍာရန်ပုံငွေနဲ့ ခွဲဝေချထားပေးမည့် ပြည်ထောင်စုအစိုးရအဖွဲ့ (သို့မဟုတ်) တိုင်းဒေသကြီး

D/real(wide) (1

လာရောက်စိစစ်နိုင်ဖို့အတွက် ကျွန်တော်တို့ သက်ဆိုင်ရာ မြို့နယ်မှာ ရှိတဲ့ ကုမ္ပဏီများ၊ တည်ဆောက်ရေး ကုမ္ပဏီများအနေနဲ့ အဆောက်အဦရဲ့ BP-BQ လုပ်ငန်းများ၊ စာချုပ်များကို အသင့်ထားရှိစေရန် ကျွန်တော်တို့ ညွှန်ကြားထားလျက်ရှိပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ၁၃-၆-၂၀၁၆ ရက်စွဲပါစာအမှတ် ၆၁၆၄/၇-၃၁၁/အစရ(ရှမ်း) ဖြင့် အစိုးရဌာန အဖွဲ့အစည်းများအား သက်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုနိုင်ရေးအတွက် ပွင့်လင်း မြင်သာစွာ တာဝန်ခံမှု၊ တာဝန်ယူမှုရှိစေရန်နှင့် တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နိုင်ရန် တင်ဒါခေါ်ယူရေးကော်မတီ၊ ကြမ်းခင်းစျေး တွက်ချက်ရေးလုပ်ငန်း ကော်မတီ၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ အရည်အသွေး စိစစ်ရေးကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ရန်၊ ဘဏ္ဍာရေး စည်းမျဉ်း၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် စိစစ်ကြီးကြပ်ရေးဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုတင်သွင်းမှု၊ ခွဲဝေချထားပေးသောရန်ပုံငွေနှင့် လုပ်ငန်းများ ဆောင်ရွက်ရာမှာ အချို့သောဌာနများနှင့် ကုမ္ပဏီများသည် ပွင့်လင်းမြင်သာမှု မရှိခြင်း၊ မြို့နယ်သို့ လုပ်ငန်းများ လာရောက် ဆောင်ရွက်တဲ့အခါမှာ သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များထံအကြောင်းကြားအသိပေးမှုမရှိဘဲ မိမိသဘောနဲ့ လုပ်ငန်းများ လာရောက်ဆောင်ရွက်နေသည်ကိုတွေ့မြင်နေရပါတယ်။ ဒါကြောင့် လုပ်ငန်းအရည်အသွေးစိစစ်ရေးကော်မတီအနေဖြင့် လုပ်ငန်းများ စိစစ်ပေးရာမှာ BP-BQ များကို သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူများက တင်ပြခြင်းမရှိတာကြောင့် စံချိန် စံညွှန်းကိုက်ညီမှုရှိ/မရှိ စစ်ဆေးရန်အခက်အခဲဖြစ်နေကြောင်း ကြားသိနေရသဖြင့် အဆိုတင်သွင်းရခြင်းဖြစ်ကြောင်းဖော်ပြထားပါတယ်။

ပြည်နယ်အစိုးရအဖွဲ့ထံ မိမိတို့တည်ဆောက်ရေးလုပ်ငန်းများရဲ့ သတ်မှတ်အင်ဂျင်နီယာ၊ တွက်ချက်မှုများနဲ့ ပုံများ၊ ခန့်မှန်းခြေစာရင်းများ ပါဝင်တဲ့ BP-BQ စာရွက်စာတမ်းများကို ပူးတွဲတင်ပြလျှောက်ထားရကြောင်း၊ ဘဏ္ဍာရန်ပုံငွေနဲ့ ခွဲဝေချထားပေးမည့် ပြည်ထောင်စုအစိုးရအဖွဲ့ (သို့မဟုတ်) တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များနဲ့ တည်ဆောက်ရေးလုပ်ငန်းများ၊ စိစစ်ရေးကော်မတီများက လျှောက်ထားတဲ့ အဆောက်အဦပုံစံများနဲ့ ခန့်မှန်းခြေငွေစာရင်း များကို မှန်ကန်မှု ရှိ/ မရှိ ဦးစွာစိစစ်ရပါတယ်။ စိစစ်ပြီးလိုအပ်ချက်ရှိပါက ပယ်ရန်ပြင်ဆင်လျှောက်ထားနိုင်တယ်။

လျှောက်ထားချက်အားခွင့်ပြု ပြီးပါက သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ အဆောက်အဦ တည်ဆောက်နိုင်မည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများအား တင်ဒါခေါ်ယူကာ အစိုးရအဖွဲ့ဌာနက တည်ဆောက်ရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီး၊ ပြည်နယ် တည်ဆောက်ရေးလုပ်ငန်းများ အိတ်ဖွင့် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီက စိစစ်ရွေးချယ်ပါတယ်။ တင်ဒါအောင်မြင်၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ ကုမ္ပဏီများရဲ့ တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ် စည်းကမ်း၊ စံချိန်စံညွှန်းများနှင့်အညီ လုပ်ကိုင်မှု ရှိ/မရှိ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့က တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးလျက်ရှိတဲ့အပြင် အဆောက်အဦလုပ်ရန် လုပ်ငန်းအပ်နှံသူ အစိုးရရဲ့ တည်ဆောက်ရေးကြီးကြပ်မှုကော်မတီများကလည်း စည်းကမ်းချက်နှင့်အညီ လုပ်ငန်းပြီးစီးမှု ပမာဏနှင့် သတ်မှတ်အရည်အချင်းမီ/မမီ ကြည့်ရှုစစ်ဆေးကာ ကြီးကြပ်သူ အထက် အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၏ ပြည်နယ်အစိုးရအဖွဲ့တည်ဆောက်ရေးလုပ်ငန်းကော်မတီထံတင်ပြဆောင်ရွက်ရပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာ

D/real(wide) (1

ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရရဲ့ ၁၂-၁၁-၂၀၁၃ရက်စွဲ နှင့် ဝန်ကြီးဌာနများက ကန်ထရိုက်စာရင်းနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်း လမ်းညွှန်မှာ လွှတ်တော်ကိုယ်စားလှယ်များသို့ စာချုပ်မိတ္တူ BP-BQ မိတ္တူများပေးပို့ရန် မပါရှိပါကြောင်းတွေ့ရှိရပါတယ်။ ထို့ကြောင့်ဒီကိစ္စမှာ ကန်ထရိုက်စာချုပ်မှာသတ်မှတ်ထားတဲ့စည်းမျဉ်း၊ စည်းကမ်းချက်များကို ပြင်ဆင်ရန်လိုအပ်ပါကြောင်းပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများအပိုဒ် ၁၁၃(ဂ)မှာ အဆိုများသည် ရှင်းလင်းပြတ်သား၍ တိကျစွာဖော်ပြသောအကြောင်းရပ်တစ်ခုပါရှိရမည်လို့ ဖော်ပြထားပါတယ်။ အဆိုတင်သွင်းမှုသည် မည်သည့်ဌာန၊ မည်သည့်ကုမ္ပဏီ၊ မည်သည့် အရည်အသွေး စိစစ်ရေး ကော်မတီဟု တိတိကျကျမပါရှိဘဲ ယေဘုယျဆန်နေသည်ကို တွေ့ရှိရပါတယ်။ တိတိကျကျ အဆိုတင်သွင်းပါက သက်ဆိုင်ရာဌာနများနှင့်အဖွဲ့အစည်းများမှ တာဝန်ယူဖြေရှင်းရမှာဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။ သို့ဖြစ်၍ ယခုတင်သွင်းတဲ့ အဆိုကို မှတ်တမ်းတင်ထားသင့်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးမှ ကျွန်တော်တို့ ဒီအဆိုကို မှတ်တမ်းတင်ထားဖို့အတွက် လွှတ်တော်ကိုတင်ပြထားပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၃ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅ (စ)နှင့်(ဆ)အရ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည်အကျဉ်းချုပ်ပြီးတော့မှ ဆွေးနွေးနိုင်ပါတယ်။

ရှိတဲ့အစိုးရရုံး၊ ဌာန၊အဆောက်အဦတည်ဆောက်မှုအဆင့်ဆင့် သတ်မှတ်ချက်၊ သတ်မှတ်အရည်သွေးပြည့်မီရေးကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ တည်ဆောက်ရေးလုပ်ငန်းကော်မတီက အစိုးရဌာန၊ ရုံးများရဲ့အဆောက်အဦတည်ဆောက်ရန် လျှောက်လွှာ လျှောက်ထားမှုများအား ကနဦးစိစစ်ခြင်း၊ ရွေးချယ်ခြင်း၊ တည်ဆောက်ခွင့်ပြုခြင်းနှင့်တည်ဆောက်မည့် ကုမ္ပဏီရွေးချယ်ခြင်း၊ တည်ဆောက်မှု အရေအတွက်တွက်ချက်ခြင်းတို့ကို ကျွမ်းကျင်သူ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ရှမ်းပြည်နယ်ရုံးခွဲမှ အင်ဂျင်နီယာများပါဝင်တဲ့အဖွဲ့နှင့် စစ်ဆေးလျက်ရှိပါတယ်။

သို့ဖြစ်၍ အဆိုရှင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းအောင်ခမ်းအနေနဲ့ မိမိမဲဆန္ဒနယ်အတွင်းမှာရှိတဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းဖြင့် ဖြည့်စွက်ဘဏ္ဍာငွေချထားခွင့်ပေးတဲ့ အစိုးရရုံး၊ ဌာနတည်ဆောက်ရေးလုပ်ငန်းများရဲ့ လုပ်ငန်းအရည်အသွေးကောင်းမွန်နိုင်ရေး၊ နိုင်ငံဘဏ္ဍာယိုဖိတ်မှု မရှိစေရေး၊ သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများ နှင့်အညီလုပ်ငန်းများ အချိန်မီပြီးစီးစေရေးအတွက် တစ်ဖက်တစ်လမ်းမှအထောက်အကူပြုစေရေး၊ Check & Balance လုပ်ငန်းလုပ်ကိုင်မည်ဆိုလျှင် လုပ်ငန်းအရည်အသွေးကောင်းမွန်အောင်ကြီးကြပ်နိုင်ဖို့ဆိုလျှင် ၎င်းအဆိုအား မူအားဖြင့် သဘောတူပါတယ်။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များဟာ လွှတ်တော်ဥက္ကဋ္ဌကို ကိုယ်စားပြုပါတယ်။

ဒါကြောင့် တည်ဆောက်ရေး လုပ်ငန်းမှာ လွှတ်တော်ဥက္ကဋ္ဌကနေ တစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့ကို အကြောင်းကြားတဲ့အခါ ပြည်နယ်အစိုးရက တည်ဆောက်ခွင့်ရတဲ့ ကုမ္ပဏီနဲ့ တည်ဆောက်ဆဲ အဆောက်အဦများရဲ့ BP-BQ များ၊ အစိုးရတာဝန်ရှိသူများနဲ့ ဆက်သွယ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တာဝန်ရှိသူများက

D/real(wide) (1

အစည်းအဝေးတွင် ကျွန်တော့်အနေဖြင့် မိုးပြဲပြည်သူများအားလုံး ကိုယ်စား ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာအုပ်စုမှ ဖယ်ခုံမြို့နယ်၊ မိုးပြဲမြို့ အဆင့်သို့ တိုးမြှင့် သတ်မှတ် အတည်ပြုနိုင်ရန် ရှမ်းပြည်နယ် လွှတ်တော်သို့ အဆိုတစ်ရပ်ကို တင်သွင်းသွားပါမယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ မိုးပြဲကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း (၄၂)ရွာဖြင့် အိမ်ခြေ (၅၁၅၇)အိမ်ရှိပြီး လူဦးရေ စုစုပေါင်း(၂၆၆၈၇)ဦး ရှိပါသည်။ ကျေးရွာ(၄၂)ရွာအနက် (၁၄)ရွာကို မြို့ပေါ်(၁၄)ရပ်ကွက် အဖြစ် သတ်မှတ်ခေါ်ဆိုထားပါသည်။ ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာအုပ်စု အဖြစ် သတ်မှတ်ထားပါသော်လည်း မိုးပြဲသည် သမိုင်းစဉ်လာ အရသော်လည်းကောင်း၊လက်ရှိအခြေအနေအရသော်လည်းကောင်း မြို့တစ်မြို့ ဖြစ်သင့်ကြောင်း မိုးပြဲပြည်သူများဆန္ဒပြုကြပါသည်။

မိုးပြဲသည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ (၁၉၀၇) ရှိပြီး ဧရိယာ အကျယ်အဝန်းမှာ (၂၄၀၀)ဧက ရှိပါသည်။ နောက်ခံ သမိုင်း တင်ပြရလျှင် မိုးပြဲသည် လွန်ခဲ့သော နှစ်ပေါင်း (၅၀၀)ခန့်က ပဒေသရာဇ်စော်ဘွားများနှင့် စော်ဘွား မင်းဆက် နှစ်ဆက် အုပ်ချုပ်ခဲ့သည့် သီးခြားလွတ်လပ်သောနယ်မြေ ဖြစ်ပြီး ၁၉၅၈ ခုနှစ် နောက်ပိုင်းတွင် မိုးပြဲအုပ်ချုပ်ရေးသည် ရှမ်းပြည်နယ် အစိုးရ လက်အောက်သို့ သွတ်သွင်းရောက်ရှိခဲ့ပါသည်။ ရုံးနှင့်အခြားအဖွဲ့အစည်းများ တည်ရှိမှုအရ မိုးပြဲသည်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး တစ်ရုံးရှိပြီး မြန်မာနိုင်ငံရဲစခန်းနှင့် ကယားအမျိုးသားကာကွယ်ရေး တပ်ရုံးလည်းရှိပါသည်။ အများပိုင်နေရာတွင် အိတ်ချိန်းရုံးမြေနေရာ၊ အရန်မီးသတ်ရုံးမြေနေရာ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး မြေနေရာနှင့်မြို့ခန်းမဆောင်မြေနေရာ နေရာထားရှိခြင်းရှိပါသည်။ အားကစားကွင်းနှင့်ပတ်သက်ပြီး မိုးပြဲသည် ရပ်ကွက်၊ ကျေးရွာအလိုက် ဘောလုံးအားကစားကွင်း

ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်သွင်းသော အဆိုသည် ကိုယ်ရေးကိုယ်တာအတွက်မဟုတ်ပါ။ တင်သွင်း လိုက်သည့် အဆိုသည် ရှမ်းပြည်နယ်တစ်ပြည်နယ်လုံးအတွက် သက်ဆိုင်တဲ့ အဆိုဖြစ်သည့် အတွက် ကျွန်တော်၏အဆိုကို လွှတ်တော်၏ အဆုံးအဖြတ်ရယူပါမည် ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို မှတ်တမ်း တင်သင့်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသွားပါတယ်။ တစ်ခါအဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်ကလည်းပဲ ၄င်းအဆိုကို အတည်ပြုပေးဖို့အတွက် လွှတ်တော်ရဲ့ ဆန္ဒကိုခံယူလိုပါကြောင်း တင်ပြလာတဲ့အတွက် ယခု ဒီအဆိုနဲ့ စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူမှာဖြစ်ပါတယ်။ ၂၀၁၃ခုနှစ် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၃၇(က) အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ယခုအဆိုကို အတည်ပြုရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တပ်ရပ်၍ ဆန္ဒပြုရန်ဖြစ်ပါတယ်။ ရပါပြီ။ ထိုင်နိုင်ပါပြီ။

အတည်ပြုရန် ထောက်ခံသည့်လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ(၇၉)ဦးဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးတက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ်ဟာ စာရင်းအရ (၁၂၀)ဦးဖြစ်တဲ့အတွက် အဆိုကို အတည်ပြုရန်မထောက်ခံတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ (၄၁)ဦးဖြစ်ပါတယ်။ (၇၉)နှင့် (၄၁)ဖြစ်ပါတယ်။

D/real(wide) (1

ရှိကြပြီး အုပ်စုပိုင် အားကစားကွင်းတစ်ကွင်း သီးသန့်ရှိပါသည်။ နိုင်ငံရေး ပါတီများ အနေဖြင့် မိုးပြဲတွင် ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ကယန်း အမျိုးသားပါတီ စသည့် နိုင်ငံရေးပါတီများက တက်ကြွစွာ စည်းလုံး လှုပ်ရှားကြပါသည်။ မိုးပြဲ၏ အဓိကဆက်သွယ်ရေးလမ်းများမှာ ကတ္တရာလမ်းများ ဖြစ်ကြသည့် မိုးပြဲ-လွိုင်ကော် ကားလမ်း၊ မိုးပြဲ-ဖယ်ခုံ- တောင်ကြီး ကားလမ်း၊ မိုးပြဲ-ဒီမောဆိုမြို့ ကားလမ်းနှင့် မိုးပြဲ-ပီကင်းကားလမ်းစသည့်ဆက်သွယ်ရေးအချက်အချာကြသည့် နေရာတွင်တည်ရှိပြီး လွိုင်ကော်-အောင်ပန်းသွား မီးရထား ဘူတာရုံလည်းရှိပါသည်။

မိုးပြဲတွင် မြို့အဖြစ်သတ်မှတ်နိုင်သည့် ၁၄ ရပ်ကွက်နှင့် တစ်ဆက် တစ်စပ်တည်း တည်ရှိသောကျေးရွာ (၈)ရွာ၏ ပညာရေးသည်အထက်တန်းကျောင်း (၁)ကျောင်း၊ အထက်တန်းခွဲကျောင်း(၁)ကျောင်း၊ အလယ်တန်းကျောင်း(၁)ကျောင်း၊ မူလတန်းကျောင်း(၁၇)ကျောင်းရှိကြပြီး မြို့တစ်မြို့၏ အင်္ဂါရုပ်များနှင့်အညီ ရှိပါသည်။ ကျန်းမာရေးကဏ္ဍတွင် တိုက်နယ် ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ စားသောက်ဆိုင်များ၊ ဆန်စက်များ၊ ဝပ်ရှော့များ၊ စည်ပင်သာယာ စျေးရှိကြပြီး မြို့နယ် စည်ပင်သာယာရေးဌာနသို့ နှစ်စဉ်အကောက်အခွန်ငွေကျပ်သိန်း (၅၀၀)ကျော်ပေးသွင်းခဲ့ရသည်။ မိုးပြဲတွင်နေထိုင်သည့် တိုင်းရင်းသား လူမျိုးများမှာ ရှမ်း၊ အင်းသား၊ ပအိုဝ်း၊ ဗမာ၊ ကယား၊ ကရင်နှင့် ကယန်းဖြစ်ကြပြီး ယခုလက်ရှိတွင် လူဦးရေ အများအပြားစည်ကားလာပြီဖြစ်တဲ့အတွက် မိုးပြဲသည် ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာအုပ်စုမှ ဖယ်ခုံမြို့နယ်၊ မိုးပြဲမြို့အဆင့်သို့ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ အတည်ပြု

D/real(wide) (1

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုအားအတည်ပြုရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေသည် အစည်းအဝေးတက်ရောက်သည့် ကိုယ်စားလှယ်ဦးရေထက်ဝက်ထက်များသည့် အတွက် အဆိုကိုအတည်ပြုကြောင်း ကြေညာပါတယ်။

“ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာအုပ်စု၊ မိုးပြဲကျေးရွာသည် လက်ရှိ အခြေအနေတွင် အိမ်ခြေနှင့် လူဦးရေများပြား လာသည် ဖြစ်သည့်အတွက် ကျေးရွာအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့် သတ်မှတ်ပေး ပါရန်” အဆိုတင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ ဦးအန်းဂျေလို၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **“ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာအုပ်စု၊ မိုးပြဲကျေးရွာသည် လက်ရှိ အခြေအနေ တွင် အိမ်ခြေနှင့် လူဦးရေများပြား လာသည့်အတွက် ကျေးရွာအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့် သတ်မှတ်ပေးပါရန်”** အဆိုကို လွှတ်တော်သို့ပေးပို့လာပါတယ်။ ယခု အဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးအန်းဂျေလို၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်သည် ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအန်းဂျေလို ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယအကြိမ် တတိယပုံမှန်

ဖယ်ခုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအန်းဂျေလို တင်သွင်းတဲ့ အဆိုကို ၂၀၁၆ခုနှစ် စက်တင်ဘာလ ၂၂ရက်နေ့ (ကြာသပတေးနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့်လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေး ရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် တတိယပုံမှန် အစည်းအဝေး (တတိယနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး(စတုတ္ထနေ့) ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန် အစည်းအဝေး(တတိယနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ကို မနက်ဖြန် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့ (ကြာသပတေးနေ့)နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် တတိယပုံမှန် အစည်းအဝေး (တတိယနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)

ပေးပါရန် လေးစားစွာအဆို တင်သွင်းအပ်ပါ သည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုကိုထောက်ခံမည့် ကိုယ်စားလှယ် ရှိပါက ဆက်လက် ဆောင်ရွက်ပါ။

ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် နှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါဝရပြုရှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်က ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင်၊မဘိမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးမင်းမင်းသိန်း ဖြစ်ပါတယ်။ ဦးအန်းဂျေလို၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **“ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာ အုပ်စု၊ မိုးပြဲကျေးရွာသည် လက်ရှိ အခြေအနေတွင် အိမ်ခြေနှင့် လူဦးရေများပြား လာသည့်အတွက် ကျေးရွာအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့် သတ်မှတ်ပေးပါရန် ”** အဆိုကို ထောက်ခံအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

D/real(wide) (1

၃၁၈

ကိုမနက်ဖြန် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့(ကြာသပတေးနေ့) နံနက်(၁၀း၀၀)နာရီအချိန်တွင် ဆက်လက် ကျင်းပ ပြုလုပ်သွားမှာ ဖြစ်ပါကြောင်းကြေညာအပ်ပါတယ် ခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကိုကျေးဇူး တင်ပါတယ် ခင်ဗျား။

D/real(wide) (1

၃၁၉

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ ဦးအန်းဂျလိုတင်သွင်းသောအဆိုကို လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **“ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာအုပ်စု၊ မိုးပြဲ ကျေးရွာသည်လက်ရှိ အခြေအနေ တွင် အိမ်ခြေနှင့် လူဦးရေများပြားလာသည့်အတွက် ကျေးရွာအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးပါရန်၊ ပြောင်းလဲတိုးချဲ့သတ်မှတ်ပေးရန်”** ဆိုတဲ့ အဆိုဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံ ဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါ သလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

ဥက္ကဋ္ဌ။ အဆိုကို လက်ခံ ဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကိုလက်ခံဆွေးနွေးရန် သဘောမတူသည့်ကိုယ်စားလှယ်မရှိသည့်အတွက် ဦးအန်းဂျလို၏ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်းကြေညာပါတယ်။

ရှမ်းပြည်နယ်
ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
တတိယပုံမှန်အစည်းအဝေး(စတုတ္ထနေ့)မှတ်တမ်း
၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်
[ကြာသပတေးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူး အဖြစ် ဦးကျော်လွင်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးထက်မာန်အောင်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ်ရှမ်းပြည်နယ်

ပြည်နယ်လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ် (၃)ဖြစ်ပါတယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား ။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။

အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ် (၄)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက် နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

ဦးထွန်းရင်၊ညောင်လွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ညောင်လွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးထွန်းရင်ဖြစ်ပါတယ်။

D/real(wide) (1

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး (စတုတ္ထနေ့)သို့ အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်နိုင်ခြင်းမရှိသည့် အောက်ပါပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း(၁၀)ဦးအား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရတဲ့အတွက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြမှုအပေါ်တွင် ခွင့်ယူသူအားလုံး၏ ကိုယ်စားအဖြစ် တင်ပြတောင်းခံအပ်ပါတယ်-

(၁) ဦးစိုင်းလုံးဆိုင် (လွှတ်တော်ဥက္ကဋ္ဌ) တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်မည် ဖြစ်ပါသဖြင့် ခွင့် (၁)ရက်။

(၂) ဦးမောင်ညို၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်မည် ဖြစ်ပါသဖြင့် ခွင့် (၁)ရက်။

(၃) ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်မည် ဖြစ်ပါသဖြင့် ခွင့် (၁)ရက်။

(၄) ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်မည် ဖြစ်ပါသဖြင့် ခွင့် (၁)ရက်။

(၅) ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေး ခရီး သွားရောက်မည် ဖြစ်ပါသဖြင့် ခွင့် (၁)ရက်။

(၆) ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်မည်ဖြစ်ပါသဖြင့် ခွင့်(၁)ရက်။

လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထ)နေ့အားကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သက်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနေရာယူခြင်း။

အခမ်းအနားမှူး။ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။ အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်းကြေညာခြင်း။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး (စတုတ္ထနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၆)ဦးရှိသည့် အနက် ဒီကနေ့အစည်းအဝေးကို (၁၁၇)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏ (၈၆. ၀၃%)ရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်အရေအတွက်ဟာ ၃ပုံ ၁ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ) တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

D/real(wide) (1

(၇) ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်မည် ဖြစ်ပါသဖြင့် ခွင့် (၁)ရက်။

(၈) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်မည် ဖြစ်ပါသဖြင့် ခွင့်(၁)ရက်။

(၉) ဦးခွန်စောအောင်၊ ပင်လောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်မည် ဖြစ်ပါသဖြင့် ခွင့် (၁)ရက်။

(၁၀) ဦးဆွေသိန်း(လျှပ်စစ်စွမ်းအင်နှင့် စက်မှုဝန်ကြီး) ကိုယ်တိုင်ဆောင်ရွက်ရန် ရှိပါသဖြင့် ခွင့်(၁)ရက်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက် အားလုံးကို ခွင့်ပြုပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး (စတုတ္ထနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၃၆)ဦး၊ ယခင်ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ (၉)ဦး၊ ယနေ့ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ (၁၀)ဦး ဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပြုထားသူ (၁၉)ဦးရှိပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။ ရှမ်းပြည်နယ် လွှတ်တော် နည်းဥပဒေဆိုင်ရာ ၄(ဂ)(၂) အရ ယခု လွှတ်တော် ကိုယ်စားလှယ် များအစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့

ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(စတုတ္ထနေ့)သို့ တက်ရောက်လာသော ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော် သားကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီဖြစ်ပါ တယ်ရှင်။

ကျွန်မ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းလိုတာကတော့ ကျောင်းသားနှင့် နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဟူသော ကန့်သတ်ချက်နှင့် စပ်လျဉ်း၍ သိရှိလိုသည့်အတွက် မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ယခုအချိန်ကာလသည် မြန်မာနိုင်ငံ အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် နိုင်ငံတည်ဆောက်ရေး လုပ်ဆောင်နေသောအချိန်၊ ဒီမိုကရေစီကို အခြေခံသည့် ဖက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်ပေါ်လာစေရန် ကြိုးပမ်းနေသော အချိန်ဖြစ်ပါတယ်။ လူတိုင်းသည်နိုင်ငံရေးဖြင့် ကင်းကင်းရှင်းရှင်း မနေသင့်ပါ။ နိုင်ငံရေးဟု ပြောလိုက်လျှင် လူတွေက ခပ်ဝေးဝေး ရှောင်ချင်ကြတယ်။ နိုင်ငံရေးကို ကြောက်စရာဟုမှတ်ထင်ကြတယ်။ နိုင်ငံရေးလုပ်ရင် ထောင်ကျနိုင်တယ်ဆိုပြီးတော့ နားလည်ထားတယ်။ ခေတ်အဆက်ဆက် အုပ်ချုပ်မှုစနစ်အောက်မှာလည်း နိုင်ငံရေးသမားများ ထောင်ကျခံရတယ်။ ယနေ့ထိ နိုင်ငံရေးလုပ်ရင် ထောင်ကျမယ်ဆိုတဲ့ အစွဲကြီးက ဖျောက်ဖျက်၍ မရသေးပါ။ နိုင်ငံရေးဟာ နိုင်ငံရဲ့ အရေးအရာလို့ သိနားလည်ဖို့ လိုအပ်ပါတယ်။ လူတိုင်းဟာ နိုင်ငံရေးတာဝန်ထမ်းဆောင်ရန် လိုအပ်တယ်။ ပါတီတစ်ခုခုသို့ ဝင်ရောက်၍ ပါတီမူဝါဒလမ်းစဉ် များနှင့်အညီ မိမိတိုင်းပြည်၊ မိမိလူမျိုးအတွက်တိုးတက်ကောင်းမွန် အောင်ပါဝင် အကျိုးဆောင်

D/real(wide) (1

နေကြသူများဟာ ပါတီနိုင်ငံရေး အသွင်ဖြင့် ထမ်းဆောင်နေခြင်း ဖြစ်ပါတယ်။ ပါတီတစ်ခုခုသို့ ဝင်ရောက်မှုမရှိဘဲ နိုင်ငံနှင့်လူမျိုး အတွက် ဦးထိပ်ပန်ကာ ကောင်းကျိုးမှန်သမျှ ဆောင်ရွက်နေခြင်း ဟာလည်း အမျိုးသား နိုင်ငံရေးကို ထမ်းဆောင်နေသည်ဟုဆိုနိုင် ပါတယ်။ လူတိုင်းဟာ နိုင်ငံရေးကို ကျယ်ကျယ် ပြန့်ပြန့်လိုက်စားကြ ရမှာ ဖြစ်ပါတယ်။ လေ့လာရန်လည်း လိုအပ်ပါတယ်။ နိုင်ငံရေးကို ခုံမင်ချစ်မြတ်နိုးသင့်ပါတယ်။

ကျောင်းသားလူငယ်များမှ အစ နိုင်ငံရေးအသိပညာများ သိရှိစေရန် ဘာသာရပ်တစ်ခုအနေဖြင့် ကျောင်းသင်ခန်းစာများ တွင်လည်း ထည့်သွင်းပို့ချရန် လိုအပ်ပါတယ်။ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ဝန်ထမ်းများ မဲပေးပိုင်ခွင့် ရှိနေခြင်း ဟာလည်း ပါတီနဲ့ကင်းတယ်လို့ မဆိုနိုင်ပါဘူး။ ဘယ်လိုဘဲဖြစ်ဖြစ် နိုင်ငံရေးဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရည် မြင့်မားရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ ဆက်သွယ်ရေး၊ တိုင်းရင်းသားအရေး၊ နိုင်ငံတကာဆက်ဆံရေး စသည့် ကဏ္ဍများ အားလုံးဟာ လူအရေး၊ လူကိစ္စများဖြစ်တဲ့ အတွက်ကြောင့် နိုင်ငံရေး ဘဲဖြစ်ပါတယ်။ ဖက်ဒရယ်အရေး၊ ဒီမိုကရေစီအရေးပြောမှ နိုင်ငံရေး လုပ်တယ်လို့ မဆိုနိုင်ပါဘူး။ လူသားများဟာ နိုင်ငံရေးနဲ့ ကင်းကွာလို့ မရပါဘူး။

ဒါကြောင့် ဤကိစ္စနှင့် ပတ်သက်၍ ကျွန်မမေးမြန်း လိုတာ (က) ဝိဇ္ဇာသိပ္ပံတက္ကသိုလ်နဲ့ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်သို့ တက်ရန် ဝင်ခွင့်လျှောက်လွှာတွင် ပါတီနိုင်ငံရေး ကင်းရှင်းရမည် ဟူသော ကန့်သတ်ချက်ကို သုံးစွဲထားပါသလား။ သုံးစွဲထားလျှင် ဤအသုံးအနှုန်းကို ဖြေလျှော့ရန် အစီအစဉ် ရှိ/မရှိ၊ မရှိပါက ဘာကြောင့်လဲ၊ မသုံးနှုန်းတော့ပါဆိုလျှင် မည်သည့်အချိန်၊

D/real(wide) (1

အတည်ပြုချက် ရယူပါမယ်။ ဒုတိယအကြိမ် ရှုမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး (စတုတ္ထနေ့)သို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာ ပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ် အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ် လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်း များကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင် တာဝန်ရှိ ပုဂ္ဂိုလ်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

ပထမဦးစွာ သိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ပါတီဝင်ဖြစ်ခဲ့သူများက ပါတီဝင်အဖြစ်မှ နှုတ်ထွက်ခဲ့သည့် အထောက်အထားကို ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း ဖော်ပြထားရှိပါသည်။ ယင်းအသုံးအနှုန်းကို ဖြေလျှော့ပေးနိုင်ပါရန် ပညာရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ဒုတိယနဲ့ တတိယမေးခွန်းကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ဆက်လက်ဖြေကြားမှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဗိုလ်မှူးကြီး စိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ရွှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီမှ မေးမြန်းလာသော ကျောင်းသားနှင့် ပြည်သူ့ဝန်ထမ်းများသည် နိုင်ငံရေး ကင်းရှင်းရမည်ဟူသော ကန့်သတ်ချက်နှင့်စပ်လျဉ်း၍ ဒုတိယမေးခွန်းဖြစ်တဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အလုပ်ဝင်ရန် တက္ကသိုလ်တက်ရန် အကျင့်စာရိတ္တ ကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်ဖြင့် လုံလောက်မှု ရှိ/မရှိ သိရှိလိုပါသည်။ တတိယမေးခွန်းဖြစ်သည့် အစိုးရဌာနသို့လည်းကောင်း၊ အစိုးရမဟုတ်သည့်ဌာနသို့လည်းကောင်း အလုပ်ဝင်ခွင့်လျှောက်လွှာတွင် ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဟူသော ကန့်သတ်ချက်ရှိပါသလား၊ ကန့်သတ်ထားဆဲဆိုလျှင် အဘယ်ကြောင့်နည်း၊ ကန့်သတ်ထားခြင်းမရှိပါဆိုလျှင် မည်သည့် အချိန်၊ မည်သည့် ညွှန်ကြားချက်ဖြင့် မကန့်သတ်သည်ကို

မည်သည့်ညွှန်ကြားချက်ဖြင့် မသုံးနှုန်းတော့သည်ကို သိရှိလိုပါတယ်။

(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ အလုပ်ဝင်ရန်၊ တက္ကသိုလ်တက်ရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်ဖြင့် လုံလောက်မှု ရှိ/မရှိ သိရှိလိုပါတယ်။ (ဂ) အစိုးရဌာနသို့လည်းကောင်း ၊ အစိုးရမဟုတ်သည့် ဌာနသို့လည်းကောင်း အလုပ်ဝင်ခွင့်လျှောက်လွှာတွင် ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဟူသော ကန့်သတ်ချက် ရှိပါသလား။ ကန့်သတ်ထားဆဲဆိုလျှင် အဘယ်ကြောင့်နည်း။ ကန့်သတ်ထားခြင်းမရှိပါ ဆိုလျှင် မည်သည့် အချိန်၊ မည်သည့်ညွှန်ကြားချက်ဖြင့် မကန့်သတ်သည်ကို သိရှိလိုသည့် အတွက် မေးမြန်းခြင်းဖြစ်ပါတယ်။

နောက်တစ်ခု တင်ပြလိုတာက ကျွန်မ ဒီမေးခွန်းကို ဩဂုတ်လ ၈ ရက်နေ့ မှာ လွှတ်တော်ရုံးကို တင်ခဲ့ပါတယ်။ ဩဂုတ်လ ၁၉ ရက်နေ့ မှာ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားသူများဟာ သက်ဆိုင်ရာ ရဲစခန်း၊ မြို့နယ်၊ သက်ဆိုင်ရာရပ်ကွက်နဲ့ မြို့နယ်ကျန်းမာရေးထောက်ခံစာများ ယူရန်မလိုဘဲ ဝင်ခွင့်လျှောက်လွှာပုံစံအိတ်ဖြင့်သာ လျှောက်ထားရမည်ဖြစ်ကြောင်း အဆင့်မြင့်ပညာရေးဦးစီးဌာနမှ သတင်းရရှိထားတယ်ဆိုပြီး Online ဖိုးသူတော်သတင်းမှ ဖတ်ရှုထားရပါတယ်။ အားလုံးကိုလေးစားပါတယ်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ

D/real(wide) (1

သိရှိလိုပါသည်နှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သက်၍ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ကျောင်းသားနှင့် ပြည်သူ့ဝန်ထမ်းများသည် နိုင်ငံရေး ကင်းရှင်းရမည်ဟူသော ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ အလုပ်ဝင်ရန်၊ တက္ကသိုလ်တက်ရန် ထောက်ခံချက် တောင်းခံမှုနှင့် ပတ်သက်၍ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်များအား သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ ပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် သက်ဆိုင်ရာဌာနများမှ အလုပ်ခေါ်ရာတွင် သက်ဆိုင်ရာ ရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်ပါရှိရမည်ဟု လျှောက်လွှာတွင်ပါဝင်၍ ရဲစခန်း များသို့ အလုပ်လျှောက်လိုသူများမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်များလာရောက်တောင်းခံသဖြင့် စိစစ်ထောက်ခံပေးခြင်းဖြစ်ပြီး အဆိုပါထောက်ခံချက်သည် လုံလောက်မှု ရှိ/မရှိ နှင့် ပတ်သက်၍ အလုပ်လျှောက်လွှာခေါ်ယူသော ဌာန၊ အဖွဲ့အစည်း၊ အစုအဖွဲ့၊ ကုမ္ပဏီတို့၏ သဘောဆန္ဒအတိုင်းသာဖြစ်ပါသည်။

အပိုင်း(၂)အနေနဲ့ အလုပ်ဝင်ခွင့်လျှောက်လွှာတွင် ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဟူသော ကန့်သတ်ချက်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ကန့်သတ်ချက်မဟုတ်ပါကြောင်းနှင့် အဆိုပါကိစ္စမှာ ပြည်ထောင်စု တစ်ဝန်းလုံးနှင့် သက်ဆိုင်နေပါသဖြင့် တစ်ပြေးညီ ဖြစ်စေရေး ပြည်ထောင်စုလွှတ်တော်တွင် မေးမြန်းပါက ပိုမို အဆင်ပြေမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးမိတ် မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဒေါ်ရီရီဝင်းက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ကျန်းမာချမ်းသာကြပါစေလို့ရှေးဦးစွာ ဆုမွန်ကောင်းတောင်းရင်း နဲ့နှုတ်ခွန်းဆက်သအပ်ပါတယ်။ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ရဲ့ ကြယ်ပွင့်ပြ မေးခွန်း အမှတ်(၁)ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးမှာဖြစ်ပါတယ်။

ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်သို့ တက်ရောက်ရန် ဝင်ခွင့်လျှောက်လွှာတွင် ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဟူသော ကန့်သတ်ချက်ကို သုံးစွဲထားပါသလား၊ သုံးစွဲလျှင် ဤအသုံးအနှုန်းကို ဖြေလျှော့ရန် အစီအစဉ် ရှိ/မရှိ၊ မရှိပါက အဘယ်ကြောင့်နည်း။ မသုံးနှုန်းတော့ပါဆိုလျှင် မည်သည့်အချိန် မည်သည့်ညွှန်ကြားချက်ဖြင့် မသုံးနှုန်း တော့သည်ကို သိရှိလိုပါသည်

မေးခွန်းနှင့် စပ်လျဉ်း၍ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်သို့တက်ရန် ဝင်ခွင့်လျှောက်လွှာတွင် ပါတီနိုင်ငံရေး ကင်းရှင်းရမည် ဟူသော ကန့်သတ်ချက်ကို သုံးစွဲထားပါကြောင်း၊ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာတွင် ပါဝင်သော အချက်များမှာ တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ခဲ့သည့် ခုံအမှတ်၊ ခုနှစ်၊ စာစစ်ဌာန၊ ရမှတ်၊ ဦးစားပေး သင်ကြားလိုသော တက္ကသိုလ်၊ အထူးပြုဘာသာရပ်များ၊ နေ့သင်တန်း၊ အဝေးသင်တက္ကသိုလ် တို့ကို ဖြည့်သွင်းရမည် ဖြစ်ပါသည်။ ကိုယ်တိုင်ဝန်ခံချက်တွင်လည်း လျှောက်လွှာတွင် ဖော်ပြထားသည့် အချက်အားလုံးမှန်ကန်ကြောင်း၊ မိဘ သို့မဟုတ် အုပ်ထိန်းသူများက သဘောတူပြီး ဖြစ်ကြောင်း၊ ကျောင်းလခများ မှန်မှန်ပေးရန် မိဘ သို့မဟုတ် အုပ်ထိန်းသူများက သဘောတူပြီး ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူကောင်း တစ်ယောက် ပီသစွာ တက္ကသိုလ်/ဒီဂရီကောလိပ်/ ကောလိပ်က ချမှတ်သည့် စည်းကမ်းများနှင့် အညီ လိုက်နာကျင့်သုံး နေထိုင်မည် ဖြစ်ကြောင်း၊ မည်သည့် နိုင်ငံရေးပါတီတွင်မျှ ပါတီဝင် မဟုတ်ကြောင်း၊

D/real(wide) (1

ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး ချမ်းမြေ့ကြပါစေရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီဝင်းဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ယစ်မျိုးများဆိုင်ရာ ယစ်မျိုးဆိုင်များတိုး၍ ချထားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် ယစ်မျိုးဥပဒေအား ပြင်ဆင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စီမံခန့်ခွဲလျက်ရှိသည့် ယစ်မျိုးစီမံခန့်ခွဲရေးတွင် အရက်ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ (၉၊ ၁၀၊ ၁၁ နှင့် ၁၂)တို့တွင် အခွင့်အာဏာရှိသူ၏ ခွင့်ပြုချက်လိုင်စင်မရှိဘဲ ယစ်မျိုးပစ္စည်းများတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ထုတ်လုပ်ခြင်း၊ စုဆောင်းခြင်း၊ အရက်ချက်စက်ရုံတည်ဆောက်ခြင်း၊ ချက်လုပ်ခြင်း၊ ကုန်ကြမ်းပစ္စည်းများနှင့် ကိရိယာများ လက်ဝယ်ထားရှိခြင်းကို တားမြစ်ထားပါတယ်ရှင်။ ထို့ကြောင့် ယစ်မျိုးလုပ်ငန်းများကို ခွင့်ပြုချက်လိုင်စင်ရပြီးမှ ဆောင်ရွက်နိုင်ပါတယ်ရှင်။ ယစ်မျိုးနည်းဥပဒေပုဒ်မ ၄ ပုဒ်မခွဲ ၁ အရ ခရိုင်အုပ်ချုပ်ရေးမှူးသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ အတည်ပြုချမှတ်ပေးထားသည့် ယစ်မျိုးအစီအစဉ်ပါ ယစ်မျိုးလိုင်စင်များကို

သို့ဖြစ်ပါ၍ ယစ်မျိုးလုပ်ငန်းများနှင့်ပတ်သက်၍ ထိရောက်သော ဟန့်တား အရေးယူမှုများ ပြုလုပ်နိုင်ရန် ယစ်မျိုးဥပဒေအား ပြင်ဆင် ဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိနှင့် ယစ်မျိုးရောင်းချရာတွင် တရားမဝင်ရောင်းဝယ်မှုများမရှိရေးအတွက် လိုင်စင်လျှောက်ထားမှု အပေါ် ထပ်မံ၍ ချထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုက်ရပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီး စိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ။ လေးစားအပ်ပါသော လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဒေါ်ရီရီဝင်း မေးမြန်းသော ယစ်မျိုးဆိုင်များတိုး၍ချပေးနိုင်ခြင်း ရှိ/မရှိ နှင့် ယစ်မျိုးဥပဒေအား ပြင်ဆင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်မှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာနကို တာဝန်ခံ၍ ၁၉၁၇ ခုနှစ် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ၊ ၁၉၂၈ ခုနှစ် မြန်မာနိုင်ငံယစ်မျိုးနည်းဥပဒေများ၊ အမိန့်ဆင့်ဆိုချက်များ၊ ယစ်မျိုးအက်ဥပဒေအရ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများအရ ယစ်မျိုးစီမံခန့်ခွဲခြင်းများကို အောက်ပါ ရည်ရွယ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်-

(က) အရက်သောက်စားခြင်း အလေ့အထ ပြန့်ပွားသည့်အရာကို ယုတ်လျော့ပပျောက်စေရန်၊

D/real(wide) (1

(ခ) တရားမဝင် အရက်ချက်လုပ်ခြင်းမရှိစေဘဲ အရက်များပေါ်တွင် အခွန်ကြီးမြင့်နိုင်သမျှ ကြီးမြင့်စေရန်၊

ရှမ်းပြည်နယ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၏ အတည်ပြုချက်ဖြင့် ယစ်မျိုးလိုင်စင်အရေအတွက်(၂၂၉၈)ခုအား ဖွင့်လှစ်ခွင့်ပြုထားပြီးဖြစ်ရာ ထပ်မံ၍ အမိန့်၊ ညွှန်ကြားချက်တစ်စုံတစ်ရာမရမခြင်း အတည်ပြုဖွင့်လှစ်ခွင့်ပြုထားသည့် လက်ရှိယစ်မျိုးလိုင်စင်အရေအတွက်ထက်ကျော်လွန်၍ ယစ်မျိုးလိုင်စင်အသစ်များ ချထားပေးနိုင်မှု မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိသူများအား ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်ချမှတ်နိုင်ရေး မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအား ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်စွဲပါ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆၆ ဖြင့် ပြဋ္ဌာန်း၍ လိုက်နာဆောင်ရွက်စေလျက်ရှိပါသည်။ လက်ရှိကျင့်သုံးဆောင်ရွက်လျက်ရှိသော တည်ဆဲယစ်မျိုးဥပဒေများကို ပြင်ဆင်လိုပါက ပြည်ထောင်စုအဆင့်မှသာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ယစ်မျိုးခွန် တိုးမြှင့်ကောက်ခံနိုင်ရေးနှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ တွင် " တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား(၂)တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်"ဟု ပြဋ္ဌာန်းထား ရှိပြီး ဥပဒေပုဒ်မ ၁၉၁ အရ "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်

ချထားပေးလျက်ရှိပြီး ယစ်မျိုးခွန်များ ကောက်ခံလျက်ရှိပါတယ်ရှင်။ ယစ်မျိုးမူဝါဒနှင့်အညီ ယစ်မျိုးသောက်သုံးသူ လျော့နည်းပပျောက်စေရေးအတွက် ယစ်မျိုးခွန်များကိုလည်း တိုးမြှင့်ကောက်ခံ ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖက်မှလည်း ယစ်မျိုးဆိုင်များကို တိုးလာမှုမရှိအောင် ထိန်းသိမ်းမှုများကိုလည်း တွေ့ရှိနေရပါတယ်ရှင်။

ယင်းသို့ ယစ်မျိုးဆိုင်များကို ထိန်းချုပ်ထားခြင်းမှုကြောင့် အချို့သော ယစ်မျိုးဆိုင်၊ အရက်ဆိုင် ဖွင့်လှစ်ရောင်းချလိုသူ ယစ်မျိုးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်လိုသူများသည် လိုင်စင်လျှောက်ထားသော်လည်း လိုင်စင်ချထားပေးနိုင်ခြင်း မရှိသဖြင့် နောက်ဆုံးတွင် တရားမဝင်ရောင်းဝယ်ဖောက်ကားသည့် အခြေအနေသို့ ကူးပြောင်း ရောက်ရှိလာသည်ကို တွေ့ရှိရ ပါတယ်ရှင်။ ယင်းသို့ တရားမဝင်ဆိုင်များအဖြစ်သို့ ရောက်ရှိသွားသဖြင့် နိုင်ငံတော်အတွက် အခွန်ငွေများ လည်းနစ်နာဆုံးရှုံး ရပါတယ်ရှင်။ တရားမဝင် ယစ်မျိုးဆိုင်များကို တားဆီးနှိမ်နင်းခြင်း၊ ဥပဒေနှင့်အညီ အရေးယူခြင်းများ ပြုလုပ်သော်လည်း ချမှတ်ထားရှိသော ယစ်မျိုးဥပဒေ၊ နည်းဥပဒေသည် ခေတ်ကာလနှင့် မဆီလျော်တော့သဖြင့် ထိရောက်မှုမရှိသည်ကို တွေ့ရှိနေရပါတယ်ရှင်။ ဥပမာအားဖြင့် တရားမဝင်ယစ်မျိုးဆိုင်အားဖမ်းဆီး အရေးယူသော်လည်း တရားရုံးမှ ချမှတ်သည့် အပြစ်ဒဏ်သည် ဒဏ်ငွေတစ်ထောင်ဖြစ်နေသဖြင့် ထိရောက်သော ဟန့်တားမှုမဖြစ်နိုင်ကြောင်း သုံးသပ်ရပါတယ်ရှင်။ တရားမဝင်ဆိုင်များမရှိအောင် ယစ်မျိုးလုပ်ကိုင်လိုသူများကို လိုင်စင်များချထားပေးပြီး ယစ်မျိုးအခွန်ကို တိုးမြှင့်ကောက်ခံခြင်းဖြင့် ယစ်မျိုးလုပ်ကိုင်မှုပပျောက်ရေးကိုထိန်းချုပ်နိုင်မည်ဟု သုံးသပ်မိပါတယ်ရှင်။ တစ်ဖက်မှလည်း ဥပဒေချိုးဖောက်သူများအား ထိရောက်သည့် ဟန့်တားလောက်သည့် ပြစ်ဒဏ်ကိုချမှတ်နိုင်ရေး ယစ်မျိုးနည်းဥပဒေအား ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်ကြောင်း သုံးသပ်ရပါတယ်ရှင်။

D/real(wide) (1

ကိုယ်စားလှယ်များသည် ဇယား(၂)တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များ အနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ ဥပဒေကြမ်းတင်သွင်းရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ် ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့်စပ်လျဉ်း သော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည် " ဟု ပြဋ္ဌာန်းထားရှိသဖြင့် ယစ်မျိုးခွန်များ တိုးမြှင့် ကောက်ခံလိုပါက ပြည်နယ်လွှတ်တော်သို့ ဥပဒေကြမ်း တင်သွင်း နိုင်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ဆက်လက်ပြီး မဘိမ်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးမင်းမင်းသိန်းက မေးခွန်းမေးမြန်းဖို့ဖြစ် ပါတယ်။

ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ် ဝန်ကြီးချုပ်နှင့် တကွ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ ကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်းဖြစ်ပါတယ်ခင်ဗျား။ ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့) မှာ မဘိမ်းမြို့နယ်၊ မဘိမ်း-ငါးအိုးဗျူဟာလမ်းအား ကတ္တရာလမ်း ခင်းပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

အတိုဒုက္ခရောက်နေ ရပါတယ်။ ဒါတင်မကသေးဘဲ ကျွန်တော်၏ မဲဆန္ဒနယ်မြေ ဖြစ်သော မဲဆန္ဒနယ် အမှတ်(၁) ငါးအိုးဒေသမှာ ကျေးရွာအုပ်စု(၈) အုပ်စုနှင့် ကျေးရွာပေါင်း(၂၆)ရွာ တို့မှ လူဦးရေ ၁၇၀၀၀ ခန့်ဟာ ဤလမ်းကို အဓိကအသုံးပြုနေရ ပါတယ်။ သို့ဖြစ်ပါ၍ ဒေသခံ ပြည်သူများ၏ အကျိုးကိုရှေးရှု၍ မဘိမ်း-ငါးအိုး ဗျူဟာလမ်းအား ကတ္တရာလမ်း ခင်းပေးခြင်း အစီအစဉ် ရှိ/မရှိ ကို ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာမေးမြန်းလိုက် ရပါတယ် ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျာ။ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမင်းမင်းသိန်းမှ မေးမြန်းလာတဲ့ မဘိမ်းမြို့နယ် မဘိမ်း-ငါးအိုးဗျူဟာ လမ်းအား ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

ငါးအိုး-မဘိမ်းလမ်းဟာ ပြည်နယ်အစိုးရမှ စီမံခန့်ခွဲသော လမ်းဖြစ်ပြီး လမ်းမိုင်အရှည် ၅၈ မိုင် ၂ ဖာလုံ ရှိပါတယ်။ ၂၀၁၆ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှာရှိတဲ့ လမ်းအခြေအနေမှာ ကတ္တရာ လမ်း ၁မိုင်၊ ကျောက်လမ်း ၅ မိုင် ၄ ဖာလုံ၊ အမာခံလမ်း ၅၁ မိုင် ၂ဖာလုံနဲ့ မြေလမ်း ၄ ဖာလုံ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး

D/real(wide) (1

နှစ်မှာ ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၉၃၁. ၈၉၄သန်းဖြင့် ကတ္တရာလမ်း ၂ မိုင်၊ ကျောက်လမ်း ၄ မိုင် ၇ဖာလုံ၊ ၆၀ ပေ RCC တံတားအသစ်(၁)စင်း၊ ၁၅ ပေ RCC တံတားအသစ်(၂)စင်း၊ ကျောက်ချောလမ်း ၁ မိုင်၊ အမာခံလမ်းခင်းခြင်း ၂ မိုင် ၄ ဖာလုံ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ထို့အတူ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် ၂၀၇. ၁၀၆ သန်း ဖြင့် ကတ္တရာလမ်း ၄ ဖာလုံ၊ ကျောက်လမ်း ၁ မိုင် ၅၊ (၅'×၅'×၂၄')သံကူကွန်ကရစ်တံတား ၄ စင်းနှင့် (၅'×၃'×၂၄') သံကူကွန်ကရစ်တံတား ၁ စင်း တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန် ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှာ ဖြစ်ပေါ်လာမည့် လမ်းအခြေအနေကတော့ ကတ္တရာလမ်း ၃ မိုင် ၄ ဖာလုံ၊ ကျောက်လမ်း ၁၂ မိုင်၊ အမာခံလမ်း ၄၂ မိုင် ၂ ဖာလုံ နှင့် မြေလမ်း ၄ ဖာလုံ ရှိမည်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းသစ်ခင်းခြင်း ၁၄ မိုင်၊ အမာခံလမ်းမှ ကျောက်လမ်း ခင်းခြင်း ၁၅ မိုင်နှင့် RC တံတား ၂ စင်း တည်ဆောက်နိုင်ရန် လိုအပ်ရန်ပုံငွေကျပ် ၃၈၁ သန်းကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းတောင်းခံ၍ ဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ဦးလင်းအောင်ဆွေက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ

လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော်တို့ရဲ့ မဘိမ်း-ငါးအိုးဗျူဟာလမ်းဟာဆိုရင် မဘိမ်းမြို့နယ်မှာ တည်ရှိနေသော်လည်း မဘိမ်း-ငါးအိုးနှင့် ဆက်သွယ်သွားမည်ဆိုပါက စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့နယ်အထိ သော်လည်းကောင်း၊ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ်၊ သပြေလှ နှင့်လည်းကောင်း ဆက်သွယ်သွားသည့် လမ်းဖြစ်သလို၊ မန္တလေး-ဗန်းမော် မဟာဗျူဟာ လမ်းမနှင့် ဆက်သွယ်သွားသော လမ်းတစ် လမ်း ဖြစ်ပါတယ်။ ၎င်းလမ်းကို ဖောက်လုပ်ပေးခြင်းမရှိသည့် အချိန်ကာလက မဘိမ်းမြို့မှ ကသာမြို့သို့ သွားလာရာတွင် ရွှေလီမြစ်ကြောင်းနှင့် ဧရာဝတီ မြစ်ကြောင်းမှာ ရေယာဉ်များကို အသုံးပြုပြီး ၇ ရက်မျှကြာ သွားလာပြီး ခရီးဆက်ခဲ့ရပါတယ်။ အလားတူ ကချင်ပြည်နယ်၊ ရွှေကူမြို့သို့ သွားလာရာတွင်လည်း ရေလမ်းခရီးကိုသာ အဓိက သွားလာခဲ့ရပါတယ်။ ယခုအချိန် မဘိမ်း-ငါးအိုးမြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပြီးစီးသွားချိန်မှာ နွေရာသီနှင့် ဆောင်းတွင်း အခါမှာတော့ သွားလာရေးသင့်တင့်လွယ်ကူသည်ကို တွေ့ရှိရပါတယ်။

မိုးတွင်း အခါမှာတော့ သွားလာရေးခက်ခဲသည့်အတွက် ငါးအိုးဒေသများမှာ မြို့နယ်သို့ သော်လည်းကောင်း၊ ခရိုင်မြို့ဖြစ်သော မိုးမိတ်သို့ လည်းကောင်း သွားလာရာတွင် အခက်အခဲများ ကြုံတွေ့နေရပါတယ်။ ဥပမာအနေဖြင့် ကျွန်တော်တင်ပြရမည် ဆိုလျှင် ကျွန်တော်၏ မဲဆန္ဒနယ်မြေဖြစ်သော ငါးအိုးဒေသ၏ ကျေးရွာများမှ တောင်သူများက စိုက်ပျိုးစရိတ်ချေးငွေကို ထုတ်ယူရန်အတွက် ခရိုင်မြို့ဖြစ်သော မိုးမိတ်မြို့သို့ သွားလာရာတွင် မဘိမ်း-ငါးအိုးလမ်းဟာ မကောင်းတဲ့အတွက် မန္တလေး-ဗန်းမော်လမ်း တွင်းငယ်မှတစ်ဆင့် မိုင် ၁၀၀ ကျော် ခရီးကိုလာရောက်ထုတ်ယူရတဲ့အတွက် ကုန်ကျစရိတ် ပို များမှုများဖြစ်ပေါ်ပြီး ဒေသအတွင်းမှာလည်း

D/real(wide) (1

ကြောင်း ဂါရဝပြု ဆုတောင်းမေတ္တာပို့သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ် လေယာဉ်ကွင်းသို့ မြန်မာ့လေကြောင်းလိုင်းမှ လေယာဉ်များ ပျံသန်းပေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြထားသော မေးခွန်းကို လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးထံမှတစ်ဆင့် သက်ဆိုင်ရာ အစိုးရဝန်ကြီးထံသို့ မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျာ။

လေးစားအပ်ပါသော လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ နမ့်စန်မြို့ရဲ့ ထူးခြားတဲ့ ဝိသေသ တစ်ခုကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင် အတွင်းမှာ အချက်အခြာကျပြီး နမ့်စန်မှ လွိုင်လင်၊ ပင်လုံ၊ လဲချား၊ ကျေးသီး၊ မိုင်းကိုင်၊ နမ့်စန်မှ ခိုလမ်၊ ဝမ်ဆန်း၊ မိုင်းနောင်၊ မိုင်းရှူး၊ နမ့်စန်မှ ခိုလမ်၊ ကွန်ဟိန်း၊ တာကော်၊ နမ့်စန်မှ မိုးနဲ၊ လင်းခေး၊ မိုင်းပန်၊ တာဆန်း စသည့်မြို့များအသီးသီးကို လမ်းဆုံကြရာ ထင်ရှားတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ဒီလိုအချက်အချာ ကျပြီး အထိုက်အလျောက်ဆီလျော်မှုရှိတဲ့ နမ့်စန်မြို့ဟာ ယခင် ၂၀၀၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ မြန်မာ့လေကြောင်းလိုင်းမှ လေယာဉ်များဟာ တစ်ပတ်လျှင် အင်္ဂါ၊ ကြာသပတေး၊ စနေ (၁)ရက်လျှင် လေယာဉ်(၁)စီးနှုန်းဖြင့် အနည်းဆုံး ၃ ကြိမ် ဆင်းသက်နိုင်ခဲ့ပါတယ်။ ဒီလို ပြည်တွင်း ပျံသန်းပေးဆွဲမှု Domestic Flight ပျံသန်းပြေးဆွဲနေသလို ဘဏ်လုပ်ငန်းသယ်ယူရေးသွားလျှင် Bank Charter Flightများဟာ လစဉ် လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင် အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်များအတွက် နိုင်ငံတော် အစီအစဉ်ဖြင့် ၂၀၁၂ ခုနှစ် ခန့်အထိ ပျံသန်းပြေးဆွဲနိုင်ခဲ့ပါတယ်။

အခြားအပြန်ခရီးစဉ်များမှာ နမ့်စန်လေယာဉ်ကွင်း လေဆိပ်မှာ တစ်ထောက်နား ဆင်းသက်ပျံသန်းပေးနိုင်မည်ဆိုပါက နမ့်စန်၊ လွိုင်လင်၊ လဲချား၊ မိုင်းကိုင်၊ ကွန်ဟိန်း၊ ခိုလမ်၊ ကျေးသီး၊ မိုင်းရှူး၊ ကျိုင်းတောင်း၊ မိုးနဲ၊ လင်းခေး၊ မိုင်းပန်၊ ဟိုမိန်း၊ မောက်မယ် စတဲ့မြို့နယ် အသီးသီးက ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများဟာ ဟဲဟိုးအထိ သွားစရာမလိုဘဲ လွယ်ကူသက်သာစွာဖြင့် နမ်စန်မြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် လိုရာအရပ်ကို ဆက်လက်ထွက်ခွာသွားနိုင်မည့် အပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ရုံးလုပ်ငန်းတာဝန်အရပ်ရပ်ကိစ္စရပ်တို့မှာ များစွာအကျိုးပြုထိရောက်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

နမ့်စန်လေယာဉ်ကွင်းဟာ နမ့်စန်လေတပ်စခန်းဌာနချုပ်၊ တပ်မတော်ပိုင်လေယာဉ်ကွင်း ဖြစ်သော်လည်း အရှည်ပေ ၁၂၀၀၀ ရှိပြီး ဂျက်လေယာဉ်ကြီးများ ဆင်းသက်နိုင်တဲ့ လေယာဉ်ကွင်း ဖြစ်တာကြောင့် မြန်မာ့ လေကြောင်းနှင့် လေကြောင်းကုမ္ပဏီများက စနစ်တကျကွင်းဆင်း ကြည့်ရှုခြင်း၊ တိုင်းတာစစ်ဆေးခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာန အဆင့်ဆင့်နှင့် ညှိနှိုင်းဆောင်ရွက်သွားနိုင်ခဲ့ပါက လေကြောင်းလိုင်းများအတွက် နမ့်စန်လေယာဉ်ကွင်းဟာ ပြန်လည်လှုပ်ရှား အသက်ဝင်လာသလို ပျံသန်းရေးအတွက်သော်လည်းကောင်း၊ တစ်ထောက်နားအတွက်သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုး ကြောင့် ပျံသန်းဆင်းသက်နိုင်တဲ့ Diversion Air Free အဖြစ်သော်လည်းကောင်း အသုံးပြုသွားနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့၊ နမ့်စန်လေယာဉ်ကွင်းသို့ မြန်မာ့လေကြောင်းလိုင်းနှင့် လေကြောင်းကုမ္ပဏီမှ လေယာဉ်များ ပျံသန်းပြေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ၊ ဆောင်ရွက်ပေးနိုင်မည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြ

D/real(wide) (1

မေးခွန်းအား လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးထံမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေ မေးမြန်းလာတဲ့ နမ့်စန်မြို့နယ်၊ နမ့်စန်လေယာဉ်ကွင်းသို့ မြန်မာ့လေကြောင်းနှင့် လေကြောင်းလိုင်းကုမ္ပဏီများမှ လေယာဉ်များ ပျံသန်းပြေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီးတော့ ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

ပထမဦးစွာ နမ့်စန်လေယာဉ်ကွင်းနှင့်ပတ်သက်သော အချက်များကို ဦးစွာ တင်ပြလိုပါတယ်။ နမ့်စန်လေယာဉ်ကွင်းဟာ ရှမ်းပြည်နယ် တောင်ပိုင်း၊ နမ့်စန်မြို့မှာ မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၅၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်မှာ တည်ရှိပါတယ်။ ပြေးလမ်းရဲ့ ဦးတည်ရပ်ကတော့ ၃၀ ဒီဂရီနှင့် ၂၁၀ ဒီဂရီဖြစ်ပါတယ်။ ပင်လယ်ရေမျက်နှာပြင်အထက် ၃၂၀၃ ပေမှာတည်ဆောက်ထားတဲ့ လေယာဉ်ကွင်းဖြစ်ပါတယ်။ ပြေးလမ်းအတိုင်းအတာကတော့ အရှည် ၁၂၀၀၀ ပေ၊ အကျယ်ပေ ၂၀၀ ဖြစ်ပါတယ်။ ပြေးလမ်းအမျိုးအစားကတော့ ကွန်ကရစ်အမျိုးအစား ဖြစ်ပြီးတော့ ပြေးလမ်းရဲ့ ခံနိုင်ရည်အားကတော့ ပေါင် ၁၃၄၀၀၀ ပေါင် ခံနိုင်ရည်အားရှိပါတယ်။ ဆင်းသက်နိုင်တဲ့ လေယာဉ်များ ကတော့ Y-8 FK - 28 ATR-72 လေယာဉ်အမျိုး အစားများ ဆင်းသက်နိုင်ပါတယ်။ လေဆိပ်အဆောက်အဦကိုလည်း ဆောက်လုပ်ထားပြီး ဖြစ်ပါတယ်။

ယင်းသို့ ပျံသန်းပြေးဆွဲစဉ်က ရန်ကုန်-ဟဲဟိုး-နမ့်စန်-ကျိုင်းတုံ-တာချီလိတ်၊ နမ့်စန်-ဟဲဟိုး-ရန်ကုန် ခရီးစဉ်များ၊ ရန်ကုန်-ဟဲဟိုး-နမ့်စန်-မိုင်းဆတ်၊ နမ့်စန်-ဟဲဟိုး-မန္တလေး- ရန်ကုန် ခရီးစဉ်များကို နေ့အလိုက် ပျံသန်းပြေးဆွဲနိုင်ခဲ့ပါတယ်။ ဒီလိုပျံသန်းပြေးဆွဲစဉ်မှာ ခရီးသည်များ တစ်ထောက်နားခိုနိုင်ဖို့အတွက် နမ့်စန်လေဆိပ်အဆောက်အဦကို ပို့ဆောင်ရေး ဝန်ကြီးဌာနက နမ့်စန်လေတပ်စခန်းဌာနချုပ်၊ လေယာဉ်ပြေးလမ်း တောင်ဘက်ထိပ်မှာ ဆောက်လုပ်ထားရှိခဲ့ပါတယ်။ ဒီလိုလေဆိပ် အဆောက်အဦများဘဲ အဝင်အထွက်ကြပ်မတ်စစ်ဆေးဖို့အတွက် လေယာဉ်အကူဝန်ထမ်း၊ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့၊ နယ်ထိန်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ မှုခင်းရဲအထူးတပ်ဖွဲ့၊ မူးယစ်ရဲအထူးတပ်ဖွဲ့၊ လဝက၊ အကောက်ခွန်၊ တပ်နယ်လုံခြုံရေး တပ်စုတို့ဖြင့် ပူးပေါင်းပြီး ဟန်ချက်ညီညီဆောင်ရွက်နိုင်ခဲ့ပါတယ်။ သို့ရာတွင် ၂၀၀၇ ခုနှစ်နောက်ပိုင်း ပြည်တွင်းလေကြောင်း Domestic Flight ပျံသန်းပြေးဆွဲရာမှာ ခရီးသည်များနည်းပါးလာမှု၊ မြန်မာ့လေကြောင်းလိုင်းများပြေးဆွဲရာတွင် လေယာဉ် မလုံလောက်မှုများကြောင့် ပြည်တွင်းလေကြောင်းလေယာဉ်ပျံသန်း ပြေးဆွဲမှုများ နမ့်စန်ခရီးစဉ်မှာ ရပ်ဆိုင်းခဲ့ရပါတယ်။ ဒီလို မပျံသန်းနိုင်တဲ့ နှစ်ကာလ ကြာရှည်လာတဲ့အခါ အထက်ဖော်ပြပါ နမ့်စန်မြို့သို့ ဆက်သွယ်သွားရောက်နိုင်တဲ့ ခရိုင်အတွင်းမြို့များက ပြည်သူလူထုဟာ ဟဲဟိုးအထိ မော်တော်ယာဉ်ဖြင့် ၁ ရက် သို့မဟုတ် ၂ ရက် ကြာတင်သွားရပြီး ဟဲဟိုးသို့ ဆင်းသက်သည့် သတ်မှတ်ရက်များ အခြိန်များတွင်သာ သွားရောက်စီးနင်းနေရပါတယ်။

ယခုအခါ ပြည်တွင်းလေကြောင်း လေယာဉ်ပြေးဆွဲတဲ့ ကုမ္ပဏီများစွာရှိလာတဲ့အပြင် မြန်မာ့လေကြောင်း ပြည်တွင်းပျံသန်းနေတဲ့လေယာဉ်များ အထိုက်အလျောက်များပြား လာပြီဖြစ်ပါတယ်။ ဟဲဟိုးမှ ကျိုင်းတုံ-တာချီလိတ်-မိုင်းဆတ် ခရီးစဉ်နဲ့

D/real(wide) (1

နမ့်စန်လေယာဉ်ကွင်းအား တိုးချဲ့တည်ဆောက်ရန် အတွက် ၁၉၉၂ ခုနှစ် မေလ ၂၁ ရက်နေ့မှာ ကွင်းဆင်းတိုင်းတာခဲ့ပြီးတော့ လေယာဉ်ပြေးလမ်း အသစ်မှာ အလေးချိန် ၆၂ တန် ရှိတဲ့ Y-8 လေယာဉ်အမျိုးအစား ဆင်းသက်နိုင်ရန်အတွက် မူလလေယာဉ် ပြေးလမ်း ၅၆၀၀ ပေ ကို ကန့်လန့်ဖြတ်အနေအထား ပြေးလမ်းဦးတည်ရပ် ၃၀ ဒီဂရီ ၂၁၀ ဒီဂရီ ဖြင့် လေယာဉ်ပြေးလမ်း အလျား ၁၂၀၀၀ပေ၊ အကျယ် ၂၀၀ ပေရှိတဲ့ ကွန်ကရစ် လေယာဉ်ပြေးလမ်းအဖြစ် ၁၉၉၂- ၁၉၉၃ ခုဘဏ္ဍာရေးနှစ်မှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ အပ်နှံ၍ စတင်တည်ဆောက်ခဲ့ရာ ၁၉၉၇-၁၉၉၈ခုဘဏ္ဍာရေးနှစ်တွင် ပြီးစီးခဲ့ပါတယ်။ ယင်းနှစ်တွင်ပင် တပ်မတော်(လေ)သို့ လွှဲပြောင်းပေး အပ်ခဲ့ပါတယ်။ ၂၀၀၃ ခုနှစ် ၌ မြန်မာ့လေကြောင်းမှ တပ်မတော်အား ခွင့်ပြုချက်တောင်းခံ၍ F-27 လေယာဉ်အမျိုးအစားဖြင့် တစ်ပတ်လျှင် တစ်ကြိမ်ခန့် ပြေးဆွဲပေးခဲ့ပါသည်။ ယင်းနောက်ပိုင်းတွင် ခရီးသည်မရှိပါသဖြင့် ပြေးဆွဲခြင်းအား ၂၀၀၇ခုနှစ်မှာ ရပ်ဆိုင်းခဲ့ပါတယ်။ နမ့်စန်လေယာဉ်ကွင်းတွင် လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းဖွဲ့စည်းပုံ မရှိသေးသလို လုံခြုံမှုစစ်ဆေးရေးကိရိယာများလည်း တပ်ဆင်ထားခြင်းမရှိသေးပါ။ လတ်တလောတွင် မြန်မာ့လေကြောင်းလိုင်း၊ ကျန်တဲ့ လေကြောင်းလိုင်းကုမ္ပဏီတို့မှလည်း ပြေးဆွဲရန် အစီအစဉ်မရှိသေးပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ဆက်လက်ပြီးလွှိင်လင်မြို့နယ်မဲဆန္ဒ နယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်ဒီဂေါလ်၊ လွှိင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ယနေ့ပြုလုပ်ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်

ပင်းတယမြို့နယ်၊ တောင်ကြီးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်စတဲ့ မြို့နယ်တွေမှာ ပျက်စီးဆုံးရှုံးမှုပေါင်းများစွာ ကြုံတွေ့ခံစားခဲ့ရပါတယ်။ အထူးသဖြင့် ရှမ်းပြည်နယ်ရဲ့အထင်ကရနေရာလည်းဖြစ်၊ ရှေးဟောင်းအမွေအနှစ်များဖြစ်တဲ့ မွေကော်ကတ္တူဘုရားစေတီဆူ ၁၀၀၀ ကျော်လောက် ထီးတော်များ မြေခြင်းနှင့် အရံစေတီတော်များ ပျက်စီးဆုံးရှုံးခြင်းစတဲ့ တန်ဖိုးမဖြတ်နိုင်သော ပျက်စီးဆုံးရှုံးမှုများနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ ဒီသဘာဝဘေးဒဏ်ဟာ မဖြစ်ပေါ်အောင်လူသားများအနေနဲ့ ကာကွယ်စောင့်ရှောက်ကာကွယ်နိုင်ခြင်း မစွမ်းဆောင်နိုင်သော်လည်းဘဲ ကောင်းမွန်သော စီမံဆောင်ရွက်မှု၊ ကောင်းမွန်သော ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားပါက ပျက်စီးဆုံးရှုံးများကို သက်သာလျော့နည်းနိုင်သလို သဘာဝဘေးဒဏ်ရဲ့အလွန်ကာလဖြစ်တဲ့ ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်တဲ့နေရာမှာလည်းဘဲ ပိုမိုပြီးတော့မှ ထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့ မေးခွန်းကတော့ အကယ်၍များ ရှမ်းပြည်နယ်အတွင်းမှာ မမျှော်မှန်းနိုင်တဲ့ သဘာဝဘေးဒဏ်များ ကြုံတွေ့လာပါက အလျင်အမြန် ပြန်လည်တုံ့ပြန်ကယ်ဆယ်နိုင်ရေးနဲ့ သဘာဝဘေးဒဏ် အလွန်ကာလမှာ ပြန်လည်ထူထောင်နိုင်ရေးလုပ်ငန်းများကို ထိရောက် လျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် ရှမ်းပြည်နယ် အစိုးရအနေနဲ့ မည်ကဲ့သို့သော ကြိုတင်စီမံမှုများ ၊ ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်ထားသည်ကို ကျွန်တော်အပါအဝင် ညီနောင်ကိုယ်စားလှယ်တော်ကြီးများ အားလုံး သိရှိနိုင်ရန်အတွက် ဖြေကြားပေးနိုင်ပါရန် လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။

D/real(wide) (1

လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများ အားလုံး၊ တာဝန်ရှိပုဂ္ဂိုလ်များ အားလုံး မင်္ဂလာနံနက်ခင်းပါလို့ ရှိသေလေးစားစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သဘာဝဘေးဒဏ်နှင့်စပ်လျဉ်းပြီး မေးခွန်း မေးမြန်းသွားမည့် လွှတ်လင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရွှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရွှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုရဲ့ အကျိုးဆက်ကို ၁၉၈၂ ခုနှစ် ဝန်းကျင်မှစပြီး အကျိုးသက်ရောက်မှုကို ခံစားလာခဲ့ရပါတယ်။ ယခုလက်ရှိ အခြေအနေမှာ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၈ နိုင်ငံရှိတဲ့ အနက် သဘာဝ ဘေးဒဏ်ခံရမှုအများဆုံးရဲ့ ဒုတိယနေရာမှာရှိပြီးတော့မှ ကမ္ဘာ့ သစ်တောပြုန်းတီးမှုရဲ့ အများဆုံးနိုင်ငံများရဲ့တတိယနေရာမှာ ရပ်တည်နေတာကိုတွေ့ရှိရပါတယ်။ ဒီသဘာဝ ဘေးဒဏ်ဟာ လျော့ပါးသွားခြင်းမရှိဘဲ တစ်စထက်တစ်စခပ်စိပ်စိပ်ဖြစ်ပေါ် လာတာကိုလည်းတွေ့ရှိရပါတယ်။ သာဓကအားဖြင့် ဆူနာမီရေလှိုင်းရဲ့ ပုတ်ခတ်သံများ၊ ၂၀၀၈ ခုနှစ်မှာ ဖြစ်ပွားတဲ့ နာဂစ်မုန်တိုင်း၊ နောက်ပြီး အနီးစပ်ဆုံးနှစ်ဖြစ်တဲ့ ၂၀၁၅ ခုနှစ်မှာ မြန်မာပြည်တစ်ပြည်လုံးနီးပါး ရေလွှမ်းမိုးမှုဖြစ်ပွားပြီး ရေကြီးရေလျှံမှုဖြစ်ပြီးများစွာ ထိခိုက်မှု၊ ဆုံးရှုံးမှုများဖြစ်ပေါ်လာခဲ့ပါတယ်။ ကျွန်တော်တို့ရှမ်းပြည်နယ်မှာ လည်းဘဲ ၂၀၁၅ ခုနှစ်မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသတွင် လူများသေဆုံးသည်အထိနှင့် လယ်ယာ မြေများပျက်စီးဆုံးရှုံးခြင်း၊ စိုက်ပျိုးသီးနှံများပျက်စီးဆုံးရှုံးခြင်း၊ စတဲ့ ပျက်စီးဆုံးရှုံးမှုပေါင်းများစွာ တွေ့ကြုံ ခံစားခဲ့ရပါတယ်။ ၂၀၁၆ ခုနှစ် နှစ်ဦးပိုင်းကာလမှာ လေပြင်းတိုက်ခတ်တဲ့အတွက်ကြောင့် ရွာငံမြို့နယ်၊

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစား အပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်ရဲ့ ရှမ်းပြည်နယ်တွင်သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ပါက ထိရောက်လျင်မြန်စွာ ပြန်လည်တုံ့ပြန် ကူညီကယ်ဆယ်နိုင်ရေး အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သို့ ကြိုတင် စီမံ ဆောင်ရွက်ထားသည်ကို သိရှိလို ပါသည် မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်တွင်သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ပါက ထိရောက်လျင်မြန်စွာ ပြန်လည်တုံ့ပြန် ကူညီကယ်ဆယ်နိုင်ရေး အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အောက်ဖော်ပြပါအတိုင်း ကြိုတင်စီမံဆောင်ရွက်ထားရှိပါကြောင်း ပြန်လည်ဖြေကြားအပ် ပါသည်-

(က) ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ရှမ်းပြည်နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့များဖွဲ့စည်းထားရှိခြင်း။

(ခ) သဘာဝဘေး အန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် အရေးပေါ် ကယ်ဆယ်ထောက်ပံ့ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက်ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန်

D/real(wide) (1

အတွက် ပြည်နယ်ဝန်ကြီး(၁)ဦး ဦးဆောင်၍ သက်ဆိုင်ရာဌာနဆိုင်ရာ(၁၇)ခု၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းပေါင်း (၉)ခု၊ လူမှုရေး အဖွဲ့အစည်း (၃)ခုပါဝင်သော ရှမ်းပြည်နယ်လူမှု အထောက်အကူပြု ပူးပေါင်းဆောင်ရွက်ရေး ကော်မတီအား ဖွဲ့စည်းထားရှိ၍ ရှမ်းပြည်နယ် အတွင်းရှိ အဖွဲ့အစည်းများ အားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထား ရှိခြင်း။

(၈) သဘာဝဘေးမဖြစ်ပွားမီ အချိန်ကာလများတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်း များမှ အောက်ဖော်ပြပါ သဘာဝဘေး အသိ ပညာပေး လုပ်ငန်းများဆောင်ရွက်ခြင်း-

(၁) တက္ကသိုလ်၊ ကောလိပ်နှင့် အခြား အခြေခံပညာကျောင်းများတွင် သဘာဝ ဘေး အသိပညာပေး ဟောပြောခြင်း၊

(၂) ပြည်နယ်အဆင့် သဘာဝ ဘေးလျော့ပါး ရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ ပြုလုပ်ခြင်း၊

(၃) ခရိုင်/ မြို့နယ်အဆင့် သဘာဝဘေး စီမံခန့်ခွဲမှု နှင့် သဘာဝဘေးလျော့ပါးရေး ဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခြင်း၊

အစိုးရအဖွဲ့တို့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဦးစီးဌာနမှ သဘာဝဘေးဒဏ် ခံစားရသူများအတွက် အိမ်ထောင်စုအလိုက် ကယ်ဆယ်ရေး ပစ္စည်း(၉)မျိုး(ကျားလုံချည်၊ မလုံချည်၊ စောင်၊ တဘက်၊ ဇလုံ၊ ဒန်အိုး၊ တီရှပ် အင်္ကျီ၊ ဆပ်ပြာ၊ နှစ်ယောက်အိပ်ခြင်ထောင်)နှင့် အောက်ဖော်ပြပါအတိုင်း ရန်ပုံငွေများ ထောက်ပံ့ ပေးလျက်ရှိခြင်း-

(၁) သဘာဝဘေးကြောင့် သေဆုံးသူ တစ်ဦး အတွက် နာရေးထောက်ပံ့ငွေကျပ် တစ်သိန်း၊

(၂) မီးဘေးသင့် တိုက်အိမ်(၁)လုံးအတွက် ထောက်ပံ့မှု ငွေကျပ်နှစ်သိန်း၊

(၃) မီးဘေးသင့် သွပ်မိုး/ပျဉ်ကာ နေအိမ် (၁) လုံးအတွက်ထောက်ပံ့မှုငွေကျပ်တစ်သိန်း၊

(၄) မီးဘေးသင့် ဓနိမိုး/ထရံကာနေ အိမ် (၁) လုံးအတွက်ထောက်ပံ့မှုငွေကျပ်ငါးသောင်း၊

(၅) အခြားဘေးများကြောင့် လုံးဝ ပျက်စီး သွားသော နေအိမ်ထောက်ပံ့မှုငွေကျပ် ငါးသောင်း၊

(၆) ဘေးသင့်သူ(၁)ဦးလျှင် တစ်ရက် အတွက် ဆန် ဘိုးငွေကျပ် သုံးရာ နှုန်းနှင့် အနည်းဆုံး(၃)ရက်စာမှ ၂ ပတ်စာအထိ ထောက်ပံ့ခြင်း။

D/real(wide) (1

(စ) ထိခိုက်ပျက်စီးမှု ကြီးမားသော ဘေးများအတွက် အရေးပေါ်ကယ်ဆယ်ထောက်ပံ့ရေးကာလမှစ၍ ပြန်လည်ထူထောင်ရေးကာလအထိ စားဝတ်နေရေး လိုအပ်ချက်များအား နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များဖြင့် ပူးပေါင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများ ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်းက မေးခွန်း(၁)နှင့် (၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။ အားလုံးမင်္ဂလာပါလို့ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်မှာ '၀'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ပအိုဝ်း၊ ဓနု၊ ကိုးကန့်၊ ပလောင်စတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသီးသီးရှိပါတယ်။ ဒီလိုရှိနေပေမယ့်အဲဒီဒေသတွေမှာ အဆင့်တူညီတဲ့ တရားရုံးတွေကို ယနေ့ထိ ဖွင့်လှစ်ထားတာမတွေ့ရသေးပါဘူး။ တရားရုံးတွေကို မဖွင့်လှစ်ရသေးတဲ့အတွက် အမှုဖြစ်ပွားတဲ့ အမှုသည်တွေဟာ တစ်ဆင့်မြင့်တဲ့ တရားရုံးသို့ အယူခံနှင့် ပြင်ဆင်မှုတက်တဲ့အခါမှာငွေရေးကြေးရေးအခက်အခဲရှိခြင်း၊လမ်းပန်းအခက်အခဲရှိခြင်းတွေ တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီလိုအခက်အခဲတွေကြောင့် အမှုသည်တွေဟာ ဥပဒေကပေးတဲ့အခွင့်အရေးတွေ ဆုံးရှုံးနစ်နာပါတယ်။ အခွင့်အရေးများဆုံးရှုံးမှုမရှိစေရန်အတွက်

D/real(wide) (1

(၄) ရပ်ကွက်/ကျေးရွာအဆင့် သဘာဝဘေးအသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ခြင်း၊

(၅) သဘာဝဘေးအသိပညာပေး လက်ကမ်းစာစောင်များ၊ နံရံကပ်စာစောင်များ ဖြန့်ဝေရေးဆောင်ရွက်ခြင်း၊

(ဃ) သဘာဝဘေးဖြစ်ပွားလာပါက အမြန်ဆုံးရင်ဆိုင်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်/ မြို့နယ်များအလိုက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များအား အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းထားရှိခြင်းနှင့် ကယ်ဆယ်ရေးပစ္စည်းများနှင့်အတူ ဇာတ်တိုက်လေ့ကျင့်မှုများ ပုံမှန်ဆောင်ရွက်နေခြင်း-

(၁) တောင်ကြီး၊ လားရှိုးနှင့် ကျိုင်းတုံမြို့ များတွင် မီးသတ်တပ်ဖွဲ့ဝင် ၁၁၆ ဦး (တပ်ခွဲ ၁ ခွဲ)စီဖြင့် အင်အား ၃၄၈ ဦး(တပ်ခွဲ ၃ ခွဲ) ဖွဲ့စည်းထားရှိခြင်း။

(၂) ရှမ်းပြည်နယ်အတွင်းရှိ ကျန်မြို့နယ် ၄၉ မြို့နယ်၌ တစ်မြို့နယ်လျှင် ရှာဖွေ ကယ်ဆယ်ရေး တပ်စု ၁ စု (အင်အား ၃၅ဦး) နှုန်းဖြင့် တပ်စု ၄၉ စု (အင်အား ၁၇၁၅ ဦး)ဖွဲ့စည်းထားရှိခြင်း။

(င) သဘာဝဘေး ဖြစ်ပွားမှုအပေါ် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်

တရားရုံးတွေကို အလျင်အမြန်ဖွင့်လှစ်ပေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော် အောက်ပါအတိုင်း မေးခွန်းမေးမြန်း အပ်ပါတယ်-

မေးခွန်းနံပါတ်(၁) ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၁၄ ပုဒ်မခွဲ (ခ)(၁)(ကက)တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးနှင့် (၂)(ခခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးဟုဖော်ပြထားသည့်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးဖွင့်လှစ်ထားရှိခြင်းရှိက မည်မျှဖွင့်လှစ်ပြီးစီးခဲ့ပါသလဲ၊ မဖွင့်လှစ် သေးပါကမည်သည့်ကြောင့်မဖွင့်ရသေးပါသလဲဆိုတာကို ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ် ပါတယ်ခင်ဗျား။

မေးခွန်းနံပါတ်(၂)နှင့်ပတ်သက်ပြီးတော့ ကျွန်တော် အနည်းငယ်ရှင်းပြလိုပါတယ်။ ရှမ်းပြည်နယ်မှာခေတ်ကာလ အဆက်ဆက်က ဥပဒေတွေဟာ အတည်မဖြစ်တာတွေ၊ အာဏာ သက်ရောက်ခြင်းမရှိတဲ့ ဥပဒေတွေအမြောက်အမြားဖြစ်ခဲ့ပါတယ်။ အဲဒီဥပဒေတွေ အာဏာသက်ရောက်ခြင်းမရှိတဲ့ ဥပဒေကို ကျွန်တော်မေးမြန်းရခြင်းအကြောင်းအရင်းမှာ တရားဥပဒေဖိုးမိုးရေး အတွက် အထောက်အကူဖြစ်စေရန် ရှမ်းပြည်နယ်လွှတ်တော်မှာ ဒီလိုအာဏာသက်ရောက်ခြင်းမရှိတဲ့ ဥပဒေတွေကို စုစည်း ထားရှိရန်၊ ပြည်သူတွေကို ဗဟုသုတရရှိစေရန်နှင့် တရားစီရင်ရေး အတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် သဘောရိုးနှင့် ကျွန်တော်မေးမြန်းခြင်းဖြစ်ပါတယ်။ ဒါကြောင့် မေးခွန်းကိုမေးမြန်းလိုသည်မှာ ရှမ်းပြည်နယ်တွင် ကာလ စည်းကမ်းသတ်ဥပဒေသည် ယနေ့ထိ အာဏာသက်ရောက်ခြင်း မရှိသကဲ့သို့ ယခုအချိန်ထိ ရှမ်းပြည်နယ်အတွင်း၌ အာဏာ

လွှတ်တော်ကိုယ်စားလှယ်ကြီးက ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၃၁၄ ညွှန်းပြီး မေးမြန်းသွားပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၁၄ ဟာ တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်တွေရဲ့တရားစီရင်ရေးဆိုင်ရာ ကြီးကြပ်ကွပ်ကဲမှုအပိုင်းကို ပြဋ္ဌာန်းထားခြင်းသာဖြစ်ပါတယ်။ ပုဒ်မ ၃၁၄ မှာ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များသည် အောက်ပါတရားရုံး အသီးသီးအား တရားစီရင်ရေးဆိုင်ရာကြီးကြပ် ကွပ်ကဲမှုပေးရ မယ်ဆိုပြီးတော့ ပြဋ္ဌာန်းထားခြင်းသာဖြစ်ပါတယ်။ တရားရုံးများ ဖွဲ့စည်းပုံဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၃(က) အရ တရားရုံးများတည်ထောင်ဖွဲ့စည်းထားရှိခြင်းကို ပြဋ္ဌာန်း ထားခြင်းဖြစ်ပါတယ်။ ပုဒ်မ ၂၉၃(က)မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများဖွဲ့စည်း တည်ထောင်ရန် ပြဋ္ဌာန်းထားရှိပါသည်။ ထိုသို့ပြဋ္ဌာန်းထား သော်လည်း ရုံးသစ်များဖွဲ့စည်းခြင်း၊ ထိုသို့ဖွဲ့စည်းထားသည့် ရုံးများတွင် ဝန်ထမ်းဖွဲ့စည်းပုံကို နိုင်ငံတော်သမ္မတကြီးကသာ ခွင့်ပြုနိုင်ပါတယ်။ ဒါကြောင့် ဒီလို ခွင့်ပြုနိုင်ရေး ပြည်ထောင်စု တရားလွှတ်တော်၊ပြည်ထောင်စုတရားသူကြီးချုပ်က ပြည်ထောင်စု အစိုးရအဖွဲ့မှ တစ်ဆင့် နိုင်ငံတော်သမ္မတကြီးထံ တင်ပြညှိနှိုင်းပြီး ခွင့်ပြုချက်ရရှိပါက ခွင့်ပြုထားသည့်အတိုင်း ဖွဲ့စည်းတည်ထောင် ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီနေရာမှာလည်း ရှမ်းပြည်နယ် တရားလွှတ်တော်အနေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ(၅)ခုကို (၃)နှစ်တိတိလေ့လာဆန်းစစ်တဲ့အခါမှာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသသာလျှင် အမှုများ ၃၀ ကျော်ရှိတာဖြစ်ပါတယ်။ ကျန်တဲ့ ဒေသတွေကတော့ ၁ နှစ် မှာ ၁ မှု ၂ မှုလောက်သာရှိပါတယ်။

D/real(wide) (1

သက်ရောက်ခြင်းမရှိသည့် ပြစ်မှုကြောင်းနှင့်ပတ်သက်သည့် ဥပဒေ ပြဋ္ဌာန်းချက်များ၊ တရားမကြောင်းနှင့်ပတ်သက်သည့် ဥပဒေ ပြဋ္ဌာန်းချက်များကို ပြည့်စုံစွာ ဖြေဆိုပေးပါရန် လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်မှဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးကြွယ်ကြွယ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်။ လေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ကြွရောက်လာကြသောဧည့်သည်တော်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းပို့သဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပင်းတယမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဦးညီညီ(ခ)ဦးညီလေးချမ်းရဲ့ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၅ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ ဖွင့်လှစ်ထားခြင်း ရှိ/မရှိ သိရှိလိုပါသည် မေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော် ရှမ်းပြည်နယ်တရားလွှတ်တော် ပြည်နယ် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က ဖြေကြားပေးမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၆ အရ ရှမ်းပြည်နယ်အတွင်းမှာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဟူ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသ(၅)ခုရှိပါသည်။ ဒုတိယတစ်ဆင့် တင်ပြလိုတာကတော့

ဒီလိုဆန်းစစ်တွေ့ရှိချက်တွေကိုလည်း ကျွန်တော်တို့က ယခင်ကာလမှာ တင်ပြထားပြီး ဖြစ်ပါတယ်။

ယခုအချိန်မှာ အဲလိုဖွဲ့စည်းဖို့အတွက် ညွှန်ကြားချက်၊ ခွင့်ပြုချက်မရှိသေးပါသဖြင့် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း တရားရုံးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ ဖွင့်လှစ်နိုင်ခြင်းမရှိသေးပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ပြည်ထောင်စုအဆင့်မှ ညွှန်ကြားသည့် ညွှန်ကြားချက် ရရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တရားရုံးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ ဖွင့်လှစ်ရန် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကိုးကန့်ဒေသ လောက်ကိုင်မြို့၌ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် အဆင့်တူ ခရိုင်အဆင့် တရားရုံး ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးဖွင့်လှစ်ရန် ညွှန်ကြားပါက ခရိုင်တရားရုံးအား ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ တရားရုံးအဖြစ် ပြင်ဆင်ပြောင်းလဲဖွဲ့စည်း မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ပင်းတယမြို့၌ ပင်းတယမြို့နယ်တရားရုံးရှိပြီး ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတရားရုံးဖွင့်လှစ်ရန် ညွှန်ကြားပါက ပင်းတယမြို့နယ်တရားရုံးနှင့် ပူးတွဲ၍လည်းကောင်း၊ ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့၌ နမ့်ဆန်မြို့နယ်တရားရုံးရှိပြီး ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးဖွင့်လှစ်ရန် ညွှန်ကြားပါက နမ့်ဆန်မြို့နယ်တရားရုံးနှင့် ပူးတွဲ၍လည်းကောင်း၊ ဖွင့်လှစ်နိုင်ရန် လျာထားချက်ရှိပါသည်။ ဟိုပန်မြို့တွင် "ဝ" ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း တရားရုံးဆောက်လုပ်ရန်နှင့် ဟိုပုံးမြို့တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တရားရုံးများဆောက်လုပ်ရန် မြေနေရာ ရရှိရေး ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း ပြည်နယ်လွှတ်တော်

D/real(wide) (1

အဲဒီခေတ်က မြူနီစီပါယ်ဧရိယာဟု သတ်မှတ်ကြော်ငြာ ထားသည့် ဒေသများမှာ တောင်ကြီး၊ ကလော၊ လားရှိုး၊ သီပေါ၊ အောင်ပန်း၊ ညောင်ရွှေ၊ လွိုင်လင်၊ ကျောက်မဲ၊ ပင်လုံ၊ ကျိုင်းတုံ မြို့စသည့် စည်ပင် သာယာရေးဒေသများဖြစ်ကြပါသည်။

သို့ဖြစ်ပါ၍ Municipal Act ဥပဒေအရ သတ်မှတ် ကြော်ငြာထားသည့် ဒေသများနှင့် သတ်မှတ်ကြော်ငြာမထားသည့် ဒေသများတွင် အာဏာ သက်ရောက်ခြင်းရှိသည့်ဥပဒေနှင့် အာဏာသက်ရောက်ခြင်း မရှိသည့် ဥပဒေဟူ၍ ကွဲပြားပေါ်ပေါက် ခဲ့ခြင်းသာ ဖြစ်ပါတယ်။ ယင်းသို့ အာဏာသက်ရောက်ခြင်းမရှိ ဖြစ်ရခြင်းမှာ ယခင် အင်္ဂလိပ် အစိုးရ လက်ထက်၌ ပြည်မနှင့် တောင်တန်းဒေသများကိုခွဲခြား၍ တောင်တန်းဒေသများသည် ပြည်မကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု မရှိသေးသဖြင့် ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် မထိုက်တန်သေးဆိုသော အကြောင်းပြချက်ဖြင့် မြန်မာပြည် ဘုရင်ခံမှ တောင်တန်းဒေသ များကို တိုက်ရိုက်အုပ်ချုပ်၍ ဥပဒေ အချို့ကိုသာ အာဏာတည်စေခဲ့၍ လည်းကောင်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၂ အရ ပါလီမန်က ပြည်ထောင်စု မြန်မာနိုင်ငံ တစ်ဝန်းလုံး အတွက် ဖြစ်စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ တစ်စိတ်တစ်ဒေသ အတွက် ဖြစ်စေ ဥပဒေပြုရန် အာဏာရှိသကဲ့သို့ ပြည်နယ်ကောင်စီ များကလည်း မိမိတို့ပြည်နယ်အတွက်ဖြစ်စေ၊ ပြည်နယ်၏ တစ်စိတ် တစ်ဒေသအတွက်ဖြစ်စေ ဥပဒေပြုရန် အာဏာရရှိခဲ့ပြီး ပြည်နယ် တစ်ခုချင်းအလိုက် ဥပဒေအချို့ကိုသာ အာဏာတည်စေရန် ပြဋ္ဌာန်းခဲ့၍ လည်းကောင်း၊ ပြည်မတွင် အာဏာတည်သမျှ ဥပဒေများသည် ပြည်နယ်တွင် အာဏာမတည်သည့်ကိစ္စရပ်များ ဖြစ်ပေါ်ခဲ့ရခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေး မရမီ ကာလနှင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပေါ် ပေါက်ခဲ့သည့်

ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းကို ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။

ဒုတိယအနေနဲ့ ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယ မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)ရဲ့ မေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်တွင် ကာလစည်းကမ်းသတ်ဥပဒေသည် ယနေ့အထိ အာဏာ သက်ရောက်ခြင်း မရှိသကဲ့သို့ ယခုအချိန်အထိ ရှမ်းပြည်နယ် အတွင်း၌ အာဏာ သက်ရောက်ခြင်းမရှိသည့် ပြစ်မှုကြောင်းနှင့် ပတ်သက်သည့် ဥပဒေပြဋ္ဌာန်းချက်များ၊ တရားမကြောင်းနှင့် ပတ်သက်သည့် ဥပဒေပြဋ္ဌာန်းချက်များကို ပြည့်စုံစွာဖြေဆိုပေးရန်နှင့် ဘာကြောင့် အာဏာသက်ရောက်ခြင်းမရှိကြောင်းကို အကျိုးအကြောင်း ပြည့်စုံစွာဖြင့် ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်မှ ဖြေကြားပေးပါရန်စသည့် မေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော်ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က ပြန်လည်ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း၌ အာဏာသက်ရောက်ခြင်းမရှိသည့် ဥပဒေ ပေါင်း(၃၀)ကျော်ခန့်ရှိပြီး ကာလစည်းကမ်းသတ်ဥပဒေသည် ရှမ်းပြည်နယ်အတွင်း၌ ယခင်က အာဏာသက်ရောက်ခြင်းမရှိ သော်လည်း (၃၁၊ ၇၊ ၂၀၁၄)ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၃၆ ဖြင့် ကာလစည်းကမ်းသတ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ပြဋ္ဌာန်းခဲ့ရာ ယင်းဥပဒေ ပုဒ်မ ၂ အရ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အာဏာသက်ရောက် သဖြင့် ကာလစည်းကမ်းသတ်ဥပဒေသည် ရှမ်းပြည်နယ်အတွင်း၌ အာဏာသက်ရောက်ခြင်းရှိသွားပြီဖြစ် ပါသည်။

D/real(wide) (1

ပါလီမန်ကာလတို့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်တစ်ခုလုံးတွင် လည်းကောင်း၊ ပြည်နယ်များ တွင်သာ လည်းကောင်း၊ အာဏာသက်ရောက်သည့် ဥပဒေများကို ခွဲခြားပြဋ္ဌာန်းခဲ့သဖြင့် ပြည်နယ်များ၌ အာဏာသက်ရောက်ခြင်း မရှိသေးသော ဥပဒေပြဿနာများ ပေါ်ပေါက်ခဲ့ရခြင်းဖြစ်ပါတယ်။

ယင်းနောက်ပိုင်းတော်လှန်ရေးကောင်စီ ကာလနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရပေါ်ပေါက် လာသည့် ပြည်သူ့လွှတ်တော်ကာလ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာလတို့၌ ပြဋ္ဌာန်းခဲ့သည့် ဥပဒေများသည် နိုင်ငံတော်တစ်ဝန်းလုံးတွင် အာဏာသက်ရောက်သဖြင့် ယင်းကာလများအတွင်း၌ ပြည်နယ်များတွင် အာဏာမသက်ရောက်သည့် ဥပဒေကိစ္စရပ်များပေါ်ပေါက်ခြင်းမရှိခဲ့ပါ။ ၁၉၆၂ ခုနှစ်မတိုင်မီကထုတ်ပြန်ခဲ့သည့် ဥပဒေရေးရာများတွင်သာ အာဏာသက်ရောက်ခြင်းရှိသည့် ကိစ္စရပ်၊ မရှိသည့်ကိစ္စရပ်များပေါ်ပေါက်ခဲ့ခြင်းရှိပါ တယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ အရ ပြည်ထောင်စုလွှတ်တော်သည် ဇယား ၁ တွင် ဖော်ပြထားသော ပြည်ထောင်စုဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ ပြည်ထောင်စု၏တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်

D/real(wide) (1

အလားတူပင် The Myanmar Stamp Act, 1899၊ The Court Fees Act, 1870၊ The Transfer of property Act, 1882 ၊ The Registration Act, 1908 တို့ဟာလည်း ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ (၂၇-၁၁-၁၉၉၇)ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ်(၁၈/၉၇)အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အာဏာသက်ရောက်သွားပြီဖြစ်ပါသည်။ သီးခြားသက်သာခွင့်ဥပဒေသည် ရှမ်းပြည်နယ်တွင် ယနေ့အချိန်အထိ အာဏာသက်ရောက်ခြင်း မရှိသေးပါ။ ရှမ်းပြည်နယ်တွင်အာဏာသက်ရောက်စေသည့် ဥပဒေများအနက် ဥပဒေ ၂၂ ခုကို ၁၉၉၂ ခုနှစ် ဥပဒေများရုပ်သိမ်းသည့် ဥပဒေ ဖြင့်လည်းကောင်း၊ ၁၉၉၃ ခုနှစ် ဥပဒေများ (ဒုတိယအကြိမ်) ရုပ်သိမ်းသည့် ဥပဒေတို့ဖြင့်လည်းကောင်း၊ ဥပဒေ ၂၇ ခုကို အသစ်ပြဋ္ဌာန်း၍ လည်းကောင်း ရုပ်သိမ်းပယ်ဖျက်ခဲ့ပြီး ဖြစ်ပါသည်။

အချို့သော ဥပဒေများသည် ရှမ်းပြည်နယ်တစ်ခုလုံးတွင် အာဏာ သက်ရောက် ခြင်းမရှိဘဲ သတ်မှတ်သည့်ဒေသများ တွင်သာ အာဏာ သက်ရောက်မှုရှိပါသည်။ (ဥပမာ-မြန်မာနိုင်ငံယစ်မျိုးဥပဒေ၊ မြန်မာ နိုင်ငံလက်နက်ဥပဒေ၊ မြန်မာနိုင်ငံ ရဲအက်ဥပဒေတို့ဖြစ်ပါသည်။) တစ်ချို့ဒေသများတွင် ပြည်နယ်မှ ထုတ်ပြန်သော ဥပဒေများသာ အာဏာသက်ရောက်ပါသည်။ (ဥပမာ-၁၉၂၅ ခု နှစ်၊ ရှမ်းပြည်နယ် ယစ်မျိုးအမိန့်၊ ၁၉၂၄ ခုနှစ်၊ ရှမ်းပြည်နယ် လက်နက်အမိန့် တို့ဖြစ်ပါသည်။) ရှမ်းပြည်နယ်ရှိ လူမျိုးစုများအား ခွဲခြားထားခြင်းမရှိဘဲMunicipal Act ဥပဒေအရ မြို့နီစီပါယ်ဧရိယာဟု သတ်မှတ်ထားသည့် ဒေသနှင့် သတ်မှတ်ကြော်ငြာမထားသည့် ဒေသဟူ၍ခွဲခြားထားပြီး ဥပဒေများကို အာဏာသက်ရောက်စေခဲ့ပါသည်။ ဒီနေရာမှာ Municipal Act အက်ဥပဒေဟုတင်ပြရခြင်းဟာ အင်္ဂလိပ်ခေတ်က ဥပဒေကို အခြေခံပြီး ခွဲခြားသတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။

ရှိသည်။ ထို့အတူ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၆ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအား မိမိတို့ တိုင်း သို့မဟုတ် ဒေသအတွက် ဇယား ၃ တွင်ဖော်ပြထားသော ဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာများကို ခွဲဝေအပ်နှင်းထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မှ ထုတ်ပြန်သည့် ဥပဒေများသည် လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့မှ ထုတ်ပြန်သည့် ဥပဒေများသည် လည်းကောင်း ထိုသို့ထုတ်ပြန်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း၌သာ အာဏာသက်ရောက်ခြင်း ရှိပြီး ကျန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့၌ အာဏာသက်ရောက်ခြင်း မရှိနိုင်ပါ။ သို့ဖြစ်၍ တိုင်းဒေသကြီး တစ်ခုနှစ်တစ်ခု၊ ပြည်နယ် တစ်ခုနှင့် တစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ တစ်ခုနှင့် တစ်ခုတို့၌ ဥပဒေပြဋ္ဌာန်းချက်များသည် တစ်ပြေးညီ မဖြစ်နိုင်ပါ။ နိုင်ငံတော်အတွင်း ဒေသတစ်ခုခုတွင် အာဏာက်ရောက်မှု မရှိခဲ့သော ပြည်ထောင်စုနှင့် သက်ဆိုင်သည့်ရှိရင်းစွဲဥပဒေတစ်ရပ်ရပ်ကို အာဏာသက်ရောက်စေရန်မှာ ဥပဒေပြု ပိုင်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကသာ ဥပဒေပြဋ္ဌာန်းပေးနိုင်ပါသည်။ ပြည်ထောင်စုလွှတ်တော်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကိုလည်း ဖွဲ့စည်းဆောင်ရွက်ထားပြီး ထိုကော်မရှင်မှ မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသော ဥပဒေများအနက် ဥပဒေ ၁၄၂

အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့နှင့် ပင်းတယမြို့နယ် ရပ်မိရပ်ဖများနှင့် တွေ့ဆုံသော အစည်းအဝေးမှာ ရပ်မိရပ်ဖတစ်ဦးကမေးပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် ဘတ်ဂျက်မှာ ပင်းတယ မြို့နယ်၊ ရွာငံမြို့နယ် နယ်ချင်းဆက်တံတား ၁ ခု တည်ဆောက်ဖို့ ရှိပါတယ်။ အဲဒီနယ်ချင်းဆက်တံတားဟာ ပေပေါင်း ၂၃၈၀ ဖြစ်ပါတယ်။ ပေပေါင်း ၂၃၈၀ဟာလည်း နိုင်ငံတော်က ခွင့်ပြုငွေကျပ်သန်းပေါင်း ၁၃၈၀ ဖြစ်ပါတယ်။ တံတားပေအကျယ် ၁၄ ပေ၊ ထုက ၇ လက်မ ဖြစ်ပါတယ်။ အဲဒီတံတားဟာ ယနေ့ထိတွေ့မြင်ခြင်းမရှိရသေးတဲ့အတွက် မည်သည့်အတွက် ကြောင့်လဲဆိုတာ မေးခွန်းမေးခဲ့ပါတယ်။ အဲဒီမေးခွန်းကြောင့် ကျွန်တော်ကလည်းဘဲ အဲဒီတုန်းက ဒီတံတားနှင့်ပတ်သက်ပြီး ကျွန်တော်လည်း သွားရောက်လေ့လာဖူးပါတယ်။ ဒီတံတားကိုမတွေ့ခဲ့ပါဘူး၊ ဒီတံတားကို မတွေ့ခဲ့တဲ့အတွက်ကြောင့် ပြည်နယ်လွှတ်တော်မှမေးခွန်းမေးမြန်းပေးပို့မယ်လို့ပြောပြခဲ့ပါတယ်။

အစည်းအဝေးပြီးနောက်တစ်ရက်တွင် သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ကျွန်တော့်အိမ်သို့ လာပြီး တံတားနှင့်ပတ်သက်၍ ရွာငံ ၊ ပင်းတယ မြို့နယ်ရွာချင်းဆက် တံတားပေ ၂၃၈၀ သည် ပင်းတယ၊ ရွာငံ မြို့နယ်မှာလုပ်တဲ့ တံတားအားလုံးပေါင်းပြီး စုထားတဲ့ ပေပေါင်း ဖြစ်ကြောင်း လာရောက်ရှင်းပြပါတယ်။ ၄င်းပုဂ္ဂိုလ်အား နယ်စပ်ဒေသဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ပင်းတယမြို့နှင့် ရွာငံမြို့နယ်(၂)မြို့နယ်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် စီမံကိန်းလုပ်ငန်းများ အဆိုပြုထောက်ခံချက်နှင့်ငွေရရှိမှုဖော်ပြချက် စာအုပ်ကိုပေးပြီး တံတားပေအရှည်နှင့် ကုန်ကျငွေကို ကိုက်ညီခြင်း ရှိ/မရှိ ပေါင်းခိုင်းရာ ကိုက်ညီခြင်းမရှိပါ။ တံတား

D/real(wide) (1

မရှိကြောင်းနှင့် စပ်လျဉ်းပြီး ပြည်သူ့အသံလွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ အောက်ပါ ကြယ်ပွင့်ပြ မေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။

မေးခွန်း(က) ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား ၂၃၈၀ ပေ တည်ဆောက်ခြင်း ၁၄ ပေအကျယ်၊ ထု ၇ လက်မ တံတားသည် ယနေ့ထိ မရှိ၊ ဘာကြောင့် မရှိတာကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေဆိုပေးစေလိုပါတယ်။

မေးခွန်း(ခ) ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား ၂၃၈၀ ပေ တည်ဆောက်ခြင်း ၁၄ ပေအကျယ်၊ ၇ လက်မ ထု မရှိသည့်အတွက် ချမှတ်ထားသော ငွေကျပ်သန်း ၂၃၈၀ကို မည်သို့ဆက် လက်ဆောင် ရွက်ထားသည်ကို သက်ဆိုင်ရာဝန်ကြီးမှ ဖြေဆိုပေးပါရန် တင်ပြအပ်ပါတယ်။

နံပါတ်(၅)မေးခွန်းနှင့်ပတ်သက်ပြီး ထောင်ကျ အကျဉ်းသား နှင့်ဆိုင်ပါတယ်။ မေးခွန်း(၁)(က)မှာ ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင်အသီးသီးတွင် ထောင်ကျအကျဉ်းသား၊အကျဉ်းသူ များ ၊ရဲဘက်စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျနေသော ထောင်ကျ အကျဉ်းသား၊ အကျဉ်းသူများ ကျန်းမာရေးချို့ယွင်းလာသည့်အခါ၊ ထိခိုက်ဒဏ်ရာရရှိလာသည့်အခါ ဆေးကုသမှုအတွက် ဆေးဝါးများ ပြည့်စုံခြင်းရှိ/မရှိနှင့် ရှိပါကမည်သို့ ဆောင်ရွက်နေကြောင်း ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ သက်ဆိုင်ရာဝန်ကြီးကဖြေဆိုပေးပါရန် ကြယ်ပွင့်ပြမေးခွန်းမေးရခြင်းဖြစ်ပါတယ်။ မေးခွန်း(၁)(ခ)ထောင်ဒဏ် မကျမီကတည်းက ရောဂါဝေဒနာအမျိုးမျိုးဖြစ်နေသော၊ ခွဲစိတ် ကုသမှုခံရသော ထောင်ကျအကျဉ်းသား၊ အကျဉ်းသူများအား

မျိုးကိုစိစစ်၍ နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီဖြစ်စေရန်အတွက် ဥပဒေ များကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ် ပြဋ္ဌာန်းခြင်းများ ပြုလုပ်ရန်အတွက် လေ့လာစိစစ်လျက်ရှိကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုတစ်ဝန်းလုံးတွင် ပြည်ထောင်စုနှင့် သက်ဆိုင်သောဥပဒေများ တစ်ပြေးညီဖြစ်စေရေး ကိစ္စသည် ပြည်ထောင်စုလွှတ်တော်နှင့်သာ သက်ဆိုင်ပါကြောင်း၊ ထိုကိစ္စရပ် များကို ပြည်ထောင်စုလွှတ်တော်တွင် မေးမြန်းပါက ပိုမို အဆင်ပြေမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်းက မေးခွန်း(၃၊၄၊ ၅)ကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား ။ ကျွန်တော်ကတော့ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း ဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၃)နှင့် ပတ်သက်ပြီးတော့ ကျွန်တော် မေးမြန်းလိုတာကတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ရဒေသနှင့် အဆင့်အတန်းတူညီသည့် နိုင်ငံတော် အစိုးရနှင့်ဆိုင်သော ဌာနဆိုင်ရာရုံးများကို မည်သည့်ကြောင့် မဖွင့်လှစ် ရသေးသလဲ ကြယ်ပွင့်ပြမေးခွန်းကို လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး မှတစ်ဆင့်မေးမြန်းအပ်ပါတယ်။

မေးခွန်းနံပါတ်(၄)နှင့် ပတ်သက်ပြီးတော့ ကျွန်တော်တင်ပြ ဆွေးနွေးလိုတာကတော့(၂၅-၇-၂၀၁၆) ရက်နေ့က ဓနုကိုယ်ပိုင်

D/real(wide) (1

ရဲဘက်စခန်းတွင် အလုပ်ကြမ်း လုပ်ခိုင်းခြင်း ရှိ/မရှိနှင့် ရှိပါက ထောင် ဆရာဝန်၏ ခွင့်ပြုချက်အရ ဟုတ်/မဟုတ် ကိုလည်း ရှာမ်းပြည်နယ် အစိုးရအဖွဲ့မှ သက်ဆိုင်ရာဝန်ကြီးက ဖြေဆိုပေးပါရန် ကြယ်ပွင့်ပြ မေးခွန်းမေးရခြင်းဖြစ်ပါတယ်။ မေးခွန်း(၁)(ဂ) ထောင်က အကျဉ်းသား၊ အကျဉ်းသူများအား အများပြည်သူရုံးပိတ်ရက်တွင် အလုပ်ခိုင်းစေခြင်း ရှိ/မရှိ၊ အလုပ်ချိန်ကို တစ်ရက်လျှင် မည်သည့် အချိန်က စတင်ခိုင်းပြီး မည်သည့် အချိန်တွင် ပြီးကြောင်းကိုလည်း ရှာမ်းပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာ ဝန်ကြီးက ဖြေဆိုပေးပါရန် ကြယ်ပွင့်ပြမေးခွန်း မေးရခြင်း ဖြစ်ပါတယ်။ မေးခွန်း(၁)(ဃ) ရှာမ်းပြည်နယ်အတွင်းရှိ ထောင်အသီးသီးတွင် အပြစ်ဒဏ်ကျ နိုင်ငံရေးအကျဉ်းသား၊ အကျဉ်းသူများ ရှိ/မရှိ နှင့် ရှိပါက နေထိုင်မှု အဆင့်မည်မျှရှိကြောင်း ကိုလည်း ရှာမ်းပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာ ဝန်ကြီးက ဖြေဆိုပေးပါရန် ကြယ်ပွင့်ပြမေးခွန်းကို လွှတ်တော်ဒုတိယဥက္ကဋ္ဌ မှတစ်ဆင့် ပြန်လည်မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးစိုးမိုးအောင် ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးရွှင်လန်းကျန်းမာပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သပါတယ်။ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းမေးမြန်းသော ပထမမေးခွန်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်

အဖွဲ့ခွဲရုံး စုစုပေါင်း ၅ ရုံး ဖွင့်လှစ် ထားရှိပြီးဖြစ်ပါတယ်။

(ဃ) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တွင် ဒေသအဆင့်ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်ထားရှိမှုမှာ ဒေသအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ၊ ဒေသစီမံကိန်းဦးစီးရုံး၊ ဒေသရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး၊ ဒေသရဲတပ်ဖွဲ့ မှန်းခြေ ငွေစာရင်းဦးစီးဌာန၊ ဒေသမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ စုစုပေါင်း ၅ ရုံး ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။

(င) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တွင် ဒေသအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ၊ ဒေသရွေးကောက်ပွဲ ကော်မရှင်ရုံး၊ ဒေသစီမံကိန်း ရေးဆွဲရေးဦးစီးဌာန၊ စုစုပေါင်း ၃ ရုံး ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။

ကျန်သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဝန်ထမ်းခန့်ထားနိုင်မှုအပေါ် မူတည်၍ ဆက်လက် ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယ မေးခွန်းအနေနဲ့ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းမှ မေးမြန်းလာသည့် ၂၀၁၃-၂၀၁၄ခုနှစ် ဝန်ကြီးဌာနနှင့် ဦးစီးဌာနအဖွဲ့အစည်းများမှ တာဝန်ယူဆောင်ရွက်ရမည့် စီမံကိန်းများ ရှမ်းပြည်နယ်၊ ပင်းတယမြို့နယ်စာအုပ်ကို ကိုးကား၍ အမှတ်စဉ်(၂၂)ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ

D/real(wide) (1

အုပ်ချုပ်ခွင့်ရဒေသ နှင့် အဆင့်အတန်းတူ ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်ထားခြင်း ရှိ/မရှိ ဆိုသော ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်က ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် အဆင့်အတန်းတူ ဌာနဆိုင်ရာများ အောက်ပါအတိုင်း ဖွဲ့စည်ထားပါသည် -

(က) 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းအဆင့်အတန်းတူ ဌာနဆိုင်ရာ ရုံးများ အနေဖြင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ တိုင်းရသုံး မှန်းခြေ ငွေစာရင်းဦးစီးဌာန၊ တိုင်းစီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် တိုင်းရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး စုစုပေါင်း ၄ ရုံး ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါတယ်။

(ခ) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒေသစီမံကိန်းဦးစီးရုံး၊ ဒေသရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ ဒေသမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒေသရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး စုစုပေါင်း ၅ ရုံး ဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။

(ဂ) ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် ဒေသအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ၊ ဒေသမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒေသစီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဒေသရသုံး မှန်းခြေ ငွေစာရင်းဦးစီးဌာန၊ ဒေသရွေးကောက်ပွဲကော်မရှင်

သံကူကွန်ကရစ်တံတား ၂၃၈၀ ပေတည်ဆောက်ခြင်း ၁၄ ပေ အကျယ်၊ ၇ လက်မ ထူ ကျပ်သန်းပေါင်း ၂၃၈၀ နှင့်ပတ်သက်၍

(က) ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား ၂၃၈၀ ပေ တည်ဆောက်ခြင်း ၁၄ ပေအကျယ်၊ ၇ လက်မ ထူ တံတားသည် ယနေ့အထိ မရှိဘာကြောင့် မရှိတာကို သိရှိလိုပါသည်။

(ခ) ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား ၂၃၈၀ ပေ တည်ဆောက်ခြင်း ၁၄ ပေအကျယ်၊ ၇ လက်မ ထူ မရှိသည့်အတွက် ချမှတ်ပေးထားသော ငွေကျပ်သန်း ၂၃၈၀ ပေကို မည်သို့ဆက်လက် ဆောင်ရွက်ထားသည်ကို သိရှိလိုပါသည်ဆိုသော

ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင် မှ ဆက်လက်ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း၏ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လိုသော လုပ်ငန်းများအား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ နယ်စပ်ဒေသနှင့်

D/real(wide) (1

တိုင်းရင်းသား လူမျိုးများဖွဲ့ဖြိုး တိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ တိုက်ရိုက်လျာထား ပြုစုပေးပို့ခဲ့ပါ သည်။ အဆိုပါလုပ်ငန်းများ လျာထားပြုစုပေးပို့ရာတွင် ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအနေဖြင့် ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်အတွင်း ကျေးရွာချင်းဆက် လမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား ၂၃၈၀ ပေ လျာထားတင်ပြခဲ့ပြီး ရန်ပုံငွေခွင့်ပြုချိန်တွင် ပင်းတယမြို့နယ်အတွင်း ကွန်ကရစ်တံတား ၁၁၄ စင်း၊ ၁၃၀၅ ပေ ကျပ် ၁၂၉၆.၅၀ သန်း၊ ကွန်ကရစ်ရေပြွန် ၁ စင်း ၁၀ ပေ ကျပ် ၁၀.၀၀သန်းနှင့် ရွာငံမြို့နယ်အတွင်း ကွန်ကရစ်တံတား ၅၁ စင်း ၇၅၀ ပေ ကျပ် ၇၅၀.၀၀ သန်း၊ ကွန်ကရစ်ရေပြွန် ၅ စင်း ၅၀ ပေ ကျပ် ၅၀.၀၀ သန်း စုစုပေါင်း ကွန်ကရစ်တံတား ၁၆၅ စင်း ၂၀၅၅ ပေ၊ ခွင့်ပြုရန်ပုံငွေကျပ် ၂၀၄၆.၅၀ သန်းနှင့် ကွန်ကရစ်ရေပြွန် ၆ စင်း ခွင့်ပြုရန်ပုံငွေကျပ် ၆၀.၀၀ သန်း စုစုပေါင်းကျပ် ၂၁၀၆.၅၀ သန်း ရရှိခဲ့ပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ အကောင်အတည် ဖော်ဆောင်ရွက်ပြီးစီးခဲ့ရာ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အတွင်း အကျဉ်းထောင်နှင့် ရဲဘက်စခန်းအသီးသီးတွင် အပြစ်ဒဏ်ကျ အကျဉ်းသား၊ အကျဉ်းသူများနှင့် ပတ်သက်၍-

(၁) အပြစ်ဒဏ်ကျ ထောင်ကျအကျဉ်းသား၊ အကျဉ်းသူများ ကျန်းမာရေး ချို့ယွင်းလာသည့်အခါ ထိခိုက်ဒဏ်ရာ ရရှိသည့်အခါ ဆေးကုသမှုအတွက် ဆေးဝါးများ ပြည့်စုံခြင်း ရှိ/မရှိ နှင့် မရှိပါက မည်သို့ ဆောင်ရွက်နေကြောင်း သိရှိလိုပါသည်။

ကြည့်ရှုကုသခြင်း၊ အကျဉ်းထောင်ဆေးရုံတွင် လက်ခံကုသခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးရုံကြီး များသို့ ပို့ဆောင်ကုသခြင်း ဟူ၍ရှိပါသည်။ မြို့နယ်များရှိ အကျဉ်းထောင်များမှ ကျန်းမာရေး ချို့ယွင်းသူများသည် သက်ဆိုင်ရာ မြို့ငယ်များတွင် ကုသနိုင်သော အထူးကု ဆရာဝန်ကြီးများ မရှိပါက ရန်ကုန်၊ မန္တလေးကဲ့သို့ အထူးကု ဆရာဝန်ကြီးများ ရှိသော ထောင်များသို့ ရွှေ့ပြောင်းကုသပေးပါတယ်။ ဆေးဝါးပြည့်စုံခြင်း ရှိ/မရှိ မေးခွန်းကို ဖြေကြားရန်မှာ မြန်မာနိုင်ငံ သည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဆဲ နိုင်ငံဖြစ်တဲ့အတွက် အပြစ်မကျူးလွန်သော သာမန်ပြည်သူ လူထုအတွက်ပင် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှု လိုအပ်ချက်၊ အားနည်းချက်များ ရှိသေးသောအခြေအနေဖြစ်ပါတယ်။အကျဉ်းသား၊ အကျဉ်းသူများအား သာမန်ပြည်သူလူထု ရရှိသော ကျန်းမာရေးစောင့်ရှောက်မှုထက် မနိမ့်သော အခြေအနေဖြင့် စောင့်ရှောက်လျက်ရှိပါတယ်။ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များ၏ ဆေးဝါးလျှဒါန်းမှုကို လက်ခံပြီးကုသသုံးစွဲပါတယ်။ငွေကြေးပြည့်စုံတတ်နိုင်သော အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများ၏ ဆေးဝါး အတွက်ဂင်းတို့စရိတ်ဖြင့်ကျခံခြင်းကိုလည်း စိစစ် ခွင့်ပြုပေးလျက်ရှိပါတယ်။

D/real(wide) (1

(၂) ထောင်ဒဏ်မကျမီကတည်းက ရောဂါဝေဒနာ အမျိုးမျိုးဖြစ်နေသော၊ ခွဲစိတ်ကုသမှုခံရသော ထောင်ကျ အကျဉ်းသား၊ အကျဉ်းသူများအား ရဲဘက်စခန်းတွင် အလုပ်ကြမ်းလုပ်ခိုင်းခြင်း ရှိ/မရှိ နှင့် ရှိပါက ထောင်ဆရာဝန်၏ ခွင့်ပြုချက်အရ ဟုတ်/မဟုတ်သိရှိလိုပါသည်။

(၃) ထောင်ကျအကျဉ်းသား၊ အကျဉ်းသူများအား အများပြည်သူရုံးပိတ်ရက်တွင် အလုပ်ခိုင်းခြင်း ရှိ/မရှိ၊ အလုပ်ချိန်ကို တစ်ရက်လျှင် မည်သည့် အချိန်က စတင်ခိုင်းပြီး မည်သည့် အချိန်တွင် ပြီးကြောင်းကို သိရှိလိုပါသည်။

(၄) အပြစ်ဒဏ်ကျ နိုင်ငံရေးအကျဉ်းသား၊ အကျဉ်းသူများ ရှိ/မရှိ နှင့် ရှိပါက နေထိုင်မှုအဆင့် မည်သို့ရှိကြောင်း သိရှိလိုပါသည်

ဆိုသော ကြယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ဆက်လက်၍ ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင်နှင့် ရဲဘက်စခန်းအသီးသီး တွင် ပြစ်ဒဏ်ကျ အကျဉ်းသား၊ အကျဉ်းသူများနှင့်ပတ်သက်၍-

(၁) အပြစ်ဒဏ်ကျ ထောင်ကျအကျဉ်းသား၊ အကျဉ်းသူများ ကျန်းမာရေးချို့ယွင်းသည့်အခါ၊ ထိခိုက်ဒဏ်ရာရသည့်အခါ ဆေးကုသမှုအတွက် ဆေးဝါးကုန်ကျစရိတ်ကို (နိုင်ငံတော်)ဦးစီး ရန်ပုံငွေမှ ကျခံသုံးစွဲကုသပေးလျက်ရှိပါသည်။ အကျဉ်းထောင်အတွင်း ဆေးဝါးကုသပေးပုံမှာ အကျဉ်းထောင်ဆေးခန်းတွင်

(၂) ထောင်ဒဏ်မကျမီကတည်းက ရောဂါဝေဒနာ ရှိသူများကို ဖြစ်စေ၊ ထောင်ဒဏ်ကျခံနေစဉ် ရောဂါဝေဒနာ ရှိလာသူများကို ဖြစ်စေ၊ ရဲဘက်စခန်းများတွင်သော်လည်းကောင်း၊ အကျဉ်းထောင်၌သော်လည်းကောင်း၊ အလုပ်ကြမ်း လုပ်ခိုင်းခြင်း မရှိပါ။ အသက်အရွယ် ကြီးရင့်သူ၊ ကိုယ်အင်္ဂါချို့တဲ့သူ၊နာတာရှည်ရောဂါဖြစ်သူ၊ကိုယ်ဝန်ဆောင်၊ ကလေးမိခင်များ ကို ရဲဘက်စခန်းတွင် အလုပ်ခိုင်းခြင်းမရှိပါ။ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များပါအတိုင်း တိကျစွာဆောင်ရွက်ပေးလျက်ရှိပါတယ်။

(၃) ထောင်ကျအကျဉ်းသား၊ အကျဉ်းသူများအား အများပြည်သူ ရုံးပိတ်ရက်များတွင် (နေ့စဉ်ပုံမှန်လုပ်ရသည့် ချက်ပြုတ်ရေး၊ သန့်ရှင်းရေးလုပ်ငန်းမှ အပ) အလုပ်ခိုင်းစေခြင်းမရှိပါ။ မလွဲမကင်းသာသော ထူးခြားသော အခြေအနေမျိုးတွင် ခိုင်းစေရခြင်းရှိပါက နောက်တစ်နေ့ကို နားရက်အဖြစ် သတ်မှတ်ပေးလျက်ရှိပါတယ်။ တစ်နေ့အလုပ်ချိန်မှာ သာမန်အားဖြင့် နံနက် ၇ နာရီခန့်မှ နံနက် ၁၀ နာရီ ခွဲအထိ၊ နေ့လည် ၂ နာရီမှ ညနေ ၄ နာရီခွဲ အထိသာ ခိုင်းစေပါသည်။ စိုက်ပျိုးရေးကဲ့သို့ မိုးလေဝသကို ချင့်ချိန်၍ အလုပ်ခိုင်းရသောအခါတွင် အလုပ်စချိန်၊ အလုပ်ပြီးချိန် ကွဲလွဲမှုရှိသော်လည်း အလုပ်ချိန် ၈ နာရီထက်မပို ပါ။ နံနက်အလင်းရောင် ရသည်မှ ညအမှောင်ရောက်သည်

D/real(wide) (1

အထိ ကြားကာလတွင် တိကျသောအချိန်သတ်မှတ်မှုများ ရှိပြီးဖြစ်ပါတယ်။

(၄) အကျဉ်းထောင်/အလုပ်စခန်းများတွင် နိုင်ငံရေးအကျဉ်းသား/အကျဉ်းသူများ မရှိပါ။ ချုပ်နှောင်ခွင့်၊ ထောင်ဒဏ်ပေးပိုင်ခွင့်ရှိသော တရားရုံးတစ်ခုခုကတည်ဆဲဥပဒေအရ ချမှတ်သည့်အမိန့်အတိုင်းသာချုပ်နှောင်ထားရှိပါကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ဆက်လက်ပြီး လားရှိုးမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်သူက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအောင်သူ၊ လားရှိုးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လားရှိုး မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)က လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လားရှိုးမြို့နယ်၊ ဆုံကွယ် (စစ်မှုထမ်းဟောင်း) ကျေးရွာအခြေခံပညာမူလတန်းကျောင်း မြေနေရာနှင့်ပတ်သက်၍ မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ လားရှိုးမြို့နယ်၊ ဆုံကွယ်(စစ်မှုထမ်းဟောင်း) ကျေးရွာအုပ်စု၊ ဆုံကွယ်ကျေးရွာမှာ အခြေခံပညာဦးစီးဌာန(နေပြည်တော်)ရဲ့ (၂၁၊ ၁၁၊ ၂၀၁၅)ရက်စွဲပါ စာအမှတ်၊ ဌာနခွဲ(၁-ဂ)/၉၃၈၉/ကျောင်း(တိုး)(၂၀၁၅)ကို ရည်ညွှန်းပြီးတော့မှ ရှမ်းပြည်နယ်ပညာရေးမှူးရုံး(ရုံးခွဲ) ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ရဲ့ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်၊ ရက်စွဲပါစာအမှတ်၊ စိတ် ၅/၂၃၉၇/

(စစ်မှုထမ်းဟောင်း)ကျေးရွာအခြေခံပညာမူလတန်းကျောင်းအတွက် လိုအပ်တဲ့ ကျောင်းမြေနေရာ ရရှိရေးနှင့် ကျောင်းဆောင်ဆောက်လုပ် ခွင့်ရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ မည်ကဲ့သို့ စီစဉ် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည် ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်၊ မေလ ၂၂ ရက်နေ့မှ ၂၅ ရက်နေ့အထိ ရှမ်းပြည်နယ်မြောက်ပိုင်း ဒုတိယသမ္မတ (၁) ခရီးစဉ်တွင် လားရှိုးမြို့နယ်၊ ဆုံကွယ်(စစ်မှုထမ်းဟောင်း) ကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းဖွင့်လှစ်ခွင့်ရရှိရေး တင်ပြဆောင်ရွက်ရန် လမ်းညွှန်မှာကြားချက်အရ မူလတန်းကျောင်းဖွင့်လှစ်ခွင့်ရရှိရန် အခြေခံပညာဦးစီးဌာနသို့ တင်ပြခဲ့ပါတယ်။ အခြေခံပညာဦးစီး ဌာန၏ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်၊ ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၁-ဂ)(၉၃၈၉)/ကျောင်း(တိုး)(၂၀၁၅)ဖြင့် မူလတန်းကျောင်း ဖွင့်လှစ်ခွင့်ပြုခဲ့ရာ မူအုပ်(၁)ဦး၊ မူပြု(၄)ဦး၊ အထွေထွေအုပ်သား(၁)ဦး စုစုပေါင်း(၆)ဦး ခွဲဝေပေးခဲ့ပါတယ်။ ကျောင်းမြေနေရာရှိရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာရပ်မိရပ်ဖများနှင့် ကျောင်းအုပ်ကြီး တို့မှ မြေနေရာရှာဖွေညှိနှိုင်းဆောင်ရွက်ဆဲဖြစ်၍ ပြန်လည်တင်ပြရန် ညွှန်ကြားထားပါကြောင်း ဖြေကြားအပ်ပါတယ်။ မြေနေရာရရှိပါက အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ကျောင်းဆောင်သစ် ၁ ဆောင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ဆက်လက်ပြီး လားရှိုးမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်သူကမေးခွန်း(၂)နှင့် (၃)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

D/real(wide) (1

ဦးအောင်သူ၊ လားရှိုးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့မှ မေးခွန်းနံပါတ်(၂)ဖြစ်တဲ့ နေပြည်တော်-မန္တလေး-ပြင်ဦးလွင်-လားရှိုး ပြေးဆွဲလျက်ရှိတဲ့ ကြယ်စင်ဟိန်း Express ခရီးသည်ယာဉ်လိုင်းအား ထိရောက်တဲ့ ပြစ်ဒဏ်အရေးယူဆောင်ရွက်ပေးရန် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်လို့ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းသွားမှာဖြစ် ပါတယ်။ နေပြည်တော်-မန္တလေး-ပြင်ဦးလွင်-လားရှိုး ပြေးဆွဲလျက်ရှိတဲ့ ကြယ်စင်ဟိန်း Express ယာဉ်လိုင်းဟာ အဝေးပြေးခရီးသည်တင် ယာဉ်လိုင်းအဖြစ် ၂၅-၈-၂၀၁၁ ရက်နေ့မှာ ခွင့်ပြုချက်ရရှိခဲ့ပြီးတော့ ၂၈-၈-၂၀၁၁ ရက်နေ့မှာ မော်တော်ယာဉ် ၁၃ စီးနဲ့စတင်ပြေးဆွဲခဲ့ပါတယ်။ ယခုအခါမှာ မော်တော်ယာဉ် ၁၈ စီး ဖြင့် ပြေးဆွဲနေကြောင်းသိရှိရပါတယ်။ ယာဉ်လိုင်းပိုင်ရှင်မှာ နေပြည်တော် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ဦးမြတ်မိုး ဖြစ်ကြောင်းလည်းသိရှိရပါတယ်။ ၎င်းယာဉ်လိုင်းအနေနဲ့ ၂၀၁၆ ခုနှစ်၊ ဇွန်လမှ ဩဂုတ်လအတွင်း ဖြစ်စဉ်များဖြစ်ပွားခဲ့ပါတယ်။ အဲဒီဖြစ်စဉ်တွေကတော့ ၂-၆-၂၀၁၆ ရက်နေ့မှာ ဒက္ခိဏာသီရိမြို့နယ်၊ ပလွေးအမြန်လမ်းမကြီးအပိုင်း ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၉၉/၄-၅ မှာ ထူးထူးဟန်မောင်းနှင်လာတဲ့ 9F-5196 ကြယ်စင်ဟိန်း Express ယာဉ်ဟာ ယာဉ်မောင်းအိပ်ငိုက်ပြီးတော့မှ အရှိန်မထိန်းနိုင်ဘဲ လက်ယာဘက် ဘေးကပ်တုံးတွေကို တိုက်မိပြီးတော့ လမ်းလယ် ကျွန်းပေါ်ရောက်ရှိပြီး တိမ်းမှောက်ခဲ့သဖြင့် သံယာတော် ၁ ပါး၊ ကျား ၁၀ ဦး၊ မ ၂ ဦး ပေါင်း ၁၃ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီးတော့ ပလွေးအမြန်လမ်းမကြီး ရဲစခန်းယာဉ် (ပ) ၁၇/၂၀၁၆ ရာဇသတ်ကြီးပုဒ်မ ၃၇/ ၃၃၈ အရ အမှုဖွင့်အရေးယူထားရှိခဲ့ပါတယ်။

ကျောင်းတိုး (၂၀၁၅)နှင့် အခြေခံပညာမူလတန်းကျောင်းဖွင့်လှစ်ခွင့် ရရှိခဲ့ပြီး ဖြစ်ပါတယ်။

ယခုအခါ အဆိုပါ အခြေခံပညာမူလတန်းကျောင်းမှာ ကျောင်းအုပ်(၁)ဦး၊ ဆရာမ(၄)ဦး၊ အထွေထွေလုပ်သား(၁)ဦး ခန့်အပ်ထားရှိခဲ့ပြီးတော့ (၂၁. ၆. ၂၀၁၆)ရက်နေ့ကနေစပြီးတော့ စတင်ဖွင့်လှစ်ပညာ သင်ကြားလျက်ရှိနေပါတယ်။သို့သော်လည်းဘဲ ကျောင်းဆောက် လုပ်ရန်မြေနေရာမရှိသောကြောင့် ဆုံကွယ် (စစ်မှုထမ်းဟောင်း) ကျေးရွာဓမ္မာရုံမှာ သင်ကြားနေရပါတယ်။ ကျောင်းတက်နိုင်တဲ့ ကျောင်းသားများရှိသော်လည်းဘဲ နေရာအခက်အခဲကြောင့် ကျောင်းသူ၊ ကျောင်းသား (၆၁)ဦးသာ လက်ခံသင်ကြားပေးလျက်ရှိ ပါတယ်။ သို့ဖြစ်ပါ၍ ကျောင်းဖွင့်လှစ်ခွင့် ရရှိသဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိသော ဆုံကွယ် (စစ်မှုထမ်းဟောင်း) ကျေးရွာအခြေခံပညာမူလတန်းကျောင်းအတွက် လိုအပ်သော ကျောင်းမြေနေရာရှိရေးနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ခွင့်ရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သူရဲ့ လားရှိုးမြို့နယ်၊ ဆုံကွယ်

D/real(wide) (1

ခရီးသွားလာသူများ အဆင်ပြေ ချောမွေ့စွာသွားလာနိုင်စေရေး အတွက် လမ်းအကျယ်အား ၂ လမ်းသွားမှ ၄ လမ်းသွားအထိ တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းများ မပြီးစီးမီကာလအတွင်းမှာ ၂၀၁၅ ခုနှစ် ယာဉ်ကြောပိတ်ဆို့မှု ၂၆ ကြိမ် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအထိ ယာဉ်ကြောပိတ်ဆို့မှု ၃၀ ကြိမ် ဖြစ်ပွားကြောင်းတွေ့ရှိခဲ့ရပါတယ်။

မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်မှာဖြစ်ပေါ်နေတဲ့ ယာဉ်ကြောပိတ်ဆို့တဲ့နေရာ တွေဟာ ကျောက်မဲမြို့နယ်နှင့် နောင်ချိုမြို့နယ်အကြားရှိ ဂုတ်တွင်းလမ်းပိုင်း၊ ကွတ်ခိုင် မြို့နယ်နှင့် မူဆယ်မြို့နယ်ကြားမှာ အများဆုံးဖြစ်ပွားခဲ့ပြီးတော့ ပိတ်ဆို့ရတဲ့ အကြောင်းအရင်းတွေကို လေ့လာစိစစ်တဲ့အခါမှာ မော်တော်ယာဉ် များစက်ချို့ယွင်းမှု ဖြစ်ပြီးတော့ လမ်းလယ် တည့်တည့်မှာ ကန့်လန့် ဘေးတစ်စောင်း အနေအထားရောက်ရှိ ပိတ်ဆို့နေခြင်း၊ မော်တော်ယာဉ်များ ကုန်အလေးချိန်များပြားစွာ တင်ဆောင်ပြီး လမ်းအကွေ့ များမှာ ပန်းမကွေ့ဘဲတည့်ကွေ့တဲ့အတွက် ရုတ်တရက် တိမ်းမှောက်ခြင်း၊ တိမ်းစောင်းခြင်းများ ကြောင့် ပိတ်ဆို့ရခြင်း၊ မော်တော်ယာဉ်များ ကုန်အလေးချိန် များပြားစွာ တင်ဆောင်ပြီး ရှပ်တန်းကျိုးခြင်း၊ Joint ဆက်ပြုတ်ခြင်း၊ ပါဝါပွင့်များ ပေါက်ခြင်း တို့ကြောင့် ရပ်တန့်ပိတ်ဆို့ရခြင်း၊ မော်တော်ယာဉ်များ လမ်းထောင့်ချိုးကွေ့ များမှာ စက်ရပ်တန့်ရင်း ပိတ်ဆို့မှုဖြစ်ခြင်း၊ မော်တော်ယာဉ်များ တစ်စီးနှင့်တစ်စီးကျော်တက်ရာမှာ ပိတ်ဆို့မှု ဖြစ်ပွားခြင်း၊ ယာဉ်မောင်းများလမ်းအကွေ့မှာ ပန်းမကွေ့ဘဲ ခေါက်ကွေ့ခြင်းကြောင့် တိမ်းမှောက်ခြင်းနှင့် ယာဉ်ရပ်တန့်မှုဖြစ်၍ ပိတ်ဆို့ရခြင်း၊ ယာဉ်မောင်းအချင်းချင်း နားလည်မှုမရယူဘဲ ဖြစ်သလို ကျော်တက်မောင်းနှင်ခြင်းတို့ကြောင့် ပိတ်ဆို့ရခြင်း၊ ဂုတ်တွင်းလမ်းပိုင်းကြီ့ခိုင်မှု အားနည်းခြင်းနဲ့ အကွေ့များမှာ

နောက်ဖြစ်စဉ် တစ်ခုကတော့ ၂၀-၇-၂၀၁၆ ရက်နေ့မှာ ပျဉ်းမနားမြို့၊ ရာဇဌာနေလမ်းပေါ် နှင်းဆီပန်းအဝိုင်းအနီးမှာ သဲဝင်းအောင်မောင်းနှင်တဲ့ 9F-5183 ကြယ်စင်ဟိန်း Express ယာဉ်ဟာ နှင်းဆီပန်းအဝိုင်းအရောက်မှာ အရှိန်မထိန်းနိုင်ဘဲ အဝိုင်းပတ်အောက်ခြေအုတ်ခုံနဲ့ လှေကားထစ်ရှေ့ဘက်အုတ် တိုင်တို့ကို တိုက်မိပြီးတော့မှ ရာဇဌာနေလမ်းယာဘက်မှာရှိတဲ့ အောင်လှိုင်ထွန်းရွှေဆိုင် တိုက်ခန်းကိုဝင်ရောက်တိုက်မိတာကြောင့် ယာဉ်မောင်း သဲဝင်းအောင်နှင့် ဇော်နိုင်ဦးတို့ ၂ ဦး စိုးရိမ်ရ ဒဏ်ရာ ရရှိပြီး ပျဉ်းမနားမြို့မရဲစခန်းမှာ ယာဉ် (ပ) ၃၀/၂၀၁၆ ရာဇသတ်ကြီး ပုဒ်မ ၃၇/၂၇၉ တို့နဲ့ အရေးယူ ထားရှိ ခဲ့ရပါတယ်။ ၂၇-၈-၂၀၁၆ ရက်နေ့မှာ နေပြည်တော်မှ လားရှိုးသို့ ယာဉ်မောင်း မြတ်မင်းကျော် မောင်းနှင်လာတဲ့ ယာဉ်အမှတ် 9F-5199 ကြယ်စင်ဟိန်း Express ယာဉ်ဟာ သီပေါမြို့နယ်၊ ကုန်းပုံရွာနဲ့ စဉ့်ဟယ်ရွာအကြား ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၁၄၉ အရောက်မှာ လမ်းချော်ပြီးတော့မှ ယာဉ်တိမ်းမှောက်မှုဖြစ်ကြောင်း ၊ ယာဉ်ပေါ် ပါတဲ့ ခရီးသည် ၂၆ ဦးအနက် ကျား ၅ ဦး၊ မ ၂ ဦးတို့ သေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ သီပေါမြို့မရဲစခန်းမှာ ယာဉ် (ပ) ၃၅/၂၀၁၆ ရာဇသတ်ကြီး ပုဒ်မ ၂၇၉ /၃၃၇/၃၃၈/၃၀၄(က) တို့နဲ့ အမှုဖွင့်အရေးယူထားရှိရပါတယ်။

ကြယ်စင်ဟိန်း Express ယာဉ်လိုင်းမှမော်တော်ယာဉ် မတော်တဆမှုများကို လေ့လာစိစစ်တဲ့အခါမှာ ယာဉ်နဲ့ လမ်းကြောင်းကြောင့် ဖြစ်ပွားခြင်းမဟုတ်ဘဲ ယာဉ်မောင်းများ ပေါ့လျော့ခြင်း၊ အိပ်ငိုက်ခြင်းများကြောင့်သာဖြစ်ပွားကြောင်း တွေ့ရှိခဲ့ရပါတယ်။ ထိုကဲ့သို့အရည်အချင်းပြည့်မီခြင်းမရှိသော ယာဉ်မောင်းများအား ခန့်အပ်အသုံးပြုလျက်ရှိသော ကြယ်စင်ဟိန်း

D/real(wide) (1

ဗွီပုံသဏ္ဌာန် တစ်ထောင်ဆစ်ကွေ့များဖြစ်ပြီးတော့ အတက်အဆင်းများမတ်စောက်ခြင်း၊ ကွတ်ခိုင်လမ်းပိုင်းမှာဆိုရင် ကျဉ်းမြောင်းပြီး အကွေ့အကာများကြောင့် ပိတ်ဆို့ရခြင်း၊ ယာဉ်မောင်းများနှင့် ယာဉ် နောက်လိုက်များ ကုန်တင်ယာဉ်များမှာ သတ်မှတ်ထားတဲ့ လိုင်စင်များမပါရှိခြင်းတို့ဖြစ်ကြောင်းတွေ့ရှိရပါတယ်။

ထိုကဲ့သို့ လမ်းပိတ်ဆို့မှုဖြစ်ပွားရာမှာ အမြန်ဆုံးဖြေရှင်းနိုင်ဖို့အတွက် လမ်းပိုင်း ချဲ့ထွင်နေတဲ့ အော်ရီတယ်ဟိုက်ဝေး ကုမ္ပဏီ လီမိတက်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ သက်ဆိုင်ရာ နယ်မြေခံရဲတပ်ဖွဲ့ဝင်များကသာ ဖြေရှင်းဆောင်ရွက်ပေးနေရကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ တစ်ခုတည်းနဲ့ ဖြေရှင်းဆောင်ရွက်ခြင်းထက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကွပ်ကဲမှုအောက်မှာ ရှိတဲ့ ဌာနဆိုင်ရာများ ပူးပေါင်းကူညီဖြေရှင်းရန် လိုအပ်လျက်ရှိကြောင်းတွေ့ရှိရပါတယ်။ ဌာနဆိုင်ရာများအနေနဲ့ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်တဲ့ အချက်အလက်တွေကတော့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ သတ်မှတ်ယာဉ်မောင်း လိုင်စင်ရှိ/မရှိ ၊ တရားဝင် မှတ်ပုံတင်ထားသော ယာဉ်လိုင်စင် ရှိ/မရှိ၊ သယ်ပို့လိုင်စင် ရှိ/မရှိ၊ ယာဉ်နောက်လိုက်များ လိုင်စင် ရှိ/မရှိ စိစစ်ပြီး မပါရှိပါက လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊ လမ်းဦးစီးဌာနမှ တန်ပို သယ်ဆောင် လာတဲ့ ကုန်တင်ယာဉ်များအား ယခုပြုလုပ်နေတဲ့ တန်ပိုဒဏ်ကြေးပေးဆောင်ပြီး စေလွှတ်နေခြင်းအစား တန်ပိုကုန်ပစ္စည်းများအား တန်ပိုစစ်ဆေးရေးဂိတ်မှာ ချစေပြီး သတ်မှတ်ထားတဲ့ ကုန်တန်ချိန်ဖြင့်သာ စေလွှတ်ဆောင်ရွက်ပေးခြင်းတို့ လိုအပ်လျက်ရှိကြောင်းတွေ့ရှိရပါတယ်။

D/real(wide) (1

Express ယာဉ်လိုင်းအားထိရောက်စွာအရေးယူမှုပြုလုပ်ပါရန် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ကြယ်စင်ဟိန်း Express ယာဉ်လိုင်းအား ယာဉ်လိုင်း ပိတ်သိမ်းသည် အထိ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ယာဉ်လိုင်းပိတ်သိမ်းသည်အထိ အရေးယူရန် အခွင့်အာဏာမရှိပါက ယာဉ်လိုင်းပိတ်သိမ်းနိုင်သည့် အခွင့်အာဏာရှိသော ဌာနများသို့မဟုတ် ပြည်ထောင်စုအစိုးရသို့ ဆက်လက်တင်ပြ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသဖြင့် ရှမ်းပြည်နယ်လွှတ်တော်မှ တစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။

ဆက်လက်ပြီး တတိယမေးခွန်းဖြစ်တဲ့ ကုန်တင်ယာဉ် များမှာ ကုန်တင်ယာဉ်လိုင်စင်နဲ့ ယာဉ်မောင်းများ လိုင်စင်များကို စိစစ်ပြီး ထိရောက်တဲ့အရေးယူမှု ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ တန်ပိုယာဉ် တင်ဆောင်လာသော ကုန်တင်ယာဉ်များကို တန်ပိုဒဏ်ကြေးပေးဆောင်နေခြင်းအစား သတ်မှတ်ထားတဲ့ ကုန်တန်ချိန်များဖြင့်သာ စေလွှတ်ရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်လို့ မေးခွန်းကို ဆက်လက်မေးမြန်းသွားမှာဖြစ်ပါတယ်။

မန္တလေး-လားရှိး-မူဆယ်ပြည်ထောင်စုလမ်းမကြီးမှာ လက်ရှိနေ့စဉ်ဖြတ်သန်းသွားလာနေတဲ့ ယာဉ်အရေအတွက်မှာ ယာဉ်ကြီး ၅၀၀ စီး ကနေ ၁၀၀၀ စီးခန့် ၊ ယာဉ်လတ် ၃၀၀ စီးကနေ ၈၀၀ စီးခန့်၊ ယာဉ်ငယ် ၃၀၀ စီးကနေ ၅၀၀ စီးခန့်ရှိနေတာဖြစ်တဲ့အတွက် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေးအတွက် လမ်းအကျယ်အား ၂ လမ်းသွားကနေ ၄ လမ်းသွားအထိ တိုးချဲ့ဖောက်လုပ်လျက်ရှိပါတယ်။ ထိုကဲ့သို့ ၂ လမ်း သွားကနေ ၄ လမ်းသွားအထိ တိုးချဲ့ ကုန်စည်စီးဆင်းသွားလာမှုနှင့် ခရီးသွားလာသူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်မှာဖြစ်ပါတယ်။ ကုန်စည်စီးဆင်းသွားလာမှု၊

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကွပ်ကဲမှုနဲ့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ယာဉ်မောင်းလိုင်စင်ရှိ/မရှိ၊ တရားဝင် မှတ်ပုံတင်ထားသော ယာဉ်လိုင်စင် ရှိ/မရှိ၊ သယ်ပို့ လိုင်စင် ရှိ/မရှိ၊ ယာဉ်နောက်လိုက်များ လိုင်စင် ရှိ/မရှိ စိစစ်ပြီးတော့မှ မပါရှိပါက လိုအပ်သလို အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ လမ်းဦးစီးဌာနမှ တန်ပိုသယ်ဆောင်လာတဲ့ ကုန်တင်ယာဉ်များကို ယခုပြုလုပ်နေတဲ့ တန်ပိုဒဏ်ကြေးပေးဆောင်စေလွှတ် နေခြင်းအစား တန်ပိုကုန်ပစ္စည်းများကိုတန်ပိုစစ်ဆေးရေးဂိတ်မှာ ချစေပြီးတော့မှ သတ်မှတ်ထားတဲ့ကုန်တန်ချိန်ဖြင့်သာ စေလွှတ်ရေး ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိသိရှိလိုပါ သဖြင့် ရှမ်းပြည်နယ် လွှတ်တော်မှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူ မေးမြန်းတင်ပြလာတဲ့ မေးခွန်းအမှတ်(၂)နှင့် (၃)တို့ကို ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာမေးခွန်း(၂)နှင့်ပတ်သက်ပြီး နေပြည်တော်-မန္တလေး-ပြင်ဦးလွင်-လားရှိုး ပြေးဆွဲလျက်ရှိတဲ့ ကြယ်စင်ဟိန်း Express ခရီးသည်တင်ယာဉ်လိုင်းမှ မော်တော်ယာဉ်မတော်

ပြေးဆွဲခွင့် ပိတ်သိမ်းပြီး ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

ဆက်လက်၍ မေးခွန်း(၃)ကို ဖြေကြားတင်ပြပါ့မယ် ခင်ဗျား မေးခွန်း(၃)နှင့်ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများ၊ ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ဌာနဝန်ထမ်းများ အဆင့်မျှအလိုက် ပါဝင်ပြီး လုပ်ငန်းတာဝန်များ ပူးပေါင်းဝင်ရောက်ထမ်းဆောင်လျက်ရှိပါတယ်။ ယင်းသို့ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာမှာ အခြေခံကျသော မြို့နယ်အဆင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကော်မတီများမှာ ပူးပေါင်းပါဝင်ပြီး ပုံမှန် စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများကို ဦးစီးဌာနမှ ထုတ်ပြန်ထားတဲ့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ စစ်ဆေးတွေ့ရှိချက်များအား ပူးပေါင်း စစ်ဆေးရေးအဖွဲ့အဖွဲ့ခေါင်းဆောင်ထံသို့ တင်ပြလျက် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ပြီး တန်ပိုယာဉ်များနဲ့ပတ်သက်ပြီး ဆက်လက်တင်ပြပါမယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးခရိုင်၊ လမ်းဦးစီးဌာနအောက်မှာ ရှိတဲ့ လားရှိုး၊ ကွမ်းလုံ၊ သိန္နီမြို့နယ်များမှာ Toll Gate ပေါင်း ၇ ဂိတ် ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် လအလိုက်စံနှုန်းကောက်ယူထားမှုများကိုထည့်သွင်းတင်ပြသွားမှာဖြစ်ပါတယ်။

D/real(wide) (1

Toll Gate ၇ ဂိတ်ကတော့ အရပ်အခေါ် ကချင်ကုန်း၊ လားရှိုးမြို့ရှောင်ဂိတ်၊ ခေးနင်းဂိတ်၊ ကွမ်းလုံဂိတ်၊ နမ့်စလပ်ဂိတ်၊ သိန္နီဂိတ်၊ ပန်လော့ဂိတ် ၊ ၇ ဂိတ်တို့ ဖြစ်ပါတယ်။ ၎င်းဂိတ် ၇ ဂိတ် အနက်မှာ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်းမှာ ကောက်ယူထားတာ အနည်းငယ်ကောက်နုတ်တင်ပြပါ့မယ်။ ဂိတ် ၇ ဂိတ်အနက်ယာဉ်သွားလာမှု အများဆုံးဖြစ်တဲ့ ခေးနင်းဂိတ်ရဲ့ အချက်အလက်များကို ကောက်နုတ်တင်ပြပါ့မယ်။ ခေးနင်းဂိတ်မှာ ဧပြီလ အတွင်းမှာ တစ်လလုံးရဲ့ ပျမ်းမျှနေ့စဉ် ယာဉ်ဖြတ်သန်းသွား လာမှုဟာ ၅၅၄၉ စီး ဖြစ်ပါတယ်။ ၎င်းအနက်မှာ တန်ပိုယာဉ် ၇ စီး တွေ့ရှိခဲ့ရပါတယ်။ ဇွန်လမှာ တစ်လလုံးပျမ်းမျှ တစ်နေ့ကို ၄၄၀၉ စီး ဖြတ်သန်းသွားလာပြီးတော့ တန်ပိုယာဉ် ၂ စီးတွေ့ရှိခဲ့ရပါတယ်။ ဩဂုတ်လမှာတော့ ၃၆၅၄ စီး နေ့စဉ်ပျမ်းမျှ သွားလာလျက်ရှိပြီး တန်ပိုယာဉ် ၁ စီးတွေ့ရှိခဲ့ရပါတယ်။ ဂိတ် ၇ ဂိတ်ရဲ့ အချုပ်ကို ပြန်ကြည့်ရင်တော့ မေလပိုင်းမှာ တန်ပိုယာဉ်ပေါင်း ၁၀၄ စီး ဖြတ်သန်းသွားလာတာကိုတွေ့ရှိခဲ့ရပါတယ်။ တန်ပိုကြေး ပေးဆောင်ရတဲ့ ယာဉ်များမှာ အများအားဖြင့်တော့ ဖြတ်တောက်၍ မရတဲ့ စက်၊ ယာဉ်၊ ယန္တရားပစ္စည်းတွေတင်ဆောင်လာတဲ့ ယာဉ်များ ဖြစ်ကြပါတယ်။ အဆိုပါ ယာဉ်များမှ လွဲ၍ ကုန်ပစ္စည်းရွှေ့ပြောင်း နိုင်သောယာဉ်များ တန်ပိုတင်ဆောင်လာပါက စစ်ဆေးရေး ဂိတ်တွင်ချစေပြီး သတ်မှတ်ထားသောကုန်ချိန်ဖြင့်သာ စေလွှတ်ရေး ဆက်လက်ဆောင်ရွက်သွားရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ကုန်တင်ယာဉ်ပါ ပစ္စည်းများသည် ကြီးမားသောအစိတ်အပိုင်းအလိုက် ချ၍မရသော ကုန်ပစ္စည်းများကိုသာ သက်ဆိုင်ရာ ထောက်ခံချက်နှင့် လမ်းဦးစီးဌာန၏ ညွှန်ကြားချက်အတိုင်း တန်ပိုကြေးပေးဆောင်၍ ဖြတ်သန်းခွင့် ပြုခြင်းဖြစ်ပြီး နောင်မှာတော့ တန်ပိုကြေးပေးဆောင်ပြီး ဖြတ်သန်းသွားလာခြင်း မရှိစေရေးအတွက်

တဆမှုနဲ့ပတ်သက်ပြီးတော့ စိစစ်အရေးယူထားပြီးဖြစ်တဲ့ အခြေအနေတွေကို ဖြေကြား တင်ပြသွားပါမယ်-

(က) ယာဉ်မတော်တမှု ဖြစ်ပွားစဉ် မောင်းနှင် လာသော ယာဉ်အမှတ် 9F-5199 မှန်လုံယာဉ်၏ ယာဉ်မောင်း ဦးမြတ်မင်းကျော်အား သီပေါမြို့နယ် ရဲစခန်းတွင် ရဲတပ်ကြပ်ကြီး ဝင်းဇော်လတ် က တရားလိုပြုတိုင်ကြားပြီး ပြစ်မှုပုဒ်မ ၂၇၉/ ၃၃၇/၃၃၈/၃၀၄(က) ဖြင့် အမှုဖွင့် အရေးယူ ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

(ခ) ယာဉ်မတော်တဆမှု ဖြစ်ပွားသည့် ယာဉ်အမှတ် 9F-5199 မှန်လုံယာဉ်အား သီပေါမြို့နယ် ရဲစခန်းတွင် သက်သေခံအဖြစ် သိမ်းဆည်းထား ပါတယ်။

(ဂ) ယာဉ်တိမ်းမှောက်မှုဖြစ်ပွားသည့် ကြယ်စင်ဟိန်း (မြတ်မိုး)ယာဉ် အသင်းအား လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန၊ နေပြည်တော်ကောင်စီနယ်မြေရုံးမှ နေပြည်တော် ကောင်စီသို့ ယာဉ်တိမ်းမှောက်မှု ဖြစ်စဉ်တင်ပြ ခဲ့ရာ နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီ၏ ၂၀၁၆ခုနှစ်၊ ဩဂုတ်လ စ ရက်နေ့တွင် ကျင်းပပြုလုပ်သော နေပြည်တော် ကောင်စီ အစည်းအဝေးအမှတ်စဉ်(၁၇/၂၀၁၆) ဆုံးဖြတ်ချက်အပိုဒ် ၁၅ ပါ ဆုံးဖြတ်ချက်အရ ကြယ်စင်ဟိန်း(မြတ်မိုး) ယာဉ်အသင်း၏ နေပြည်တော်-မန္တလေး-လားရှိုး ခရီးစဉ်အား ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့မှ စတင်၍

D/real(wide) (1

ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအားမဲက မေးခွန်း(၁)နှင့် (၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအားမဲ၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲ ဖြစ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယ ပုံမှန်အစည်းအဝေးမှာ ပြည်သူများ၏ အမှန်တကယ် လိုအပ်နေသော ပြည်သူတို့ရဲ့ဆန္ဒ ၂ ခုကို အောက်ပါ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီး ခင်ဗျာ။ မိုင်းခတ်မြို့နယ်သည် ကျိုင်းတုံမြို့နယ်နှင့် ၅၂ မိုင်ခန့်ဝေးကွာလျက်တည်ရှိနေသော မြို့ငယ်လေး တစ်မြို့ဖြစ်ပါတယ်။ ရပ်ကွက်(၂)ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၁၆)စုဖြင့် ဖွဲ့စည်းထားပါတယ်။ ၎င်းအပြင် မိုင်းခတ်မြို့နယ်သည် ရှမ်းလူမျိုး၊ အာခါလူမျိုး၊ လားဟူလူမျိုး၊ ဗမာလူမျိုး၊ အင်လူမျိုး၊ အားခေလူမျိုး၊ ရဲန်ဂျင်းလူမျိုး၊ လွယ်လှလူမျိုး ဟူ၍ စသည့်လူမျိုးများစုပေါင်း

ဖြစ်ပါတယ်။ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲမေးမြန်းတဲ့ ပထမမေးခွန်းဖြစ်တဲ့ မိုင်းခတ်မြို့နယ်၊ ဖာလန်ကော်ကျေးရွာအုပ်စု၊ အိုက်လန်းကောင် ကျေးရွာချင်းဆက် မြေသားလမ်း (၆)မိုင်အား အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ် တွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုသည်နှင့်ပတ်သက်၍ အိုက်လန်း ကောင်ကျေးရွာသွားလမ်းဟာ လက်ရှိအခြေအနေမှာ အရှည် ၆ မိုင် အကျယ် ၈ ပေသာရှိတဲ့ မြေသားလမ်းဖြစ်ပြီးတော့ သတ်မှတ် အကျယ်ပြည့်မီတဲ့ မြေသားလမ်းဖောက်လုပ်မည်ဆိုပါက ခန့်မှန်း ကုန်ကျစရိတ် ငွေကျပ် ၁၂၉၊ ၀ သန်း နှင့် Box Culvert ၁၂ စင်း တည်ဆောက်ခြင်း အတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၃၀၊ ၀၀ သန်း၊ စုစုပေါင်းခန့်မှန်းကုန်ကျစရိတ် ကျပ်၁၅၉၊ ၀၀ သန်း ကုန်ကျ မှာ ဖြစ်ပြီးတော့ ကျေးရွာ ၂ ရွာ၊ အိမ်ခြေ ၃၁ အိမ် နဲ့ လူဦးရေ ၃၁၆ ဦးအား အကျိုးပြုနိုင်မှာဖြစ်ပါတယ်။

ရှမ်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့်လည်း ဒေသဆိုင်ရာလမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ၏ လမ်းညွှန်မှု အရ ကျေးလက်လမ်း၊ တံတားများ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေး အတွက် ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ခုဘဏ္ဍာရေးနှစ်အထိ ၁၅ နှစ်အား ၅ နှစ် စီမံကိန်း များရေးဆွဲပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် စီမံကိန်းများ လျာထားရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုရေးဆွဲတင်ပြတဲ့ ဖာလန်ကော် အုပ်စု၊ အိုက်လန်းကောင်ကျေးရွာသွားလမ်း ၆ မိုင် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို စီမံကိန်းတွင် ထည့်သွင်းလျာထားတင်ပြ

D/real(wide) (1

ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မိုင်းခတ်မြို့နယ်၊ ဖာလန်ကော်အုပ်စု၊ အလန်းမိုင်မိုင်ကျေးရွာချင်းဆက်မြေသားလမ်း ၁၀ မိုင်အား အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီး အလန်းမိုင်မိုင်ကျေးရွာသွားလမ်းသည် လက်ရှိအခြေအနေတွင် အရှည် ၁၀ မိုင်၊ အကျယ် ၈ ပေရှိတဲ့ မြေသားလမ်းဖြစ်ပြီး သတ်မှတ်အကျယ်ပြည့်မီသော မြေသားလမ်းဖောက်လုပ်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ် ၂၁၅ သန်း Box Culvert ၂၀ စင်း တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေ ကျပ် ၅၀ သန်း၊ စုစုပေါင်းခန့်မှန်းကုန်ကျငွေ ကျပ် ၂၆၅.၀၀ သန်း ကုန်ကျမှာဖြစ်ပါတယ်။ ကျေးရွာ ၂ ရွာ၊ အိမ်ခြေ ၅၈ အိမ်၊ လူဦးရေ ၄၄၃ ဦးကို အကျိုးပြုမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန အနေဖြင့် ဒေသဆိုင်ရာလမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၏ လမ်းညွှန်မှုအရ ကျေးလက်လမ်း၊ တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ခုဘဏ္ဍာရေးနှစ်အထိ ၁၅ နှစ်အား ၅ နှစ် စီမံကိန်းများရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းများလျာထားရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုရေးဆွဲတင်ပြတဲ့ ဖာလန်ကော်အုပ်စု၊ အလန်းမိုင်မိုင်ကျေးရွာသွားလမ်း ၁၀ မိုင် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို စီမံကိန်းတွင် ထည့်သွင်းလျာထားတင်ပြပေးသွားမည် ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

နေထိုင်လျက်ရှိပါတယ်။ တစ်မြို့နယ်လုံး၏ လူဦးရေ စုစုပေါင်းမှာ ၄၅၀၄၃ ဦးရှိပြီး မြို့နေလူဦးရေမှာ ၂၅% နှင့် ကျေးလက်နေလူဦးရေမှာ ၇၅ % ခန့်ရှိပါတယ်။

ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကျေးလက်ဒေသတွင် အများဆုံးနေထိုင်သည်ကို လေ့လာတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ကျေးလက်နေ ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးစသည်များကို လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် အဆိုပါ ကျေးရွာချင်းဆက် မြေသားလမ်းသည် အဓိကကျသော ကဏ္ဍတစ်ခုဖြစ်ပါတယ်။ ထို့ကြောင့် အဆိုပါ ကျေးရွာချင်းဆက်မြေသားလမ်းဖြစ်သည့် မေးခွန်းနံပါတ်(၁) ဖာလန်ကော်ကျေးရွာအုပ်စု၊ အိုက်လန်း ကောင်ကျေးရွာချင်းဆက် မြေသားလမ်း(၆)မိုင်နှင့် မေးခွန်းနံပါတ်(၂) ဖာလန်ကော်ကျေးရွာအုပ်စု၊ အလန်းမိုင်မိုင်ကျေးရွာချင်းဆက် မြေသားလမ်း(၁၀)မိုင် အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ သိရှိလိုပါကြောင်း လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးထံမှတစ်ဆင့် ရှိသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်

D/real(wide) (1

တယ်။ ထပ်မံလိုအပ်တဲ့ အကြီးတန်း ဆေးဘက်ဆိုင်ရာအရာရှိ ၁ ဦး၊ လက်ထောက်ဆရာဝန် ၁ဦး ဖြည့်စွက်ခန့်ထားရန်အတွက် ရှမ်းပြည်နယ်မြောက်ပိုင်းသို့ သစ်လွင်လက်ထောက်ဆရာဝန်အင်အားခွဲဝေရရှိပါက အတွေ့အကြုံရှိသောလက်ထောက်ဆရာဝန်များထဲမှ ဦးစားပေးဖြည့်စွက်ခန့်ထားပေးနိုင်ရန် စီစဉ်ထားရှိပါတယ်။

နမ္မတူ ပြည်သူ့ဆေးရုံသည် ယခင်ဘော်တွင်းလုပ်ငန်းရှိစဉ်က သတ္တုတွင်း ဝန်ကြီးဌာနပိုင် ခုတင် ၁၅၀ ဆေးရုံအဖြစ် ရှိခဲ့ပြီး ကျန်းမာရေး ဝန်ကြီးဌာနသို့ ၁၉၇၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် လွှဲပြောင်း လက်ခံရရှိခဲ့တယ်။ နေ့စဉ် လူနာပျမ်းမျှ ၅၁ ဦးခန့်နှင့် ပြင်ပလူနာ ၅၂ ဦးခန့်ရှိတဲ့ ဆေးရုံဖြစ်ပါတယ်။ သူနာပြုဆရာမကြီးများ ဖြည့်ဆည်းခန့်ထားခြင်းကို ကုသရေးဦးစီးဌာန အစီအစဉ်ဖြင့်လည်းကောင်း၊ အခြားသူနာပြုများ ခန့်အပ်ခွင့်ရရှိသည်နှင့် ရုံးချုပ်အတည်ပြုချက်ဖြင့် ခန့်ထားခြင်း၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများကို ဘာသာရပ်ဆိုင်ရာတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံး အစီအစဉ်ဖြင့် ဖြည့်စွက်ခန့်ထားခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ရုံးဝန်ထမ်းအထွေထွေဝန်ထမ်းများလိုအပ်ချက်အတွက် သက်ဆိုင်ရာဆေးရုံအုပ်က လိုအပ်ချက်တင်ပြခြင်း၊ ကုသရေးဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ပြည်နယ်ကုသရေးဦးစီးဌာန၏ ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်သည့် ရာထူးတိုးမြှင့်ရေးဘုတ်အဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ဆက်လက်ပြီး သီပေါမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ္မတူမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နန်းစံဟွမ်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။ ဂုဏ်သရေရှိလူကြီးမင်းများအပေါင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ် ဖြစ်ပါတယ်။ ကျွန်မ မေးမြန်းတဲ့မေးခွန်းကတော့ နမ္မတူမြို့နယ်ရှိ ကျန်းမာရေးဝန်ထမ်းလိုအပ်ချက် တောင်းခံခြင်းဆိုင်ရာ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။

အထက်ပါအကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်ပြီးတော့ နမ္မတူမြို့နယ်မှာ ကျန်းမာရေးဝန်ထမ်း လစ်လပ်သူ လွန်စွာများပြားနေပါတယ်။ ခုတင် ၁၅၀ ဆံ့ဖြစ်တဲ့ နမ္မတူပြည်သူ့ ဆေးရုံကြီးသည် သားဖွားမီးယပ်အထူးကု၊ ကလေး အထူးကု၊ သားဖွားဆောင်ပြည့်စုံပါသော်လည်း အထွေထွေရောဂါကုဆရာဝန်အဖြစ် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ၁ ဦး တည်းသာရှိပါတယ်။ ဆေးရုံတက်ရောက်ကုသတဲ့ လူနာများပြားသည့်အပြင် ပြင်ပလူနာဌာနမှာ လာရောက်ပြသတဲ့ လူနာဟာ ၁ ရက်ကို ပျမ်းမျှ ၄၀ ဝန်းကျင်ခန့်ရှိပါတယ်။ ထို့အပြင် နမ္မတူမြို့သို့ စစ်ဘေးရှောင်၍ရောက်ရှိလာသော ပြည်သူများ၏ ကျန်းမာရေးကိုလည်း မြို့နယ်ဆရာဝန်ကြီးကိုယ်တိုင် စစ်ဘေးရှောင်စခန်းတစ်ခုစီသို့ အလှည့်ကျ ၁ ရက်စီသွားရောက်စစ်ဆေးကုသမှုပြုလုပ်ပေးလျက်ရှိပါတယ်။

ဒါကြောင့် ပြည်သူများဟာ ထိရောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အောက်ပါလိုအပ်သော ကျန်းမာရေးဝန်ထမ်းများ အမြန်ဆုံးဦးစားပေး၍ ခန့်ထားပေးနိုင်ရန်နှင့်

D/real(wide) (1

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ရှေးဦးစွာပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ ကျွန်မမေးမြန်းလိုတဲ့ အကြောင်းအရာကတော့ ၁၄-၇-၂၀၁၆ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့) တွင် ကျွန်မဒေါ်နန်းစမ်းစမ်းအေးမှ တင်သွင်းခဲ့သော အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၁၀၅ အရ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်းဖြစ်ပါတယ်။ အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း ဖြစ်ပွားနေသော စစ်ပွဲများအမြန်ဆုံးရပ်တန့်ရေးနှင့် စစ်ရေးတင်းမာမှုများ အနာဂတ်တွင်ဆက်လက်မဖြစ်ပွားရေး ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် တိုက်တွန်းခြင်းအဆိုကို ၁၄-၇-၂၀၁၆ ရက်နေ့တွင် လွှတ်တော်သို့ တင်သွင်းခဲ့ပြီး ၁၅-၇-၂၀၁၆ရက်နေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(စတုတ္ထနေ့)တွင် လွှတ်တော်၏ သဘောတူညီချက်ဖြင့် ၎င်းအဆိုကို အတည်ပြုပြီးဖြစ်ပါတယ်။

သို့သော် ၎င်းအဆိုတင်သွင်းပြီး ၁ လကျော်ပြီးသည့်တိုင် စစ်ဘေးဒဏ်သင့်ဒုက္ခသည်များမှာ နေရပ်သို့ပြန်နိုင်သည့် အလားအလာမရှိသေးခြင်း၊ နေရပ်သို့ပြန်ရောက်သော်လည်းပြန်လည်ထူထောင်ရေးအတွက် လုံလောက်သော အထောက်အပံ့များမရရှိခြင်း၊ နေရပ်သို့ ပြန်နိုင်ရန် လုံခြုံမှုများ လုံလောက်စွာ မရရှိခြင်း စသည့် စိုးရိမ်ထိတ်လန့်မှုများ ခံစားနေရဆဲဖြစ်ပါတယ်။ နေရပ်သို့ မပြန်နိုင်သေးသည့် စစ်ဘေးဒုက္ခသည်များမှာ ၈-၇-၂၀၁၆

ကျန်လစ်လပ်နေသော ကျန်းမာရေး ဝန်ထမ်းများအားလည်း အလျဉ်းသင့်သလိုခန့်ထား ပေးသွားနိုင်ပါရန် လေးစားစွာဖြင့် သက်ဆိုင်ရာသို့ တောင်းခံအပ်ပါတယ်ရှင်။ နမ္မတူမြို့နယ်ရဲ့ လိုအပ်ဝန်ထမ်းအင်အားစာရင်းတွေကိုလည်း ပူးတွဲပြီးတော့ တင်ပြထားပြီးဖြစ်ပါတယ်။ ဒါကြောင့် လိုအပ်တဲ့ ဝန်ထမ်းများအား မည်သည့်အချိန်ကာလတွင်ခန့်ထားပေးနိုင်ပါမည်နည်း။ ခန့်ထားပေးနိုင်ခြင်းမရှိပါကအဘယ်ကြောင့် မရှိသည်ကို သိရှိလိုပါ၍ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ ဦးစားပေး၍ ခန့်ထားပေးစေလိုတဲ့ ဝန်ထမ်းများ စာရင်းများကိုလည်းတွဲပြီးတင်ပြထားပြီးဖြစ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ်ရဲ့ နမ္မတူမြို့နယ်ရှိ ခုတင် ၁၅၀ ဆံ့ နမ္မတူပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သော ဝန်ထမ်းများအား မည်သည့်အချိန်ကာလတွင် ခန့်ထားပေးနိုင်ပါရန်နှင့်ခန့်ထားပေးနိုင်ခြင်းမရှိပါက အဘယ်ကြောင့်မရှိသည်ကို သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ နမ္မတူမြို့ ပြည်သူ့ ဆေးရုံကြီးတွင် ဆေးရုံအုပ် ၁ ဦး၊ အကြီးတန်းဆေးဘက် ဆိုင်ရာအရာရှိ ၁ ဦး၊ လက်ထောက်ဆရာဝန် ၂ ဦး၊ သွားဆရာဝန် ၁ ဦး တို့အား လက်ရှိခန့်ထားပြီး ဆေးရုံလုပ်ငန်းဆောင်ရွက်လျက်ရှိပါတယ်။ အထွေထွေရောဂါကုဆရာဝန် ၁ ဦးမှာ အထူးကုဆရာဝန်ဝင်ခွင့်စာမေးပွဲဖြေဆိုရန် ခွင့်ယူထားပါသဖြင့် ခေတ္တလျော့နည်းနေခြင်းဖြစ်ပါ

D/real(wide) (1

ရက်နေ့တွင် လက်နက်ကိုင်လူတစ်စု စီးနင်း ဝင်ရောက် နှောင့်ယှက်မှုကြောင့် မန်တုံမြို့နယ်၊ မိုင်းမော် ကျေးရွာအုပ်စု၊ မန်မိုင်ကျေးရွာအပါအဝင် ရွာပေါင်း ၁၂ ရွာမှ စစ်ဘေးဒဏ်သင့် ဒုက္ခသည်များသည် လက်ရှိနမ္မတူမြို့နယ် စစ်ဘေးရှောင်စခန်းများ ဖြစ်သော ရွှေမြင်သာ ဘုန်းကြီးကျောင်းတွင်လည်းကောင်း၊ လီဆူဘုရားရှိခိုးကျောင်းတွင် လည်းကောင်း စုစုပေါင်း ၅၁၄ ဦး၊ မိုင်းရှူးမြို့နယ်၊ ဟိုင်းပါ စစ်ဘေးရှောင် စခန်းတွင် စုစုပေါင်း ၁၂၆၀ ဦး၊ ကျောက်မဲမြို့နယ် စစ်ဘေးရှောင်စခန်းတွင် ရွာ ၂၅ ရွာမှ စစ်ဘေးရှောင် ဒုက္ခသည်ပေါင်း ၉၀၀၀ ဦး၊ နမ့်ခမ်းမြို့နယ်၊ ဟိုပန်မိုင်းမီး စစ်ဘေးရှောင်စခန်းတွင် စစ်ဘေးရှောင်ဒုက္ခသည်ပေါင်း ၂၈၉ ဦးစသည် တို့မှာဌာနေသို့ ပြန်နိုင်ခြင်းမရှိသေးပေ။

ထို့ပြင် ၂၈-၈-၂၀၁၆ တွင် တန့်ယန်းမြို့နယ်၊ မိုင်းကောင်ကျေးရွာအုပ်စု၊ ခိုတုံးနှင့် လွယ်လင်ကျေးရွာတွင် မြန်မာ့တပ်မတော်နှင့် SSPP တို့ ထပ်မံထိပ်တိုက်မှုဖြစ်ပွားခဲ့ရာ လွယ်လင်ကျေးရွာမှ လီဆူ တိုင်းရင်းသား စုစုပေါင်း ၅၂ ဦး မိုင်းကောင်သို့ စစ်ဘေးရှောင်အဖြစ် ရောက်ရှိနေထိုင်လျက်ရှိပြီး အဆိုအတည်ပြုပြီးနောက်ပိုင်း စစ်ပွဲများထပ်မံဖြစ်ပွားခြင်းမှာ ရှမ်းပြည်နယ်လွှတ်တော်၏ ဥပဒေပြုရေးအာဏာနှင့် အစိုးရအား ထိန်းကျောင်းရမည့် လုပ်ပိုင်ခွင့် အာဏာကို မထီမဲ့မြင်ပြုခြင်းပင်ဖြစ်သည်။ ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူလူထုများ စစ်ဘေးစစ်ဒဏ်ကြောင့် အတိဒုက္ခရောက်နေသည်ကို သိရှိတွေ့မြင်နေပါလျက်နှင့် စစ်ပွဲရပ်တန့်ရေးအတွက် မည်သို့သော ဆောင်ရွက်ချက်မျှ ပြုလုပ်ခြင်းမရှိသည်မှာပြည်သူလူထုအား မျက်ကွယ်ပြုခြင်းလော၊ အရေးမစိုက်ခြင်းလော ပြည်သူလူထု၏ သံသယစိတ်များကို ဖြေဖျောက်ပေးနိုင်ရန်အလို့ငှာ အောက်ပါကြယ်ပွင့်ပြမေးခွန်းများ ကို ပြည်သူလူထုများကိုယ်စား

ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးမေးမြန်းလာတဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်း ဖြစ်ပွားနေသောစစ်ပွဲများ အမြန်ဆုံးရပ်တန့်ရေးနှင့် စစ်ရေးတင်းမာမှုများ အနာဂတ်တွင် ဆက်လက်မဖြစ်ပွားရေး ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် တိုက်တွန်းခြင်းအဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော် သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) မှ ဒေါ်နန်းစမ်းစမ်းအေး မေးမြန်းလာသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်လွှတ်တော် ဒုတိယအကြိမ် ဒုတိယပုံမှန် အစည်းအဝေးတွင် သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) မှ ဒေါ်နန်းစမ်းစမ်းအေးတင်သွင်းသည့် အဆိုဖြစ်သော ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားနေသောစစ်ပွဲများ အမြန်ဆုံးရပ်တန့်ရေးနှင့် စစ်ရေးတင်းမာမှုများ အနာဂတ်တွင် ဆက်လက်မဖြစ်ပွားရေး ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် တိုက်တွန်းခြင်းအဆိုနှင့်စပ်လျဉ်း၍ ကျွန်တော်မှ အကျယ်တဝင့်ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယခု ရှမ်းပြည်နယ်လွှတ်တော်ဒုတိယအကြိမ် တတိယပုံမှန် အစည်းအဝေးတွင် ၎င်းအဆိုနှင့်ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်းအဖြစ် ပြောင်းလဲမေးမြန်းလာသော -

(က) အဆိုတင်သွင်းခဲ့ပြီးသော အချိန်တစ်လကျော်အတွင်း စစ်ပွဲရပ်တန့်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်အတွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် မည်သို့ တွေ့ဆုံညှိနှိုင်းမှုမျိုးပြုလုပ်ခဲ့သည်ကို သိရှိလိုပါသည်၊

(ခ) အဆိုတင်သွင်းခဲ့ပြီးသော အချိန်တစ်လကျော်အတွင်း စစ်ပွဲရပ်တန့်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သည့်ဆောင်ရွက်ချက်မျှ

D/real(wide) (1

လုပ်ဆောင်ခဲ့ခြင်း မရှိသေးပါက ယခုလက်ရှိနှင့် ရှေ့ဆက်တွင် ရှမ်းပြည်နယ်အတွင်း စစ်ပွဲများ မဖြစ်ပွားအောင် မည်သို့သော စီမံချက်၊ မည်သို့သောအစီအစဉ်၊ မည်သို့သော တွေ့ဆုံညှိနှိုင်းမှုမျိုးဖြင့် ဆက်လက်လုပ်ဆောင်သွားမည်ကို သိရှိလိုပါသည်၊

(၈) ထိုစီမံချက်၊ အစီအစဉ်နှင့် တွေ့ဆုံညှိနှိုင်းမှုများကို မည်သည့်အချိန်တွင် စတင်အကောင်အထည် ဖော်နိုင်မည်ကို သိရှိလိုပါသည်၊

ဆိုသော မေးခွန်းများကို ကျွန်တော်မှ ဖြေကြားသွားပါမည်။ ရှမ်းပြည်နယ်အတွင်းရှိ ပဋိပက္ခဖြစ်ပွားလျက်ရှိသော မူဆယ်ခရိုင်၊ လားရှိုးခရိုင်၊ ကျောက်မဲခရိုင် နှင့် ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ပစ်ခတ်မှု၊ မိုင်းခွဲမှု၊ ဆက်ကြေးတောင်းခံမှုနှင့် လူသစ်စုဆောင်းမှု အဖျက်အမှောင့်လုပ်ရပ်များနှင့် တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်း နယ်မြေလုရာမှတစ်ဆင့် တိုက်ပွဲများဖြစ်ပေါ်လာခြင်းများအတွက် ငြိမ်းချမ်းရေးနှင့် နယ်မြေဒေသတည်ငြိမ်ရေးနှင့် ပတ်သက်ပြီး တွေ့ဆုံညှိနှိုင်းမှုများကို မူဆယ်ခရိုင်၊ မူဆယ်မြို့တွင် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့ မှာ စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် NCA လက်မှတ်ရေးထိုးထားခြင်းမရှိသော တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှ ညွှန်ကြားချက် တစ်စုံတစ်ရာမရှိဘဲ ခေါ်ယူတွေ့ဆုံခြင်း၊ ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းများဆောင်ရွက်၍မရသည့်အတွက် ခရိုင်အလိုက် အထက်တင်ပြပါ ဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ထိုဆွေးနွေးပွဲများတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် ခရိုင်

ရှမ်းပြည်နယ်အစိုးရအဖွဲ့အား ဖြေကြားပေးနိုင်ရန်တင်ပြအပ်ပါသည်။

မေးခွန်းနံပါတ်(၁) အဆိုတင်သွင်းခဲ့ပြီးသော အချိန်တစ်လကျော်အတွင်း စစ်ပွဲရပ်တန့်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်အတွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် မည်သို့သောတွေ့ဆုံညှိနှိုင်းမှုမျိုး ပြုလုပ်ခဲ့သည်ကိုသိရှိလိုပါသည်။ မေးခွန်းနံပါတ်(၂) အဆိုတင်သွင်းခဲ့ပြီးသော အချိန်တစ်လကျော်အတွင်း စစ်ပွဲရပ်တန့်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သည့်ဆောင်ရွက်ချက်မျှ လုပ်ဆောင်ခဲ့ခြင်းမရှိသေးပါက ယခုလက်ရှိနှင့် ရှေ့ဆက်တွင် ရှမ်းပြည်နယ်အတွင်း စစ်ပွဲများမဖြစ်ပွားအောင် မည်သို့သောစီမံချက်၊ မည်သို့သောအစီအစဉ်၊ မည်သို့သော တွေ့ဆုံညှိနှိုင်းမှုမျိုးဖြင့် ဆက်လက်လုပ်ဆောင်သွားမည်ကို သိရှိလိုပါသည်။ မေးခွန်းနံပါတ်(၃) ထိုစီမံချက်၊ အစီအစဉ်နှင့် တွေ့ဆုံညှိနှိုင်းမှုများကို မည်သည့်အချိန်တွင် စတင်အကောင်အထည်ဖော်နိုင်မည်ကို သိရှိလိုပါသည်။ အဆိုပါအတည်ပြုပြီးသော ဖြေကြားမည့်မေးခွန်းများ၊ ဖြေကြားပြီးသောမေးခွန်းများကို အစိုးရကတိကဝတ်များအနေဖြင့် ရှမ်းပြည်နယ်အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှလည်းကောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီမှလည်းကောင်း မှတ်တမ်းတင်စိစစ်ရန် ထပ်မံတောင်းဆိုရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီး စိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်း ကြပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်နယ်လွှတ်တော်

D/real(wide) (1

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်များ ၂ မျိုးရှိပြီး ပထမတစ်မျိုးကတော့ NCA လက်မှတ်ထိုးထားသော အဖွဲ့များနှင့် ကျန်တစ်မျိုးကတော့ NCA လက်မှတ်မထိုးထားသေးသောအဖွဲ့များဖြစ်ပါသည်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် NCA လက်မှတ်ရေးထိုးပြီးသော အဖွဲ့များနှင့် သာတွေ့ဆုံဆွေးနွေးခွင့်ရှိပြီး NCA လက်မှတ်မထိုးရသေးသော အဖွဲ့များနှင့် တွေ့ဆုံ ဆွေးနွေးခွင့်မှာကန့်သတ်ချက်ရှိပါတယ်။ NCA လက်မှတ်ရေးထိုးထားပြီးသော RCSS/SSA အဖွဲ့နှင့် ပတ်သက်၍ ပြည်နယ်အဆင့် JMCS ကိုဖွဲ့စည်းပြီး လက်ရှိနောက်ဆုံးအကြိမ်အဖြစ် တတိယအကြိမ်မြောက် အစည်းအဝေးကို နမ့်စန်မြို့၌ ၂၉. ၆. ၂၀၁၆ ရက်မှ ၃၀. ၆. ၂၀၁၆ ရက်နေ့ အထိ ဆွေးနွေးနိုင်ခဲ့ပြီး တစ်ကြိမ်နှင့်တစ်ကြိမ်ရလဒ်ကောင်းများ ရရှိခဲ့ပြီးဖြစ်ပါတယ်။ လက်မှတ်ရေးထိုးပြီးအဖွဲ့ ၂ ဖွဲ့ ဖြစ်သော RCSS၊ PNLO များသည် တပ်မတော်နှင့်တိုက်ပွဲများ ဖြစ်ပွားမှုလုံးဝမရှိတော့ဘဲ ပြဿနာများကို JMCS အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးအဖြေရှာသည့် စနစ်ဖြင့် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပြည်နယ်အတွင်းဖြစ်ပွားနေသော ပဋိပက္ခများနှင့် ပတ်သက်၍ ကျွန်တော့်အနေဖြင့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)မှာ ၂၅. ၈. ၂၀၁၆ရက်မှ ၂၆. ၈. ၂၀၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဝင်များအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စောင့်ကြည့်ရေးကော်မတီ အဆင့်ဆင့်၏လုပ်ငန်းလမ်းညွှန် TOR၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်စစ်ဖက်ဆိုင်ရာ

စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်းနှင့်စီမံခန့်ခွဲမှုအဖွဲ့ဝင်များ မူဆယ်ခရိုင်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် မူဆယ်မြို့နယ်ရှိ ရှမ်း၊ ပလောင်၊ ကချင်၊ ကရင်၊ ဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ နမ့်ခမ်းမြို့နယ်ရှိ ရှမ်း၊ ပလောင်၊ ကချင်၊ ခိုလုံလီရှော၊ လီဆူ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ စုစုပေါင်းအင်အား ၇၀ဦး ခန့် ဖြင့်တက်ရောက်ဆွေးနွေးနိုင်ခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲနှင့်ပတ်သက်၍ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များမှ-

(က) ဒေသတည်ငြိမ်အေးချမ်းရေးသည် အစိုးရအဖွဲ့တစ်ခုတည်းနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ ပြည်သူများနှင့်လည်း သက်ဆိုင်ကြောင်း၊

(ခ) လက်နက်ကိုင်အဖွဲ့အစည်းအချင်းချင်း ထိတွေ့မှုကြောင့် ပြည်သူများထိခိုက်နစ်နာမှုမရှိစေရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် တားမြစ်သွားရန် လိုအပ်ကြောင်း၊

(ဂ) ၎င်းတို့အနေဖြင့်လည်း သက်ဆိုင်ရာလွှတ်တော်အသီးသီးတွင် အလျဉ်းသင့်သလို တင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်းဆွေးနွေးခဲ့ကြပြီး ဖြစ်ပါတယ်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ရှမ်း၊ ပလောင်၊ ကချင်၊ ကရင်၊ ခိုလုံလီရှော၊ လီဆူ၊ ဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များမှ-

(က) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာနေထိုင်လျက်ရှိပြီး လက်နက်ကိုင်အဖွဲ့၊ အဖွဲ့အစည်းများ၏ ဖြစ်စဉ်များကြောင့် ထိခိုက်နစ်နာရမှုများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြား

D/real(wide) (1

ကျင့်ဝတ်များ COC၊ NCA ချိုးဖောက်မှုဆိုင်ရာ တိုင်ကြားမှုများနှင့် အငြင်းပွားမှုများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် Complaint Handing စသည့်ကိစ္စရပ်များကို အကျယ်တဝင့်တက်ရောက် ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးတွင်လည်း တစ်မျိုးသားလုံးစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဦးတည်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ၂၁ ရာစု ပင်လုံကျင်းပရန် နီးကပ်နေပါသဖြင့် ရလဒ်အား စောင့်ကြည့်ရန် လိုအပ်ကြောင်း ရှင်းလင်းခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံကိုကျင်းပပြုလုပ်ရာတွင်လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းရင်းသားရေးရာဝန်ကြီးများတက်ရောက်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပြည်နယ်ငြိမ်းချမ်းရေးအတွက်ပူးပေါင်း ပါဝင်ခဲ့ပါသည်။

ပင်လုံညီလာခံပြီးနောက် နောက်ထပ်တစ်ဆင့်ဖြစ်သည့် ငြိမ်းချမ်းရေးနှင့်ပတ်သက်သော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများကို တိုင်းဒေသကြီး/ ပြည်နယ်များတွင်ဆောင်ရွက်ရန် ရှိပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အစွမ်းကုန် ပူးပေါင်း ပါဝင်ဆောင်ရွက်သွားရန်အသင့်ရှိပါသည်။ နိဂုံးချုပ်နေဖြင့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကိုပါဝင် ဆွေးနွေးရန် အတွက် NCA လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသား လက်နက်ကိုင်များအနေဖြင့် လက်မှတ်ရေးထိုးပြီး ဖြစ်ရန်လိုအပ် ပါသည်။ NCA လက်မှတ်မရေးထိုးသေးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို လက်မှတ်ရေးထိုးနိုင်ရန်အတွက် ဒေသခံပြည်သူလူထုများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများမှ လည်း မိမိတို့ဒေသရှိ သက်ဆိုင်ရာ တိုင်းရင်းသား

ကာ အဖျက်အမှောင့်ဖြစ်စဉ်များအပေါ် ပူးပေါင်း၍ တားမြစ် သွားမည်ဖြစ်ကြောင်း၊

(ခ) တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ဖြစ်စဉ်များအပေါ် အဖြေမှန်မသိမချင်း ထင်မြင်ယူဆချက်များဖြင့် သုံးသပ်မဆောင်ရွက်သင့်ကြောင်း၊

(ဂ) လက်နက်ကိုင်အဖွဲ့ချင်း ထိတွေ့မှုမှစ၍ လူမျိုးရေးပဋိပက္ခအသွင်ဆောင်လာမှုအပေါ် ပြည်သူများပါဝင်မှုမရှိစေရေး တိုင်းရင်းသားအချင်းချင်းအထင်အမြင်လွဲများမှုမရှိစေရေးအတွက် ယဉ်ကျေးမှုအဖွဲ့များမှ ထိန်းသိမ်းဆောင်ရွက်ကြရန်၊

(ဃ) ယဉ်ကျေးမှုအဖွဲ့များ၏ အားကို စုစည်းပြီးဖြစ်စဉ်များအား လက်မခံနိုင်ကြောင်း ထုတ်ပြန်ကြရန်၊

(ဌ) မူဆယ်ခရိုင်အတွင်း ၂၀၁၅ ခုနှစ်၊ ဧပြီလမှ ၂၀၁၆ ခုနှစ် မေလအထိ လက်နက်ကိုင်အဖွဲ့အစည်းများ မှ ပစ်ခတ်မှု ၃၃ ကြိမ်၊ မိုင်းခွဲမှု ၂၉ ကြိမ်၊ ဆက်ကြေးတောင်းခံမှု ၂၃ ကြိမ်၊ မီးရှို့မှု ၁ ကြိမ်၊ သတ်ဖြတ်မှု ၂ ကြိမ်၊ ဖမ်းဆီးမှု ၁၃ ကြိမ်၊ အခြား ဆက်စပ် ဖြစ်စဉ် ၁၁ ကြိမ်၊ စုစုပေါင်း ၁၁၂ ကြိမ် အထိ ဆောင်ရွက်ခဲ့သည့်အတွက် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူလူထု၏ လုံခြုံရေး၊ လူမှုစီးပွားရေး များစွာ ထိခိုက်နစ်နာခဲ့ရသဖြင့် လက်နက်ကိုင်အဖွဲ့ အစည်းများမှ ပြည်သူများအားထိခိုက်စေသည့် လုပ်ရပ်များအားဝိုင်းဝန်းတားမြစ်ကြရန်စသည့် အချက်များကို အသီးသီး အပြန်အလှန် ဆွေးနွေးနိုင်ခဲ့ကြပါသည်။

D/real(wide) (1

အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဝိုင်းဝန်းတိုက်တွန်းပေးရန် လိုအပ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ဒီကနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။ အချိန်အနည်းငယ် ကျန်ရှိသေးတဲ့အတွက် အစီအစဉ် (၆)ကိုဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ် (၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြထားသော လွှတ်တော်ကိုယ်စားလှယ်များ မရှိပါ။

အဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းအား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်မှ သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းအား လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်စာ သုံးဆောင်ရန်အတွက် လွှတ်တော်အစည်းဝေးကို ၁နာရီ ၃၀မိနစ် ရပ်နားမှာဖြစ်ပါတယ်။ အစည်းအဝေးကို နေ့လည်ပိုင်း ၁ နာရီ ၃၀ မိနစ်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်းကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်ပိုင်း အစည်းအဝေး ကို နေ့လည်(၁၃း၃၀)နာရီအချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

D/real(wide) (1

၄၀၀

ရှမ်းပြည်နယ်

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

တတိယပုံမှန်အစည်းအဝေး(စတုတ္ထနေ့)မှတ်တမ်း

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်

[ကြာသပတေးနေ့]

(နေ့လည်ပိုင်း)

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)နေ့လည်ပိုင်းအစီအစဉ်များအား ဆက်လက်ကျင်းပပြု လုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များသတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါ တယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

D/real(wide) (2

၃၉၈

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်က ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့်စပ်လျဉ်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ပြန်လည် ရှင်းလင်းရန်ဖြစ်ပါတယ်။

ဦးစိုင်းရဲနိုတစ်လုံး၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ယနေ့တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ဦးစွာပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်တဲ့ အဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေတောင်းခံခြင်းကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးပါရန် တောင်းဆိုပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ အစည်းအဝေး ဒုတိယနေ့မှာ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊

ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း

ဥက္ကဋ္ဌ။ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(စတုတ္ထနေ့)အစီအစဉ်များကို ဆက်လက် ဆောင်ရွက်မှာဖြစ်ပါတယ်။ အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ဖတ်ကြားရှင်းလင်းတင်ပြရန် ဖိတ်ခေါ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊အတွင်းရေးမှူး ၊ဥပဒေပြုရေးဆိုင်ရာကော်မတီ။ အားလုံးကိုမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ အတွင်းရေးမှူး ဦးညီညီ(ခ)ဦးညီလေးချမ်းဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးမှ တင်သွင်းသည့် ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီကစိစစ်သုံးသပ်တင်ပြသည့်အစီရင်ခံစာကိုတင်ပြဖတ်ကြားသွားမှာဖြစ်ပါတယ် ခင်ဗျား။

ပါသည်။ ၎င်းဥပဒေများကို ကိုးကား၍ ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းဥပဒေ ပြုစုရေးဆွဲထားခြင်းဖြစ်ပါသည်။

အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် မြန်မာ့ရိုးရာလက်မှုအနုပညာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ ဒေသထွက်သယံဇာတပစ္စည်းများကို အဓိကကုန်ကြမ်းအဖြစ်အသုံးပြု၍စက်မှုလက်မှုထုတ်ကုန်ပစ္စည်းထုတ်လုပ်နိုင်ရန် ဘေးဥပဒ်ကင်းရှင်းပြီး စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် ကုန်ပစ္စည်းများကို ယုံကြည်စိတ်ချစွာသုံးစွဲခွင့်ရရှိရန်၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ ပြည်တွင်းပြည်ပဈေးကွက်များတွင် အဆင့်အတန်းမီထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်ရန် ရည်ရွယ်၍ ပြဋ္ဌာန်းနိုင်ရေးတင်ပြခြင်းဖြစ်သည်ကိုလေ့လာတွေ့ရှိရပါသည်။

ဤဥပဒေကို စီမံခန့်ခွဲပြုလုပ်မည့် Focal Ministry ဥပဒေ(မူကြမ်း) ပုဒ်မ ၂(ဂ)အရ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနနှင့် ပုဒ်မ ၂(ဆ)အရ ပြည်နယ်အသေးစားစက်မှုလက်မှုဦးစီးဌာနတို့ဖြစ်ကြောင်း အဓိပ္ပါယ်သတ်မှတ်ထားရာ ပုဒ်မ ၂(စ)တွင် ဦးစီးဌာန၏ အဓိပ္ပါယ်ဖော်ပြချက်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနဟု ဖော်ပြထားပါသည်။ ယင်းသို့ Focal Ministry ဥပဒေကြမ်းတွင် ဝန်ကြီးဌာန(၂)ခု ပေးထားခြင်းမှာ လုပ်ငန်းများအကောင်အထည် ဖော်ရာ၌ အခက်အခဲများဖြစ်ပေါ်နိုင်ပါသည်။

D/real(wide) (2

ရှမ်းပြည်နယ် အိမ်တွင်း စက်မှု လက်မှုလုပ်ငန်း ဥပဒေ (မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေး ဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာ

နိဒါန်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ပုံမှန် အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား ၂ အပိုဒ် ၅(ခ) ၌ ဖော်ပြပါရှိသည့် လုပ်ပိုင်ခွင့်အရ တင်သွင်းလာသည့် ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ(မူကြမ်း)အပေါ် ပြည်နယ် လွှတ်တော်က နည်းဥပဒေ ၁၃၆(ခ)(၃)အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီကော်မတီအစည်းအဝေးများကို တတိယအကြိမ်အထိ ကျင်းပခဲ့ရာ ၁၇-၉-၂၀၁၆ ရက်နေ့၌ စိစစ်သုံးသပ်ညှိနှိုင်း ဆွေးနွေးကြပြီး ဤပြင်ဆင်ရန်အကြံပြုချက်အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

လေ့လာတွေ့ရှိချက်

ဤဥပဒေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ ၏ ညွှန်ပြချက်နှင့် အညီ တည်ဆဲ ဥပဒေများဖြစ်သည့် ၁၉၉၁ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း မြှင့်တင်ရေး ဥပဒေအဖြစ်ပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေး ဥပဒေအဖြစ် မူလဥပဒေ၏အမည်ကိုပြင်ဆင်သည့် ဥပဒေဖြင့် ပြင်ဆင် သတ်မှတ်ခဲ့

ပြင်ဆင်ရန်အကြံပြုချက်

သို့ဖြစ်ပါ၍ ဥပဒေ (မူကြမ်း)အပေါ် ပြင်ဆင်ရန် အကြံပြုချက်ကို ဆက်လက်တင်ပြရမယ် ဆိုလျှင် အခန်း(၁)၊ ပုဒ်မ ၂(စ) တွင် ဦးစီးဌာနဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနကိုဆိုသည့်စကားရပ်အစား ဦးစီးဌာနဆိုသည်မှာ **"ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကို ဆိုသည်"**ဟုပြင်ဆင်သင့်ပါကြောင်းလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တင်ပြအပ်ပါတယ် ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ပြင်ဆင်ချက်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးရန်ဖြစ်ပါတယ်။

ဦးစိုးညွှန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေး ဝန်ကြီး။ ပြင်ဆင်ချက်နှင့်ပတ်သက်ပြီး ဦးစီးဌာနဆိုသည်မှာ **"ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကို ဆိုသည်"**ဆိုတာကို လက်ခံပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ချက်နှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ သဘောတူကြောင်း ဆွေးနွေးလာပါတယ်။ ဒီအဆိုနှင့်ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကန့်ကွက်ရန် ရှိပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က ကန့်ကွက်ရန်မရှိပါ။)

D/real(wide) (2

ဒုတိယဥက္ကဋ္ဌ။ ၎င်းပြင်ဆင်ဖြည့်စွက်ချက်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရန်ဖြစ်ပါတယ်။

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ ကန့်ကွက်ပါတယ်။ ပြည်နယ်ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ဆိုတာ၊ ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဝန်ကြီးမှ လည်းကောင်း ဆိုတာ ဝန်ကြီးဆိုသည်မှာပုဒ်မ ၂(ဃ)အရ စီမံစီးပွားဝန်ကြီးဖြစ်သည်လို့ရှေ့မှာ အတိအလင်းဖော်ပြပြီးဖြစ်တဲ့အတွက် ကော်မတီ၏ဥက္ကဋ္ဌအဖြစ် ဝန်ကြီးမှလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ပြည်နယ်ဦးစီးမှူးမှလည်းကောင်း တာဝန်ယူ၍အဖွဲ့ဝင်များအဖြစ် **"ပြည်နယ်အစိုးရမှ သတ်မှတ်ပေးသော သက်ဆိုင်ရာ ပြည်နယ်အဆင့် ပြည်နယ်ဦးစီးမှူးများနှင့်"** လုပ်ငန်းရှင်များပါဝင်သည့်ကော်မတီဝင် (၇)ဦး သို့မဟုတ် (၉)ဦးဖြင့် ဖွဲ့စည်းရမည်ဟုပြင်ဆင်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ဥပဒေပြုရေးဆိုင်ရာကော်မတီကပြင်ဆင်ရန် အကြံပြုချက်နှင့်ပတ်သက်၍ ပြည်နယ်ဝန်ကြီးမှ အခန်း(၁)တွင် ပြည်နယ်ဝန်ကြီးဆိုသည်မှာ အဓိပ္ပါယ်ဖွင့်ဆိုပြီးဖြစ်သည့်အတွက် ပြည်နယ်ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆိုသည့် စာသားမလိုအပ်ဘဲ ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဝန်ကြီးမှလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ပြည်နယ်ဦးစီးမှူးမှလည်းကောင်း တာဝန်ယူ၍အဖွဲ့ဝင်များအဖြစ် **ပြည်နယ်အစိုးရအဖွဲ့မှ သတ်မှတ် ပေးသော သက်ဆိုင်ရာ ပြည်နယ်အဆင့် ပြည်နယ်ဦးစီးမှူးများနှင့်** လုပ်ငန်းရှင်များ ပါဝင်သည့်

ကန့်ကွက်ရန်မရှိတဲ့အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၁)၊ ပုဒ်မ ၂ တွင် အသစ် ပုဒ်မခွဲ(ဌ)အဖြစ် **မှတ်ပုံတင်ဆိုသည်မှာ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းလုပ်ကိုင်ရန် မှတ်ပုံတင်ကို ဆိုလိုသည်**ဟု ဖြည့်စွက်သင့်ပါကြောင်း ရှမ်းပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တင်ပြအပ်ပါတယ် ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ၎င်းပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးရန်ဖြစ်ပါတယ်။

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ ကန့်ကွက်ပါတယ်။ ဖြည့်စွက်တဲ့အခါမှာ ပုဒ်မ ၂(ဌ)အဖြစ် **မှတ်ပုံတင် ဆိုသည်မှာ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းလုပ်ကိုင်ရန် မှတ်ပုံတင်ကို ဆိုလိုသည်**အစား လုပ်ကိုင်ခွင့်ပြုသည့်မှတ်ပုံတင်ကိုဆိုလိုသည် ဆိုမှ အဓိပ္ပါယ်က ဖြစ်မှာပါ။ မှတ်ပုံတင်မရှိဘဲနဲ့ လုပ်လို့မရပါဘူး။ **"ရန်"**ဆိုတဲ့နေရာမှာ **"ခွင့်ပြုသည့်"**ဆိုတာကို ပြင်ဆင်သင့်ပါတယ် တင်ပြအပ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ဖြည့်စွက်ခြင်းအပိုဒ်နှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ **" မှတ်ပုံတင်ဆိုသည်မှာ အိမ်တွင်းစက်မှု**

D/real(wide) (2

ကော်မတီဝင်(၇)ဦး သို့မဟုတ် (၉)ဦး ဖြင့် ဖွဲ့စည်းရမည်ဟု အဆိုပြုတင်ပြ လာပါတယ်။ ဝန်ကြီး၏ ပြင်ဆင်ဖြည့်စွက်ချက်နှင့် ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဤအဆိုကိုကန့်ကွက်ရန် ရှိပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က ကန့်ကွက်ရန်မရှိပါ။)

လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန်မရှိသည့် အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေ ပြုရေးဆိုင်ရာကော်မတီ။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၈)၊ ပုဒ်မ ၁၄(စ) တွင် ကော်မတီ၏ ကူညီမှုဖြင့် ချေးငွေများ၊ အထောက်အပံ့များ ရယူခြင်း စကားရပ်အစား ကော်မတီ၏ ကူညီမှုဖြင့် **"နည်းပညာ၊ ချေးငွေနှင့်"** အထောက်အပံ့များ ရယူခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်ဟုဖော်ပြချက်အား အတည်ပြုပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တင်ပြအပ်ပါတယ် ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ပြင်ဆင်ဖြည့်စွက်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးပေးရန်ဖြစ်ပါတယ်။

လက်မှု လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် မှတ်ပုံတင်ကို ဆိုလိုသည်"ဟု ပြင်ဆင်ဖြည့်စွက်တဲ့ အပိုဒ်ကို ဆွေးနွေးတင်ပြသွားပါတယ်။ ဒီအဆိုနှင့်ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကန့်ကွက်ရန်ရှိပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က ကန့်ကွက်ရန်မရှိပါ။)

ကန့်ကွက်ရန်မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေ ပြုရေးဆိုင်ရာကော်မတီ။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၃)၊ ပုဒ်မ ၄ တွင် ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဝန်ကြီးမှ လည်းကောင်း၊ အတွင်းရေးမှူး အဖြစ် ပြည်နယ်ဦးစီးမှူးမှလည်းကောင်း တာဝန်ယူ၍ အဖွဲ့ဝင်များအဖြစ် လုပ်ငန်းရှင်များပါဝင်သည့် ကော်မတီဝင် (၇) ဦး သို့မဟုတ် (၉)ဦး ဖြင့် ဖွဲ့စည်းရမည် စကားရပ်အစား **"ပြည်နယ်ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်** "ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဝန်ကြီးမှလည်းကောင်း၊ အတွင်းရေးမှူး အဖြစ် ပြည်နယ်ဦးစီးမှူး မှလည်းကောင်း တာဝန်ယူ၍ အဖွဲ့ဝင်များအဖြစ် **"သက်ဆိုင်ရာ ပြည်နယ်အဆင့် ပြည်နယ်ဦးစီးမှူးများနှင့်** "လုပ်ငန်းရှင်များပါဝင်သည့် ကော်မတီဝင် (၇)ဦး သို့မဟုတ် (၉)ဦး ဖြင့် ဖွဲ့စည်းရမည်ဟု ပြင်ဆင်သင့်ပါသည်ဟု ဖော်ပြချက်အား အတည်ပြုပေးပါရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တင်ပြအပ်ပါတယ် ခင်ဗျား။

D/real(wide) (2

ဦးစိုးညွှန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ အတည်ပြုပေးပါတယ် ခင်ဗျား။ သဘောတူပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ချက်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန် ရှိပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က ကန့်ကွက်ရန်မရှိပါ။)

လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန်မရှိသည့် အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ် အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၈)၊ ပုဒ်မ ၁၄(ည) တွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း ၃ နှစ် အတွင်း ကျပ်သိန်း(၁၀၀)အထိ ဝင်ငွေပေါ် အခွန်ဥပဒေနှင့်အညီ အခွန် ကင်းလွတ်ခြင်း စကားရပ်အစား အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း(၃)နှစ်အတွင်း **“အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်၊ လျှော့ထားခွင့်ရှိခြင်း၊”** ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်ဟု ဖော်ပြချက်အား အတည်ပြု ပေးနိုင်ရန်အတွက် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားတင်ပြအပ်ပါတယ် ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ အဲဒီမှာ ဝန်ကြီး စဉ်းစားပေးဖို့က အခွန် ကင်းလွတ်ခွင့်ရှိခြင်းဆိုတဲ့ အကြောင်းအရာတစ်ခုပဲ ပါသွားမှာ ဖြစ်တဲ့အတွက် သက်သာခွင့်ဆိုတဲ့ နေရာမှာ အခြားသက်သာ ခွင့်တွေ အမျိုးမျိုးနုတ်ယူခွင့်တွေ ရှိနိုင်ပါတယ်။ လျှော့ထားခွင့် ကတော့ စက်မှုလက်မှုလုပ်ငန်းရှင်ကိုယ်တိုင် လျှော့ထားမှု ခွင့်ပြုမှာ ဆိုတဲ့ သဘောကို ဥပဒေအသုံး အနှုန်းအရ ဆိုလိုခြင်း ဖြစ်ပါတယ်။ ဒါကြောင့် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ကို လျှော့ထားခွင့် ရှိတယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။ ဒါကိုဝန်ကြီး ပြန်ပြီးတော့မှ စိစစ်ပေးနိုင်ရန်ဖြစ်ပါတယ်။ တစ်ခါတည်း အခွန် ကင်းလွတ်ခွင့်ပြုတဲ့ သဘောမဖြစ်အောင် ဆွေးနွေးပေးခြင်းဖြစ် ပါတယ်။ ဝန်ကြီးဆွေးနွေး နိုင်ပါတယ်။

ဦးစိုးညွှန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ ဒီစကားရပ်ရဲ့အဓိပ္ပါယ်က လျှော့ထားခွင့် လျှော့ထားမှသာလျှင် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် ပြုမယ်ဆိုတဲ့ စကားရပ်အဓိပ္ပါယ်ဖြစ်ပါတယ်။ ကျွန်တော်ဆိုလိုတဲ့ အဓိပ္ပါယ်က အခွန်ကင်းလွတ်ခွင့်ပြုခြင်းဆိုတာက ဒီလုပ်ငန်းစတင် တာနဲ့ တစ်ပြိုင်တည်း သူဟာလျှော့ထားစရာမလိုဘဲနဲ့ အခွန်ကင်းလွတ်ခွင့်ပြုတယ်ဆိုတဲ့ အဓိပ္ပါယ်သက်ရောက်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးအနေနဲ့ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း(၃)နှစ်အတွင်း အခွန်ကင်းလွတ်ခွင့်ရှိခြင်း ဟု ပြင်ဆင်မှာ ဖြစ်ပါတယ်။ ဤပြင်ဆင်ချက်နှင့်ပတ်သက်ပြီး

D/real(wide) (2

လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကန့်ကွက်ရန်ရှိပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က ကန့်ကွက်ရန်မရှိပါ။)

ကန့်ကွက်ရန်မရှိသည့်အတွက် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း(၃)နှစ်အတွင်း **"အခွန်ကင်းလွတ်ခွင့်ပြုခြင်း"** ဟူသော စာသားအား လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန် မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၁၀)၊ ပုဒ်မ ၁၇ ပြည်နယ်ဦးစီးမှူးက ချမှတ်သည့် ဆုံးဖြတ်ချက်ကို လုပ်ငန်းရှင်က မကျေနပ်ပါက ယင်းဆုံးဖြတ်ချက်ကို လက်ခံ ရရှိသည့် နေ့မှ ရက်ပေါင်း(၃၀)အတွင်း ဝန်ကြီးထံ အယူခံနိုင်သည် စကားရပ်အစား ပြည်နယ်ဦးစီးမှူးက ချမှတ်သည့် ဆုံးဖြတ်ချက်ကို လုပ်ငန်းရှင်က မကျေနပ်ပါက ယင်းဆုံးဖြတ်ချက်ကို လက်ခံ ရရှိသည့် နေ့မှ ရက်ပေါင်း**"(၆၀)"**အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်ဟုဖော်ပြချက် အား အတည်ပြုပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တင်ပြအပ်ပါတယ် ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ပြင်ဆင်ဖြည့်စွက်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးပေးရန်ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ပြင်ဆင်ဖြည့်စွက်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးပေးရန်ဖြစ်ပါတယ်။

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ ကန့်ကွက်ပါတယ်။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း လုပ်ငန်းစတင်သော နှစ်အပါအဝင်တစ်ဆက်တည်း (၃)နှစ်အတွင်း အခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့် လျှော့ထားခွင့်ရှိခြင်းဆိုတာ အခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့် လျှော့ထားခွင့် စကားရပ်၏ အဓိပ္ပါယ်သည် အခွန် ကင်းလွတ်ခွင့်ပြုခြင်းဆိုရင် လုံလောက်ပါတယ်။ သက်သာခွင့်၊ လျှော့ထားခွင့် ဆိုတာထည့်သွင်းရေးသွင်းရန် မလိုပါဘူး။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်လျှော့ထားခွင့်ရှိခြင်း ဆိုတဲ့ စကားရပ်အစား **"အခွန်ကင်းလွတ်ခွင့်ပြုခြင်း"**လို့ ပြောင်းလဲပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ပြင်ဆင် ဖြည့်စွက်မှုမှာ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း လုပ်ငန်းစတင်သော နှစ်အပါအဝင်တစ်ဆက်တည်း (၃)နှစ်အတွင်း အခွန်ကင်းလွတ်ခွင့်၊ လျှော့ထားခွင့် ရှိခြင်း မှန်ပါသလား။

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ အခွန်ကင်းလွတ်ခွင့်ပြုခြင်းပါ ခင်ဗျား။ အခွန် ကင်းလွတ်ခွင့် အပိုဒ် ၊ သက်သာခွင့် အပိုဒ်၊ လျှော့ထားခွင့်ရှိခြင်း ဆိုတဲ့ စကားရပ်အစား **"အခွန်ကင်းလွတ်ခွင့်ပြုခြင်း "**စကားရပ် အစားထိုးရန်ဖြစ်ပါတယ် ခင်ဗျား။

D/real(wide) (2

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ **စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။** အတည်ပြုပါသည် ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ချက်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန် ရှိပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က ကန့်ကွက်ရန်မရှိပါ။)

လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန်မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၁၁)၊ ပုဒ်မ ၁၉ တွင် မည်သူမဆို ဤဥပဒေအရ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကို မှတ်ပုံတင်ခြင်းမရှိဘဲ လုပ်ကိုင်ခြင်းမပြုရ။ ဤတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် **"ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ"** ချမှတ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်ဟု ဖော်ပြချက်အား အတည်ပြုပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်

ဖောက်ဖျက်ကျူးလွန်ပါက ဆက်လက်ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့်နေ့အသီးသီးအတွက် ထိုသူကို တစ်နေ့လျှင် **"ငွေဒဏ်ကျပ် တစ်သောင်း"** ချမှတ်ရမည် ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်ဟု ဖော်ပြချက်အား အတည်ပြုပေးနိုင်ရန်အတွက် ရှမ်းပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များကြီးအား တင်ပြအပ်ပါတယ် ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ပြင်ဆင်ဖြည့်စွက်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး မှ ဆွေးနွေးပေးရန်ဖြစ် ပါတယ်။

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ အတည်ပြု ပါသည် ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ချက်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန် ရှိပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က ကန့်ကွက်ရန်မရှိပါ။)

လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန်မရှိသည့်အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ

D/real(wide) (2

တင်ပြထားသော အကြံပြုချက်ကိုဆက်လက်တင်ပြမှာဖြစ်ပါတယ် ခင်ဗျား။ အခန်း(၂)၊ ပုဒ်မခု(ဂ) မြန်မာ့ရိုးရာဆိုသည့် စကားလုံးအစား **"ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားများ၏"** ဆိုသည့် စကားလုံးဖြင့် အစားထိုးနိုင်ရန်တင်ပြထားခြင်းနှင့်ပတ်သက်ပြီး အတည်ပြုပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများအား တင်ပြအပ်ပါတယ် ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ပြင်ဆင်ဖြည့်စွက်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ ဆွေးနွေးပေးရန်ဖြစ်ပါတယ်။

ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းဥပဒေ(မူကြမ်း)ဟာ ရှမ်းပြည်နယ်အတွက်ကိုဘဲ ရည်ရွယ်ပြုစုခြင်းဖြစ်တယ်လို့ သဘောပေါက်ထားပါတယ်။ မြန်မာ့ရိုးရာဆိုတဲ့ စကားလုံးကတော့ ပြည်ထောင်စုတစ်ဝန်းလုံးနဲ့ သက်ဆိုင်တဲ့ စကားရပ်တစ်ခုလို့မြင်ပါတယ်။ ရှမ်းပြည်နယ်အတွက်ဘဲ ရည်စူးပြီးမှ တင်သွင်းတဲ့ ဥပဒေကြမ်းဖြစ်တဲ့အတွက် ဒီနေရာမှာ **"ရှမ်းပြည်နယ် အတွင်း တိုင်းရင်းသားများ၏ ရိုးရာ"**ဆိုသည့်စကားလုံးဖြင့် အစားထိုးနိုင်ဖို့ အကြံပြုတင်ပြအပ်ပါတယ် ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ၎င်းပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဆွေးနွေးပေးရန် ဖြစ်ပါတယ်။

လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအား တင်ပြအပ်ပါတယ် ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ပြင်ဆင်ဖြည့်စွက်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး မှ ဆွေးနွေးပေးရန်ဖြစ်ပါတယ်။

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။စီမံကိန်းနှင့်စီးပွားရေး ဝန်ကြီး။ အတည်ပြုပါသည် ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ချက်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန် ရှိပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က ကန့်ကွက်ရန်မရှိပါ။)

လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်ရန်မရှိသည့် အတွက် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေ ပြုရေးဆိုင်ရာကော်မတီ။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၁၁)၊ ပုဒ်မ ၂၀ တွင် မည်သူမဆို ပုဒ်မ ၁၉ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကို ဆက်လက် ဖောက်ဖျက်ကျူးလွန်ပါက ဆက်လက် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့်နေ့ အသီးသီးအတွက် ထိုသူကိုတစ်နေ့လျှင်ငွေဒဏ်ကျပ်ငါးထောင် ချမှတ်ရမည် စကားရပ်အစား မည်သူမဆို ပုဒ်မ ၁၉ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကို ဆက်လက်

D/real(wide) (2

ဦးစိုးညွှန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ ကန့်ကွက်ပါတယ်။ အခန်း(၂)၊ ပုဒ်မ ၃(ဂ)အရ မြန်မာ့ရိုးရာဆိုသည့် စကားလုံးသည် ခြုံငုံသုံးသပ်တာကတော့ ဥပဒေ တစ်ခုလုံးကို ရည်ရွယ်ချက်မပါဘဲနဲ့ သုံးသပ်ထားတဲ့ စကားလုံးဖြစ် ပါတယ်။ သို့သော်လည်း ရှမ်းပြည်နယ်အတွင်း ရှိတဲ့ အတွက် မြန်မာ့ရိုးရာဆိုသည့် စကားလုံးအစား **"ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားရိုးရာ"**ဆိုတဲ့ စကားလုံးနေရာမှာ ရှမ်းပြည်နယ်အတွင်းကို ဖျက်ပြီးတော့ဆိုပြီးတော့ တိုင်းရင်းသားအားလုံး all inclusive ဖြစ်အောင် တိုင်းရင်းသားရိုးရာဆိုပြီးတော့ တိုင်းရင်းသားဘဲ အားလုံးကို ကိုယ်စားပြုတဲ့ စကားလုံး **"တိုင်းရင်းသားရိုးရာ"**ကိုဘဲ ထည့်သွင်းပြင်ဆင်သင့်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျမ မြန်မာ့ရိုးရာဆိုသည့် စကားလုံးအစား **"ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားများ၏ ရိုးရာ"**ဆိုသည့် စကားလုံးကိုအဆိုပြုပါတယ်။ အဆိုပြုချက်နှင့်ပတ်သက်ပြီး ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး မှ **"တိုင်းရင်းသားရိုးရာ "**ဆိုသည့် စကားလုံးကို အစားထိုးနိုင်ဖို့ တင်ပြလာတာဖြစ်ပါတယ်။ ၎င်း တင်ပြချက် နှင့် ပတ်သက်ပြီး ဤဥပဒေပါ အခန်း(၂)၊ ပုဒ်မ ၃(ဂ) တွင် ဖော်ပြထားသော မြန်မာ့ရိုးရာဆိုသည့် စကားလုံးအစား **"တိုင်းရင်းသားရိုးရာ"** ဆိုသည့် စကားလုံးကိုအစားထိုးမှုနှင့်ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ သဘောတူပါသလားခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ချက်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးအနေနဲ့ တိုင်းရင်းသားများ၏ ရိုးရာ ဆိုသည့် စကားလုံးကို ကျစ်ကျစ်လစ်လစ်နဲ့ သုံးစွဲနိုင်ရန် အကြံပြုဆွေးနွေးသွားပါတယ်။ ဆွေးနွေးမှုနှင့်ပတ်သက်ပြီး လွှတ်တော်ရဲ့ သဘောတူညီချက်ကို ထပ်မံတောင်းခံမှာ ဖြစ်ပါတယ်။ ဝန်ကြီးမှ ပြင်ဆင်ရန် အကြံပြုချက်နှင့်ပတ်သက်၍ **"တိုင်းရင်းသားများ၏ ရိုးရာ"** ဆိုသည့် စကားလုံး အစားထိုးနိုင်ရန်အတွက်တင်ပြလာတာဖြစ်တဲ့ အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကန့်ကွက်ရန် ရှိပါသလား ခင်ဗျား။

ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ဒီပြင်ဆင်တဲ့ စကားလုံးကတော့ အငြင်းပွားတာ မဟုတ်ပါဘူးခင်ဗျား။ တိုင်းရင်းသား ဆိုတာကတော့ အမည်ပေါ့ ဗျာ။ ကျွန်တော်တို့က နေရာကို ပြောချင်တာပါ။မောင်နီဆိုတာက စစ်ကိုင်းတိုင်းကမောင်နီလည်း ဖြစ်နိုင်ပါတယ်။ မော်လမြိုင်က မောင်နီလည်းဖြစ်နိုင်ပါတယ်။ ကျွန်တော်ဆိုလိုချင်တာက မောင်နီ ၊ ရှမ်းပြည်အတွင်းရှိမောင်နီကို ဆိုလိုခြင်းဖြစ်ပါတယ်။ စကားလုံး တစ်လုံးသုံးတဲ့ နေရာမှာ ဦးစိုင်းကျော်ဇေယျတင်ပြသလိုပါဘဲ ရှမ်းပြည်နယ်ကိုဘဲ ရည်ရွယ်ပြီး ပြဋ္ဌာန်းထားတဲ့ ဥပဒေဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ ဆိုတာက အတိကျဆုံးနဲ့ အမှန်ကန်ဆုံးလို့ယူဆပါတယ်။ ဆိုလို ချင်တာက တိုင်းရင်းသား များဆိုတာက ၁၃၅ မျိုးကို ဆိုလိုတာလား ၊ ရှမ်းပြည်နယ်အတွင်းရှိ ကို ဆိုလိုတာလား။ တိကျတဲ့ စကားလုံး အဓိပ္ပါယ် မထွက်ပါဘူး။ သို့သော် ကျွန်တော်တို့ လိုချင်တာကတော့ မောင်နီသည် ရှမ်းပြည်က

D/real(wide) (2

မောင်နီကို ဆိုလိုခြင်း ဖြစ်ပါတယ်။ အဲဒါကို တင်ပြရပါစေ ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ် ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး လွှတ်တော် ကိုယ်စားလှယ် (၁)ဦးမှ **" ရှမ်းပြည်နယ်အတွင်းရှိတိုင်းရင်းသားများ၏ရိုးရာ"** ဆိုသည့်စကားလုံးကို ရှမ်းပြည်နယ်အတွင်းမှာ ပြဋ္ဌာန်းသော ဥပဒေ ဖြစ်တဲ့အတွက်ဖော်ပြရန် တင်ပြလာခြင်းဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး **ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ရိုးရာ** ဆိုသည့် စကားလုံး စကားရပ်ရယ်၊ နောက် **တိုင်းရင်းသားများ၏ ရိုးရာ**ဆိုသည့် စကားရပ် နှစ်ခုအပေါ်မှာ သဘောကွဲလွဲမှု ဖြစ်နေတာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဒီပြင်ဆင်ချက်ကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၊ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး တို့မှ ပြင်ဆင်ထားသည့် အတိုင်း **"တိုင်းရင်းသားများ၏ ရိုးရာ"** ဆိုသည့် စကားလုံး နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြသော **"ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ ရိုးရာ"**ဆိုသည့် စကားလုံးကို လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသွားမှာ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တတ် ရပ်ပြီးဆန္ဒပြုနိုင်ပါတယ်။ သဘောတူသည့် လွှတ်တော် ကိုယ်စားလှယ် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ် ဆိုရာမှာ **"ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ ရိုးရာ"** ဆိုသည့်စကားရပ်ကို သဘောတူသည့် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ မိမိနေရာမှာ မတ်တတ်ရပ်၍

ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြီး ခင်ဗျား။ ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားများဆိုရင် ပိုပြည့်စုံမှာပါ။ တိုင်းရင်းသားဆိုတာက ရခိုင်မှာရှိနေတဲ့ အခြားတိုင်းရင်းသား လည်းဘဲ ရည်ညွှန်းသွားသလိုဖြစ်နိုင်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ရှိ တိုင်းရင်းသားများဆိုတော့ အတိကျဆုံးနှင့် အသေချာဆုံးလို့ တင်ပြချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁)ဦးမှ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ ရိုးရာ ဆိုသည့် စကားလုံး ကို တင်ပြလာတာဖြစ်ပါတယ်။ ၎င်းတင်ပြချက်နှင့်ပတ်သက်ပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးအနေနဲ့ ဆွေးနွေးနိုင်ပါတယ်။

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ ကျွန်တော်ရဲ့ ဆိုလိုရင်းက မြန်မာ့ရိုးရာဆိုတဲ့ စကားလုံးကို အစားထိုးပြင်ဆင်တဲ့အတွက် ရှမ်းပြည်နယ်အတွင်း ရှိ မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားများဆိုတဲ့ စကားလုံး စကားရပ်က အင်မတန်ဖောင်းပွနေပါတယ်။ စကားလုံးကျစ်လစ်မှ ဥပဒေက ကျစ်လစ်ဖို့အတွက် သုံးရတာပါ။ ဘယ်သူ့ကိုမှ ကိုယ်စား မပြုပါဘူး။ တိုင်းရင်းသား အားလုံးကို ကိုယ်စားပြုတဲ့ စကားလုံး မြန်မာ့ရိုးရာ အစား တိုင်းရင်းသားရိုးရာဆိုတာ ဘယ်တိုင်းရင်းသားမှ မထိခိုက်မနစ်နာပါဘူး။ ကျွန်တော့်အနေနဲ့ ပိုပြီးတော့ အငြင်းပွား စရာ မရှိပါဘူး။ သို့သော်လည်းဘဲ နေရာထိုင်ခင်းကို ဖော်ပြတဲ့ အတွက် စကားလုံးကိုကျစ်လစ်ပြီးတော့ ဥပဒေနဲ့အညီဖြစ်အောင် မြန်မာ့ ရိုးရာအစား တိုင်းရင်းသားရိုးရာဆိုတဲ့ စကားလုံးကို အင်မတန်လှပ ပြီးတော့ ဥပဒေအနေနဲ့ မဖောင်းပွတဲ့စကားလုံးဖြစ်တဲ့အတွက် အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

D/real(wide) (2

ဆန္ဒပြုရန်ဖြစ်ပြီး **"တိုင်းရင်းသားများ၏ရိုးရာ"** ဆိုသည့် စကားရပ်ကို အတည်ပြုသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိနေရာမှာ ထိုင်လျက် အနေအထားနဲ့ဘဲဆန္ဒပြုရန် ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဆုံးအဖြတ်ကို ရယူပါမယ်။ မြန်မာ့ရိုးရာဆိုသည့် စကားလုံးအစား **"ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ ရိုးရာ"** ဆိုသည့် စကားလုံးကို ထောက်ခံသည်၊ သဘောတူသည့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များမတ်တတ်ရပ်ပြီး ဆန္ဒပြုရန်ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ရိုးရာဆိုသည့် စကားလုံးအစား **"ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ ရိုးရာ"** ဆိုသည့် စကားလုံးကို ထောက်ခံသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄၇)ဦးရှိပါတယ်။ ဒီနေ့ ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန် အစည်းအဝေး(စတုတ္ထနေ့)အတွက် တက်ရောက်အင်အား (၁၁၇)ဦး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တက်ရောက်အင်အား (၁၁၇)ဦးမှာ ထိုင်နေတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က (၇၀) ဦးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ရဲ့ ဆန္ဒမဲပေးမှုအရ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီနဲ့ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး၏ ပြင်ဆင်ထားသည့် အတိုင်း သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေသည် အစည်းအဝေးတက်ရောက်၍ ဆန္ဒမဲပေးသည့် ကိုယ်စားလှယ် ဦးရေ၏ ထက်ဝက်ထက်များတဲ့အတွက် ဥပဒေပြုရေးဆိုင်ရာ ကော်မတီနဲ့ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး၏

ဆိုရင်ကြီးကြပ်ကော်မတီကို ထည့်သွင်းခဲ့မယ်ဆိုရင် အခန်း(၃) ခေါင်းစဉ်ကိုပါ ပြန်ပြောင်းရပါလိမ့်မယ်။ ဒီဟာက မဖြစ်နိုင်ပါဘူး။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ အဆိုပြု တင်ပြသူ ဒေါ်နန်းစမ်းစမ်းအေး ဆွေးနွေးနိုင်ပါတယ်။

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားရပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကော်မတီဆိုသည်မှာ ကော်မတီဖွဲ့စည်းခြင်းသည် ကြီးကြပ်ခြင်းကို ကြီးကြပ်ဖို့သာ ဖွဲ့စည်းခြင်းလို့ မြင်ပါတယ်။ ဒီအတွက်ကြောင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကော်မတီ ဆိုသည့် စကားရပ်အစား **"အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကြီးကြပ်မှုကော်မတီ"** ဟုပြင်ဆင်ဖို့ အဆိုတင်သွင်းခြင်းဖြစ်ပါတယ်ရှင်။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ကြီးကြပ်မှုဆိုတဲ့ စကားရပ်ကို ထည့်သွင်းဖော်ပြစေလိုတဲ့ သဘောဖြစ်ပါတယ်။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်အနေနဲ့ ကြီးကြပ်မှုကော်မတီသည် ကော်မတီတစ်ရပ်၊ စက်မှုလက်မှုလုပ်ငန်း ကော်မတီသည် ကော်မတီတစ်ရပ်လို့ ဆိုလိုတဲ့အတွက် တင်ပြသွားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီပြင်ဆင်ချက်နှင့်ပတ်သက်ပြီး သဘောကွဲလွဲမှုဖြစ်တာ ဖြစ်တဲ့အတွက် ဒီပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး **"အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကြီးကြပ်မှုကော်မတီ"** ကိုဆိုသည် ဟု ပြင်ဆင်ရန်အဆိုပြုချက်အား ထောက်ခံသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာမှာ မတ်တတ်ရပ်ပြီး ဆန္ဒပြုပေးပါ။ **"အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကော်မတီ"** ကိုသာ အတည်ပြုမယ်ဆိုတဲ့ ပြည်နယ်လွှတ်တော်

D/real(wide) (2

ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ပြင်ဆင်ချက်အရ မြန်မာ့ရိုးရာ ဆိုသည့် စကားလုံးအစား **"တိုင်းရင်းသားများ၏ ရိုးရာ"**ဆိုသည့် စကားလုံးဖြင့် ပြင်ဆင်ချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏ အစိတ် အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေ ပြုရေးဆိုင်ရာကော်မတီ။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးရဲ့ အဆိုပြုချက်များကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ငှ) ကော်မတီဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော **"အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကော်မတီ"**ကို ဆိုသည့် စကားရပ်အစား **"အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကြီးကြပ်မှုကော်မတီ"**ကိုဆိုသည်ဟု ပြင်ဆင်ပေးရန် အဆိုပြုထားပါတယ်။ အဆိုပါအဆိုပြုချက်ကို အတည်ပြုပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ကြီးများအား တင်ပြအပ်ပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးပေးရန် ဖြစ်ပါတယ်။

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေး ဝန်ကြီး။ ကန့်ကွက်ပါတယ်။ ကော်မတီဆိုသည်မှာ ဤဥပဒေ အရ ဖွဲ့စည်းထားသော **"အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းကော်မတီ"**ကိုဆိုသည် ဆိုတာကို အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း ကြီးကြပ်ဆိုတာ သွားထည့်လို့မရပါဘူး။ ကြီးကြပ်ကို ထည့်ခဲ့မယ်

ကိုယ်စားလှယ်များ မိမိနေရာမှာဘဲထိုင်လျက် ဆန္ဒပြုပေးဖို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အခုချိန်ကစပြီး ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ဆန္ဒပြဖို့ ဖြစ်ပါတယ်။ **"အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကြီးကြပ်မှု ကော်မတီ"**ကိုဆိုသည် ဟု ပြင်ဆင်ရန် အဆိုပြုချက်အား ထောက်ခံသည့် ပြည်နယ်လွှတ်တော် ကိုယ်စား လှယ်များ မတ်တတ်ရပ်ဆန္ဒပြုပေးဖို့ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ဖော်ပြသည့်အတိုင်း သဘောတူသည့် လွှတ်တော် ကိုယ်စားလှယ်ဦးရေသည် အစည်းအဝေးတက်ရောက် ဆန္ဒမဲ ပေးသည့် ကိုယ်စားလှယ် ဦးရေ၏ ထက်ဝက်ထက်များတဲ့ အတွက် ဥပဒေပြုရေး ဆိုင်ရာကော်မတီ၏ အဆိုပြုချက်ဖြစ်သော ကော်မတီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော **"အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းကော်မတီ"**ကို ဆိုသည်ဟုစကားရပ်သည် အတည်ဖြစ်တဲ့ အတွက် ဤဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ဖော်ပြချက်သည် အတည်ဖြစ်ကြောင်း၊ အတည်ပြုပြဋ္ဌာန်းပြီး ဤဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်းကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေ ပြုရေးဆိုင်ရာကော်မတီ။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးရဲ့ အဆိုပြုချက်များကိုဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ အခန်း (၁)၊ ပုဒ်မ၂(စျ) လုပ်ငန်းရှင်ဆိုသည်မှာ ဤဥပဒေအရ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ရန် **"မှတ်ပုံတင်ခွင့်ရရှိသူ"** ကို ဆိုသည့် စကားရပ်အစား **"မှတ်ပုံတင်ထားရှိသူ"**ကို ဆိုသည်ဟု

D/real(wide) (2

ကျွန်တော်တို့ ဒီဥပဒေပါ အခန်း(၁)၊ ပုဒ်မ ၂(စျ)အရ လုပ်ငန်းရှင်ဆိုသည်မှာ ဤဥပဒေ အရ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ရန် **"မှတ်ပုံတင်ခွင့်ရရှိသူ"** ကို ဆိုသည့် စကားရပ်မှာ အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၃)၊ ပုဒ်မ ၅(စ)တွင် ဥပဒေနှင့်အညီ **"စီမံခန့်ခွဲနည်းအရ အရေးယူဆောင်ရွက်ခြင်း"**ကို ဆိုသည် စကားရပ်အစား ဥပဒေနှင့်အညီ **"ကြီးကြပ်ခြင်း"**ဟု ပြင်ဆင်ပေးရန် အဆိုပြု ထားပါတယ်။ အဆိုပါအဆိုပြုချက်ကို အတည်ပြုပေးနိုင်ရန် အတွက် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများအား တင်ပြအပ်ပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးပေးရန် ဖြစ်ပါတယ်။

ဦးစိုးညွှန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ သဘောမတူပါဘူး ခင်ဗျား။ ဥပဒေနှင့်အညီ **"စီမံခန့်ခွဲနည်းအရ အရေးယူဆောင်ရွက်ခြင်း"** အစား ဥပဒေနှင့် အညီ **"ကြီးကြပ်ခြင်း"**ဆိုသည့်စကားလုံးနှင့် ပတ်သက်၍ ဥပဒေမှာ ကြီးကြပ်လို့မရပါဘူး။ ကြီးကြပ်ရုံနဲ့ မဟုတ်ဘဲနဲ့ ဥပဒေနှင့်အညီ စီမံခန့်ခွဲမှုရှိရမယ်။ အရေးယူ action ရှိရပါမယ်။ ဒါကြောင့်မို့လို့ ကန့်ကွက်ပါတယ် ခင်ဗျား။

ပြင်ဆင်ပေးရန် အဆိုပြုထားပါတယ်။ အဆိုပါ အဆိုပြုချက်ကို အတည်ပြုပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်ကြီးများအား တင်ပြအပ်ပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ၎င်းပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးပေးရန် ဖြစ်ပါတယ်။

ဦးစိုးညွှန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်ငန်းရှင်ဆိုသည်မှာ ဤဥပဒေအရ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ရန် **"မှတ်ပုံတင်ခွင့်ရရှိသူ"** ကို ဆိုသည် စကားရပ်အစား **"မှတ်ပုံတင်ထားရှိသူ"** ဆိုတာကို ကန့်ကွက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လုပ်ငန်းတစ်ခုဟာ မှတ်ပုံတင်ရုံနဲ့ လုပ်ငန်းဟာ လုပ်ခွင့်မရသေးပါဘူး။ မှတ်ပုံတင်ခွင့်ရရှိ ပြီးမှသာ လုပ်ငန်းဟာလုပ်ကိုင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် မှတ်ပုံတင် ထားရုံနဲ့ မရပါဘူး။ ဒါကြောင့် ဒီအဆိုကို ကန့်ကွက်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ပြင်ဆင်ရန်အကြံပြုသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဆွေးနွေးနိုင်ပါတယ်။

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လုပ်ငန်းရှင်ဆိုသည်မှာလို့ အဓိပ္ပါယ်ဖွင့်ထားတဲ့အတွက်ကြောင့် မှတ်ပုံတင်ခွင့်ရရှိသူလို့ သုံးနှုန်းရင် နိုင်ငံသားတိုင်းက မှတ်ပုံတင်ခွင့်ရှိပါတယ်။ ဒါကြောင့် လုပ်ငန်းရှင်လို့ အဓိပ္ပါယ်ဖွင့်ဆိုတဲ့နေရာမှာ မှတ်ပုံတင်ထားရှိသူလို့ သုံးမှသာပိုပြီးသင့်တော်တယ်လို့မြင်ပါတယ်ရှင်။

D/real(wide) (2

ဒုတိယဥက္ကဋ္ဌ။ အဆိုပြု ပြင်ဆင်ရန်တင်ပြသူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ဆွေးနွေးနိုင်ပါတယ်။

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ မူလအတိုင်း သဘောတူပါတယ် ရှင်။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤအဆိုနဲ့ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ် အဆိုပြုသူမှလည်း မူလအတိုင်း သဘောတူညီသွားပြီ ဖြစ်ပါတယ်။ ဒါကြောင့် ဒီပြင်ဆင်ချက်အဆိုပြုချက်နှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ် များမှ ကန့်ကွက်ရန် ရှိပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က ကန့်ကွက်ရန်မရှိပါ။)

ဤဥပဒေပြုရေးနှင့်ပတ်သက်၍ ဥပဒေပါ အခန်း(၃)၊ ပုဒ်မ ၅(စ)အရ ဥပဒေနှင့်အညီ **"စီမံခန့်ခွဲနည်းအရ အရေးယူဆောင်ရွက်ခြင်း"** ဟူသော စကားရပ်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၄)၊ ပုဒ်မ ၆(ဇ) ပြည်နယ်ဦးစီးမှူးမှ တင်ပြသော မှတ်ပုံတင်လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ မှတ်ပုံတင်ကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ရပ်စဲခြင်းတို့ကို ဆုံးဖြတ်ခြင်း စကားရပ်အစား ပြည်နယ်ဦးစီးမှူးမှ တင်ပြသော မှတ်ပုံတင်လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ မှတ်ပုံတင်ကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ရပ်စဲခြင်းတို့ကို **"ကော်မတီ၏ သဘောထားနှင့်အညီ"** ဆုံးဖြတ်ခြင်းဟုပြင်ဆင်

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဤပြင်ဆင်ချက်နှင့်ပတ်သက်ပြီး ဆက်လက်မဲခွဲဆုံးဖြတ်မှာ ဖြစ်ပါတယ်။ မဲခွဲဆုံးဖြတ်ပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူသွားမှာ ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် ဥပဒေတင်သွင်းသူ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ လုပ်ငန်းရှင်ဆိုသည်မှာ ဤဥပဒေအရ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ရန် **"မှတ်ပုံတင်ခွင့်ရရှိသူ"** ကို ဆိုသည်ဟု တင်ပြထားပါတယ်။ ဒီတင်ပြချက်နှင့် ပတ်သက်ပြီး ပြင်ဆင်ရန်အကြံပြုချက်မှာ **"မှတ်ပုံတင်ထားရှိသူ"** ကိုဆိုသည် ဟု ပြင်ဆင်ရန် အဆိုပြုလာတာဖြစ်ပါတယ်။**"မှတ်ပုံတင်ခွင့်ရရှိသူ"**နှင့်**"မှတ်ပုံတင်ထားရှိသူ"** စကားရပ် နှစ်ခုဟာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ **"မှတ်ပုံတင်ထားရှိသူ"** ဆိုသည့်စကားရပ်ကို ထောက်ခံသည့် ကိုယ်စားလှယ်များ မိမိနေရာမှရပ်ပြီး ဆန္ဒပြဖို့ဖြစ်ပါတယ်။ **"မှတ်ပုံတင်ခွင့်ရရှိသူ"** ဟု စကားရပ်အား ထောက်ခံသည့် ကိုယ်စားလှယ်များ မိမိနေရာမှာဘဲ ထိုင်လျက်အနေအထားနဲ့ ဆန္ဒပြပေးဖို့ဖြစ်ပါတယ်။ ဒါကြောင့် **"မှတ်ပုံတင်ထားရှိသူ"** ဆိုသည့် စကားရပ်ကို ထောက်ခံသည့် ကိုယ်စားလှယ်များ မတ်တတ်ရပ်ဆန္ဒပြပေးဖို့ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ အဆိုပြုတင်ပြထားသော လုပ်ငန်းရှင်ဆိုသည်မှာ ဤဥပဒေအရ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ရန် **"မှတ်ပုံတင်ခွင့်ရရှိသူ"** ကို ဆိုသည်ဟု ဆိုသည့်စကားရပ်ကို အစည်းအဝေး တက်ရောက်၍ ဆန္ဒမဲပေးတဲ့ ကိုယ်စားလှယ်ဦးရေရဲ့ ထက်ဝက်ထက်များပြီး ထောက်ခံထားတာဖြစ်ပါတယ်။ ဒါကြောင့်

D/real(wide) (2

ပေးရန်အဆိုပြုထားပါတယ်။ အဆိုပါအဆိုပြုချက်ကို အတည်ပြုပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများအား တင်ပြအပ်ပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ၎င်းပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးပေးရန် ဖြစ်ပါတယ်။

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ ကန့်ကွက်ပါတယ်။ အစိုးရအဖွဲ့ဝန်ကြီး၏ လုပ်ပိုင်ခွင့်အပေါ် ကော်မတီသို့ သဘောထားတောင်းခံစေခြင်း ကသာဖြစ်သင့်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၅(က)အရ ဆိုရင် ကော်မတီရဲ့ လုပ်ပိုင်ခွင့်တွေကို အပြည့်အဝပေးထားပြီး ဖြစ်ပါတယ်။ ဒါက အစိုးရဝန်ကြီးဌာနတစ်ခုရဲ့ ဝန်ကြီးတစ်ယောက်အပေါ် ကျော်နင်းတဲ့ သဘောထားဖြစ်တဲ့အတွက် ကန့်ကွက်ပါတယ် ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ အဆိုပြု တင်ပြသော သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ဆွေးနွေးနိုင်ပါတယ်။

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။ ပြည်နယ်ဦးစီးမှူးမှ တင်ပြသော မှတ်ပုံတင်လုပ်ငန်းများသာပါ ပါတယ်ရှင်။ ဒီနေရာမှာ ဆုံးဖြတ်သူမပါတဲ့အတွက် ကော်မတီ၏ သဘောထားနှင့်အညီ ဆိုတဲ့စကားရပ်ကို ထည့်ပေးပြီးမှသာ ကော်မတီဝင် အားလုံးရဲ့ သဘောဆန္ဒပါကြောင်း ဆိုလိုလို့ရပါတယ်ရှင်။ အကယ်၍ ပြည်နယ်ဦးစီးမှူးမှ တစ်ဦးတည်းကို ပြည်နယ်ဦးစီးမှူးမှ လို့ဘဲပြောရင် ပြည်နယ်ဦးစီးမှူး တစ်ဦး

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ ဝန်ကြီးရဲ့ ဆုံးဖြတ်ချက်က အဓိကပါ။ ဥပဒေနဲ့ အညီ ဆုံးဖြတ်တာပါ။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်ဦးစီးမှူးမှ တင်ပြသော မှတ်ပုံတင်လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ မှတ်ပုံတင်ကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ရပ်စဲခြင်းတို့ကို ဆုံးဖြတ်ခြင်းဟု မူလဥပဒေမှာ ဖော်ပြထားတာ ဖြစ်ပါတယ်။ ပြင်ဆင်ရန်အကြံပြုချက်ကတော့ ပြည်နယ်ဦးစီးမှူးမှ တင်ပြသော မှတ်ပုံတင်လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ မှတ်ပုံတင်ကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ရပ်စဲခြင်းတို့ကို **"ကော်မတီ၏ သဘောထားနှင့်အညီ ဆုံးဖြတ်ခြင်း"**ဟု ပြင်ဆင်ရန် အဆိုပြုထားတာဖြစ်ပါတယ်။ ဒီအဆိုပြုချက်နှင့် ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူမှာ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်အမှတ်(၂)။ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို မယူခင်မှာ ဝိဝါဒကွဲလွဲနေပါ တယ်။ ဝန်ကြီးပြောသလိုမျိုး ဝန်ကြီး၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ရမယ်ဆိုတာ လက်ခံပါတယ်။ အဲတစ်ဆင့်ရဲ့ အောက်မှာ ဦးစီးမှူးဆိုတာရှိပါတယ်။အယူခံခြင်းဆိုတဲ့ အခန်း(၁၀)မှာ ပြည်နယ်ဦးစီးမှူးက ချမှတ်သောဆုံးဖြတ်ချက်ကို လုပ်ငန်းရှင်က မကျေနပ်ပါက ယင်းဆုံးဖြတ်ချက်ကို လက်ခံပြီး ရရှိသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်ကို ကျွန်တော်ဆိုလိုချင်တာက ဝန်ကြီးပြောသလို ဝန်ကြီးရဲ့အဆုံးအဖြတ်အပြီးအပြတ်ဆိုတာ လက်ခံပါတယ်။ သူ့ရဲ့ အောက်မှာက နောက်တစ်ဆင့်ရှိပါသေးတယ်။ ပြည်နယ်ဦးစီးဦးဆောင်တဲ့ကော်မတီဆိုတာရှိပါ

D/real(wide) (2

သေးတယ်။ ဆိုလိုချင်တာကတော့ ပြည်နယ်ဦးစီးမှူးကိုဘဲ အလုပ်ပေးမလား။ ဝန်ကြီးလက်အောက်မှာ ဖွဲ့ထားတဲ့ကော်မတီကို အလုပ်ပေးမလား။ ဒါကို ကျွန်တော်ဝန်ကြီးကို မေတ္တာရပ်ခံချင်ပါတယ်။ သေသေချာချာ စကားလုံးလေး အဓိပ္ပါယ်လေး ချိတ်ဆက်မိနိုင်အောင် စဉ်းစားနိုင်ဖို့ပါ။ ဒီတစ်ခါလွဲချော်သွားမယ်ဆိုရင် ပြင်ဆင်ရတာ၊ ပြန်တင်ရတာနဲ့ အဲဒါလေးကို လွှတ်တော်ကိုယ်စားလှယ်အားလုံး သေချာဖတ်ရှုပြီးတော့မှ လွှတ်တော်ရဲ့ အဆုံးအဖြတ်မယူခင်မှာ သေချာစဉ်းစားဖို့ မေတ္တာရပ်ခံပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ဆွေးနွေးလိုသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်ပါတယ်။

ဦးအောင်သန်းထွဋ်၊ လောက်ကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ ကော်မတီဖွဲ့မည်ဆိုလျှင်၊ ဝန်ကြီးအဆုံးအဖြတ်အပြီး အပြတ် ဖြစ်သည်ဆိုလျှင် ဒီကော်မတီဖွဲ့နေစရာမလိုပါဘူး။ ဒါအတိုချုပ်ပါ။

ဦးကြွယ်ကြွယ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်။ အကြံပေးတဲ့သဘောပါ။ အခန်း(၃)မှာ ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်း တာဝန်များလို့ ပါ ပါတယ်။ ပြန်ကြည့်ရင်တော့ ကော်မတီဖွဲ့စည်းခြင်းနှင့်ကော်မတီ၏ လုပ်ပိုင်ခွင့်တာဝန်များဆိုရင် သူ့ရဲ့ လုပ်ပိုင်ခွင့်တွေပါမှာပါ။ အခုက သူ့ရဲ့တာဝန်ဘဲ ပါ ပါတယ်။ အခန်း(၄)မှာက ဝန်ကြီး၏ လုပ်ပိုင်ခွင့်များလို့ ရေးသားထား ပါတယ်။ အခန်း(၅)မှာ ပြည်နယ်ဦးစီးမှူးရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များလို့ ရေးသားထားပါတယ်။ ဒီ Clause လေး တစ်ခုကိုပြင်မယ် ဆိုရင် ဒီရှိတဲ့ အပိုဒ်တွေ၊ အခန်းတွေ အကုန်လုံးကို အသစ် ပြင်ဆင်ရေးဆွဲရမယ့် အနေအထားဖြစ်

တစ်ယောက်ရဲ့ ဆန္ဒတစ်ခုဘဲ ပါမှာပါရှင်။ ဒါကြောင့်မို့ ကော်မတီ၏ သဘောထားနှင့်အညီ လို့ဆိုတဲ့ စကားရပ် ထည့်မယ်ဆိုရင် ပိုပြီးသင့်လျော် ပိုပြီးတိကျပါတယ် ရှင်။

ဒုတိယဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဤအဆိုပြုပြဋ္ဌာန်းချက် ပြင်ဆင်ရန်အဆိုပြုချက်နှင့် ပတ်သက်ပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံယူမှာ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းဘက်၊ ကျောက်မဲမြို့နယ်အမှတ်(၂)။ ဒီအခန်း(၃)မှာ ယခုကိစ္စအရ ဝိဝါဒ ကွဲပြားနေတာရှိပါတယ်။ ပြည်နယ်ဦးစီးမှူး ဆိုတာက ဖွဲ့စည်းပုံကော်မတီထဲမှာပါပြီးသားဖြစ်ပါတယ်။ ဝန်ကြီးပြောသလို ဦးစီးက ကော်မတီထိပ်မှာရှိတာမဟုတ်ပါဘူး ခင်ဗျား။ ကော်မတီထဲမှာ ဦးစီးပါတဲ့ အနေအထားမျိုးဖြစ်နေပါတယ်။ ထို့ကြောင့် ဒီကော်မတီဆိုတာက ကော်မတီရဲ့ ဆုံးဖြတ်ချက်ကသာဖြစ်သင့်တယ်။ ဆိုလိုချင်တာကတော့ အစည်းအဝေး ဆုံးဖြတ်ချက်အရသာ စီမံခန့်ခွဲနိုင်တဲ့ အနေအထားဖြစ်ပါတယ်။။ အကယ်၍ ကော်မတီရှိပြီး ဦးစီးမှူးက တစ်ယောက်တည်းဖြစ်နေမည် ဖြစ်သည့်အတွက် အခွင့်အရေး တစ်ရပ်အနေနဲ့ စဉ်းစားနိုင်ဖို့ အားလုံးတာဝန်ရှိပါတယ်ဟု မဲခွဲဆုံးဖြတ်ချက်မယူသေးတဲ့ အချိန်ကာလအတွင်း တင်ပြလိုပါတယ်။ ပြည်နယ်ဦးစီးမှူးက ကော်မတီမှာပါဝင်ပြီးသော်လည်း တစ်ဦးတည်းကသာ ဆုံးဖြတ်မည်လား သို့မဟုတ် ကော်မတီကို အစည်းအဝေးတွင် တိုင်ပင်ပြီးမှ ဆုံးဖြတ်မည်လားဆိုသည့် အခင်းအကျင်းလေးကို ကျွန်တော်တို့က ခင်းပေးရမှာ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ မဲခွဲဆုံးဖြတ်ခြင်းမပြုမီ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးဆွေးနွေးနိုင်ပါတယ်။

D/real(wide) (2

ပါတယ်။ ပြောချင်တာကတော့ ဒီကော်မတီမှာ လုပ်ငန်းတာဝန်တော့ပေးထားတယ်။ လုပ်ပိုင်ခွင့်တော့မပါပါဘူး။ ဥပဒေတွင် ဝန်ကြီးမှာလုပ်ပိုင်ခွင့်ပေးထားတယ်။ ပြည်နယ်ဦးစီးမှူးမှာ တာဝန်နဲ့လုပ်ပိုင်ခွင့်ပေးထားပါတယ်။ ဒီအပိုဒ်လေးတစ်ခု၊ ဒီတစ်ကြောင်းလေး ပြင်လိုက်တာနဲ့ တစ်ပြိုင်တည်းရှိတဲ့ ဥပဒေတွေ အကုန်လုံးက အသစ်ပြန်ရေးရမယ့် သဘောဖြစ်သွားမှာပါ။ ဒါကိုလည်း စဉ်းစားစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်အသီးသီးမှ တင်ပြဆွေးနွေးမှုများနှင့် ပတ်သက်ပြီး မူလဥပဒေပါ စကားရပ်ကို ထပ်မံဖတ်ကြားပေးပါ့မယ်။ မူလဥပဒေပါ စကားရပ်မှာ အခန်း(၄)၊ ပုဒ်မ၆(ဇ) ပြည်နယ်ဦးစီးမှူးမှတင်ပြသော မှတ်ပုံတင်လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ မှတ်ပုံတင်ကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်း နှင့်ရပ်စဲခြင်းတို့ကို ဆုံးဖြတ်ခြင်းဟု ဖော်ပြထားပါတယ်။ ပြင်ဆင်ရန် အကြံပြုချက်အနေနဲ့ ပြည်နယ်ဦးစီးမှူးမှ တင်ပြသော မှတ်ပုံတင်လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ မှတ်ပုံတင်ကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ရပ်စဲခြင်းတို့ကို **"ကော်မတီ၏ သဘောထားနှင့်အညီ"** ဆုံးဖြတ်ခြင်းဟု ပြင်ဆင်ရန် အဆိုပြု ထားတာဖြစ်ပါတယ်။ အဆိုပြု ပြင်ဆင်ရန် တင်ပြတာကတော့ **"ကော်မတီ၏ သဘောထားနှင့်အညီ"** ဆိုတဲ့စကားရပ်ကို ထည့်သွင်းပေးဖို့ ပြင်ဆင်ချက်အနေနဲ့ တင်ပြထားခြင်းဖြစ်ပါတယ်။ ဒီတင်ပြချက်နှင့်ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အသီးသီးမှ စိတ်ပါဝင်စားစွာ ဆွေးနွေးခဲ့ကြပြီးဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိရဲ့ ဥပဒေပြုရေး မဏ္ဍိုင်ကို တာဝန်ကျေပွန်စွာ၊ တာဝန်သိစွာ

ဆိုသည့် စကားရပ်ကို သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ မတ်တတ်ရပ်ဆန္ဒပြုခဲ့ပါတယ်။ ဆန္ဒပြုတဲ့ နေရာမှာ မတ်တတ်ရပ်ဆန္ဒပြုသောလွှတ်တော်ကိုယ်စားလှယ်ပေါင်း (၅၂)ဦး ရှိပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို တက်ရောက်ခွင့် ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၁၇)ဦး ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေရဲ့ မူလပြဋ္ဌာန်းချက်မှာ ဖော်ပြထားသော ပြည်နယ်ဦးစီးမှူးမှ တင်ပြသော မှတ်ပုံတင်လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ မှတ်ပုံတင်ကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့်ရပ်စဲခြင်းတို့ကို ဆုံးဖြတ်ခြင်းဆိုသည့် စကားရပ်အစား **"ကော်မတီ၏သဘောထားနှင့်အညီ"** ဆုံးဖြတ်ခြင်းဟုပြင်ဆင်ရန် အဆိုပြုသောလွှတ်တော်ကိုယ်စားလှယ်များက ပို့မို့များပြားတာဖြစ်တဲ့အတွက် **"ကော်မတီ၏ သဘောထားနှင့်အညီ"** ဆုံးဖြတ်ခြင်းဟုပြင်ဆင်ရန် အဆိုပြုချက်သည် အတည်ဖြစ်၍ ဤဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အခန်း(၄)၊ ပုဒ်မ ၆(စ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဟုတ်၊ မဟုတ် နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက **"ပြည်နယ်ဦးစီးမှူး"**၏ တင်ပြချက်ကို စိစစ်၍ ဆုံးဖြတ်ခြင်း စကားရပ်အစား **"ကော်မတီ အစည်းအဝေးကျင်းပ၍"** စိစစ်ဆုံးဖြတ်ခြင်းဟု ပြင်ဆင်ပေးရန် အဆိုပြုထားပါတယ်။ အဆိုပါ အဆိုပြုချက်ကို အတည်ပြုပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများအား တင်ပြအပ် ပါတယ် ခင်ဗျား။

D/real(wide) (2

ဒုတိယဥက္ကဋ္ဌ။ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးပေးရန် ဖြစ်ပါတယ်။

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေး ဝန်ကြီး။ ကန့်ကွက်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ အခန်း(၄)၊ ပုဒ်မ ၆(စ)အရ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း ဟုတ်၊ မဟုတ် နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက **"ပြည်နယ်ဦးစီးမှူး"**၏ တင်ပြချက်ကို စိစစ်၍ ဆုံးဖြတ်ခြင်း စကားရပ်အစား **"ကော်မတီ အစည်းအဝေး ကျင်းပ၍"** စိစစ်ဆုံးဖြတ်ခြင်း ဟု ပြင်ဆင်ရန် အဆိုပြု ထားတာ ဖြစ်ပါတယ်။ **"ကော်မတီ အစည်းအဝေး ကျင်းပ၍"** စိစစ်ဆုံးဖြတ်ခြင်းဟု ပြင်ဆင်ရန်အဆိုပြုသော လွှတ်တော် ကိုယ်စားလှယ် ဆွေးနွေးနိုင်ပါတယ်။

ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။ **"ပြည်နယ်ဦးစီးမှူး"**၏ တင်ပြချက်ကို စိစစ်၍ ဆုံးဖြတ်ခြင်း ဆိုတဲ့နေရာမှာ ဆုံးဖြတ်သူမပါ ပါဘူးရှင်။ ဒါကြောင့် **"ပြည်နယ်ဦးစီးမှူး"**၏ တင်ပြချက်ဆိုတဲ့ နေရာမှာ တစ်ဦး တစ်ယောက်ပေါ်မှာလည်း မူတည်နေတယ်။ ပြီးတော့ ဆုံးဖြတ်သူ မပါတဲ့အတွက်ကြောင့် ပိုပြီးမှတိကျတဲ့ **"ကော်မတီ အစည်းအဝေး ကျင်းပ၍"** စိစစ်ဆုံးဖြတ်ခြင်း ဆိုပြီးတော့ အကြံပြုထားပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ယခုဥပဒေပါ စကားရပ်နဲ့ပတ်သက်ပြီး တော့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးနိုင် ပါတယ်။

ဆောင်ရွက်နိုင်ရန် အတွက် ဒီဥပဒေပါ စကားရပ်နှင့်ပတ်သက်ပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ယူတဲ့အချိန်မှာ လွှတ်လွှတ်လပ်လပ် ဆန္ဒပြုဖို့ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူသွားမှာ ဖြစ်တဲ့အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ တင်ပြထားသည့်အတိုင်း သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ် များ မိမိနေရာမှာ မတ်တတ်ရပ်၍ ဆန္ဒပြု ဖို့ဖြစ်ပါတယ်။ ဆိုလိုတာက ပြည်နယ်ဦးစီးမှူးမှ တင်ပြသော မှတ်ပုံတင်လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ မှတ်ပုံတင်ကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်း နှင့်ရပ်စဲခြင်းတို့ကို ဆုံးဖြတ်ခြင်းဆိုသည့် စကားရပ်ဖြစ်ပါတယ်။ အဲဒီစကားရပ်ကို ထောက်ခံတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာမှာ မတ်တတ်ရပ်ပြီး ဆန္ဒပြုပါ။ ပြင်ဆင်ရန်အကြံပြုချက် ဖြစ်တဲ့ ပြည်နယ်ဦးစီးမှူးမှ တင်ပြသော မှတ်ပုံတင် လုပ်ငန်း များကို ကြီးကြပ်ခြင်း၊ မှတ်ပုံတင်ကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်း နှင့်ရပ်စဲခြင်းတို့ကို **" ကော်မတီ၏ သဘောထားနှင့်အညီ"** ဆုံးဖြတ်ခြင်း ဟု ပြင်ဆင်ရန်အဆိုပြုချက်ကို ထောက်ခံတဲ့သူများ ကတော့ ထိုင်လျက်အနေအထားနဲ့ဘဲ ဆန္ဒပြုလို့ရပါတယ်။ မူလ ဥပဒေပါစကားရပ်အတိုင်း ထောက်ခံမယ်ဆိုတဲ့ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ မတ်တတ်ရပ်ပြီး ဆန္ဒပြုပေးဖို့ဖြစ်ပါတယ်။ အားလုံးဆောင်ရွက်နိုင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး မူလဥပဒေပြုပြဋ္ဌာန်းချက်ဖြစ် တဲ့ ပြည်နယ်ဦးစီးမှူးမှ တင်ပြသောမှတ်ပုံတင်လုပ်ငန်းများကိုကြီးကြပ်ခြင်း၊ မှတ်ပုံတင်ကိုဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ရပ်စဲခြင်းတို့ကို ဆုံးဖြတ်ခြင်း

D/real(wide) (2

ဦးတင်ဦး၊ ရှမ်းပြည်နယ်ဥပဒေချုပ်။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မဟုတ်သော်လည်းဘဲ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ ဝင်တစ်ဦးအနေနဲ့ ဒီဥပဒေရဲ့ ကွဲလွဲမှုလေးတွေကို အနည်းငယ် ရှင်းလင်းတင်ပြခွင့်ပြုပါလို့ ခွင့်ပြုတောင်းခံအပ်ပါတယ်။ ကျွန်တော်တို့ ဒီအချက်နဲ့ပတ်သက်ပြီး ပုဒ်မ ၆ ကိုစဉ်းစားတဲ့အခါမှာ ပုဒ်မခွဲ အပိုဒ်ကိုဘဲ စဉ်းစားနေတာဖြစ်ပါတယ်။ ပုဒ်မခွဲ ၆ ရဲ့ မူရင်းပုဒ်ဖြစ်တဲ့ ဝန်ကြီးသည် ကော်မတီနှင့် ဦးစီးဌာနကို ဦးဆောင်၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်လို့ ဆိုပါတယ်။ ပြည်နယ်ဦးစီးမှူးက ဆောင်ရွက်နေခြင်းမဟုတ်ပါဘူး။ ဝန်ကြီး ရဲ့ လုပ်ပိုင်ခွင့်အဖြစ် ဝန်ကြီးဟာ ကော်မတီ၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစီးဌာနကို ဦးဆောင်နေသူအဖြစ်လည်းကောင်း၊ ကော်မတီ vice (ဦးစီးဌာနမှူး)ရဲ့ ဝတ္တရားတွေကို သုံးသပ်ပြီး ဆုံးဖြတ်ချက်တွေကို ဆောင်ရွက်ပိုင်ခွင့် ရရှိသူဖြစ်ပါတယ်။ အဲဒီ ဆောင်ရွက်ပိုင်ခွင့်ရရှိသူ ဒီမှာ ဖော်ပြထားတဲ့ အပိုဒ်ဟာ ပုဒ်မ ၆ ရဲ့ မူရင်းပိုဒ်ဖြစ်တဲ့ ဝန်ကြီးသည် ကော်မတီနှင့် ဦးစီးဌာနကိုဦးဆောင်၍ အောက်ပါလုပ်ငန်းများဆောင်ရွက်ရမည်ဆိုတဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို ဆောင်ရွက်နေခြင်းသာ ဖြစ်ပါတယ်။ ဦးစီးဌာနမှူးက ဆောင်ရွက်နေ ခြင်းမဟုတ်ဘူးလို့ ရှင်းလင်းတင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ရှမ်းပြည်နယ်ဥပဒေချုပ်မှ တင်ပြဆွေးနွေးမှုနှင့်ပတ်သက်ပြီး အခန်း(၄)၊ ပုဒ်မ ၆(စ) ပါ ဖော်ပြချက်များသည် ပြည်နယ်ဦးစီးမှူး၏ ဆိုသည့် တစ်ဦးတစ်ယောက်ရဲ့ တင်ပြချက်ကို ဆုံးဖြတ်ခြင်းမဟုတ်ဘဲ ပြည်နယ်ဦးစီးမှူးအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သော ကော်မတီ၏ ဆုံးဖြတ်ချက်သဘောမျိုး

ထုတ်ပြန်မည့် ကိစ္စရပ်များဖြစ်သည့်အတွက် ဖော်ပြပါ အမှတ်စဉ်(၆)၊ အမှတ်စဉ်(၇)၊ အမှတ်စဉ်(၈) ပါ ပြင်ဆင်ချက်များနှင့်ပတ်သက်၍ မူလစကားရပ်အတိုင်းသာ ဆက်လက်ဆောင်ရွက်ပေးရန် ဆန္ဒပြုသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ မိမိနေရာမှာမတ်တတ်ရပ်ဆန္ဒပြုပါ။ ပြင်ဆင်သင့်တယ်ဆိုတဲ့ ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်သင့်တယ်လို့ ယူဆရင် မတ်တတ်ရပ်ခြင်းမပြုဘဲ မိမိနေရာမှာဘဲ ထိုင်ပြီး ဆန္ဒပြု ပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အချိန်အကန့်အသတ်အရ စကားလုံးတစ်ရပ်ချင်းအတွက်ကို ပြည်နယ်လွှတ်တော်ရဲ့ အချိန်တွေအများကြီးအသုံးပြုခဲ့ပြီးဖြစ်ပါတယ်။

အမှတ်စဉ်(၆)၊ အမှတ်စဉ်(၇)၊ အမှတ်စဉ်(၈) ပါ ဖော်ပြထားသည့် မူလဥပဒေပါစကားရပ်များကို အတည်ပြုသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာမှ မတ်တတ်ရပ်ပြီး ဆန္ဒပြုပေးဖို့ ဖြစ်ပါတယ်။ မူလအတိုင်းအတည်ပြုမည်ဆိုလျှင် မတ်တတ်ရပ်ပါ။ အဆိုပြုထားချက်များအားလုံးကို ဖြန့်ထားပေးပါတယ်။ ဖြန့်ထားပေးတဲ့နေရာမှာ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း ဟုတ်၊ မဟုတ်နှင့် စပ်လျဉ်းပြီး ပြည်နယ်ဦးစီးမှူး၏ တင်ပြချက်ကိုသာ မူလစာသားဖြစ်ပါတယ်။ အဲဒါကို **"ကော်မတီအစည်းအဝေးကျင်းပ၍"** စိစစ်ဆုံးဖြတ်ခြင်း ဆိုပြီးတော့ ပြင်ဆင်တာဖြစ်ပါတယ်။ **"ကော်မတီအစည်းအဝေး ကျင်းပ၍"** စိစစ်ဆုံးဖြတ်ခြင်းဆိုရင် ထိုင်နေပါ။ တကယ်လို့ မူလ အတိုင်းဘဲ ပြည်နယ်ဦးစီးမှူး တင်ပြချက်ကို စိစစ်၍ ဆုံးဖြတ်ခြင်း ဖြစ်မယ်ဆိုရင် မတ်တတ်ရပ်ပေးဖို့ ဖြစ်ပါတယ်။ အလားတူဘဲ ဤဥပဒေအရ ထုတ်ပြန်သော အမိန့် သို့မဟုတ် ညွှန်ကြားချက် များကို မလိုက်နာသော လုပ်ငန်းရှင်၏ မှတ်ပုံတင်ကို **"ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်း၊ ရပ်စဲခြင်း"**

D/real(wide) (2

ဖြစ်ပါတယ်။ နောက်တစ်ခါ ဦးစီးဌာနသည် လျှောက်ထားသည့် လျှောက်လွှာများကို စိစစ်ခြင်း၊ စစ်ဆေးခြင်း၊ ပြုလုပ်ပြီးနောက် သတ်မှတ်ချက်နှင့် ညီညွတ်ပါက **"ဝန်ကြီး"**၏ ခွင့်ပြုချက်အရ မှတ်ပုံတင်ပေးခြင်း ဖြစ်ပါတယ်။ ဆိုလိုတာက ဝန်ကြီးဟာ ဒီဥပဒေကို အဆိုပြုလာတာဖြစ်တဲ့အတွက် ဝန်ကြီးရဲ့ ဒီဥပဒေ အတည်ပြုပေးပြီးမှ နည်းဥပဒေအရ ဆက်လက်ဆောင်ရွက်မယ့် ကိစ္စရပ်တွေ၊ အသေးစိတ်ဆောင်ရွက်မယ့် ကိစ္စရပ်တွေလည်း ဆက်လက်ဆောင်ရွက်နိုင်ပါတယ်။ လက်ရှိမူလဥပဒေ စာသားနှင့်ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အမှတ်စဉ် (၆၊ ၇၊ ၈)ဖော်ပြချက်များဟာ သဘောတရားအတူတူဘဲ ဖြစ်တဲ့အတွက် မူလဖော်ပြချက်အတိုင်း သဘောတူလျှင် အားလုံး မတ်တတ်ရပ်ပေးဖို့ဖြစ်ပါတယ်။ မူလတင်ပြချက်အတိုင်းသဘောမတူလျှင် ကော်မတီ၏ အဆုံးအဖြတ်ကိုရယူခြင်း၊ ကော်မတီ၏ခွင့်ပြုချက်ဖြင့် မှတ်ပုံတင်ပေးရန်ဆိုတဲ့ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး အစားထိုးချင်ပါတယ်ဆိုရင် ထိုင်လျက်ဆန္ဒပြုပေးဖို့ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ အားလုံးထိုင်နိုင်ပါပြီ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမှတ်စဉ်(၆)ဖြစ်ပါတယ်။ အမှတ်စဉ် (၆)မှာ ဖော်ပြထားသော အခန်း(၄)၊ ပုဒ်မ ၆(စ)ဖြစ်ပါတယ်။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဟုတ်၊ မဟုတ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက **ပြည်နယ်ဦးစီးမှူး**၏ တင်ပြချက်ကို စိစစ်၍ ဆုံးဖြတ်ခြင်းဟု ဖော်ပြထားပါတယ်။ ၎င်းဖော်ပြချက်နှင့်ပတ်သက်ပြီး ပြင်ဆင်ရန် အကြံပြုချက်အနေနဲ့ **"ကော်မတီ အစည်းအဝေးကျင်းပ၍"** စိစစ်ဆုံးဖြတ်ခြင်းဟု ပြင်ဆင်ရန် အဆိုပြုထားပါတယ်။ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရယူတဲ့အခါမှာ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး ပြင်ဆင်ထားသည့်

D/real(wide) (2

သက်ရောက်ပါကြောင်း ရှင်းလင်းဆွေးနွေးတင်ပြသွားပါတယ်။ ဒါကြောင့် ဒီနေ့ ရှမ်းပြည်နယ်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဥပဒေ(မူကြမ်း)နှင့်ပတ်သက်ပြီး အခန်း(၅)၊ ပုဒ်မ ၈(ခ)၊ အခန်း(၆)၊ ပုဒ်မ ၁၀ စသည်အားဖြင့် တစ်ဆက်တည်း တင်ပြသွားမယ့် ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာအရ **"ကော်မတီ"** ဆိုသည့် စကားရပ်များတစ်လျှောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုပြင်ဆင်ရန် တင်ပြသွားခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေးကျင်းပမှုအချိန်ကိုအချိန်ရဲ့ ကန့်သတ်ချက်အရ အမှတ်စဉ်(၆)(၇)(၈) ဖော်ပြပါကိစ္စရပ်များသည် ပြည်နယ်ဦးစီးမှူးသည် ကော်မတီကို ကိုယ်စားပြုပြီး ဆုံးဖြတ်ခြင်း၊ ဖြစ်တဲ့အပေါ်မှာ ဝန်ကြီးမှ ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များ ဖြစ်တဲ့အတွက် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဥပဒေပြုရေးတာဝန်များကို ဆောင်ရွက်ရာမှာ ဥပဒေပညာရှင်များ မဟုတ်သော်လည်း ဥပဒေရေးရာ ကိစ္စရပ်များကို စိတ်ပါဝင်စားစွာနှင့် ပါဝင်ဆွေးနွေးကြတဲ့အတွက်လည်း လွှတ်တော်အနေနဲ့ မှတ်တမ်းတင်ပါတယ်။ ပြည်နယ်ဥပဒေချုပ် ရှင်းလင်းဆွေးနွေးသွားသလို ဖော်ပြပါ အမှတ်စဉ် (၆၊ ၇၊ ၈)တစ်ဆက်တည်းသည် **ကော်မတီ** ဆိုသည့် စကားရပ်မှာ ပြည်နယ်ဦးစီးမှူး ကိုယ်စားပြုသော ကော်မတီ ဖြစ်နေတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ဒီပြင်ဆင်ချက်တွေနဲ့ ပတ်သက်ပြီး မူလစကားရပ်အတိုင်း ထားသင့်ပါတယ်လို့ စဉ်းစားဆုံးဖြတ်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြည်နယ်လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူတဲ့အခါမှာ မိမိရဲ့ နေရာမှာ မတ်တတ်ရပ်ပြီး ဆန္ဒပြုပေးဖို့ ရှင်းလင်းပြောကြားလိုပါတယ်။ အမှတ်စဉ် (၆၊ ၇၊ ၈)ပါ စကားရပ်များသည် သက်ဆိုင်ရာဥပဒေပြုသည့် ဝန်ကြီး၏ဆောင်ရွက်မည့် နည်းဥပဒေအရ ဆက်လက်

အတိုင်း သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး တက်ရောက် ဆန္ဒမဲပေးသော ကိုယ်စားလှယ် ဦးရေ၏ ထက်ဝက်ထက်များနေပါတယ်။ ဒါကြောင့် ပြင်ဆင်ချက်ဖြစ်သော **"ကော်မတီ အစည်းအဝေးကျင်းပ၍"** စီစစ်ဆုံးဖြတ်ခြင်းဟု ပြင်ဆင်ရန်အဆိုပြုသော လွှတ်တော် ကိုယ်စားလှယ် ဆန္ဒပြုသူ ပိုမိုများပြားပြီးထက်ဝက် ကျော်တဲ့အတွက် **'ကော်မတီ အစည်းအဝေးကျင်းပ၍"** စီစစ် ဆုံးဖြတ်ခြင်းဟုပြင်ဆင်ရန်အဆိုပြုချက်သည် အတည်ဖြစ်ပြီး ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဒုတိယဥက္ကဋ္ဌ။ အမှတ်စဉ်(၇)ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၈(ခ)ဖြစ်ပါတယ်။ ဤဥပဒေမှ ထုတ်ပြန်ထားသော အမိန့် သို့မဟုတ် ညွှန်ကြားချက်များကို မလိုက်နာသော လုပ်ငန်းရှင်၏ မှတ်ပုံတင်ကို **"ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်း၊ ရပ်စဲခြင်း"** ဟု ဖြစ်ပါတယ်။ ဖော်ပြပါ ပြဋ္ဌာန်းချက် နှင့်ပတ်သက်ပြီး ပြင်ဆင်ရန် အကြံပြုချက်အနေနဲ့ **"ကော်မတီသို့ တင်ပြအဆုံး အဖြတ်ရယူခြင်း"**ဟု ပြင်ဆင်ရန် အဆိုပြုထားတာဖြစ်ပါတယ်။ ဖော်ပြပါ **"ကော်မတီသို့ တင်ပြအဆုံး အဖြတ်ရယူခြင်း"**ဟု ပြင်ဆင်ရန် အဆိုပြုချက်အား ထောက်ခံသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက် ထက်များတဲ့အတွက် အမှတ်စဉ် (၇)ဖော်ပြပါ အခန်း(၅)၊ ပုဒ်မ ၈(ခ)အရ ဤဥပဒေမှ ထုတ်ပြန်ထားသော အမိန့် သို့မဟုတ် ညွှန်ကြားချက်များကို မလိုက်နာသော လုပ်ငန်းရှင်၏ မှတ်ပုံတင်ကို **"ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်း၊ ရပ်စဲခြင်း"** မပြုမီ **"ကော်မတီသို့ တင်ပြ အဆုံးအဖြတ် ရယူခြင်း"** ဟုပြင်ဆင်ရန် အဆိုပြုချက်သည် အတည်ဖြစ်ပြီး ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဦးစိုးညွှန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေး ဝန်ကြီး။ ကျွန်တော်တို့ တင်သွင်းတဲ့ ဥပဒေကြမ်းနှင့်ပတ်သက်ပြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ လေးစားစွာအကြံပြုလိုတာကတော့ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျွန်တော် တို့သည် ဥပဒေ တစ်ခုကို ပြုတဲ့အခါမှာ ဥပဒေရဲ့ လုပ်ထုံးလုပ်နည်း တွေ၊ ရှေ့နောက်ဆန့်ကျင်မှုတွေ မရှိစေလိုပါဘူး။ ဒီဥပဒေသည် လည်း အားလုံးအတွက် ကောင်းရာကောင်းကျိုးဖြစ်အောင် ဥပဒေတစ်ခုဖြစ်ဖို့များစွာ အချိန်ယူပြီးတော့မှလုပ်ခဲ့ရပါတယ်။ စာလုံးစကားရပ် တစ်ရပ်ကြောင့် အခန်းတိုင်းမှာ ပြင်ရမယ်၊ အခန်းတိုင်းမှာ ပျက်စီးသွားမယ်ဆိုရင်လည်း ပြန်လည်သုံးသပ်သင့် ပါတယ် အကြံပြုဆွေးနွေးချင်ပါတယ်။ စကားလုံးကို ကန့်သတ် လိုက်ပြီး စကားလုံးတစ်ခုပေါ်မှာ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ရဲ့ ဩဇာပေါ်မှာ မှီခိုနေမယ်ဆိုရင် ဥပဒေတွေဟာ အသက်ဝင်မှုနည်းပါလိမ့်မယ်။ ကျွန်တော့်အနေနဲ့ လေးလေးစားစား ပြောတာပါ။ အနိုင်အရှုံးထက် ဥပဒေ ပညာရှင်၊ ပြင်ပ ပညာရှင် များလည်း ပါဝင်သည့်အတွက် အကူအညီတောင်းလို့ ရပါတယ်။ အားလုံးဝိုင်းဝန်းဆွေးနွေးပြီး ဒီဥပဒေကြမ်းကို အတည်ပြု သင့်တယ်လို့ လေးလေးစားစား တင်ပြအပ်ပါတယ် ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး (ဒုတိယနေ့) (၁၃၊ ၇၊ ၂၀၁၆)ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ(မူကြမ်း)အား အတည်ပြုရန်

D/real(wide) (2

လွှတ်တော်မှ သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်မှ သဘောတူပါသည်။)

ဦးစိုးညွှန့်လွင်(ခ)ဦးစိုးကြီး။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ ကျွန်တော်အနေနဲ့ သဘောမတူသေးပါဘူး။ ပြန်လည်စဉ်းစားသုံးသပ်ဖို့ စကားလုံး စကားရပ်တွေ အခန်းတစ်ခုချင်းစီရဲ့ ရှေ့နောက်ကွဲပြားမှုတွေကြောင့် တစ်ချိန်မှာ ဒီဥပဒေဟာ တိုင်းရင်းသားနှင့် လုပ်ငန်းရှင်တွေ အားလုံးအတွက်ပါ။ အငြင်းပွားမှုမဖြစ်စေချင်ပါဘူး။ စကားလုံးစကားရပ်တစ်လုံးစီရဲ့ ဥပဒေပညာရှင်တွေရဲ့ ထောက်ပြဆွေးနွေးပြီးတော့မှ သဘောကို လွှတ်တော်ကလည်း သုံးသပ်တယ်ဆိုတဲ့အကြောင်း လေးစားစွာ ပြန်လည်တင်ပြအပ် ပါတယ် ခင်ဗျား။

ဒုတိယဥက္ကဋ္ဌ။ ဝန်ကြီးတင်ပြချက်နှင့်ပတ်သက်ပြီး ဥပဒေပြင်ဆင်ရန်အကြံပြုချက် အမှတ်စဉ်(၆၊ ၇၊ ၈)မှာ ကော်မတီဆိုသည့် စကားရပ်ပါလာခြင်းဖြစ်ပါတယ်။ ကော်မတီဆိုသည့် စကားရပ်မှာ ဥပဒေအရ ဖွဲ့စည်းထားသော ကော်မတီဖြစ်သည့်အတွက် ဝန်ကြီးရဲ့ ဦးဆောင်မှုအောက်မှာရှိတဲ့ ကော်မတီဖြစ်ပါတယ်။ နည်းဥပဒေတွေဆက်လက်ထုတ်ပြန်တဲ့ အချိန်မှာ ဝန်ကြီးအနေနဲ့ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ခွင့်၊ တာဝန်ဒါတွေကို စီမံပေးနိုင်မှာ ဖြစ်တဲ့အတွက် နည်းဥပဒေ ဆက်လက်တင်သွင်းတဲ့အချိန်မှာ ယခုဥပဒေမူရင်းပါ စကားရပ်ဖြစ်တဲ့ ကော်မတီဆိုသည့်စကားရပ်ကို ဥပဒေမှာဖော်ပြထားတာဖြစ်တဲ့အတွက် လုပ်ငန်းတာဝန်များအတိုင်း ဆွေးနွေးရခြင်းဖြစ်ပါတယ်။ ဝန်ကြီးရဲ့ တင်ပြချက်အပေါ်မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပြည်နယ်ဥပဒေပြုရေး တာဝန်ကိုယူထားကြတဲ့ လွှတ်တော်

ဒုတိယဥက္ကဋ္ဌ။ အမှတ်စဉ်(၈)ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၁၀ မှာ ဦးစီးဌာနသည် လျှောက်ထားသည့် လျှောက်လွှာ များကို စိစစ်ခြင်း၊ စစ်ဆေးခြင်း ပြုလုပ်ပြီးနောက် သတ်မှတ်ချက်နှင့် ညီညွတ်ပါက **"ဝန်ကြီး"**၏ ခွင့်ပြုချက်အရ မှတ်ပုံတင်ပေးရမည်ဟုဖော်ပြပါတယ်။ ၎င်းဖော်ပြချက်နှင့်ပတ်သက်ပြီး **"ကော်မတီ"**၏ခွင့်ပြုချက်အရ မှတ်ပုံတင်ပေးရမည်ဟု ပြင်ဆင်ရန်အဆိုပြုသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ထောက်ခံဦးရေအရေအတွက်သည် တက်ရောက်မဲပေးသော အရေအတွက်၏ ထက်ဝက်ထက်များတဲ့အတွက် ပြင်ဆင်ပြဋ္ဌာန်းချက်ဖြစ်သော **"ကော်မတီ"**၏ခွင့်ပြုချက်အရ မှတ်ပုံတင်ပေးရမည်ဟူသော အဆိုပြုချက်သည် အတည်ဖြစ်ပြီး ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) (၁၃၊ ၇၊ ၂၀၁၆)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကအတည်ပြုပေးပါရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ အဆိုပြု တင်ပြပေးဖို့ဖြစ်ပါတယ်။

D/real(wide) (2

လုံလောက်စွာရှိနေခြင်းကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံ၏ အဓိကအားထားရသော လောပိတရေအားလျှပ်စစ် ထုတ်လုပ်ပေးရာ မိုးငြဲဆည်သည် ၄င်းဒေသတွင် တည်ရှိနေခြင်းကြောင့်လည်းကောင်း၊ ဖယ်ခုံမြို့နယ်၊ မိုးငြဲကျေးရွာကို မိုးငြဲမြို့အဖြစ် တိုးချဲ့ဖွဲ့စည်းပေးနိုင်ပါရန် လေးလေးနက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဒုတိယဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီဝင်းက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများအားလုံး ချမ်းမြေ့ကြပါစေရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ် မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်း ဖြစ်ပါတယ်။ ကျွန်မအနေဖြင့် ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအန်းဂျလို၏ **"ဖယ်ခုံမြို့နယ်၊ မိုးငြဲကျေးရွာအုပ်စု၊ မိုးငြဲကျေးရွာကို မိုးငြဲမြို့အဆင့်သို့ တိုးမြှင့် သတ်မှတ် အတည်ပြုနိုင်ရန်** " အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင်။ မိုးငြဲသည် ရှေးယခင်က ရှမ်းစော်ဘွားများ အစဉ်အဆက် နေထိုင် အုပ်ချုပ်ခဲ့သော သမိုင်းဝင်မြို့ တစ်မြို့ ဖြစ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ယခုအချိန်တွင်လည်း တိုးပွားလာသော လူဦးရေနှင့်

ကိုယ်စားလှယ်များအနေနဲ့ အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးခြင်းပဲ ဖြစ်ပါတယ်။ ဒီအပေါ်မှာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးအနေနဲ့ ရှမ်းပြည်နယ်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေနဲ့ပတ်သက်ပြီးနည်းဥပဒေတွေ ထုတ်ပြန်တဲ့အခါ ပိုမိုပြည့်စုံအောင် ဆောင်ရွက်သင့်ကြောင်း ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌကိုယ်စားသော်လည်းကောင်း၊ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးကို ကြီးမှူးကျင်းပရသော အကြီးအမှူးအနေနဲ့သော်လည်းကောင်း ပြောကြားလိုပါတယ်။ ဒါကြောင့် ဒီနေ့ရှမ်းပြည်နယ်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဥပဒေ (မူကြမ်း)အားလွှတ်တော်ကသဘောတူတဲ့အတွက် အတည်ပြုကြောင်း ကြေညာပါတယ်။

ဦးအန်းဂျလို၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ "ဖယ်ခုံမြို့နယ်၊ မိုးငြဲကျေးရွာအုပ်စု၊ မိုးငြဲကျေးရွာသည် လက်ရှိအခြေအနေတွင် အိမ်ခြေနှင့် လူဦးရေများပြားလာသည့်အတွက် ကျေးရွာအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန်" အဆိုကိုလွှတ်တော် ကိုယ်စားလှယ်များကဆွေးနွေးခြင်း။

ဒုတိယဥက္ကဋ္ဌ။ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးအန်းဂျလို ၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဖယ်ခုံမြို့နယ်၊ မိုးငြဲကျေးရွာအုပ်စု၊ မိုးငြဲကျေးရွာသည် လက်ရှိ အခြေအနေတွင် အိမ်ခြေနှင့် လူဦးရေ များပြားလာသည့်အတွက် ကျေးရွာအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့် သတ်မှတ်ပေးရန်"** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်

D/real(wide) (2

အညီ မြို့အင်္ဂါရပ်များဖြစ်ကြသည့် အပန်းဖြေစရာ ဥယျာဉ်၊ အားကစားကွင်း၊ စျေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ဆေးရုံ၊ ပညာသင်ကြား နိုင်သော စာသင်ကျောင်း၊ ဘာသာရေး အဆောက်အအုံများနှင့် ဘူတာရုံ အပါအဝင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်သော အခွင့်အလမ်း များစွာရှိသည့် တိုးတက်ဖွံ့ဖြိုး နိုင်သည့် ဒေသတစ်ခုဖြစ်ကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။

ထို့အပြင် မိုးပြဲကို မြို့အဖြစ် တိုးမြှင့် ဖွဲ့စည်းပေးနိုင်ရေး တွင်လည်း မိုးပြဲ၏ဧရိယာထဲတွင် လက်ရှိ (၁၄)ရပ်ကွက် အပြင် တစ်ဆက်တစ်စပ်တည်း ရွာ ၈ ရွာရှိနေသောဒေသတစ်ခု ဖြစ်ကြောင်းကိုလည်း ဆက်လက်တွေ့ရှိရပါတယ်ရှင်။ သို့ပါ၍ ရေကန်အသင့် ကြာအသင့် ဆိုသော စကားရပ်နှင့်အညီ မိုးပြဲကို မြို့ပြအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန် အသင့်အနေအထား ဖြစ်နေပြီးဖြစ်ပါသောကြောင့် မိုးပြဲကျေးရွာမှ မိုးပြဲမြို့အဖြစ်သို့ တိုးမြှင့် ဖွဲ့စည်းပေးနိုင်ရေးဟူသော အဆိုကိုထောက်ခံဆွေးနွေးလိုက်ရပါတယ်။

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အဆိုနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ရှင်းလင်း ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဒုတိယ ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ

ကိုယ်စားလှယ်(၂)ဦးက ဆွေးနွေးဖို့အမည်စာရင်းပေးသွင်းထားပါတယ်။ ပထမဦးစွာ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်မေရီချို့ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဒေါ်မေရီချို့၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်မေရီချို့ဖြစ်ပါတယ်။ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအန်းဂျေလို့၏ **"ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာအုပ်စု၊ မိုးပြဲကျေးရွာသည် လက်ရှိအခြေအနေတွင် အိမ်ခြေနှင့် လူဦးရေ များပြားလာသည့်အတွက် ကျေးရွာအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့် သတ်မှတ်ပေးရန်"** အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

မိုးပြဲကျေးရွာသည် အိမ်ခြေ ၃၄၃၃ အိမ်၊ လူဦးရေ ၁၆၇၄၇ ဦးရှိပြီး ရပ်ကွက် ၁၄ ရပ်ကွက်ရှိပါတယ်။ ဧရိယာအကျယ်အဝန်းမှာ ၂၄၀၀ ဧကရှိပါတယ်။ ဌာနဆိုင်ရာများမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ၄၂၂ တပ်ရင်း၊ အထကကျောင်း၊ ဆေးရုံ၊ စာတိုက်၊ လျှပ်စစ်ဌာနနှင့် စည်ပင်စျေးတို့ရှိကြပြီး မြို့နယ်စည်ပင်သာယာရေးဌာနမှ နှစ်စဉ် အကောက်အခွန် ငွေကျပ်သိန်း ၅၀၀ ကျော်ရရှိပါတယ်။ မိုးပြဲကျေးရွာသည် ရှမ်းပြည်နယ်နှင့်ကယားပြည်နယ်တို့၏ နယ်စပ်ကျေးရွာဖြစ်သည့်အပြင် လွိုင်ကော်-အောင်ပန်း ပြည်ထောင်စုလမ်းပေါ်တည်ရှိပြီး စီးပွားရေးအချက်အချာကျသောဒေသဖြစ်သောကြောင့်လည်းကောင်း၊ မြို့အဆင့်သို့ တိုးမြှင့် သတ်မှတ်ခဲ့ပါက မြို့သန့်ရှင်းရေးအတွက် အမှိုက်စွန့်ပစ်ရန် မြေဧရိယာ

D/real(wide) (2

ရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအန်းဂျေလိုမှ အဆိုတင်သွင်းသည့် **"ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာအုပ်စု၊ မိုးပြဲကျေးရွာအား ကျေးရွာ အဆင့်မှ မြို့အဆင့်သို့ တိုးမြှင့်ပေးရေး"** တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်မှ ဖြေကြားသွားမှာဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံဥပဒေပုဒ်မ ၅၄ အရ တိုင်းဒေသကြီး/ပြည်နယ်၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသ၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန် ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန်ပေါ် ပေါက်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားပါသည်။

မြို့/ရွာပြင်ဆင်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်မှ နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြနိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်မှ မြို့/ရွာပြင်ဆင်ဖွဲ့စည်းရေး လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အမှုတွဲတည်ဆောက်တင်ပြရမည် ဖြစ်ပါသည်။

အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ လက်စွဲ ဥပဒေအရ မြို့အဖြစ်အဆင့် တိုးမြှင့်ဖွဲ့စည်းမည်ဆိုပါက အောက်ပါအချက်အလက်များပါဝင်ရပါမည်-

(က) လူဦးရေအနည်းဆုံး ၅၀၀၀ ဦး၊ အိမ်ခြေအနည်းဆုံး ၁၀၀၀ ရှိရပါမည်။

အိမ်ထောင်စု ၂၅၈၆ စု၊ လူဦးရေ စုစုပေါင်း ၁၂၄၇၇ ဦး ရှိပါသည်။

(ခ) မိုးပြဲကျေးရွာအုပ်စုသည် လမ်းပန်းဆက်သွယ်ရေးအရ မော်တော်ကားလမ်းအနေဖြင့် မိုးပြဲ - လွိုင်ကော် လမ်း၊ မိုးပြဲ - ဖယ်ခုံလမ်းနှင့် မိုးပြဲ - ဒီမောဆိုလမ်း တို့သည် ကတ္တရာလမ်းဖြစ်ပြီး မိုးပြဲ-ပီကင်းလမ်းသည် ကတ္တရာ၊ ကျောက်ခဲလမ်းဖြစ်၍လည်းကောင်း၊ မီးရထားလမ်းအနေဖြင့် လွိုင်ကော်၊ ဖယ်ခုံ၊ အောင်ပန်းသို့ ဖြတ်သန်းသွားလာလျက်ရှိပြီး မိုးပြဲဘူတာရုံရှိသဖြင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ လွယ်ကူလျင်မြန်စွာသွားလာနိုင်ပါသည်။ မိုးပြဲကျေးရွာမှာ မိုးပြဲဆည်အထိ ၁ မိုင်ခွဲခန့်၊ လောပိတရေအားလျှပ်စစ်စက်ရုံအထိ ၂၆ မိုင်ကွာဝေးပြီး ကယားပြည်နယ်၊ လွိုင်ကော် မြို့နှင့် ၁၄ မိုင်သာကွာဝေးသဖြင့် မိုးပြဲ-ပီကင်း-လအိ-လတိန်မှတစ်ဆင့် ပင်လောင်းမြို့နယ်သို့လည်းကောင်း၊ မိုးပြဲ-ပီကင်း-ဖာလိုင်-ဒီမောဆို-သံတောင်-တောင်ငူလမ်းများသို့လည်းကောင်း ဆက်သွယ်သွားလာနိုင်သည့် လမ်းဆုံကျေးရွာဖြစ်ခြင်း။

(ဂ) အုပ်ချုပ်ရေး၊ လုံခြုံရေးအနေဖြင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ နယ်မြေရဲစခန်းနှင့် တပ်ရင်း၊ တပ်ဖွဲ့များတည်ရှိသဖြင့် တရားဥပဒေစိုးမိုးမှုရှိပြီး နယ်မြေအေးချမ်းသာယာခြင်း။

D/real(wide) (2

(ဃ) မိုးပြဲကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း ၁ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၁ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၂ ကျောင်း၊ တိုက်နယ်ဆေးရုံ ၁ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁ ခုတို့ရှိသဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုရှိခြင်း။

(င) မိုးပြဲကျေးရွာတွင် မိုးပြဲဆည်တည်ရှိသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်လျက်ရှိခြင်း။

အထက်ပါအချက်အလက်များရ မိုးပြဲကျေးရွာသည် မြို့အသွင် ဖွံ့ဖြိုးတိုးတက်နေပြီး မြို့အင်္ဂါရုပ်နှင့် ညီညွတ်နေသည်ကို စိစစ်တွေ့ရှိရပြီး မြို့အဖြစ် ဖွဲ့စည်းမည်ဆိုပါက အောက်ပါအကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်-

(က) ကယားပြည်နယ်နှင့် ဆက်စပ်နေသည့် အဓိကဝင်ထွက်သွားလာရာ နယ်စပ်မြို့ဖြစ်လာမည်ဖြစ်ပါသဖြင့် အနီး ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ တိုင်းရင်းသားတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုး တိုးတက်မှုကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(ခ) မြို့အဖြစ်ဖွဲ့စည်း၍ တိုးတက်လာမည့်ဌာနများ အလိုက် ဒေသခံလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာနိုင်ပြီး ဌာနဆိုင်ရာ များနှင့် ပေါင်းစပ်ဆောင်ရွက်ရသော လုပ်ငန်းများ လျင်မြန်လွယ်ကူနိုင်ပါသည်။

(ခ) စျေး၊ ဘောလုံးကွင်း၊ ကလေးများအပန်းဖြေရန် ဥယျာဉ်/ကစားကွင်း၊ ၁၆ ခုတင်ဆံ့ဆေးရုံ၊ ဘာသာရေးဆိုင်ရာနေရာများ၊ ကုန်ထုတ်လုပ်မှုဆိုင်ရာနေရာများ။(စက်ရုံ၊ အလုပ်ရုံ၊ ဆန်စက်၊ ဆီစက်၊ သစ်ခွဲစက်စသည့်)

(ဂ) ကျေးရွာဘုံမြေ၊ကျေးရွာထင်းစိုက်ခင်း၊ အုပ်ချုပ်ရေးရုံးနှင့် စာကြည့်တိုက်၊ အခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း၊ လျှပ်စစ်မီးရရှိမှု၊ ဆက်သွယ်ရေး အိတ်ချိန်းရုံး၊ စာတိုက်။

(ဃ) ပဆင်လမ်း၊ စည်ပင်လမ်း(ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ ဂဝံလမ်း)၊ သောက်သုံးရေဖြန့်ဝေမှု၊ တိုးတက်လာမည့် လူဦးရေအတွက် မြို့တိုးချဲ့ရေးအစီအမံ။

(င) ကုန်စည်ဒိုင်၊ လက်ကားဒိုင်၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်များ စနစ်တကျ နေရာ ချထားမှု။

(စ) တိရစ္ဆာန်များထိန်းကျောင်းမှုအခြေအနေ၊ အမှိုက်စွန့်ပစ်ရန် မြေနေရာ၊ မိလ္လာစွန့်ပစ်ရန် မြေနေရာ။

(ဆ) သချိုင်းမြေနေရာ။

ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာအုပ်စု၊ မိုးပြဲကျေးရွာအား မြို့အဖြစ်အဆင့်တိုးမြှင့် ဖွဲ့စည်းလိုသည့်ကိစ္စနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(က) မိုးပြဲကျေးရွာအုပ်စုသည် ပြည်ထဲရေးအမည်ပေါက်ကျေးရွာ ၃၆ ရွာဖြင့် ဖွဲ့စည်းထားရာ ကျေးရွာပျက်များဖြစ်ပေါ်ခဲ့သဖြင့် လက်ရှိမြေပြင်တွင် ကျေးရွာ ၂၉ ရွာရှိပြီး မိုးပြဲကျေးရွာတွင် အိမ်ခြေ ၂၆၄၀ အိမ်၊

D/real(wide) (2

ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေးဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်း ဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကာယသုခ၊ စိတ္တသုခ၊ နှစ်ဖြာသောသုခနဲ့ ပြည့်စုံပြီး နိုင်ငံတော်နဲ့ ပြည်သူလူထု အကျိုးစီးပွားသာမကလူမျိုး၊ ဘာသာ၊ သာသနာအကျိုး သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။

ဒီနေ့အစည်းအဝေးမှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများပြုစုတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေးဟာ မကြာမီကျင်းပပြီးစီးတော့မှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် ၃၁ ဦးတို့ရဲ့ မေးခွန်းပေါင်း ၇၇ ခု မေးမြန်းခြင်း၊ဖြေကြားခြင်းနှင့် အဆို ၃ ခုတင်သွင်းခြင်းဆောင်ရွက်နိုင်ခဲ့ပြီး တင်သွင်းခဲ့သည့် အဆို ၃ ခုကိုလည်း အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယပုံမှန်

(၈) မြို့အဖြစ် ဖွဲ့စည်းခြင်းဖြင့် သတင်းအချက်အလက်များ အခွန်နှင့်တစ်ပြေးညီရရှိခြင်းကြောင့် ဒေသဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

(ဃ) ကုန်စည်စီးဆင်းမှုမြန်ဆန်ပြီး ဒေသထွက်ကုန်များကို ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ တစ်ဆင့် ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့ ကုန်သွယ်ရေးတံတားအထိ ပို့ဆောင်နိုင်သဖြင့် နယ်စပ်ကုန်သွယ်ရေးအတွက် အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ရာ မိုးပြဲကျေးရွာအုပ်စု၊ မိုးပြဲကျေးရွာအား မိုးပြဲမြို့အဖြစ် အဆင့် တိုးမြှင့်ဖွဲ့စည်းလိုပါက မြို့နယ်စီမံခန့်ခွဲရေး ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေး၍ ၄င်းတို့၏ သဘောထား မှတ်ချက်များ၊ ဒေသခံများ၏ သဘောထား တို့နှင့်အတူ မြို့/ရွာပြင်ဆင်ဖွဲ့စည်းရေး လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အမှုတွဲပြည့်စုံစွာတည်ဆောက်ပြီး ခရိုင်/ ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများသို့ အဆင့်ဆင့်တင်ပြ ဆောင်ရွက်ရပါမည်။

ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့/ရွာပြင်ဆင်ဖွဲ့စည်းရေး အမှုတွဲ လက်ခံ ရရှိပါက လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်၍ ပြည်နယ်အစိုးရအဖွဲ့သို့ အမှုတွဲနှင့်အတူတင်ပြပြီး ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံချက်အစည်းအဝေးမှတ်တမ်း၊ အမှုတွဲနှင့်အတူ နိုင်ငံတော်သမ္မတရုံးသို့ ဆက်လက်အဆိုပြု တင်ပြသွားမည်ဖြစ်ပါသည်။

D/real(wide) (2

အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဆားနှင့် ဆားထွက်ပစ္စည်းဥပဒေ၊ ရှမ်းပြည်နယ် အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းဥပဒေနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယ ပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ကိုလည်း အတည်ပြု ပြဋ္ဌာန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်း၊ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်က ရှမ်းပြည်နယ်ကြက်မွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံရေး ဥပဒေကြမ်း ၁ ခုတို့ကို တင်သွင်းနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်ကြက်မွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အနီးကပ်ဆုံးကျင်းပမည့် ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးမှာ တွေ့ရှိချက် အစီရင်ခံစာကို တင်ပြသွားမှာဖြစ်ပါတယ်။ ဆွေးနွေးရန်ရှိပါက ဆွေးနွေးလိုသည့်အချက်များကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ လ ၂၀ ရက်နေ့ နောက်ဆုံးထားပြီး ပေးပို့ရန်အတွက်လည်း ထပ်မံ ပြောကြားလိုပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ ၁၉-၉-၂၀၁၆ ရက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရှိ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနကို

D/real(wide) (2

သို့ဖြစ်ပါ၍ ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာအုပ်စု၊ မိုးပြဲကျေးရွာအား မြို့အဖြစ်အဆင့် တိုးမြှင့်ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ မြို့/ရွာတိုးချဲ့ပြင်ဆင်ဖွဲ့စည်းရေး လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာ၊ မြေပုံများနှင့်အတူ အမှုတွဲတည်ဆောက်တင်ပြလာပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက်အဆိုပြုတင်ပြပေးသွားမည်ဖြစ်ပါကြောင်းနှင့် အဆိုအား ထောက်ခံဆွေးနွေးပါသောကြောင့် လွှတ်တော်မှ အတည်ပြု ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအန်းဂျေလို၏ **“ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာအုပ်စု၊ မိုးပြဲကျေးရွာသည် လက်ရှိအခြေအနေတွင် အိမ်ခြေနှင့် လူဦးရေ များပြား လာသည့်အတွက် ကျေးရွာအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့် သတ်မှတ်ပေးရန်”** အဆိုနှင့် စပ်လျဉ်းပြီး အတည်ပြုမပြုဆုံးဖြတ် နိုင်ရန် လွှတ်တော်ရဲ့သဘောတူညီချက်ရယူမှာဖြစ်ပါတယ်။ အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်မှ သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင် မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်မှ သဘောတူတဲ့အတွက် ဤအဆိုအား အတည်ပြုကြောင်း ကြေညာပါတယ်။

ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအဖြစ် လည်းကောင်း၊ ပြည်နယ်သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနကို ပြည်နယ်သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအဖြစ်လည်းကောင်း ပြောင်းလဲ သတ်မှတ်ခြင်းကို ပြည်နယ်လွှတ်တော်၏ သဘောတူညီချက် ရယူပြီး နိုင်ငံတော်သမ္မတသို့ သဝဏ်လွှာ ပြန်လည်ပေးပို့ခဲ့ ပါတယ်။ ပေးပို့ခဲ့သော သဝဏ်လွှာအရ နိုင်ငံတော်သမ္မတရုံး၏ ၂၀-၉-၂၀၁၆ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ (၆၆/၂၀၁၆) ဖြင့် ထုတ်ပြန် ပေးခဲ့ပြီးဖြစ်ပါတယ်။

တစ်ဆက်တည်းမှာဘဲ ရှမ်းပြည်နယ်လွှတ်တော်အဆောက် အဦ(ကျားခေါင်းခန်းမ)နှင့်ပတ်သက်၍ သမိုင်းအကျဉ်းကို တင်ပြ လိုပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်၊ အစည်းအဝေးခန်းမ အဆောက်အဦမှာ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ အကွက် အမှတ်(၅၃)၊ ဦးပိုင်အမှတ်(၃)တွင် တည်ရှိပြီး၊ မြေဧရိယာ (၂.၀၂၂) ဧက ကျယ်ဝန်းပါတယ်။ ပိုင်ဆိုင်မှုအနေနဲ့ကတော့ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအမည်ဖြင့် ၂၀-၂-၁၉၉၈ မှ ၁၉-၂-၂၀၂၈ ရက်နေ့အထိ နှစ် ၃၀ မြေငှါးဂရန်ရရှိထားပြီးဖြစ် ပါတယ်။

ကျားခေါင်းခန်းမ(ရှမ်းပြည်နယ်လွှတ်တော်အဆောက် အဦ)ကို ၁၉၅၄ ခုနှစ်တွင် ဦးခမ်း(မြူနီစီပယ်ဥက္ကဋ္ဌဟောင်း)က အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ရှိ ဥပဒေပြု လွှတ်တော်ပုံစံအတိုင်း ပုံစံပြု တည်ဆောက်ခဲ့ပါတယ်။

၁၉၅၈ ခုနှစ်၊ ဩဂုတ်လ ၆ ရက်၊ နံနက် ဝစး၃၀ နာရီအချိန်တွင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဒုတိယ ဝန်ကြီးချုပ်(နိုင်ငံခြားရေးနှင့် ရှမ်းပြည်နယ်ကောင်စီ ဥက္ကဋ္ဌကြီး) စဝ်ခွန်ချိုကိုယ်တိုင်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ခေတ်အဆက်

ကျင်းပနိုင်ခြင်းမရှိ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ကို ကိုယ်စားလှယ် ၁၃၇ ဦးဖြင့် ဖွဲ့စည်းထားပါတယ်။

ယခုပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အရေအတွက် နှင့်ပင် လွှတ်တော်အစည်းအဝေးခန်းမမှာ နေရာထိုင်ခင်း လုံလောက်မှုမရှိပါ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အပြည့်ဖြစ်လာပါက နေရာအခက်အခဲပိုမို၍ အဆင်မပြေဖြစ် လာမည်ဖြစ်သဖြင့် လွှတ်တော်အဆောက်အဦအသစ် ဆောက်လုပ်ရန် မဖြစ်မနေလိုအပ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦဆောက်လုပ်မည့် အခြေအနေနှင့် ဘဏ္ဍာရေးဆိုင်ရာ ခွင့်ပြုမှုကတော့ ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦ ၁၈၀×၁၄၈ ပေ တည်ဆောက်ရန်အတွက် ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏ ၁၅-၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၂၀၉၃/ ၆-၂၁၀/ အစရ (ရှမ်း)ဖြင့် ငွေလုံးငွေရင်းခေါင်းစဉ်မှ ငွေကျပ်သန်းပေါင်း ၃၆၀၀ကို ခွဲဝေချထားပေးခဲ့ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦ ၁၈၀×၁၄၈ ပေသည် ကိုယ်စားလှယ်ဦးရေ ၁၃၃ ဦးသာ ဝင်ဆံ့သဖြင့် ရှမ်းပြည်နယ်၏ မြို့နယ်ဖွဲ့စည်းမှုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ တည်ရှိမှုသည် အခြားပြည်နယ်/ တိုင်းဒေသကြီးများနှင့် တူညီမှုမရှိ၍ ကိုယ်စားလှယ်ဦးရေ ၁၆၀ ဦး အထိ ဝင်ဆံ့နိုင်မည့် ၁၈၀×၁၆၀ပေအရွယ်ရှိ လွှတ်တော်အဆောက် အဦအား ဆောက်လုပ်နိုင်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများသို့ ညှိနှိုင်း ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

လက်ရှိ ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦရဲ့ တည်နေရာပြ မြေပုံကို ကောင်းကင်မြေတိုင်းမြေပုံ Google Map

D/real(wide) (2

ကနေတွေ့တဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကတော့ လက်ရှိ ရှမ်းပြည်နယ် အစိုးရဖွဲ့ရုံးနှင့် အစိုးရအဖွဲ့ရုံးအသစ်ဆောက်လုပ်မယ့် မြေနေရာ အနေအထားဖြစ်ပါတယ်။

ရှမ်းပြည်နယ် လွှတ်တော်ရုံး အဆောက်အဦသစ် ဆောက်လုပ် ရန် အဆိုပြုပုံစံ(၁)နှင့် အဆိုပြုပုံစံ(၂)တို့ရဲ့ ရှမ်းပြည်နယ် လွှတ်တော်ရုံးနှင့်ပတ်ဝန်းကျင်ပြမြေပုံတို့အရ ၃၆၀×၃၅၀ ပေ ဧရိယာ ဧက ၂၀ ၉၆ဧကလိုအပ်မှာဖြစ်ပါတယ်။

ပြည်ထောင်စု ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဗိသုကာဌာနမှ ရေးဆွဲပေးသည့် ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦ ၁၈၀×၁၆၀ ပေ ဆောက်လုပ်မည့် ဒီဇိုင်းပုံစံများဖြစ်ပါတယ်။ ရှမ်းပြည်နယ် လွှတ်တော်အဆောက်အဦအသစ်ရဲ့ နမူနာပုံများ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦဆောက်လုပ်ရန် အတွက် တင်ဒါခေါ်ယူရေးကိစ္စရပ်များ ဆောင်ရွက်နေပြီးဖြစ် ပါတယ်။ ဖော်ပြပါပုံကတော့ ရှမ်းပြည်နယ်လွှတ်တော်ရုံး အဆောက်အဦ အသစ်ဖြစ်လာမည်ဆိုလျှင်တွေ့ရှိရမည့် အနေအထားဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ရုံးမှာ အစည်းအဝေးခန်းမ၊ ကော်မတီရုံးခန်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး ခေတ္တအနားယူ ချိန်မှာ စားသောက်ခန်းမစသည်အားဖြင့် ပထမ ထပ်မှာ ဖွဲ့စည်းထည့်သွင်းတည်ဆောက်သွားမှာဖြစ်ပါတယ်။ မြေညီထပ်မှာတော့ ဌာနရုံးခန်းများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ သဘင်ခန်းမ စုဝေး၊ ဟောပြောပွဲတွေ ပြုလုပ် နိုင်အောင် အစည်းအဝေးခန်းမအောက်တည့်တည့်မှာ သဘင် ခန်းမစသည်အားဖြင့်ထည့်သွင်းတည်ဆောက်သွားရမှာဖြစ် ပါတယ်။ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦ ဆောက်လုပ်ရန်

ဆက်အသုံးပြုမှုမှာ လွှတ်လပ်ရေးရပြီးနောက် ကျားခေါင်းခန်းမကြီး ကို ရှမ်းပြည်နယ်ကောင်စီအစိုးရ အစည်းအဝေးများ ကျင်းပပြုလုပ် ခဲ့ရာ ၁၉၅၈ ခုနှစ်၊ ဩဂုတ် လ ၈ ရက်မှ ၁၉ ရက်နေ့အထိ ပဉ္စမ အကြိမ်မြောက် ရှမ်းပြည်နယ်ကောင်စီညီလာခံ ပထမအကြိမ် ကျင်းပ နိုင်ခဲ့တဲ့ ခန်းမဖြစ်ပါတယ်။

၁၉၆၂-၁၉၆၃ ခုနှစ်၊ ပညာသင်နှစ်တွင် ကျားခေါင်းခန်းမနှင့် ဆက်စပ်သော ရုံးခန်းများကို တောင်ကြီးဥပစာ ကောလိပ်၏ ဝိဇ္ဇာ ဘာသာရပ်စာသင်ဆောင်အဖြစ် ယာယီအသုံးပြုခဲ့သည့်အပြင် တောင်ကြီးကောလိပ်၏ အမျိုးသမီးအဆောင်(ပင်လုံအဆောင်) အဖြစ် ခေတ္တအသုံးပြုခဲ့ပါတယ်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ခေတ်၌ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကျားခေါင်းခန်းမကို ရှမ်းပြည်နယ် ဒေသပါတီကော်မတီရုံးနှင့် အစည်းအဝေးခန်းမအဖြစ် ဆက်လက်အသုံးပြုခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှ ၂၀၁၀ ခုနှစ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက် တိုင်အောင် ရှမ်းပြည်နယ်အစည်းအဝေးခန်းမအဖြစ်အသုံးပြုခဲ့ ပါတယ်။ ၂၀၁၀ ခုနှစ်မှစ၍ ယနေ့အထိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေး ခန်းမအဖြစ် အသုံးပြုလျက်ရှိပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦအသစ် ဆောက်လုပ်မည့်ကိစ္စနှင့်ပတ်သက်၍ ဆက်လက်ပြောကြား သွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တွင် မြို့နယ် ၅၅ မြို့နယ်ဖြင့် ဖွဲ့စည်းထားပြီး ရွေးကောက်ခံ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၁၀ ဦး၊ တိုင်းရင်းသားလူမျိုးစုလွှတ်တော်ကိုယ်စားလှယ် ၇ ဦး၊ တပ်မတော်သားကိုယ်စားလှယ် ၃၆ ဦး၊ စုစုပေါင်း ၁၅၃ ဦးဖြင့် ဖွဲ့စည်း ထားပါတယ်။

သို့ရာတွင် ပန်ဝိုင်၊ မိုင်းမော၊ ပန်ခမ်း(ပန်ဆန်း)၊ နားဖန်း၊ မိုင်းလား၊ မိုင်းရှူး၊ ကျေးသီးမြို့နယ် ၇ ခုတို့တွင် ရွေးကောက်ပွဲ

D/real(wide) (2

အတွက် တင်ဒါခေါ်ယူရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး ကော်မတီဖွဲ့စည်းဆောင်ရွက်မှုအခြေအနေများကို ဆက်လက်ပြောကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦ ဆောက်လုပ်တဲ့နေရာမှာ မှန်ကန်သော ကုန်ကျစရိတ်ဖြစ်စေရန်၊ အရည်အသွေးပြည့်ဝစေရန်၊ မလိုလားအပ်သော မသမာမှုများမှ ကာကွယ်ရန်၊ ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ အတည်ပြုထုတ်ပြန်ထားသည့် EPC-2 (Equipment Procurement Civil Works)လုပ်ငန်းအပ်နှံသူမှ Architectural Drawing / Structural Drawing များ ကြိုတင်ရေးဆွဲပြီး တင်ဒါ ယှဉ်ပြိုင်တင်သွင်းစေခြင်းဖြင့် စနစ်တကျဆောင်ရွက်ခဲ့ ပါတယ်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီကို ဖော်ပြပါအတိုင်း လွှတ်တော်ဥက္ကဋ္ဌဦးစီးပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် သက်ဆိုင်ရာပြည်နယ်ဌာနဆိုင်ရာအကြီးအမှူး၊ မြို့မိမြို့ဖများ ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပါတယ်။

တင်ဒါခေါ်ယူရေးလုပ်ငန်း ကော်မတီကို အဖွဲ့ဝင် ၅ ဦးဖြင့် ဖော်ပြပါအတိုင်း ဖွဲ့စည်းထားပါတယ်။

ကြမ်းခင်းစျေးတွက်ချက်ရေးလုပ်ငန်းကော်မတီကို ဖော်ပြပါအတိုင်း အဖွဲ့ဝင် ၇ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

အိတ်ဖွင့်တင်ဒါခေါ်ယူမှုနှင့် တင်ဒါတင်သွင်းမှုအခြေအနေကို ဆက်လက်ပြောကြားသွားပါမယ်။ ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦတည်ဆောက်ရန်အတွက် ၂၂-၄-၂၀၁၆ ရက်နေ့မှ ၂၄-၅-၂၀၁၆ ရက်နေ့အထိ သတ်မှတ်ပုံစံ တစ်စုံလျှင် ၅၀၀၀၀/- နှုန်းသတ်မှတ်၍ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ၁၂-၄-၂၀၁၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့် သက်ဆိုင်ရာ ရုံးဌာနကြော်ငြာသင်ပုန်းများတွင် ကပ်နှိပ်ကြေညာ

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင် သည့်ကော်မတီဝင်များ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးဆောင်သည့် ပညာရှင်များ၏ သုံးသပ်အကြံပြုဆွေးနွေးခဲ့ပြီး ပေးမှတ်အများဆုံးရရှိသည့် ဖော်ပြပါကုမ္ပဏီ ၃ ခုအား ပဏာမစိစစ်ရွေးချယ်ခဲ့ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦ တည်ဆောက်ရေးနှင့်ပတ်သက်၍ ၁၈-၉-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီအစည်းအဝေးဆုံးဖြတ်ချက်အရ ဖော်ပြပါကုမ္ပဏီ ၃ ခုအား ပဏာစိစစ်ရွေးချယ်ထားရှိပြီး အာမခံစပေါ်ငွေ ၁% ကျပ်သိန်း ၃၆၀ ကို ကျန်ကုမ္ပဏီ ၆ ခုအား ၂၀-၉-၂၀၁၆ ရက်နေ့မှစ၍ ပြန်လည်ထုတ်ပေးသွားရန် ဆက်သွယ်အကြောင်းကြားထားပြီးဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ရုံး အဆောက်အဦအသစ် ဆောက်လုပ်ရန် မြေနေရာနှင့်ပတ်သက်၍ ၁၅-၈-၂၀၁၆ ရက်နေ့၊ ၁၀း၃၀ နာရီအချိန်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်ဝန်ကြီးချုပ်ရုံးခန်း၌ ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်လွှတ်တော်ရုံး အဆောက်အဦ ဆောက်လုပ်နိုင်ရေး မြေနေရာချထားရေး အစည်းအဝေးသို့ ဖော်ပြပါပုဂ္ဂိုလ်များနှင့် တက်ရောက်ခဲ့ပြီး အစည်းအဝေးမှတ်တမ်း ကန့်သတ်ချက်မှာ ထိပ်တန်းလျှို့ဝှက်ဖြစ်သော်လည်း ပြည်နယ်လွှတ်တော်ဖြစ်သောကြောင့် ဖော်ပြပေးခြင်းဖြစ်ပါတယ်။ အစည်းအဝေးတွင် တက်ရောက်ခဲ့ကြသည့် ပုဂ္ဂိုလ်များမှ ဖော်ပြပါအတိုင်း ဆုံးဖြတ်ခဲ့ပါကြောင်း ရှင်းလင်းအသိပေးအပ်ပါတယ်။

အနီးကပ်ဆုံးသော ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် တင်ပြပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးဆုံးဖြတ်ချက်များ ရယူနိုင်ရေး စီမံဆောင်ရွက်ရန်၊ ပြည်နယ်

D/real(wide) (2

ခဲ့ရာ လျှောက်လွှာဝယ်ယူသူ ၃၅ ဦး၊ တင်ဒါတင်သွင်းသူ ၁၆ ဦး ရှိခဲ့ပါတယ်။ လျှောက်လွှာပုံစံ ၃၅ စောင်အတွက် ၅၀၀၀၀/-နှုန်းဖြင့် ရောင်းချရငွေ ၁၇၅၀၀၀၀/- အား ရှမ်းပြည်နယ်လွှတ်တော်ရုံး ငွေစာရင်းအမှတ် MD-021943 တွင် ပေးသွင်းထားရှိပါတယ်။

၁၂-၄-၂၀၁၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ကြော်ငြာစာဖြစ်ပါတယ်။

အာမခံစပေါ်ငွေ ၁% ကျပ်၊ သိန်း ၃၆၀ ဖြင့် တင်ဒါ တင်သွင်းသည့် ကုမ္ပဏီ ၁၆ ခုရဲ့ အမည်စာရင်းများကတော့ ဖော်ပြပါ အတိုင်းဖြစ်ပါတယ်။

တင်ဒါတင်သွင်းသည့် ကုမ္ပဏီ ၁၆ ခု၏ Profile (စာအိတ်-B)များအား ၂၁-၆-၂၀၁၆ ရက်နေ့တွင် တင်ဒါစိစစ်ရွေးချယ်ရေး ကော်မတီမှ ဖွင့်ဖောက်စစ်ဆေး၍ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိသည့် ဖော်ပြပါ ကုမ္ပဏီ ၁၂ ခုကို ၂၃-၆-၂၀၁၆ ရက်နေ့တွင် Profile- B အောင်မြင်ကြောင်း ထုတ်ပြန်ကြေညာပေးခဲ့ပါတယ်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီဝင်များမှ တင်ဒါတင်သွင်းသည့် ကုမ္ပဏီများအား Profile စစ်ဆေးနေပုံဖြစ်ပါတယ်။

တင်ဒါတင်သွင်းသည့် Profile အောင် ကုမ္ပဏီ ၁၂ ခုအနက် ၉ ခုသာ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီဝင်များအား Presentation ပြုလုပ်ခဲ့ပါတယ်။ ကျန်ကုမ္ပဏီ(၃)ခုမှ လာရောက်ရှင်းလင်းတင်ပြမှုမရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦ တည်ဆောက် မည့် တင်ဒါကုမ္ပဏီအား စိစစ်ရွေးချယ်နိုင်ရန်အတွက် Profile အောင်မြင်ပြီး ဆောက်လုပ်မည့် ဒီဇိုင်းပုံစံ၊ တင်ဒါဈေးနှုန်း၊ အစရှိသည့် ကိစ္စရပ်များအား လာရောက် Presentation ပြုလုပ်သည့်ကုမ္ပဏီ ၉ ခုအား ၅-၇-၂၀၁၆ ရက်နေ့တွင် တင်ဒါစိစစ်ရွေးချယ်ရေးဥက္ကဋ္ဌ၊

လွှတ်တော်အဆောက်အဦသစ် ဆောက်လုပ်ရန် မြေနေရာ ရွေးချယ်ထားရှိမှု အခြေအနေအား CSO များ၊ ရပ်မိရပ်ဖများ၊ NGO များနှင့် မီဒီယာများသို့ ပွင့်လင်းမြင်သာစွာ အသိပေးရှင်းလင်းရန် အတွက် စိစစ်ဖိတ်ကြားရန်၊ ရှင်းလင်းအသိပေးရန်အတွက် လိုအပ်ချက်များ ပြည့်စုံအောင် ပြင်ဆင်ထားရန်၊ လိုအပ်ပါက Plan B လျာထားရေး ဆောင်ရွက်ပါရန်ဆိုတဲ့ ဆုံးဖြတ်ချက်များ ချမှတ်ပေးခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များရဲ့ Capacity Building တည်ဆောက်ရေး လုပ်ငန်းစဉ်အဖြစ် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ် ၁၂ ဦးအဖွဲ့သည် ၂၄-၉-၂၀၁၆ ရက်နေ့မှ ၁-၁၀-၂၀၁၆ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေး ခရီးစဉ် သွားရောက်ကြမှာဖြစ်ပါတယ်။ ဖော်ပြပါ ရှင်းလင်း ပြောကြား ချက်များက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် တတိယ ပုံမှန်အစည်းအဝေးကာလအထိ ဆောင်ရွက်ချက်များဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မြို့နယ်အသီးသီးမှ ဒေသခံပြည်သူများ၏ ကိုယ်စားပြု ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြသည်နှင့်အညီ မိမိတို့၏အပြော အဆိုအပြုအမူ၊ အနေအထိုင်များသည်လည်း အလွန်အရေးကြီး လှပါတယ်။ ဒီနေ့လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းလိုက်သည့် မေးခွန်းတွေကိုလည်း မိမိတို့မဲဆန္ဒနယ်မြေမှာပြန်လည်ရောက်ရှိတဲ့ အခါမှာ ပြည်နယ်အစိုးရအဖွဲ့၏ စီမံဆောင်ရွက်ပေးနေမှု၊ ကြီးကြပ်မှု ဆောင်ရွက်မှုများကိုလည်း လွှတ်တော်အတွေ့အကြုံရှင်းလင်းတဲ့ အချိန်မှာထည့်သွင်းဖော်ပြနိုင်ဖို့အတွက်လည်း ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အဖြေတွေရရှိသွားကြပြီးဖြစ်ပါတယ်။ ပြည်နယ်

D/real(wide) (2

လွတ်တော်ကိုယ်စားလှယ်များ၏ တွေးခေါ်ကြံဆပုံ၊ လုပ်ကိုင်ဆောင်ရွက်ပုံတွေဟာ ဒီမိုကရေစီ ကျင့်စဉ်များ၊ လူအခွင့်အရေးစံနှုန်းများကို ခံစားလိုကြသည့် နိုင်ငံသူ၊ နိုင်ငံသားတွေအတွက် စံနမူနာကောင်းတွေဖြစ်စေချင်ပါတယ်။ တစ်ဦးနဲ့တစ်ဦးသဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ အပြန်အလှန်လေးစားခြင်း၊ အပြန်အလှန် နားလည်မှုရှိခြင်း၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံတော်နဲ့ နိုင်ငံသူ၊နိုင်ငံသားတို့ရဲ့ အကျိုးကို သယ်ပိုးကြစေလိုပါတယ်။ တစ်ဦးနဲ့တစ်ဦးရင်းနှီးချစ်ကြည်စွာဖြင့် မိမိတို့နိုင်ငံရဲ့ ဒီမိုကရေစီရှင်သန်ခိုင်မာဖို့နဲ့ လူအခွင့်အရေးများမြှင့်တင်နိုင်ဖို့၊ တရားဥပဒေစိုးမိုးပြီး တည်ငြိမ်အေးချမ်းရန် စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ဖို့စသည်တို့ကို အတူတကွ လက်တွဲ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းအကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ် ခင်ဗျား။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
တတိယပုံမှန်အစည်းအဝေး
ဆုံးဖြတ်ခြင်း

ဆုံးဖြတ်ခြင်းအမှတ် ၂၆-၂/၂၀၁၆။ "ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ် ပြောင်းလဲ/ တိုးချဲ့ သတ်မှတ်ပေးရန် အဆိုကိုလွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း "

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၄) ရက် (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်၏ **"ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ် ပြောင်းလဲ/ တိုးချဲ့ သတ်မှတ်ပေးရန် အဆို "**အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

D/real(wide) (2

ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယ ပုံမှန် အစည်းအဝေး စတုတ္ထနေ့အစီအစဉ် ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်တတိယပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်းကြေညာခြင်း။

ဒုတိယဥက္ကဋ္ဌ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပ ပြီးမြောက်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာမှာဖြစ်ပါတယ်ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပ ပြီးမြောက်ကြောင်းကြေညာပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဆုံးဖြတ်ခြင်းအမှတ် ၂၇-၂/၂၀၁၆။ **"၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း"**

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၅) ရက် (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့၌ **"၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်း နှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

D/real(wide) (2

ဆုံးဖြတ်ခြင်းအမှတ် ၂၈-၂/၂၀၁၆။ **" ရှမ်းပြည်နယ်ဆားနှင့် ဆားထွက်ပစ္စည်းဥပဒေ (မူကြမ်း)အားလွှတ်တော်မှအတည်ပြုကြောင်း ဆုံးဖြတ်ခြင်း "**

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၅) ရက် (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့၌ **"ရှမ်းပြည်နယ် ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ (မူကြမ်း)"** အား လွှတ်တော် မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် ၂၉-၂/၂၀၁၆။ **"ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ BE - RE နှင့် ပြည်နယ် ဘဏ္ဍာရန်ပုံငွေ BE - RE ဘတ်ကျက်ငွေလုံးငွေရင်းဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး သို့သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက်လုပ်ငန်းများဆောင်ရွက်ရာတွင် ကုမ္ပဏီများအနေဖြင့် အစိုးရနှင့်ချုပ်ဆိုသော စာချုပ်မိတ္တူများ BP**

အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း "

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၅) ရက် (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ **" ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်း"** အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ် သည်။

ဆုံးဖြတ်ခြင်းအမှတ် ၃၁-၂/၂၀၁၆။ **" ရှမ်းပြည်နယ်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ(မူကြမ်း) အားလွှတ်တော်မှအတည်ပြုကြောင်းဆုံးဖြတ်ခြင်း"**

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၅) ရက် (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ **"ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ (မူကြမ်း)"** အား လွှတ်တော် မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

D/real(wide) (2

ဆုံးဖြတ်ခြင်းအမှတ် ၃၂ - ၂/၂၀၁၆။ **“ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာအုပ်စု၊ မိုးပြဲကျေးရွာသည်လက်ရှိအခြေအနေတွင်အိမ်ခြေနှင့်လူဦးရေများပြားလာသည့်အတွက်ကျေးရွာအဆင့်မှမြို့အဆင့်သို့တိုးမြှင့်သတ်မှတ်ပေးပါရန်အဆိုအားလွှတ်တော်မှအတည်ပြုကြောင်းဆုံးဖြတ်ခြင်း ”**

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၆) ရက် (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအန်းဂျလို၏ **“ဖယ်ခုံမြို့နယ်၊ မိုးပြဲကျေးရွာအုပ်စု၊ မိုးပြဲကျေးရွာသည်လက်ရှိ အခြေအနေတွင် အိမ်ခြေနှင့် လူဦးရေ များပြားလာသည့်အတွက် ကျေးရွာအဆင့်မှ မြို့အဆင့်သို့တိုးမြှင့်သတ်မှတ်ပေးပါရန်အဆို”** အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

- BQ မိတ္တူများကို မြို့နယ်များရှိလွှတ်တော်ကိုယ်စားလှယ်များထံသို့ပေးပို့ရန် အဆိုအားလွှတ်တော်မှအတည်ပြုကြောင်းဆုံးဖြတ်ခြင်း”

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၅) ရက် (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့၌ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်း၏ **“ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ BE - RE နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ BE - RE ဘတ်ဂျက်ငွေလုံးငွေရင်းဖြင့် ရှမ်းပြည်နယ်အတွင်းရှိမြို့နယ်အသီးသီးသို့ သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် ကုမ္ပဏီများအနေဖြင့် အစိုးရနှင့် ချုပ်ဆိုသော စာချုပ်မိတ္တူများ BP - BQ မိတ္တူများကို မြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ရန်အဆို”**အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် ၃၀-၂/၂၀၁၆။ **“ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်း အား လွှတ်တော်မှ**

D/real(wide) (2

လွှတ်တော်ကိုယ်စားလှယ် ၁၃၆ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက် " ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၃၃-၂/၂၀၁၆။ "ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၃) ရက် (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့၌ **"အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၆ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်"** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၃၄-၂/၂၀၁၆။ "ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၆) ရက် (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ်

လွှတ်တော်ကိုယ်စားလှယ် ၁၃၆ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက် " ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၃၅-၂/၂၀၁၆။ "ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၇) ရက် (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့၌ **"အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၆ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်"** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၃၆-၂/၂၀၁၆။ "ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၆) ရက် (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ်

မှတ်တမ်းတင်ခြင်းအမှတ် ၂၉-၂/၂၀၁၆။ "ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၃) ရက် (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့၌ **"အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၆ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်"** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ၃၀-၂/၂၀၁၆။ "ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကနှုတ်ခွန်းဆက်စကား ပြောကြားခြင်း"

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၃) ရက် (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့၌ **"ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း"** ကို မှတ်တမ်းတင်သည်။

D/real(wide) (2

ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့၌
“အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၃၆ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်” ကို မှတ်တမ်းတင်သည်။

ရှင်းလင်းတင်ပြခြင်း

ရှင်းလင်းတင်ပြခြင်း ၃-၂/၂၀၁၆။ **“ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင်လွှတ်တော် လုပ်ငန်းဆိုင်ရာများအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း”**

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၆) ရက် (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့၌
“ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင်လွှတ်တော် လုပ်ငန်းဆိုင်ရာများ” အား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

မှတ်တမ်းတင်ခြင်းအမှတ် ၃၁-၂/၂၀၁၆။ **“နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သော သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် လွှတ်တော်၏ သဘောတူညီချက်ရယူခြင်းကို မှတ်တမ်းတင်ခြင်း”**

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၃) ရက် (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့၌
“ နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သော သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း” ကို မှတ်တမ်းတင်သည်-

မှတ်တမ်းတင်ခြင်းအမှတ် ၃၂-၂/၂၀၁၆။ **“ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း”**

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၄) ရက် (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့၌
“အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသည့် ပြည်နယ်

D/real(wide) (2

ကန့်သတ်

ကန့်သတ်

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၈၀

ကန့်သတ်

ကန့်သတ်
၄၇၈

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၈၄

ကန့်သတ်

ကန့်သတ်
၄၈၄

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၄၈၅

ကန့်သတ်

ကန့်သတ်
၄၈၆

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်

ကန့်သတ်

ကန့်သတ်

ကန့်သတ်

ကန့်သတ်
၄၉၀

ကန့်သတ်
၄၉၂

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၉၈

ကန့်သတ်

ကန့်သတ်
၅၀၆

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၀၆

ကန့်သတ်

ကန့်သတ်
၅၀၃

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၀၅

ကန့်သတ်

ကန့်သတ်
၅၀၆

D/real(wide) (2

D/real(wide) (2